# မာတိကာ


၁။ ညှဉ်းဆဲခံရသော်လည်းစွန့်ပစ်မခံရ —— ဒီဇင်ဘာ ၂၇ - ဇန်နဝါရီ ၂ —— ၅

၂။ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဆုတောင်းခြင်းအတွက် အကြောင်းအမျိုးမျိုး —— ဇန်နဝါရီ ၃ - ၉ —— ၁၉

၃။ အသက်နှင့် သေခြင်း —— ဇန်နဝါရီ ၁၀ - ၁၆ —— ၃၃

၄။ နှိမ့်ချခြင်းဖြင့် စည်းလုံးခြင်း —— ဇန်နဝါရီ ၁၇ - ၂၃ —— ၄၇

၅။ ညအခါတွင် အလင်းရောင်အဖြစ် ထွန်းလင်းခြင်း —— ဇန်နဝါရီ ၂၄ - ၃၀ —— ၆၁

၆။ ခရစ်တော်၌သာ စိတ်ချယုံကြည်ခြင်း —— ဇန်နဝါရီ ၃၁ - ဖေဖော်ဝါရီ ၆ —— ၇၅

၇။ ကောင်းကင်နိုင်ငံသားဖြစ်ခြင်း —— ဖေဖော်ဝါရီ ၇ - ၁၃ —— ၈၉

၈။ ခရစ်တော်၏ ထူးမြတ်မှု —— ဖေဖော်ဝါရီ ၁၄ - ၂၀ —— ၁၀၃

၉။ ပြန်လည်သင့်မြတ်ခြင်းနှင့် မျှော်လင့်ခြင်း —— ဖေဖော်ဝါရီ ၂၁ - ၂၄ —— ၁၁၇

၁၀။ ခရစ်တော်၌ ပြည့်စုံခြင်း —— ဖေဖော်ဝါရီ ၂၈ - မတ် ၆ —— ၁၃၂

၁၁။ ခရစ်တော်နှင့်အတူ နေထိုင်ခြင်း —— မတ် ၇ - ၁၃ —— ၁၄၆

၁၂။ အချင်းချင်း အတူ နေထိုင်ခြင်း —— မတ် ၁၄ - ၂၀ —— ၁၆၀

၁၃။ ဘုရားသခင်၏ အလိုတော်တိုင်း၌ ရပ်တည်ခြင်း —— မတ် ၂၁ - ၂၇ —— ၁၇၅



**Editorial Office** 12501 Old Columbia Pike, Silver Spring, MD 20904
Come visit us at our website at https://www.adultbiblestudyguide.org.

**Principal Contributor**
Clinton Wahlen

**Editor**
Clifford R. Goldstein

**Associate Editor**
Soraya Scheidweiler

**Publication Manager**
Lea Alexander Greve

**Editorial Assistant**
Sharon Thomas-Crews

**Pacific Press®**
Miguel Valdivia

**Art Director and Illustrator**
Lars Justinen

**Translated in Myanmar**
MoeKhine NgoKhoNang

**Associate Editor in Myanmar**
Suan Lian Kham

**Associate Editor in Myanmar**
Cin Suan Mung

## ဤဆရာကိုင်အထူးထုတ်ကို မည်သို့အသုံးပြုရမည်နည်း

"စစ်မှန်သောဆရာသည် ထိုင်းမှိုင်းသောတွေးခေါ်မှု၊ ပျင်းရိသောစိတ်၊ သို့မဟုတ် နမော်နမဲ့နိုင်သော ဉာဏ်ဖြင့် ရောင့်ရဲခြင်းမရှိ။ ပိုမိုမြင့်မားသော ကြိုးပမ်းအားထုတ်မှုများနှင့် ပိုမိုကောင်းမွန်သော နည်းနာများကို အမြဲတစေ အပတ်တကုတ် ရှာဖွေနေတတ်၏။ သူ့ဘဝသည် စဉ်ဆက်မပြတ် ကြီးထွားနေ၏။ ထိုသို့သော ဆရာ၏လုပ်ဆောင်မှုတွင် သူ၏(အတန်း)ကိုနိုးကြားစေပြီး၊ လှုံ့ဆော် စေနိုင်သော လန်းဆန်းတက်ကြွမှုတစ်မျိုး၊ နိုးကြားစေသော စွမ်းအားတစ်ခု ရှိနေ၏။"

—Ellen G. White, *Counsels on Sabbath School Work*, p. 103.

ဥပုသ်စာဖြေဆရာတစ်ဦးဖြစ်ရခြင်းသည် အခွင့်ထူးလည်းဖြစ်၊ တာဝန်လည်းဖြစ်ပါသည်။ အခွင့်ထူးဟုဆိုရာတွင်၊ တစ်ပတ်အတွင်းသင်ခန်းစာများကို ဆွေးနွေးခြင်း၊ သင်ကြားခြင်းမှာ ဦးဆောင်လမ်းညွှန်ရသောကြောင့်ဖြစ်၏။ သို့ဖြစ်၍ သင်တန်းသားတို့သည် နှုတ်ကပတ်တော်ဖြင့် သူတို့ကိုယ်တိုင် လေးမြတ်မှုရသည့်အပြင် အဖွဲ့လိုက်ဝိညာဉ်ရေးမိတ်သဟာယလည်း ကြုံတွေ့ရမည်ဖြစ်သည်။ သင်ကြားပြီးသောအခါ၊ အတန်းသားများသည် နှုတ်ကပတ်တော်၏ ကောင်းမြတ်ခြင်းကို မြည်းစမ်းပြီးသား၊ တန်ခိုးတော်ဖြင့် ခိုင်ခံ့စေခြင်းခံရပြီးသားဖြစ်သင့်သည်။ သင်ကြားပေးသူ၏ တာဝန်မှာ လေ့လာရမည့် ကျမ်းပိုဒ်များ၊ သင်ခန်းစာ၏စီးဆင်းမှု၊ တစ်ကွာတာလုံး၏ အကြောင်းအရာနှင့်ဆက်စပ်မှု၊ လက်တွေ့အသုံးပြုမည့်၊ သက်သေခံ ရမည့်အကြောင်း များကို သေချာစွာသတိပြုရမည်။

ဤလမ်းညွှန်စာအုပ်သည် ဆရာများ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ကူညီပေး သည်။ ၎င်းတွင် အပိုင်းသုံးပိုင်းပါရှိသည်။

**၁။ ခြုံငုံသုံးသပ်ချက်သည်** သင်ခန်းစာခေါင်းစဉ်၊ အဓိကကျမ်းချက်များ၊ ယခင်သင်ခန်းစာနှင့် ဆက်စပ်မှုများနှင့် သင်ခန်းစာ၏ဆောင်ပုဒ်တို့ကို မိတ်ဆက်ပေးသည်။ ဤအပိုင်းတွင် သင်ခန်းစာသည် အဘယ်ကြောင့်အရေးပါသနည်းဟူသည့် မေးခွန်းများနှင့် သက်ဆိုင်၏။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ကျမ်းစာကမည်သို့ပြောသနည်း။ သင်ခန်းစာတွင်တွေ့ရသော အဓိကဆောင်ပုဒ် တစ်ချို့ကား အဘယ်နည်း။ ဤအကြောင်းအရာက ကျွန်ုပ်၏ လက်တွေ့ဘဝကို မည်သို့အကျိုး သက် ရောက် စေသနည်း။

**၂။ အနက်ဖွင့်ကျမ်းသည်** ဆရာကိုင်အထူးထုတ်တွင် အဓိက အပိုင်းဖြစ်၏။ ၎င်းတွင် ကဏ္ဍ နှစ်ခု သို့မဟုတ် ထို့ထက်ပိုသောအပိုင်းများရှိနိုင်ပြီး၊ တစ်ခုစီသည် ခြုံငုံသုံးသပ်ချက်အပိုင်းတွင် မိတ်ဆက်ထားသည့် ဆောင်ပုဒ်နှင့် ပတ်သက်သည်။ အနက်ဖွင့်ကျမ်းတွင် ခြုံငုံသုံးသက်ချက်၌ ဖော်ပြထားသည့် ခေါင်းစဉ်များကို ချဲ့ထွင်သည့် အတွင်းကျကျ ဆွေးနွေးချက်များစွာပါဝင်နိုင်သည်။ ဤအပိုင်းသည် ဆောင်ပုဒ်ပါအကြောင်း အရာများကို နက်ရှိုင်းစွာ လေ့လာခြင်းအား ပံ့ပိုးပေးကာ၊ ဆောင်ပုဒ်များကို ပိုမိုနားလည်ရန် ဆိုင်ရာကျမ်းချက်များ၊ ထုတ်ဖော်အနက်ဖွင့်ခြင်းနှင့် သရုပ်ဖော်ထားသောဆွေးနွေး ချက်များကို ပံ့ပိုးပေး၏။ ဤအပိုင်းတွင် သင်ခန်းစာနှင့် သက်ဆိုင်သော ကျမ်းဝေါဟာရ လေ့လာခြင်း သို့မဟုတ် ထုတ်ဖော်အနက် ဖွင့်ခြင်းတို့ရှိ၏။ ဆွေးနွေးချက်ဦးတည်မှု၊ သက်ဆိုင်သော ဥပမာများနှင့် စဉ်းစားရန် မေးခွန်းများလည်း ပါရှိနိုင် ပါသည်။

**၃။ လက်တွေ့အသုံးချခြင်းသည်** ဆရာကိုင်စာအုပ်တွင်သင်ခန်းစာတိုင်း၏နောက်ဆုံးကဏ္ဍဖြစ်၏။ ဤတွင်အနက်ဖွင့်ကျမ်းပါ သင်ခန်းစာများကိုအသက်တာတွင်မည်သို့အသုံးပြုရမည်ကိုပြသည်။ ဆွေးနွေးရန်၊ သင်ကြားသမျှ၏အနှစ်ချုပ်၊သို့မဟုတ်သင်ခန်းစာနှင့်ဆက်စပ်သည့် သက်သေခံချက်များကို ထည့်သွန်း တတ်၏။

**နောက်ဆုံးအတွေး။** အထက်ပါဖော်ပြချက်များသည် သင်ခန်းစာရှင်းပြရန် ရရှိနိုင်သော ဖြစ်နိုင်ခြေများစွာထဲမှ အကြံပြုချက်မျှသာဖြစ်ပြီး၊ ၎င်း၏နယ်ပယ်တွင် ဤမျှနှင့်ကန့်သတ်ဖို့ရန်မရည်ရွယ်ပါ။ သင်ကြားခြင်းသည် ငြီးငွေ့ဖွယ်ကောင်းသော၊ ထပ်ခါထပ်ခါဖြစ်သော၊ (သို့) စိတ်ကူးမှန်းဆသော အယူအဆအဖြစ်မျိုး မဖြစ်သင့်ပါ။ ကောင်းသောဥပုသ်စာဖြေသင်ကြားခြင်းသည် ကျမ်းစာအခြေပြု၊ ခရစ်တော်ကိုဗဟိုပြု၊ ယုံကြည်ခြင်းကိုခိုင်ခံ့စေပြီး မိတ်သဟာယကိုတည်ဆောက်ခြင်းမျိုးသာဖြစ်သင့်၏။



# ကောင်းကင်နှင့်မြေကြီး ပေါင်းစည်းခြင်း

သင်လုပ်ခဲ့ ဘူးသော အခက်ခဲဆုံး အလုပ်ကို ပြန် စဉ်းစားပါ။ မည်သည်က ခက်ခဲစေသနည်း။ သင့်မျှော်လင့်ချက် ကြောင့်လား၊ ပေးထားသော အချိန်အကန့်သတ်ကြောင့်လား၊ နစ်ခုလုံးလား။ ထိုအလုပ်အပေါ် သင့်သဘောထားကြောင့်လား။ လုပ်ဖော်ဆောင်ဘက်များ ကြောင့်လား။ မဖြစ်နိုင်၊ မအောင်မြင်နိုင်သော အလုပ်များဖြစ်နေသရော့လား။

ကယ်တင်ခြင်းစီမံကိန်း၏ ရည်ရွယ်ချက်ကိုပင် ပြန်စဉ်းစားပါ။ ကောင်းကင်နှင့်မြေကြီးပေါင်းစည်းရပေသည်။ ဖြစ်နိုင်ကိန်းလား။ လူသားဆန်ဆန် ပြောရရင် ဖြစ်နိုင်သည်။ သို့သော်လည်း၊ ယေရှုသည် ကောင်းကင်သို့ မတက်ကြွမီလေးတွင် တပည့်တော်တို့အား မဖြစ်နိုင်အံ့သော လွဲအပ်စာတမ်း တစ်ခုပေးထားခဲ့သည်။

"သင်တို့သွား၍ လူမျိုးတကာတို့အား ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ် တော်၏ နာမ၌ ဗတ္တိဇံကိုပေးကြလော့" (မဿဲ ၂၈း ၁၉၊ ၂၀)။

ယေရှုသည် ပေါလုအား သာသနာပလူတို့ထံ ထိုမဖြစ်နိုင်အံ့သောတာဝန်ကို ပြုရန် စေလွှတ်ခဲ့သည်။ "တစ်ပါးအမျိုးသားတို့သည် မှောက်မိုက်မှ အလင်းသို့ ကူးပြောင်း၍ စာတန်၏ အာဏာထဲမှ ဘုရားသခင့်အထံတော်သို့ ပြောင်းလဲသောအားဖြင့် အပြစ်လွှတ်ခြင်းကျေးဇူးကိုခံရမည်အကြောင်းနှင့်၊ ငါ့ကိုယုံကြည်သောအားဖြင့် သန့်ရှင်းခြင်းသို့ ရောက်သော သူတို့နှင့်ဆက်ဆံ၍ အမွေခံရမည်အကြောင်း သူတို့၏ မျက်စိဖွင့်ပေးခြင်းငှါ၊ သူတို့ဆီသို့ သင့်ကို ငါစေလွှတ်သည်" (တမန်တော် ၂၆း ၁၈)။

ထိုသို့သောတာဝန်မျိုးကို ပေးခံရသူ တစ်ချို့တို့သည် လက်ပင်မြှောက်ကြပါလိမ့်မည်။ မည်သို့ဆိုစေ၊ ထိုအခါ သမယအပေါ် ယေရှုသည်လည်း ကတိနစ်ခုပေးထားသည်ကို သတိမမေ့သင့်ပါ။ တပည့်တော်တို့အား "ငါသည် ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့် အတူအစဉ်မပြတ်ရှိသည်" (တမန်တော် ၂၆း၁၈) ဟု တပည့်တော်တို့အား မိန့်တော်မူ၏။

လိုရင်းပြောရပါကယေရှုသည် မဖြစ်နိုင်လောက်သောတာဝန်ကို ပေးရခြင်းသည် မိမိကိုယ်ကို အားမကိုးဘဲ သူ့ကိုသာအားကိုးကာ ပြီးမြောက်စေလိုသည်။ ထောက်ပံ့ခြင်းမပါဘဲ မည်သည့်အလုပ်ကိုမျှ မစေခိုင်းခဲ့ပါ။ "လူသား၏ ဆန္ဒသည် ဘုရား၏ အလိုတော်နှင့် ပူးပေါင်းလုပ်ဆောင်သောအခါ၊ အနန္တတန်ခိုးဖြစ်လာ၏။ သူစေခိုင်းသမျှတို့သည် သူ၏ ခွန်အားဖြင့်သာ ပြီးမြောက်လိမ့်မည်။ သူမိန့်တော်မူသမျှကို လမ်းဖွင့်ပေးသည်" (အီးဂျီဝိုက်။ ခရစ်တော်၏ သရုပ်ပြ သင်ခန်းစာများ၊ စာ၊ ၃၃၃)။

ရှင်ပေါလုသည် ကောလောသဲမြို့သားများအား "ကောင်းကင်အောက်၌ ရှိသမျှသော ဝေနေယျသတ္တဝါ တို့အား ဟောပြောရန်" (ကော ၁း၂၃) ရေးသားသည်။ လူတိုင်းတို့မှ လက်ခံခြင်းမပြုသည့်တိုင်၊ တပည့်တော်တို့နှင့် ရှင်ပေါလု အားပေးထားသောအမိန့်တော်ကို သေချာသုံးသပ်ပါက (မဿဲ ၂၈း၁၈ – ၂၀)၊ လူအားလုံး တပည့်တော်ဖြစ်၍ ပြောင်းလဲကြမည်ဟု ကတိမပြုခဲ့ပါ။ ဧဝံဂေလိတရားကို "လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည် အကြောင်း ဟောပြောပြီးမှ အဆုံးသည်ဖြစ်လတ့်" (မဿဲ ၂၈း၁၄) ဟူ၏။ ထိုသက်သေသည် မည်ကဲ့ သို့နည်း။ မည်ကဲ့သို့ တိတိကျကျ ပြီးမြောက် မည်နည်း။

ယေရှုသည် မဖြစ်နိုင်လောက်သောတာဝန်ကို ပေးရခြင်းသည် မိမိ ကိုယ်ကို အားမကိုးဘဲ သူ့ကိုသာအားကိုးကာ ပြီးမြောက်စေလိုသည်။

ယခုသုံးလပတ်တွင် ဖိလိပ္ပိလူတို့နှင့် ကောလောသဲလူတို့အား ရှင်ပေါလု၏ ဩဝါဒစာတိုများကို လေ့လာကြရပါမည်။ ထိုစာတိုနှစ်စုတို့သည် အလား တူညီချက်များ ရှိကြ၏။ ထိုထက်မက၊ ကောင်းကင်နှင့် မြေကြီးအား ပေါင်းစည်းပေး နိုင်စွမ်းသော တစ်ပါးတည်းသောယေရှုကို ဖော်ပြပေးသည်။ ယာကုပ်မှ မြင်တွေ့ရသော ကောင်းကင်နှင့်မြေကြီး စပ်ကြားတွင် ဆန့်တန်းထားသော လှေကားသည် ယေရှုပင်ဖြစ်၏ (က ၂၈း၁၂။ ယောဟန် ၁း၅၁)။ လူ၏သားအနေဖြင့် ငါတို့ကို အပြစ်မှ ကယ်တင်၍ ဘုရား၏ သားတော်အနေဖြင့် ကြားဝင် ဆုတောင်းပေး၏။

၄င်းစာတိုနှစ်စုလုံးတို့အား ယေရှု၏ ရှုထောင့်မှလေ့လာကြပါစို့။ ခရစ်တော်သည် ကျွန်ုပ်တို့အား ကယ်တင်ရန် မိမိ၏ ဂုဏ်တော်ကိုပင် စွန့်တော်မူကြောင်းကို စဉ်းစားရပါမည်။ ရှင်ပေါလုသည် ဖိလိပ္ပိတွင် အသင်းတော်တစ်ပါး၊ သူတစ်ခါမျှပင် မလည်ပတ်ခဲ့ဘူးသော ကောလောသဲမြို့တွင် အဝေးမှပင်အသင်းတော် တည်ထောင်ရာ၄င်းတို့အထဲတွင် ပြဿနာများ ကို အကျဉ်းထောင်ထဲမှပင် လှမ်းလုံးထွေးရပေသည်။ ထိုစဉ်က ရှင်ပေါလုသည် "လောကအသင်းတော်" တစ်ပါးအား ရောမအကျဉ်းထောင်ထဲမှ လှမ်းတည်ထောင်ခဲ့သည်။ သူ့အချိန်တိုတောင်းသည်ကိုလည်းသိရှိလျက် ထိုအသင်းတော်ကို ကောင်းကင်နှင့် ၄င်း မိမိတို့အချင်းချင်းကိုပင် ပေါင်းစည်းနိုင်ခဲ့လေသည်။ ထိုနည်းတူစွာ ဗျာဒိတ်ကျမ်း ၁၄ ၏ ဘုရားသခင့်အမိန့်တော် "ကောင်းကင်တမန် သုံးပါးသတင်းစကား" တို့နှင့်ယနေ့ ထာဝရ ဘုရား၏အသင်းတော်သည် ကောင်းကင်နှင့် ပေါင်းစည်းနိုင်ကြောင်း ပြသသည်။

ဒေါက်တာကလင်တွန်ဝါလင်သည် ကမ္ဘာ့ဗွာနချုပ် သမ္မာကျမ်းစာ သုတေသနကျောင်း ၏ တွဲဘက် ညွှန်ကြားရေးမှူးဖြစ်သည်။ သူ၏ကျွမ်းကျင်ရာသည် ဓမ္မသစ်ကျမ်း၊ စာသား အနက်ပြန်ဆိုခြင်းနှင့် မြော်လင့်ခြင်းအသင်းတော်ရာဇဝင်တို့ဖြစ်သည်။ ဂျာမဏီနိုင်ငံတွင် နေထိုင်၍ နယူးဇီလန်၊ ရုရှ၊ အင်္ဂလန်နှင့် ဖိလိပိုင်တို့တွင် အမှုတော်ဆောင်ခဲ့သည်။ သူနှင့် သူ့ဇနီး ဂီနာတို့သည် အရွယ်ရောက် ပြီးသား သမီးနှစ်ဦး၊ သမီးချွေးမတစ်ဦး နှင့် မြေးနှစ်ဦးတို့ ရှိပါသည်။

*ဒီဇင်ဘာ ၂၇ — ဇန်နဝါရီ ၂

# ညှဉ်းဆဲခံရသော်လည်း **စွန့်ပစ် မခံရ**



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဖေက် ၃း၁။ ၂ ကော ၄း၇ – ၁၂။ တမန် ၉း၁၆။ ဖိလေမုန် ၁၅၊ ၁၆။ ကော ၄း၉။ ဖိလိပ္ပိ၊ ၁း၁ – ၃။ ကောလောသဲ ၁း၁၊ ၂။

**အလွတ်ကျမ်းချက်။** **"လူအပေါင်းတို့ရှေ့၌ သင်တို့၏ဖြည့်ညှင်းခြင်း သဘောကိုထင်ရှားစေကြလော့။ သခင်ဘုရားသည် အနီးအပါး၌ရှိတော်မူ၏။"** (ဖိလိပ္ပိ ၄း၄)

မြော်လင့်ခြင်းအမှုဆောင်တစ်ဦးသည် မမှန်မကန်စွပ်စွဲခံရ၍ သံတိုင်အတွင်း နစ်နစ်နီးပါးအချိန်ကုန် စေခဲ့သည်။ အစပိုင်းတွင် လွန်စွာစိတ်ရှုပ်ထွေးခဲ့သော်လည်း နောက်ပိုင်းတွင် အကျဉ်းထောင်သည် မိမိအတွက် ဘုရားပေးထားသော သူ၏ အမှုတော်နယ်ပယ်ဖြစ်နေသည်ကို သတိပြုမိလာသည်။ သူနှင့်အတူအကျဉ်းကျဖော် တို့မှ သူသည် အမှုဆောင်တစ်ဦး ဖြစ်ကြောင်း သိရှိလာသောအခါ တရားဟောပြောရန် တောင်းဆိုကြ၏။ သူသည်လည်း ဟောပြောရုံမက စာပေတွေကိုပါ ပေးကမ်း၏။ အကျဉ်းသားတို့အား ရေနစ်ခြင်းပေးကာ ပွဲတော် မင်္ဂလာကိုပင် ချီးမြင့်၏။ "အချုပ်ထဲတွင် အမှုတော်ဆောင်ရသည်မှာ ရံဖန်ရံခါ ခက်ခဲလှသော်လည်း၊ ဆုတောင်း သံများအား ဘုရားနားညောင်းပေးသောအခါတွင် ရွှင်လန်းခြင်း ရှိသည်" ဟုဆို၏။

ရှင်ပေါလုသည် ဖိလိပ္ပိနှင့် ကောလောသဲ ဩဝါဒစာတိုအား အကျဉ်းထောင်တွင်းမှ ရေးသားပေးပို့ခဲ့ ပါသည် (ဖိ ၁း၇။ ကော ၄း၃)။ ဖိလိပ္ပိဩဝါဒစာကိုမူ ပေါလုနှင့် သီလတို့အား မတရားချုပ်နှောင်ပြီး၊ ထောင်မှူးသည် "သူတို့ခြေတို့ကို ထိပ်ခတ်လျက်ထားသည်" (တမန် ၁၆း၂၄) ဆို၏။ ညဉ့်တွင် သူတို့သည် "ဆုတောင်း၍ ချီးမွမ်းသီချင်းဆိုသောအခါ အကျဉ်းတို့က နားထောင်ကြသည် (တမန်၁၆း၂၅)၊ သူတို့သည် နေ့စဉ်ရွှင်လန်းတတ် ကြ၏။

ယခုအပတ်တွင် ရှင်ပေါလုရင်ဆိုင်ရသောအခြေအနေတွေ လေ့လာရပါမည်။ သူ့အပေါ် ဖြစ်ပျက်သည့် အရာများအတွက် သာ၍ကျယ်ပြန့်သောရည်ရွယ်ချက်ကို မြင်တွေ့ထားသည်။ ကျွန်ုပ်တို့သည်လည်း မိမိတို့မှမဖြစ်မနေ ရင်ဆိုင်ရသော အရာများတွင် ရှင်ပေါလု ထံမှ မည်သည့် သင်ခန်းစာရနိုင်မည်နည်း။

* ဇန်နဝါရီလ ၃ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန်ယခုအပတ်သင်ခန်းစာကိုလေ့လာပါ။

## ယေရှုခရစ်၏အကျဉ်းသားရှင်ပေါလု

ဖိလိပ္ပိ နှင့် ကောလောသဲ ဩဝါဒစာတို့ကို ရှင်ပေါလုသည် အကျဉ်းထောင်တွင်း မှ ပင် ရေးသားပေးပို့ သောကြောင့် အကျဉ်းထောင်ဩဝါဒစာဟုပင် သမုတ်ကြ၏ (ဖေက် နှင့် ဖိလေမုန်အပါ)။ ကောက်ချက်ချသူ အများစုတို့သည်ရှင်ပေါလုသည်ရောမမြို့တွင် နေထိုင်ရစဉ် ခရစ်နှစ် ၆၀ – ၆၂ အတွင်းရေးသားပေးပို့သည်ဆို၏ (တမန် ၂၈း၁၆)။

**ဖတ်ပါ – ဧဖက် ၃း၁ နှင့် ဖိလိမုန် ၁။ ရှင်ပေါလုသည်မိမိထောင်ချခံရခြင်းကို မည်ကဲ့သို့ သိသိသာသာ သွင်ပြင်လက္ခဏာဆောင်စေသနည်း။**

ရှင်ပေါလုသည် ယေရှုခရစ်တော်၏အမှုတော်အတွက် မိမိအသက်တာကို ဆက်ကပ်ခဲ့၏။ ထိုအမှုတော်တွင် အကျဉ်းသားပါဝင်ပါကလည်း အဆင်သင့်ပင်ရှိ၏။ သူသည် မိမိကိုယ်ကို "တုတ်နှောင်ခံရသောသံတမန်တစ်ပါး" ဟုခေါ်ဆို၏ (ဧ ၆း၂၀)။ သာသနာပြုခရီးထွက်၍ အသင်းတော်များတည်ထောင်ကာ၊ ဘုရားအတွက် အမှုဆောင်များအား လေ့ကျင့်ရေးပြုစေ၏။ သူသည် မိမိကိုယ်ကိုပင် "ဤသံကြိုးများ မပါဘဲ ငါလုပ်ဆောင်နိုင်လျက်နှင့် အဘယ်ကြောင့် ဤနေရာသို့ ငါရောက်ရသနည်း" ဟု မေးခွန်းတွေထုတ်ပေလိမ့်မည်။ ဒုတိယ တိမောသေ ရေးသားအပြီးတွင် ထောင်ချခံခဲ့ရ၏။

ဓမ္မသစ်၏စာအုပ် အနည်းဆုံး ငါးအုပ်တို့အား အကျဉ်းထောင်ထဲတွင် ရေးသားခဲ့၏။ ထိုထောင်ဩဝါဒစာတို့တွင် မည်သည့်ထောင်တွင် အချုပ်ခံရသည်ကို ဖော်ပြခြင်း မပြုပါ။ တစ်ချို့တို့သည် ဧဖက်မြို့နှင့် ကဲသရိ မြို့ဖြစ်နိုင်သည် ဆိုသည်။ ရှင်ပေါလုသည် ဧဖက်ဆာစ်မြို့တွင် အကျဉ်းကျခဲ့ကြောင်း သာဓက မရှိခဲ့ပါ။ ပေါလုအတွက် အသက်အန္တရယ် ထင်ထင်ရှားရှား မရှိသော ကဲသရိမြို့ဖြစ်နိုင်ချေပို၍များ၏။ ဖိလိပ္ပိ ဩဝါဒအား ရေးသားချိန်သည် သူ့အတွက်အသက်အန္တရယ်အရှိဆုံးအချိန်ဖြစ်သည် (ဖိ ၁း၂၀)။

ဤဩဝါဒစာမှ ရှင်ပေါလုသည် အကျဉ်းကျရာတွင် မည်သည့်နေရာ၌ရှိသည် ကို သဲလွန်စလေး ဖော်ထုတ်ပေး၏။ ရှေးဦးစွာ စစ်ရုံးချုပ်ရှိ၏။ ထိုနေရာသည်၊ ယေရုရှလင်မြို့ရှိ ယေရှုကို ရုံးတင်၍စစ်ဆေးသော နေရာ ပိလတ်မင်းကြီး၏ရုံး (မ ၂၇း၂၇။ ယော ၁၈း၃၃) နှင့် ရှင်ပေါလုအားအကျဉ်းချထားသောနေရာ ကဲသရိ (တ ၂၃း၃၅) တို့နှင့် အလားတူ၏။ ရှင်ပေါလုသည် ဤစာလုံးကို နေရာ အနေ ဖြင့် မဟုတ်ဘဲ လူသားများ အနေဖြင့်သာ အသုံးပြု၏။ ဓဝံဂေလိတရားသည် "နန်းတော်အနှံ့အပြား" တွင် ထင်ရှားသည်ဆို၏ (ဖိ ၁း၁၃)။ ရောမမြို့တွင် ဧကရာဇ် ဘုရင်နှင့် သူ၏အကျဉ်းသားတို့အား စောင့်ကြပ်ရသော လက်ရွေးစင်စစ်သည်တော် ၉၀၀၀ ခန့်ရှိသည်။

ရှင်ပေါလုသည် ယုံကြည်သူများထံမှ နှုတ်ဆက်စကားကို "ကဲသာဘုရင်၏ တော်ဝင်မိသားစု" တို့အားပေးပို့၏ (ဖိ ၄း၂၂)။ ဤသည်ကိုကြည့်ခြင်းဖြင့် ပေါလုသည် နယ်ချဲ့ တော်ဝင်မိသားစုအား အမှုတော်ဆောင်သောသူတို့နှင့် ဆက်သွယ်သည်ကို ဖော်ပြ၏။

**မိမိတို့၏ အခက်ခဲဆုံးကာလတွင် မည်ကဲ့သို့ အကောင်းဆုံး ပြုနိုင်မည်နည်း။ ထိုသို့ပြုရန် အဘယ် ကြောင့် အမြဲမလွယ်ကူသနည်း။**

## သံကြိုးတုတ်နှောင်ထားသောရှင်ပေါလု

မက်ဆီဒိုးနီးယားတွင် ရှိစဉ်အခါ ရှင်ပေါလုသည် အကျဉ်းချထားခြင်းများစွာ ဖော်ပြပေးသည် (၂ ကော ၆း၅။ ၁၁း၂၃။ ၇း၅)။ အရင်ဦးမှတ်တမ်းဝင်သည်မှာ ဖိလိပ္ပိ၌ (တ ၁၆း၁၆ – ၂၄) ဖြစ်သည်။ နောက်မှ ကဲသရိသို့ မပြောင်းရွှေ့မီ ယေရုရှလင်တွင်ပင် အကျဉ်းကျခဲ့ သည်။

ရှင်ပေါလုသည် "ငါချည်နှောင်ခံရစဉ်" (ဖိလိ ၁၀၊ ၁၃) ဟုသာဆို၏။ အိမ်တွင် အကျယ်ချုပ် ခံရစဉ်တွင် ရောမလက်ရွေးစင်စစ်သည်တစ်ဦး၏ စောင့်ကြပ်ရ၏။ အိမ်နေရှိယာစ်အမည်ရှိ ရှေးဦးခရစ်ယာန်တစ်ဦးသည်လည်း ထိုသို့ ချည်နှောင်ခံရစဉ်တွင် ထိုစစ်သည်များကို "ကောင်းမွန်စွာဆက်ဆံခါမှ ပိုဆိုးလာသော တောရိုင်း တိရစ္ဆာန်များဟုပင် သမုတ်ခဲ့လေသည်။" —Michael W. Holmes, ed., *The Apostolic Fathers* (Grand Rapids, MI: Baker Academic, 2007), p. 231.

**ဖတ်ပါ – ၂ကော ၄း၇ – ၁၂။ ဤကျမ်းပိုဒ်တွင် ရှင်ပေါလုသည် မိမိရင်ဆိုင်ရသော ဆင်းရဲဒုက္ခများအား ကြံ့ကြံ့ခံနိုင်ပုံကို ဖော်ပြသည်။ သူ့အသက်တာ၏ ဆုံချက်သည် မည်သည့်အရာဖြစ်တန်ရာသနည်း။**

အသက်တာသည် မည်သို့ပင်ခက်ခဲနေသည် တိုင်ရှင်ပေါလုသည် ပိုမိုတောက်ပသည့်ဘက်သို့သာ ကြည့်ခြင်းဖြင့် ထိုဖိစီးမှုများကို ကြံ့ကြံ့ခံနိုင်ခဲ့၏။ စာတန်၏ ထိုးနက်ခြင်းများအတွင်း၌ပင် မိမိသည် စွန့်ပစ်မခံရကြောင်း ရှင်ပေါလုသိနေသည်။

**ဖတ်ပါ – ၂ကော၆း၃ – ၇။ ထိုအခက်အခဲများအား ခံနိုင်စေသော မည်သည့်ဝိညာဉ်ရေးဇစ်မြစ်အား ရှင်ပေါလု ပိုင်ဆိုင်နေသနည်း။**

မိမိတို့ကိုယ်တိုင်သည်လည်း မိမိတို့၏အခြေအနေ၊ မိမိတို့၏အားနည်းချက်၊ အတိတ် က မိမိတို့၏ ဆုံးရှုံးမှုများအား ကြည့်ကာ စိတ်ဓာတ်ကျနေပါလိမ့်မည်။ ထိုစဉ်အခါသမယတွင် အဆိုးနှင့်တိုက်လှန်ရာတွင် မိမိအောင်မြင်နိုင်ရန် ထာဝရဘုရား၏ စောင့်မခြင်းများကို ပြန်လည် တွေးကြည့်ပါ။ အခရာအကျဆုံးအရာသည် ကျမ်းစာ "သမ္မာတရား" ပင်ဖြစ်၍ တစ်ပါးသူတို့၏အမှားများအားဖြင့် ၎င်းတို့အောင်မြင်ခဲ့ရသော လမ်းကြောင်း များကိုလေ့လာရပါမည်။ "ဝိညာဉ်တော်မှတစ်ဆင့် လောက၏ ရွေးနုတ်ရှင်သည် လိုအပ်သည်အတိုင်း ပြီးမြောက်စေရန် ပြုပေးခဲ့သည်။ ထိုဝိညာဉ်သည် စိတ်နှလုံးကို သန့်စင်ပေးသည်။ ထိုဝိညာဉ်အားဖြင့် ယုံကြည် သူတို့သည် ဘုရား၏ သဘောသဘာဝတွင်ပါဝင်ရခွင့်ရရှိစေသည်။ မျိုးရိုးစဉ်ဆက်စိုက်ပျိုးထားသော အဆိုးဘက်သို့ ယိမ်းယိုင်ခြင်းကို အောင်နိုင်ရန်၎င်း၊ သူ၏အသင်းတော်တွင် မိမိ၏ ဝိသေသ လက္ခဏာတော်သာ ထင်ရှားစေနိုင်ရန် မိမိ၏ဝိညာဉ်တော်ကို ပေးခဲ့ပြီးဖြစ်သည်" (အီးဂျီဝှိုက်။ ထာဝရလိုအင်။ စာ၊ ၆၇၁)။

**ယုံကြည်သူများနှင့် ဘုန်းတော်ကြီးများပင်လျှင် 'မိမိကိုယ်ကို ထာဝရဘုရား၏ ကျွန်များ' ဟု မည်ကဲ့သို့ အမြဲထင်မှတ်နိုင်ကြမည်နည်း(၂ကော ၆း၄)၊ မည်သည့်အနက်ရှိမည်နည်း။**

# ဖိလိပ္ပိ၌ ရှင်ပေါလု

ရှင်ပေါလု၏ ဒုတိယမြောက်သာသနာခရီးမကြာမီတွင် တိမောသေသည်လည်း အဖွဲ့ ဝင်လာ၍ ထိုအချိန်တွင် အာရှ၏အစွန်းထွက်နိုင်ငံများသို့ မဝင်ရန် သန့်ရှင်းသော ဝိညာဉ်တော်မှ တားမြစ်လာသည် (တ ၁၆း၆)။ ညဥ့်ရူပါရုံတွင် ရှင်ပေါလုသည် လူတစ်ဦး မှ “မာကေဒေါနိ ပြည်သို့ကူး၍ ငါတို့အား မစပါ” (တ ၁၆း၉) ဟု တောင်းဆိုသည်ကို မြင်တွေ့ရ၏။ ချက်ချင်းပင် မက်ဆီဒိုးနီးယားနှင့် အနီးဆုံးဆိပ်ကမ်းသို့သွားရောက်၍ တရောမြို့မှ စတင်၍ အေဂျင်ပင်လယ်အား ဖြတ်သန်းကာ ဥရောပတိုက်ပေါ် နာပေါလိစ် မြို့သို့ ဆိုက်ရောက်၏။ ထိုမြို့တွင် သာသနာမပြုဘဲ ပေါလု၊ သီလ၊ တိမောသေနှင့် လုကာ တို့သည် တရောစ်မြို့မှ ဖိလိပိုမြို့သို့ ထွက်ခွာကြလေသည်။

သူ၏သာသနာလှုပ်ရှားမှုတွင် ပေါလုသည် ဗျူဟာကျကျစဉ်းစား၏။ ဖိလိပ္ပံမြို့သည် မက်ဆီဒိုးနီးယား နယ်ကို အစိုးရသောမြို့ဖြစ်သည် (တ ၁၆း၁၂)။ ရောမဇကရာဇ်နိုင်ငံ တွင် ချီးမြှောက်အခံရဆုံးသော မြို့တစ်ခု ပင်ဖြစ်၍ မြို့တစ်ခုအား အမြင့်ဆုံး ဂုဏ်ပြုနိုင် ခြင်း အတိုင်းအတာအရ အီအာစ်အီတလီကမ် ဟူသော ဂုဏ်ထူးဆောင်နာမဖြင့် သမုတ်ထားသည်။ ဖိလိပ္ပံမြို့သားတို့သည် အီတလီနိုင်ငံသားတို့နှင့် တူညီသော လူ့အခွင့်အရေးကိုပင် ရရှိကြသဖြင့်၊ ထိုမြို့ဇာတိရှိသမျှတို့သည် ရောမနိုင်ငံသား ဖြစ်ခွင့် ရရှိ၍ မြေခွန်၊ လူခွန် စသည်တို့မှ ကင်းလွတ်ကြ၏။ ရောမမြို့တော်နှင့် အရှေ့ပိုင်းကို ဆက်သွယ်သော ဗီးယားအိဂ်နေ့ရှား လမ်းမကြီးပေါ်တွင် နားနေခြင်းသည်လည်း အရေးပါလှသည်။ ထိုနေရာတွင် ခရစ်ယာန်ဘာသာ တည်ထောင်ခြင်း သည်လည်း အခြား မြို့ကြီးများဖြစ်သော အံဖိပေါလိမြို့ အာပေါလောနိမြို့ သက်သလောနိတ်မြို့နှင့် ဗေရိမြို့ (တ ၁၇း၁၊ ၁၀) တို့သို့ ဧဝံဂေလိသတင်းစကားပို့ဆောင်ရန် ထောက်မပေး၏။

ပထမရာစုနှစ်တွင် ဖိလိပ္ပိမြို့၏ ရုံးသုံးဘာသာစကားသည် လာတင်ဘာသာ ဖြစ်ခဲ့ကြောင်းကိုလည်း လာတင်ဘာသာဖြင့် ထွင်းထားသော စာများအားဖြင့်ပင် ဆိုနိုင်ချေများစေ၏။ ဖိလိပ္ပိ ၄း၁၅ တွင် ပေါလုသည်လည်း လာတင်အသံထွက်ကာ အချင်း ဖိလိပ္ပိစီအိုအီဟု ခေါ်ဆိုရာ သူတို့၏ ရောမနိုင်ငံသား ဖြစ်ခြင်းကို အသိအမှတ်ပြုပေး၏။ သို့သော်လည်း ဈေးသုံးစကားနှင့် ပတ်ဝန်းကျင်မြို့များသို့ ဧဝံဂေလိသတင်း ပြန့်နှံ့ခြင်းသည် ဂရိဘာသာအားဖြင့် ဖြစ်ပြန်၏။ လုကာသည် ပေါလုနှင့် အဖွဲ့သားများတို့သည် မြစ်ကမ်းနားက ဆုတောင်းအဖွဲ့နှင့်ပူးပေါင်းကြရာမှ လုဒိ (လီဒီယာ) နှင့်မိသားစုတို့ ပြောင်းလဲခဲ့ကြသည် (တ ၁၆း၁၃–၁၅)။ လုဒိ သည် ကုန်ရောင်းကုန်ဝယ်သူ (နီမောင်းသောအထည်အလိပ်) ဖြစ်သောကြောင့်၊ ဖိလိပ္ပိမြို့တွင် ပေါလု၏ သာသနာ့လုပ်ငန်း အားအဓိကထောက်ပံ့ သူတစ်ဦးလည်းဖြစ်သည်။ ပေါလုနှင့် သီလတို့၏ ထောင်နန်းစံ ခြင်း ဖြင့် အခြားသောမိသားစု၊ ထောင်မှူးမိသားစု ပင် ပြောင်းလဲလာကြ၏။

နှိပ်ကွပ်ခြင်းများစွာ ရင်ဆိုင်ရပါသော်လည်း၊ ဖိလိပ္ပံမြို့သည် ဥရောပတခွင်သို့ ဧဝံဂေလိသတင်း ပြန့်နှံ့ရန် သဲသောင်ပြင်ဌာနမှူးပင် ဖြစ်ကြောင်း သန့်ရှင်းသော ဝိညာဉ်တော်သည် သိနှင့်ပြီးဖြစ်၏။ ဆိုးသွမ်းခြင်း၊ နှိပ်ကွပ်ခြင်းများအတွင်း၌ပင် ဧဝံဂေလိသတင်းသည် လက်လှမ်းမမီနိုင်သောနေရာတို့သို့ပင် ရောက်ရှိခဲ့ရလေ၏။

**တမန်တော် ၉း၁၆ ဖတ်ပါ။ ပေါလု၏ ဆင်းရဲဒုက္ခတစ်ချို့အား နားလည်နိုင်ရန် မည်သို့ ထောက်မသနည်း။ မိမိတို့၏ ဆင်းရဲဒုက္ခများကိုလည်း နားလည်နိုင်ရန် မည်သို့ထောက်မသနည်း။**

## ရှင်ပေါလုနှင့်ကောလောသဲ

ရှင်ပေါလုသည် ကောလောသဲမြို့သို့လည်ပတ်၍ သာသနာဗျူဟာအောင်မြင်သည့် မှတ်တမ်းမှတ်ရာ မရှိပါ။ ကောလောသဲမြို့သို့ ဧဝံဂေလိသတင်း အရင်ဦး ယူဆောင်ခဲ့သူသည် (ကော ၁း၇) ထိုမြို့သားပင်ဖြစ်သော ဧပဖြ (ကော ၄း၁၂) ဖြစ်၏။ သူသည် မည်သို့ ပြောင်းလဲ ခဲ့သနည်း။ ရာစုနှစ်လယ် ၅၀ ဝန်းကျင်တွင် ရှင်ပေါလုသည် ဧဖက်မြို့အနားမှ "အာရှိပြည် သားတို့သည် သခင်ယေရှု၏ နှုတ်ကပတ် တရား တော်ကို ကြားရသည်" (တ ၁၉း၁၀။ ၂၀း၃၁) ဟူ၏။

ဧဝံဂေလိသတင်းအား မည်မျှပြန့်နှံ့စေသည်ကို ဗျာဒိတ်ကျမ်းစာမှ သက်သေထူ ထားသည် (ဗျာ ၁း၄)၊ ကောလောသဲမြို့တိုင်အောင် ဧဝံဂေလိသတင်း အောင်မြင်စွာ ပြန့်နှံ့ခြင်း၏ ယုတ္တိအရှိဆုံးအဖြေသည်၊ ရှင်ပေါလု အားဖြင့် အာရှအစွန်းထွက်နိုင်ငံတွင် အရေးအပါဆုံး ဧဖက်ဆာစ်မြို့မှ သတင်းကြားရ၍ ပြောင်းလဲခဲ့ရသော သူကြောင့် ဖြစ်တန်ရာ၏။ ဧပဖြသည် ဧဖက်တွင် ပေါလုထံမှ သတင်းကြားလာရာမှ လုပ်ဖော် ဆောင်ဖက်ဖြစ်လာရာ မိမိဇာတိမြို့ ကောလောသဲသို့ ဧဝံဂေလိသတင်းကို ယူဆောင်ခဲ့ သည်။

ထိုမြို့သည် လောဒိကိမြို့၏တောင်ဘက် ကိုးမိုင် (၁၅ ကီလို) တွင်တည်ရှိ၍ ယခုမှ တူးဖော်နေဆဲဖြစ်သဖြင့်၊ ထိုမြို့နှင့်ပတ်သက်၍ ထိုနယ်၏အခြားမြို့တို့ထက် သိကျွမ်းမှု နည်းပါးသည်။ ဂျူးလူအတော်များသည်ဖြစ်၍ "ဖြူဂိနယ်တွင် ဂျူးတစ်သောင်းဝန်းကျင် နေထိုင်သည်" ဆို၏။—Arthur G. Patzia, *New International Biblical Commentary: Ephesians, Colossians, Philemon* (Peabody, MA: Hendrickson Publishers Inc., 1990), vol. 10, p. 3.) ထိုနယ်တွင် သွန်းသော ဒင်္ဂါးပြားများသည် ရောမမြို့သားများကဲ့သို့ပင် ဘုရားများစွာတို့အား ဝတ်ပြုသည်ကို ဖော်ပြသည်။ နတ်စားတို့သည် သြဇာကြီးသော ယဉ်ကျေးမှုများ ကျင့်သုံးသဖြင့် ထို နယ်ရှိ ခရစ်ယာန် တို့သည် မြို့တော်တွင် သာသနာပြုရန် မဆိုဘဲနှင့်၊ ဧဝံဂေလိတရားတွင် ယုံကြည်ခြင်းခိုင်မြဲနိုင်ရန်ပင် ကြီးမားသော စိန်ခေါ်မှုများ ရင်ဆိုင်ရလေ၏။ ကောလောသဲမြို့တွင် အရေးပါသောခရစ်ယာန်တစ်ဦးသည် ဖိလိမုန်ပင်ဖြစ်သည်။ ဧပဖြ ပြောင်းလဲသော အချိန်ဝန်းကျင်တွင်ပင် ပြောင်းလဲသူ ဖြစ်တန်ရာသည်။

**ဖတ်ပါ – ဖိလိမုန် ၁၅၊ ၁၆ နှင့် ကော ၄း၉။ ဖိလိမုန်သည် ကျွန်သြနေသိမ်အား မည်သည့်လမ်းစဉ်ဖြင့် ဖမ်းဆီးရန် ရှင်ပေါလုမှ တိုက်တွန်းသနည်း။**

ရောမ၏တည်ဆဲဥပဒေအရ ပေါလုသည် သြနေသိမ်အား ဖိလိမုန်ထံသို့ လွှဲအပ် ရမည်ဖြစ်သော်လည်း၊ ဖိလိမုန်သည် ယုံကြည်သူ၏ စိတ်နေသဘောထားကာ၊ သြနေ သိမ်အား ကျွန်ကဲ့သို့ သဘောမထားဘဲ၊ အပေါင်း အဖော်ကဲ့သို့ အသိတရားထားရန် တိုးလျှိုးပေး၏ (ဖိလိမုန် ၁၆)။

**ပုံစံတစ်မျိုးမျိုးဖြင့် ကျွန်မွေးခြင်းသည် ဖွံ့ဖြိုးမှုန်းတီးဘွယ်ဖြစ်၍ ရှင်ပေါလုကပင် ရှုပ်ချစေကာမူ၊ ဤနေရာတွင် ပေါလု၏စကားသုံးနှုန်းများကို မည်သို့ချဉ်းကပ်ကြမည်နည်း။ အမေရိကန်ပြည်ထောင်စု၏ ကျွန်စနစ်ခေတ်တွင် အီးဂျိုရိုက်သည် လွတ်မြောက်သောကျွန်တို့အား ပြန်ပို့ရန် ပြဋ္ဌာန်းထားသော ဥပဒေကို ရှုပ်ချသော စကားများကို ပြော်လင့်ခြင်းယုံကြည်သူတို့အား ပြောကြားခြင်းသည် စွဲမက်စရာကောင်းလှ၏။**

**ကြာသပတေးနေ့** ဇန်နဝါရီ ၁

## ဖိလိပ္ပိနှင့်ကောလောသဲတို့၏အသင်းတော်များ

**ဖတ်ပါ – ဖိလိပ္ပိ ၁း၁ – ၃နှင့် ကော၊ ၁း၁၊ ၂။ ဖိလိပ္ပိနှင့် ကောလောသဲတို့၏ အသင်းတော်များကိုမည်သို့ဖော်ပြ၍ထို သရုပ်ဖော်ခြင်းသည် မည်မျှထင်ပေါ်သနည်း။**

ပေါလု၏ပုံစံပေါက် ကြိုဆိုနှုတ်ဆက်စကားတွင် ခရစ်ယာန်များအား "သူတော်စင်များ" ဟုဆို၏။ အနက်သည် ရေနစ်ခြင်းအားဖြင့် ဘုရားသခင်၏အထူးလူများအဖြစ် ခွဲခြားသတ်မှတ်ထားရာ၊ ဣသရေလတို့သည် အရေပြားလှီးဖြတ်သည်နှင့် (ထွက် ၁၉း၅၊ ၆။ ၁ပေ ၂း၉၊ ၁၀) "သန့်ရှင်းသောလူမျိုး" အဖြစ် ခွဲခြား သတ်မှတ်ထား၏။ ရောမ အသင်းတော်သည် လူတို့အားခမ်းနားစွာဖြင့်သူတော်စင်စာရင်းသွင်းခြင်းနှင့် မဆိုင်ပါ။

ဤဩဝါဒစာတိုနှစ်ခုတို့တွင် ကြိုဆိုနှုတ်ဆက်ခြင်းသည် အလားတူညီ၏။ ဖိလိပ္ပိ မြို့ ယုံကြည်သူတို့အား ပေါလုသည် "သင်းအုပ်နှင့်သင်းထောက်" (ဖိ ၁း၁) ဟုသမုတ်၍ ကောလောသဲမြို့ယုံကြည်သူတို့ကို ပေါလုသည် "ခရစ်တော်၌ သစ္စာရှိသော ညီအစ်ကိုများ" (ကော ၁း၂) ဟုဆို၏။ ဓမ္မသစ်ကျမ်းသည် "သစ္စာရှိသော ညီအစ်ကိုများ" ဟုဆိုရာတွင် ထိုသူတို့သည် အသင်းတော်တွင် တိကျသော သာသနာ့တာဝန်တစ်ခုစီရှိသည် (ဧဖက် ၆း၂၁။ ကော ၄း၇။ ၁ ပေ ၅း၁၂)။ ဤသည်ကြောင့် ပေါလုသည် ယုံကြည်သူများကိုသာ ဆိုလိုသည် မဟုတ်ဘဲ ဤမြို့၏ အသင်းတော်ခေါင်းဆောင်များကိုပါ ပြော၏။ အုပ်ချုပ်ရေးရုံးကိုပါ ဆိုလိုသည်ကို ၁ တိ ၃း၁ – ၁၂။ တိတု ၁း၅ – ၉ တို့တွင် ၎င်းအဖွဲ့ အစည်းတည်ရှိခြင်းအရေးကြီးခြင်းကိုပါ အရင်ဦး အသင်း တော်က သက်သေပြ၏။

လုပ်ဖော်ဆောင်ဘက် တိမောသေနှင့် ဧပေဖြတို့အား သွန်သင်ခြင်းသည် ရှင်ပေါလု၏ သာသနာပြု လုပ်ငန်းအား ကြီးထွားစေနိုင်ရန် ဦးစားပေးအလုပ်တစ်ခုဖြစ်သည်။ တစ်မျိုးပြောရသော်၊ နယ်ချဲ့ကမ်းလင့်ရာတွင် စွဲမြဲစေနိုင်ရန် ချဉ်းကပ်ခြင်းဗျူဟာ တစ်ခုရှိခဲ့ပါသည်။ မြော်လင့်ခြင်းရှေ့ဆောင်သူများတို့သည် ဓမ္မသစ်၏ အသင်းတော်ဖွဲ့စည်းပုံအား စံထားသည်ကို ၁၈၅၀ ဝန်းကျင် Review and Herald စာစောင်များမှ ဖတ်ရှုရ၏။ ဂျိမ်းရှိုက်ကိုယ်တိုင်သည် "ဓမ္မသစ်၏ကောင်းကင်အစီအစဉ်သည် ခရစ်တော်၏ အသင်းတော်အား ဖွဲ့စည်းနိုင်ရန် လုံလောက်ပေ၏။ လိုအပ်သေးသည်များကို ဉာဏ် ကွန့်မြူးခြင်းဖြင့် ပေးတော်မူလိမ့်မည်" ဟုဆို၏။-"Gospel Order," *The Advent Review, and Sabbath Herald*, Dec. 6, 1853, p. 173။ ရှင်ပေါလုသည် ထိုအသင်းတော်များထံ စာရေးသားပေးပို့ခြင်း မပြုမီ ကြာမြင့်စွာတည်းတွင်၊ တမန်တော်တို့သည်ယေရုရှလင်အသင်းတော်၏ အရာရှိများအား ရွေးချယ်ခဲ့ပြီး ဖြစ်၏ (တ ၆း၁ – ၆။ ၁၁း၃၀)။ ထိုသူတို့သည် "သမ္မာတရား ပေးပို့သော ဆက်သားတို့သည် ဧဝံဂေလိသတင်းအားဖြင့် ပြောင်းလဲပေးသော လူတို့အား အသင်းတော် ဖွဲ့စည်းပေးနိုင်ရန် စံနမူနာတစ်ခုဖြစ်၏" (အီးဂျီဝိုက်။ တမာန်တော်တို့၏ လုပ်ရပ်များ။ စာ၊ ၉၁)။

ရှင်ပေါလုသည် ဩဝါဒပေးရာတွင်စာပေဖြင့်ပင်ထောက်မစေ သည်မှာထင်ရှား၏။ တပည့်တိမောသေ သည် စာပေတို့အား ပူးတွဲပေးပို့သူတစ်ဦးအဖြစ် သမုတ်ထားသည် (၂ကော ၁း၁။ ဖိလေမုန် ၁)၊ ရှင်ပေါလုသည် "ကျွန်ုပ်တို့" မဆိုဘဲ "ငါ" ဟု သာဆိုခြင်း သည် ထိုတပည့်တို့၏ နောက်ကွယ်တွင် လုပ်ပိုင်ခွင့် ဩဇာ ရှိသည်ဟု ထင်ရှားသည်။

**ထပ်မံစဉ်းစားရန်** – "ထာဝရဘုရားသည် သင့်အား ဝိညာဉ်တော်နှင့် သမ္မာတရားအား ယုံကြည်ခြင်းဖြင့် သန့်ရှင်းစေကာ ကယ်တင်ရန် ရွေးချယ်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ မြဲမြံစွာ ရပ်တည်၍ ထာဝရဘုရားအား သစ္စာရှိရှိ ဝတ်ပြုပါက သင်သည် မလိုမုန်းထား ရန်ပြုခြင်း ရင်ဆိုင်ရလိမ့်မည်။ သို့သော် မှားယွင်းစွာခံရသောအခါ ရန်ပြန်မစပါနှင့်။ အလားတူပြန်တိုက်ခိုက်ခြင်းမပြုပါနှင့်။ ယေရှုခရစ်တော်၌ ဣန္ဒြေထိန်းချုပ်ပါ။ သင့်မျက်နှာဖြင့် ကောင်းကင်သို့ မီးခတ်လိုက်ပါ။ သူတစ်ပါးတို့သည် မိမိတို့ပြောလိုရာပြောစေပါ။ မိမိတို့ လုပ်လိုရာ လုပ်စေပါ။ သင်သည် မိမိကိုယ်ကို ခရစ်တော်၏သိမ်မွေ့နူးညံ့ခြင်းနှင့် နှိမ့်ချခြင်းဖြင့်သာသည်းခံပါ။ သင်သည် ခိုင်မာသောရည်ရွယ်ချက်၊ ဖြူစင်သောစိတ်ထား၊ ခွန်အားရှိသမျှတို့ဖြင့် ထာဝရဘုရား၏ လက်တော်အား မှီခိုလျက်လုပ်ဆောင်ပါ။ သင့်အလုပ်၏မြင့်မြတ်သော သဘာဝကို သင်သိရမည်မဟုတ်ပါ။ သင်ကိုယ်တိုင်၏ တန်ဖိုးကို သင့်အတွက် အသက် ပေးသောသူ၏အသက်ဖြင့်သာ တိုင်းတာနိုင်ပါသည်။

ခရစ်တော်၌ကြီးပွားသော ဝိညာဉ်တိုင်းသည် စိတ်ထက်သန်စွာနှင့် ကြာရှည်စွာ ရုန်းကန်ရသော အချိန်ရောက်လာလိမ့်မည်။ အကြောင်းမူကား အမှောင်ထု၏ တန်ခိုးတို့သည် တိုးတက်မှုမှန်သမျှကို ဆန့်ကျင်လိမ့်မည်။ သို့တိုင်အောင် ခရစ်တော်၏ ကျေးဇူးတော်အတွက် ကပ်တိုင်တော်အား မျှော်ကြည့်ပါ၊ မဆုံးရှုံးစေရပါ။ ရွေးနုတ်ရှင်၏ ကတိတော်ကား၊ "ငါသည်သင့်ကို မစွန့်၊ သင့်ကိုအလျင်းပစ်၍မထား။ ကပ် ကမ္ဘာ ကုန်သည် တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်" ဟူ၏ (အီးဂျီဝှိုက်။ လူငယ်သင်တန်းနည်းပြ။ နိုဝင်ဘာ၊ ၉။ ၁၈၉၉)။

**ဆွေးနွေးရန်မေးခွန်းများ –**

**၁ ရှင်ပေါလုသည် မမှန်မကန်စွပ်စွဲခြင်းဖြင့် မကြာခဏအကျဉ်းချခံရသည်။ သင့်အား မတရားဆက်ဆံသောအခါ မည်သို့တုံ့ပြန်ခဲ့သနည်း။ ထိုအချိန်မျိုးတွင် မည်သည့်ကျမ်းချက် စိတ်ထဲတွင် ပေါ်လာသနည်း။**

**၂ ခရစ်ယာန်တို့အား နှိပ်ကွပ်ရာတွင် အသင်းတော်ခေါင်းဆောင်** Tertulian **သည် 'သူတို့သည် ကျွန်ုပ်တို့အား အစုအပြုံလိုက်မျိုးသုန်းသတ်ဖြတ်လေလေ၊ ကျွန်ုပ်တို့ ပွားများ လေလေ၊ ခရစ်ယာန်တို့၏အသွေးသည် မျိုးစေ့ဖြစ်သည်' ဆို၏** —Alexander Roberts and James Donaldson, eds., *Ante-Nicene Fathers* (Peabody, MA: Hendrickson Publishers, Inc., 1999), vol. 3, p. 55။ **ထိုစဉ်တွင်ပင် နှိပ်ကွပ်ညှင်းဆဲခြင်းသည် အသင်းတော်၏ လုပ်ငန်းတွင် ကြီးမားသောအဟန့်အတားဖြစ်စေလေသည်။ မိမိတို့၏ ယုံကြည်ခြင်းအတွက် နှိပ်ကွပ်ညှင်းဆဲခြင်းခံရသူတို့အား မည်သို့ထောက်မနိုင်မည်နည်း။**

**၃ ယခုအပတ်၏ကျမ်းချက်ကို ပေါလုခံစားရသော အခက်အခဲများနှင့် တွဲ၍ စဉ်းစားပါ။ 'အစဉ်မပြတ် ဝမ်းမြောက်ခြင်းရှိကြလော့' ဟူသည်မည်သည့်အနက်ရှိမည်နည်း။ ချစ်ရသောသူသေဆုံးခြင်း၊ အလုပ်ပြုတ်ခြင်း၊ ကိုယ်လက်နာကျင်ကိုက်ခဲနေစဉ်တွင် ဖြစ်နိုင်ပါ့မည်လား။ ဤအခြေအနေရာကို နားလည်နိုင်ရန် 'မည်သည့်အတွက် ဝမ်းမြောက်ရမည်နည်း' ဟု မေးစရာရှိ၏။ မေးခွန်းသည် မည်သို့ဖြစ်စေကာမူ မည်သည့်ကြောင့် ဝမ်းမြောက်နိုင်မည်နည်း။**

# ၁၃ပတ် ဥပုသ်နေ့အတွက် ရင်းနှီးမြှုပ်နှံခြင်း

ဩစတြေးလျနိုင်ငံမှ အမျိုးသမီးတစ်ဦးသည် သူမ၏ဘုရားကျောင်းက အဖွဲ့ဝင်များ အား သုံးလတစ်ကြိမ် နောက်ဆုံးဥပုသ်နေ့တွင် အိတ်ကပ်ထဲမှ ရှိသမျှထက် ပိုမိုပေးကမ်းရန် အား ပေး သောအခါ ၁၃ ပတ် ဥပုသ်နေ့ သာသနာပြုစီမံကိန်းများကို ထပ်မံစဉ်းစားခဲ့သည်။

မာရီလင်းစတီဗင်ဆင်သည် ဘုရားကျောင်းအဖွဲ့ဝင်များက ကိတ်မုန့်များ ဖုတ်ပြီး ဟင်းသီး ဟင်းရွက်များ စိုက်ပျိုးကာ ဆယ်သုံးပတ်ဥပုသ်နေ့အလှူငွေအတွက် ရောင်းချခဲ့သည့် အချိန် ကို သတိရမိ၏။ သူမလည်း ထိုနည်းတူ တစ်စုံတစ်ရာလုပ်ဆောင်နိုင်မလားဟု တွေးတောခဲ့ပြီး ထိုငွေကို ဆယ်သုံးပတ်ဥပုသ်နေ့အလှူအတန်း (သို့မဟုတ် သုံးလ တစ်ကြိမ် သာသနာပြု စီမံ ကိန်း အလှူ) အတွက် ပေးလှူနိုင်မလားဟု စဉ်းစားခဲ့သည်။

မာရီလင်းတွင် ကိတ်မုန့်ဖုတ်ရန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် အချိန်မရှိသလို စိတ် ဆန္ဒလည်း မရှိခဲ့ပါ။ သူမသည် လည်ချောင်းသက်သာစေသော ဖျန်းဆေးတစ်မျိုး ကို အသုံးပြု နေပြီး ၎င်းကို အခြားသူများအား အကြံပြုလျက်ရှိသည်။ အခြားသူများက ထိုဖျန်းဆေးကို စိတ်ဝင်စားကြသည်ကို သိရှိသောအခါ မာရီလင်းသည် ၎င်းကို လက်ကား ဝယ်ယူပြီး ပြန်လည် ရောင်းချရန် အကြံရခဲ့သည်။

ထိုလည်ချောင်း ဖျန်းဆေးအတွက် ပထမဆုံး ရင်းနှီးမြှုပ်နှံမှုသည် မာရီလင်းအား သာသနာ အတွက် ငွေရှာရန် နည်းလမ်းများ ထပ်မံရှာဖွေရန် တွန်းအားပေးခဲ့သည်။

ဒေသခံ လယ်ယာများ၊ စက်ရုံများနှင့် လက်တွဲလုပ်ကိုင်ပြီး မာရီလင်းသည် ကျန်းမာရေး နှင့် ညီညွတ်သော ထုတ်ကုန်များကို လက်ကားဈေးနှုန်းဖြင့် ဝယ်ယူကာ မိသားစုနှင့် သူငယ် ချင်းများထံ လက်လီဈေးထက် သက်သာသောနှုန်းဖြင့် ရောင်းချနိုင်ခဲ့သည်။ သူမသည် ထူးခြား သောသစ်သီးများ၊ လတ်ဆတ်သော တိုဟူးနှင့် အထူးသီးသန့် သက်သတ်လွတ် ပစ္စည်းများနှင့် မိခင်များနေ့ကဲ့သို့ အထူးအခါများအတွက် ပန်းစည်းများ ပြု လုပ် ရောင်းချခဲ့သည်။

"ဒါက ကျွန်မကို တကယ်ကို စိတ်လှုပ်ရှားစေတယ်" ဟု သူမကဆိုသည်။ "ကျွန်မ ရောင်း ပေးနေတဲ့ လူတွေကို ကူညီပေးနေပြီး တစ်ချိန်တည်းမှာ ကောင်းမွန်တဲ့ ရည်ရွယ် ချက် တစ်ခု အတွက် ငွေရှာပေးနေတာပါ။" ရင်းနှီးမြှုပ်နှံမှု စတင်ပြီးကတည်းက မာရီလင်း သည် ၁၃ ပတ် ဥပုသ်နေ့သာသနာပြုစီမံကိန်းများအတွက် သုံးလတစ်ကြိမ်လျှင် ဩစတြေး လျဒေါ်လာ ၃၀၀ မှ ၆၀၀ (အမေရိကန် ဒေါ်လာ နှစ်ရာ မှ လေးရာ) အထိ ရရှိခဲ့သည်။

သူမသည် ဘုရားကျောင်းအဖွဲ့ဝင်များအားလုံးကို ၁၃ ပတ်ဥပုသ်နေ့စီမံကိန်းများ အတွက် ရက်ရောစွာ ပေးကမ်းရန် အားပေးထားပြီး၊ အနည်းငယ်ပိုမိုပေးကမ်းရန် ရင်းနှီးမြှုပ်နှံမှု လိုအပ် လျှင်လည်း လုပ်ဆောင်ရန် တိုက်တွန်းထားသည်။

"ကျွန်မလုပ်ခဲ့သလို သင်္ကေတသဘောမျိုးသာ ပေးကမ်းတာထက် တစ်ခုခုကို ပိုလုပ် ဆောင်ဖို့ အခြားသူတွေကို လှုံ့ဆော်ပေးမယ်လို့ မျှော်လင့် ပါတယ်" ဟု ဆို၏။ "ဘုရားသခင်က ကျွန်မကို သူ၏ ကြီးမြတ်သော သစ္စာစောင့်သိမှုကို ကိုယ်တိုင်တွေ့ကြုံ ခံစား ခွင့်ပေးခဲ့တယ်။ ဒါကို ဘယ်လိုလုပ် မမျှဝေဘဲ နေချင်ပါ့မလဲ။"



ဤသုံးလပတ်အတွက် ၁၃ ပတ် ဥပုသ်နေ့ သာသနာပြု စီမံကိန်းများသည် မာရီလင်း ၏ မွေးရပ်နိုင်ငံ ဩစတြေးလျအပါဝင် တောင်ပစိဖိတ်ဒေသခွဲတွင် လုပ်ဆောင်လျက် ရှိ၏။ မတ်လ ၂၈ တွင် ရက်ရောသော အလှူငွေအတွက် ကျေးဇူးတင်ပါ၏။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဖိလိပ္ပိ ၄း၄

**လေ့လာမှုဦးတည်ချက်။** ရောမ ၈း၁၂-၃၉

ပေါလုသည် ဘုရားသခင်၏ကယ်တင်ခြင်းသတင်းစကားကို ပြန့်ပွားစေရာတွင် များစွာသော ဆင်းရဲဒုက္ခများကို ရင်ဆိုင်ခဲ့ရသည်။ ယေရှုမှလွဲ၍ ဧဝံဂေလိအတွက် ပေါလုကဲ့သို့ များစွာသော ဆင်းရဲဒုက္ခများကို ခံစားခဲ့ရသူ အနည်းငယ်သာရှိသည်။ သူ၏ ဒုက္ခများ စာရင်းကို ဂရုတစိုက်စဉ်းစားဆင်ခြင်ဖို့၊ သုံးသပ်ဖို့ တန်၏။ ဤဒုက္ခများတွင် အောက်ပါတို့ပါဝင်သည်—ဒုက္ခဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ငတ်မွတ်ခေါင်းပါးမှု၊ ဆာလောင်မှု၊ ရေငတ်မှု၊ အဝတ်အချည်းစည်းဖြစ်မှု၊ ဓားဖြင့်ရန်လုပ်မှု၊ ရိုက်နှက်မှု၊ အိုးအိမ်မဲ့ဖြစ်မှု၊ စော်ကားခံရမှု၊ ဆဲဆိုခံရမှု၊ စိတ်ရှုပ်ထွေးမှု၊ ဆင်းရဲမွဲတေမှု၊ ကြိမ်ဒဏ်ပေးခံရမှု၊ အဓိကရုဏ်းများ၊ အလုပ်ကြမ်းလုပ်မှု၊ အိပ်မပျော်မှု၊ အစာရှောင်မှု၊ ဆုံးမသတိပေးခံရမှု၊ နာကျင်မှု၊ ဆင်းရဲမှု၊ အရှက်ရမှု၊ ကျောက်ခဲနှင့်ပစ်ပေါက်ခံရမှု၊ သင်္ဘောပျက်မှု၊ ခရီးများစွာထွက်ခဲ့ရမှု၊ မြစ်များ၊ ဓားပြများ (သူ၏လူမျိုးနှင့် တပါးအမျိုးသားများထံမှ)၊ မြို့ တော၊ ပင်လယ်ပြင် အသက်အန္တရာယ် ရှိသော အခြေအနေများနှင့် ရင်ဆိုင်ခဲ့ရမှုများ စသည်တို့ပါဝင်သည်။ ပေါလု၏ ဆင်းရဲဒုက္ခများသည် သူ၏ အားနည်းချက်များနှင့် ချို့တဲ့မှုများကို ရင်ဆိုင်ရမှုနှင့် အသင်းတော်များကို ဂရုစိုက်ရသည့် စိန်ခေါ်မှုများမှလည်း ဆင်းသက်လာသည်။ သူ၏ ထောင်ကျမှုများကိုလည်း လျစ်လျူရှု၍မရ (ရော ၈း၃၅။ ၁ကော ၄း၁၁-၁၃။ ၂ကော ၄း၈၊ ၉။ ၂ကော ၆း၄၊ ၅၊ ၉၊ ၁၀။ ၂ကော ၁၁း၂၃-၂၉။ ၂ကော ၁၂း၁၀။ ဖေဖက် ၄း၁ တို့ကို နှိုင်းယှဉ်ပါ)။ ပေါလု၏ ဘဝသည် မလွယ်ကူခဲ့ချေ။

အထက်ဖော်ပြပါ ဒုက္ခစာရင်းတစ်ခုလုံးကို တစ်ချက်မျှမရပ်တန့်ဘဲ ဖတ်ရန်ပင် အသက်ပြင်းပြင်းရှူရ၏။ မကြာခဏဆိုသလို၊ ကျွန်ုပ်တို့သည် ဤထက်များစွာ သေးငယ်သော ကိစ္စများကြောင့်ပင် စိတ်ဓာတ်ကျတတ်ကြ၏။ သို့သော်၊ ပေါလု၏ ဒုက္ခစာရင်းသည် အထင်ကြီးစရာဖြစ်ပါလျှင်၊ သူ၏ မယိမ်းယိုင်သော ယုံကြည်ချက်သည် ပို၍ပင် အံ့သြစရာဖြစ်၏။ သူကဆိုသည်၊ "ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့် ငါတို့ကို ကွာစေမည်နည်း။ မကွာစေသည်သာမက၊ ငါတို့ကို ချစ်တော်မူသောသူ၏ ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ထိုအမှု ခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်မြင်ကြ၏။ (ရော ၈း၃၇)။

ဤသီတင်းပတ်၏ သင်ခန်းစာသည် အဓိကအကြောင်းအရာ နှစ်ခုကို အလေးပေး ဖော်ပြသည် —

၁။ ဧဝံဂေလိအတွက် ပေါလု၏ ဆင်းရဲဒုက္ခများ၊ အထူးသဖြင့် သူ၏ ထောင်ကျမှုများ။

၂။ အခက်အခဲဆုံးအခြေအနေတွင်ပင် ဧဝံဂေလိကို အကျိုးသက်ရောက်မှုရှိစွာ ဟောပြောရန် ပေါလု၏ နည်းဗျူဟာများ။

## အပိုင်း ၂။ အနက်ရှိုင်းကျွမ်း

### ဥပမာ

ဂျီကာတစ် ဂျုံးစ် (G. Curtis Jones) သည် ဆေးဘက်ဆိုင်ရာ သာသနာပြုဆရာ ဝီလဖရက် ဂရင်ဖဲလ် (Wilfred Grenfell) (၁၈၆၅–၁၉၄၀) ၏ ပုံပြင်တစ်ပုဒ်ကို ပြန်လည်ပြောပြ၏။ ခရစ်ယာန်သာသနာပြုလုပ်ငန်းတွင် အဘယ်ကြောင့် ဤမျှလောက်လုံးလုံးလျားလျား သစ္စာကတိပြုခဲ့တာလဲဟု မေးမြန်းခံရသောအခါ၊ ဂရင်ဖဲလ်က အောက်ပါဖြစ်ရပ်ဖြင့် ဖြေခဲ့သည်—

"ကျွန်တော်ဆေးရုံမှာ ဆရာဝန်အဖြစ်လုပ်ကိုင်နေတုန်းက တစ်ညမှာ အမျိုးသမီး တစ်ဦးကို ဆိုးရွားစွာ မီးလောင်ဒဏ်ရာနဲ့ ခေါ်ဆောင်လာခဲ့ကြပါတယ်။ ...သူ့ရဲ့ခင်ပွန်း သည် မူးပြီး သူ့အပေါ် မီးအိမ်တစ်လုံးကို ပစ်ပေါက်ခဲ့တယ်။ ရဲတွေကို ခေါ်ခဲ့ပြီး နောက်ဆုံးမှာ သူ့ခင်ပွန်းကို တစ်ဝက်မျှ သက်သာလာတဲ့အခါ ခေါ်ဆောင်လာခဲ့တယ်။ တရားသူကြီးက ကုတင်ပေါ်မှာ လှဲလျောင်းနေသော လူနာအား ဖြစ်ပျက်ခဲ့တာတွေကို ရဲများအား အတိအကျ ပြောပြဖို့ တိုက်တွန်းခဲ့တယ်။ သူမက မကြာမီ သေဆုံးတော့မှာဖြစ်တဲ့အတွက်ကြောင့် အမှန်တရားအားလုံးကို ပြောပြဖို့ အရေးကြီးကြောင်း သူက အလေးပေးပြောကြားခဲ့ပါတယ်။

"ထိုစိတ်ဆင်းရဲသူသည် သူမ၏ခင်ပွန်းကို မရင်ဆိုင်လိုသဖြင့် မျက်နှာကို တစ်ဖက်သို့ လှည့်နေခဲ့၏။ နောက်ဆုံးတွင် သူမ၏မျက်လုံးများသည် ခင်ပွန်း၏ သန်မာသော လက်များပေါ်သို့ ရောက်ရှိသွားပြီး၊ ထိုလက်များမှ လက်မောင်းများ၊ ပခုံးများကို ဖြတ်ကာ သူ၏ မျက်နှာဆီသို့ ရောက်ရှိသွားသည်။ ၎င်းတို့၏ မျက်လုံးများ ဆုံမိသည်။ သူမ၏ ဆင်းရဲဒုက္ခခံစားနေရသည့် အမူအရာသည် ခဏတာပျောက်ကွယ်သွားပြီး၊ နူးညံ့မှုနှင့် ချစ်ခြင်း မေတ္တာတို့က သူမ၏မျက်နှာကို အရောင်ဆိုးပေးခဲ့သည်။ သူမသည် တရားသူကြီးကို ကြည့်ပြီး အေးဆေးစွာ ပြောသည်၊ "ဆရာ၊ ဒါက မတော်တဆ မှုတစ်ခုသာဖြစ်ပါတယ်" ဟု ပြောပြီး ခေါင်းအုံးပေါ်သို့ ပြန်လှဲလျောင်းကာ သေဆုံးသွားခဲ့သည်။ ဂရင်ဖဲလ်က ထပ်လောင်းပြောသည်၊ ကြည့်သည်မှာ ဘုရားသခင်ကဲ့သို့ဖြစ်သည်၊ ဘုရားသခင်သည် ထိုသို့ဖြစ်သည်။ သူ၏ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏အပြစ်များကို ထိုးဖောက်မြင်သည်။" —Jones, *1000 Illustrations for Preaching and Teaching* (Nashville, TN: Broadman & Holman Publishers, 1986), p. 55.

ကာတစ် ဂျုံးစ်က ဤချစ်ခြင်းမေတ္တာကို "ဆင်းရဲခံသောချစ်ခြင်း" ဟု ဖော်ပြသည်။ ထိုအမျိုးသမီး၏ ပြုမူချက်ကို သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ (သူမ၏လုပ်ရပ်သည် မတိကျသည်ဟုပြင်းထန်စွာငြင်းခုံနိုင်သည်)၊ သို့သော် ထိုအချက်သည် အစွမ်းထက်သည်။ ဂရင်ဖဲလ်၏ ဖြစ်ရပ်တွင် အမျိုးသမီးပြသခဲ့သော ချစ်ခြင်းမေတ္တာနှင့်အလားတူ၊ ပေါလု၏ ချစ်ခြင်း မေတ္တာသည်လည်း ဆင်းရဲဒုက္ခများကို လက်ခံခဲ့သည်။

### ဆင်းရဲခံသောချစ်ခြင်း

ရောမ ၈း၃၅ တွင် ပေါလုသည် ခရစ်တော် သူ့အပေါ်နှင့် ကျွန်ုပ်တို့အားလုံးအပေါ် ချစ်ခြင်းမေတ္တာကို နက်ရှိုင်းစွာ ယုံကြည်ကြောင်း မေးခွန်းတစ်ခုဖြင့် ဖော်ပြသည်၊ "ခရစ်တော်၏ ချစ်ခြင်းမှ ကျွန်ုပ်တို့ကို မည်သူခွဲထုတ်နိုင်မည်နည်း။" မျှော်လင့်ထားသည့် အဖြေမှာ "မည်သူမျှ" ဖြစ်သည်။ အကယ်၍ ဘုရားသခင်သည် "မိမိ၏သားတော်ကိုပင် မနှမြောခဲ့" (ရောမ ၈း၃၂) ပါလျှင်၊ မည်သည့်ဒုက္ခမဆို ကျွန်ုပ်တို့ကို ခရစ်တော်၏ချစ်ခြင်းမှ ခွဲထုတ်နိုင်မည်လော။ ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို ပေးအပ်ခြင်းဖြင့် သူ၏ချစ်ခြင်းကို သက်သေပြခဲ့ပြီး၊ ထိုသားတော်နှင့်အတူ အရာအားလုံးကို ပေးအပ်ခဲ့သည် (ရောမ ၈း၃၂)။ ပေါလုသည် ဘုရားသခင်၏ချစ်ခြင်း၏ သက်သေ ထပ်လောင်းကို မလိုအပ်ခဲ့ပေ။ ကျွန်ုပ်တို့လည်း မလိုအပ်ပေ။

ပေါလုသည် ဘုရားသခင်၏ချစ်ခြင်းကို ဤမျှယုံကြည်သောကြောင့် ၎င်းကို ထပ်ခါတလဲလဲ ဖော်ပြခဲ့သည် (ရောမ ၈း၃၇၊ ၃၉)။ ချစ်ခြင်းကြောင့်၊ ယေရှုသည် ကျွန်ုပ်တို့အတွက် ဆင်းရဲဒုက္ခများနှင့် သေခြင်းကို ဆန္ဒအလျောက်ခံယူခဲ့သည် (ယော ၁၃း၁၊ ၃၄။ ယော ၁၅း၉၊ ၁၂)။ ထို့အတူ၊ ပေါလုသည်လည်း သူ့အတွက် ဆင်းရဲဒုက္ခများနှင့် သေခြင်းကို ခံယူရန် ဆန္ဒရှိခဲ့သည်။ တကယ်တော့၊ ကျွန်ုပ်တို့အတွက် ခရစ်တော်၏ ချစ်ခြင်းသည်သာ ဒုက္ခအခါများတွင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ထိန်းသိမ်းပေး နိုင်သည်။

ရောမ ၈း၃၅ တွင်၊ ပေါလုသည် သူ၏ဒုက္ခများကို ခုနစ်မျိုးပါဝင်သော စာရင်းတစ်ခုဖြင့် ဖော်ပြသည်—ဒုက္ခဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ငတ်မွတ်ခေါင်းပါးမှု၊ အဝတ်အချည်းစည်းဖြစ်မှု၊ အန္တရာယ်နှင့် ဓားဘေးတို့ဖြစ်ကြ၏။ ဤခုနစ်မျိုးသော ဒုက္ခများသည် ပေါလုခံစားခဲ့ရသည့် ဒုက္ခအားလုံး၏ ပြည့်စုံမှုကို ဖော်ပြရန် ဖြစ်နိုင်သည်။ ယခင် ဖော်ပြ ခဲ့သည့်အတိုင်း၊ ပေါလု၏ ဒုက္ခစာရင်းသည် ဤစာရင်းထက်များစွာပို၍ ကျယ်ပြန့်သည်။ ဤအချိန်အထိ၊ သူသည် ဤကျမ်းပိုဒ်တွင် ဖော်ပြထားသော ဒုက္ခများ အားလုံးကို ခံနိုင်ခဲ့ရပြီး၊ ခုနစ်ခုမြောက်ဖြစ်သော ဓားဘေးကိုဖြင့် အဆုံးသတ်၏။ ဓားဘေးသည် သူ၏ နောက်ဆုံး ဒုက္ခဖြစ်လာခဲ့ပြီး၊ ၎င်းကို ထူးကဲသောသတ္တိဖြင့် ရင်ဆိုင်ခဲ့သည်။ ခရစ်တော် အပေါ် သူ၏ မယိမ်းယိုင်သော ယုံကြည်မှုသည် သေခြင်းကို စိတ်ငြိမ်းချမ်းမှုဖြင့် ရင်ဆိုင်နိုင် စေခဲ့သည်။ သူ၏သေဆုံးမှုအချိန်တွင်၊ ပေါလုသည် "မသေချာမှုနှင့် ကြောက်ရွံ့မှုဖြင့် မဟုတ်ဘဲ၊ ဝမ်းမြောက်သောမျှော်လင့်ချက်နှင့် တောင့်တမှုဖြင့် ကြီးမြတ်သော တစ်ဖက် ကမ်းသို့ ကြည့်ရှုခဲ့သည်။ အာဇာနည်ဖြစ်မှုနေရာတွင် ရပ်နေစဉ်၊ သူသည် ကွပ်မျက်သူ၏ ဓားသွားနှင့် မကြာမီ သူ၏သွေးကိုလက်ခံမည့် မြေကြီးစိမ်းညို့ညို့ကို မမြင်ခဲ့ပေ။ သူသည် ထို နွေရာသီ၏ ငြိမ်သက်သော အပြာရောင်ကောင်းကင်ကို ဖြတ်ကာ ထာဝရဘုရား၏ ပလ္လင်သို့ ကြည့်ရှုခဲ့ သည်။ သူ၏စကားမှာ—အိုထာဝရဘုရား၊ ကိုယ်တော်သည် ကျွန်ုပ်၏ သက်သာခြင်းနှင့် ကျွန်ုပ်၏အပိုင်ဖြစ်တော်မူ၏။ မည်သည့်အခါ ကိုယ်တော်ကို ကျွန်ုပ်ဖက် ယှဉ်နိုင်မည်နည်း။ မည်သည့်အခါ ကိုယ်တော်ကို ကျွန်ုပ်ကိုယ်တိုင် မျက်နှာဖုံးမပါဘဲ မြင် တွေ့နိုင်မည်နည်း။"
—Ellen G. White, *The Story of Redemption*, pp. 317, 318.

ပေါလုက အကယ်၍ ကျွန်ုပ်တို့သည် ယေရှု၏ဆင်းရဲဒုက္ခများတွင် ပါဝင်ခံစားရပါက၊ သူနှင့်အတူ ဂုဏ်တင်ခံရမည်ဟု ယုံကြည်ခဲ့သည် (ရော ၈း၁၇)။ သူသည် ကောင်းသော တိုက်လှန်ပွဲကို တိုက်ခိုက်ခဲ့ပြီး၊ ပြိုင်ပွဲကို ပြီးဆုံးခဲ့ပြီး၊ ယုံကြည်ခြင်းကို ထိန်းသိမ်းခဲ့သည်။ ခရစ်တော်ပြန်လည်ကြွလာသောအခါ၊ ရှင်ပြန်ထမြောက်ခြင်းတွင် သူ့အား ဖြောင့်မတ်ခြင်း၏ သရဖူပေးအပ်မည်ကို သူသိခဲ့သည် (၁ကော ၁၅း၅၁ – ၅၅။ ၂တိ ၄း၇၊ ၈ ကိုကြည့်ပါ)။

## ဧဝံဂေလိဟောပြောရန် ပေါလု၏နည်းဗျူဟာများ

ပေါလုသည် ဧဝံဂေလိကို ဟောပြောရာတွင် ကြမ်းတမ်းသောအခြေအနေများတွင် ဖြစ်ပေါ်ခဲ့သောကြောင့်၊ သူ၏လုပ်ငန်း၏ အောင်မြင်မှုကို သေချာစေရန် ပညာရှိသော နည်း ဗျူဟာ များကို အသုံးပြုရန်လိုအပ်ခဲ့သည်။

ပထမဦးစွာ၊ ပေါလုသည် ဧဝံဂေလိသတင်းစကားကို ပိုမိုလွယ်ကူစွာ ပြန့်ပွားစေနိုင်ရန် ရေးဟောင်းကမ္ဘာ၏ အရေးပါသောမြို့များကို ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ခဲ့သည်။ ဥပမာအားဖြင့်၊ ကောရိန်သုမြို့ကို ၎င်း၏ အားသာချက်ရှိသော ပထဝီဝင်တည်နေရာ ကြောင့် ရွေးချယ်ခဲ့၏။ "ကောရိန်သုတွင် တည်ထောင်ပြီးသည်နှင့်၊ ၎င်းသည် ကမ္ဘာ့အစိတ် အပိုင်းအားလုံးသို့ လွယ်ကူစွာ ဆက်သွယ်ပြန့်ပွားနိုင်ခဲ့သည်။" —အဲလင် ဂျီ ဝိုက်၊ ပေါလု၏ ဘဝမှ ပုံစံများ၊ စာမျက်နှာ ၉၉။ ပေါလုသည် ဖိလိပ္ပိမြို့ကိုလည်း ၎င်း၏လမ်းကြောင်းပေါ် ရှိ "အထင်ကြီးလောက်သော မြို့ပြဗဟိုဌာနများထဲမှ တစ်ခုဖြစ်သောကြောင့်" အာရုံစိုက်ခဲ့သည်။ ... "အင်ပါယာ၏သမိုင်းတွင် ၎င်း၏မဟာဗျူဟာမြောက်အရေးပါမှုသည် ရောမမြို့သို့ ရောက်ရှိရန် ပြင်ဆင်နေသူတစ်ဦးအတွက် သဘာဝကျသော ဧဝံဂေလိဟောပြောမှု ခြေလှမ်း တစ်ခု ဖြစ်စေခဲ့သည်။" — Craig S. Keener, *Acts: An Exegetical Commentary*, vol. 3 (Grand Rapids, MI: Baker Academic, 2014), pp. 2380, 2381. ထိုနည်းတူ၊ ဧဖက်မြို့သည် ပေါလု၏ခေတ်တွင် လူဦးရေ ၂၅၀၀၀၀ ခန့်ရှိသော ရောမ အင်ပါယာ၏ အကြီးဆုံးမြို့များထဲမှ တစ်ခုဖြစ်သည်။

ဒုတိယအနေဖြင့်၊ ပေါလုသည် ဧဝံဂေလိဟောပြောရေးသာသနာအတွက် လူများကို လေ့ကျင့်ပေးရန် အချိန်ကိုရင်းနှီးမြှုပ်နှံခဲ့သည်။ တကယ်တော့၊ သူသည် "ဧဝံဂေလိ သာသနာ အတွက် လူငယ်များကို ပညာသင်ကြားပေးရန် သူ၏လုပ်ငန်း၏ တစ်စိတ် တစ်ပိုင်း အဖြစ် ပြုလုပ်ခဲ့၏။ သူသည် ၎င်းတို့ကို သာသနာပြုခရီးများတွင် ခေါ်ဆောင်သွားခဲ့ သောကြောင့် ၎င်းတို့သည် နောက်ပိုင်းတွင် တာဝန်ယူရသည့်ရာထူးများကို ဖြည့်ဆည်း နိုင်ရန် အတွေ့အကြုံ များရရှိခဲ့သည်။ ၎င်းတို့နှင့် ခွဲခွာနေရသောအခါ၊ သူသည် ၎င်းတို့၏ လုပ်ငန်းနှင့် ဆက်သွယ် ထိန်းသိမ်းခဲ့ပြီး၊ တိမောသေနှင့် တိတုထံသို့ ရေးသောစာများသည် ၎င်းတို့၏အောင်မြင်မှုအတွက် သူ၏ဆန္ဒမည်မျှ နက်ရှိုင်းကြောင်း သက်သေဖြစ်သည်။" —အဲလင် ဂျီဝိုက်၊ ဧဝံဂေလိ ဟောပြောသူများ၊ စာမျက်နှာ ၁၀၂။ တိမောသေနှင့်ပတ်သက်၍၊ ပေါလုသည် သူ့ကို လုပ်ဖော်ကိုင်ဖက်တစ်ဦးသာမက၊ ပူးတွဲရေးသားသူအဖြစ်လည်း ယူခဲ့သည် (၂ကော ၁း၁။ ဖိ ၁း၁။ ကော ၁း၁။ ၁သက် ၁း၁။ ၂သက် ၁း၁ နှင့် ဖိလိ ၁း၁ ကိုကြည့်ပါ)။

တတိယအနေဖြင့်၊ ပေါလုသည် "ယုဒလူများသို့ဦးစွာ" ဟူသောချဉ်းကပ်မှုကို လိုက်နာခဲ့သည် (တ ၁၃း၄၆။ ရော ၁း၁၆)၊ ယေရှုက ပြတ်သားစွာ မှာထားခဲ့သည့်အတိုင်း (လု ၂၄း၄၇။ တ ၁း၈။ တ ၃း၂၅၊ ၂၆)။ ဤချဉ်းကပ်မှုသည် ပေါလုသည် မြို့သစ်တစ်ခုတွင် သာသနာပြု လုပ်ငန်းများကို စတင်ရာတွင် ယုဒ ဘုရားကျောင်းတွင် စတင်ခဲ့သည့် အကြောင်းကို ရှင်းပြသည် (တ ၉း၂၀။ တ ၁၃း၅၊ ၁၄၊ ၄၆။ တ ၁၄း၁။ တ ၁၇း၁၊ ၂၊ ၁၇။ တ ၁၈း၄)။ တပည့်တော်များ၏လုပ်ငန်းသည် ယေရုဆလင်မြို့တွင် စတင်သင့်သည်ဟူသော ညွှန်ကြားချက်ကို သုံးသပ်ရင်း၊ အဲလင်ဂျီဝှိုက်က ဤသို့ပြောသည်၊ "ဘုရားသခင်၏ လူများကို မည်သည့်နေရာတွင်ထားရှိသည်ဖြစ်စေ—လူ စည်ကားသောမြို့များ၊ ရွာများ၊ သို့မဟုတ် ကျေးလက်လမ်းဘေးများတွင်ဖြစ်စေ—အိမ်တွင်း သာသနာပြုလုပ်ငန်းနယ်ပယ်ရှိသည်။ … ပထမဦးစွာ မိသားစုအတွင်း၌ လုပ်ငန်းဖြစ်သည်။ ထို့နောက် ၎င်းတို့သည် ၎င်းတို့၏ အိမ်နီးချင်းများကို ခရစ်တော်ထံသို့ ဆွဲဆောင်ရန်နှင့် ဤခေတ်၏ ကြီးမြတ်သော အမှန်တရား များကို ၎င်းတို့ရှေ့တွင် ယူဆောင်လာရန် ကြိုးစား သင့်သည်။"—*Advent Review and Sabbath Herald*, May 22, 1888.

စတုတ္ထအနေဖြင့်၊ ပေါလုသည်အသင်းတော်များနှင့် ပုံမှန်ဆက်သွယ်မှုကိုစာများပေးပို့ခြင်းဖြင့် ထိန်းသိမ်းခဲ့သည်။ "အသင်းတော်များအားလုံးအတွက် နက်ရှိုင်းသောစိုးရိမ်မှု" (၂ကော ၁၁း၂၈) ကြောင့်၊ သူသည် သူဟောပြောခဲ့သော မြို့များရှိ ယုံကြည်သူသစ်များနှင့် ကြာရှည် နေထိုင်နိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့်၊ သူသည် အသင်းတော်များနှင့် ဆက်သွယ် ထိန်းသိမ်းရန်နှင့် ၎င်းတို့အား ညွှန်ကြားချက်များပေးရန် စာများကို အသုံးပြုခဲ့သည်။ စာများသည် သူ၏ ရုပ်ပိုင်းဆိုင်ရာ မရှိနေမှုကြောင့် ဖြစ်ပေါ်လာသော လစ်ဟာမှုကို ဖြည့်ဆည်းရန်လည်း အထောက်အကူဖြစ်ခဲ့သည် (၁ကော ၅း၃။ ဖိလိပ္ပိ ၂း၁၂)။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

အောက်ပါ အကြောင်းအရာများကို ဆင်ခြင်သုံးသပ်ပါ။ ထို့နောက် သင်တန်းသားများအား အောက်ပါ မေးခွန်းများကို ဖြေဆိုရန် တောင်းဆိုပါ။

ဧဝံဂေလိဟောပြောခြင်းသည် ခရစ်ယာန်များစွာအတွက် စိန်ခေါ်မှုဖြစ်နိုင်သည်၊ အထူးသဖြင့် လူ့အဖွဲ့အစည်းစံနှုန်းများသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသောအခါတွင်ဖြစ်သည်။ ရာစုနှစ်များတစ်လျှောက်၊ မရေမတွက်နိုင်သော လူများသည် ၎င်းတို့၏သာသနာပြုလုပ်ငန်းကို ဖြည့်ဆည်းရာတွင် ဆင်းရဲဒုက္ခများ၊ သေဆုံးမှုများ ပင်ရင်ဆိုင်ခဲ့ရသည်။ ဤအမှန်တရားသည် ခရစ်ယာန်သာသနာပြုလုပ်ငန်း၏ အစောပိုင်းနေ့ရက်များတွင် မှန်ကန်ခဲ့ပြီး၊ ၎င်း၏အဆုံးသတ်တွင်လည်း ထို့အတူဖြစ်နေလိမ့်အုံးမည် (ဗျာ ၁၄း၁၃)။ ကျွန်ုပ်တို့သည် သာသနာပြုလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ပြီး ၎င်းနှင့်အတူ ပါလာသော ဆင်းရဲ ဒုက္ခများကို ခံစားရသောအခါ၊ ကျွန်ုပ်တို့ကို ထိန်းသိမ်းပေး နိုင်သည့် တစ်ခုတည်းသောအင်အားမှာ ခရစ်တော်၏ချစ်ခြင်းဖြစ်သည်။

ခရစ်ယာန်အများစုသည် ခရစ်တော်နောက်ကို လိုက်လျှင်ရှိမည့်အန္တရာယ်များကို သဘောပေါက်ကြ၏၊ သို့သော် ကျွန်ုပ်တို့သည် "သို့ဖြစ်လျှင် သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလော့" (မဿဲ ၂၈း၁၉) ဟူသော တာဝန်ကို ဖြည့်ဆည်းရန် အဓိက အရေးကြီးမှုကိုလည်း နားလည်ရမည်။ ဤလုပ်ငန်းသည် ပင်ပန်းကြမ်းတမ်းသော်လည်း၊ ကျွန်ုပ်တို့သည် ဘုရားသခင် ၏လမ်းညွှန်မှုကို ခြေလှမ်းတိုင်းတွင် ယုံကြည်သည်။ ၎င်းသည် ပုံစံမျိုးစုံဖြင့် အသက်အန္တရာယ် ဖြစ်ပေါ်နိုင်သော်လည်း၊ ဤလုပ်ငန်းသည် အကျိုးကိုခံစားရမည်။ ယေရှုကဤသို့ဆိုသည်၊ "သေသည်တိုင်အောင် သစ္စာစောင့်လော့၊ သို့ပြုလျှင် အသက်သရဖူကို ငါပေးမည်" (ဗျာ ၂း၁၀)။

သူ၏သာသနာပြုလုပ်ငန်းတွင်၊ ပေါလုသည် ၎င်း၏ထိရောက်မှုကို သေချာစေရန် နည်းဗျူဟာမျိုးစုံကို အသုံးပြုခဲ့သည်—(၁) ဧဝံဂေလိသတင်းစကားကို ပိုမိုလွယ်ကူစွာ ပြန့်ပွားစေနိုင်ရန် အရေးပါသောမြို့များကို ထောက်ကူပေးသည့် ထောက်တိုင်များ အဖြစ် ရွေးချယ်ခဲ့သည်။ (၂) သူသည် အခြားသူများကို လေ့ကျင့်ပေးရန် အချိန်ရင်းနှီးမြှုပ်နှံခဲ့သည်။ (၃) သူသည် သူနှင့်နီးစပ်သူများကို ဦးစွာရောက်ရှိရန် ဦးစားပေးခဲ့သည်။ (၄) သူသည် သူသနာပြုထားသူများနှင့် အဆက်မပြတ်ဆက်သွယ်ထားခဲ့သည်။ ကျွန်ုပ်တို့သည် ဤနည်းဗျူဟာများအားလုံးကို ကျွန်ုပ်တို့၏သာသနာပြုလုပ်ငန်းများတွင် ပေါင်းစည်း သင့်သည်။ သို့သော်၊ ပေါလု၏ နည်းဗျူဟာများသည် အရေးကြီးသော်လည်း၊ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်၏ အခန်းကဏ္ဍကို ဘယ်သောအခါမှ အစားထိုးမရနိုင် ကြောင်း သိခဲ့သည် (၁ကော ၁၂း၁-၁၁။ ဖေက် ၄း၁-၆)။ ဤအရေးကြီးသောအချက်ကို ဘယ်သောအခါမှ မမေ့ရ။

**မေးခွန်းများ -**

**၁။ ဧဝံဂေလိဟောပြောရာတွင် သင်ရင်ဆိုင်ခဲ့ရသော စိန်ခေါ်မှုအချို့မှာ အဘယ်နည်း။**

____________________________________________

____________________________________________

____________________________________________

**၂။ အထက်တွင်ဖော်ပြထားသော ပေါလု၏ သာသနာပြုနည်းဗျူဟာလေးခုကို သင်မည်ကဲ့သို့ အသုံးပြုခဲ့ပြီး၊ ရလဒ်များမှာ အဘယ်နည်း။**

____________________________________________

____________________________________________

____________________________________________

## သင်ခန်းစာ - ၂

*ဇန်နဝါရီ ၃-၉

# ကျေးဇူးတော်ချီးမွမ်းခြင်း နှင့် ဆုတောင်းခြင်းအတွက် အကြောင်းအမျိုးမျိုး



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဖိ ၁း၁ - ၁၈၊ ၁ကော ၁၃း၁ - ၈၊ ယေရမိ ၁၇၊၉၊ ကော၊၁း၁ - ၁၂၊ ၁ပေ ၁း၄၊ ဆာ ၁၁၉း၁၀၅၊ ဟေရှာ ၃၀း၂၁။

**အလွတ်ကျမ်းချက်။** **"သင်တို့တွင် ကောင်းသောအမှုကို ပြုစပြုတော်မူသောသူသည်၊ ယေရှုခရစ်၏ နေ့ရက်တိုင်အောင် ပြီးစီးလျက်ပြုတော်မူမည်ဟုငါသဘောကျ၏။"** (ဖိလိပ္ပိ ၁း၆)

ရှင်ပေါလုသည် ဩဝါဒစာတိုများ ရေးသားပေးပို့ရာတွင် ကြိုဆိုနှုတ်ဆက်စကားများနှင့် ကျေးဇူးတင်စကားများ ထည့်သွင်းလေ့ရှိသည်။ "သခင်ယေရှုခရစ်နှင့် ငါတို့အဘဘုရား သခင်ထံမှ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေသော။ ငါတို့သခင်ယေရှု ခရစ် ၏ ခမည်းတော် ဘုရားသခင်၏ ကျေးဇူးတော် ကို ချီးမွမ်းကြ၏" (ကော ၁း၂၊၃)။

ရှင်ပေါလုကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း ကျေးဇူးတင်ရန် များစွာရှိ၏။ ကျွန်ုပ်တို့သည် ထာဝရဘုရား၏ ကျေးဇူးတော်အား သိမ်မွေ့နက်နဲစွာ ခံစားခဲ့ရသည် ဖြစ်ရာ ကောင်းကင်တမန်များကပင် တွေးဆမရ လောက်အောင်ပင် ဖြစ်ခဲ့သည်။ အလားတူ ထာဝရဘုရား၏ ကျေးဇူးတော်ကလည်း ထာဝရဘုရားနှင့်၎င်း၊ သူ၏ မေတ္တာတော်မှ စီးဆင်းလာသောမြော်လင့်ခြင်းနှင့်၎င်းကျွန်ုပ်တို့ကို သဟဇာတဖြစ်စေသည်။

လူသားတို့၏ လက်ရည်အားဖြင့် သူတစ်ပါးတို့အား လက်ခံကြိုဆိုကာ သူတို့အတွက် ကျွန်ုပ်တို့ပြုထားသောအရာများကို လည်းသူတို့မှ လက်ခံကြိုဆိုရန် မျှော်နေရုံသာ ဖြစ်၏။ မိဘတို့သည်လည်း သားသမီးတို့သည် ထာဝရဘုရားအားချစ်၍ ကျေးဇူးတင်တတ်ရန် ဆုတောင်းရမည်။ ယခုမဟုတ်သည်တိုင် နောင်တစ်ချိန်တွင် သူတို့သည် မိမိတို့သားသမီးတို့ကို အကောင်းဆုံးသွန်သင်ပြုစုကာ ကြီးပြင်းလာစေနိုင်သည်။ လူသား အနေဖြင့် ကျွန်ုပ်တို့သည် အမှားပြုမိသော်လည်း ၎င်းတို့မှ ပညာရရှိနိုင်ပါသည်။

ယခုအပတ်တွင် ကျွန်ုပ်တို့၏ ဆုတောင်းသော အသက်တာအား ခွန်အားဖြစ်စေနိုင်သော ရှင်ပေါလု၏ ကျေးဇူးတင်စကားချီးတို့မှအစ ဆုတောင်းခြင်းတို့အကြောင်း ဖိလိပ္ပိ နှင့် ကောလောသဲတွင် သင်ရပါမည်။

*ဇန်နဝါရီ ၁၀ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

**တနင်္ဂနွေနေ့** ဇန်နဝါရီ ၄

# ဧဝံဂေလိသတင်း၌မိတ်သဟာယဖွဲ့ခြင်း

**ဖတ်ပါ – ဖိလိပ္ပိ ၁း၃–၈။ ရှင်ပေါလုသည်မည်သည့်အတွက် ကျေးဇူးတော်ချီးမွမ်းသနည်း။ ဖိလိပ္ပိတို့၏ မည်သည့်သံသယကိုပပျောက်စေ၍မည်သို့အရေးကြီးသနည်း။**

ရှင်ပေါလုသည် ဖိလိပ္ပိတွင် အသင်းတော်တည်ထောင်ခဲ့သဖြင့် သူ၏ဩဝါဒစာတွင် နွေးထွေးသော ခရစ်ယာန်မိတ်သဟာယအကြောင်းပြန့်နှံ့သည်ကို မြင်တွေ့ရသည်။ ရှင်ပေါလုသည်အချုပ်ကျရာတွင် မိုင်ရာချီဝေးကွာနေသော အသင်းတော်နှင့်ယုံကြည်သူတို့အား မိမိ၏နှလုံးသားတွင် ပွေ့ပိုက်ထားသည်။ "ယေရှုခရစ်တော်၏ မေတ္တာကရုဏာ၌ သူတို့အားလွမ်းဆွတ်၍ (ဖိ ၁း၈) သူတို့အတွက် ထာဝရဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းသည်။ ရှင်ပေါလု၏ ကျေးဇူးတော်ချီးမွမ်းခြင်းသည် ကောင်းကင်တွင် ကျွန်ုပ်တို့အတွက် ယေရှု၏ကြားဝင်ဆုတောင်းပေးခြင်းအား ရိပ်ကနဲ ပြသခြင်းဖြစ်၏။

ယဇ်ပုရောဟိတ်မင်းကြီး၏ ဗျာဒိတ်ရင်ဖုံးတွင်ရှိသော ကျောက်သန် ၁၂ လုံးတို့သည် ဣသရေလအမျိုး ၁၂ နွယ်တို့အား ပုံဆောင်သည်။ ထိုသို့ကြားဝင်ချိန် ကာလတွင် လူသားတို့သည် "သူ့နှလုံးအပေါ်တွင်" ရှိရပေမည် (ထွက် ၂၈း၂၉)။ ဤသည် ထက်သာလွန်စွာ ကောင်းကင်၏ ယဇ်ပုရောဟိတ်မင်းကြီး ယေရှုသည် ခမည်းတော်၏ ရှေ့မှောက်တွင် သူ့လူမျိုးနွယ်တို့၏ နာမများကိုပွေ့ပိုက်ထားသည်။

ဖိလိပ္ပိ ၁း၃ တွင် ရှင်ပေါလုနှင့် ဖိလိပ္ပိလူတို့၏ ရင်းနှီးသော မိတ်သဟာယအား အသိအမှတ်ပြုရာတွင် အနက်ဒွိဟဖြစ်စေသည်။ ရှင်ပေါလုသည် ဆုတောင်းသောအခါ သူတို့အား အောက်မေ့သည်ဟု အနက်ပြန်လေ့ရှိကြ၏။ တစ်ချို့နေရာတွင် အပြန်အလှန် ရင်းနှီးကြသည်ဟုအသိအမှတ်ပြုထားရာ၊ မိတ်သဟာယစကား (*kononia*) အား လည်းအရေးပေးထား၏။ ရှင်ပေါလုသည် ခရစ်တော်၏ ဆင်းရဲဒုက္ခများနှင့် မိတ်သဟာယပြုသည်နည်းတူ (ဖိ ၃း၁၀) ဖိလိပ္ပိလူတို့သည်လည်း ရှင်ပေါလု၏ ဆင်းရဲဒုက္ခများကိုပင် "မျှဝေခံစားခြင်း" (*sunkoinōneō*) အနေဖြင့် ရှင်ပေါလု၏ သာသနာ့ခရီးစဉ်အတွက် ငွေကြေးမျှဝေထောက်ပံ့ကြ၏ (ဖိ ၄း၁၄၊ ၁၅)။ ဤသို့အပြန်အလှန်ပြုခြင်း သည်လည်း "ရှေးဦးစွာသော နေ့ရက်မှစ၍ ယခုတိုင်အောင်" (ဖိ ၁း၅) ဖြစ်၍၊ "ဝမ်းမြောက် သောစိတ် နှင့်" (ဖိ ၁း၄) ထာဝရဘုရားအား ကျေးဇူးတင်ကာ ၎င်းတို့အတွက်ပါ ဆုတောင်းပေးရန် လမ်းပွင့်စေ၏။

ရှင်ပေါလုသည် မိမိတုတ်နှောင်ခံရကာ အကျဉ်းကျခြင်းကိုပင် အပြုဆောင်စေကာ "ဧဝံဂေလိတရားဘက်၌ သက်သေခံ၍ ထိုတရားကိုတည်စေ" (ဖိ ၁း၇) သည်ဟုပင် ဆို၏။ ဤသို့ဥပဒေအသုံးအနှုန်းနှစ်ခုဖြင့် သူအားစစ်ဆေးလုဆဲဆဲဖြစ်သည်ကို ခန့်မှန်းထားရသော်လည်း ပေါလုသည် စစ်သည်များ၊ ဧည့်သည်များတို့နှင့်အတူ ဧဝံဂေလိ တရားနှင့်ပင် ထိတွေ့ဆက်ဆံနေကြပါသည်။ တိုက်ခိုက်မှုများအား ကာကွယ်နေရင်း (*apologia*) ၎င်းတို့သည် ထာဝရသစ္စာတရားများ ဖြစ်ကြောင်း တည်မြဲစေရန်လည်း လိုအပ်နေသေး၏။ ရှင်ပေါလုသည် မိမိ၏အနာဂတ်အား အမှုထားခြင်းကို လျှော့ပေါ့ကာ ဧဝံဂေလိတရား၏ အောင်မြင်ခြင်းကိုအမှုထား၏။ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ "ကောင်းသောအမှု" (ဖိ ၁း၆) ကို ပြုစပြုတော်မူသော ထာဝရဘုရားအား ယုံကြည်အားကိုး၏။

**ထို 'ကောင်းသောအမှု' ကို ထာဝရဘုရားသည် သင်၌ပြုနေသည့်ကတိတော်အား သင်မည်သို့သဘောပေါက်သနည်း (ဖိ ၁း၆)၊ မည်သို့အနက်ရှိသနည်း။ ဒုတိယကြိမ်မကြွလာမီ ဤအလုပ်ပြီးဆုံးနိုင်မည်လား။**

## ပေါလုဆုတောင်းရာ၌တောင်းဆိုသောအချက်များ

လွန်ခဲ့သော နှစ်အနည်းငယ်တွင် အမှုတော်ဆောင်တစ်ဦးသည် ဆုတောင်းရာ တွင် ငါ၊ ငါ၊ ငါနှင့် ငါလိုအပ်သောအရာ၊ ငါလိုချင်သောအရာတို့၏ အကြောင်း ဟော ပြော ခဲ့သည်။ ထာဝရဘုရားသည် ဤသည်တို့ ထက်ကြီးသော အမှုများကို စိတ်သိမ်းထား သည်ဆို၍၊ ၎င်းတို့အား "သေးငယ်သောအတ္တနော့ဆုတောင်းခြင်း" ဟု အချက်ကျကျ ဝိသေသဆောင်စေသည်။

**ဖတ်ပါ – ဖိလိပ္ပိ ၁း ၉ – ၁၁ တွင် ပေါလု၏ ဆုတောင်းခြင်းကို ဖတ်ပါ။ မည်သည်ကို ဖတ်ပြီး၍ မည်သည့်ကြီးမား သောအရာများတောင်းဆိုသနည်း။ ၎င်းသည် ဆုတောင်းခြင်းအကြောင်းမည်သို့သွန်သင်သနည်း။**

ဤဆုတောင်းခြင်းသည် ဂရိစာဖြင့် စာလုံး လေးဆယ်သုံးလုံးသာ ဖြစ်သော်လည်း၊ ကျန်ရှိသော ဩဝါဒတွင် သူ၏ စိုးရိမ်မှုများအားလုံးမေတ္တာ၊ ပညာ၊ ပိုင်းခြားသိမြင်ခြင်း၊ စိတ်ရင်းမှန်ကန်ခြင်း၊ ပြစ်မှုကင်းစင်ခြင်း နှင့် ယေရှုခရစ်တော်၌ ဖြောင့်မတ်ခြင်းတို့အား ခြုံငုံစေနိုင်လေသည်။ ဤဆုတောင်းခြင်းကို အရင်းခံ၍ ပေါလုသည် အသင်းတော် တစ် ခုလုံးအတွက် အရင်ဦးဖော်ပြထားသော ကျေးဇူးတော်ချီးမွမ်းခြင်းကို ပြုခဲ့သည်။ ပေါလု ၏ ဆုတောင်းခြင်းသည် အသင်းတော်တစ်ခုလုံး၏ ကောင်းစားရေးကို ရှေးရှုလျက် သူ တစ်ပါးအား ဗဟိုပြုခြင်းဖြင့် တောင်းလျှောက်သည်။ သူ၏ဆုတောင်းချက် တစ်ချို့တို့ အား အနီးကပ်တစ်ခုစီ လေ့လာကြစို့။

မေတ္တာပါရမီတိုးပွါးခြင်း။ ရှင်ပေါလု ဆုတောင်းခြင်းသည် သာ၍ မေတ္တာရှိရန် မဟုတ်ဘဲ၊ မေတ္တာသည် "ဉာဏ် ပညာအမျိုးမျိုးရှိလျက်" (ဖိ ၁း၉) တိကျသော ဦးတည် ချက်သို့ ပို့ဆောင်သည်။ ဉာဏ်ပညာဟူသည် အသိအတတ်ဉာဏ်ပင်မဟုတ်၊ ထာဝရ ဘုရားနှင့် မိဿဟာယပြုခြင်း၊ နှုတ်ကပတ်တော်ဖတ်ရှုခြင်းဖြင့်သာရရှိနိုင်သော ဝိညာဉ် ရေးရာ ဉာဏ်ပညာသာကိုသာ တောင်း သည် (ဧ ၁း၁၇။ ၄း၁၃။ ၁တိ ၂း၄)။

ပိုင်းခြားသိမြင်ခြင်း။ ပေါလုသည် ဤစာသားအား "ပြည့်စုံလင်ခြင်း" ဟုဆိုသည်။ (ကိုယ်ကျင့်တရားအတွက် အန္တရယ်များသောအရာများကို ပိုင်းခြားသိမြင်ခြင်း) အနာ အဆာ ကင်းလျက် စင်ကြယ်ခြင်း" (ဖိ ၁း၁၀) ရှိရမည်။

စိတ်ကြည်ဖြူလျှက်။ ဂရိဘာသာတွင် "နေရောင်ခြည်ဖြင့်စီရင်ခံရသူ" အနက်ရှိ၍ မသိုးမသန့်သော လုပ်ရပ်များကင်းစင်ခြင်း။ "ခရစ်ယာန်တို့ပြုသမျှအရာတို့သည် နေ ရာင်ခြည်ကဲ့သို့ ပွင့်းလင်းမြင်သာရပါမည်။"—E.G.White, *Reflecting Christ*, p. 71.

တိန်းလဲခြင်းအမှုနှင့်ကင်း။ ဤစာသားသည် ထိမိလဲစရာတုံးကိုမဆိုလိုပါ။ ယုံ ကြည် ရမည်အကြောင်း တစ်စုံတစ်ဦးသည် မိမိမနိုင် ခက်ခဲသောအရာအား ပြုခြင်းကို မဆိုလိုပါ။

ခရစ်တော်၌ဖြောင့်မတ်ခြင်း။ ဤအချက်နှင့်ပတ်သက်၍ ရှင်ပေါလုသည် ရောမဩဝါဒ နှင့် ဂလာတိဩဝါဒ တို့တွင် တာရှည်စွာအချိန်ပေးထားပြီးနောက် ဖိလိပ္ပိ ၃ တွင်ပင် နယ်ချဲ့ထား သေးသည်။ ကျွန်ုပ်တို့သည် မိမိတို့၏ မူပိုင်ဖြောင့်မတ်ခြင်း မရှိဘဲ ခရစ် တော် ထံမှ ရရှိသော အရာသာလျှင်ရှိသည်။

**ကျွန်ုပ်တို့မည်သည့်အရာပင်ပြုနေပါစေကျွန်ုပ်တို့၏မေတ္တာအားမည်သို့ 'ပြည့်စုံစေ' မည်နည်း** (ဖိ ၁း၉)။ **၎င်းသည် ခရစ်ယာန်အသက်တာတွင် အဘယ်ကြောင့် အရေးကြီး နိုင်သနည်း**(၁ ကော ၁၃း၁– ၈)။

**အင်္ဂါနေ့** ဇန်နဝါရီ ၆

## ဝိညာဉ်ရေးသိမြင်ပိုင်းခြားခြင်းလက်တွေ့အသုံးချခြင်း

ရှင်ပေါလုအကျဉ်းကျသည်ကို ကြားရသော ဖိလိပ္ပိလူတို့သည် လွန်စွာဝမ်းနည်းပူဆွေးကြ၏။ ယခုတွင် သူ့လုပ်ငန်းသည် လွန်စွာကျဉ်းကြပ်သွားသည်။ ခရီးသွား၍ မရတော့ချေ။ တရားလည်းမဟောရတော့ပါ။ ဗိမာန် တော်သို့ သွားရောက်ကာ ယေရှုသည် မေရှိယဖြစ်ကြောင်း လူတို့အား မဟောရတော့ချေ။ သူသည် အသင်းတော် တွေကိုလည်း မတည်ထောင်ရတော့ပါ။ ရှင်ပေါလု၏အခြေအနေကို သေချာသိရှိရန်၊ သူ့ကိုလည်း အားပေး တိုက်တွန်းရန်နှင့် သူ၏ ကိုယ်ရေးကိုယ်တာ လိုအပ်သည့်အရာများအားလုံးကို ဆောင်ရွက်ပေးနိုင်ရန် ဖိလိပ္ပိ လူတို့သည် ဧပဖြောဒိတ်ကို စေလွှတ်ကြ၏။

**ဖတ်ပါ – ဖိလိပ္ပိ ၁း၁၂ – ၁၈။ ရှင်ပေါလုသည် သူ့အကျဉ်းကျသည်ကို မည်သို့ရှုမြင်သနည်း။ သူတကယ် ဖြစ်ခြင်းကိုဘေးဖယ်ထားလိုက်ပါက မည်သည့်သင်ခန်းစာရနိုင်မည်နည်း။**

ရှင်ပေါလုမှပြန်ပေးပို့သော သတင်းအားဖြင့် ဖိလိပ္ပိလူတို့ အံ့အားသင့်ကြရသည်။ သူ၏အခြေအနေကိုမတူညီသော အမြင်ရှိ၏။ သူအကျဉ်းကျခြင်းကို သူ၏ ဝိညာဉ်ရေးပိုင်းခြားခြင်းစိတ်သည်အကောင်းဖက်သို့သာ မြင်စေသည်။ အမှုတော်အား လုံးဝမတားဆီးနိုင်ဘဲ "ဧဝံဂေလိအမှုကို မမြစ်တားသည် သာမက ပြုစုရာဖြစ်သည်" (ဖိ ၁း၁၂)။ သူတစ်ပါးတို့သည် သံကြိုးနှင့်သံတိုင်များကိုသာ မြင်နေကြချိန်တွင် ပေါလုသည် ရောမစစ်သည် အကြပ်ကိုပင် ထာဝရဘုရား၏နိုင်ငံတော်အတွက် ဝိညာဉ်တပ်လုံးဖြစ်နိုင်ခြင်းကို မြင်တွေ့သည်။ သူအကျဉ်းကျရခြင်းသည် ဖြစ်လာမည့်အကျိုးဆက်တို့ကိုပင် မကြောက်မရွံ့ဘဲ ခရစ်တော် အတွက် သူတစ်ပါး တို့အား ဧဝံဂေလိတရားအတွက် ပိုမိုလှုပ်ရှားစေသည်ကို သူမြင် တွေ့ရသည်။

စဉ်းစားရအတော်ခက်သော်လည်း တစ်ချို့တို့သည် ပေါလုအကျဉ်းကျခြင်းသည် ကောင်းကျိုးပြုနိုင် သည်ဟုပင် ဆိုကြသေး၏။ ရှင်ပေါလု၏ အနာဂတ် မရေရာခြင်းကြောင့် သူတို့သည် မိမိကိုယ်ကိုဆက်ကပ်လာ ကြရာမှ ဧဝံဂေလိတရားကိုပင် ဟောပြောကြ၏။ လွန်စွာတန်ခိုးပါသော်လည်း ဝမ်းနည်းဘွယ်ပုံ သက်သေပင် အသင်းတော်ထဲတွင် ဖြစ်ပျက်နေလေသည်။ ရှင်ပေါလုမတိုင်မီ ရှေးပဝီသဏ်ကပင် ယေရမိသည် "စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက်စဉ်းလဲတတ်၏။ အလွန်ယို ယွင်းသောသဘောရှိ၏။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း" (ယေရမိ ၁၇း၉)။

ကံကောင်းထောက်မစွာဖြင့် သစ္စာရှိသော အမှုဆောင်တစ်ချို့တို့သည် ဧဝံဂေလိတရားပြန့်စေရန် ပိုမိုရဲရင့်လာကြသည်။ ပေါလုအားအလွန်ချစ်ကြသဖြင့် သူခံစားရသော ဆင်းရဲဒုက္ခတွင် မိမိယုံကြည်ခြင်းတွင် ကြံ့ကြံ့ခံခဲ့သည်ကို မြင်ရသူတို့သည် ခရစ်တော်အတွက် သာ၍သတ္တိရှိလာကြကာ ကိုယ်တော်အတွက် ပိုမို၍ လှုပ်ရှားလာကြလေ၏။ လူ မြောက်များစွာတို့သည် ခရစ်တော်အား သာ၍လက်ခံလာကြသဖြင့် ကယ်တင်ခြင်း၏ ဧဝံဂေလိတရားသည် သာ၍ပင်ပြန့်နှံ့နေသေး၏။

**အလွန်ဆိုးယွားသော အတွေ့အကြုံများအားဖြင့် မည်သည့်သင်ခန်းစာရရှိ၍ ကောင်းကျိုး ပြုခြင်းပင် ရှိပါ သလား။ ကောင်းကျိုးမပြုသည်တိုင် ၄င်းကိုဘေးဖယ်ကာ ထာဝရဘုရားအား မည်သို့ကိုးစား ရမည်နည်း။**

## ဖဝံဂေလီအသီး

ရှင်ပေါလု၏ ကောလောသဲလူတို့နှင့် အဆက်အသွယ်သည် ဖိလိပ္ပိလူတို့နှင့် မတူပါ။ ကောလောသဲ လူတို့သည် "ငါမျက်နှာကို မမြင်ဖူးသောသူများ" တွင် ထည့်ဝင်ထားသည် (ကော ၂း၁)။ မည်သို့ပင်ဖြစ်စေ ပေါလုသည် သူတို့အားလည်း ဖိလိပ္ပိလူတို့ထံပြုသည် နည်းတူ ထာဝရဘုရား၏ ကျေးဇူးတော်အစဉ် ချီးမွမ်း၍ ဆုတောင်းပေးကြောင်း အခိုင်အမာ ပြောဆိုသည်။

**ဖတ်ပါ – ကော ၁း၃ – ၈။ မည်သည့်အရာသုံးခုအတွက် ရှင်ပေါလုသည် ဘုရား၏ကျေးဇူးတော်ချီးမွမ်း သနည်း။**

ရှင်ပေါလုသည် အခြားနေရာတွင်ပင် ဖော်ပြခဲ့ပြီးသော သူကောင်းတရားသုံးခုဖြစ်သော ယုံကြည်ခြင်း မျှော်လင့်ခြင်းနှင့်မေတ္တာတို့ကိုအတူယူဆောင်လာပြန်၏ (၁ကော ၁၃း၁၃။ ၁သက် ၁း၃။ ၅း၈)၊ ဤအရာများအတွက် ကောလောသဲလူတို့အား ဂုဏ်ပြုမှတ်တမ်းမတင်ပါ။ ခမည်းတော်သည် "ကောင်းမြတ်စုံလင်သော" စွမ်းရည်တို့ကို ပေးတော်မူသောကြောင်း ကျေးဇူးတော်ချီးမွမ်းလေသည် (ယာ ၁း၁၇)။ ထာဝရဘုရား၏ မေတ္တာတော်ကို မြင်တွေ့ရသောကျွန်ုပ်တို့သည် ခရစ်တော်အားယုံကြည်လာ (ဇ ၂း၄ – ၈) ၍ ကောင်းကင်အား မျှော်လင့်ခွင့်ရရှိနိုင်၏။ ၎င်းကို ပေတရုသည် "မည်သည့်အခါမျှ မှေးမှိန်ခြင်း၊ ပျက်စီးခြင်း၊ ပျောက်ပျက်ခြင်း မဖြစ်နိုင်သောအမွေတော်ကို သင့်အဖို့ ကောင်းကင်၌ သိုထားလျက်ရှိ၏" (၁ပေ ၁း၄) ဟုဆို၏။

ရှင်ပေါလုသည်လည်း ဖဝံဂေလိသည် "သမ္မာတရား" အပေါ်အခြေပြုထားသောကြောင့် သစ္စာတရား ဖြစ်သည်ဟုဆို၏။ ဤအချက်ကို ရှင်ပေါလုသည် ထာဝရဘုရား ၏ နှုတ်ကပတ်တော်ကွန့်မြူးခြင်းဖြင့် နေရာ တကာတွင် အသုံးပြုခဲ့ရသည် (၂ကော ၆း၇။ ၂တိ ၂း၁၅)။ "လူ၏ နှုတ်ထွက်စကား" နှင့်မတူဘဲ ထိုနှုတ်ကပတ်တော်သည် ယုံကြည်ခြင်းသို့ရောက်သော သင်တို့၌ "ပြုပြင်" သည်ကို၎င်း၊ ထာဝရဘုရား၏ အလိုတော်ကို ပြည့်စုံစေသည် (ဟေရှာ ၅၅း၁၁)။ ဖဝံဂေလိကို ကြွေကြော်သည်နှင့်ပင်ကြား နာရသော သူတို့၏ နှလုံးသား ထဲတွင် သန့်ရှင်းခြင်းဝိညာဉ်တော်အားဖြင့် ထာဝရဘုရား၏ တန်ခိုးတော်သည် ပေါ်လွင်လာကာ သူတို့သည် လည်းတုံ့ပြန်လာကြသည်။ "အသက်ရှင်ခြင်းနှင့်ဆိုင်သောနှုတ်ကပတ်တရားတော် (ဖိ ၂း၁၆) ဖြစ်သဖြင့် ထိုဖဝံဂေလိသည် အသီးသီး၏၊

အချိန်တို အတွင်း၌ပင် ဖဝံဂေလိတရားပြန့်နှံ့ခြင်းသည် အံ့ဖွယ် အကောင်းဆုံးဖြစ်လိမ့်မည်။ ခရစ်တော်၏ သေခြင်းနှင့် ပြန်ရှင်ထမြောက်ခြင်းနောက် နှစ်သုံးဆယ်သာ အတွင်း၌ "လောကီနိုင်ငံတ လျှောက်ပြန့်နှံ့သည်" (ကော ၁း၆) ဟု ရှင်ပေါလုမှ ဆိုနှင့်ခဲ့၏။ ၎င်းအခန်းကြီးတွင်ပင် သူသည် ဖဝံဂေလိကို "ကောင်းကင်အောက်၌ရှိသော ဝေနေယျသတ္တဝါအပေါင်းတို့အား ဟောပြောခဲ့သဖြင့်" (ကော ၁း၂၃) ဟု ဆိုပြန်၏။ ထာဝရဘုရား ၏ တန်ခိုးတော်သည် နှုတ်ကပတ်တော်အားဖြင့် အလုပ်လုပ်ဆောင်သဖြင့် နိမ့်ကျတသတ္တဝါတို့တွင် ဝိညာဉ်အသက်တာ ဖွားသန့်စင်စေ၍ (ယာကု ၁း၁၈။ ၁ပေ ၁း၂၃) ခရစ်တော်၌ သတ္တဝါအသစ်ဖြစ်စေ၏ (၂ကော ၅း၁၇)။

**ကော ၁း၅ တွင် ရှင်ပေါလုသည် 'သင်တို့အဖို့ ကောင်းကင်ဘုံ၌ သိုထားသော မျှော်လင့်ခြင်း' ကိုဖတ်ပါ။ ထိုမျှော်လင့်ခြင်းကို မည်သို့နားလည်၍ ထိုက်တန်ခြင်းမရှိသည်တိုင် သင့်အတွက် မည်သို့အသုံးပြုသနည်း။**

## ဆုတောင်းခြင်းတာန်ခိုး

**ဖတ်ပါ – ကော ၁း၉ – ၁၂။ ပေါလုဆုတောင်းရာတွင် မည်သည့်တိကျသောတောင်းဆိုမှုရှိသနည်း။**

ရှင်ပေါလုသည် "ဘုရား၏ အလိုတော်ကို အကုန်အစင်နားလည်မည် အကြောင်း" တောင်းဆိုသည်။ ရှင်ပေါလုသည် ဘုရား၏အလိုတော်ကို နားလည်ခြင်းဟူသည် "ဘုရားသခင်ကိုသိသောဝိညာဉ်အရာ၌ ဉာဏ်တိုးပွါးခြင်း" (ကော ၁း၉) ဟုဆိုသည်။ ထာဝရဘုရားကို ကိုးစားခြင်းဖြင့် အသိပညာအရင်ဦးလာ၍ ထိုနောက်မှ "ထိုသူ၏ အလိုတော်ကိုလိုက်ရှောက်လိုခြင်း" ရှိလာသည် (ယော ၇း၁၇)။ မိမိကိုယ်ကို မကိုးစားခြင်း (သု ၃း၅)။ သို့သော် ပေါ်လာသော မေးခွန်းတစ်ခုသည် "ဤအခြေအနေမျိုးတွင် ကျွန်ုပ်အတွက် ဘုရား၏ အလိုတော်သည် အဘယ်နည်း။" ထာဝရဘုရား၏ အလိုတော်အား သင်ယူနိုင်သော ဇစ်မြစ် သုံးခုတို့အားဆုတောင်းခြင်း ဖြင့် ရှာတွေ့ရပေ၏။

(၁) အရေးကြီးဆုံး ပညာဇစ်မြစ်သည် ကျမ်းစာဖြစ်သည်။ "နှုတ်ကပတ်တော်သည် အကျွန်ုပ်၏ ခြေရှေ့တွင် မီးခွက်ဖြစ်သည်" (ဆာ ၁၁၉း ၁၀၅)။

(၂) ဘုရားသခင့်အလိုတော်နှင့် လမ်းပြခြင်းသည်လည်း ဘုရားသခင်၏တံခါးဖွင့်ခြင်း၊ ပိတ်ခြင်းကို တောင်းဆိုသဖြင့် (ကော ၄း၃၊ ၄) သူ၏ပံ့ပိုးမှုအခြေအနေအရ သိရမည်ဖြစ်သည်။

(၃) သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြခြင်းဖြင့် သူ၏ အသံတော်အား တစ်ကြိမ်မှတ်မိပြီးကတည်းက "သင်သည်လက်ျာဘက်၊ လက်ဝဲဘက်သို့ လမ်းလွဲလျှင် ဤမည်သောလမ်းသည် မှန်၏။ ဤလမ်း၌ သွားလော့ဟု သင့်နောက်၌ ပြောသော စကားသံကိုကိုယ်နားနှင့် ကြားရလိမ့်မည်" (ဟေရှာ ၃၀း၂၁)။

ရှင်ပေါလုသည်ကောလောသဲလူတို့သည် "ထာဝရဘုရားနှင့် ထိုက်လျောက်စွာ ကျင့်ရန်" ဆုတောင်းပေးသည် (ကော ၁း၁၀)။ မည်သူမျှမွေးရာပါ "ထိုက်လျောက်ခြင်း" မရှိကြသော်လည်း၊ ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် မြင့်မြတ်သော ခေါ်တော်မူခြင်းနှင့်လျော်ညီစွာနေထိုင်ရန် ခေါ်တော်မူသည် (ဧ ၄း၁။ ၁သက် ၂း၁၂)။ ရှင်ပေါလုသည် "ကျင်လည်" နှင့် "ကျင့်ဆောင်" ဟူသော ပြုခြင်းပြအား သုံးကြိမ်မက အသုံးပြုသည် (ကော ၂း၆။ ၃း၇။ ၄း၅)။ ထာဝရဘုရား၏ ပညတ်တရားနှင့်အညီ ရှင်သန်ခြင်းကို ဆိုလိုသည် (ထွက် ၁၈း ၂၀)။ ၎င်းသည်လည်း သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ခြင်းဖြင့် (ယေဇ ၃၆း၂၇)၊ ဘုရားသခင်၏ပညတ်တရားနှင့် ညီညွတ်စွာနေတတ်ခြင်း (ထွက် ၁၈း၂၀)ကို ဆိုလိုသည်။

ရှင်ပေါလုသည် သူတို့ (ကျွန်ုပ်တို့ပါ)၏ အသက်တာသည် ဘုရားသခင့်ထံတော်၌ "ကျေနပ်စရာအတိ" ဖြစ်နိုင်ရန်၊ "ကောင်းသောအကျင့်အမျိုးမျိုးတွင် အသီးသီးရန်" (ကော ၁း၉၊ ၁၀)၊ "ဘုရားသခင်ကို သိကျွမ်း ခြင်းဉာဏ်တိုးပွါးရန်" (ကော ၁း၁၀) နှင့် နောက်ဆုံးတွင် "ကျေးဇူးတော်ချီးမွမ်းရန်" (ကော ၁း၁၂) ဆုတောင်း သည်။

**တစ်စုံတစ်ဦးသည် "ထာဝရဘုရားသည် သင့်အား တစ်နေရာမဟုတ် အခြားတစ်နေရာသို့လမ်းပြပို့ဆောင်နေသည်" ကိုမည်သို့သိသနည်းဟု မေးလျှင် သင်မည်သို့ဖြေဆိုမည်နည်း။**

**ထပ်မံစဥ်းစားရန် –** မြောက်များစွာတို့သည် မိမိတို့အနာဂတ်အား တိကျစွာ မစီစဉ်နိုင်ကြပါ။ ဘဝမတည်ငြိမ်ခြင်းကြောင့် ဖြစ်သည်။ သူတို့သည် မိမိတို့ကိစ္စ၏ အကျိုးဆက်များကို ကောင်းစွာမသိမြင်နိုင်သဖြင့် စိုးရိမ်ခြင်းဖြင့် ဂဏာ မငြိမ်ဖြစ်နေကြသည်။ လောကတွင် ဘုရား၏ လူသားအာလုံးတို့သည် ခရီးသွားနေသူသာလျှင်ဖြစ်ကြသည်။ ကျွန်ုပ်တို့သည်မိမိတို့ အသက်အတွက် စီစဉ်နိုင်စွမ်းဉာဏ်မရှိကြပါ။ မိမိတို့၏အနာဂတ်ကို မိမိတို့က ပုံသွင်းရန် မဟုတ်ပါ။" အာဗြာဟံသည် အမွေခံရလတ့ံသောပြည်သို့ ထွက်သွားမည်အကြောင်း ဘုရားသခင် ခေါ်သောအခါ သူသည် ဘယ်အရပ်သို့ သွားမည်ကို မသိဘဲလျက် ယုံကြည်ခြင်းအားဖြင့် နားထောင်၍ ထွက်သွားလေ၏" (ဟေဗြဲ ၁၁း၈)။

"ခရစ်တော်သည် သူ၏လောကအသက်တာတွင် မိမိအတွက် စီစဉ်ထားခြင်း မပြုခဲ့ပါ။ သူကအတွက် ထာဝရဘုရားစီစဉ်ထားသည်ကို လက်ခံ၍ ခမည်းတော်သည်လည်း မိမိ၏အစီအစဉ်များကို ဖော်ပြသွားသည်။ ကျွန်ုပ်တို့၏ အသက်တာသည် ဘုရားအလိုတော်ကို လုပ်ဆောင်နိုင်ရန် ထာဝရဘုရားကို ကိုးစားရပါမည်။ သူ့ထံသို့ ဆက်ကပ်သောအခါ ကျွန်ုပ်တို့၏ ခြေလှမ်းတိုင်ကို သူသည် ပို့ဆောင်လိမ့်မည်။

မြောက်များစွာတို့သည် အလွန်တောက်ပသော အနာဂတ်အားစီစဉ်သော်လည်း လုံဝဥသုံဆုံးရှုံးခြင်း သို့ ရောက်၏။ သင့်အတွက် ထာဝရဘုရားစီစဉ်စေတော်မူပါ။ "မိမိ၏သန့်ရှင်းသောသူတို့၏ ခြေကို စောင့်မသော" (၁ ဓမ္မ ၂း၉) ဘုရားအား ခလေးလေးကဲ့သို့ ကိုးစားပါ။ မိမိတို့သည် အစမှ အဆုံးတိုင်အောင် ထိုးထွင်းမြင်နိုင်၍ ထာဝရဘုရားနှင့် အတူလုပ်ဆောင်ရသည့်နေရာတွင် အလိုတော်ကို စုံလင်စေရန် ထာဝရဘုရား၏ လမ်းပြ ပို့ဆောင်ခြင်းကို ရွေးချယ်ခြင်းမပြုပါက ဘုရားသည် မည်သည့်အခါမျှ မပို့ဆောင်ပါချေ။" (အီးဂျီဝိုက်၊ သုခချမ်း သာလမ်းညွှန်၊ စာ၊ ၄၇၈၊ ၄၇၉)။

## ဆွေးနွေးရန်မေးခွန်းများ –

**၁ လွန်ခဲ့သောအပတ်က သင်ကျေးဇူးချီးမွမ်းစရာများကိုတွေးကြည့်ပါ။ သင်တွေးမိသည်ထက်ပင် သာလွန်၍ကျေးဇူးကြီးနိုင်မည်လား။**

**၂ အထက်က အီးဂျီဝိုက်၏ နောက်ဆုံးစာသားအား စိတ်သို့မှီးထားပါ။ တန်ခိုးကြီးသော ယုံကြည်ခြင်းဖော်ထုတ်ခြင်းဖြစ်ပါသည်။ ထိုအချိန်ဒါမျိုးတွင် ဘုရားသခင်ကိုမည်သို့ကိုးစားနိုင်မည်နည်း။**

**၃ ကောလောသဲ ၁း၆၊ ၂၃ ကိုစိတ်သို့မှီးလျက် အထက်ပါစာပိုဒ်ကိုဆွေးနွေးပါ။ 'မယုံကြည်ခြင်း၊ ညည်းတွားခြင်းနှင့် ပုန်ကန်ခြင်း၏နှစ်ပေါင်း လေးဆယ်သည် ဒါနန်ဝင်ရမည့် ဣသရေလတို့အား ဟန့်တားထား၏။ အလားတူသောအပြစ်ကပင် ယနေ့ဣသရေလတို့အား ကောင်းကင်ဒါနန်ဝင်နိုင်ရန် နှောင့်နှေးစေ၏။ ထာဝရဘုရား၏ ကတိတော်တို့သည် အထက်နှစ်မှုလုံးတွင် မှားယွင်းခြင်းမရှိပါ။ မယုံကြည်ခြင်း၊ လောကဆန်ခြင်း၊ မဆက်ကပ်ခြင်းနှင့် ရန်းရင်းခပ်ခြင်းတို့ကြောင့် ဘုရား၏လူတို့သည် အပြစ်၏ဝမ်းနည်းခြင်းထဲတွင် နှစ်ပေါင်းများ စွာနေရကြသည်။ ခရစ်တော်၏အသင်းတော်သည် ကိုယ်တော်အပ်နှင်းသော လုပ်ငန်းအား ပြီးဆုံးခဲ့ပါက၊ ကမ္ဘာကြီးတစ်ခုလုံးသို့ သတိပေးထားပြီး သကဲ့သို့ဖြစ်၍ ယေရှုသည်လည်း ဘုန်းတန်ခိုးအာနုဘော်ဖြင့် ကြွဆင်းလာခဲ့လောက်ပြီး၏' (အီးဂျီဝိုက်။ နောက်ဆုံး နေ့ဖြစ်ရပ်များ။ စာ ၃၈)၊ ယနေ့တွင် ကျွန်ုပ်သည်လည်း အလားတူတို့ဖြင့် မည်သို့ဖြစ်မှားနိုင်မည်နည်း။**

## ဘုရားသခင်၏တမန်တော်

အော်စကာသည် ကင်ညာနိုင်ငံရှိ အိမ်တအိမ်၌ ခွေးသုံးကောင်က ဟောင်ပြီး ဝိုင်းထားခြင်းကို ခံရချိန်တွင် ရပ်နေပြီး ဆုတောင်းလိုက်၏။ အိမ်ရှင်သည် အော်စကာ အနားသို့ ချဉ်းကပ်လာ၍၊ "မင်းက ဘယ်သူလဲ" ဟု မေးသောအခါ၊ "ဘုရားသခင်၏တမန်တော်ပါ" ဟု ပြန်ဖြေလိုက်၏။

"ဘုရားသခင်က မင်းကို ဘာသတင်းစကားနဲ့ ပို့လိုက်တာလဲ" ဟု ထိုသူက မေးသောအခါ၊ "ဘုရားသခင်၏ သတင်းစကားပါ၊ ကျွန်တော် အိမ်ထဲဝင်လို့ရမလား" ဟု အော်စကာ ထပ်ပြော၏။

ထိုသူသည် ခွေးများကို ချည်နှောင်၍ အိမ်ထဲသို့ ဝင်ပြီးနောက် သူသည် အော်စကာကို ကြည့်နေ၏။ "ဆုတောင်းကြစို့" ဟု အော်စကာ က ပြော၏။ ဆုတောင်း ပြီးနောက် ကျမ်းစာရှိ ပထမ ငါးကျမ်း ဖြစ်သည့် Pentateuch ကို ဆွေးနွေးခဲ့သည်။ ထိုသူသည် ခရစ်ယာန်မဟုတ်ပါ။ သို့သော် သူသည် ထိုပညတ်ကျမ်းများကို သိရှိထား၏။ သူသည် မေးခွန်းများစွာမေးခဲ့ပြီး သူနှင့်အော်စကာသည် မိတ်ဆွေများဖြစ်လာခဲ့ပြီ။ ယနေ့တွင် ထိုသူ နှင့် သူ၏ဇနီးသည် SDA ဖြစ်လာကြသည်။

အခြား အိမ်တစ်အိမ်တွင် အိမ်ရှင်တစ်ဦးသည် အော်စကာက ကျမ်းစာသင်ဖို့ရန် ကမ်းလှမ်းသောအခါ စိတ်ဝင်စားမှုပြခဲ့သည်။ ထိုအိမ်ရှိ အသက် ၆ နှစ်၊ ၈ နှစ်နှင့် ၁၃ နှစ်ရှိသည့် ကလေး သုံးဦးသည် နာကျင်စွာ ထော့နဲ့ထော့နဲ့ လျှောက်နေသည်ကို အော်စကာ မြင်လိုက်သည်။ "ကလေး တွေကို ဆုတောင်းဖို့ ခေါ်လိုက်ပါ" ဟု ပြောသည်။ ထို့နောက် ကလေးများ၏ အရေပြား ပေါ်တွင် ယားယံမှု ဖြစ်စေသည့် ကပ်ပါးအင်းဆက်ငယ်များ ရှိနေသည်ကို တွေ့လိုက်သည်။

အော်စကာသည် ကလေးများအတွက် ဆုတောင်းပြီး ဆေးဝယ်ရန် ထွက်သွားခဲ့သည်။

ထိုမိသားစုက အင်းဆက် mite များသည် စုန်းအတတ်ကြောင့်ဖြစ်သည်ဟု ထင်ခဲ့ကြသည်။ အော်စကာ ပြန်ရောက်လာသောအခါ အိမ်နှင့် အိပ်ယာများကို သန့်ရှင်းရေးလုပ်ရန် ကူညီပေးခဲ့သည်။ ကလေးများကို ရေချိုးပေးပြီး ဆေးဝါးများပေးခဲ့ပြီး၊ ကလေးများ အတွက် ထပ်မံ ဆုတောင်းပြီး မိဘများနှင့်ကျမ်းစာ သင်ကြားခဲ့သည်။ နောက်ပိုင်းတွင် ထိုမိသားစု သည် SDA ဖြစ်လာပြီး၊ ဘုရားကျောင်း တည်ဆောက်ရန်အတွက် မြေကွက်ကို ရောင်းချခဲ့၏။

ဧဝံဂေလိတရားကို မျှဝေရာတွင် အော်စကာသည် တနင်္ဂနွေနေ့များတွင် ဘုရားကျောင်း တစ်ခုမှ တစ်ခုသို့ သွားလေ့ရှိ၏။ ကင်ညာနိုင်ငံတွင် ဧည့်သည်များအား ဘုရားကျောင်း အဖွဲ့ဝင်များကို နှုတ်ဆက်ခွင့်ပေးရန် ဓလေ့ထုံးတမ်းရှိသည်။ သို့သော် တစ်ကြိမ်တွင် ဘုရားကျောင်း ခေါင်းဆောင်တစ်ဦးက အော်စကာကို ဝတ်ပြုပွဲသို့ ဖိတ်ကြားခဲ့ပြီး သူသည် SDA ဖြစ်ကြောင်း သိရှိပြီး နောက်စကားပြောခွင့်မရခဲ့ပေ။ သူ၏ အိမ်နီးချင်းတစ်ချို့ကို သွား၍ နှုတ်ဆက် ခဲ့သည်။

"ကျမ်းစာသည် ပင်လယ်ကြီးတစ်ခုလိုဖြစ်၍ ယခုအချိန်သည် ဓမ္မဆရာက သင်ပေးရန် စောင့်ရမည့်အချိန်မဟုတ်ပါ။ သင်ကိုယ်တိုင်လေ့လာနိုင်သော သင်ခန်းစာများကျွန်ုပ်တွင် ရှိသည်။"

ခုနစ်ဦးသည် ထိုနေရာတွင်ပင် Voice of Prophecy Discovery သင်ခန်းစာများကို လက်ခံကြပြီး၊ အချို့သည် သံသယဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် လက်ခံခဲ့ကြ၏။ ယနေ့တွင် ထိုဘုရားကျောင်းမှ လူ ၄၃ ဦးသည် အော်စကာ နှင့်အတူ ကျမ်းစာလေ့လာနေကြ၏။ "ကျွန်တော်ကို စကားပြောခွင့် မပေးခဲ့တဲ့ အစည်းအဝေး အတွက် မဆိုးပါဘူး" ဟုပြုံးပြီး ပြော၏။

---

အော်စကာသည် Global Mission သာသနာပြု အဖြစ် ၁၀ နှစ်ကြာ လုပ်ဆောင်ခဲ့ပြီး လူ ၁၂၀ ကို ဗတ္တိဇံပေးရန် ဦးဆောင်ခဲ့ကာ ဘုရားကျောင်းနှစ်ဆောင်ကို တည်ထောင်ခဲ့၏။ မကြာမီတွင် တတိယ ဘုရားကျောင်းတစ်ခုကို ဖွင့်လှစ်ရန် မျှော်လင့်ထားသည်။ Global Mission သာသနာပြုများ အကြောင်း ပိုမိုသိရှိရန် bit.ly/GMPioneers တွင် ကြည့်ရှုပါ။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဖိလိပ္ပိ ၁း၆

**လေ့လာမှုဦးတည်ချက်။** ဖိလိပ္ပိ ၁း၁–၁၈။ ဧဖက် ၅း၁၈–၂၁။ ကောလောသဲ ၁း၄–၈။

စာရေးဆရာ ဒီအေကာဆန်သည် ယနေ့ခရစ်ယာန်အသင်းတော်၏ အကြီးမားဆုံး လိုအပ်ချက်ကို စူးစမ်းလေ့လာပြီး လူများကဖြေဆိုနိုင်သည့် ဖြစ်နိုင်ဖွယ်အဖြေများကို ခန့်မှန်း တင်ပြထားသည်။ ကာဆန်သည် လိင်ပိုင်းဆိုင်ရာသန့်ရှင်းမှု၊ ငွေကြေးဆိုင်ရာ ဖြူစင်မှုနှင့် ရက်ရောမှု၊ ဧဝံဂေလိဟောပြောခြင်း၊ အသင်းတော်တည်ထောင်ခြင်း၊ ကျမ်းစာဆိုင်ရာ တွေးခေါ်မှုနှင့် စုပေါင်းဝတ်ပြုကိုးကွယ်ခြင်း၏ စစ်မှန်သောအတွေ့အကြုံ စသည့်နယ်ပယ်များကို ဖော်ပြထားသည်။ သူက နိဂုံးချုပ်သည်မှာ၊ "အနောက်တိုင်း ခရစ်ယာန်လောကတွင် ကျွန်ုပ်တို့ အလိုအပ်ဆုံးအရာမှာ ဘုရားသခင်ကို ပိုမိုနက်ရှိုင်းစွာ သိရှိရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ပိုမိုသိရှိရန်လိုအပ်သည်။ . . . ဘုရားသခင်ကိုသိရှိရန် အခြေခံ အဆင့် တစ်ခုနှင့် ဘုရားသခင်ကိုသိရှိကြောင်းပြသသော အခြေခံသက်သေတစ်ခုမှာ ဆုတောင်းခြင်းဖြစ်သည်—ဝိညာဉ်ရေးရာ၊ စဉ်ဆက်မပြတ်၊ ကျမ်းစာဆိုင်ရာ ဆုတောင်းခြင်း။" —Carson, *A Call to Spiritual Reformation: Priorities From Paul and His Prayers* (Grand Rapids, MI: Baker Books, 1992), pp. 15, 16.

ပေါလုသည် ဆုတောင်းခြင်းနှင့် ကျေးဇူးတင်ခြင်းကဲ့သို့သော ခရစ်ယာန် စည်းကမ်းများကို အစဉ်တစိုက် အလေးပေးခဲ့သည်။ ကျေးဇူးတင်ခြင်းသည် သူ၏ ဆုတောင်းချက်များနှင့် သူ၏စာများတွင် ပုံမှန်ပါဝင်သော အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ သူ၏ ဆုတောင်းချက်များမှတစ်ဆင့် ဘုရားသခင်ထံ ကျေးဇူးတင်ကြောင်းကို အစဉ်တစိုက် ဖော်ပြရုံသာမက သူ၏ပရိသတ်များကိုလည်း ထိုနည်းတူလုပ်ဆောင်ရန် အားပေးခဲ့သည် (ကော ၃း၁၇။ ၁ သက် ၅း၁၈)။ သူသည် ကျေးဇူးတင်ခြင်းကို ဘုရားသခင်၏အလုပ်သည် လူ၏နှလုံးသားတွင် ထွက်ပေါ်လာသောအကျိုးအမြတ် အဖြစ် မြင်ခဲ့သည် (ဖိ ၁း၆၊ ၁၀၊ ၁၁)။

ဤသီတင်းပတ်သင်ခန်းစာသည်အဓိကအကြောင်းအရာနှစ်ခုကိုအလေးပေးထား၏

၁။ ကျေးဇူးတင်ခြင်းနှင့် ဆုတောင်းခြင်းသည် အကြွေစေ့၏ဘေးနှစ်ဖက်ကဲ့သို့ မခွဲမခြားနိုင် စွာ ဆက်စပ်နေသည်။

၂။ အခြားအရာများထဲတွင် ကျေးဇူးတင်ခြင်းနှင့် ဆုတောင်းခြင်းက ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်၏ကောင်းသောလုပ်ဆောင်မှုများကို ထင်ရှားစေသော ထုတ်ဖော်မှုများ ဖြစ်သည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**ပုံပမာ**

စိတ်ပညာရှင် Robert A. Emmons သည် Meister Eckhart ၏ လုပသော အတွေး

တစ်ခုကို ကိုးကားထားသည်၊ "သင့်ဘဝတွင် သင်ပြောသည့် တစ်ခုတည်းသော ဆုတောင်း ချက်သည် "ကျေးဇူးတင်ပါသည်" ဆိုလျှင်၊ ၎င်းသည် လုံလောက်ပါလိမ့်မည်။" ဤ အကြောင်းအရာတွင်၊ အမ်းမွန်သည် ပိုလီယိုရောဂါလွန်ဆင်ဒရုံးရှိသူ အမျိုးသမီး တစ်ဦး၏ ဇာတ်လမ်းကို မျှဝေပြီး ဆုတောင်းခြင်းတွင် ဘုရားသခင်ထံ ကျေးဇူးတင်ခြင်း နှင့် အဓိပ္ပာယ် ရှိသောဘဝအကြား ဆက်စပ်မှုကို လှပစွာသရုပ်ဖော်ထားသည်။ သူမသည် အမ်းမွန်ထံသို့ အောက်ပါစာကို ရေးသားခဲ့သည် –

"ကျွန်မဘဝတွင် အကြီးမားဆုံးကျေးဇူးတင်ခြင်းအတွေ့အကြုံတစ်ခုမှာ ကျွန်မရဲ့ပထမ ဆုံး ကလေးမွေးဖွားစဉ်ကဖြစ်သည်။ ကျွန်မငယ်စဉ်ကလေးဘဝတစ်လျှောက်လုံး၊ ကျွန်မ မှာ ကလေးယူနိုင်မလား၊ လက်တစ်ဖက်တည်းနဲ့ ကလေးကို ပြုစုစောင့်ရှောက် နိုင်မလား၊ ဘုရားသခင်က ကျွန်မကို ထိုနည်းဖြင့် ကောင်းချီးပေးမည်လားဟု တွေးပူခဲ့ရသည်။ ကျွန်မ သမီးမွေးဖွားလာသောအခါ၊ သူနာပြုဝန်ထမ်းများအားလုံးက ကျွန်မရဲ့က ပြုစုစောင့်ရှောက် နိုင်စွမ်းကို မယုံကြည်ကြပါ။ သို့သော်၊ ဘုရားသခင်က ကျွန်မကို ကလေးတစ်ဦးနှင့် ကောင်း ချီး ပေးရန် ရွေးချယ်ခဲ့ပြီး၊ သူမကို ပြုစုစောင့်ရှောက်ရန် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များ ကိုလည်းကောင်းချီးပေးမည်ကို ကျွန်မ သဘောပေါက်ခဲ့ သည်။ ဘုရားသခင်က ကျွန်မကို ပိုလီယိုရောဂါမှ လွတ်မြောက်စေရန် ရွေးချယ်မထား သောကြောင့်၊ ကလေးရရှိခြင်းသည် သေချာသည့်အရာမဟုတ်ကြောင်း ကျွန်မသိသည်။ ထို့ကြောင့်၊ သူမမွေးဖွားလာ သော အခါ၊ ကျွန်မနှင့်ကျွန်မခင်ပွန်းအား လူသားသစ်တစ်ဦးကို ဘုရားသခင်အတွက် ကောင်းချီး တစ်ခုအဖြစ် ပုံဖော်ရန် ဝမ်းမြောက်ခြင်းကို မျှဝေခွင့်ပေးသည့်အတွက် ဘုရားသခင်ကို ချီးမွမ်းခဲ့သည်။ . . . လူသားတစ်ဦးကို ပြုစုပျိုးထောင်ခြင်းထက် ပိုမိုကြီးမားသော ရည်ရွယ် ချက်ကို ကျွန်မဘယ်တော့မှ ရရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့်၊ ကျွန်မရဲ့ ကျေးဇူးတင်ခြင်း တွင် ဝမ်းမြောက်ခြင်းသည် ဘဝ၏အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်မှ ပေါက်ဖွားလာခြင်း ဖြစ် သည်။" နောက်ပိုင်းတွင်၊ အမ်းမွန်က ပြောသည်မှာ၊ "သက်သေများအရ၊ ကျွန်ုပ်တို့၏ ဘဝ များနှင့် ဘဝအပေါ် ထားရှိသော သဘောထားတွင် ကျေးဇူးတင်ခြင်းကို ပြုစုပျိုးထောင်ခြင်း သည် ကျွန်ုပ်တို့ကို ရေရှည်တည်တံ့သော ပျော်ရွှင်မှုနှင့် ကျန်းမာရေးကို ဖြစ်ပေါ်စေသည်။" — Emmons, *Thanks! How the New Science of Gratitude Can Make You Happier* (New York: Houghton Mifflin Company, 2007), pp. 90, 110, 185.

## ကျေးဇူးတင်ခြင်းနှင့်ဆုတောင်းခြင်းသည် မခွဲမခြားနိုင်စွာ ဆက်စပ်နေသည်

ပေါလု၏ စာများတွင် ပုံမှန်အင်္ဂါရပ်တစ်ခုမှာ ဆုတောင်းခြင်းအဖြစ် လုပ်ဆောင်သည့် ကျေးဇူး တင်ခြင်းအပိုင်းဖြစ်သည်။ ဤအယူအဆကို အောက်ပါဇယားတွင် ပိုမိုရှင်းလင်းစွာ သရုပ်ဖော်ထားသည်။

| ကျမ်းပိုဒ် | ကျေးဇူးတင်ခြင်းနှင့် ဆုတောင်းခြင်း |
|---|---|
| ရောမ ၁း၈ – ၁၀ | "ယေရှုခရစ်အားဖြင့်၊ ငါ၏ဘုရားသခင်ကျေးဇူးတော်ကို ရှေးဦး စွာ ငါချီးမွမ်း၏။ … ဘုရားသခင်သည် ငါ၏အသက်သေခံ ဖြစ်တော်မူ၏။ … ငါသည်သင်တို့ကို မခြားမလပ်အောက်မေ့၍ အစဉ်မပြတ် ဆုတောင်းပဌနာပြု သည်…" |
| ၁ကော ၁း၆ | "သင်တို့ အကြောင်းကြောင့် ငါ့ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်မပြတ် ချီးမွမ်း၏။" |
| ဧဖက် ၁း၁၅၊ ၁၆ | "… သင်တို့ကိုအကြောင်းပြု၍ ကျေးဇူးတော်ကို အစဉ်မပြတ် ချီးမွမ်းလျက်၊ သင်တို့အဘို့ အလိုငှါ ဆုတောင်းပဌနာပြုလျက် နေ၏။" |
| ဖိလိပ္ပိ ၁း၃၊ ၄ | "ငါသည်ဆုတောင်းပဌနာပြုသောအခါခါ၊… သင်တို့ရှိသမျှ အဘို့ကို အစဉ်ဆုတောင်း ပဌနာပြုလျက်" |
| ကော ၁း၃ – ၅ | "သင်တို့အဘို့ အစဉ်မပြတ် ဆုတောင်း၍ …… ကျေးဇူးတော်ကို ချီးမွမ်းကြ၏။" |
| ၁သက် ၁း၂ – ၄ | "သင်တို့အပေါင်းကို အကြောင်းပြုသဖြင် …… အစဉ်ချီးမွမ်း၍ သင်တို့ အဘို့ အလိုငှါ ဆုတောင်း ပဌနာပြုလျက် နေကြ၏။" |
| ၂သက် ၁း၃ | "သင်တို့ကြောင့် ဘုရားသခင်၏ ကျေးဇူးတော်ကို အစဉ်မပြတ် ချီးမွမ်းကြ၏။" |
| ၁တိ ၁း၁၂ | "ငါတို့သခင် ယေရှုခရစ်၏ကျေးဇူးတော်ကို ငါချီးမွမ်း၏။" |
| ၂တိ ၁း၃ | "သင့်ကိုမခြားမလပ် အောက်မေ့သည်ဖြစ်၍ …… ဘုရားသခင် ၏ ကျေးဇူးတော်ကို ငါချီးမွမ်း၏။" |
| ဖိလေ ၅ | "ငါ၏ဘုရားသခင့် ကျေးဇူးတော်ကို အစဉ်ချီးမွမ်း၍ သင့်အဘို့ အလိုငှါ ဆုတောင်းပဌနာ ပြုလျက်နေ၏။" |

အထက်ပါဇယားမှ အဓိကလေ့လာတွေ့ရှိချက်သုံးခုကို ထုတ်နုတ်နိုင်သည်။ ပထမဦး စွာ၊ ပေါလုအတွက် ကျေးဇူးတင်ခြင်းသည် ဆုတောင်းခြင်း၏ လုပ်ဆောင်ချက်တစ်ခုဖြစ်ပြီး၊ ကျေးဇူးတင်ခြင်းသည် ဆုတောင်းခြင်းနှင့် အစဉ်တစိုက် ရောယှက်နေသည်။ ဒုတိယ အနေဖြင့်၊ ပေါလု၏စာအချို့တွင် ကျေးဇူးတင်ခြင်းအပိုင်းတွင် "ဆုတောင်းခြင်း" ဟူသော စကားလုံးကို မဖော်ပြထားသော်လည်း၊ သူ၏ကျေးဇူးတင်ခြင်းသည် ဘုရားသခင်ထံသို့ ဦးတည်ကြောင်း သတိပြုရန်အရေးကြီးသည် (၂သက် ၁း၃။ ၁တိ ၁း၁၂)။ တတိယအနေဖြင့်၊ "အစဉ်" ဟူသော စကားလုံး၏ ထပ်ခါတလဲလဲအသုံးပြုမှုသည် ဆုတောင်းခြင်းနှင့် ကျေးဇူးတင်ခြင်း နှစ်ခုစလုံး သည် ပေါလု၏ဘဝတွင် စဉ်ဆက်မပြတ်၊ ပင်မဖြစ်သော အစိတ်အပိုင်းများဖြစ်ကြောင်း ဖော်ပြသည်။

ပေါလုသည် သူ၏ပရိသတ်အား ကျေးဇူးတင်ခြင်းနှင့် ဆုတောင်းခြင်းဘဝကို အတုယူရန် မျှော်လင့်ခဲ့၏။ ပေါလုအတွက် ဘုရားမသိသူများ၏ ထင်ရှားသော လက္ခဏာ တစ်ခု မှာ ဘုရားသခင်ကို ဂုဏ်တင်ခြင်း သို့မဟုတ် ကျေးဇူးတင်ခြင်းတို့ကို မပြုနိုင်ခြင်းဖြစ်သည် (ရော ၁း၂၁)။ ဆန့်ကျင်ဘက်အားဖြင့်၊ သူသည် ရောမမြို့ရှိအသင်းတော်အဖွဲ့ဝင်များအား ဘုရားသခင်ထံ ကျေးဇူးတင်ရန် အားပေးခဲ့သည် (ရော ၁၄း၆)။ ကောရိန္သုမြို့သားများအား သူနှင့် သူ၏လုပ်ဖော်ကိုင်ဖက်များအတွက် ဆုတောင်းပေးရန် တောင်းဆိုသောအခါ၊ ပေါလု သည် သူတို့ကိုယ်စား များစွာသောသူများကကျေးဇူးတင်ခြင်းကိုပြုရန်ဆန္ဒရှိခဲ့၏ (၂ကော ၁း၁၁)။

ဧဖက် ၅း၁၈ – ၂၀ တွင် ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်၏ တည်ရှိမှုနှင့်ပြည့်စုံသော လူပုဂ္ဂိုလ်များ၏ လက္ခဏာများကို ဖော်ပြထားသည်။ ၎င်းတို့သည် (၁) "ဆာလံများ၊ သီချင်းများ၊ ဝိညာဉ်ရေးသီချင်းများဖြင့် အချင်းချင်း တည်ဆောက်ပေးရန် ပြောဆိုကြသည်"၊ (၂) "သခင်ဘုရားထံသို့ နှလုံးသားထဲတွင် သီချင်းဆိုပြီး ဂီတသံစဉ်ဖန်တီးရင်း" ဘုရားသခင်ကို ချီးမွမ်းခြင်းဖြင့် သူတို့ဘဝကို ပြည့်စုံစေသည်၊ (၃) "သခင်ယေရှုခရစ်၏ နာမတော်အားဖြင့် ခမည်းတော်ဘုရားသခင်ထံ အရာရာအတွက် အစဉ်ကျေးဇူးတင်ကြသည်" နှင့် (၄) "ဘုရားသခင်ကို ကြောက်ရွံ့သောစိတ်ဖြင့် အချင်းချင်း နှိမ့်ချကြသည်။" ဤနည်းဖြင့်၊ ဘုရားသခင်ထံ ကျေးဇူးတင်ခြင်းသည် သူ့ကို ချီးမွမ်းသီချင်း ဆိုခြင်းနှင့် တူညီသော အဆင့်တွင်ရှိပြီး၊ ၎င်းသည် ဝတ်ပြုကိုးကွယ်ခြင်း၏ လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။

ကောလောသဲ ၃း၁၇ တွင်၊ ပေါလုသည် အနည်းငယ်ပို၍တိုးတက်စွာပြောသည်မှာ၊ "စကားပြော သော်လည်းကောင်း၊ အမှုဆောင်ရွက်သော်လည်းကောင်း၊ သခင်ယေရှု၏ နာမတော်ကို ထောက်၍ ခပ်သိမ်းသောအမှုတို့ကို ပြုမူလျက်၊ ကျေးဇူးတော်ကြီး လုပါ၏ဟု ထိုသခင်ကို အမှီပြု၍ ခမည်းတော်ဘုရားသခင့်ရှေ့၌ဝန်ခံကြလော့" (NKJV တွင် အလေးပေးထားသည်)။ ထိုနည်းတူ၊ ပေါလုသည် သက်သာလောနိတ်မြို့သားများအား၊ "အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့" (၁သက် ၅း၁၈)။ ပေါလုသည် သူ၏ ပရိသတ်အား သူ၏ ဆုတောင်းခြင်းနှင့် ကျေးဇူးတင်ခြင်းအပေါ် နက်ရှိုင်းသော ကတိကဝတ် ကို ထင်ဟပ်စေရန်၊ ၎င်းတို့၏ ဘဝတွင် ကျေးဇူးတင်ခြင်းနှင့် ဆုတောင်းခြင်းကို ဖော်ညွှန်း ရန် လှုံ့ဆော်ခဲ့သည်။

## ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်အမှုပြုခြင်း

ဖိလိပ္ပိစာတွင် ပေါလု၏စာများအားလုံးထဲတွင် ထူးခြားသောထုတ်ဖော်ပြောဆိုချက်တစ်ခုပါရှိသည်၊ "သင်တို့တွင်ကောင်းသောအမှုကို ပြုစပြုတော်မူသောသူသည် ယေရှုခရစ်၏ နေ့ရက်တိုင်အောင် ပြီးစီးလျက်ပြုတော်မူမည်ဟု ငါသဘောကျ၏" (ဖိလိပ္ပိ ၁း၆)။ အချို့စာ ဖတ် သူများ သည် "ကောင်း သော အမှု" ကို ကျဉ်း မြောင်းစွာ အဓိပ္ပာယ် ဖွင့် ဆို ရန် သွေးဆောင် ခံရနိုင် ပြီး၊ ၎င်းသည် ပေါလုအား သူ၏ထောင်ကျနေစဉ်အတွင်း ဖိလိပ္ပိမြို့သားများ၏ ဂရုစိုက်မှုနှင့် ချစ်ခြင်းမေတ္တာ၊ ငွေကြေးထောက်ပံ့မှုမှတစ်ဆင့် သရုပ်ပြခဲ့သော အရာကို ရည်ညွှန်းသည်ဟု မြင်ကြသည်။ ပေါလုအပေါ် ၎င်းတို့၏ ဂရုစိုက်မှုနှင့် ဧဝံဂေလိ တိုးတက်မှု

သည် သူတို့နှလုံးသား ထဲ တွင် ဘုရားသခင့် အလုပ်၏ ရလဒ်ဖြစ်သော်လည်း၊ ပေါလုသည် ခရစ်တော်အားဖြင့် ကယ်တင်ခြင်း၏ ပိုမိုကျယ်ပြန့် သောအယူအဆကို ရည်ညွှန်းနေသည်။

ဘုရားသခင်သည် ကယ်တင်ခြင်း၏ ကောင်းသောအမှုကို စတင်ခဲ့သူအဖြစ်ပြသပြီး၊ ၎င်းကို ခရစ်တော်ပြန်လည်ကြွလာသောအခါ ပြီးစီးစေမည်ဟု ဖော်ပြထား၏။ ဤ အတွေး သည် ကျေးဇူးတင်ခြင်းအပိုင်းအတွင်း ဖော်ပြထားသည်ကို သတိပြုရန် ထိုက်တန်သည်။ ဤ သဘောအရ၊ ကျေးဇူးတင်ခြင်းသည် လူ၏နှလုံးသားထဲတွင် ဘုရားသခင်၏ အလုပ်၏ အစွမ်းထက်သောသက်သေအဖြစ် မြင်ရသည်။ ပေါလုသည် ဖိလိပ္ပိ ၂း၁၂၊ ၁၃ တွင် ဆင်တူ သည့်အရာတစ်ခုကို ပြောသည်၊ "ကြောက်ရွံ့တုန်လှုပ်သော စိတ်နှင့်ကိုယ်ကို ကယ်တင် ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။" (NKJV တွင် အလေးပေးထား သည်)။

ပေါလု၏ အကြံပေးချက် — သင်တို့၏ ကယ်တင်ခြင်းကို ဆောင်ရွက်ရန် — သည် အနည်းဆုံး စိတ်ဝင်စားဖွယ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ၎င်းကို မည်သို့ပြုလုပ်ရမည်နည်း။ ကောင်းသော အဖြေတစ်ခုကို ဟေဗြဲ ၁၂း၂ တွင် တွေ့ရှိနိုင်သည်၊ ၎င်းတွင် ယေရှုသည် "ကျွန်ုပ်တို့၏ ယုံကြည်ခြင်း၏ စတင်သူနှင့် ပြီးစီးသူ" အဖြစ် သရုပ်ဖော်ထားသည်။ ထို့ကြောင့်၊ ပေါလ်ကဆိုသည်မှာ၊ ကျွန်ုပ်တို့သည် "ငါတို့မျက်မှောက်၌ထားသော ပန်းတိုင်သို့ ရောက်ခြင်းငှါ အားမလျော့ဘဲ ပြေးကြကုန်အံ့ (ဟေဗြဲ ၁၂း၁၊ ၂)။ သို့သော် ၎င်းသည် အားလုံး မဟုတ်ပါ။ ကျွန်ုပ်တို့သည် "ငါတို့သည် ခပ်သိမ်းသောဝန်တို့ကို လည်းကောင်း၊ နှောင့်ရှက်တတ်သောဒုစရိုက်ကိုလည်းကောင်း ပယ်ရှား" ကြလော့ (ဟေဗြဲ ၁၂း၁)။ ဖိလိပ္ပိ ၁း၆ နှင့် ဟေဗြဲ ၁၂း၂ ကဲ့သို့သော ကျမ်းပိုဒ်များတွင် ကယ်တင်ခြင်း သည် နောက်ဆုံးတွင် ဘုရားသခင်၏ အလုပ်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အလုပ်မဟုတ်ကြောင်း သတိပေးသည်။ သို့သော်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို ဆောင်ရွက်ရန် သို့မဟုတ် အခြား စကားဖြင့် ဆိုရသော် "ငါတို့မျက်မှောက်၌ထားသော ပန်းတိုင်သို့ ရောက်ခြင်းငှါ အား မလျော့ဘဲ ပြေးကြကုန်အံ့ (ဟေဗြဲ ၁၂း၂) ဟု ခေါ်ခြင်းခံရပြီး၊ ဆုတောင်းခြင်းဘဝဖြင့်၊ ဝိညာဉ်တော် ပေးသော ခရစ်ယာန်သီလများကို ရှာဖွေရင်း (ဖိလိပ္ပိ ၁း၉ – ၁၁။ ကောလောသဲ ၁း၄ – ၈)၊ ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်၏အလုပ်အတွက် ကျေးဇူးတင်ရှိခြင်းဖြင့် (ဖိလိပ္ပိ ၁း၃ – ၆) လုပ်ဆောင်ရမည်။ အနှစ်ချုပ်အားဖြင့်၊ ကျွန်ုပ်တို့သည် "ကောင်းသော အကျင့် အမျိုးမျိုး တည်းဟူသော အသီးကိုသီးခြင်း၊ ဘုရားသခင်ကို သိသော ဉာဏ်တိုးပွားခြင်း ရှိသ ဖြင့် လည်းကောင်း၊ ဝမ်းမြောက်သောစိတ် နှင့်အရာရာ၌သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလိုငှါ ဘုန်းကြီးသောတန်ခိုးတော်အတိုင်း ခွန်အားပြည့်စုံ" ရမည် (ကောလောသဲ ၁း၁၀)။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

အောက်ပါအကြောင်းအရာများကို ဆင်ခြင်ပါ။ ထို့နောက် သင်၏အတန်းသားများအား ဤ အပိုင်း၏ အဆုံးတွင်ရှိသော မေးခွန်းများကို ဖြေဆိုရန် တောင်းဆိုပါ။

ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့ထံ ကောင်းသောအရာများဖြစ်ပေါ်လာသောအခါ နှစ်

သက်ကြသည်။ ကားအသစ်တစ်စီးဝယ်ယူခြင်း၊ အိမ်တစ်လုံးဝယ်ယူခြင်း၊ နှစ်ပေါင်းများ စွာ ကြိုးစား လေ့လာပြီးနောက် ဘွဲ့ရရှိခြင်း၊ သို့မဟုတ် အန္တရာယ်ရှိသော အခြေအနေမှ လွတ်မြောက်ခြင်း ကဲ့သို့သော အရာများသည် ကျွန်ုပ်တို့၏နှလုံးသားကို ဝမ်းမြောက်ခြင်းနှင့် ကျေးဇူးတင်ခြင်းဖြင့် ပြည့်စုံစေသည်။ သို့သော်၊ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိအရာအားလုံးကို အာရုံစိုက်ကြည့်လျှင်၊ ကျေးဇူးတင်ရန် အကြောင်း အမျိုးမျိုးကို တွေ့ရှိမည်ဖြစ်သည်။ သို့သော်၊ ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်၏ ကောင်းသောအလုပ်ကို အသိအမှတ်ပြုခြင်းထက် ပိုမိုကျေးဇူးတင်ရန် မည်သည့်အရာမှ လှုံ့ဆော်ပေးမည်မဟုတ်ပါ။ အယ်လင်ဝိုက်က ဆိုသည်မှာ၊ "ကျွန်ုပ်တို့၏ စိတ်များသည် ဘုရားသခင်၏ပြင်ဆင်ပေးမှု၏ အရေးပါမှုကို နားလည်ရန် ချဲ့ထွင်ရန် လိုအပ် သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အကျင့်စရိုက်၏ အမြင့်ဆုံး ဂုဏ်ရည်များကို ထင်ဟပ်စေရမည်။ ကျွန်ုပ်တို့သည် ချန်ထားခြင်းကို မခံရသည့်အတွက် ကျေးဇူးတင်ရမည်။"—*That I May Know Him*, p. 302 *(emphasis added)*.

ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းချက်များတွင် ရိုးသားသောကျေးဇူးတင်ခြင်းသဘောထားကို ယူဆောင်လာရန် မျှော်လင့်သည်။ ဥပမာအားဖြင့်၊ ၁သက်သာလောနိတ် ၅း၁၇၊ ၁၈ တွင် "အရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းကြလော့" ဟူသော ညွှန်ကြားချက်သည် "မပြတ်မလပ် ဆုတောင်းကြလော့" ဟူသော အမိန့်ပြီးနောက်တွင် ချက်ချင်း လိုက်လာသည်။ ဤအယူအဆသည် ကျေးဇူးတင်ရန် အကြောင်းအမြဲရှိကြောင်းသာမက၊ ကျွန်ုပ်တို့၏ဆုတောင်းချက်များတွင် ဘုရားသခင်ထံ ကျေးဇူးတင်ခြင်းထုတ်ဖော်မှုများကို ပုံမှန် ထည့်သွင်း သင့်ကြောင်း ဆိုလိုသည်။ ထူးခြားသည်မှာ၊ ပေါလုသည် အရာရာအတွက် ကျေးဇူးတော်ကို ချီးမွမ်းကြလော့" ဟု မပြောဘဲ "အရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းကြလော့" ဟု ပြောသည်။ ဘုရားသခင်က ကျွန်ုပ်တို့အတွက် သူ၏တစ်ပါးတည်းသောသားတော်ကို ပေးအပ်ပြီး ကျွန်ုပ်တို့ အတွက် အသေခံရန် လွှတ်ပေးခဲ့သည့်အချက်သည် နေ့စဉ် ကျေးဇူးတင်ရှိရန် လုံလောက်သော အကြောင်း ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ဆုတောင်းချက်များတွင် ချီးမွမ်းစကားများနှင့် ကျွန်ုပ်တို့၏ နေ့စဉ် ဘဝတွင် ကောင်းသောအမှုများဖြင့် ကျွန်ုပ်တို့၏ ကျေးဇူးတင်ခြင်းကို သရုပ်ပြရမည်။

**မေးခွန်းများ–**

**၁။ သင်သည် မည်သည့်ဝိညာဉ်ရေးရာကောင်းချီးများအတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါသလဲ။ မည်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် ရုပ်ဝတ္ထုဆိုင်ရာ ကောင်းချီးများ အတွက် သူ့ကို ကျေးဇူးတင်ပါသလဲ။**

**၂။ 'အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းကြလော့' နှင့် 'အရာရာအတွက် ကျေးဇူးတော်ကို ချီးမွမ်းကြလော့' ဆိုသည်မှာ အဘယ်အဓိပ္ပာယ်ဖြစ်ပြီး ဤနှစ်ရပ်၌ မည်သည့်အရေးကြီးသော ကွာခြားချက်ရှိသနည်း။**

**၃။ အယ်လင်ဂျီဝှိုက်၏ အထက်ပါကိုးကားချက်တွင် ဖော်ပြထားသည့်အတိုင်း 'ကျွန်ုပ်တို့သည် ချန်ထားခြင်းကို မခံရ' ဆိုသည်မှာ အဘယ်အဓိပ္ပာယ်ဖြစ်သနည်း။ ဤအာမခံချက်အတွက် ကျွန်ုပ်တို့အဘယ်ကြောင့် ကျေးဇူး တင်ရှိသင့်သနည်း။**

*ဇန်နဝါရီ ၁၀-၁၆

# အသက် နှင့် သေခြင်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**မတ်ရန်ကျမ်းချက်များ။** ဖိ ၁း၁၉-၃၀။ ၁ကော ၄း၁၄-၁၆။ ၂ကော ၁၀း၃-၆။ ယောဟန် ၁၇း၁၇-၁၉။ မိက္ခ ၆း၈။ တမာန် ၁၄း၂၂။

**အလွတ်ကျမ်းချက်။** **"ငါ့အသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား၊ သာ၍အကျိုးရှိ၏။"** (ဖိလိပ္ပိ ၁း၂၁)

သေခြင်းတရားသည် ကျွန်ုပ်တို့ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည် ဆိုကြသော်လည်း မှားသော ဖြစ်သည်။ သေခြင်းတရားသည် အသက်နှင့် ဆန့်ကျင်ဘက်ပင် ဖြစ်၍ အသက်၏ ရန်သူပင် ဖြစ်သည်။ ကားတစ်စီးတွင် အပိုင်းအစများဖြင့် တည်ဆောက်သော်လည်း အသက်တွင် မည်သည့် အပိုင်းအစမျှဖြင့် မတည်ဆောက်ပါ။ ရှင်ပေါလုသည် ခရစ်တော်သေခြင်းသည် "ခရစ်တော်သည် အသေခံတော်မူသောအားဖြင့် သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏တန်ခိုးကို ဖျက်ဆီးခြင်းငှါလည်းကောင်း၊ သေဘေးကို ကြောက်၍ တစ်သက်လုံးကျွန်ခံရသူတို့ကို ကယ်လွှတ်ခြင်းငှါ" (ဟေဗြဲ ၂း၁၄၊ ၁၅) ဟုဆို၏။

ရှင်ပေါလုသည် ခရစ်တော်အတွက် သေရန် အသင့်ရှိသော်လည်း သူသည် ရေရှည်ကြမ္မာအတွက် စိတ် ချပြီးဖြစ်သည်။ ယခုလောလောလတ်လတ်တွင် သူ၏ ရှင်ခြင်း သေခြင်းတို့သည် ခရစ်တော်၏ ဂုဏ်တော်အတွက်နှင့် ဖြစ်နိုင်သ၍ သူသည် ဧဝံဂေလိတရား ဟောပြောရန်သာဖြစ်သည်ဆို၏။ သူ၏အမည်နာမဖြင့် ဩဝါဒစာပေါင်းများစွာ ရှိရခြင်းသည်လည်း ထိုအကြောင်းကြောင့် ဖြစ်ရလိမ့်မည်။ ထိုသို့ သူရေးသား ပေးပို့သော ဩဝါဒစာတို့ကြောင့် လူပေါင်းများစွာနှင့် သူကိုယ်တိုင် မရောက်ဘူးသော နေရာများကိုပင် လက်လှမ်းမှီ နိုင်ခြင်း ဖြစ်လေသည်။

အသက်တာသည် တိုတောင်း၍ ဘုရားသခင်ပေးတော်မူသော ကျွန်ုပ်တို့၏ သက်တမ်းနှစ်အတွင်း ဘုရားသခင့်နိုင်ငံတော်အတွက်အကျိုးရှိနိုင်သမျှ လုပ်ကိုင်ရန်သာ ဖြစ်သည်။ ကျွန်ုပ်တို့၏ "စည်းလုံးသောယုံကြည်ခြင်း" ကို အားပေးထောက်မသည့် နေရာတွင် မသေးငယ်စေရန် လိုအပ်သည်။ ယခုအပတ် အစပြုသည်နှင့်ပင် ဤဥပဒေသသည် ရှင်ပေါလုမှ ဖိလိပ္ပိလူတို့ထံစာရေးသားရခြင်း အကြောင်းရင်းတစ်ခုပင် ဖြစ်၏။

* ဇန်နဝါရီ ၁၇ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

**တနင်္ဂနွေနေ့** ဇန်နဝါရီ ၁၁

# 'ခရစ်တော်သည်ကြီးမြတ်လိမ့်မည်'

**ဖတ်ပါ – ဖိလိပ္ပိ ၁း၁၉၊ ၂၀။ ရှင်ပေါလုသည် သူ၏ဒုက္ခဆင်းရဲတို့မှ မည်သည့်ရလဒ် မျှော်လင့်သနည်း။ သူသည် တရားသေလွှတ်ငြိမ်းခြင်းထက် မည်သည့်အရာကို သာ၍အရေးထားသနည်း။**

ရှင်ပေါလုသည် အပြစ်ကင်းစင်လျက်ပင် အကျဉ်းကျရသည်မှာ ယခုတစ်ခါပထမကြိမ်ပင် မဟုတ်ပါ။ သူ့အားနှိပ်စက်ရန် သူစိမ်းလည်းမဟုတ်တော့ပါ။ ကောရိန္သု လူတို့အား မိမိ၏ ဒုက္ခဆင်းရအကြောင်းကို အသေးစိတ်ဖော်ပြသွားရာထောင်ထဲ၌ လှောင်ထားခြင်းကိုအထူးသဖြင့် ခံရသူ၊ သေဘေးနှင့် အကြိမ်ကြိမ်တွေ့ဆုံရ သောသူဖြစ်၏။ ငါးကြိမ်မြောက်အောင် ယုဒလူတို့၏လက်တွင် ဒဏ်ချက်သုံးဆယ့်ကိုးချက်ကို ငါခံ ခဲ့ရပြီ။ သုံး ကြိမ်မြောက်အောင် ကြိမ်လုံးနှင့် ရိုက်ခြင်းကိုဎင်း၊ တစ်ကြိမ်ခဲနှင့် ပစ်ခြင်းကိုဎင်း ခံခဲ့ရပြီ။ သုံးကြိမ်မြောက် အောင် သင်္ဘောပျက်ခြင်းခံခဲ့ရပြီ။ တစနေ့နှင့် တစ်ညဉ့်လုံး ပင်လယ်ထဲမှာ နေရပြီ။ အကြိမ်ကြိမ်ဒေသစာရီ လှည့်လည်ပြီ။ မြစ်ကိုကူးသောဘေး၊ ဓားပြတိုက်သောဘေး၊ အမျိုးသားချင်းပြုသောဘေး၊ တစ်ပါးအမျိုးပြု သောဘေး၊ မြို့၌ ရောက်သောဘေး၊ တော၌ရောက်သောဘေး၊ ပင်လယ်ဘေး၊ ညီအစ်ကိုဖြစ်ယောင်ဆောင် သူပြုသောဘေး၊ ပင်ပန်းစွာအမှုဆောင်ခြင်း၊ အကြိမ်းများစွာ မအိပ်ဘဲစောင့်သောဘေး၊ မွန်သိပ်ခြင်း ရေငတ်ခြင်း၊ အစာရှောင်ခြင်း၊ အချမ်းအအေးခံရခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဤဆင်းရဲခြင်းများကိုငါခံရပြီ" (၂ကော ၁၁း၂၃ – ၂၇)။

ဤဆင်းရဲခြင်းများကို သူသည် အရေးတကြီးထားသည်ထက်၊ ရှင်ပေါလုသည် "ထိုအပြင်အရာမှတပါး အသင်းတော်အပေါင်းတို့ကို စိုးရိမ်သောစိတ်နှင့် ကြည့်ရှုပြုစု၍ နေ့တိုင်း အစဉ်နှောင့်ယှက်ခြင်းကို ငါခံရ၏" (၂ကော ၁၁း၂၈)။

**ဖတ်ပါ – ၁ကော ၄း၁၄ – ၁၆။ ၁သက် ၂း၁၀၊ ၁၁။ ဂလာ ၄း၁၉ နှင့် ဖိလိ ၁၀။ ပေါလုသည် မိမိတည်ထောင်သော အသင်းတော်နှင့်တကွ၊ ခရစ်တော်အတွက်သူအောင်နိုင်ထားသောလူများတို့နှင့်မည်သို့ဆက်စပ်မှုရှိသနည်း**

ယေရှုသည် ကျွန်ုပ်တို့အား ကယ်တင်ရန် အရာခပ်သိမ်းကို စွန့်တော်မူသည် နည်းတူ ပေါလုသည်လည်း ယုံကြည်သူမိတ်ဆွေများအတွက် ကိုယ်ဥစ္စာကို "ကုန်စေခြင်းငှါ" (၂ကော ၁၂း၁၅) အလိုရှိသည်ဆို၏။ သမ္မာတိ ဝိရောဓိတရားအရ၊ ယေရှုနှင့် အသွင်တူလေလေ၊ သူတစ်ပါးတို့၏ ချစ်ခြင်းနှင့် လက်ခံခြင်း လျော့ကျလေလေ ဖြစ်သည်။ "ယေရှုခရစ်၏တရားတော်နှင့်အညီ ဘုရားဝတ်၌မွေ့လျော်လိုသူတို့သည် ညှင်းဆဲခြင်းကို ခံရကြ လိမ့်မည်" (၂တိ ၃း၁၂)။ သို့တိုင်အောင်သစ္စာတည်သော ခရစ်ယာန်တို့သည် ထာဝရဘုရား၏ ဘုန်းတော်ကြီး စေနိုင်ရန်နှင့် ဧဝံဂေလိတရား၏ သမ္မာတရားအား ဖော်ပြနိုင်သော တန်ခိုးအပါဆုံး လမ်းစဉ်၌ ကျန်ရစ်နေကြလိမ့်မည် (ဖိလိပ္ပိ ၁း၇)။ မမှန်မကန်ဘဲကြာမြင့်စွာ အချုပ်ကျနေစဉ်တွင်ပင် ပေါလု၏ စိတ်ရှည်ခြင်းနှင့် ရွှင်လန်းခြင်း၊ သစ္စာစောင့်သိခြင်းတို့သည် အဆက်မပြတ် တရားဟောပြောနေခြင်းပင် ဖြစ်၏" (အဲီးရီဝှိုက်။ တမာန် တော်တို့၏ လုပ်ဆောင်ချက်များ။ စာ၊ ၄၆၄)။

**သင်၏အသက်တာပုံစံနှင့်သူတစ်ပါးအား သင်ဆက်ဆံပုံတို့အား ပြန်ကြည့်လိုက်ပါ။ အထူးသဖြင့် သင်၏ ကောင်းမှုတွေပေါ့မျာ။ ယေရှုအတွက်မည်သည့်ပုံစံဖြင့် သက်သေပြုသနည်း။**

## သေလျှင်မူကားသာ၍မြတ်၏

သင်သတိမပြုမိသောအရာမှာ ယုံကြည်သူ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသော အမှားအမှန်တိုက်ပွဲတွင် ပါဝင်နေကြ၏။ ဤစကြာဝဠာပဋိပက္ခကြီးတွင် ကျွန်ုပ်တို့သည်လည်းတစ်နည်းမဟုတ်တစ်နည်း ကြုံကြိုက်ရသည် ဖြစ်၍၊ မည်သည့်နေရာမည်သည့်အချိန်တွင် ဖြစ်ဖြစ်မိမိတို့သေသည်တိုင်ကြုံရပါလိမ့် မည်။

**ဖတ်ပါ – ၂ကော ၁၀း၃–၆။ ကျွန်ုပ်တို့ဆင်နွှဲနေသော ဝိညာဉ်ရေးတိုက်ပွဲ၏ အခြေခံအကြောင်းရင်းသည် အဘယ်နည်း။ ကျွန်ုပ်တို့၏လက်နက်သည်လည်းအဘယ်နည်း။**

အကောင်းဆုံးသောဝိညာဉ်ရေးလက်နက်တို့မှာ၊ ကောင်းသော၊မကောင်းသောအကြံအစည်တို့ပင် ဖြစ်သည်။ စာတန်သည် ပြစ်တင်ဝေဖန်ခြင်း၊ လှည့်ဖြားခြင်း၊ စိတ်ကသိကအောက်ဖြစ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ မိတ်ဆွေတို့၏ဖိအားနှင့် ခရစ်ယာန်တို့မှ အသုံးမပြုဘူးသောအရာများအား အသုံးပြုသည်။ ၎င်းတို့အစား ကျွန်ုပ်တို့သည် မေတ္တာ၊ ကရုဏာ၊ ငြိမ်သက်ခြင်း၊ နူးညံ့ခြင်း၊ သည်းခံခြင်း၊ ကောင်းမြတ်ခြင်းနှင့် ချုပ်တီးခြင်းတို့ကို အသုံးပြုရပါမည်။ ကျွန်ုပ်တို့အတွက် တန်ခိုးအကြီးဆုံးတန်ခိုးသည် "ထာဝရဘုရား၏နှုတ်ကပတ်တရား" ဖြစ်၍ပညာသတိရှိစွာ ဝိညာဉ်တော်အားဖြင့် အသုံးပြုရပါမည် (ဧ ၆း၁၇)။ ထာဝရဘုရားသည်သာ လူသား၏ စိတ်နှလုံးသို့ သမ္မာတရားကို ယူဆောင်နိုင်သည်။ ထာဝရဘုရား၏ အလိုတော်အား ပြည့်စုံသေရန် ကျွန်ုပ်တို့ သည် အသုံးတော်ခံပစ္စည်းများသာ ဖြစ်ကြသည်။

**ဖတ်ပါ – ဖိလိပ္ပိ ၁း၂၁၊ ၂၂။ ပေါလု၏ဆိုလိုရင်းအား အထူးသဖြင့် အမှားအမှန်တိုက်ပွဲအကြောင်းကို ကျွန်ုပ်တို့မည်သို့နားလည်သနည်း။**

တိုက်ပွဲသည် ဝိညာဉ်ရေး သက်သက်ဖြစ်သဖြင့်၊ ကျွန်ုပ်တို့သည် စိတ်ဓာတ်နှင့် အာနိသင်ဖြင့်ပါဝင် နေရပါသည်။ ခရစ်တော်သည် ထိုစစ်ပွဲကို ကပ်တိုင်၌ အောင်ခဲ့သည်ဖြစ်ရာ၊ သူနှင့် ဆက်သွယ်နေသ၍ သေသည်တိုင်အောင် ရှုံးနိမ့်နိုင်ခြင်း မရှိပါ။ ပေါလုသည် ဤလောက၌ ဖြစ်သမျှသောအရာအား မိမိအသက်ကို စတေးခဲ့ပြီးဖြစ်ရာ၊ မည်သို့ပင်မှားယွင်းနေသည်တိုင် သူ၏အသက်နှင့်အနာဂတ်ကို အထက်ရုံးချုပ်သို့ အပ်နှံခဲ့ပြီး ဖြစ်သည်။

ခရစ်ယာန်တို့သည် မှန်ကန်နေသည့်တိုင် မိမိတို့၏ အခွင့်အရေးအတွက် မတိုက်ခိုက်သင့်ပါ။ "အင်အား ကြောင့် မှန်ကန်သည်မဟုတ်။ မှန်ကန်ခြင်းသည်သာ အင်အား" ဖြစ်သည်။ ထာဝရဘုရား၏ အလိုတော်သို့ ဆက်ကပ်ခြင်းသည် ဂုဏ်ရှိ၏။ မိမိတို့ ရင်ဆိုင်နေရသော တိုက်ပွဲစုံတို့အား အောင်နိုင်သော တစ်ခုတည်းသော နည်းလမ်း ဖြစ်၏။ ထိုသို့ဖြင့် စံပြုထိုက်သော ထာဝရဘုရား၏အလိုတော်သို့ ဆက်ကပ် ခြင်းကိုရှင်ပေါလုသည် ဖိလိပ္ပိ ၂ တွင် ယူဆောင်ခဲ့လိမ့်မည်။

**အမှားအမှန်မဟာတိုက်လှန်ပွဲကို ယခုပင် သင်ခံစားနေရသည့် နည်းလမ်းများ ရှိပါသလား။ ခရစ်တော် သည် ထိုစစ်ပွဲကို အောင်နိုင်ခဲ့ကြောင်း သိခြင်းသည် သင့်အား မည်ကဲ့သို့စိတ်သက်သာခြင်းပေးနိုင်သနည်း။**

**အင်္ဂါနေ့** ဇန်နဝါရီ ၁၃

# ယုံကြည်စိတ်ချမှုရှိခြင်း

**ဖတ်ပါ – ဖိလိပ္ပိ ၁း ၂၃၊ ၂၄။ ပေါလုသည် 'စုတေ့၍ခရစ်တော်နှင့်အတူနေခြင်း' ဟုဆိုခြင်းသည်မည်သည့်အနက် ရှိသနည်း။**

ယခု သင်ခန်းစာတွင် ရှင်ပေါလုသည် သေသူနှင့် ရှင်သူတို့အကြားကွာဟမှုကို ဆွေးနွေး၏။ ခရစ်ယာန်တို့သည် ခရစ်တော်အတွက် အသက်ရှင်သည်နည်းတူ လိုအပ် ပါက အသေပါခံကြ၏။ ထိုအာရုံတွင် ကျွန်ုပ်တို့၏ သက်သေခံခြင်းသည် သာလွန် တန် ခိုးနှင့်ဆွဲဆောင်နိုင်သောကြောင့် "အကျိုးရှိသည်" (ဖိ ၁း ၂၁) ဆို၏။ တစ်စုံတစ်ဦးသည် မိမိ ယုံကြည်ခြင်းအတွက်သေရန်ပင်ဆန္ဒရှိလာပါက ယုံကြည်ခြင်းရှိသည် ဆိုရ၏။

သို့သော်လည်းသေသောသူသည် အမှန်သေသည်ဟု သတ်မှတ်ရမည်။ သူတို့ သည် "အဘယ်အရာကို မျှမသိ" (ဒေ ၉း၅။ ယော ၅း ၂၈) ဟုဆို၏။ ဤသည်တို့ကြောင့် သေလွန်သော လာဇရုနှင့်ပတ်သက်၍ ယေရှုသည် "ငါတို့အဆွေလာဇရုသည် အိပ် ပျော်၏။ သူ့ကိုနိုးခြင်းအလို့ငှါ၊ ငါသွားမည်" (ယော ၁၁း၁၁) ဟု မိန့်တော်မူရခြင်းဖြစ်၏။

လူတို့သည်သေသောအခါ ချက်ခြင်းပင် ကောင်းကင်သို့ရောက်ခဲ့သော် လာဇရု အတွက်တွေးတော ကြည့်ပါ။ လာဇရုသည် ပါရဒိတွင် လေးရက်လုံးလုံး ပျော်မြူးပြီး နောက်၊ ကောင်းကင်တမန်တစ်ပါးလာရောက်၍ "သတင်းဆိုးပါတယ် လာဇရုရေ၊ ဝမ်း နည်းပါတယ်။ လောကသို့ပြန်သွားဖို့ ယေရှုခေါ်နေတယ်။ ဒီမှာနေလို့ မရတော့ပါ" ဟူ၍ ပင်။ ကျွန်ုပ်တို့သည် ယုတ္တိတန်သောအမှားနောက်သို့ လိုက်ရောက်သောအခါ၊ မည်မျှ ပင် မှားယွင်းကြောင်း သိရှိရ၏။ သေခြင်းသည်အိမ်မက်ကင်းသော အိပ်ပျော်ခြင်း ဖြစ် ၍၊ ယေရှုသည် ဒုတိယအကြိမ် ကြွလာသောအခါ သစ္စာရှိသောသူများအားခေါ် နိုးထရ မည့်သူများဖြစ်၏။ အသက်ရှင်နေသေးသော သန့်ရှင်းသူတို့နှင့် အတူ ယေရှုနှင့်အတူ ထာဝရစိုးစံရန် ကောင်းကင်သို့ ဆောင်ယူခြင်းခံရကြမည် ဖြစ်၏ (၁ သက် ၄း၁၆၊ ၁၇)။

ရှင်ပေါလုသည် ခရစ်တော်နှင့်နေရန် ဤဘဝမှ "စုတေ့ရသော အချိန်ရောက်လေ ပြီ" ဟုဆိုရာတွင် ခရစ်တော်အားဖြင့် ညှင်းဆဲခြင်းဖြင့်စုတေ့ခြင်း (၂တိ ၄း၆) ဖြင့်၊ "သေခြင်းဖြင့်ပြန်ရှင်ရန်" (ဖိ ၃း၁၁) ဖြစ်၏။ သူသည် စုတေ့၍ မျက်စိမှိတ်ခဲ့ပြီးနောက်၊ အရင်ဦးဆုံး ကြုံတွေ့ရမည့်အရာသည် မျက်စိတစ်မှိတ်တွင်၊ ယေရှုအား ရှုမြင်ရ၍၊ ထာဝရဘုရား၏ လူတို့နှင့်အတူ၊ ယေရှုသည် သူ့အားချစ်သောသူတို့အတွက် ပြင်ဆင် ထားပေးသောနေရာသို့ခေါ်ဆောင်ခြင်းကိုသိရှိမည်ဖြစ်၏ (ယော ၁၄း၃။ ၁ကော ၂း၉)။

ရှင်ပေါလုသည် ခရစ်တော်အတွက် သေရန်ပင်ဆန္ဒရှိသည့်တိုင်၊ ဖိလိပ္ပိလူတို့ အတွက် "ကိုယ်ခန္ဓာ၌နေလျှင်" (ဖိ ၁း၂၄) အကျိုးရှိသည်ဆို၏။ ခရစ်ယာန်တို့သည် လည်းခရစ်တော်အတွက်ရှင်ကောင်းခြင်းနှင့် သေကောင်းခြင်းတို့သည်ဖြေဆိုရခက်ခဲ လှသည်။ ရှင်ပေါလုသည်လည်း အသက်ရှင်ခြင်းနှင့် သင်ချိုင်းတွင် နားနေရခြင်း "ထို အကျိုးနှစ်ပါး၏ကြား၌ ကျဉ်းမြောင်းစွာနေရသည်" (ဖိ ၁း ၂၃) ဆို၏။

**မည်သူမျှသေရန်ဆန္ဒမရှိကြသည်နည်းတူ၊ သင်၏သေမည့်အချိန်အား သင်မှန်းဆမိသောအခါ၊ အရင်ဦး ဆုံးသင်တွေ့ရမည့်အရာသည် ယေရှုကြွလာခြင်းဟုတ်ပါသလား။ ဤအတွေးအခေါ်သည် ရှင်ပေါလု၏ အတွေးအခေါ်အား နားလည်ရန်မည်သို့ထောက်ပံ့သနည်း။**

# တစ်လုံးတစ်ဝရပ်တည်ခြင်း

တပည့်တော်တို့အား ယေရှု၏ နောက်ဆုံး ဆုတောင်းခြင်းသည် လိုရင်းတစ်ခု တည်း စိုးမိုးရာ၊ စည်းလုံးခြင်းဖြစ်၏။ ယေရှုသည် ကပ်တိုင်တစ်ဘက်ကျော်လွန်လျက် သူနှင့် ခမည်းတော် ပြန်လည်စည်းလုံးခြင်း၊ ကျွန်ုပ်တို့နှင့် စည်းလုံးခြင်းရှိစေခြင်းငှါ၊ "အိုအဘ၊ ကိုယ်တော်သည် ဤကမ္ဘာမတည်မရှိမီ အကျွန်ုပ်ကိုချစ်၍ အကျွန်ုပ်အား ပေးတော်မူသော ဘုန်းတော်ကိုအကျွန်ုပ်အားပေးတော်မူသော သူတို့သည် ရှုမြင်ရမည် အကြောင်း အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်ရှိနေစေခြင်းငှါ အကျွန်ုပ် အလိုရှိပါ၏" (ယော ၁၇း၂၄)၊ ထာဝရဘုရားသည် သူ့သားသမီးတို့အားစောင့်မ၍ "ကိုယ်တော်နှင့် ကျွန်ုပ်သည် တစ်လုံး တစ်ဝတည်းဖြစ်သကဲ့သို့ သူတို့သည် လည်းဖြစ်စေရန်" (ယော ၁၇း၁၁) ဟုတောင်း လျှောက်၏။ ယေရှုသည် မစည်းလုံးခြင်း၏ ကြောက်မက်ဖွယ်အကျိုးဆက်တို့ကိုပါ ဖော်ပြ ရာ၊ မြောက်များစွာတို့ကလည်း မယုံမကြည် ဖြစ်ကြသေးသည်။ ဤဆုတောင်းချက်တို လေး ခမည်းတော်နှင့်သူသည် တစ်လုံးတစ်ဝ ဖြစ်သည်နည်းတူ "ခမည်းတော်သည် သူ့ အား လောကသို့ စေလွှတ်သည်ကို လောကသည် ယုံကြည်မည်အကြောင်း" (ယော ၁၇း၂၃) နှစ်ကြိမ်တိုင်အောင် တောင်းဆို၏။

**ဖတ်ပါ – ဖိလိပ္ပိ ၁း၂၇ နှင့် ယော ၁၇း၁၇ – ၁၉။ အသင်းတော်တွင် တစ်လုံးတစ်ဝ ရပ်တည် ခြင်းသည် မရှိမဖြစ် သည်ကိုယေရှုနှင့် ပေါလုတို့သည် မည်သို့ပြောဆိုကြသနည်း။**

ဖိလိပ္ပိ ၁း၂၇ တွင် "ရှိသမျှသောအမှုအရာ" ဟူသောစာကြောင်းသည် ဂရိဘာသာ *politeuomai* မှ ဆင်းသက်လာသည် ဖြစ်ရာ "နိုင်ငံသားကောင်း" လောကနိုင်ငံသား တင်မက၊ ကောင်းကင်နိုင်ငံသားကိုပင်ဆိုလို၏။ တောင်ပေါ်ဒေသနာတွင် ကောင်းကင် ခမည်းတော်၏သားသမီးများ၊ နိုင်ငံသားဖြစ်သူတို့အား လုပစ္စာသုံးနှုန်းသောစကား သည်၊ စိတ်နှိမ့်ချသူ၊ စိတ်နူးညံ့သိမ်မွေ့သူ၊ ဖြောင့်မတ်ခြင်းအား ဆာလောင် ငတ်မွတ်သူ၊ သနား စုံမက်တတ်သူ၊ စိတ်နှလုံးဖြူစင်သူ၊ ခိုက်ရန်ဖြစ်ခြင်းကိုငြိမ်းစေသူ၊ ပါးတစ် ဘက်လှည့် ပေးသူ၊ ရန်သူအားချစ်သူ၊ ကျိန်ဆဲသောသူအား ကောင်းကြီးပေးသူ၊ မုန်းသောသူအား အကောင်းဖြင့်တုံ့ပြန်သူ စသဖြင့်၊ အတိုချုံးလိုက်ပါက "တရားသဖြင့်ပြုခြင်း၊ ဂရုဏာကို နှစ်သက်ခြင်း၊ ဘုရားရှေ့၌နှိမ့်ချခြင်းဖြင့်ကျင့်နေခြင်း" (မိ ၆း၈) ဖြစ်၏။

ထိုကောင်းလွန်း သယောင်ဖြစ်သော လူများအား ကျွန်ုပ်တို့မှ သိက္ခာကျသည်ဟု ထင်တတ်သည်။ ထိုသို့ကောင်းလွန်းသယောင်ဖြစ်သူတို့၏အားနည်း ချက်ကိုနိုက်ထုတ် ကာ သူ၏ကောင်းမှုကိုလျှော့ချပေးခြင်းဖြင့် မိမိတို့ကိုယ်ကို စိတ်သက်သာစေ တတ်၏။ ထို သို့ပြုသည်ထက်၊ အချစ်ကြင်နာပိုခြင်း၊ သဘောထားကြီးခြင်း၊ ဂရုဏာသက်ခြင်းနှင့် နှိမ့်ချ ခြင်း မည်မျှ ရှိ သည်ကိုမမြင်တွေ့ကောင်းသနည်း။

အဲလင်ဂျီဝိုက်သည် ၎င်းတို့ကို "ဘုရားအားချစ်သည်ထက် လောကနှင့်၎င်း၏ အကျိုး အမြတ်အား သာ၍ ချစ်သူ" (အသင်းတော်သြဝါဒစာ။ တွဲ၅။ စာ၊ ၂၇၇) ဟုဆို၏။

အသင်းတော်တွင် မာန်မာနမှ မစည်းလုံးခြင်း ပေါ်ပေါက်လေ့ရှိသည်။ "မာန်မာန နှင့် လောကတပ်မက်ခြင်းကို ရင်ဝယ်ပိုက်သောအခါ၊ ခရစ်တော်၏ဝိသေသသည် ထွက်သွား ၍၊ ပြိုင်ဆိုင်ခြင်း၊ သဘောကွဲလွဲခြင်းနှင့် ဝိရောဓိရန်းကန်ခြင်းတို့ရှိလာကာ၊ အသင်းတော် သည် စိတ်ပျံ့လွင့်ခြင်းဖြင့်အားနည်းလာစေ၏" (အသင်းတော်သြဝါဒစာ။ တွဲ၅။ စာ၊ ၂၄၁)

# ညီညွတ်၍အကြောက်တရားကင်းခြင်း

**ဖတ်ပါ – ဖိလိပ္ပိ၊ ၁း၂၇–၃၀။ ကျွန်ုပ်တို့၏ညီညွတ်ခြင်းနှင့် "ဧဝံဂေလိတရားနှင့်ဆိုင်သော ယုံကြည်ခြင်း အဖို့ အလိုငှါ၊ တစ်ညီတစ်ညွတ်တည်းကြိုးစားအားထုတ်" ဆိုသည်နှင့် အကြောက်တရားကင်းခြင်းတို့သည်မည်သို့ သက်ဆိုင် သနည်း။**

စာတန်၏ဗျူဟာသည် ခွဲခြမ်း၍ အနိုင်ယူခြင်းဖြစ်သည်။ မညီညွတ်ခြင်းသည် စက်ဆုပ်ဖွယ်ကောင်း၏၊ "အိမ်သည်လည်းမိမိနှင့်မသင့်တင့် ကွဲပြားလျှင် မတည်နိုင်ရာ" (မာ ၁း၂၅)၊ မိမိတို့၏အမေ့သန်ခြင်းကို စာတန်သည် နှစ်သက်သည်မှာ ရိုးရှင်းသော ဥပဒေသတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ ညီညွတ်ခြင်းသည် ကျမ်းစာ၏ ဗျာဒိတ်ချက်ဖြစ်သော ကျန်ကြွင်းသူတို့၏ဝတ္တရားစုံလင်စေရန် (ဗျာ ၁၂း၁၇)၊ "ထာဝရ ဧဝံဂေလိတရား" ကို "လူမျိုးနွယ်ခပ်သိမ်းတို့အား ကြွေးကြော်ခြင်း" တွင် ထောက်မနိုင်သည် (ဗျာ ၁၄း၆)။ ယေရှု၏ဆုတောင်းခြင်း ယောဟန် ၁၇ တွင် ကောက်နုတ်ထားသော "သမ္မာတရား" တည်းဟူသော ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ညီညွတ်စေသောသော့ချက်ဖြစ်ရာ (ယော ၁၇း၁၇၊ ၁၉) ၎င်းကိုပျံ့နှံ့ စေရန် ထိုညီညွတ်ခြင်းသည် အရေးပါလှ၏။ ထိုသတင်းစကားသည် အမှုတော်အပါ ညီညွတ်ခြင်းနှင့် ခွဲခြားမရနိုင်ပါ။ ထိုသုံးခုလုံးတို့သည် တစ်ထပ်တည်းကျ၏။ ၎င်းသော့ချက်တစ်ခုမပါဘဲ မအောင်မြင်နိုင်ပါ။ ဤ သုံးခုလုံးနေရာကျစေပါက ကြောက်စရာမရှိတော့ပါ။ ရန်သူများ အား "ကြောက်ရွံ့ရန်" မလိုတော့ပါ (ဖိ ၁း၂၈)။ စာတန်သည် ကျရှုံးပြီးသော ရန်သူတည်း။ မိမိတို့၏ ယုံကြည်ခြင်းအတွက် သေဒဏ်ကျခံရသည်တိုင် ကျွန်ုပ်တို့သည် "ကောင်းသော တရားကို ကျင့်သောသူဖြစ်သဖြင့်" (၁ပေ ၃း၁၃) မည်သူမျှ မညှင်းဆဲ နိုင်ပါ။ ထာဝရ ဘုရား ၏ တရားတော်ရှေ့သို့ချီရာတွင် မာရ်နတ်သည် တားဆီးနိုင်ရန် တန်ခိုးမရှိပါ။

**အောက်ပါကျမ်းချက် တို့ကို ဖတ်ရှု၍ ၎င်းတို့၏အလားတူသောဥပဒေသတို့ကို အတိုချုံးပေးပါ။ မဿဲ ၁၀း၃၈။ တမန် ၁၄း၂၂။ ရောမ ၈း၁၇။ ၂တိ ၃း၁၂။**

ကျဆုံးသောဤလောကတွင် အကောင်းဆုံးအသက်ရှင်ရသည်ပင် ခက်ခဲလှ၏။ ယောဘသည်လဲ ဖြောင့်မတ်သူတစ်ဦးဖြစ်ရာ၊ ထာဝရဘုရားကိုယ်တော်တိုင်သည် "စုံလင်ဖြောင့်မတ်ခြင်းရှိ၍ ထာဝရဘုရားအား ကြောက်ရွံ့သူ မကောင်းသော အကျင့်ကို ရှောင်သူ" (ယောဘ ၁း၁) ဖြစ်သည်။ ညတွင်းချင်းပင် သူနှင့် သူ့မိသားစုအား ကပ်ဘေးဆိုက်လေတော့၏။ မိမိ၏ကိုယ်တွေ့ဘဲဖြစ်စေ၊ သူတစ်ပါးအားဖြစ်ပျက်ခြင်းဖြင့်ဖြစ်စေ၊ ဤအသက်တာသည် ချောက်ကမ်းပါးတွင် ရောက်နေကာ၊ ချော်ကျမည့် အချိန်ကို မသိရသကဲ့သို့ မဖြစ်ဘူးသူ ရှိမည်နည်း။ ကျွန်ုပ်တို့သည် အများအားဖြင့် ဒုက္ခဆင်းရဲခံနေရပါသည်။ နောက်ဆုံးတွင်မူ အခြားအရာများတို့ထက် ခရစ်တော်အတွက် ဆင်းရဲရခြင်းသည် သာ၍ကောင်းပေ၏။

**မိမိတို့ ခရစ်ယာန်တို့သည် ဒုက္ခဆင်းရဲ ကာလတွင်ပင် မည်သည့် မြော်လင့်ခြင်းနှင့် နှစ်သိမ့်ခြင်းရနိုင်မည်နည်း။**

**ထပ်မံစဉ်းစားရန် –** "စင်တင်နှိပ်စက်ခြင်း၊ မီးရှို့သတ်ရာတိုင်၊ မြေအောက်အကျဉ်းတိုက် နှင့် လိုင်ဂူများတွင်မာတူရတို့၏အောင်ပွဲကြွေးကြော်သံများကို သူကြားရသည်။ ကယ်တင်ရှင်သည် တည်ကြည်သော ဝိညာဉ်များ၏ ဆင်းရဲမွဲတေခြင်း၊ ဖိနှိပ်ခံရခြင်း၊ နှိပ်စက်ခြင်း တွေ့ခံရသော်လည်း မကြောက်မရွံ့ခြင်း၊ မိမိတို့ယုံကြည်ခြင်းအတွက် "ကျွန်ုပ်ယုံကြည်သော သူကို ကျွန်ုပ်သိ၏" ဟုသက်သေခံခြင်းကို ကြားရသည်။ မိမိတို့၏ ယုံကြည်ခြင်းအတွက် အသက်စတေးရသူတို့သည် သူတို့ယုံကြည်သောသူသည် အဝေးဆုံးသူကိုပင်လျှင် ကယ်တင်နိုင်သည်ဟု ကမ္ဘာသို့ကြွေးကြော်ကြသည်" (အီးဂျီဝှိုက်။ တမန်တော်တို့၏ လုပ်ရပ်များ။ စာ၊ ၅၇၁၂)။

"ယနေ့ခရစ်ယာန် လောကတွင် ယုံကြည်ခြင်းကွဲပြားခြင်းများပြားသကဲ့သို့ မည်သည့်အခါမျှမဖြစ်ခဲ့ဘူးပါ။ တမန်တော်များ၊ ပရောဖက်များ၊ ဧဝံဂေလိအမှုဆောင်များ၊ သိက္ခာတော်ရှိဆရာများနှင့်ကျောင်းဆရာများ (ဧ ၄း၁၁ – ၁၃) တို့သည် ရှေးဦးအသင်းတော်များအား ညီညွတ်စွာရပ်တည်စေခဲ့သည်မှာ ယနေ့ထိပင်ဖြစ်၍ ထိုညီညွတ်ခြင်းကို ပိုမိုရှင်သန်စေသင့်သည်။ နောက်ဆုံးသောနေ့ရက်တို့၏ အသင်းတော်ကိုလည်း ပြန်လည် သစ်ဆန်းစေရန် အနာဂတ်ဗျာဒိတ်စာစောင်တို့တွင် ထာဝရဘုရား၏ အလိုတော်ဖြစ်သည်ဆို၏။ ထာဝရဘုရားသည် ဇီအုန်အား ပြန်ယူဆောင်လာသောအခါ ကင်းစောင့်သောသူသည်မျက်လုံးချင်းဆုံ လျက်ကြည့်ရှုမည်ဆို သည်။

ဤတင်မက အဆုံးရောက်မည့်ချိန်ကိုပညာရှိသောသူမှ သိလိမ့်မည်။ ဤအချက်တို့စုံလင်လာသောအခါ၊ ထာဝရဘုရားမှ ပညာရှိသူအဖြစ် သတ်မှတ်သောသူတို့သည် ယုံကြည်ခြင်းတွင် ညီညွတ်လျက်၊ ကိုယ် ကြုံတွေ့ရသူတို့နှင့်အတူ နားလည်သဘောပေါက်ကြလိမ့်မည်။ ဤအတွေးအခေါ်တို့အား ဆင်ခြင်ကြည့်လိုက် သောအခါ အသင်းတော်၏စုံလင်ခြင်းသည်လည်း အနာဂတ်တွင် ရှိနေသေးသည်ဟုဆိုရပါမည်။ ထို ဆုလာဘ်တို့သည်လည်း မိမိတို့၏ ရည်ရွယ်ချက် မစုံလင်နိုင်ကြသေးပါ" — R. F. Cottrell, "Introduction," in Ellen G. White, *Early Writings*, p. 140.

**ဆွေးနွေးရန်မေးခွန်းများ –**

**၁ အထက်က R.F. Cottrell ၏ စကားအရ ထာဝရဘုရား၏ အသင်းတော် ညီညွတ်ခြင်းရှိရန် သန့်ရှင်းဝိညာဉ်သည် မည်သည့်အရာ ယူဆောင်လာရ မည်နည်း။ အနာဂတ္တိ စကားများကို လက်တွေ့အသုံးပြုရန် မည်မျှအရေးကြီးသနည်း။**

**၂ သေလွန်ပြီးသော ပေါလုနှင့် အခြားခရစ်ယာန်တို့သည် ကောင်းကင်ရောက်သည်ဟု ယုံကြည်သူတို့အား ကျမ်းစာသည်သေခြင်းအကြောင်းဆွေးနွေးထားသည်ကို မည်သို့ရှင်းပြမည်နည်း။**

**၃ ဤလောက၏ ကြောက်မက်ဘွယ်ကောင်းသောဒုက္ခဆင်းရဲတို့ကို မည်သို့နားလည်ရမည်နည်း။ အများအမှန်တိုက်ပွဲဖြစ်ရပ်တို့ကြောင့် ၎င်းတို့ကို မည်သို့နားလည်စေသနည်း။ နောက်ဆုံးတွင် ကပ်တိုင်ပေါ်က ယေရှုကို ကြည့်လျက် ဘုရားသခင်၏ မေတ္တာကိုနားလည်လျက်၊ ဆိုးယုတ်သောကာလတွင်ပင် မည်သို့ယုံကြည်ကြရမည်နည်း။**

# ဥဒေါင်းများက ကယ်တင်သူများ

အိန္ဒိယနိုင်ငံ၊ ဘန်ဂလိုမြို့ရှိ သတ္တမနေ့မြော်လင့်ခြင်း၏ Sunshine Children's အိမ်နှင့် ကျောင်း၏ ညွှန်ကြားရေးမှူး ဘူလာဖာနန်ဒက်စ်သည် မြွေဟောက်ငယ်များ ပေါက်ဖွားလာမှု ကြောင့် စိုးရိမ်ထိတ်လန့်ခဲ့သည်။ စိုးရိမ်ရမည့် အကြောင်းပြချက်ကောင်းတစ်ခုမှာ လွန်ခဲ့သော ငါးနှစ်က ကလေးတစ်ဦးသည် သရက်ပင်စိုက်ခင်းထဲတွင် မြွေဟောက်တစ်ကောင်၏ ပေါက် ခံ ခဲ့ရသည်။ ဆေးရုံသို့ အလျင်အမြန် ပို့ဆောင်ခဲ့သော်လည်း၊ သူသည် ခွဲစိတ်မှုများစွာနှင့် တစ်နှစ်ကြာ ရှုပ်ထွေးသော ကုသမှုများကို ခံယူခဲ့ရပြီးမှ ပြန်လည်သက်သာလာခဲ့သည်။

မြွေဟောက်ငယ်များသည် ဧက ၁၀ ကျယ်ဝန်းသော ကျောင်းဝင်းတွင် နေရာ အနှံ့တွင် ရှိ နေပုံရ၏။ လမ်း၊ ဥယျာဉ်ထဲ၊ ကားအောက်၊ ဘူလာ၏ အိမ်တံခါး အပြင်ဘက် တွင်ပင် တွေ့ရ၏။

"အိုဘုရား၊ ဤနေရာသည် ကလေးများအတွက် ဘေးကင်းရာ နေရာဖြစ်စေလိုပါ၏။ ကျေးဇူးပြု၍ ကူညီမစတော်မူပါ" ဟု သူမဆုတောင်းလိုက်သည်။ မြွေဖမ်းသူများသည် မြို့ပြ အ ဆောက်အဦများနှင့် ပိတ်ထားသောနေရာများတွင်သာ မြွေဖမ်း ကျွမ်းကျင်သည်။

သရက်၊ ငှက်ပျော၊ ပိန္နဲ၊ ဆပိုတာ၊ သဘော်၊ ကျွဲကော၊ ထောပတ်၊ အုန်း၊ မာလကာသီး၊ သဘော်သဖန်းသီး၊ ပင်မှည့်သီး နှင့် ဆောက်ဆိုပ်သီးများကို စိုက်ပျိုးထားသည့် ဧက ၁၀ ကျယ် ဝန်းသော ကျောင်းဝင်းတွင် မြွေငယ်များကို ရှာဖွေရန်မှာ ခက်ခဲသော အလုပ်ဖြစ်၏။ ဝန်ထမ်း များ နှင့် ကလေးများသည် စိတ်အားထက်သန်စွာ ဆုတောင်းခဲ့ကြ သည်။

ဝန်ထမ်းတစ်ဦးက ကျောင်းဝင်းအတွင်း ဥဒေါင်းတစ်ကောင်ကို တွေ့လိုက်သည်။ ဖြစ်နိုင်ပါ့ မလား။ မြို့ပြကြီးတစ်ခုအလယ်ရှိ ကျောင်းဝင်းထဲမှာ ဥဒေါင်းများသည် အဆိပ်ပြင်းမြွေများကို စားသောက်ကြသည်ဟု လူသိများ၏။ ထို့နောက် မကြာမီတွင် ဝန်ထမ်းတစ်ဦးက ဒုတိယ ဥဒေါင်း နောက်တစ်ကောင်ကို ထပ်မံ တွေ့ရှိခဲ့သည်။ရက်အနည်းငယ်အကြာတွင် ဝန်ထမ်းများ နှင့် ကလေးများသည် ဥဒေါင်းတစ်ကောင်နှင့် ၎င်း၏စုံဖက်ဖြစ်သော ဥဒေါင်းမတစ်ကောင်တို့ ဥယျာဉ်ထဲတွင် တင့်တယ်စွာ လှည့်လည်သွား လာ နေသည်ကို မြင်တွေ့ခဲ့ကြသည်။

လူတိုင်းသည် တောက်ပြောင်သော အပြာရောင်ဥဒေါင်းသည် ၎င်း၏ မျက်လုံးပုံစံများဖြင့် ပြီးသောအမွေးအတောင်ရှည်များကို ဖွင့်လှစ်ပြသသည်ကို အံ့ဩတကြီး ကြည့်ရှုခဲ့ကြ၏။ ထို ညနေပြီးနောက်၊ မြွေဟောက်ငယ်များ ပျောက်ကွယ်သွားခဲ့သည်။

မြွေဟောက်များ ပျောက်ကွယ် သွားသော်လည်း၊ ဥဒေါင်းများသည် ကလေးများနှင့် ဝန်ထမ်းများအတွက် တင့်တယ်သော အုပ်ထိန်းသူများကဲ့သို့ ကျောင်းဝင်းအတွင်း ဆက်လက် ရှိနေ ခဲ့သည်။ ယနေ့တိုင် ကလေးများသည်လည်း လှပသောငှက်ကို ကြည့်ရှုရန် လာကြ သည်။ ဥဒေါင်းများသည် ၎င်းတို့၏ အားကြိုးမာန်တက် ဆုတောင်းမှုများအတွက် အဖြေ ဖြစ် သည်ဟု ဘူလာ ယုံကြည်သည်။ နှစ်ပေါင်း ၄၅ အတွင်းကျောင်းနှင့် ကလေးများအိမ်၏ သမိုင်းတွင်၊ ယခင်က ဥဒေါင်းများ ဘယ်သောအခါမှ လာရောက်လည်ပတ်ခဲ့ဖူးခြင်း မရှိပေ။

"ဘုရားသခင်က ဥဒေါင်းများကို စေလွှတ်တော်မူတယ်လို့ ကျွန်မတို့ယုံကြည်ပါတယ်၊ ဘုရားသခင်က သူ့ရဲ့ကလေးများကို အမှန်တကယ် ချစ်မြတ်နိုးပြီး၊ ကျွန်မတို့၏ ဒုက္ခများ အားလုံး အတွက် လှပသောအဖြေများဖြင့် ကျွန်မတို့ကို အံ့ဩစရာဖြစ်စေ နိုင်ဆဲ ဖြစ်သည်။"

---

သင်၏ ဥပုသ်စာဖြေကျောင်းသင်ခန်းစာ အလှူငွေများသည် ကမ္ဘာတစ်ဝှမ်းရှိ သတ္တမနေ့မြော်လင့်ခြင်း ပညာရေးကိုထောက်ပံ့ပေးမည်။ သာသနာပြုအလှူအတွက် ပေးကမ်းသည့်အတွက် ကျေးဇူးတင်ပါ၏။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဖိလိပ္ပိ ၁း၂၁

**လေ့လာမှုဦးတည်ချက်။** ဖိလိပ္ပိ ၁း၁၉–၃၀။ ၁သက် ၄း၁၄–၁၆။

မာတင်လူသာ ကင်းဂျူနီယာက "လူတစ်ဦးသည် သူသေဆုံးရန်အတွက် တစ်စုံတစ်ခု ကို ရှာမတွေ့ခဲ့လျှင်၊ သူသည် အသက်ရှင်ရန် မသင့်လျော်ပါ" ဟု တစ်ကြိမ်ပြောခဲ့သည်။— quoted in Mark Water, *The New Encyclopedia of Christian Quotations* (Alresford, Hampshire, England: John Hunt Publishers Ltd., 2000), p. 404။ ရှင်ပေါလုက အလားတူခံစားချက်ကို ဖော်ပြခဲ့၏၊ "ကျွန်ုပ်အတွက်၊ အသက် ရှင်ခြင်း သည် ခရစ်တော်ဖြစ်ပြီး၊ သေဆုံးခြင်းသည် အကျိုးအမြတ်ဖြစ်၏" (ဖိ ၁း၂၁)။ ဤ သည်မှာ အချည်းနှီးသောစကားများမဟုတ်ပါ။ ရှင်ပေါလုသည် ခရစ်တော်အတွက် အမှန်တကယ် သေဆုံးရန် ဆန္ဒရှိခဲ့၏ (ရောမ ၁၄း၈)၊ နောက်ဆုံးတွင် သူလုပ်ဆောင်ခဲ့၏ (၂တိ ၄း၆ – ၈)။

ဆာလံ ၄၄း၂၂ ကို ကိုးကားရင်း၊ ရှင်ပေါလုက သခင်ဘုရားထံသို့ ကြွေကြာခဲ့သည်၊ "အကယ်စင်စစ် ကိုယ်တော်အတွက် အကျွန်ုပ်တို့သည် အစဉ်မပြတ်အသေသတ်ခြင်းကို ခံရကြပါ၏။ သတ်ဘို့ရာထားသော သိုးကဲ့သို့ အကျွန်ုပ်တို့ကို သူတပါး မှတ်တတ်ကြပါ၏" (ရော ၈း၃၆)။ ထို့ကြောင့်၊ ဂလာတိ ၂း၂၀ တွင် သူ၏စကားများသည် ကျွန်ုပ်တို့ကို အံ့ဩ စေ ရန် မသင့်ပါ၊ "ကျွန်ုပ်သည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်တင်ခံခဲ့ရသည်။" ရှင်ပေါလုသည် ခရစ်တော်အတွက် သေဆုံးရန် ဆန္ဒရှိခဲ့သည်၊ အကြောင်းမှာ သူသည် ခရစ်တော်အတွက် အသက်ရှင်ရန် ကတိကဝတ်ပြုထားသောကြောင့်ဖြစ်သည်။ ရှင်ပေါလု က ဆက်လက်ပြော သည်၊ "ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော် သည် ငါ၌ ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ယခုငါရှင်သော အသက်သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်း အားဖြင့် တည်၏။" (ဂ ၂း၂၀)။ ထို့ကြောင့်၊ ရှင်ပေါလုသည် ဧဝံဂေလိတရားအတွက် အသက်ရှင်ခဲ့ပြီး သေဆုံးခဲ့သည်။

ဤအပတ်သင်ခန်းစာသည် အဓိကအကြောင်းအရာ သုံးခုကို အလေးပေးထား၏။

၁။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သာသနာပြုစိတ်ဖြင့် အသက်ရှင်ရန်နှင့်၊ သူ့ အ တွက် အသက်ပင်ပေးဖို့ ဆန္ဒရှိရန် ခေါ်ဆိုထားသည်။

၂။ သေခြင်းသည် အိပ်ပျော်ခြင်းနှင့်တူ၏၊ ထို့အတွက် ဖြေရှင်းချက်မှာ ဝိညာဉ် မသေ နိုင် ခြင်းမဟုတ်ဘဲ ခန္ဓာကိုယ်ထမြောက်ခြင်းဖြစ်သည်။

၃။ ခရစ်တော်သည် ကျွန်ုပ်တို့ကို သူ၏ဝိညာဉ်တော်၌ စည်းလုံးညီညွတ်ရန် ခေါ်ဆို ထား၏။ ကျွန်ုပ်တို့အားလုံးသည် ဝိညာဉ်ရေးစစ်ပွဲတွင် ပါဝင်နေသောကြောင့်၊ မတော် မတရားသောလက်နက်များကိုသာ အသုံးပြုရုံမဟုတ်ဘဲ၊ စည်းလုံး ညီ ညွတ်စွာ တိုက်ပွဲဝင်ရမည်။

## အပိုင်း ၂။ အနက်ရှိုင်းကျမ်း

### ဥပမာ

ဂျွန်ဘရက်ဖို့ဒ် (John Bradford) ဆိုသူအကြောင်း ဇာတ်လမ်းတစ်ပုဒ်ရှိသည်။ သူသည် ၁၅၅၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် မီးရှို့သတ်ဖြတ်ခံခဲ့ရ၏။ သူသည် "အင်္ဂလန်ဘုရင် ဆဋ္ဌမ ဧဒွပ်၏ ချာပလင်အဖြစ်အမှုဆောင်ခဲ့ပြီး၊ သူ့ခေတ်တွင် အကျော်ကြားဆုံး တရားဟောဆရာ တစ်ဦးဖြစ်ခဲ့သည်။ သို့သော် သူသည် သူ၏ယုံကြည်ခြင်းအတွက် အာဇာနည်ဖြစ်ခဲ့သည်။ သူ့ကို မီးရှို့ရန်အတွက် နယူးဂိတ်သို့ ပို့ဆောင်ရာတွင်၊ စကားပြောခွင့်ပေးခဲ့ပြီး၊ အနောက်လန်ဒန်မှ နယူးဂိတ်သို့ တစ်လျှောက်လုံး သူစီးလာသောလှည်းပေါ်မှ "ခရစ်တော်၊ ခရစ်တော်၊ ခရစ်တော်မှလွဲ၍ အခြားမရှိ" ဟု အော်ဟစ်ခဲ့သည်။"—Paul Lee Tan, *Encyclopedia of 7,700 Illustrations: Signs of the Times* (Garland, TX: Bible Communications, Inc., 1996), p. 787။ ရှင်ပေါလုကဲ့သို့ပင်၊ ဘရက်ဖို့ဒ်သည် ခရစ်တော်အတွက် အသက်ရှင်ခြင်းနှင့် သေဆုံးခြင်းဖြင့် သာသနာပြုခြင်းကို ပေးအပ်ခဲ့သည်။

### ခရစ်တော်အတွက် အသက်ရှင်ခြင်းနှင့် သေဆုံးခြင်း

ရှင်ပေါလု၏ ဖိလိပ္ပိ ၁း၂၁ ရှိ ထုတ်ဖော်ပြောဆိုချက်သည် သူ၏စာများအားလုံးတွင် အထင်ရှားဆုံးဖြစ်၏။ ခရစ်တော်အတွက် အသက်ရှင်ရန် ဆန္ဒရှိခြင်း—ဆိုလိုသည်မှာ မလွှဲမရှောင်သာ အခက်အခဲများကို ခံစားရခြင်း—နှင့် သူ့အတွက် သေဆုံးရန်ပင် ဆန္ဒရှိခြင်းသည်၊ ယခင် ကျမ်းပိုဒ်တွင် ဖော်ပြထားသော မျှော်လင့်ချက်ကို အလေးပေးဖော်ပြသည်၊ "အသက်ရှင်သည် အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား၊ သာ၍အကျိုးရှိ၏။" (ဖိ ၁း၂၀)။

သို့သော် ရှင်ပေါလု၏ သေဆုံးခြင်းသည် အကျိုးအမြတ်ဖြစ်သည်ဟူသော ထုတ်ဖော်ပြောဆိုချက်သည် နားမလည်နိုင်သော အယူအဆတစ်ခုဖြစ်သည်။ သူ ဘာကိုဆိုလို သနည်း။ လူတစ် ဦးသည် သူ၏သေဆုံးခြင်းမှ မည်သို့အကျိုးအမြတ်ရရှိနိုင်မည်နည်း။ ဖိလိပ္ပိ ၁း၂၃ တွင် ဖော်ပြ ထားသော ရှင်ပေါလု၏ဆန္ဒဖြစ်သည့် "ထွက်ခွာပြီး ခရစ်တော်နှင့်အတူ ရှိနေရန်" ဟူသည့် စကားအပေါ် အခြေခံ၍၊ အချို့က ရှင်ပေါလုသည် သေဆုံးပြီးနောက် ခရစ်တော်နှင့် ချက်ချင်း အတူရှိမည်ဟု အတည်ပြုနေသည်ဟု ယူဆကြ၏။ သို့သော် ထိုသို့သော အယူအဆသည် ဝိညာဉ်မသေနိုင်ခြင်းနှင့် သေခြင်းသည် အိပ်ပျော်ခြင်းဖြစ်သည်ဟူသော ကျမ်းစာသွန်ပြချက် များနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သေဆုံးခြင်းသည် အကျိုးအမြတ်ဖြစ်သည်ဟူသော ပေါလု၏ ဆိုလိုချက် အဓိပ္ပာယ်ကို နားလည်ရန်၊ သူ၏ ရေးသားချက်များတွင် "အကျိုးအမြတ်" (ဂရိ *kerdos*) နှင့် ၎င်း၏ဆက်စပ်ကြိယာ "ရရှိရန်" (ဂရိ *kerdainō*) ကို အသုံးပြုပုံကို စစ်ဆေးလျှင် အထောက်အကူဖြစ်စေ၏။ ဖိလိပ္ပိ ၃း၇၊ ၈ တွင်၊ ရှင်ပေါလုက ယခင်က အကျိုးအမြတ် (*kerdos*) အဖြစ် သူယူဆခဲ့သောအရာများကို "ခရစ်

တော်ကြောင့်" (ဖိ ၃း၇) ယခု ဆုံးရှုံးမှု အဖြစ် ရေတွက်သည်ဟု ဖော်ပြသည်။ ဆိုလိုသည်မှာ "ခရစ်တော်ယေရှုကို သိကျွမ်းခြင်း၏ ထူးကဲသောတန်ဖိုးကြောင့်" (ဖိ ၃း၈) ဖြစ်သည်။ ရှင်ပေါလုက ထပ်မံရှင်းပြ၏၊ "သို့သော်လည်း ငါ၏ အကျိုးစီးပွားကို ပြုစုသော အရာရှိ သမျှတို့ကို ရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့် ငါထင်မှတ်၏။ [*kerdainō*]" (ဖိ ၃း၇၊၈)။ ထို့ကြောင့်၊ ရှင်ပေါလုအတွက်၊ သေဆုံးခြင်းသည် အကျိုးအမြတ်ဖြစ်သည်၊ အကြောင်းမူ သူသည် ဒုတိယအကြိမ်ကြွလာခြင်းတွင် ခရစ်တော်ကို တွေ့မြင်ခြင်းဖြင့် နောက်ဆုံးတွင် ခရစ်တော်ကို ရရှိမည်ဖြစ်သည် (၂တိ ၄း၈)။

"အကျိုးအမြတ်" (*kerdos*) သည် ဖိလိပ္ပိ ၁း၂၁ တွင် သာသနာပြု သဘောရှိသည် ဟုလည်း ဖြစ်နိုင်သည်။ ၁ ကောရိန္သု ၉း၁၉-၂၃ တွင်၊ ရှင်ပေါလုက *kerdainō* ကို သာသနာပြု အသုံးအနှုန်းအဖြစ် အသုံးပြုသည်၊ "ငါသည် အဘယ်သူ၏ကျွန် မဖြစ်သော်လည်း သာ၍များ သော သူတို့ကိုရခြင်းအလိုငှါ [*kerdainō*] လူတကာတို့၏ ကျွန်ခံရ၏။... ဂျူးများကို ရရှိရန် [*kerdainō*] အတွက် ဂျူးများအတွက် ဂျူးတစ်ဦးကဲ့သို့ ဖြစ်လာခဲ့သည်၊ ပညတ်တရား အောက်တွင်ရှိသူများကို ရရှိရန် [*kerdainō*] အတွက် ပညတ်တရား အောက်တွင်ရှိသူကဲ့သို့၊ ပညတ်မရှိသူများကို ရရှိရန် [*kerdainō*] အတွက် ပညတ်မရှိ သူကဲ့သို့ . . . အားနည်းသူများကို ရရှိရန် [*kerdainō*] အတွက် အားနည်းသူကဲ့သို့ ဖြစ်လာခဲ့သည်။"

ထို့အတွက်၊ ဖိလိပ္ပိ ၁း၂၁ နှင့်ပတ်သက်သော အောက်ပါမှတ်ချက်သည် အထောက်အကူ ဖြစ်သည်။ "ရှင်ပေါလု"သည် ခရစ်တော်ကို ချီးမြှောက်ရန် စိတ်ပူပန်နေသည်။ သူ၏ သခင်က သူ့အား အသက်ရှင်ပြီး အမှုတော်ဆောင်ပေးရန် အကောင်းဆုံးအဖြစ် မြင်ခဲ့လျှင်၊ သူသည် သူ့ကို မှန်ကန်စွာ ကိုယ်စားပြုလိမ့်မည်။ သို့သော် ဖြောင့်မတ်သူ၏ သေဆုံးခြင်းသည် ကျေးဇူးတော်၏ ဧဝံဂေလိတရား၏ ထိရောက်မှုကို အစွမ်းထက်စွာ အတည်ပြုနိုင်သည်။ သူ၏သေဆုံးခြင်းနှင့် မျှော်လင့်ချက်မရှိဘဲ သေဆုံးသူ၏သေဆုံးခြင်းအကြား ခြားနားမှုသည် သိသာထင်ရှားလှပြီး၊ ၎င်း၏သြဇာသည် ခရစ်တော်၏နိုင်ငံတော်အတွက် အကျိုးအမြတ်ဖြစ် စေမည်။ ဘုရားသခင်ကို လုံးလုံးလျားလျား ယုံကြည်သူ၏ တည်ငြိမ်သော အာမခံချက်နှင့် ယုံကြည်မှုသည် သေဆုံးချိန်တွင်ပင် စိတ်နှလုံးများကို ထိမိစေပြီး နူးညံ့စေသည်။"— *The SDA Bible Commentary*, vol. 7, p. 147, emphasis added. ရှင်ပေါလုက သူ၏ သေဆုံးခြင်းသည် သူ၏သာသနာပြုလုပ်ငန်း၏ အထွတ်အထိပ် ဖြစ်လိမ့်မည်ဟု ယုံကြည် ခဲ့သည် (ဖိ ၂း၁၇။ ၂တိ ၄း၆၊ ၇ နှင့် နှိုင်းယှဉ်ပါ)။ ထို့ပြင်၊ သူ၏ အသက်ပေးလှူခြင်းသည် "ဖိလိပ္ပိလူများကို ထပ်မံကိုယ်ကျိုးစွန့်ရန် အားပေးနိုင်သည်၊ သို့မဟုတ် . . . သူတွယ်ကပ်ထားသော ယုံကြည်ခြင်းကို စုံစမ်းစစ်ဆေးရန် အချို့ကို ဖြစ်ပေါ်စေနိုင်သည်" ဟု သူထင်ခဲ့ဖွယ်ရှိသည်။— *The SDA Bible Commentary*, vol. 7, p. 160.

ရှင်ပေါလုသည် သေဆုံးခြင်းကို အကျိုးအမြတ်အဖြစ် မြင်ခဲ့သည်၊ အကြောင်းမှာ သူသည် ထမြောက်ခြင်းတွင် သူ၏နောက်တဖန်အသိစိတ်အတွေ့အကြုံတွင် ခရစ်တော်ကို တွေ့မြင်ရလိမ့်မည်။ တစ်ချိန်တည်းတွင်၊ ရှင်ပေါလုသည် သူ၏သေဆုံးခြင်းနှင့် ဒုတိယအကြိမ်ကြွလာခြင်းကြားတွင်၊ သူသည် သင်္ချိုင်းတွင် အိပ်ပျော်နေမည်ဟု သေချာယုံကြည်ခဲ့သည်။

## သေခြင်းသည် အိပ်ပျော်ခြင်းနှင့်တူသည်

ရှင်ပေါလုသည် သေခြင်းကို အိပ်ပျော်ခြင်း (၁ သက် ၄း၁၄၊ ၁၅) နှင့် နှိုင်းယှဉ်ခဲ့ပြီး၊ ၎င်းသည် သတိမေ့နေသည့်အခြေအနေကို ညွှန်ပြသည်။ ဤအယူအဆသည် ခရစ်တော်၏ ဧဝံဂေလိ တရားများတွင် သွန်သင်ချက်နှင့် ကိုက်ညီသည် (လု ၈း၅၂၊ ၅၃။ ယော ၁၁း၁၁ – ၁၃)။ ထင်ရှားသော ဥပမာတစ်ခုမှာ ယာဣရု၏သမီးထမြောက်ခြင်း အကြောင်းဖြစ်၏။ စိတ်ဝင်စားဖွယ်မှာ၊ မဿဲနှင့် မာကုက လူများတို့သည် ထိုသမီးငယ် အိပ်ပျော်နေသည်ဟူသော ယေရှု၏ အတည်ပြုချက်ကို ပြက်ယယ်ပြုခဲ့သည်ဟု ဖော်ပြသော်လည်း (မ ၉း၂၄။ မာ ၅း၃၉၊ ၄၀)၊ ဆရာဝန်တစ်ဦးဖြစ်သည့် လုကာ၏ မှတ်တမ်းသည် ပို၍တိကျသည်၊ "သူငယ် သေကြောင်းကို ထိုသူတို့သည်သိသဖြင့် ကိုယ်တော်ကို ပြက်ယယ်ပြုကြ၏။" (လု ၈း၅၃)။ ထို့ပြင်၊ လုကာရေး သားသော တမန်တော်မှတ်တမ်းကျမ်းတွင် သတေဖန်၏ သေဆုံးခြင်းကို "ကျိန်းစက်လေ၏" (တ ၇း၆၀) ဟု ဖော်ပြ၏။ ဒါဝိဒ်အကြောင်းလည်း ထိုနည်းတူပြောထား သည် (တ ၁၃း၃၆)။

"ဖခင်များ" ၏သေဆုံးခြင်းကို ရည်ညွှန်း၍ ပေတရုက "ဘိုးဘေးများ အိပ်ပျော် သည်နောက်" (၂ ပေ ၃း၄) ဟု ပြော၏။ ပညာရှင်များသည် ပေတရုဆိုလိုသည့် "ဖခင်များ" သည် ယခင်ခရစ်ယာန်မျိုးဆက်များလား၊ သို့မဟုတ် ဘိုးဘေးများလားဟု ငြင်းခုံကြသော်လည်း၊ ဤခွဲခြားမှုသည် အရေးမကြီးပါ။ မည်သို့ပင်ဖြစ်စေ၊ သေခြင်းသည် ညစဉ်အိပ်ပျော် သည့်အခါ ဖြစ်ပေါ်သည့်အတိုင်း သတိမေ့နေသည့်အခြေအနေအဖြစ် သရုပ်ဖော်ထားသည်။ ထို့ပြင်၊ "ကျိန်းစက်လျက်ရှိသော သန့်ရှင်းသူတို့၏ အလောင်းများစွာတို့ သည် ထကြ၍" (မ ၂၇း၅၂) ဟူသော မဿဲ၏ဧဝံဂေလိတရားကျမ်းရှိ ဤအပိုဒ်သည် သေခြင်းကို အိပ်ပျော်ခြင်းနှင့် နှိုင်းယှဉ်ရုံသာမက၊ သေခြင်းအတွက် ဖြေရှင်းချက်မှာ ခန္ဓာကိုယ် ထမြောက်ခြင်းဖြစ်သည်ဟု ရှင်းလင်းစွာ ညွှန်ပြသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ ရှင်ပေါလု၏ သေခြင်းသည် အိပ်ပျော်ခြင်းနှင့် တူသည် ဟူသော ယုံကြည်ချက်သည် ယေရှု၏သွန်သင်ချက်များတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေပြီး၊ အခြားတမန်တော်များ၏ အတွေးအမြင်များနှင့် ကိုက်ညီသည်။ ထို့ကြောင့်၊ သမ္မာကျမ်းသည် သေခြင်းကို လူအများထင်သည့်အတိုင်း သတိရှိသည့်အခြေအနေအဖြစ် သရုပ်မဖော်ပါ။

## ခရစ်တော်ထဲတွင် စည်းလုံးညီညွတ်ခြင်း

ဖိလိပ္ပိ ၁း၂၇ သည် စာထဲတွင် (ဖိ ၁း၂၇-၃၀) ရှင်ပေါလုက သူ၏ ကိုယ်ပိုင် ဆင်းရဲဒုက္ခများကို ဆွေးနွေးခြင်းမှ ခရစ်တော်အတွက် လုပ်ဆောင်ရာတွင် သူ့စာဖတ်ပရိသတ်၏ ဆင်းရဲဒုက္ခများကို ဆွေးနွေးခြင်းသို့ ပြောင်းလဲသည့်အပိုင်းကို စတင်သည်။ ဖိလိပ္ပိ ၁း၂၇ တွင် အရေးကြီးသော အကြောင်းအရာ နှစ်ခုပေါ်ထွက်လာ၏။ ခရစ်တော်နှင့်တူသော ဘဝ နေထိုင်ပုံနှင့် စည်းလုံးညီညွတ်ခြင်းဖြစ်၏။ ယုံကြည်သူများသည် ထူးခြားသော အပြုအမူကို ပြသရန်နှင့် ၎င်းတို့၏ ခရစ်တော်အပေါ်ယုံကြည်ခြင်းအတွက် ရင်ဆိုင်ရသော မာဆတ်သော ဆန့်ကျင်မှုနှင့် ဆင်းရဲဒုက္ခများကို ရင်ဆိုင်ရင်း စည်းလုံးညီညွတ်နေရန် ခေါ်ဆိုခံရ၏။

ရှင်ပေါလုသည် ယုံကြည်သူများအကြား ဆက်ဆံရေးကို ထူးခြားစေသင့်သည့် ဆက်သွယ်မှု အမျိုးအစားကို မီးမောင်းထိုးပြရန် အဓိကစကားစုနှစ်ခုကို အသုံးပြုသည်။ ဆိုလိုသည်မှာ "တပါးတည်းသော စိတ်ဝိညာဉ်" နှင့် "တစ်စိတ်တည်း" (ဖိလိပ္ပိ ၁း၂၇) တို့ဖြစ်သည်။ ဤဆက်သွယ်မှုဘာသာစကားသည် စာတစ်စောင်လုံးတွင် ထပ်တလဲလဲဖြစ် ပေါ်သည်။ ဤ အကြောင်းအရာတွင်၊ ရှင်ပေါလုက ဖိလိပ္ပိလူများသည် "သင်တို့သည် အချင်းချင်းချစ်ကြ၍၊ စိတ်မကွဲပြားဘဲ တလုံးတဝတည်း ကြံစည်ခြင်းနှင့်တကွ၊ သဘော တညီတညွတ် တည်း ရှိသော အားဖြင့်" သူ၏ဝမ်းမြောက်မှုကို ပြည့်စုံစေမည်ဟု အတည်ပြုသည် (ဖိ ၂း၂)။ ဖိလိပ္ပိ ၄း၁-၃ တွင်၊ ရှင်ပေါလုက သာသနာပြုမှုပြည့်စုံရန်အတွက် စည်းလုံးညီညွတ်ခြင်းသည် အရေးကြီး ကြောင်း အရိပ်အမြွက်ပြသည်။

ဖိလိပ္ပိ ၄း၃ တွင် ဂရိဘာသာစကား "အတူ" သို့မဟုတ် "အတူတကွ" ဟူသော *syn* ဆိုသော ရှေ့ဆက်စကားလုံးဖြင့် ပေါင်းစပ်စကားလုံးလေးခုကို တင်ပြထားသည်။ *syzygos* ("တံပိုးတွဲ ဖက်")၊ *syllambanō* (စကားလုံးအရ "အတူတကွထမ်းခြင်း")၊ *synathleō* ("အတူရုန်းကန်ခြင်း")၊ နှင့် *synergos* ("အတူလုပ်ဆောင်သူ") စသည်တို့ ဖြစ်၏။ ထို့ကြောင့်၊ ရှင်ပေါလုက ဧဝံဂေလိတရားတွင် သူနှင့်အတူ "အလုပ်လုပ်ခဲ့သော" အမျိုးသမီးများနှင့် "အတူလုပ်ဆောင် သူများ" ကို ဖော်ပြပြီး၊ ၎င်းတို့အားလုံးသည် သာသနာပြု လုပ်ငန်းတွင် ပါဝင်ခဲ့ကြသည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

အောက်ပါအကြောင်းအရာများကို ဆင်ခြင်ပါ။ ထို့နောက် အတန်းသားများအား ဤအပိုင်း၏ အဆုံးရှိ မေးခွန်းများကို ဖြေဆိုရန် တောင်းဆိုပါ။

ယေရှုက "တပည့်သည် ဆရာထက်မသာ။ ကျွန်သည် သခင်ထက်မသာ။" (မ ၁၀း၂၄) ဟု မိန့်တော်မူသည်။ ဤသွန်သင်ချက်တွင် ငြင်းပယ်ခံရခြင်း၊ ဆင်းရဲဒုက္ခခံရခြင်း၊ နှင့် အာဇာနည်ဖြစ်ခြင်းတို့ ပါဝင်သည်။ ယောဟန် ၁၅း၂၀ တွင် ယေရှုက "သူတို့သည်ငါ့ကို ညှဉ်းဆဲလျှင် သင်တို့ကို ညှဉ်းဆဲကြလိမ့်မည်" ဟု မိန့်တော်မူသည်။ ခရစ်တော်အတွက် အမှုဆောင် သူများအနေဖြင့်၊ ကျွန်ုပ်တို့သည် ခက်ခဲသောအချိန်များ အတွက် ပြင်ဆင်ထား ရမည်။ သမ္မာကျမ်းစာ က စာတန် သည် ဧဝံ ဂေလိ တရား ကို လူမျိုး အားလုံး၊ နွယ်အားလုံး၊

ဘာသာစကား အားလုံး နှင့် လူများအားလုံးထံ ဟောပြောခြင်းမှ တားဆီးရန် ဤလောကတွင် အသည်းအသန် လုပ်ဆောင်နေကြောင်း ဖော်ပြသည်၊ အကြောင်းမှာ "မာရ်နတ်သည် မိမိကာလ တခဏသာ ရှိသည်ကို သိ၍" (ဗျာ ၁၂း၁၂)။ ဘုရားသခင်၏လူများသည်လည်း အသည်းအသန် လုပ်ဆောင်ရမည်။

ထို့ကြောင့်၊ ခရစ်တော်သည် ကျွန်ုပ်တို့ကို သာသနာပြုအဖြစ် အသက်ရှင်ရန် ခေါ်ဆိုထားသည်။ အကယ်၍ ကျွန်ုပ်တို့သည် သာသနာပြုလုပ်ငန်းတွင် ပါဝင်ရင်း သေဆုံးရလျှင်၊ ကျွန်ုပ်တို့သည် ဒုတိယအကြိမ်ကြွလာခြင်းတွင် ထမြောက်ခြင်းကို စောင့်မျှော်ရင်း သင်္ချိုင်းတွင် အိပ်ပျော် နေမည်ဟု အာမခံချက်ရှိသည်။ ဘုရားသခင်သည် တတိယ ကောင်းကင်တမန်၏ သတင်းစကားကို သစ္စာရှိစွာ လိုက်နာရင်း သေဆုံးသူများကို မမေ့လျော့မည်မဟုတ်ပါ။ ၎င်းတို့အား "တဖန်တုံ၊ ကောင်းကင်အသံကား၊ ယခုမှစ၍ သခင်ဘုရား၌ သေသောသူတို့သည် မင်္ဂလာရှိကြ၏ဟု ရေးထားလော့ဟု ပြောဆိုသည်ကို ငါကြား၏။ ဝိညာဉ်တော်က လည်း၊ ထိုသို့မှန်ပေ၏။ ထိုသူတို့သည် ပင်ပန်း ခြင်းငြိမ်းမည်အကြောင်းရှိ၍၊ သူတို့၏ အကျင့်တို့သည်လည်း သူတို့နှင့်အတူ လိုက်ကြ၏ဟုမိန့်တော်မူ၏" (ဗျာ ၁၄း၁၃) ဟု ကတိပြုထားသည်။ ယခုအခါ၊ ခံနိုင်ရည်ရှိရန် လိုအပ်သည် (ဗျာ ၁၄း၁၂)။ ကျွန်ုပ်တို့သည် မိမိ၏လက်ဝါးကပ်တိုင်ကို ထမ်းပြီး ခရစ်တော်ကို လိုက်ရန် (မ ၁၀း၃၈) ခေါ်ဆိုခံရပြီး၊ ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်ကို အသက်သရဖူ (ဗျာ ၂း၁၀) နှင့် လဲလှယ်ရမည့်နေ့အထိ ဖြစ်၏။ ထိုအတောအတွင်း၊ ဘုံရန်သူ တစ်ဦးကို ဆန့်ကျင်ရန် အတူတကွလုပ်ဆောင်ရမည်။ ရှင်ပေါလုက "ငါတို့သည် အသွေးအသား ရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင် တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်၎င်း၊ မိုဃ်း ကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၎င်း၊ ဆိုင်ပြိုင်တိုက်လှန် ရကြ၏" (ဧ ၆း၁၂) ဟု ပြော သည်။ ခရစ်တော်၌ စည်းလုံးညီညွတ်ပြီး ဘုရားသခင်၏ ချပ်ဝတ်တန်ဆာဖြင့် ဝတ်ဆင်ထား လျှင်၊ ကျွန်ုပ်တို့သည် အောင်မြင်မည်။

**မေးခွန်းများ –**

**၁။ သင်သည် ဘာသာရေးနှိပ်စက်ညှဉ်းပန်းမှုကို ခံစားခဲ့ရသည့်အချိန်တစ်ခုကို တွေးကြည့်ပါ။ ခရစ်တော်အတွက် ဆင်းရဲဒုက္ခခံရခြင်းသည် သင်၏ယုံကြည်ခြင်းကိုမည်သို့အားဖြည့်ပေးခဲ့သနည်း။**

---

**၂။ ခရစ်တော်သည် သင့်ကို မည်သည့်သာသနာပြုလုပ်ငန်းသို့ ခေါ်ထားသနည်း။ ထိုအလုပ်ကို သင်သည် သူ့အတွက် မည်သို့ပြည့်စုံစေနေသနည်း။**

---

## သင်ခန်းစာ – ၄

*ဇန်နဝါရီ ၁၇ – ၂၃

# နှိမ့်ချခြင်း ဖြင့် စည်းလုံးခြင်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဖိ ၂း၁ – ၈။ ယေ ၁၇း၉။ ဖိ ၄း၈။ ၁ကော ၈း၂။ ရောမ ၈း၃။ ဟေဗြဲ ၂း၁၄ – ၁၈။

**အလွတ်ကျမ်းချက်။** **“သင်တို့သည် အချင်းချင်း ချစ်ကြ၍၊ စိတ်မကွဲ ပြားဘဲ တလုံးတဝတည်း ကြံစည်ခြင်းနှင့် တကွ၊ သဘော တညီတညွတ်တည်း ရှိသောအားဖြင့်၊ ငါ၏ဝမ်းမြောက် စရာအကြောင်းကို စုံလင်စေ ကြလော့။”** (ဖိလိပ္ပိ ၂း၂)

စည်းလုံးခြင်းသည် ခွန်အားဟူ၏။ သို့သော် အမှန်တရားအား သိခြင်းသည် ပြုခြင်းနှင့်မတူပါ။ ကျွန်ုပ်တို့သည် စည်းလုံးရန် ကြိုးပမ်းနေသည့်တိုင် ကျဆုံးလျက်ရှိ တတ်သည်။ သို့သော်လည်း စည်းလုံးခြင်းကို ဖျက်ဆီးရန် တမင်လျှို့ဝှက် ကြံစည်ခြင်းမျိုးမဟုတ်ပါ။ ရှင်ပေါလုသည်ဖိလိပ္ပိလူတို့ထံ “စိတ်မကွဲပြားဘဲတစ်လုံးတစ်ဝတည်း ကြံစည်ခြင်းနှင့်တကွ၊ သဘောတညီတညွတ်တည်း” ရှိစေလိုကြောင်းရေးသားပေးပို့၏။

စည်းလုံးခြင်းရှိနိုင်ရန် ယေရှု၏သွန်သင်ခြင်းနှင့် သရုပ်ပြတို့သည် အခြေခံတရားဖြစ်သည်ဟု ပေါလု ဆို၏။ ၄င်းသည် ဓမ္မသစ်ကျမ်းတစ်လျှောက်တွင် အထူးသဖြင့် ဧဝံဂေလိကျမ်းများ၌ အဓိကဆိုလိုရင်းဖြစ်ခဲ့သည်။ စကြာဝဠာတခွင် မညီမညွတ်ခြင်း၏ ဇစ်မြစ်သည် ကောင်းကင်တမန်တော်တစ်ပါးတည်း၏ မာန်မာန၊ ဂုဏ်ဆာခြင်း၊ ရာထူးမက်ခြင်းတို့ဖြင့် သဘောကွဲလွဲခြင်းသည် အလွန်ပြည့်စုံလင်သော အသိုင်းအဝိုင်းတွင် ပြန့်နှံ့ လေတော့သည် (ဟေရှာ ၁၄း၁၂ – ၁၄)။

ထိုသူသည် ဘုရားသခင်မှချထားပေးသောနေရာတွင် မကျေမနပ်ဖြစ်ကာ၊ ဘုရား၏ ပုံစံသွင်းခြင်း ထက်မြင့်မားသောနေရာကို တပ်မက်လာသဖြင့်၊ ဧဒင်ဥယျာဉ်၌ပင် ခြေကုပ်ယူကာ နေလေတော့၏ (က ၃း၁ – ၆)။ ယခုတစ်ပတ်လုံး ကျမ်းစာကိုအခြေပြုသော အသင်းတော်စည်းလုံးခြင်း ရှိနိုင်ရန်၊ ယေရှုသည် မိမိ၏ ဂုဏ်ဒြပ်ကို ပင်လျှော့ချကာ အခြေနိမ့်သူတို့၌ ကိန်းတော်မူခြင်းအားအခြေပြုသည်ကိုငင်း၊ ယေရှုကိုကြည့်ခြင်းဖြင့် သင်ခန်းစာရရှိခြင်းနှင့် သူ၏ပုံသဏ္ဍာန်တော်နှင့် သာ၍တူလာစေရန် စသည်တို့ကို လေ့လာရပါမည်။

* ဇန်နဝါရီ ၂၄ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

# ဖိလိပ္ပိ၌ သဘောကွဲလွဲခြင်း

**ဖတ်ပါ – ဖိလိပ္ပိ ၂း၁ – ၃။ ထိုအသင်းတော်၏သဘောကွဲလွဲခြင်း အကြောင်းရင်းခံသည့် အဘယ်နည်း။ ကုသရန် ပေါလုသည်မည်သို့တင်ပြသွားသနည်း။**

ရှင်ပေါလုသည် သူကိုယ်တိုင် တည်ထောင်ခဲ့၍ သူအလွန်ချစ်လှစွာသော ထိုအသင်းတော်အား ပြိုင်ဘက်ပြုသော သူတို့နှင့် ယှဉ်ပြိုင်ခြင်းဖြင့် အင်အားကုန်ခမ်းသည်မှာ သူ့အတွက် ကြီးကျယ်သော စိတ်ပျက်စရာ ဖြစ်လိမ့်မည်။ သူတို့၏ ပြဿနာများကို ပြင်းထန်သော စကားလုံးတို့ဖြင့် ဖော်ပြသည်။ ဖိလိပ္ပိ ၁း၁၆ တွင် သုံးနှုန်းခဲ့သည့် *eritheia* စကားလုံးမှာ "အတ္တမကင်းသောရည်မှန်းချက်" ဟုအဓိပ္ပါယ်သည်။ ပေါလု၏ အထူး စိတ်ဝင်စား ရသော ရောမမြို့ရှိ သူ၏ယှဉ်ပြိုင်ဘက်များသည်၊ ခရစ်တော်၏ အမှုတော်ကို တိုးတက်စေခြင်းထက်၊ မိမိတို့ကိုယ်ကို အားပေးတိုက်တွန်းနေကြသည်ဆို၏။

"အတ္တမကင်းသောရည်မှန်းချက်" သည် သွေးသားဖြင့် လုပ်ဆောင်ခြင်းတွင်ပါဝင်၏ (ဂလ ၅း၂၀)။ ယာကုပ်သည်လည်း "ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်းရှိလျှင်၊ မငြိမ်မသက် ရှန်းရင်းခတ်ခြင်း၊ ဆိုးညစ်စွာပြုမူခြင်း အမျိုးမျိုးရှိတတ်၏" (ယာ ၃း၁၆)။ ဂရိစကားလုံးတွင် "စိတ်ကြီးဝင်တပ်မက်ခြင်း" ဟု အနက်ရှိသော စကားကို ဓမ္မသစ် ဤနေရာတွင်သာ အသုံးပြုရာ၊ ကျမ်းစာဆိုင်ရာအပိုစာစောင်များတွင် ကြွားဝါခြင်း၊ မာနထောင်လွှားခြင်းဖြင့် ဖြစ်၏။ "အချီးနီးသော ကျော်စောကိတ္တိကိုတပ်မက်ခြင်း၊ အချင်းချင်းချုပ်ချယ် နှောင့်ယှက်ခြင်း၊ အချင်းချင်း ငြူစူခြင်းကိုရှောင်၍နေကုန်အံ့" (ဂလ ၅း၂၆)။

ဤပြဿနာတို့အားကုသမည့်နည်းလမ်းများအားရှင်ပေါလုမှ စာရင်းပြုစုထား၏ –

၁။ ခရစ်တော်၌အားပေးနှစ်သိမ့်ခြင်း။ ခရစ်တော်၏ ကိုယ်ပိုင်သရုပ်ပြ ပုံစံများကိုသာ အရင်း ခံရန် ရှင်ပေါလုက ဆွေးနွေးထားသည်။

၂။ မေတ္တာဖြင့်အားပေးနှစ်သိမ့်ခြင်း။ ခရစ်တော်သည် သူ၏ မေတ္တာကိုဖော်ပြကာ "ငါသည် သင်တို့အား ချစ်သည်နည်းတူ သင်တို့ အချင်းချင်းချစ်ကြလော့" ဟု မိန့်တော်မူ၏ (ယော ၁၅း၁၂)။

၃။ ဝိညာဉ်တော်၌ မိဿဟာယဖွဲ့ခြင်း။ ရှေးဦးအသင်းတော်တွင် စိမ့်ဝင်ခဲ့သော သန့်ရှင်းသောဝိညာဉ်တော် ကိန်းတော်မူခြင်းသည် ရင်းနှီးသော ခရစ်ယာန် မိဿဟာယ ဖြစ်စေသည် (တ ၂း၄၂။ ၂ကော ၁၃း၁၄)။

၄။ ချစ်ခင်နှစ်သက်ခြင်း (သနားကြင်နာခြင်း)။ ဤကောင်းကင်၏အရည်အသွေး အား ခရစ်တော်၏အသက် တာတွင် အကြိမ်များစွာ ဖော်ပြထားသည် (မ ၉း၃၆။ ၂၀း ၃၄။ မာ ၁း၄၁)။ ကောင်းသောရှာမာရိအမျိုးသား၏ ပုံဆောင်ဇာတ်လမ်း (လု ၁၀း ၃၃) နှင့် ဖြုန်းတီးသောသား (လု ၁၅း၂၀) တို့တွင်လဲ ဖော်ပြထားသည်။

၅။ သနားညှာတာခြင်း။ ဤအရည်အသွေးအား ခရစ်တော်မှ ဖော်ပြရာတွင် သူ၏ တပည့်တော်တို့၏ အသက် တာတွင် ပေါ်လွင်ရမည်ဆို၏ (လု ၆း၃၆)။

၆။ တူညီသောမေတ္တာဖြင့်စိတ်တူကိုယ်တူခြင်း။ စိတ်သဘောတူညီစွာ တစ်လုံးတစ်ဝ ဖြစ်ခြင်း၊ စည်းလုံးခြင်း ပိုမိုထက်သန်စေရန် ရှင်ပေါလုမှတင်ပြသောအရာတို့အား အလွန်စဉ်းစားရခက်လှသည်။ ရှင်ပေါလုမှ တင်ပြခဲ့သည့်အတိုင်း ကျွန်ုပ်တို့ရှိရမည့် စိတ်သဘောသည် "ခရစ်တော်၌ပင်ရှိခဲ့ပြီး" ဖြစ်သည် (ဖိ ၂း၅)။

## စည်းလုံးခြင်း၏ရင်းမြစ်

ဖိလိပ္ပိ ၂း၂ တွင် စည်းလုံးခြင်းအကြောင်းကို ရှင်ပေါလုသည် အခြေခံအားဖြင့် အလားတူညီခြင်း လေးမျိုးခွဲခြားထားပေးသည် (ဖိ ၂း၂)။ ဘာသာရေးခေါင်းဆောင်တို့သည် အပြင်ပန်းစာရိတ္တအား အရေးထားနေချိန်တွင် ယေရှုသည် အတွင်းစိတ်သဘောနှင့် ခံစားချက်ကို အသာပေးထားပါသည်။ ဥပမာ၊ ချမ်းသာသော လူငယ်လေးသည်မိမိကိုယ်ကိုပညတ်တော်စောင့်သည်ဆိုသည်။ ရှိသမျှသော ဥစ္စာ တို့ကို ရောင်းချ၍၊ ဆင်းရဲသားတို့ အားပေးပြီး သူ့နောက်သို့လိုက်ရန် ပြောဆိုသောအခါ ယေရှုသည် လောကအရာတို့အား မည်မျှတွယ်တာသည်ကို စမ်းသပ်ပြခြင်းဖြစ်သည်။ စိတ်နေသဘောမှထွက်လာသောအရာသည် လူအားထိခိုက်စေသည်ဟု "မကောင်းသော ကြံစည်ခြင်း၊ လူအသက်ကိုသတ်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့် ပြစ်မှားခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မမှန်သောသက်သေကိုခံခြင်း၊ သူ့အသရေကိုဖျက်ခြင်း အရာတို့သည် စိတ်နှလုံးထဲက ထွက်လာသည်" (မ ၁၅း၁၉)။ ဆက်လက်၍ "စိတ်နှလုံးအပြည့်ရှိသည်အတိုင်း နှုတ်မြွက်တတ်၏" (မ ၁၂း၃၄) ဟုဆိုသေး၏။

**ပတ်ပါ – ဖိလိပ္ပိ ၂း၃၊ ၄။ အသင်းတော်သည် စည်းလုံးခြင်းရှိနိုင်ရန် လက်တွေ့ကျသော မည်သည့် ခြေလှမ်း တွေနင်းရမည်ဟုပေါလုဆိုသနည်း။**

ရှင်ပေါလု၏ စကားတို့သည် စိတ်နှိမ့်ချခြင်းကို အထူးဖော်ပြသည်။ စိတ်သဘောနှိမ့်ချခြင်း၊ မိမိတို့ထက် သူတစ်ပါးသာသည်ဟုမှတ်ယူခြင်း၊ မိမိအကျိုးအတွက်သာ မငဲ့ဘဲ သူတစ်ပါးအကျိုးကိုပါ ငဲ့ခြင်းဟုဆိုသည်။ လက်တွေ့လုပ်ခြင်းထက် နှုတ်မြွက်ခြင်းသည် လွယ်ကူ၏။ မိမိတို့အခြေအတင်ပြောဆိုနေရာတွင် ဤအချက် တို့ကို စိတ်သို မှီးထားသင့်သည်။ အခြေအတင်ပြောဆိုရာတွင် တစ်ဘက်၏ တင်ပြချက်ကိုအာရုံပြုကာ ရေလည်စွာ သဘောပေါက်အောင် နားစွင့်ပေးခြင်းဖြင့်၊ ၎င်းတို့၏အမြင်တွင် မည်သည့် ပြဿနာဖြစ်နိုင်သည်ကို ရှုမြင်ခြင်းထက်၊ မိမိပြန်ဖြေဆိုခြင်းကိုသာ အာရုံပြုတတ်ကြပါသည်။ သဘောမတူညီသည်တိုင်၊ နားကလေး စွင့်ပေးခြင်းဖြင့် တစ်ဘက်လူ၏ ရှုမြင်ခြင်းအား ရေလည်သဘောပေါက်ခြင်းသည် ကျန်းမာသော မိဿဟာယနှင့် ယုံကြည်ခြင်းကို ထိမ်းသိမ်းစောင့်ရှောက်ရန် ကနဦး ခြေလှမ်းပင်ဖြစ်သည်။

ရှင်ပေါလုသည် ဝိညာဉ်တော်အားဖြင့် စည်းလုံးခြင်းကို ပြောဆိုသည် (ဧ ၄း၃)။ ၎င်းသည် "အသင့်အတင့် ပေါင်းဖော်ခြင်း" ကိုဖြစ်စေသည် (ဧ ၄း၃)။ အသင်းတော်တွင် ကွဲလွဲမှုရှိပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုရေများကို ငြိမ်သက်စေ၍ စည်းလုံးခြင်းသို့ ပို့ဆောင်ကာ၊ ညီညွတ်ခြင်းရှိစေသည်။ ထိုအခန်းကြီးတွင်ပင် ရှင်ပေါလုသည် "ယုံကြည်ခြင်းနှင့် ဘုရားသခင်၏သားတော်အား သိကျွမ်းခြင်း၌ တညီတညွတ်တည်းရောက်သည်" (ဧ ၄း၁၃)။ ခရစ်တော်နှင့် သူ၏ နှုတ်ကပတ်တော်အား နားလည်ခြင်းမှ ဖြစ်ပေါ်လာသော၊ တူညီသော ယုံကြည်ခြင်း၊ တူညီသောနားလည်ခြင်း တို့သည် ကျွန်ုပ်အတွင်း၌ စည်းလုံးခြင်း တည်မြဲ စေသောအရာဖြစ်သည်။

**သူတစ်ပါးသည် မိမိထက်သာလွန်သည်ဟု ရှုမြင်ခြင်းသို့ လမ်းပြသောအရာသည်မည်သည့်အတွက်ကို သေစေခြင်းဖြစ်သနည်း။ ထိုသို့အသက်ရှင်ပါက မိမိတို့၏ ဆက်ဆံရေးမည်မျှပြောင်းလဲမည်နည်း။**

# စိတ်ထည့်သွင်းခြင်းလော၊ စိတ်ခွဲစိတ်ခြင်းလော

ကမ္ဘာပေါ်တွင် ကုမ္ပဏီမြောက်များစွာတို့သည် နည်းပညာအသုံးပြုကာ၊ ကွန်ပျူတာနှင့်လူဦးနှောက် တို့၏အစွမ်းကို ပေါင်းစပ်၍ အလုပ်လုပ်ကြသည်။ တစ်မျိုးအားဖြင့်၊ စိတ်နှလုံးအား ကွန်ပျူတာများတွင်ချိတ် ဆက်ခြင်းဖြင့်၊ သိပ္ပံပညာရှင်တို့သည် မိမိတို့၏အတွေးအခေါ်တို့အား ကွန်ပျူတာဖြင့် လွှမ်းမိုးရန် မြော်လင့်ကြသည်။ စိတ်ထည့်သွင်းပေးခြင်းဖြင့် လူသား၏ဦးနှောက်သည် အပြုရလဒ်ပင်ဆောင်လာရာ၊ ဝက်ရူးပြန်ရောဂါ၊ စိတ်ကျရောဂါနှင့်ပါကင်ဆန်ရောဂါ (အာရုံကြောဆိုင်ရာ) တို့ကဲ့သို့အန္တရာယ်ပြုနိုင်သောအရာများအားဝေခွဲနိုင်ရန်မခက်ခဲလှပါ။ စိတ်နှလုံးထိမ်းသိမ်းခြင်းသည် မဝေးလှပါ။

တစ်မျိုးအားဖြင့် ရှိနေပြီးဟုဆိုရပေမည်။ စိတ်နှလုံးသည် ကွန်ပျူတာကဲ့သို့ပင် ဖြစ်၍ သာလွန်ကဲခြင်းရှိ၏။ ကျွန်ုပ်တို့၏စိတ်သည် နေ့စဉ်နှင့်အမျှ ဖော်ထုတ်သည့် အစီအစဉ်များသို့ အဆက်မပြတ် သတင်းစီးဆင်းသွားရာ၊ ကျွန်ုပ်တို့အတွေးအမြင် အခြေနေကို ထိမ်းပေး၍ အပြုအမူများအားလမ်းပြပေးသည်။ မိမိတို့သည် မီဒီယာတွင် နစ်မြုပ်နေသောအခါ၊ လောကဆန်သောလူတို့သည် ကျွန်ုပ်တို့၏ အတွေးအခေါ်ကိုသာအထင်ကြီးကြသဖြင့် မိမိတို့သည်လည်း ထိုသို့တွေးဆစပြုလာကြတော့သည်။ သူ တစ်ပါး၏ စိတ်နှလုံးတို့သည် မိမိတို့၏ စိတ်နှလုံးထဲသို့ သွင်းသယောင်ယောင်၊ ရောနှောသယောင်ယောင်ဖြစ်၏။

ကျွန်ုပ်တို့သည် ယေရှုကဲ့သို့ "ဝိညာဉ်ပကတိစိတ်" ဖြစ်ရပါမည် (ရော ၈း၆)။ "ဘုရားသခင်၏ နက်နဲသောအရာကို ဘုရားသခင်၏ ဝိညာဉ်တော်မှတပါး အဘယ်သူမျှမသိ" ဟူ၍ ပေါလုသည် "လောကစိတ် ဝိညာဉ်" နှင့် နှိုင်းဆထား၏ (၁ ကော ၂း၁၁၊ ၁၂)။ ကျွန်ုပ်တို့၏ဆရာသည် မည်သူဖြစ်၍ မည်သည်တို့အား သင်ယူရသနည်း။

**ဖတ်ပါ – ဖိလိပ္ပိ ၂း၅။ ခရစ်တော်၏စိတ်သဘောဟူသည် သင်မည်သို့ထင်မြင်သနည်း။**

မိမိတို့၏စိတ်ကို မိမိပြောင်းလဲနိုင်သော်လည်း၊ မိမိနှလုံးအား မိမိမပြောင်းလဲနိုင်၊ ဘုရားသာလျှင် ပြောင်းလဲနိုင်၏။ သန့်ရှင်းဝိညာဉ်သည် အသက်ရှင်၍ တန်ခိုးကြီးသော ဝိညာဉ် ဓား (ဖိ ၆း၁၇) ကိုကိုင်လျက် မိမိတို့၏နှလုံးအား ခွဲစိတ်ပေးရပါမည်။ "အသက်နှင့် စိတ်ဝိညာဉ်ကိုငှင်း၊ အရိုးအဆစ်နှင့် ခြင်ဆီကို ငှင်းပိုင်း၍ ထုတ်ချင်းခွင်းတတ်၏" (ဟေဗြဲ ၄း၁၂)။ စိတ်နှလုံးသည် မိမိတို့အား လှည့်ဖြားသဖြင့် သန့်ရှင်းဝိညာဉ်အားဖြင့်သာ မိမိကိုယ်ကိုသိကျွမ်းနိုင်သည် (ယေ ၁၇း၉)။ ဟေဗြဲဘာသာ (*'aqov*) "လှည့်ဖြားခြင်း" ဖြစ်ရာ၊ အဖုအထစ်များသောမြေ၊ အကျယ်ချဲ့ရသော၊ အကွေ့ကောက်များသော၊ ရစ်ပတ်လိမ်ကောက်သော၊ ကလိမ်ကကျစ်ဖြစ်သော စသည်ဖြစ်၏။ ကျွန်ုပ်တို့သည်စိတ်နှလုံး "အသစ်ပြင်ဆင်" ၍ "ကောင်းမြတ်သောအရာ၊ နှစ်သက် ဖွယ်သောအရာနှင့် ဘုရားသခင်အလိုတော်ရှိသောအရာ" (ရောမ ၁၂း၂) တို့ကို သင် ယူကြစို့။

**'သမ္မာတရားနှင့်ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ် စင်ကြယ်သောအကျင့်၊ သူတစ်ပါး နှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဖွယ်သော အကျင့်ရှိသမျှကိုငှင်း တစ်ပါးပါးနှင့် ဆိုင်သော အကျင့်ကိုငှင်း နှလုံးသွင်းကြလော့' (ဖိ ၄း၈) ဟုရှင်ပေါလုပြောသည်မှာ အဘယ်ကြောင့်အရေးကြီးနိုင် သနည်း။**

**ဗုဒ္ဓဟူးနေ့** ဇန်နဝါရီ ၂၁

## ယေရှုခရစ်၏စိတ်သဘော

တချိန်က မိုဟာမက်အလီသည် "ငါသည်အကြီးဆုံး" ဟုကြွေးကြော်ခဲ့၏။ ၁၉၆၃ ပြည့်နှစ် ဩဂုတ် လ၊ ကမ္ဘာ့လက်ဝှေ့ချန်ပီယံ မဆွတ်ခူးရမီ အစောပိုင်း ခြောက် လခန့်တွင် "ငါသည်အကြီးဆုံး" ဟူသော အခွေ အယ်လ်ဘမ် တစ်ခုပင် ထုတ်ဝေခဲ့၏။ အလီသည် ကြီးမားသော အားကစားသမားတစ်ဦးဖြစ်ခဲ့သော်လည်း၊ ခရစ်တော်၏ စိတ် သဘောကို လိုက် ရှောက် သောသူတစ်ဦးအားစံနမူနာကောင်းတစ်ဦးပင်မဖြစ်ခဲ့ပါ။

ယေရှုသည် အပြစ်ကင်းစင်၏။ "ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသော" (ဟေဗြဲ ၄း၁၅) စုံစမ်းခြင်းကို ခံရသော်လည်း စိတ်ဖြင့်မျှ အပြစ်မလုပ်ပါ။ ဟေဗြဲ ၅း၈ တွင် "ဘုရားသခင်၏သားတော်မှန်သော်လည်း ဆင်းရဲဒုက္ခကိုခံခြင်းဖြင့် နားထောင်ခြင်းအကြောင်းကို သင်တော်မူ၏။" ယေရှုသည် ခမည်းတော်၏ အလိုတော်အား ဝန်ချခြင်းသည် အစဉ်စုံလင်နေမည်။ လွယ်ကူမည်မဟုတ်သည်တိုင် သူသည် ဝန်ချရန် ငြင်းဆိုနေ သောအချိန်မရှိဘူးပါ။

**ဖတ်ပါ – ဖိလိပ္ပိ ၂း၅ – ၈။ ကျမ်းစာတွင်တန်ခိုးအကြီးဆုံးနှင့် အလှပဆုံး ကျမ်းချက်ဖြစ်သည်ကို စဉ်းစား ကြည့်ပါ။ ပေါလုသည် မည်သည်အားဆိုလိုသနည်း။ ဤစာသားတို့သည် မည်သို့ ဂယက်ရိုက်ခတ်သနည်း။ ဤနေရာတွင် ဖော်ပြထားသည်များအား မိမိတို့အသက်တာတွင် မည်သို့အသုံးပြုသနည်း။**

ယေရှုသည် ထာဝရဘုရားနှင့်ဘက်မျှသူ၊ ထာဝရဘုရားပင်ဖြစ်သူသည် လူ့ဇာတိခံ သည်သာမက "ကျွန်သပေါက်"ပင် ဖြစ်လာ (*doulou*၊ စေတမာန်၊ ကျွန်) ၍ အပြစ်အတွက် အပူဇော်ခံခဲ့လေ၏။ တနေရာတွင် "သူသည် ငါတို့အတွက်ကျိန်ခြင်း" (ဂလာ ၃း၁၃) ကိုခံရသည်ဟု ပေါလုဆိုသည်။ ကျွန်ုပ်တို့၏ဖန်ဆင်း ရှင်ထာဝရဘုရားသည် ကျွန်ုပ်တတို့၏ ရွေးနုတ်ရှင်ဖြစ်ရန် ကပ်တိုင်ပေါ်သေခံသဖြင့် ကျွန်ုပ်တို့အတွက်ပင် ကျိန်ခြင်းခံရန် လိုအပ်လေသည်။ ဤထက်မက၊ ဤအချက်တို့သည် မည်သို့ပြုစေလို၍ မိမိကိုယ်အား နှိမ့်ချကာ သူတစ်ပါး၏ ကောင်းမှုအတွက် မိမိကိုယ်ကို ဆက်ကပ်လိုသော စိတ်သဘော ထား စေလိုသည်ကို မည်သို့သိနိုင်မည်နည်း။

တစ်နေရာတွင်ယေရှုသည် "သင်တို့တွင် အကြီးဖြစ်သောသူသည် သင်တို့အစေခံဖြစ်ရမည်။ အကြင်သူသည် မိမိကိုယ်ကိုချီးမြှောက်အံ့၊ ထိုသူသည် နှိမ့်ချခြင်းသို့ရောက်လတံ့။ အကြင်သူသည် မိမိကိုယ်ကို နှိမ့်ကျအံ့၊ ထိုသူသည် ချီးမြှောက်ခြင်းသို့ ရောက်လတံ့" (မ ၂၃း၁၁၊ ၁၂) ဟုမိန့်တော်မူ၏။ ဖိ ၂း၅ – ၈ တွင် ပေါလုသည် ကျွန်ုပ်တို့ပြုရမည့်ဆို စကားများအား မီးမောင်းထိုးပေးသည်ပင် မဟုတ်လော။

ဤထက်သာ၍ခရေစေ့တွင်းကျသောစကားများဖြင့်ပေါလုသည် စောစောက မိမိဆိုခဲ့ပြီးသည်မှာ "ရန်တွေ့လိုသောစိတ်၊ အချီးနီးကျော်ဇောကိတ္တိကို တပ်မက်သောစိတ်ဖြင့် အဘယ်အရာတစ်ခုမျှ မပြုရ" (ဖိ ၂း၃) ဟုဆိုသည်။

**ဖိ ၂း၅ – ၈ တွင်ဖော်ပြထားသော ကျွန်ုပ်အတွက် ခရစ်တော်ပြုပြီးသောအရာများအား မည်သို့တုံ့ပြန် ရမည်နည်း။ ခရစ်တော်ပြုပြီးသောအရာများအားမည်သည့်တုံ့ပြန်ခြင်းသည် နူးထောက်ဝတ်ပြုခြင်းထက်သာ၍ "လုံလောက်" ထိုက်တန်နိုင်မည်နည်း။ ခရစ်တော်ပြုပြီးသောအရာများအား မိမိတို့၏ကုသိုလ်ဖြင့် ပြည့်စွက်ရမည်ဟူသည့် တွေးခေါ်မှုသည် အဘယ်ကြောင့် မှားယွင်းမည်နည်း။**

# ကိုးကွယ်ခြင်း၏နက်နဲခြင်း

အလွန်နာမည်ကြီးသော ကျမ်းပိုဒ်တစ်ခုသည် ၁ ကော ၈း၂ ဖြစ်၍ "အကြင်သူသည် ငါကားပညာရှိ ဖြစ်သည် ဟူ၍ စိတ်ထင်၏။ ထိုသူသည် သိအပ်သည်အတိုင်း အလျှင်းမသိသေး" ဟူ၏။ မိမိတို့ အကုန်အစင် သိရှိပြီးသော သင်ရိုးတစ်ခုမျှမရှိပါ။ တစ်စုံတစ်ခုကိုပင် အမြဲသင်ယူနေရပေမည်။ သုံးပါးတစ်ဆူဘုရားနှင့် ဝင်စားခြင်းတို့သည် ထာဝရအဖြစ်မှန်များဖြစ်သည်မှာ မည်မျှမှန်ကန်သနည်း။ ခရစ်တော်သည် မိမိကိုယ်အား ရှုံ့ချသည်တိုင် လူသားဖြစ်လာခြင်းကို ပေါလုမှ ကြိမ်ဖန်များစွာ ဖော်ထုတ်ခဲ့သည်။ ထိုသင်ရိုးကိုပင် ထာဝရ သင်ယူသည်တိုင် မလုံလောက်နိုင်သေးပါ။

**ဖတ်ပါ – ရောမ ၈း၃။ ဟေဗြဲ ၂း၁၄ – ၁၈ နှင့် ၄း၁၅။ ယေရှုမိမိကိုယ်အားရှုံ့ချခြင်းနှင့် လူ့ဇာတိယူတင်ခြင်းတို့ကို မည်သည်ဖြင့် ဝိသေသဆောင်စေသနည်း။**

သန့်ရှင်းဝိညာဉ်၏ခွဲစိတ်ပြုစုခြင်းဖြင့် (လု ၁း၃၅) ထာဝရဘုရား၏သားတော်သည် မေရီ၏ သားအိမ်တွင် ကောင်းကင် – လူသား ဖြစ်လာနိုင်မည်နည်း။ ထာဝရအတိုင်းမဲ့သူသည် တမဟုတ်ခြင်းပင် အကန့်သတ် ရှိသောသေမျိုးလူသားပင် ဖြစ်ရသည်မှာ ချီတုန်ချတုန်ပင်တည်း။ ၎င်းသည်ပေါလုမှ "ကိုးကွယ်ခြင်း၏ နက်နဲသောအရာ" (၁တိ ၃း၁၆) ဟုဆိုခြင်း၏ဗဟိုချက်မဖြစ်၏။

ဖိလိပ္ပိ၏ ချီးမွမ်းသီချင်းတွင် ရှင်ပေါလုသည် မိမိကိုယ်ကိုရှုံ့ချခြင်းအား အသေးစိတ်ဖော်ပြရာတွင် အခြားကျမ်းချက်တို့ထက် ပိုမိုပြည့်စုံလင်ခြင်းတို့မှာ –

- ဘုရားသခင်၏သဏ္ဍာန်ရှိခြင်း (ဖိ ၂း၆)။ ပုံသဏ္ဍာန် (*morphē*) သည် ယေရှုနှင့် ဘက်မျှသော ဘုရားသခင်၏ ကောင်းကင်သဘာဝဝိသေသဖြစ်သည် (ယော ၁း၁)။

- မိမိအသရေကိုစွန့်ခြင်း (ဖိ ၂း၇)၊ ယေရှု၏နက်နဲသော သဘာဝဝိသေသသည် မိမိအသရေတော်၊ ကောင်းကင်တွင် သူ၏ ကိုယ်ပိုင်လုပ်ပိုင်ခွင့်တို့အား စွန့်လျက်၊ လူသားစစ်စစ်ဖြစ်လာကာ ကျွန်ပ်တို့ကဲ့သို့ စုံစမ်းခြင်း ပင် ခံရသည်မှာ အံ့ဖွယ်ဖြစ်သည်။

- ကိုယ်ကိုကိုယ်နှိမ့်ချခြင်း (ဖိ၂း၈)။ လူ့သဘာဝအား ယူတင်ရာတွင်၊ ယေရှုသည် စကြာဝဠာအချုပ်အချာ အာဏာစက်မှသည် လူစီဖာမှပစ်မှတ်ထားဆန့်ကျင်သော ကျွန်ဘဝသို့ ရွေ့ပြောင်းလှုပ်ရှား၏။

- သေခြင်း၊ ကပ်တိုင်တွင်အသေခံသည်တိုင်အောင် (ဖိ ၂း၈)။ ယေရှုမှ ရွေးချယ်ထားသော ခမည်းတော်နှင့်အတူ စီစဉ်ခဲ့သည့် "မိဿဟာယပဋိညာဉ်" ပြုခဲ့သည်အတိုင်း သိမ်ငယ်စွာ နှိမ့်ပါးစော်ကားခံရခြင်းမှအပ အခြားနည်းလမ်းမရှိပါ။ ၎င်းသည်လည်း ကနဦးတွင် မောရှေသည်မြွေကိုမြှောက်ထားခြင်ဖြင့် အသွင်ယူခဲ့ပြီး ဖြစ်သည် (တော ၂၁း၉။ ယော ၃း၁၄)၊ သည်တင်မက "အပြစ်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသော သူဖြစ်စေတော်မူ၏" (၂ကော ၅း၂၁)။

**ယေရှုမှ ကပ်တိုင်တွင် ကျွန်ုပ်တို့အတွက် ပြုလုပ်ပေးသောအရာများအား ဗဟိုချက်မပြုကာ – ကပ်တိုင် သည် မိမိတို့၏ အညွှံခံခြင်းနှင့် နှိမ့်ချခြင်းအဖြစ် ရှုမြင်လျက် – မိမိတို့အား သာ၍ နှိမ့်ချနိုင်ခြင်းနှင့် ဘုရားသခင်အားနာခံတတ်သောသူမည်သို့ဖြစ်စေနိုင်မည်နည်း။**

## သောကြာနေ့ ဇန်နဝါရီ ၂၁

**ထပ်မံစဉ်းစားရန်** – "လူသား၏နလုံးသားဆက်ကြောင်းကိုလိုက်၍ ခေတ်အဆက်ဆက် စီးဆင်းလာသော ဖခင်၏ မေတ္တာသည် လူ့ဝိညာဉ်ထဲသို့ စီးဝင်သော နူးညံ့ခြင်း စမ်းချောင်းရေတို့ဖြစ်သည်။ သို့တိုင်အောင် မကုန်ခမ်းနိုင်သော အတိုင်းမဲ့ ဘုရားသခင်၏ မေတ္တာဖြင့် နှိုင်းယှဉ်ခြင်းတွင် ချောင်းငယ်လေးပင်ဖြစ်လေ၏။ နှုတ်ဖြင့်မြွက်မကုန်၊ စာဖြင့်ရေးမပြီးနိုင်ပါ။ နေ့စဉ်အသက်တာတွင် ကမ္ဘာ့သဿဗ္ဒာန်းအားထုတ်နိုင်သည်။ နှုတ်ကပတ်တော်အား သိကျွမ်းရန် ဝီရိယနှင့်လေ့လာနိုင်သည်။ ကောင်းကင် ခမည်းတော်၏ မေတ္တာတော်နှင့် ကြင်နာခြင်းတို့အား နားလည်သဘောပေါက်နိုင်ရန် ကြိုးပမ်းအားထုတ်ရာတွင် တန်ခိုးနှင့်လုပ်ဆောင်နိုင်စွမ်းကိုဆင့်ခေါ်နိုင်ပါသည်။ ၎င်းတို့ ထက်သာလွန်သော အတိုင်းမဲ့ခြင်းပင် ရှိသေးသည်။ ထိုမေတ္တာအား အသက်သမျှ လေ့လာရပေမည်။ သို့တိုင်အောင် သားတော်ကို လောကအတွက် အသေခံစေသော ထိုမေတ္တာ၏ အလျားအနံအမြင့်တို့ကို ပြည့်စုံ လင်စွာ သိကျွမ်းနိုင်မည်မဟုတ်ပါ။ ထာဝရကာလကပင် ၎င်းအား ဖော်ပြနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော်၏ အသက်တာနှင့် ကယ်တင်ခြင်းစီမံကိန်းတို့အပေါ် ကမ္ဘာ့သဿဗ္ဒာန်းအားထုတ်သည်ရှိသော်၊ ဤဥပဒေသတို့သည် မိမိတို့၏ သိကျွမ်းနားလည်နိုင်အောင် ပွင့်လင်းလာလိမ့်မည်" (အီးဂျီဝှိုက်။ အသင်းတော်ဩဝါဒစာ၊ တွဲ၊ ၅။ စာ၊ ၇၄၀)၊

"ခရစ်တော်၏ကျောင်းတွင် မောရှေကဲ့သို့ သင်တန်းယူနေချိန်တွင် မည်သည်တို့ သင်ရမည်နည်း။ ကြွားဝါခြင်းလား။ စိတ်ကြီးဝင်ခြင်းလား။ မဟုတ်ရပါ။ ဤကျောင်းတွင် သင်ယူလေလေ၊ စိတ်နှလုံးနှိမ့်ချခြင်း ပြန့်ပွားလေလေ ဖြစ်လိမ့်မည်။ သိသင့်သိထိုက်သည်များအားလုံးကို သင်ယူခဲ့ပြီးပြီဟု မယူဆရပါ။ ဘုရားသခင် ပေးတော်မူသော ပါရမီတို့ကို အကောင်းဆုံးအသုံးပြုပါက၊ မိမိတို့သည် သေမျိုးမှ ထာဝရရှင်သန်ခြင်းသို့ ကူး ပြောင်းသွားသောအခါ မိမိတို့ကြိုးပမ်းရရှိထားသော ဥစ္စာများအား မချန်ရစ်ခဲ့ရတော့ဘဲ တစ်ဘက်ကမ်းသို့တိုင် ယူဆောင်သွားရပါမည်။ ခရစ်တော်၏ ကယ်တင်ခြင်းလုပ်ငန်းသည် အဆက်မပြတ်သောခေတ်ကြီးတစ်လျှောက် ကျွန်ုပ်တို့၏ သင်ရိုးဖြစ်လိမ့်မည်" (အီးဂျီဝှိုက်။ စာမူစဉ်၊ ၃၆။ ၁၈၈၅)။

**ဆွေးနွေးရန်မေးခွန်းများ –**

**၁** **ထာဝရဘုရား၏အဖြစ်မှန်သောမေတ္တာအား သင်မည်သို့ကြုံတွေ့ရသနည်း။ ဆွေးနွေးကြည့်ပါ။**

**၂** **ယေရှု၏ "လူကဲ့သို့သောအဖြစ်" သည် မည်သည့်အနက်ရှိသနည်း** (ဖိ ၂း၇)**။ ရောမ ၈း၃နှင့် နှိုင်းယှဉ်ကြည့်ပါ။**

**၃** **သင်၏နယ်ပယ်တွင် အသင်းတော်သည် မည်သည့်စိန်ခေါ်မှုကို ရင်ဆိုင်ရသနည်း။ နှိမ့်ချ လိုသောစိတ်ရှိ သဖြင့် "အချင်းချင်းကျော်စောကိတ္တိကိုတပ်မက်သောစိတ်"** (ဖိ၂း၃) **ဖြင့် မည်သည့် အမှုမျှ မပြုလိုခြင်းသည် ၎င်း၏ရလဒ်အားဖြင့် လုပ်ဆောင်ခြင်းမည်သို့ဖြစ်သနည်း။**

## ငွေဘယ်တော့မှ မကုန်

ဆယ်တစ်နှစ်အရွယ် Alvan Harold သည် ကင်ညာနိုင်ငံ၊ ကီးဆူမြူမြို့တွင် ကျောင်းမှ အိမ်သို့ လမ်းလျှောက်ရင်း သူ့အိတ်ကပ်ထဲတွင် ဒင်္ဂါးများ မြည်သံ ကြားရတာကို နှစ်သက်၏။ ထိုအခါ သူသည် ဆိုင်တစ်ဆိုင်တွင် အခွံမာသီးများ (သို့) ရေခဲမုန့် တစ်ခုကို ဝယ် ယူနိုင် သည်။

တစ်နေ့တွင် ပဉ္စမတန်းကျမ်းစာဆရာမက အယ်လ်ဗန်၏ချစ်လှစွာသော အိတ်ကပ် ထဲ က ပိုက်ဆံ အကြောင်း ပြောဆိုသောအခါ သူ့ကိုအံ့အားသင့်စေခဲ့သည်။ "မင်းရဲ့အိတ်ကပ်ထဲက ပိုက်ဆံအားလုံးကို အခွံမာသီးတွေနဲ့ ရေခဲမုန့်တွေအတွက် မသုံးသင့်ဘူး" ဟု သူမက ပြော သည်။ "ဥပုသ်နေ့မှာ ဘုရားသခင်အတွက် ပေးဖို့ တချို့ကို သိမ်းထားသင့်တယ်။"

အယ်လ်ဗန်သည် ဥပုသ်နေ့တွင် အလှူငွေပန်းကန်ထဲသို့ ပိုက်ဆံထည့်လှူခဲ့သည်။ သူ့ ဖခင်က ဥပုသ်နေ့မနက်တွင် ပေးထားသောပိုက်ဆံဖြစ်၏။ "မင်းရဲ့မိဘတွေဆီက ပိုက်ဆံကို ဘုရားကျောင်းမှာ ပေးလှူတဲ့အခါ၊ မင်းမိဘတွေ အတွက်ပဲ ပေးလှူတာဖြစ်တယ်။ မင်းရဲ့ကိုယ် ပိုင်ပိုက်ဆံကို ပေးလှူတာမဟုတ်ဘူး" ဟု သူမ ကပြော၍ မာလခိ ၃း၈ ကို ဖတ်ပြခဲ့သည်။ "လူသည် ဘုရားသခင်၏ ဥစ္စာတော်ကို လုယူ ရ မည်လော။ သို့သော်လည်း သင်တို့သည် ငါ့ဥစ္စာကို လုယူကြပြီ။ အကျွန်ုပ်တို့သည် အဘယ်သို့ လုယူပါသနည်းဟု သင်တို့မေးလျှင် ဆယ်ဘို့တစ်ဘို့ကို လည်းကောင်း၊ ပူဇော်သက္ကာ တို့ကို လည်းကောင်း၊ လုယူကြပြီ။"

အယ်လ်ဗန်သည် ဆရာမက သူ့ကိုဝေဖန်နေသည်ဟု ထင်ခဲ့ပြီး ၎င်းကို မကြိုက်ခဲ့ပေ။

အယ်လ်ဗန်သည် ထိုအပတ်အတွက် သူ့ အိတ်ကပ် ထဲပိုက်ဆံအားလုံးကို သုံးစွဲပြီး ဖြစ် သည်။ နောက်အပတ်တွင် ဘုရားသခင် အတွက် ပိုက်ဆံစုဖို့ သူဆုံးဖြတ်ခဲ့သည်။ သို့သော် နောက်အပတ်တွင်လည်း သူသည် ပိုက်ဆံ အားလုံး ကို သုံးစွဲမိပြန်သည်။

ရက်သတ္တပတ်နှစ်ပတ်ကြာပြီးနောက်၊ အယ်လ်ဗန်သည် သူ့ကိုယ်သူ အလွန်စိတ်ပျက် ခဲ့သည်။ သူသည် ပူဇော်သက္ကာအတွက် ပိုက်ဆံစုမထားနိုင်ခဲ့ပေ။

တစ်နေ့တွင် သူ့အစ်ကိုဖြစ်သူ Allan တို့သည် အိမ်သို့ လမ်းလျှောက်ရင်း ရေခဲမုန့် ဆိုင် တစ်ဆိုင်ကို ဖြတ်သွားခဲ့သည်။ အယ်လ်ဗန်သည် သူ့ အိတ် ကပ် ထဲတွင် ရှယ်လင်နှစ်ဆယ် (အမေရိကန် ပြား နှစ်ဆယ်) ရှိပြီး ၎င်းကို ရေခဲမုန့်ဝယ်ရန် ဆုံး ဖြတ်ခဲ့သည်။ သူ့အစ်ကိုကြီးက သူ့ကိုတားလိုက်သည်။ အယ်လ်ဗန်သည် ရေခဲမုန့် လိုချင်သော်လည်း မဝယ်ခဲ့ပေ။

ဥပုသ်ရောက်သောအခါ၊ သူ့အိတ်ကပ်ထဲတွင် ရှယ်လင်နှစ်ဆယ်ရှိနေသေးသည်။ သူ သည် ထိုဒင်္ဂါးကို အလှူငွေ ပန်းကန်ထဲသို့ ထည့်လှူ၍ ဘုရားသခင်အား ပေးလှူရသည့် ခံစား ချက်မှာ ကောင်းမွန်လှသည်။ ပူဇော်သက္ကာ အတွက် သူအမုန် တကယ်လိုချင် သောအရာကို စွန့်လွှတ်ခဲ့ပြီး ၎င်းသည် ဆုံးရှုံးမှု မဟုတ်ကြောင်း သဘောပေါက်ခဲ့သည်။

နောက်အပတ်တွင်၊ အယ်လ်ဗန်သည် ရှယ်လင်နှစ်ဆယ်ကို ထပ်မံစုမိပြီး ၎င်းကို အလှူငွေ အဖြစ်ပေးလှူခဲ့သည်။ သူသည် ဥပုသ်နေ့တိုင်း ရှယ်လင်နှစ်ဆယ် ပေး လှူခြင်းကို ယနေ့တိုင် ပြုလုပ်နေသည်။ အံ့သြစရာကောင်းသည်မှာ သူသည် ပိုက်ဆံ ဘယ် တော့ မှ မကုန်တော့ပေ။ တစ်ခါတစ်ရံ အယ်လ်ဗန် သည် ရေခဲမုန့်ဝယ်ရန် သွေးဆောင် ခံရသော်လည်း ဥပုသ်နေ့တွင် ဘုရားသခင်အတွက် ရှယ်လင်နှစ်ဆယ်ရှိရမည်ဟု သူ့ကိုယ်သူ သတိ ပေးသည်။ "ဘုရား သခင်ရဲ့ အမှုဟာ ငါလိုချင်တာထက် ပိုကောင်းတယ်လို့ ကိုယ့်ကိုယ်ကို သတိပေးတယ်။"



**အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်**

**အဓိကကျမ်းချက်။** ဖိလိပ္ပိ ၂း၂

**လေ့လာမှုဦးတည်ချက်။** ဖိလိပ္ပိ ၂း၁–၁၁။

ဖိလိပ္ပိ ၂း၁–၄ သည် ခရစ်တော်၏ နှိမ့်ချမှုပုံသက်သေကို ခရစ်ယာန်ဘဝအတွက် ဆွေးနွေး ထားသည့် အပိုင်းတစ်ခု၏အစဖြစ်သည် (ဖိလိပ္ပိ ၂း၁–၁၈)။ ခရစ်တော်သည် ဘုရားသခင်အား နာခံမှု၊ ချစ်ခြင်းမေတ္တာနှင့် ဘုရားသခင်နှင့် စည်းလုံးမှု၏ အုပ်စိုးသောပုံ သက်သေဖြစ်သည်။ သူ၏ လောကီသက်တမ်းတစ်လျှောက် ခရစ်တော်သည် ခမည်းတော်နှင့် နက်ရှိုင်းသော ဆက်သွယ်မှုကို ပြုစုပျိုးထောင်ခဲ့ပြီး ၎င်းတို့၏ စည်းလုံးမှုကို အကြိမ်ကြိမ် မီးမောင်းထိုးပြခဲ့သည် (ယောဟန် ၅း၁၉။ ၁၀း၃၀၊ ၃၈။ ၁၂း၄၅။ ၁၄း၉၊ ၁၀။ ၁၇း၁၁၊ ၂၁–၂၄)။ ထို့အတူ ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် သူ၏ စည်းလုံးမှုကိုလည်း မီးမောင်းထိုးပြခဲ့သည် (ယောဟန် ၁၄း၁၆၊ ၂၆။ ယောဟန် ၁၅း၂၆။ ယောဟန် ၁၆း၇)။

ဘုရားသခင်၏ အဖွဲ့ဝင်များသည် ထာဝရတည်ရှိပြီး သဟာဇာတဖြစ်ခြင်း၊ ချစ်ခြင်းမေတ္တာဆိုင်ရာ ဆက်ဆံရေးတွင် ရှိနေကြခြင်း၊ ယုံကြည်သူများအကြား ဆက်ဆံရေးကို သတ်မှတ်ပေးသင့်သည့် စည်းလုံးမှုနှင့် ချစ်ခြင်းမေတ္တာ၏ ပုံစံတစ်ခုကို ပေးထားသည်။ ရှင်ပေါလုသည် ဤအကြောင်းအရာကို ဖိလိပ္ပိစာတွင်သာမက အခြားနေရာများတွင် လည်း အလေးပေးဖော်ပြသည်။ ဥပမာအားဖြင့်၊ ကောရိန္သု ပထမစာစောင် အစပိုင်းတွင် သူဆိုသည်မှာ "ညီအစ်ကိုတို့၊ သင်တို့ရှိသမျှသည် စကားတညီတညွတ်တည်းဖြစ်၍ အချင်းချင်း မကွဲပြားဘဲ စိတ်သဘောတသံတသမတ်တည်းရှိသည်နှင့် စေ့စပ်စုံလင်ကြမည် အကြောင်း၊ ငါတို့သခင်ယေရှုခရစ်၏ နာမတော်ကို အမှီပြု၍ သင်တို့ကို ငါနှိုးဆော် တောင်းပန်ပါ၏" (၁ကော ၁း၁၀ ကို ရောမ ၁၅း၅–၇။ ဂလ ၃း၂၆–၂၉။ ဧ ၄း၁–၆။ ကော ၃း၁၂–၁၅ နှင့် နှိုင်းယှဉ်ပါ)။

ဤအပတ်သင်ခန်းစာသည် အဓိကအကြောင်းအရာသုံးခုကို အလေးပေးသည် –

၁။ စည်းလုံးညီညွတ်စွာနေထိုင်ရန်နှင့် တစ်ဦးနှင့်တစ်ဦး ချစ်ခြင်းမေတ္တာပြသရန်သည် ခရစ်ယာန်တိုင်း၏ အခြေခံတာဝန်နှင့် မျှော်လင့်ထားသော အပြုအမူဖြစ်၏။

၂။ ခရစ်ယာန်များအနေဖြင့် ခရစ်တော်နှင့်တူသော စိတ်ထားကို ပြုစုပျိုးထောင်ရန် ခေါ်ဝေါ် ခြင်းခံရသည်။ ရှင်ပေါလုသည် ခရစ်တော်နှင့်တူသော စိတ်ထားဆိုသည်မှာ အဘယ်အရာကို ဆိုလိုသည်ကို အလေးပေးဖော်ပြသည်။

၃။ ကျွန်ုပ်တို့၏ အကန့်အသတ်ရှိသော စိတ်ဖြင့် ခရစ်တော်သည် လူသားဖြစ်လာရန် နှိမ့်ချခဲ့သည့် အနန္တနှိမ့်ချမှုကို အပြည့်အဝနားလည်နိုင်စွမ်းမရှိပါ။ ဤနှိမ့်ချမှုသည် နားမလည်နိုင်သော နက်နဲရာဖြစ်သည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ပုံပမာပြချက်

"သေးကင်းလုံခြုံရေးအတွက်၊ တောင်တက်သမားများသည် တောင်တက်ရာတွင် ကြိုးဖြင့် တစ်ဦးနှင့်တစ်ဦး ချည်နှောင်ထားကြသည်။ ဤနည်းဖြင့် တစ်ဦးဦးချော်လဲသွားလျှင် သေဆုံးသွားမည်မဟုတ်ပါ။ သူသည် ခြေထောက်ပြန်တည်မြဲမှုရရှိသည်အထိ အခြားသူများက ဆွဲထားပေးသည်။

အသင်းတော်သည်လည်း ဤကဲ့သို့ဖြစ်သင့်သည်။ အဖွဲ့ဝင်တစ်ဦးချော်လဲသွားလျှင် အခြားသူများက သူပြန်လည်တည်မြဲမှုရရှိသည်အထိ ဆွဲထားသင့်သည်။ ကျွန်ုပ်တို့ အားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ကြိုးဖြင့်ချည်နှောင်ထားသည်။"— Michael P. Green, *1500 Illustrations for Biblical Preaching* (Grand Rapids, MI: Baker Books, 2000), p. 66.

### စည်းလုံးညီညွတ်မှုနှင့် ချစ်ခြင်းမေတ္တာ

ဖိလိပ္ပိ ၂း၁-၄ တွင် ရှင်ပေါလုက တစ်ကိုယ်ကောင်းဆန်သော ရည်မှန်းချက်သည် အသင်းတော်အတွင်း စည်းလုံးမှုကို ဖျက်ဆီးသည့် အဓိကအကြောင်းရင်း တစ်ခုဖြစ်သည်ဟု အရိပ်အမြွက်ပြောသည်။ သူဆိုသည်မှာ "ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကို မပြုကြနှင့်။ သူတပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသောစိတ်ရှိ၍ တယောက်ကိုတယောက် ထင်မှတ်ကြလော့" ဖိလိပ္ပိ ၂း၃။ "ရည်မှန်းချက်" နှင့် "မာနထောင်လွှားမှု" ဟူသော စကားလုံးများသည် ဂရိစကားလုံး "အဲရီသဲအာ" နှင့် "ကီနိုဒေါဇီယာ" မှ ဘာသာပြန်ထားခြင်းဖြစ်ပြီး ၎င်းတို့သည် ဓမ္မသစ်ကျမ်း တွင် ရှားပါးသည်။ ပထမစကားလုံး "အဲရီသဲအာ" သည် ခုနစ်ကြိမ်သာ ပေါ်ထွက်ပြီး ရှင်ပေါလု၏ စာများတွင် နီးပါးသီးသန့်ဖြစ်သည် (ရောမ ၂း၈။ ၂ကော ၁၂း၂၀။ ဂလာ ၅း၂၀။ ဖိလိ ၁း၁၆။ ဖိလိ ၂း၃။ ယာကုပ် ၃း၁၄၊ ၁၆)။ ဒုတိယစကားလုံး "ကီနိုဒေါဇီယာ" သည် ဤတစ်ကြိမ်သာ ပေါ် ထွက် သည်။ စိတ်ဝင်စားစရာမှာ "အဲရီသဲအာ" သည် အိုဒ်တက်စတမင့် ၏ ဂရိဘာသာပြန်ဖြစ်သော ဆပ်တူအာဂင့်တွင် မတွေ့ရဘဲ၊ "ကီနိုဒေါဇီယာ" သည် သုံးကြိမ်သာ ပေါ်ထွက်ပြီး သမ္မာကျမ်း မဟုတ်သော စာအုပ်များတွင်သာ ရှိသည်။ ထို့ကြောင့် ဖိလိပ္ပိ ၂း၃ တွင် ဤစကားလုံးများကို ရှင်ပေါလုအသုံး ပြုခြင်းသည် အိုဒ်တက်စတမင့်၏ ဂရိဘာသာပြန်ကျမ်းမှ မဟုတ်ပုံရသည်။ သို့သော် ဤစကားလုံးနှစ်ခုစလုံးသည် ရှေးခေတ် ဒဿနပညာရှင်များ၏ ရေးသားချက်များ တွင် ပြိုင်ဆိုင်မှုကို ဝေဖန်ရန် အကျင့်ပျက်ခြစားမှု စာရင်းများတွင် ပေါ်ထွက်သည် (see Gerald F. Hawthorne, *Philippians*, vol. 43 of Word Biblical Commentary [Dallas: Word, Incorporated, 2004], p. 87)။ အံ့သြစရာမရှိပါ၊ "အဲရီသဲအာ" သည် ၂ကောရိန်သု ၁၂း၂၀ နှင့် ဂလာတိ ၅း၂၀ တွင်

မှတ်တမ်းတင်ထားသော အပြစ်စာရင်းများတွင် ပေါ်ထွက်သည်။ ရှင်ပေါလုသည် ခရစ်ယာန်များ ရှောင်ရှားရမည့် အပြုအမူများကို တိကျစွာဖော်ပြရန် ဤစကားလုံးများကို အသုံးပြု၏။

ဖိလိပ္ပိ ၂း၁–၄ သည် အသင်းတော်တွင် စည်းလုံးမှုဖြစ်ပေါ်ရန်၊ သဟဇာတဖြစ်မှုကို ထိခိုက်စေသော ပြိုင်ဆိုင်မှုနှင့် တစ်ကိုယ်ကောင်းဆန်မှုကို ရှောင်ရှားရုံသာမက၊ စည်းလုံးမှုကို မြှင့်တင်ရန် မရှိမဖြစ်လိုအပ်သော ခရစ်ယာန်သီလများကို ကျင့်သုံးရန်လည်း လိုအပ်ကြောင်း ပြသသည်။ သဟဇာတဖြစ်သော လေထုသည် နှစ်သိမ့်မှု၊ အားပေးမှု၊ ချစ်ခြင်းမေတ္တာ၊ မိတ်သဟာယ၊ ကရုဏာ နှင့် သနားကရုဏာဖြင့် ထူးခြားသည် (ဖိလိပ္ပိ ၂း၁)။ ထိုသို့သော ပတ်ဝန်းကျင်တွင် လူများသည် "သင်တို့သည် အချင်းချင်းချစ်ကြ၍၊ စိတ်မကွဲပြားဘဲ တလုံးတဝတည်း ကြံစည် ခြင်းနှင့်တကွ၊ သဘော တညီတညွတ်တည်းရှိသောအားဖြင့်၊ ငါဝမ်းမြောက်စရာ အကြောင်းကို စုံလင်စေကြလော့" (ဖိလိပ္ပိ ၂း၂)။

သို့သော် ရှင်ပေါလုသည် တူညီမှုကို ထောက်ခံခြင်းမဟုတ်ဘဲ၊ ကွဲပြားမှုမှတစ်ဆင့် စည်းလုံးမှုကို ထောက်ခံသည်။ "တစ်ကိုယ်ကောင်းဆန်သော ရည်မှန်းချက်" နှင့် "မာနထောင်လွှားမှု" ကို ရှုတ်ချရာတွင်၊ သူသည် ဆန့်ကျင်ဘက်စိတ်ထားဖြစ်သော "နှိမ့်ချသော စိတ်ထား" ကို တင်ပြသည် (ဖိလိပ္ပိ ၂း၃)။ ဤစိတ်ထားကို နောက်ဆက်တွဲ ဝါကျတွင် ရှင်းပြထားသည်။ "သူတပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသော စိတ်ရှိ၍ တယောက်ကိုတယောက် ထင်မှတ်ကြလော့" (ဖိလိပ္ပိ ၂း၃)။ ဤအတွေးသည် အလွန်အရေးကြီးသဖြင့် ရှင်ပေါလုသည် နောက်ထပ်ကျမ်းပိုဒ်တွင် ကွဲပြားသော စကားလုံးများဖြင့် ထပ်မံဖော်ပြသည်။ "ကိုယ်အမှုအရာကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်း ရှုမှတ်ကြလော့" (ဖိလိပ္ပိ ၂း၄)။ ရှင်ပေါလုသည် ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားကို စွန့်လွှတ်ရန် မတောင်းဆိုဘဲ၊ အခြားသူများ၏ အကျိုးစီးပွားကို လျစ်လျူရှုမှုမဟုတ်ဘဲ နက်ရှိုင်းစွာ ဂရုစိုက်ရန် တောင်းဆိုသည်။ ဤနေရာတွင် ယေရှုသည် ကျွန်ုပ်တို့၏ အမြင့်ဆုံးသော ပုံသက်သေဖြစ်သည်။ ထို့ကြောင့် ရှင်ပေါလုသည် ၎င်းတို့အား ခရစ်တော်နှင့်တူသော စိတ်ထားကို ဖြစ်ပေါ်စေရန် တိုက်တွန်းသည်။

## ခရစ်တော်နှင့်တူသော စိတ်ထား

ဖိလိပ္ပိ ၂း၁–၈ တွင် ဂရိစကားလုံးရင်းမြစ် "ဖရန်" (သို့မဟုတ် "ဖရောန်") မှ ဆင်းသက်လာသော ဝေါဟာရများကို တင်ပြထားသည်။ ဤရင်းမြစ်သည် "တစ်ဦး၏ တွေးခေါ်မှု ဆိုင်ရာ စွမ်းရည်ကို အသုံးပြုခြင်း" ကို အလေးပေးသည်။ Johannes P. Louw and Eugene A. Nida, *Greek-English Lexicon of the New Testament: Based on Semantic Domains*, 2nd ed., vol. 1 (New York: United Bible Societies, 1996), p. 324. ဤအကြောင်းအရာတွင် ဖိလိပ္ပိ ၂း၂တွင် ရှင်ပေါလုသည် ၎င်းတို့အား "တလုံးတဝတည်းကြံစည်ခြင်း [*to auto phronēte*]၊ အချင်းချင်းချစ်ကြ၍၊ သဘောတညီတညွတ်တည်း ရှိသောအားဖြင့်၊ တစ်ခုတည်းကို တွေးခေါ်ရန် [*to hen phronountes*]" ဟု

တိုက်တွန်းသည် (စာရေးသူ၏ဘာသာပြန်)။ ဤတစ်သဘောတည်းဖြစ်မှုသည် "သူတပါး သည် ကိုယ်ထက်သာ ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသော စိတ်ရှိ၍ တယောက်ကို တယောက် ထင်မှတ်ကြလော့" (ဖိလိပ္ပိ ၂း၃၊ စာရေးသူ၏ဘာသာပြန်) ဆိုလျှင်သာ ဖြစ်နိုင် သည်။ ဤအကျိုးဆက်တွေးခေါ်မှု၏ အထွတ်အထိပ်သည် နောက်ထပ်ထုတ်ပြန်ချက်တွင် ရောက်ရှိသည်။ "ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့" (ဖိလိပ္ပိ ၂း၅)။ ရှင်ပေါလုသည် ဖိလိပ္ပိလူများ အား ခရစ်တော်နှင့်တူသော တွေးခေါ်နည်းကို ဖြစ်ပေါ်စေရန် တိုက်တွန်းသည်၊ အကြောင်းမှာ ဤတွေးခေါ်နည်းသာလျှင် ခရစ်တော်နှင့် တူ သော ပြုမူပုံကို ဖြစ်ပေါ်စေနိုင်သည်။

ပညာရှင်များသည် ဖိလိပ္ပိ ၂း၅ ရှိ "ဤစိတ်ထား" ("ဤစိတ်ထား") ဟူသော ဝေါဟာရ သည် ဖိလိပ္ပိ ၂း၁-၄ တွင်ဖော်ပြထားသော နှိမ့်ချမှုကို ရည်ညွှန်းသလား၊ သို့မဟုတ် ဖိလိပ္ပိ ၂း၆-၈ တွင်ဖော်ပြထားသော ယေရှု၏ နူးညံ့သိမ်မွေ့မှုကို ရည်ညွှန်းသလားဟု ငြင်းခုံကြ သည်။ မည်သို့ ပင်ဖြစ်စေ၊ ယေရှုသည် အတုယူရမည့် စံနူန်းဖြစ်သည်။ Tom Wright က ဆိုသည်အတိုင်း၊ "လူတိုင်းသည် မိမိကိုယ်ကိုမဟုတ်ဘဲ အခြားတစ်ခုခုကို အာရုံစိုက်ရမည်။ ထိုအရာသည် ယေရှု ခရစ်တော်ကိုယ်တိုင်ဖြစ်သည်၊ ဘုရင်၊ သခင်နှင့် သူ၏နာမတော်ဖြင့် ကမ္ဘာကို သိမ်းပိုက်ရန် ရောက်ရှိလာသော သတင်းကောင်းဖြစ်သည်"—Wright, *Paul for Everyone: The Prison Letters: Ephesians, Philippians, Colossians, and Philemon* (London: Society for Promoting Christian Knowledge, 2004), p. 98.

ခရစ်ယာန်များအနေဖြင့် ခရစ်တော်နှင့်တူသော တွေးခေါ်မှုနှင့် ပြုမူမှုကို ပြုစုပျိုးထောင် ရန် ခေါ်ဝေါ်ခြင်းခံရသည်။ ရှင်ပေါလုက ယေရှုသည် သူမည်သူဖြစ်သည်ကို အပြည့်အဝ သိ ရှိခဲ့သည် (ဖိလိပ္ပိ ၂း၆)၊ သို့သော် သူသည် မိမိကိုယ်ကို စွန့်လွှတ်ခဲ့သည် (ဖိလိပ္ပိ ၂း၇) နှင့် မိမိ ကိုယ်ကို နှိမ့်ချခဲ့သည် (ဖိလိပ္ပိ ၂း၈) ဟု ငြင်းဆိုသည်။ ရှင်ပေါလုသည် (၁) ယေရှုသည် "ကျွန်ကဲ့သို့ ပုံသဏ္ဌာန်ယူခြင်းဖြင့်" မိမိကိုယ်ကို စွန့်လွှတ်ခဲ့သည်၊ ဆိုလိုသည်မှာ "လူသား များနှင့်တူသည့် ပုံသဏ္ဌာန်ဖြင့် မွေးဖွားခြင်း" (ဖိလိပ္ပိ ၂း၇)၊ (၂) သူသည် "သေခြင်းသို့ တိုင် အောင်နာခံခြင်းဖြင့်" မိမိကိုယ်ကို နှိမ့်ချခဲ့သည် (ဖိလိပ္ပိ ၂း၈) ဟု ရှင်းပြသည်။ အနှစ်ချုပ် အားဖြင့်၊ ယေရှုသည် ကျွန်ဖြစ်လာခဲ့သည် (မဿဲ ၂၀း၂၈။ မာကု ၁၀း၄၅ ကိုကြည့်ပါ) နှင့် အခြားသူများ၏ ကယ်တင်ခြင်းအတွက် မိမိကိုယ်ကို စွန့်လွှတ်ပြီး ယဇ်ပူဇော်ခဲ့သည် (၂ ကောရိန္သု ၈း၉။ ဟေဗြဲ ၁၂း၂ ကိုကြည့်ပါ)၊ ဘုရားသခင်၏ အလိုတော်ကို နာခံရန်ဖြစ် သည် (မဿဲ ၂၆း၃၉။ ရောမ ၅း၁၉ ကိုကြည့်ပါ)။ ခရစ်တော်နှင့်တူသော စိတ်ထားရှိ သူများ သည် ထို အရာကိုပင် လုပ်ဆောင်ရန် ဆန္ဒရှိကြသည်။

## နားမလည်နိုင်သော နက်နဲရာ

၁ တိမောသေ ၃း၁၆ တွင် ရှင်ပေါလုသည် ယေရှု၏ သာသနာတော်ကို အကျဉ်းချုပ် ဖော်ပြထားသည်။ သူ၏ လူသားဖြစ်လာခြင်း၊ သေဆုံးခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်း

ကင်သို့ တက်ကြွခြင်းနှင့် တပါးအမျိုးသားများထံ ဧဝံဂေလိတရားကို ဟောပြောခြင်းနှင့် ၎င်းတို့ထဲမှ အချို့၏ ယုံကြည်ခြင်းသို့ ပြောင်းလဲခြင်းကို စကားလုံးအနည်းငယ်ဖြင့် ဖော်ပြထားသည်။ ယေရှု၏ လောကီသာသနာနှင့် ၎င်း၏ရလဒ်များကို ဘုရားဆိုင်ရာ နက်နဲရာ၏ အကြောင်းအရာအဖြစ် ပြသထားသည်။

ဂရိစကားလုံး *mysterion* ("mystery") သည် ဓမ္မသစ်ကျမ်းတွင် ၂၈ ကြိမ်ရှိပြီး၊ အများစုမှာ ရှင်ပေါလု၏စာများတွင်ဖြစ်သည် (၂၀ ကြိမ်)။ ဤဝေါဟာရသည် ရှင်ပေါလု၏ ရေးသားချက် များတွင် ခရစ်တော်၏သွန်သင်မှုဆိုင်ရာ အလေးအမြတ်သက်ရောက်မှုကို ပေးသည်။ ဥပမာ အားဖြင့်၊ ရောမ ၁၆း၂၅ တွင် ရှင်ပေါလုသည် နက်နဲရာကို ဧဝံဂေလိ တရားနှင့် ဆက်စပ်ပြသည်။ ထို့အတူ ဧဖက် ၃း၂-၁၃ တွင် သူသည် တပါးအမျိုးသားများထံ သာသနာပြုခြင်းနှင့် ပတ်သက်ပြီး နက်နဲရာကို အကြိမ်ကြိမ်ပြောဆိုသည်။ ရှင်ပေါလုသည် "နက်နဲရာကို ဖွင့်ပြခြင်း ဖြင့်" သူသိရှိခဲ့သည်ဟု မှတ်ချက်ပြုပြီး (ဧဖက် ၃း၃)၊ ၎င်းဖြင့် သူသည် "ခရစ်တော်၏ နက်နဲ သောအရာ၌ ငါလေ့ကျက်သည်ကို သင်တို့သည် သိရကြမည်" (ဧဖက် ၃း၄)။ ပညာရှင်များစွာ သည် "ခရစ်တော်၏ နက်နဲရာ" ဟူသော စကားစုကို "ခရစ်တော်ဖြစ်သည့် နက်နဲရာ" ဟု နားလည်သဘောပေါက်သည်။ ရှင်ပေါလုသည် ဤအယူအဆကို ကောလောသဲတွင် ပိုမိုကျယ် ပြန့်စွာ ဖြစ်ပေါ်စေသည်။ သူသည် "ခေတ်ကာလ များနှင့် မျိုးဆက်များမှ ဖုံးကွယ်ထားသော နက်နဲရာ" အကြောင်း ပြောဆိုသည် (ကောလောသဲ ၁း၂၆)။ ထို့ပြင် သူသည် "တပါးအမျိုးသား များအကြား ဤနက်နဲသော အရာ ကား ခရစ်တော်ဖြစ်သည်" ဟု ရည်ညွှန်းသည် (ကောလောသဲ ၁း၂၇။ ၂း၂။ ၄း၃ ကိုကြည့်ပါ)။ ဧဖက် ၆း၁၉ တွင် ရှင်ပေါလုသည် "ဧဝံဂေလိတရား၏ နက်နဲသောအရာ" သို့မဟုတ် "ဧဝံဂေလိတရားဖြစ်သည့် နက်နဲသောအရာ" ကို ဟောပြောရန် ၎င်း၏အလုပ်ကို ဖော်ပြသည်။ ရောမ ၁၁း၂၅ တွင် နက်နဲ သောအရာ ဧဝံဂေလိတရားသည် တပါးအမျိုးသားများထံ ရောက်ရှိမည် ဖြစ်ကြောင်းနှင့် သက်ဆိုင်သည်။ ထို့ပြင် ရှင်ပေါလုက ဘုရားသခင်၏ ကျေးဇူးတော်သည် နားမလည်နိုင်သော နက်နဲရာဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုသည် (ရောမ ၁၁း၃၃)။ အမှန်ပင် ထိုသို့ဖြစ်သည်။ ယေရှုသည် "ရှက်ကြောက် သောအရာ ကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ ခံပြီး" (ဟေဗြဲ ၁၂း၂)။ ရှင်ပေါလုသည် ဖိလိပ္ပိ ၂း၈ တွင် ယေရှုသည် "အသေခံခြင်းသာ မဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏" ဟု ဖော်ပြသည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

### ယနေ့ဝိညာဉ်ရေးတိုက်ပွဲ

အောက်ပါအကြောင်းအရာများကို ဆင်ခြင်သုံးသပ်ပါ။ ထို့နောက် သင့်အတန်းသားများ အား ဤအပိုင်း၏အဆုံးတွင် မေးခွန်းများကို ဖြေဆိုရန် တောင်းဆိုပါ။

စိတ်ရောဂါဆေးရုံသို့ လာရောက်လည်ပတ်သူတစ်ဦးသည် အန္တရာယ်ရှိသော လူနာ ၁၀၀ ကို စောင့်ကြည့်ရန် အစောင့်သုံးဦးသာရှိသည်ကို သတိပြုမိပြီး အံ့သြသွားသည်။ သူသည် ၎င်း၏လမ်းပြအား "ဤလူများသည် အစောင့်များကို အနိုင်ယူပြီး ထွက်ပြေးသွားမည်ကို မကြောက်ဘူးလား" ဟု မေးခဲ့သည်။

"မကြောက်ပါဘူး၊ စိတ်ရောဂါသည်များသည် ဘယ်သောအခါမှ စည်းလုံးမည်မဟုတ်ပါ" ဟု အာမခံခဲ့သည်။— Michael P. Green, *1500 Illustrations for Biblical Preaching* (Grand Rapids, MI: Baker Books, 2000), p. 65. ဤဇာတ်လမ်းသည် စည်းလုံးမှုမရှိခြင်းကြောင့် အသိုင်းအဝိုင်းတစ်ခု၏ တိုးတက်မှု အလားအလာကို ဆုံးရှုံးရပုံကို သရုပ်ပြသည်။ စည်းလုံးမှုမရှိခြင်းသည် ဆိုးရွားသော အခြေအနေဖြစ်ပြီး ခရစ်ယာန်များအနေဖြင့် မည်သည့်နည်းဖြင့်မဆို ရှောင်ရှားရမည့် အရာဖြစ်သည်။

ယုံကြည်သူများအကြား စည်းလုံးမှုမရှိခြင်းထက် အသိုင်းအဝိုင်း၏ ကျန်းမာရေးကို ခြိမ်းခြောက်နိုင်သည့်အရာ မရှိပါ။ ထို့ကြောင့် ရှင်ပေါလုသည် ၎င်းကို အလွန်စိုးရိမ်ခဲ့ပြီး စည်းလုံးညီညွတ်စွာ နေထိုင်ခြင်းသည် ခရစ်ယာန်သီလတစ်ခုသာမဟုတ်ဘဲ ပညတ်တစ်ခုဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ "စိတ်မကွဲပြားဘဲ တလုံးတဝတည်း ကြံစည်ခြင်းနှင့်တကွ၊ သဘော တညီတညွတ်တည်းရှိသောအားဖြင့်၊ ငါဝမ်းမြောက်စရာအကြောင်း ကို စုံလင်စေကြလော့" (ဖိလိပ္ပိ ၂း၂)၊ နှင့် "ကိုယ်အမှုအရာကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့" (ဖိလိပ္ပိ ၂း၄)။

ယေရှုသည် အခြားသူများ၏အကျိုးစီးပွားကို ဂရုစိုက်ခြင်းဖြင့် စိုးမိုးသောပုံသက်သေဖြစ်သည်။ ကျွန်ုပ်တို့သည် သူ၏ဆင်းရဲခြင်းဖြင့် ချမ်းသာရကြရန် ဆင်းရဲခဲ့သည် (၂ ကောရိန်သု ၈း၉)။ ထို့ကြောင့် ရှင်ပေါလုသည် ၎င်း၏စာဖတ်သူများအား ခရစ်တော်နှင့် တူသော တွေးခေါ်နည်းကို ဖြစ်ပေါ်စေရန် တောင်းဆိုခြင်းသည် အံ့သြစရာမရှိပါ။ ကျွန်ုပ်တို့သည် ယေရှု၏ခြေရာအတိုင်း လိုက်လျှောက်ရမည်ဖြစ်ပြီး၊ နှိမ့်ချမှုနှင့် ဘုရားသခင်အား နာခံမှုကို ကျင့်သုံးရမည်ဖြစ်သည်။ ခရစ်တော်သည် လူသားဖြစ်လာရန် နှိမ့်ချမှု၏ အတိုင်းအတာကို ကျွန်ုပ်တို့ အပြည့်အဝနားမလည်နိုင်သော်လည်း၊ တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်စွာ နေထိုင်ရန် လုံလောက်သောအသိပညာရှိသည်။

**မေးခွန်းများ –**

**၁။ အခြားသူများ၏ အကျိုးစီးပွားကို ဂရုစိုက်ခြင်းဆိုသည်မှာ ဘာကိုဆိုလိုသနည်း။ ထိုအယူအဆကို လက်တွေ့ဘဝ တွင် မည်သို့အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများရှိသနည်း။**

**၂။ ယုံကြည်သူများအကြား စည်းလုံးညီညွတ်မှုသည် အဘယ်ကြောင့် ဤမျှအရေး ကြီးသနည်း။ အသင်းတော်အတွင်း စည်းလုံးမှုကိုမြှင့်တင်ရန် ကျွန်ုပ်တို့ ဘာလုပ်နိုင်သနည်း။**

**သင်ခန်းစာ – ၅** *ဇန်နဝါရီ ၂၄ — ၃၀

# ညာ အခါတွင် **အလင်းရောင်**အဖြစ် **ထွန်းလင်းခြင်း**



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဖိ ၂း၁၂–၃၀။ ရောမ ၃း၂၃၊ ၂၄။ ရောမ ၅း၈။ ၂တိ ၄း၆။ ၁ကော ၄း၁၇။ ၂တိ ၄း၂၁၊ ၁၃။ လု ၇း၂။

**အလွတ်ကျမ်းချက်။** **"သင်တို့သည် ပြုလေသမျှတို့၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲ ပြုကြလော့။ သို့ပြုလျှင် အပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမျှမပြစ်မှားဘဲနေ၍၊ မဖြောင့်မမှန် ဖောက်ပြန်သောလူမျိုး အထဲ၌ အဘယ်အပြစ်မျှမပါသော ဘုရားသခင်၏ သားဖြစ်ကြ လိမ့်မည်။ အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ် တရားတော်ကို ပြသ၍၊ စကြဝဠာ၌ နေ၊ လ၊ ကြယ် နက္ခတ်ကဲ့သို့ ထိုလူမျိုးအထဲ၌ ထွန်းလင်းကြ၏။"** (ဖိလိပ္ပိ ၂း၁၄၊ ၁၅)

ဟေဗြဲလူတို့သည် "သင်တို့၏ ဉာဏ်ပညာသည် ထင်ရှားလိမ့်မည်။ သူတို့ ကလည်း ဤကြီးမြတ်သော လူမျိုးသည် အကယ်စင်စစ် ပညာနှင့် ပြည့်စုံသော အမျိုးဖြစ်သည်ဟု ပြောကြလိမ့်မည်" (တရား ၄း၆) ဟု ထာဝရဘုရားမိန့်တော်မူ၏။

ရာစုများစွာကျော်လွန်ပြီးသောအခါ သူသည် "ငါသည် ဤလောက၏ အလင်းဖြစ်၏။ ငါ့နောက်သို့ လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ။ အသက်၏အလင်းကို ရ၏" (ယော ၈း၁၂) ဟု မိန့်တော်မူ၏။ "သင်တို့သည် လောက၏ အလင်းဖြစ်ကြသည်။ တောင်ထိပ်၌တည်သောမြို့သည် မကွယ်နိုင်" (မ ၅း၁၄)။ မည်သို့ ထိုအလင်းဖြစ်နိုင်မည်နည်း။ ယေရှုနှင့် ရင်းနှီးကျွမ်းဝင်စွာ ဆက်သွယ်ခြင်းဖြင့် ဟုတ်မှန်သောအလင်း မှုကား ဤလောကသို့ ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကိုပေးသောသူ ဖြစ်သတည်း (ယော ၁း၉)။ ဖိလိပ္ပိ ၂ တွင် ဘုရားသခင်သည် "ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ဘွဲ့နာမတော်ကိုပေးသနားတော်မူ၏။ ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍ ယေရှုသည် သခင်ဖြစ်တော်မူသည်ဟု နှုတ်နှင့်ဝန်ခံသည်" (ဖိ ၂း၉–၁၁)။

ယေရှုထံသို့ မိမိအသက်တာအား အညံ့ခံအပ်နှံသူတို့အတွက် ကောင်းကင်၏ အလင်းနှင့် တန်ခိုးကို ရရှိနိုင်သည်။ သို့တိုင်အောင် ကျွန်ုပ်တို့သည် မိမိတို့၏ အတွေးအခေါ်နှင့် စီမံကိန်းများအတိုင်း ဘုရားကပြုပေး လိမ့်မည်ဟုမျှော်လင့်မိတတ်ကြသည်။ ထို့ကြောင့် ဖိလိပ္ပိလူတို့အား ရှင်ပေါလုပြောစကားတို့သည် ယနေ့တိုင် သက်ဝင်နေခြင်း ဖြစ်သည်။

* ဇန်နဝါရီ ၃၁ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

# မိမိတို့သည်ဘုရားလုပ်ဆောင်သည်များကိုဖော်ထုတ်သည်

ယေရှုသည် နှိမ့်ချခြင်းနှင့် ထာဝရဘုရားအား နာခံခြင်း စံနမူနာအဖြစ် တင်ပြခဲ့ပြီး ဖြစ်၍ ရှင်ပေါလုသည် ဖိလိပ္ပိလူတို့ဘက်သို့ ဦးတည်လာလေတော့သည်။ ဓမ္မဂေလိ တရားတော်ရရှိပြီးသောအခါ သူတို့သည် ကိုယ်တော်ထံ နာခံကြသည်ကို ပေါလု အတည်ပြု၍ (တမန် ၁၆း၁၃ – ၁၅၊ ၃၂၊ ၃၃) ၎င်းတို့၏ နာခံခြင်းတွင် တည်မြဲရန် တိုက်တွန်းသည်။ ခရစ်တော်၏အသက်တာနှင့် ကပ်တိုင်တို့သည် ကယ်တင်ခြင်းလမ်းစဉ်၏ စံနမူနာအဖြစ် တင်ပြပြီးနောက်၊ ပေါလုသည် ဤအရာများအားလက်တွေ့ပြုလုပ်သည့် ပုံကို ဗဟိုချက်မပြုလာ သည်။

**ဖတ်ပါ – ဖိလိပ္ပိ ၂း၁၂၊ ၁၃။ ပေါလုသည် "မိမိကိုယ်တိုင်ကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားလော့" ဟူသည်က မည်သို့ အနက်ရှိသနည်း။ ယုံကြည်ခြင်းနှင့် လုပ်ဆောင်ခြင်းတို့၏ စပ်ကြားတော်စပ်ခြင်းအား သင်မည်သို့ ဖော်ပြမည်နည်း။**

ဤကျမ်းချက်နှစ်ခုတွင်၊ ရောမဩဝါဒနှင့်အခြားဩဝါဒစာတို့ ကွဲပြားခြားနားသော ဓမ္မဂေလိအား မဟောပြောကြောင်း ရှင်ပေါလု ဆိုသည်။ ဤနေရာတွင် သူ၏ သတင်းသည် ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ခြင်းဖြစ်ရာ၊ ဖိလိပ္ပိနှင့်အခြားနေရာများတွင် သူ ဟောပြောသော ဓမ္မဂေလိနှင့် လိုက်လျောညီထွေခြင်းရှိသည်မှာ သေချာ၏။ သမ္မာကျမ်းစာ၏ အဆိုပြုသမျှတို့သည် ပေးထားသောအရာတစ်ခု၊ အထူးသဖြင့် နားလည်ခြင်းလွဲမှားလေ့ရှိသော ကယ်တင်ခြင်းတရား ဖြစ်ကြောင်း တွေးမိရန် အရေး ကြီးသည်။

**ဖတ်ပါ – ရောမ ၃း၂၃၊ ၂၄။ ရော ၅း၈ နှင့် ဧဖက် ၂း ၈ – ၁၀။ ကယ်တင်ခြင်းတရားအား မည်သို့ ဖော်ပြထားသနည်း။**

ကယ်တင်ခြင်းသည် ထာဝရဘုရားအတွက် ဖြစ်သည်မှာ မေးရန်ပင် မလိုပါ။ မိမိအတွက်ဆိုသော် မိမိ၏မည်သည့် ဂုဏ်အရည်အချင်းမျှမဟုတ်ပါ။ ယုံကြည်ခြင်းသည်ပင် ဆုလာဘ်တစ်ခုသာဖြစ်၍ သန့်ရှင်းဝိညာဉ်ကပင်ထောက်မရသေးသည်။ မိမိတို့လုပ်ဆောင်ခြင်းသည် မကယ်တင်နိုင်သည့်တိုင်၊ အသစ်မွေးဖွားခြင်းဖြင့် ဘုရားသည် ဝိညာဉ်လူသားအဖြစ် မိမိတို့အား ဖန်ဆင်းသောအားဖြင့် ကောင်းမှုကို ပြုစေသည်။ ဘုရား၏ သန့်ရှင်းဝိညာဉ်သည် မိမိတို့၌ လုပ်ဆောင်၍ မှန်သောအရာအား ရွေးချယ်စေကာ၊ စုံစမ်းခြင်းကို တွန်းလှန်လျက် အမှန်တရားအား ရွေးချယ်စေသည်။

ထိုသို့ ထာဝရဘုရားလုပ်ဆောင်သည်များအား မိမိတို့မှ "ကြောက်ရွံ့တုန်လှုပ်ခြင်းဖြင့်" ဖော်ထုတ်ခြင်းသာ ဖြစ်ပါသည်။ မိမိတို့၏အားနွဲ့လှသော နာခံခြင်းကြောင့် ထာဝရဘုရား၏ တရားစီရင်ခြင်းအားကြောက်ရွံ့ နေရမည်လော။ အလျင်းမဟုတ်ပါ။ ဤအချက်သည် ထာဝရဘုရား၏ကိန်းတော်မူခြင်းအား ခံစားရခြင်းကို ရည်ညွှန်း၍ (ဆာ ၂း၁၁) မိမိတို့သည်လည်း သူ့အားနာခံရပေမည်။

**ခရစ်တော်သည် သင့်၌ မည်သို့အလုပ် လုပ်သည်ကို သင် မည်သို့ကြုံတွေ့ရသနည်း။ ထာဝရဘုရား သည် သင့်၌ ပြုလုပ်သောအရာများအား သင်၏ကျဆုံးလေပြီးသော လူ့သဘာဝသည် တိုက်ခိုက်နေသည် ရှိသော်၊ ၎င်းအား သင် မည်သို့တွန်းလှန်ရမည်နည်း။**

## အမှောင်ကမ္ဘာ၌ထအလင်းရောင်

ဖိလိပ္ပိ ၂း၁၄ တွင် ပေါလုသည် ဖိလိပ္ပိလူတို့အား "ပြုလေသမျှ၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲပြုလော့" ဟု တိုက်တွန်းထားသည်။ အသင်းတော်၏ စည်းလုံးခြင်းအား စိန်ခေါ်ချက်များသည် အလွန်ဆိုးယွားသဖြင့် မိမိတို့ဘက်မှ အဓိပ္ပါယ်မပါသော ကြိုးစားမှုလောက်ဖြင့် မတည်မြဲနိုင်ပါ။ အသင်းတော်စည်းလုံးခြင်းသည် ခရစ်တော်၌ စည်းလုံးခြင်းနှင့် နှုတ်ကပတ်တော်အားနာခံခြင်းတို့၏ ထုတ်ကုန်သာဖြစ်သည်။ မိမိတို့၏ သက်သေ အတွက်လည်း အရေးကြီးသဖြင့်၊ ပေါလုသည် "စကြာဝဠာ၌ နေ၊ လ၊ ကြယ် ကဲ့သို့ ထွန်းလင်းသည်" (ဖိ ၂း၁၅) ဟု ဆိုရခြင်းဖြစ်၏။

လမိုက်ညတွင်၊ မြို့များနှင့်လမ်းမကြီးတို့၏ စူးရှတောက်ပသောမီးရောင်များမှ ဝေးသောနေရာတွင်၊ ကြယ်များစွာ မြင်ရရာ ပိုမိုတောက်ပသည့်နှယ်ဖြစ်၏။ နှိုင်းယှဉ်ကြည့်ခြင်းသည် ခြားနားမှု ဖြစ်စေ၏။ မိုယ်းမှောင်လေလေ၊ ကြယ်တို့သည် ရှင်းလင်းစွာရပ်တည်လေဖြစ်၏။ ကျွန်ုပ်တို့၏ သက်သေခံခြင်းသည်လည်း ထိုနည်းတူဖြစ်၏။ မိမိတို့ ဝန်းကျင်သည် ဝိညာဉ်ရေးမှောင်မိုက်လေလေ၊ ဘုရား၏နောက်လိုက် စစ်စစ်တို့၏ အသက်တာနှင့်လောကသားတို့သည် ထင်ရှားစွာ ဆန့်ကျင်လေ၏။ လောကသားများ တီထွင်ထားကြသော အလင်းရောင်နှင့်အတွေးအခေါ်များ၊ ဖိအားများနှင့်ကျင့်စဉ်တို့သည် မိမိတို့၏ သက်သေခံချက်တို့၏ နောက်ခံအားမှေးမှိန်စေ၍ ပပျောက်စေသည်။

**ဖိလိပ္ပိ၊ ၂း၁၅၊ ၁၆ ဖတ်ပါ။ ဘုရား၏သားသမီးတို့သည် မည်သို့ဖြစ်၍ မည်သို့ပြုရမည်ဟု ပေါလုတင်ပြသနည်း။**

"ပြစ်တင်ခွင့်မရှိ" ဟုဆိုရာတွင် "အမှားမရှိ၊ ကဲ့ရဲ့ခြင်းကင်းသည်" ဟု ဆိုလိုသည်။ ယောဘဝတ္ထုတွင် သူ၏အပြစ်ကင်းစင်ခြင်းဝိသေသတွင် အထူးတွေ့ရ၏ (ယောဘ ၁း၁၊ ၈။ ၂း၃။ ၁၁း၄။ ၃၃း၉)။ ဂရိဘာသာ၌ အန္တရယ်ကင်းသူ "မကောင်းသော အကျင့်ကို ရှောင်သူ" ဟူသည်မှာ "မရောနှောခြင်း၊ သန့်စင်ခြင်း" ဖြစ်သည်။ ယေရှုအား ရက်စက်စွာတိုက်ခိုက်ရာတွင် သူ၏သက်သေခံချက်တို့သည် မိမိတို့သည်လည်း "ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက်" (မ ၁၀း၁၆) ရင်ဆိုင်ရန်တိုက်တွန်းသည့်နှယ် ဖြစ်သည်။ ရှင်ပေါလုသည် "ဆိုးသောအမှု၌ အပြစ်တင်ခြင်းကင်းစေခြင်းငှါ" (ရော ၁၆း၁၉) တိုက်တွန်းထား၏။ ယခုလက်ရှိ မီဒီယာစီးကြောင်းတို့သည် ဖျူစင်ခြင်း၊ မြင့်တင်ခြင်းနှင့် လုံ့စော်မှုတွေမရည်ညွှန်းပါ။ ဤအချိန်မျိုးတွင် ဒါဝိဒ်၏ ပြုမူခြင်းသည် ကြီးစွာသောစည်းမျဉ်းပင်ဖြစ်သည်။ "အဓမ္မအမှုကို ငါမျက်မှောက်မပြု" (ဆာ ၁၀၁း၃)ဟုဆို၏။

မိမိတို့၏ ယုံကြည်ခြင်းဖြင့် ကွဲပြားခြား နားနေစေသည်တိုင် ကြောက်ရွံ့ရမည် မဟုတ်ပါ။ ပန်းတုံးတိုင်သည် "လောက၌ အလင်းကဲ့သို့ ထွန်းလင်း" ရပါမည် (ဖိ ၂း၁၅)။ ထိုသို့ပြုနိုင်သောနည်းလမ်းတစ်ခုတည်းသည် လောကီပုံသဏ္ဍာန်ကို မဆောင်ခြင်းသာဖြစ်၍ (ရော ၁၂း၂) "အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရား တော်ကိုပြသ" (ဖိ ၂း၁၅၊ ၁၆) ခြင်းဖြစ်သည်။ မိမိတို့၏ရွေးချယ်ခြင်းသည် "ခရစ်တော်၏ နေ့ရက်" တိုင် အသက်ရှင်ခြင်းနှင့် "အမှတ်တမဲ့ပြေးခြင်း" တို့အား ခွဲခြားတတ်စေသည် (ဖိ ၂း၁၆။ ၁ ကော ၉း၂၄ – ၂၇)။

**သင့်အသက်တာတွင် "လောကီဆန်သည်များ" ရှိခဲ့ပါသော်၊ ၎င်းတို့နှင့် သင်မည်သို့ကင်းစင်နိုင်မည်နည်း။**

# အသက်ရှင်သောယဇ်ကောင်

**ဖတ်ပါ – ဖိလိပ္ပိ ၂း၁၇။ ၂တိ ၄း၆။ ရောမ။ ၁၂း၁၊ ၂နှင့် ၁ကော ၁၁း၁။ ပေါလုသည် ဘာဆိုလိုသနည်း။**

ရှင်ပေါလုသည် သူ့အသက်တာအားဖော်ပြရာတွင် အသက်ရှင်ခြင်းနှင့် ခရစ်တော်၏ အမှုတော်တွင် သေခြင်းတို့ဖြင့် စိတ်နှစ်ခွပင် ဖြစ်နေသည် ဟုဆိုခဲ့ပြီးဖြစ်သည် (ဖိ ၁း၂၀–၂၃)။ ယခုတွင်သူသည် "လူပူဇော် သောယဇ်ပေါ်မှာ ငါ့ကို သွန်းလောင်း" (ဖိ ၂း၁၇) ခြင်းပြုနိုင်သည်ဟု ဆို၏။ ဤပုံဖော်ခြင်းသည် ရှေးခေတ်၌အဖျော်ယမကာ (ဆီ၊ ဝိုင်၊ ရေ) တို့ကို သွန်းလောင်းခြင်းဖြင့် နတ်ပူဇော်ပသခြင်း၌ အခြေပြုသည်။ ဘုရားသခင်အား ဝတ်ပြုခြင်းကိုဆိုသည် (က ၃၅း၁၄။ ထွက် ၂၉း၄၀။ ၂ရာ ၂၃း၁၅–၁၇)။ မေရီသည် "အဖိုးများစွာ ထိုက်သောနာဒုဆီမွှေး" (မာ ၁၄း၃–၉။ ယော ၁၂း၃) ဖြင့် ယေရှု၏ ခေါင်းနှင့်ခြေတို့အား ဆီလိမ်းကြံခြင်းသည်မှာ သိသာသော တန်ဖိုးရှိသော အရည်တစ်ခုကို "ဖြုန်းတီးခြင်း" ဖြစ်သည်။ အရည်သောက် ပူဇော်ခြင်းမဟုတ်သည်တိုင် ၎င်းသည် မိမိတို့ကယ်တင်ခြင်းအတွက် အတိုင်းမဲ့သော ယေရှု၏ ယဇ်ပူဇော်ခြင်းကို အသွင်ယူခြင်းတစ်မျိုး ပင် ဖြစ်သည်။

ရှင်ပေါလုသည် ဧဝံဂေလိတရားတော်အား ဖြန့်ဝေခြင်းကြောင့် အသေခံရသည် ရှိခဲ့သော်၊ သူ၏အသက် သည် ထာဝရဘုရားထံတော်၌ "သွန်းလောင်းသော" ယဇ်ကဲ့သို့ ဖြစ်မည်ဖြစ်သဖြင့် ဝမ်းပင်သာအံ့မည်ဖြစ်သည်။ ဟောဗြဲစာအုပ်တွင် နတ်အားပူဇော်ပသခြင်းသည် တစ်ခုတည်းရပ်တည်နေသည်မဟုတ်ဘဲ ပူဇော်ခြင်း အားဖြင့် ဒွန်တွဲလေ့ရှိ၏ (တော ၁၅း၁–၁၀။ ၂၈း၁–၁၅)။ ရှင်ပေါလုသည်လည်း မိမိအသက်အား စတေးရ ရာတွင်၊ ဖိလိပ္ပိလူတို့မှ ယုံကြည်သောသူများ "တင်လှူပူဇော်သောယဇ်" တည်းဟူသောမိမိတို့ကိုယ်တိုင်မှ ရွေးချယ်ထားသော မိမိတို့အသက်ကိုပင် ထာဝရဘုရားအား "အသက်ရှင်သောယဇ်" (ရောမ ၁၂း၁) အဖြစ် ယူဆသည်ဆို၏။

ဖိလိပ္ပိလူတို့အပါအဝင် ရှေးဦးခရစ်ယာန်တို့သည် (ဖိ ၁း၂၇–၂၉) မိမိတို့၏ ယုံကြည်ခြင်းကို ထက်သန်စွာ ဝေငှကြသည်။ တစ်အိမ်တက်တစ်အိမ်ဆင်းကာ ဧဝံဂေလိတရား ဖြန့်ဝေကြသည် (တ ၅း၄၂)။ မိမိတို့ အိမ်ကိုကျမ်းစာသင်ကြားရန် ဖွင့်ပေးကြသည် (တ ၁၂း၁၂။ ၁ကော ၁၆း၁၉။ ကော ၄း၁၅။ ဖိလေ ၁၊ ၂)၊ မိမိတို့၏ ယုံကြည်ချက်ကိုလည်း ကျမ်းစာအားဖြင့် ထောက်ပြတတ်ကြသည် (တ ၁၇း၁၁။ ၁၈း၂၆။ ၁ပေ ၃း၁၅)။ မြော်လင့်ခြင်းရှေ့ပြေးတို့သည်လည်း ထိုသို့ပြုကြ၏။ သတင်းပို့ဆောင်ရာတွင် တရားဟောဆရာများကိုသာ အားမကိုးဘဲ၊ မိမိတို့အိမ်နီးချင်းများထံသို့ မိမိတို့၏ ယုံကြည်ခြင်းကိုမျှဝေကာ၊ ကျမ်းစာသင်ပေးခြင်းနှင့် သိက္ခာတော်ရဆရာများ ရောက်လာ သောအခါနှစ်ခြင်းပေးနိုင်ရန် လူများအားပြင်ဆင်ပေးထားသည်။

အချုပ်ပြောရပါကကိုယ်စီကိုယ်ငှ ယဇ်ပူဇော်ခြင်းပြု၍ ဧဝံဂေလိတရားပြန့်နှံ့နိုင်ရန် မိမိတို့ကို မိမိပင် အသက်ရှင်သောယဇ်ကောင် ဖြစ်စေကြသည်။ ကျွန်ုပ်တို့ သူတို့ ထက်လျော့နည်းနေရမည်နည်း။

**သင့်အသက်တာသည် "အသက်ရှင်သောယဇ်ကောင်" ဖြစ်ခြင်းကို စိတ်သို့မှီးထားပါ။ ထာဝရဘုရား၏ နိုင်ငံတော် အတွက် သင် မည်မျှပူဇော်ခဲ့သနည်း။ မိမိကိုယ်ကို သင်မည်သို့ ဖြေဆိုမည်နည်း။**

## ဝိသေသစစ်ဆေးပြီး

တိမောသေသည် ဤဩဝါဒစာအား ပူးတွဲပေးပို့သူဖြစ်ကြောင်း ဖော်ပြပြီးဖြစ်သည် (ဖိ ၁း၁)။ ပေါလုသည် အလွန်တန်ဖိုးကြီးသော လုပ်ဖော်ဆောင်ဖက်တစ်ဦး ဖြစ်သည်ကို စတင်ဖော်ပြလေသည် (၂တိ ၄း၅)။ ပေါလုသည် မာကေဒေါနိတ်သို့ (၁သက် ၃း၂။ တ ၁၈း၅။ တ ၁၉း၂၂) ရန်ဖန်ရန်ခါ ကောရိန်သုသို့၎င်း (၁ကော ၄း၁၇။ ၁ကော ၁၆း၁၀) စေလွှတ်ထားသော ဧဝံဂေလိဆရာတစ်ဦးအဖြစ် ဖော်ပြသွားသည် (၂တိ ၄း၅)။ သူသည် ကောရိန်သုတွင် ပေါလု၊ သီလတို့နှင့်အတူ (၁သက် ၁း၁၊ ၂။ ၂သက် ၁း၁) နောက်တွင် ဧဖက်တွင် လည်းလုပ်ဆောင်ခဲ့ဘူးသည် (၁တိ ၁း၂၊ ၃။ တ ၁၉း၂၂)။ တိမောသေသည် "စိတ်သဘောတူသောသူ" (ဖိ ၂း၂၀) ဟုပင် ပေါလုဖော်ပြသည်။ ဂရိဘာသာတွင် စိတ်သဘောတူညီခြင်းဟုဆိုသောအခါ၊ သူသည် ပေါလုနှင့်တူညီ ချက်တွေရှိရာ၊ ခရစ်တော်ထံသို့ ဆက်ကပ်ခြင်း၊ ဧဝံဂေလိတရားအား ခွန်အားအပြည့်ဖြင့် ဖြန့်ဝေရန် ကြိုးပန်းမှု၊ ဖိလိပ္ပိလူတို့အပေါ်စိတ်ဝင်စားခြင်းတို့ပင် ဖြစ်သည်။

**တိမောသေနှင့်ပတ်သက်၍ ပေါလုသည် အပြုဆောင်လျက်သာ အဘယ်ကြောင့် ပြောဆိုခြင်းဖြစ်နိုင် မည်နည်း (ဖိ ၂း၁၉ – ၂၃) ပေါလုသည်မည်သည်တို့ကို ဆက်လက်ပြောဆိုသနည်း (၁ကော ၄း၁၇။ ၂တိ ၁း၅)။**

အခြားသော တိမောသေ၏အရည်အသွေးကိုပေါလုပြောဆိုရာတွင် သူ "ပြသသောသက်သေ" (ဖိ ၂း၂၂) ဖြစ်သည်။ ဂရိစာလုံးသည် နင်္ဂက်နိုက်ချွတ်ချွတ် စမ်းသပ်ပြီးသောသူ (ရောမ ၅း၄)၊ သူတို့၏စာရိတ္တနှင့် ဆက်ကပ်ခြင်းတို့သည် စစ်မှန်ကြောင်း (၂ကော ၂း၉။ ၉း၁၃) အတည်ပြုသည်။ ဧဝံဂေလိသတင်းဖြန့်ရာတွင် တိမောသေနှင့်တွဲကာလုပ်ဆောင်ခဲ့ဖူးသဖြင့် ကြုံရသော အတွေ့အကြုံတို့ဖြင့် သူသည် ထိုလိုလူဖြစ်သည် ကို ပေါလုသေချာစွာသိရှိလေသည်။

အသက်တာ၏ခက်ခဲသောအတွေ့အကြုံတို့၌ ကျွန်ုပ်တို့သည် မိမိတို့ပါရှိရာဘက်မှ အနိုင်မခံအရှုံးမ ပေးပါဝင်ကြရသည်။ အီးဂျီဝိုက်သည် "အသက်တာဟူသည် စည်းကမ်းနှင့်သာဖြစ်၍၊ လှည့်ဖြားသူသည် စုံစမ်းနှောင့်ယှက်သောအခါ၊ မှန်ကန်သော စိတ်သဘောထားဖြင့် ရင်ဆိုင်သဖြင့် ခရစ်ယာန်၏ ကျက်သရေကို ကြီးပွားစေသည်။ နာကြင်စေခြင်းနှင့်စော်ကားခြင်းတို့အား လည်စင်းခံပါက၊ စော်ကားခြင်းအား ယဉ်ကျေးသောရင်း၊ ဖိနှိပ်ခြင်းကို ကောင်းခြင်းဖြင့် တုံ့ပြန်ပါက ခရစ်တော်၏ ဝိညာဉ်တော်သည် ထိုသူ၏ နှလုံးသားထဲတွင် ကိန်းဝပ်နေသည်မှာ သေချာလှ၏" E. G. White, *Testimonies for the Church*, vol. 5, p. 344. သူမ က ဆက်လက် ပြောကြားသည်မှာ "အကယ်၍ ကျွန်ုပ်တို့ခံစားရန်ပေးထားသော ဒုက္ခနှင့် စိတ်အနှောင့်အယှက်များတွင် အဆုံးတိုင်တည်ကြည်နိုင်ပါက၊ ၎င်းတို့သည် ခရစ်တော်၏ ဝိသေသလက္ခဏာ နှင့်တူသော အရည်အသွေးများဖွံ့ဖြိုးစေပြီး၊ ခရစ်ယာန်များနှင့် လောကီသားများ၏ကွာဟမှုကိုပေါ်လွင်စေ၏" *Testimonies for the Church*, vol. 5, p. 344.

**လောလောလတ်လတ်သင်ရင်ဆိုင်ခဲ့ရသောစုံစမ်းနှောင့်ယှက်ခြင်းများ၊ အခက်အခဲများနှင့် မခံမရပ်နိုင်သော အရာများကို တွေးကြည့်ပါ။ ဤသည်တို့အား "လည်စင်းခံခဲ့သဖြင့် ကောင်းမွန်စွာခံနိုင်ရည်ရှိ" ခဲ့လေပြီးလား။ ဤအတွေ့အကြုံတို့သည် သင့်အား စည်းကမ်းပိုမိုရှိစေသလော။**

# "ထိုသို့သောသူတို့ကို ရိုသေလေးမြတ်ကြလော့"

**ဖတ်ပါ – ဖိလိပ္ပိ ၂း၂၅ – ၃၀။ ဧပဖြောဒိတ်အား ပေါလုမှမည်သို့ဖော်ပြသနည်း။ ဤမည်သော ခရစ်ယာန် အမှုဆောင်သည်မည်သည့်စိတ်သဘောနှင့်လုပ်ရပ်မျိုးဖြင့် မိမိ၏ဝိသေသလက္ခဏာကိုဖော်ပြသနည်း။**

ဧပဖြောဒိတ်အား ဤနေရာတွင်သာ ဖော်ပြထားသည်။ သို့သော်လည်း သူ့အကြောင်း လိုရင်းတိုရှင်း ပေါ်လာသည်များကို လေ့လာစရာရှိပါသည်။ သူ့အမည် နာမသည် (Aphrodite နတ်ဘုရား) မှ ဆင်းသက်လာရာ၊ နတ်ကိုးကွယ်ခြင်းမှ ပြောင်းလဲလာ၏။ သူ့အား "လုပ်ဖော်ကိုင်ဖက်" ဟု ခေါ်ဆိုခြင်းဖြင့် သူသည် အမှုတော်ဆောင်တစ်ဦး၊ ဖိလိပ္ပိ၌ပင် ပေါလုနှင့်အတူ လုပ်ဆောင်နေရော့လားဟုပင် ထင်မြင်နေရ၏။ သူ့အား "ရဲဘော်ရဲဖက်" (ဖိ ၁း၂၅၊ ၂၇) ဟုခေါ်ဆိုခြင်းမှာ ဧပဖြောဒိတ်သည် ဧဝံဂေလိသတင်းဖြန့်ဝေရာတွင်ပင်မိမိအသက်ကိုပင်စွန့်ရန်ဆန္ဒပြင်းပြနေခြင်းဖြစ်၏(ဖိ ၂း၃၀)။

ဖိလိပ္ပိအသင်းတော်၌ပင် "စေတမာန်" (*apostolos*) အဖြစ် ခန့်အပ်ထားသော ဧပဖြောဒိတ်ကို၊ အကျဉ်းကျနေသော ပေါလုအား လိုအပ်သည်များကို ဝန်ဆောင်ပေးနိုင်ရန် စေတမာန်အဖြစ် လွှတ်ထားပါသည် (ဖိ ၂း၂၅)။ ဖိလိပ္ပိတို့သည် ပေါလုအား ငွေကြေး ထောက်ပံ့ရာတွင် သူ့အား ယုံကြည်စွာ အပ်နှံထားသူတစ်ဦး လည်းဖြစ်သည် (ဖိ ၄း၁၈)။ ရောမအကျဉ်းသားများသည် မိမိတို့၏ အစာရေစာ၊ အဝတ်အစား၊ အိပ်ယာနှင့် အခြားလိုအပ်သောအရာများကို ထောင်ဝင်စာလာသောမိသားစုဝင်နှင့် မိတ်ဆွေတို့မှ ယူဆောင်လာပေးရသည် (တ ၂၄း၂၃) ဖြစ်ရာ ဤအလှူဒါနသည် အလွန်အရေးပါ၏။

ရောမတွင် ဒုတိယအကြိမ် အကျဉ်းကျခြင်းပြီးဆုံးလုလုတွင် ပေါလုသည် တိမောသေအား "ဆောင်းကာလမရောက်မီ ကြိုးစား၍လာခဲ့လော့။ တရောမြို့တွင် ကာပုလက်၌ ငါထားခဲ့သော ဝတ်လုံကိုယူခဲ့လော့" (၂တိ ၄း၂၁၊ ၁၃) ဟုမှာလိုက်၏။ အေးမြသော ကျောက်စန်းကျဉ်းထဲတွင် နေရသဖြင့် သိုးမွေးထည် အပေါ်ခံ ဝတ်လုံသည် ပေါလုအတွက် အရေးပါလှသည်။ ဤတမာန်တော်ကြီးအား ဖိလိပ္ပိသို့ ပြန်ခေါ်ဆောင်လာ နိုင်ရန်လည်း ဧပဖြောဒိတ်အားပင်တာဝန်အပ်နှင်းထား၏ (*The Acts of the Apostles*, p. 479)။

ဖိလိပ္ပိတွင် ပြဿနာများပေါ်ပေါက်သဖြင့် (သင် – ၄) ပေါလုသည် ဧပဖြောဒိတ်အား ထင်မြင်သည်ထက် စောစီးစွာပြန်ပို့ရန် "သူ့ကို ငါစေလွှတ်ဖို့လိုလားထက်သန်" သဖြင့်၊ ဖိလိပ္ပိလူတို့သည် "သခင်ဘုရားကို ထောက်လျက်ဝမ်းမြောက်သောစိတ်နှင့် သူ့ကို လက်ခံကြရန်" (ဖိ ၂း၂၉) တိုက်တွန်း၏။ ပေါလုသည် ဧပဖြောဒိတ်သည် ခရစ်ယာန်များ၏ မြင့်မားစွာ လေးစားသမှတ်ခြင်းကို ခံရသူ တစ်ဦးဖြစ်ကြောင်း၊ သူတို့၏ ဥစ္စာနေနှင့် အသိုင်းအဝိုင်းကြောင့်လည်းမဟုတ်ဘဲ၊ ယေရှုခရစ်၏ နမူနာအတိုင်း ဆက်ကပ်ပူဇော်သော စိတ်သဘောကြောင့်သာ ဖြစ်သည် (ဖိ ၂း၆ – ၁၁။ လု ၂၂း၂၅ – ၂၇)။

ဂရိဘာသာတွင် လေးစားသမှတ်ခြင်းသည် ဓမ္မသစ်ကျမ်းတွင် အကြိမ် အနည်းငယ်သာ ပေါ်လွင်ရာ၊ တပ်မှူး၏အလွန် "ချစ်" (လု ၇း၂) သောကျွန်၊ ပွဲနေပွဲထိုင်ရာတွင် မြင့်မြတ်သောနေရာ (လု ၁၄း၈)၊ ယေရှုနှင့်ပတ်သက်၍ တိုက်ထောင့် "ကျောက်မျက်" (၁ပေ ၂း၄၊ ၆) တို့ဖြစ်၏။ ဧပဖြောဒိတ်သည် ၎င်းတို့တွင် အရာဝင်နိုင်ရန် သစ္စာတည်ကြည်ခဲ့သောသူ ဖြစ်တန်ရာသည်။

**ဆက်လက်လေ့လာရန်။** "ခရစ်တော်၏ အနီးကပ်ဆုံးတွင် နေရာကျမည့် သူတို့သည် ဤ လောကတွင် ယေရှု၏ မိမိကိုယ်ကို စွန့်လွှတ်သော ချစ်မေတ္တာအား နက်နဲစွာသောက်ကြူး ခဲ့သူတို့၊ ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ ကိုယ်ကျိုးမရှာ၊ ဒေါသအမျက်မထွက်၊ အပြစ်ရှိသည်ဟုမထင်တတ်သောသူတို့ (၁ကော ၁၃း၄၊ ၅)၊ ကိုယ်တော်သည် လူသားအား ကယ်တင်ရန် သေသည်တိုင် အလုံးစုံတို့အား စွန့်ကြဲလုပ်ဆောင်စေခြင်းဖြင့်၊ တပည့်တော်တို့အား လှုံ့ဆော်သောမေတ္တာပင်ဖြစ်၏။ သူ၏အသက် တာတွင် လူသားတို့အား ခရစ်တော်ကို ဖော်ပြသဖြင့် "ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏" ဟုဆို၍ သေခြင်းသည်က ခရစ်တော်၏ တန်ခိုးတော်အား ဖော်ပြနိုင်၍ ဝိညာဉ်တို့အား စုစည်းနိုင်သဖြင့် "သေလျှင်မူကား သာ၍အကျိုးရှိ၏" ဟုဆိုသည်။ သူသည် "ငါ၏ကိုယ်ခန္ဓာ၌ ခရစ်တော်သည် အစဉ်မပြတ် ဂုဏ်အသရေ ထင်ရှားတော်မူသဖြင့် အသက်ရှင်သည် ဖြစ်စေ၊ သေသည်ဖြစ်စေ" (ဖိ ၁း၂၁၊ ၂၀) ဟုဆို၏။ *The Desire of Ages*, p. 549.

"ဝိညာဉ်တိုင်းအား စုံစမ်းရမည့် အချိန်သည် မဝေးတော့ပါ။ သားရဲ၏ အမှတ်အသားသည် ကျွန်ုပ်တို့အား အတင်းအကြပ်ပြုလိမ့်မည်။ လောက၏ တောင်းဆိုချက်တို့သို့ တစ်လုပ်မ်းချင်း အမြတ်ထုတ်၍ လောက၏ ဓလေ့ထုံးတမ်းတို့နှင့်တညီတည်း နေထိုင် သူတို့သည်၊ ၎င်း၏ တန်ခိုးတို့သည် ပျက်ရယ်ပြုခြင်း၊ စော်ကားခြင်း၊ အကျဉ်းကျနိုင်ခြင်းနှင့် သေနိုင်ခြင်းဖြင့် ခြိမ်းခြောက်ခြင်းအဖြစ်၊ အခက်အခဲဟုပင်မထင်မှတ်ကြပါ။

မှားယွင်းသောညီအစ်ကိုမြောက်များတို့သည် မှန်ကန်သောသူတို့နှင့် ကွဲကွဲပြားပြားဖြစ်လာသောအခါ၊ ကွယ်ဝှက်နေသည်များတို့သည် ဟောရှဏ္ဏပေါင်းများစွာတို့ဖြင့် ခရစ်တော်၏ အောင်လံတံခွန်အောက်တွင် ပေါ်လွင်လာကြလိမ့်မည်။ ကြောက်တွန့်ဆုတ် တတ်သူနှင့် မိမိကိုယ်ကိုမယုံကြည်နိုင်သောသူတို့သည် ခရစ်တော်နှင့် သူ၏ သမ္မာတရားအတွက် မိမိကိုယ်ကိုဖော်ပြကြပါလိမ့်မည်။ အသင်းတော်အတွင်း အား အနဲ့ဆုံးနှင့်အတုံ့ဆိုင်းဆုံးသူတို့သည် ဒါဝိဒ်ကဲ့သို့ လုပ်ရဲကိုင်ရဲလာကြလိမ့်မည်။ ဘုရား၏လူတို့အတွက် ညဉ့်သည်နက်လေလေ၊ ကြယ်များတောက်ပလေလေဖြစ်သည်။ စာတန်သည်လည်း သစ္စာစောင့်သိသူတို့အား နှောင့်ယှက်တိုက်ခိုက် နေသော်လည်း၊ ယေရှု၏နာမတော်တွင် အောင်နိုင်သူတို့ထက် သာလွန်သူများအဖြစ် ထွက်လာကြလိမ့်မည်" *Testimonies for the Church*, vol. 5, pp. 81, 82.

**ဆွေးနွေးရမည့်မေးခွန်းများ –**

**၁ အထက်၌ "လောက၏တောင်းဆိုချက်တို့သို့တစ်လုပ်မ်းချင်းအမြတ်ထုတ်၍လောက၏ဓလေ့ထုံးတမ်းတို့နှင့် တညီတည်းနေထိုင်သူတို့" ကို တွေးတောပါ။ မည်သည်တို့ပါဝင်မည်နည်း။ တစ်ကိုယ်ရေတင်မဟုတ် အသင်းတော်တစ်ခုလုံးတွင် မည်သို့ကျင့်သုံးရမည်နည်း။**

**၂ ထာဝရဘုရားသည် "ငါ့ကိုချီးမြောက်သောသူတို့ကိုငါချီးမြောက်မည်"** (၁ ရာ ၂း၃၀) **ဟုမိန့်တော်မူ၏။ ထာဝရဘုရားအား မည်သို့ ချီးမြောက်ကြမည်နည်း။ "နာမတော် ချီးမွမ်းခြင်း"** (မျာ ၁၄း၇) **နှင့် အလားတူသနည်း။ တူသည်၊ မတူသည်မှာ အဘယ်ကြောင့်နည်း။**

**၃ တရားဝင်ဖြစ်စေခြင်း၌ထောင်ခြောက်မိခြင်းမရှိဘဲမိမိ၏ကယ်တင်ခြင်းအတွက်လုပ်ဆောင်ခြင်းကို မည်သို့သိကျွမ်းနားလည်နိုင်မည်နည်း။**

## မာရ်နတ်ကြိုးများမရ

Olivia Fairfax မှရေးသားသည်

Marovo Lagoon လူမျိုးများသည် ဆော်လမွန်ကျွန်းစုများထဲတွင် စစ်သွေးကြွဆုံးနှင့် လူသားစားများဖြစ်သည်။ ဘိုးဘွားများ၏ ဝိညာဉ်များကို ကိုးကွယ်ကြပြီး၊ သေဆုံးပြီးနောက် ဦးခေါင်းခွံများကို ထိန်းသိမ်းထားကြ၏။ သူတို့သည် နတ်ဆိုးကို ကြောက်ရွံ့စွာ နေထိုင်ကြ၏။

၁၉၀၂ ခန့်တွင် မာရိုဗို အကြီးအကဲ တတဂူသည် မာရ်နတ်ကို အမှန်တကယ် ကြောက်ရွံ့ ရန် လိုအပ်သလားဟု တွေးတောခဲ့၏။ သူသည် ထိုအရာကို စမ်းသပ်ရန် ဆုံးဖြတ်ပြီး၊ ငါးဖမ်း ခရီးစဉ်တစ်ခုတွင် သူ၏ လေ့ရှေ့၌ ကြိုးတစ်ချောင်းကို မတပ်ခဲ့ပေ။ ကြိုးများသည် ငါးဖမ်းရာတွင် အောင်မြင်မှုရရှိရန် အာမခံပေးသည်ဟု ယူဆကြသည်။ ကြိုးမပါဘဲ၊ ငါးဖမ်းခရီးသည် ကြီးမား သော အောင်မြင်မှုရရှိခဲ့၏။ တတဂူ သည် အိမ်သို့ပြန်လာသောအခါ မွေးကင်းစ သားငယ်ကို "မာရ်နတ် ကြိုးများမရှိ" ဟု အဓိပ္ပာယ်ရသည့် ကတရာဂိုဆို ဟုအမည်ပေးခဲ့သည်။ ကတရာ ဂိုဆိုသည် ဘုရားသခင်၏ စွမ်းအားဖြင့် လူမှုအသိုင်းအဝိုင်းတစ်ခုကို ပြောင်းလဲပေးပြီး၊ မာရ်နတ်ထိန်းချုပ်သော ကြိုးများနှင့် ချည်နှောင်မှုများကို ဖယ်ရှားပေးနိုင်ကြောင်း ဖော်ပြခဲ့၏။

ကတရာဂိုဆိုသည် ဆော်လမွန်ကျွန်းသားများကို နိုင်ငံခြားသုံးကုန်ပစ္စည်းများဖြင့် သွေး ဆောင်ပြီး ကျွန်အဖြစ် ပြန်ပေးဆွဲရန် မရိုးသားသော ဥရောပ ကုန်သည်များ ရှိသည့် အချိန်တွင် ကြီးပြင်းခဲ့သည်။ ၁၉၁၄ တွင် ကတရာဂိုဆိုသည် အသက် ၁၂ နှစ်ခန့်တွင် Advent Herald ဟူသော လှေဖြူတစ်စီးသည် မာရိုဗိုလဂွန်းသို့ ရွက်လွှင့်လာခဲ့သည်။ သင်္ဘောသားများသည် ဖျားယောင်းသွေးဆောင်ခြင်း၊ ပြန်ပေးဆွဲခြင်းမပြုခဲ့ပေ။ ကပ္ပတိန် Griffiths F. Jones သည် တတဂူထံမှ ကျောင်းတစ်ဆောင်အတွက် မြေနေရာတောင်းခံခဲ့ပြီး၊ နောက်နှစ်တွင် ဆာဆဂါ နာ တွင် ကျောင်းတစ်ဆောင် တည်ထောင်ကာ၊ ကတရာဂိုဆိုသည် ၎င်း၏ ပထမဆုံး ကျောင်း သား ၂၃ ဦးထဲမှ တစ်ဦးအဖြစ် စာရင်းသွင်းခဲ့သည်။ သူသည် ယေရှုကို လက်ခံခဲ့ပြီး၊ ၁၉၁၈ တွင် ဆော်လမွန် ကျွန်းသား ၁၀ ဦးထဲမှ ပထမဆုံး ဗတ္တိဇံခံယူသူများထဲတွင် ပါဝင်ခဲ့၏။ သူသည် သာသနာပြုဆရာ၊ ဘာသာပြန်သူနှင့် ပုံနှိပ်စက်လည်ပတ်သူအဖြစ် လုပ်ကိုင်ခဲ့ပြီး၊ ၁၉၃၅ တွင် SDA သင်းအုပ်ဆရာအဖြစ် လက်တင်မင်္ဂလာကို ခံခဲ့ရသည်။

ဒုတိယကမ္ဘာစစ်အတွင်း ကတရာဂိုဆိုသည် ဆော်လမွန်ကျွန်းများရှိ SDA လုပ်ငန်းကို တာဝန်ယူခဲ့သည်။ ဂျပန်စစ်တပ်ကျူးကျော်လာသောအခါ၊ သူ့အား အဖြူအသား ရောင်ရှိ သူ များနှင့် မဟာမိတ်တပ်ဖွဲ့ဝင်များကို သတ်ရန် အမိန့်ပေးခဲ့သည်။ လူ၏အမိန့်ထက် ဘုရားသခင် ၏ အမိန့်ကို နာခံမည်ဟု ကြေညာခဲ့သည့်အတွက် စစ်ဆေးမေးမြန်း၊ ရိုက်နှက်ခံရသည်။

စစ်ပွဲကာလ တစ်လျှောက် သူသည် မဟာမိတ်တပ်ဖွဲ့ဝင်များ၏ လေယာဉ်များ၊ သင်္ဘော များကို တိုက်ခိုက်ခံရသူများအတွက်ကယ်ဆယ်ရေးလုပ်ငန်းကို ဦးဆောင်ခဲ့၏။ အမေရိကန် လေယာဉ်မှူး ၂၇ ဦး၊ ဩစတြေးလျနှင့် နယူးဇီလန်စစ်သား ၁၈၇ ဦးကို ကယ်တင်ခဲ့၏။ ကတရာ ဂိုဆိုသည် ၁၉၆၄ တွင် အသက် ၆၂ နှစ်တွင် ကွယ်လွန်ခဲ့ပြီး၊ ဘုရားကျောင်း အတွက် ၃၇ နှစ်ကြာ အမှုဆောင်ခဲ့ပြီး၊ ထို ကာလအတွင်း မာရိုဗိုကို စစ်ကြွ သော လူမှုအသိုင်း အဝိုင်းမှ ဘုရားသခင်၏အမှုထမ်း သနားကရုဏာ ရှိ သော လူများ အဖြစ်သို့ ပြောင်းလဲသွားသည် ကို မြင်တွေ့ရသည်။



ဤ ၁၃ ပတ်အလှူငွေသည် ဆော်လမွန်ကျွန်းများ အပါအဝင် တောင်ပစိဖိတ် ဒေသတွင်းရှိ ဒီဗေဇီ၏ သာသနာ့လုပ်ငန်းများတွင် အသုံးပြုမည်။ မတ်လ တွင် သင့် အလှူငွေများကို ရက်ရောစွာပေးသည့် အတွက် ကျေးဇူးတင်ပါသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဖိလိပ္ပိ ၂း၁၄၊ ၁၅။

**လေ့လာမှုဦးတည်ချက်။** ဖိလိပ္ပိ ၂း၁၂-၃၀။ ယာကုပ် ၂။

ခရစ်ယာန်များသည် မှောင်မိုက်သောကမ္ဘာတွင် အလင်းရောင်အဖြစ် ထွန်းလင်းရန် ခေါ်တော်မူခြင်းခံရသည်။ ယေရှုက "သင်တို့သည် ဤလောက၏ အလင်းဖြစ်ကြ၏" (မဿဲ ၅း၁၄) ဟု မိန့်တော်မူခဲ့သည်။ ထိုနည်းတူ ပေါလုက ခရစ်ယာန်များသည် မှောင်မိုက်ဖုံးလွှမ်းနေသောကမ္ဘာတွင် အလင်းသယ်ဆောင်သူများအဖြစ် ထွန်းလင်းရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့သည်။ ဖိလိပ္ပိလူများထံသို့ ပေးပို့သောသူ၏စကားမှုကား "သင်တို့သည် ဤလောက၏ အလင်းကဲ့သို့ ထွန်းလင်းလော့" (ဖိလိပ္ပိ ၂း၁၅)၊ ဧဖက်ဩဝါဒစာထဲတွင် "အထက်ကာလ၌ သင်တို့သည် မှောင်မိုက်အတိဖြစ်ကြ၏။ ယခုမူကား သခင်ဘုရား၌အလင်းဖြစ်ကြ၏။ သို့ဖြစ်၍ အလင်း၏သားကဲ့သို့ ကျင့်နေကြလော့" (ဧဖက် ၅း၈) ဟူသော သတင်းစကားနှင့် အလွန်ဆင်တူသည်။

အလင်းရောင်ဟူသော နိုင်းယှဉ်ချက်သည် သာသနာပြုသင်္ကေတအဖြစ် အင်အား ကြီးမားပြီး၊ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများတွင် အသုံးပြုထားသည်။ ဟေရှာယတွင် ဘုရားသခင်သည် သူ၏ကျွန်ဖြစ်သော မေရှိယထံသို့ "သင်သည် မြေကြီးစွန်းတိုင်အောင် ငါ၏ကယ်တင်ခြင်း ကိုပြုစိမ့်သောငှါ သင့်ကိုတပါးအမျိုးသား တို့လင်းစရာဘို့ ငါခန့်ထားသည်" ဟု မိန့်တော်မူသည် (ဟေရှာယ ၄၉း၆ ကို ဟေရှာယ ၄၂း၆ နှင့် နှိုင်းယှဉ်ပါ)။ ဤ ကျမ်းပိုဒ်သည် ဓမ္မသစ်ကျမ်းတွင် ယေရှုအား ရည်ညွှန်းသည် (ဥပမာ - လု ၂း၃၂။ ယော ၈း၁၂။ ယော ၉း၅။ တမန် ၂၆း၂၃ ကို ကြည့်ပါ)၊ တဖက်တွင် အသင်းတော်ကို လည်း ရည်ညွှန်းသည် (တမန် ၁၃း၄၇)၊ အကြောင်းမှာ ၎င်းသည် ကမ္ဘာအတွက် အလင်းဖြစ်ရန် ယေရှု၏ သာသနာ့လုပ်ငန်းကို ဆက်လက် လုပ်ဆောင်နေသောကြောင့်ဖြစ် ၏။

ဤအပတ်၏သင်ခန်းစာသည် အဓိကအကြောင်းအရာ သုံးခုကို အလေးပေးထား၏။

၁။ ယုံကြည်ခြင်းနှင့် အကျင့်များ၏ ဆက်နွယ်မှုကို သုံးသပ်မည် (ဖိလိပ္ပိ ၂း၁၂၊ ၁၃)။

၂။ ခရစ်ယာန်များအနေဖြင့် ယေရှု၏ခြေရာအတိုင်း လိုက်လျှောက်ပြီး ကျွန်ုပ်တို့၏ ဘဝများကို အခြားသူများနှင့် မျှဝေကာ၊ ကမ္ဘာအတွက် အလင်းအဖြစ် ထွန်းလင်းရန် ခေါ်တော်မူခြင်းခံရသည်။

၃။ ကျွန်ုပ်တို့၏ ခရစ်ယာန်လျှောက်လှမ်းမှုတွင် ရင်ဆိုင်ရသော စမ်းသပ်မှုများနှင့် အခက်အခဲများသည် ဘုရားသခင်၏လုပ်ငန်းတွင် ပိုမိုကြီးမားသော စိန်ခေါ်မှုများအတွက် ကျွန်ုပ်တို့ကို သန်မာစေသည်။ ၎င်းတို့သည် အောင်မြင်သော သာသနာ့လုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်သော အရည်အသွေးများကို ဖွံ့ဖြိုးစေရန် ဘုရားသခင်၏ ကိရိယာများ ဖြစ်သည်။

## အပိုင်း ၂။ အနက်ရှိုင်းကျမ်း

### ပုံပမာ

Dwight L. Moody က လှည့်ပတ်နေသော မီးပြတိုက်တစ်ခုတွင် တာဝန်ယူထားသူ လူနှစ်ဦး၏ ဇာတ်လမ်းကို ပြောပြသည်။ "သူတို့သည် မီးပြတိုက်တစ်ခုတွင် လှည့်ပတ်နေသော မီးကို ထိန်းသိမ်းရန် တာဝန်ယူထားသူများဖြစ်သည်။ တစ်နည်းနည်းဖြင့် စက်ယန္တရားတွင် ပြဿနာဖြစ်ပေါ်ပြီး မီးအလင်းသည် လှည့်ပတ်မှုရပ်တန့်သွားသည်။ သူတို့သည် ပင်လယ်ပြင်တွင်ရှိသူများက ၎င်းကို အခြားမီးအလင်းတစ်ခုနှင့် မှားယွင်းမည်ကို စိုးရိမ်သောကြောင့် တစ်ညလုံး မီးအလင်းကို လှည့်ပတ်နေစေရန် အလုပ်လုပ်ခဲ့ကြသည်။" မူဒီက နိဂုံးချုပ်သည်မှာ၊ "ကျွန်ုပ်တို့၏ အလင်းများကို သင့်လျော်သောနေရာတွင် ထားရှိရန် လိုအပ်သည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာသည် အတုအယောင်မဟုတ်ဘဲ အမှန်တရားဖြစ်ကြောင်း လောကက မြင်နိုင်မည်ဖြစ်သည်။" ယေရှုရှင်သည် ယုံကြည်ခြင်းကို အကျင့်အားဖြင့် "မြင်နိုင်သော" အလင်းအဖြစ် ဥပမာပေး၏။ (မ ၅း၁၆) — Moody, *Anecdotes, Incidents, and Illustrations* (Chicago: Moody Publishers, 1990), p. 36.

### ယုံကြည်ခြင်းနှင့် အကျင့်များ

C. S. Lewis က ယုံကြည်ခြင်းနှင့် အကျင့်များ၏ ဆက်နွယ်မှုနှင့် ပတ်သက်၍ ဤစိတ်ဝင်စားဖွယ်ထုတ်ဖော်ပြောကြားချက်ကို ပြုလုပ်ခဲ့သည်။ "ခရစ်ယာန်များကို ခရစ်ယာန်အိမ်သို့ ပို့ဆောင်ပေးသည်မှာ ကောင်းမွန်သောအကျင့်များလား သို့မဟုတ် ခရစ်တော်ကို ယုံကြည်ခြင်းလားဟူ၍ မကြာခဏ အငြင်းပွားခဲ့ကြသည်။ ... သမ္မာကျမ်းစာသည် ဤအရာနှစ်ခု ကို အံ့ဩဖွယ်စာကြောင်းတစ်ကြောင်းအဖြစ် ပေါင်းစည်းထားသည်ဟု ထင်ရသည်။ ပထမ တစ်ဝက်က "သင်တို့၏ကယ်တင်ခြင်း အတွက် ကြောက်ရွံ့စွာ လုပ်ဆောင်ကြလော့" —ဤသည်မှာ အရာအားလုံးသည် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ ကောင်းမွန်သော အကျင့်များပေါ်တွင် မူတည်နေသည့် ပုံပေါက်သည်။ ဒုတိယတစ်ဝက်က "အကြောင်းမူကား၊ သင်တို့အတွင်း၌ လုပ်ဆောင်နေသောသူမှာ ဘုရားသခင်ဖြစ်သည်" —ဤသည်မှာ ဘုရားသခင်သည် အရာအားလုံးကို လုပ်ဆောင်ပြီး ကျွန်ုပ်တို့သည် ဘာမှမလုပ်သည့် ပုံ ပေါက်သည်။ ဤသည်မှာ ခရစ်ယာန်ဘာသာတွင် ကျွန်ုပ်တို့ ကြုံတွေ့ရသည့် အရာမျိုး ဖြစ် သည်ဟု ကျွန်ုပ်ထင်သည်။ ကျွန်ုပ်သည် စိတ်ရှုပ်ထွေးနေသော်လည်း အံ့ဩမနေပါ။" — Lewis, *Mere Christianity* (New York:HarperCollins, 2001), pp. 148, 149.

တကယ်တော့ ဖိလိပ္ပိ ၂း၁၂၊ ၁၃ တွင် ပေါလုက ယုံကြည်ခြင်းနှင့် အကျင့်များ၏ ဆက်နွယ်မှုကို ရှင်းလင်းထားသည်။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် လုပ်ဆောင်ရမည် ဖြစ်သော်လည်း၊ အကျင့်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ခြင်း မဟုတ်ပါ။ ယာကုပ်က သင်ကြားသည့်အတိုင်း၊ အကျင့်များသည် စစ်မှန်ပြီး ကယ်တင်ပေးသော ယုံကြည်ခြင်း၏ သက်သေ ဖြစ် သည် (ယာ ၂း၁၈ ကို ယာ ၂း၁၄ နှင့် နှိုင်းယှဉ်ပါ)။ အကျင့် များ မရှိ သော ယုံ

ကြည်ခြင်းသည် ယုံကြည်ခြင်း မဟုတ်ပါ။ ယာကုပ်၏ စကားဖြင့်ဆိုရလျှင်၊ ဤယုံကြည်ခြင်းသည် အသေဖြစ်ပြီး (ယာ ၂း၁၇၊ ၂၆) အသုံးမဝင်ပါ (ယာ ၂း၂၀)။

"ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့" ဟူသော ပေါလု၏ စကားသည် ခရစ်ယာန်တစ်ဦးစီအား ယုံကြည်ခြင်းဖြင့် လက်ခံထားပြီးသော ကယ်တင်ခြင်းနှင့် ပတ်သက်၍ တာဝန်ယူမှုကို ရည်ညွှန်းဖွယ်ရှိပြီး ၎င်းကို "ကြောက်ရွံ့တုန်လှုပ်သော စိတ်နှင့်" လုပ်ဆောင်ရမည် (ဖိလိပ္ပိ ၂း၁၂)။ မူရင်းဂရိစာသားတွင် "ကြောက်ရွံ့ထိတ်လန့်ခြင်း" ဟူသော စကားစုသည် စာကြောင်း၏အစတွင် အလေးပေးရန် ထားရှိထားသည် - "ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့် ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင် ကြိုးစား အားထုတ်ကြလော့။"

ပညာရှင်များသည် "ကြောက်ရွံ့တုန်လှုပ်ခြင်း" ဟူသော စကားစု၏ အဓိပ္ပာယ်ကို အငြင်းပွားကြပြီး၊ ၎င်းသည် (၁) ကျရှုံးနိုင်မှုအပေါ် စိုးရိမ်ခြင်း၊ (၂) ဘုရားသခင်ထံ နိမ့်ချသော သဘောထား၊ (၃) ဘုရားသခင်ထံ နိမ့်ချစွာ ဆက်ကပ်ခြင်း၊ သို့မဟုတ် (၄) ဤအရာအားလုံး၏ ပေါင်းစပ်မှုဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ပေါလုသည် ၎င်း၏ ရေးသားချက်များ တွင် ဤစကားကို အခြားနေရာများတွင်လည်း အသုံးပြုထားသည်။ ၁ကောရိန္သု ၂း၃ တွင် "ကြောက်ရွံ့ခြင်း" နှင့် "တုန်လှုပ်ခြင်း" သည် ကောရိန္သုမြို့ရှိ ၎င်း၏သာသနာပြုမှု ကျရှုံးမည်ကို စိုးရိမ်သော ပေါလု၏ စိတ်ပူပန်မှုကို ထင်ဟပ်ပြသည်။ ၂ကောရိန္သု ၇း၁၅ တွင် ဤစကားလုံး များသည် ကောရိန္သုလူများက မျှော်လင့်ထားသည့်အတိုင်း ပြီးမြောက်မည်ဟူသော ပေါလု၏ ယုံကြည်မှုကို ဖော်ပြသည် (၂ကောရိန္သု ၇း၁၆ ကိုကြည့်ပါ)။ ဧဖက် ၆း၅ တွင် ဤစကားလုံး များသည် တာဝန်ယူမှု၏ အရေးပါမှုကို အလေးပေးသည်။ ဤ ကျမ်းပိုဒ်များကို ခွဲခြမ်း စိတ်ဖြာ ခြင်းဖြင့် ဖိလိပ္ပိ ၂း၁၂ ရှိ "ကြောက်ရွံ့တုန်လှုပ်ခြင်း" သည် ယုံကြည်သူများအနေဖြင့် ၎င်းတို့၏ ကယ်တင်ခြင်းနှင့် ပတ်သက်၍ တာဝန်ယူမှုမြင့်မားစွာ ဖွံ့ဖြိုးသင့်သည်ဟူသော အချက်ကို ညွှန်ပြသည်။ ၎င်းတို့၏ အကျင့်များသည် ဤအရာကို လေးနက်စွာ ဆောင်ရွက်နေကြောင်း ဖော်ပြသည်။

## လောကအတွက်အလင်းများ

အလင်း၏ ပုံပမာကို သမ္မာကျမ်းတွင် သာသနာပြုခြင်းအတွက် နှိုင်းယှဉ်မှုတစ်ရပ်အဖြစ် အသုံးပြုထားသည်။ ဓမ္မဟောင်းတွင် ဘုရားသခင်ကိုယ်တိုင်သည် အလင်းထွက်ပေါ်လာသော အဆုံးစွန်သော အရင်းအမြစ်အဖြစ် ဖော်ပြထားသည်။ ဆာလံဆရာက "ထာဝရဘုရားသည် ငါ၏ အလင်းဖြစ်သည်" (ဆာလံ ၂၇း၁။ ၄း၆။ ၈၉း၁၅။ ၁၁၈း၂၇။ ဟေရှာယ ၂း၅ ကိုကြည့်ပါ)။ ထိုနည်းတူ၊ မိက္ခာက သူ၏လူများကိုယ်စား ပြောကြားသည်မှာ "ထာဝရဘုရားသည် ငါ၏အလင်းဖြစ်တော်မူလိမ့်မည်... ငါ့ကို အလင်းထဲသို့ ထုတ်၍ နေရာပေးတော် မူ လိမ့်မည်" (မိက္ခာ ၇း၈၊ ၉။ ဟေရှာယ ၆၀း၁၊ ၂၊ ၁၉၊ ၂၀ ကိုကြည့်ပါ)။

ဟေရှာယ ၄၂း၆ နှင့် ဟေရှာယ ၄၉း၆ တွင် ထာဝရဘုရား၏ ကျေးကျွန်ကို "တစ်ပါး အမျိုးသားများအတွက်အလင်း" ဟု ဖော်ပြထားသည်။ ဟေရှာယ ၄၉း၆ တွင် ဤ ရှင်းလင်း ချက်ကို ထပ်မံဖြည့်စွမ်းထားသည် - "သင်သည်မြေကြီးစွန်းတိုင်အောင် ငါ၏ ကယ်တင် ခြင်းကိုပြုစိမ့်သောငှါ" ဟု ဆို၏။ ဓမ္မသစ်ကျမ်းရေးသားသူများသည် ဤပုံပမာကို နားလည် ပြီး တသမတ်တည်း အသုံးပြုခဲ့သည် (လုကာ ၂း၃၂။ ယောဟန် ၈း၁၂။ ယောဟန် ၉း၅။ တမန်တော် ၁၃း၄၇။ တမန်တော် ၂၆း၂၃)။

ဗျာဒိတ်ကျမ်း၏ အစောပိုင်းအခန်းများတွင် အသင်းတော်အတွက် အထူးခြားဆုံး ပုံပမာမှာ မီးခွက်များဖြစ်သည်ကို သတိပြုစရာဖြစ်သည်။ ဤအရာနှင့်ပတ်သက်၍ ပညာရှင် အများက ဧဖက်အသင်းတော်ရှိ အချို့သောသူများ၏ ပထမဆုံးမေတ္တာကို စွန့်လွှတ်ခြင်း သည် ၎င်းတို့၏ သာသနာပြုစိတ်အားထက်သန်မှု လျော့နည်းသွားခြင်းနှင့် ဆက်နွှယ်သည် ဟု သဘောတူကြသည် (ဗျာဒိတ် ၂း၄)။ ထို့ကြောင့် ယေရှုက ၎င်းတို့သည် နောင်တမရလျှင် "သင်၏မီးခွက်ကို နေရာမှရွှေ့မည်" ဟု သတိပေးခဲ့သည် (ဗျာဒိတ် ၂း၅)။

ယခင်ဖော်ပြခဲ့သည့်အတိုင်း၊ "မြေကြီး၏ အဆုံးထိ" ဟူသော စကားစုသည် ဟေရှာယ ၄၉း၆ တွင် အလင်း၏ ပုံပမာနှင့်ဆက်နွှယ်၍ ပေါ်ထွက်လာသည်။ ၎င်းသည် တမန်တော် ကျမ်းတွင် အသင်းတော်၏ သာသနာပြုတာဝန်၏ အတိုင်းအတာကို ဖော်ပြရန် နှစ်ကြိမ်ပေါ် ထွက်လာသည် (တမန်တော် ၁း၈။ တမန်တော် ၁၃း၄၇)။ အလင်း၏ ပုံပမာသည် တမန်တော် ၁း၈ တွင် မပါဝင်သော်လည်း၊ တမန်တော် ၁၃း၄၇ အပေါ်အခြေခံ၍ ရည်ညွှန်း ဖွယ်ရှိသည်။ ဤအချက်အလက်များသည် ဖိလိပ္ပိလူများအား "လောက၌ အလင်းများ အဖြစ် ထွန်းလင်းကြရန်" ပေါလု၏ တိုက်တွန်းချက်ကို ထင်ရှားစေသည် (ဖိလိပ္ပိ ၂း၁၅)။ ပေါလုက ယုံကြည်သူများသည် ၎င်းတို့အချင်းချင်း စည်းလုံးညီညွတ်မှုကို ပြသသောအခါ (ဖိလိပ္ပိ ၂း၁၄) လောက၌ စစ်မှန်သော အလင်းများဖြစ်သည်ဟု အကြံပြု သည်။ အကြောင်း မူကား၊ "အလင်းဖြစ်ရန် ခေါ်ဝေါ်ခြင်းသည် အလင်းနှင့်မိသဟာရဖွဲ့ရန် ခေါ်ဝေါ်ခြင်းလည်း ဖြစ်သည်။ ပေါလုက ခရစ်ယာန်များသည် အလင်း၏ သားသမီးများ အဖြစ် အချင်းချင်း အားပေးအားဖြည့်ပေးနိုင်သော အသိုက်အဝန်းတစ်ခုအဖြစ် ပေါင်းစည်းထားသည်ဟု မြင်ခဲ့ သည် (ဧဖက် ၅း၈၊ ၁၅ - ၂၀)။"— John M. Terry, Ebbie C. Smith, and Justice Anderson, eds., *Missiology: An Introduction to the Foundations, History, and Strategies of World Missions* (Nashville, TN: Broadman & Holman Publishers, 1998), p. 26.

## အောင်မြင်သောဓမ္မအမှုဆောင်အတွက် အရည်အသွေးများ

ဖိလိပ္ပိ ၂း၁၉ - ၃၀ တွင် တိမောသေနှင့် ဧပဖြောဒိတ်တို့၏ ဖော်ပြချက်မှ အောင်မြင် သော ဓမ္မအမှုဆောင်အတွက် မရှိမဖြစ်လိုအပ်သော အရည်အသွေးများကို ကောက်ချက်ချ နိုင်သည်။ ပေါလုက တိမောသေကို (၁) စိတ်သဘောတူသောသူ (ဖိလိပ္ပိ ၂း၂၀)၊ (၂) သူတ

ပါး အကျိုးကိုကြည့်ရှုသောသူ (ဖိလိပ္ပိ ၂း၂၀)၊ (၃) ယေရှုခရစ်၏ အကျိုးကိုရှာသောသူ (ဖိလိပ္ပိ ၂း၂၁)၊ (၄) သက်သေပြသော စရိုက်ရှိသူ (ဖိလိပ္ပိ ၂း၂၂) နှင့် (၅) အမှုတော် ဆောင်ရွက်ရန် သဘောထားရှိသူ (ဖိလိပ္ပိ ၂း၂၂) အဖြစ် ဖော်ပြသည်။ "စိတ်သဘောတူသောသူ" ဟူသော ဂရိစကားလုံး ဗျသဗျဇ္ဇနသည သည် ဓမ္မသစ်ကျမ်း ဤနေရာတွင်သာ တစ်ကြိမ်သာ ပေါ်ထွက်ပြီး၊ ဓမ္မဟောင်းကျမ်း၏ ဂရိဘာသာပြန်ဖြစ်သော Septuagint ဆာလံ ၅၅း၁၃ တွင်လည်း "ငါနှင့်ဘက်သောသူ" အဖြစ် တစ်ကြိမ်သာ တွေ့ရသည်။

ဧပဖြောဒိတ်နှင့်ပတ်သက်၍ ပေါလုက ပထမဦးစွာ သူနှင့်ဆက်နွှယ်ပြီး ဖော်ပြထားသည်မှာ ညီအစ်ကို၊ အတူလုပ်ဆောင်သူနှင့် အတူတိုက်လှန်သူဖြစ်သည်။ ၎င်းသည် ဖိလိပ္ပိလူများထံသို့ ပေါလုမှ စေလွှတ်သော တမန် (ဂရိစကားလုံး စေသျအသူသျ မှ) ဖြစ်ပြီး၊ ပေါလု၏ လိုအပ်ချက်များကို လုပ်ဆောင်ပေးသူဖြစ်သည် (ဖိလိပ္ပိ ၂း၂၅)။ ဧပဖြောဒိတ်သည် အလွန်သစ္စာရှိပြီး သစ္စာစောင့်သိသူဖြစ်ကြောင်း ဖော်ပြသည်။ ထို့နောက် ပေါလုက သူ့အား ဖိလိပ္ပိလူများနှင့်ဆက်နွှယ်ပြီး ဖော်ပြသည်။ ဤအရာနှင့်ပတ်သက်၍ ပေါလုက "သူသည် သင်တို့အပေါင်းကိုလွမ်းဆွတ်" (ဖိလိပ္ပိ ၂း၂၆) သည်ဟု ဖော်ပြထား၏။ တစ်နည်းအားဖြင့် ပေါလုက "သူသည် သင်တို့ကို သတိယနေသည်" ဟု ဆိုလိုသည်။ ခရစ်ယာန်ခေါင်းဆောင်တစ်ဦးအနေဖြင့် ဧပဖြောဒိတ်သည် ၎င်းဝန်ဆောင်ပေးသူများကို နက်ရှိုင်းစွာချစ်ခင်ဂရုစိုက်ကြောင်း ဖော်ပြသည်။ ဧပဖြောဒိတ်သည် "ခရစ်တော်၏ အမှုကြောင့် သေခြင်းသို့ ရောက်လုနီးပြီ" ဟူသော အလွန်သန္နိဋ္ဌာန်ချထားသော ခရစ်ယာန် ခေါင်းဆောင် ဖြစ်သည် (ဖိလိပ္ပိ ၂း၃၀)။ ဤလူများသည် ခရစ်တော်၏ အမှုတော်အတွက် အရာခပ်သိမ်းကို ပေးဆပ်ခဲ့ကြသည်။ ဘုရားသခင်သည်လည်း ကျွန်ုပ်တို့သူ့အား အကောင်းဆုံးကိုပေးရန် မျှော်လင့်ထားသည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

အောက်ပါအကြောင်းအရာများကို ဆင်ခြင်ပါ။ ထို့နောက် သင်၏အတန်းသားများအား ဤအပိုင်း၏အဆုံးရှိ မေးခွန်းများကို ဖြေဆိုရန် ပြောပါ။

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဖြင့် ရရှိသော ကယ်တင်ခြင်းအတွက် ဘုရားသခင်အပေါ်တွင် လုံးလုံးလျားလျား မှီခိုနေရသည်။ ပေါလုက "ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း" ဟူ၍ ပိုမိုရှင်းလင်းအောင် မပြောနိုင်ပါ (ဧဖက် ၂း၈)။ ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့သည် ဤဘဝမှ နောင်ဘဝသို့ ခရီးလျှောက်သွားကြသည်။ ဟေဗြဲကျမ်းသည် "ယုံကြည်ခြင်းအားဖြင့်" ဟူသော စကားစုကို တသမတ်တည်း ထပ်လောင်းဖော်ပြခြင်းဖြင့် ဤအချက်ကို အလွန်ရှင်းလင်းစေသည် (ဟေဗြဲ ၁၁ ကိုကြည့်ပါ)။ ယုံကြည်ခြင်းအားဖြင့် အာဗြဟံသည် "ဂတိတော်နှင့်စပ်ဆိုင်သော ပြည်၌ ယုံကြည်ခြင်းဖြင့် ဧည့်သည်ဖြစ်၍နေ၏။...ခိုင်ခံ့မြဲမြံသောမြို့ကိုမျှော်လင့် သတည်" (ဟေဗြဲ ၁၁း၉၊ ၁၀)။

ကယ်တင်ခြင်း၏ အတွေ့အကြုံသည် ကျွန်ုပ်တို့ကို ကောင်းမွန်သော အကျင့်များဆီသို့ မလွဲမရှောင်သာပို့ဆောင်ပေးသည်။ ကောင်းမွန်သော အကျင့်များသည် အခြားသူများကို အကျိုးပြုရန် ရည်ရွယ်ထားသောကြောင့် (ဂလာတိ ၆း၉၊ ၁၀)၊ ၎င်းတို့သည် အပြစ်သား များ အတွက် သဘာဝကျသည်မဟုတ် (ယေရမိ ၁၃း၂၃)။ ထို့ကြောင့် ၎င်းတို့ကို လုပ်ဆောင်နိုင်ရန် ဘုရားသခင်က ကျွန်ုပ်တို့ကို စွမ်းအားပေးသည် (ဖိလိပ္ပိ ၂း၁၃)။

ယေရှုက တပည့်များအား "သူတပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊ သူတပါးရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့" ဟု မိန့်တော်မူခဲ့သည် (မဿဲ ၅း၁၆)။ ဤ အမိန့်သည် အလင်းထွန်းလင်းစေခြင်းနှင့် ကောင်းမွန်သော အကျင့်များ လုပ်ဆောင်ခြင်း၏ နီးကပ်သော ဆက်နွယ်မှုကို အလေးပေးသည်။ ကောင်းမွန်သော အကျင့်များကို လုပ်ဆောင်ခြင်းဖြင့် ယုံကြည်သူများသည် ဤမှောင်မိုက်သော လောကတွင် ၎င်းတို့၏ အလင်းကို ထွန်းလင်းစေသည်။ မှောင်မိုက်သည် အပြစ်၏ သင်္ကေတဖြစ်ခြင်း (ဥပမာ၊ ယောဟန် ၃း၁၉၊ ၂၀။ လုကာ ၂၂း၅၃ ကိုကြည့်ပါ) နှင့် ၎င်း၏သက်ရောက်မှုများ (ဥပမာ၊ ဆာလံ ၈၂း၅။ ဧဖက် ၄း၁၈ ကိုကြည့်ပါ)။ ခရစ်ယာန်များသည် "ရစ်တော်၏ ဘုန်းအသရေနှင့် ပြည့်စုံသော ဧဝံဂေလိတရား၏ အရောင်သည်အလင်း" (၂ကောရိန်သု ၄း၄) ဖြင့် ဤလောကကို ထွန်းလင်းစေရန် ခေါ်ဝေါ်ခြင်းခံရပြီး၊ "ဤလောကကို အစိုးရသော ဘုရားသည် သူတို့၏ဉာဏ်မျက်စိကို ကွယ်စေ" သူများအပေါ် ထွန်းလင်းစေရန်ဖြစ်သည် (၂ကော ၄း၄)။

**မေးခွန်းများ –**

**၁။ ကောင်းမွန်သော အကျင့်များနှင့် ကယ်တင်ခြင်း၏ အတွေ့အကြုံသည် မည်သို့ဆက်နွယ်နေသနည်း။**

---

---

**၂။ ဤမှောင်မိုက်သော လောကတွင် သင်တို့၏ အလင်းကို ထွန်းလင်းစေနိုင်သော နည်းလမ်းများကား အဘယ်နည်း။**

---

---

## သင်ခန်းစာ - ၆

*ဇန်နဝါရီ ၃၁ — ဖေဖဝါရီ ၆

# ခရစ်တော် ၌သာ စိတ်ချယုံကြည်ခြင်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဖိ ၃း၁ - ၁၆။ ရောမ ၂း၂၅ - ၂၉။ ယော ၉း၁ - ၃၉။ ဧ ၁း၄၊ ၁၀။ ၁ကော ၉း၂၄ - ၂၇။

**အလွတ်ကျမ်းချက်။** **"ငါသည် ခရစ်တော်ကို သိကျွမ်းခြင်းငှါလည်း၊ ကိုယ်တော်၏ သေခြင်းမှ ပြန်ရှင်ခြင်း တန်ခိုးကိုလည်း၊ ကိုယ်တော်၏ ဒုက္ခဝေဒနာ ခံတော်မူခြင်း၌ ဆက်ဆံမျှဝေခံခြင်းကိုလည်း၊ ကိုယ်တော် အသေခံ သကဲ့သို့ ကိုယ်တော်နည်းတူ ငါလည်း အသေခံပြီး၊ သေခြင်းမှ ပြန်ရှင်ခြင်းကို ငါရလိုသည်။"** (ဖိလိပ္ပိ ၃း၁၀၊ ၁၁)

ပညတ်တော်၏ကျင့်စဉ်တို့ မပါဝင်ဘဲ၊ ယုံကြည်ခြင်းသီးသန့်ဖြင့် ကယ်တင်ခံရခြင်းနှင့် ပတ်သက်၍ သံသယဖြစ်ဘွယ်ရာများ ကျန်ရှိနေသေးသည်။ ကယ်တင်ခြင်းတွင် ဖြည့်စွက်ပေးနိုင်ခဲ့သော်ဟုဆိုကာ မိမိတို့ လုပ်ဆောင်ခြင်းကို မှီခိုအားကိုးလာသည်။ ကယ်တင်ခြင်းသည် အရေဖြားလှီးခြင်း လိုအပ်နေသေးသည်ဟု စွဲမြဲယုံကြည်သူတို့နှင့် တော်ရုံတန်ရုံနည်းလမ်းဖြင့် ပေါလုသည် ပြင်းထန်စွာ စကားစစ်ထိုးလေတော့သည်။

မိမိတို့လုပ်ဆောင်ရန် လိုအပ်နေသေးသည်ဆိုခြင်းမှ ကာကွယ်နိုင်ရန်၊ အရေဖြားလှီးခြင်း စသည်တို့ သည် ကယ်တင်ခြင်းစွမ်းဆောင်နိုင်သည် ဆိုသူတို့အား၊ ရှင်ပေါလုသည် ဖြောင့်မတ်ခြင်းသည် ခရစ်တော်ထံပါးမှ ပညတ်တော်အားဖြင့်မဟုတ်၊ ယုံကြည်ခြင်းအားဖြင့်ရရှိသောဆုလာဘ်သာဖြစ်ကြောင်း ရှင်းလင်းစွာတင်ပြသွားသည်။ ယနေ့တိုင်အောင် အရေဖြားလှီးခြင်းသည် ကိစ္စတစ်ခုမဟုတ်တော့သည်တိုင် ၎င်း၏ ဥပဒေသ သည် ဖိဝေနေသေးသည်မှာသေချာ၏။

ပရိတက်စတင့်ဝါဒဖြင့် ပြုပြင်ပြောင်းလဲခြင်းသည်လည်း ဤကိစ္စဖြင့်ပင် စတင်ရရာ၊ ယုံကြည်ခြင်း၏ ဇာတ်ကောင်နှင့် ခရစ်တော်၏နောက်လိုက်သူတစ်ဦး အတွေ့အကြုံတွင် ခရစ်တော်သည် အရာခပ်သိမ်းဖြစ်ကြောင်း "ယုံကြည်ခြင်းကို အစအဦး စီရင်၍ စုံလင်စေတော်မူသော" (ဟေ ၁၂း၂) ဟုဆို၏။ ကျွန်ုပ်တို့ဦးစား ပေးအရာသည် နေရာမှန်ကန်ပါက၊ ဘုရား၏မေတ္တာတော်ကတိတော်၌ မွေ့လျော်လျက်၊ ယခုပင် ကယ်တင်ခြင်းတွင် "ဇာတိ၌မကိုးစားဘဲ" (ဖိ ၃း၃) နေရပါမည်။

*ဖေဖဝါရီ ၇ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

# သခင်ဘုရား၌ဝမ်းမြောက်ခြင်း

**ဖတ်ပါ – ဖိလိပ္ပိ ၃း၁ – ၃။ မည်သည့် အပြုအောင်နှင့် အပျက်အောင်သံကို ပေါလုမှ ပြု၍ မည်သို့ဆက်စပ်နေသနည်း။ ယုံကြည်သူတို့ကို မည်သို့တင်စားထားသနည်း။**

ရှင်ပေါလုသည် အလွန်အပြုဆောင်သောမှတ်ချက်ဖြင့် စတင်၍ သူ့စာကိုယ်ကိုပင် ထုပ်ပိုးထားသည့် နယ်ရှိ၏။ သို့သော် ဆုံးခန်းမတိုင်စေခဲ့ပါ။ ဤသြဝါဒ၏ ဥပဒေသ တစ်ခုဖြစ်သော သခင်ဘုရား၌ ဝမ်းမြောက်ခြင်းသို့ ပြန်လှည့်လာသည်။ ၎င်းအတွက် အကြောင်းရင်းများစွာပင် ပေးလေသည်။ အရေးအပါဆုံးသည် ခရစ်တော်၌ သာ ယုံကြည်၍၊ မိမိကိုကိုအားမကိုးရပါ။ "ငါတို့သည် ခရစ်တော်၌သာဝမ်းမြောက်ခြင်းရှိ၍၊ ဇာတိ၌မ ကိုးစားရပါ" (ဖိ ၃း၃)၊ ကျွန်ုပ်တို့တွင် ထိုလမ်းကြောင်းတစ်ခုခု လိုက်၍၊ သာ၍ ခက်ခဲသော ဇာတိ၌ မကိုးစား ခြင်းကိုမည်သူသင်ယူမည်နည်း။

ခိုင်မာသောသတိပေးခြင်း "ရှောင်ကြလော့" (သုံးကြိမ်) သည် အခြားကျမ်းစာ အုပ်တွင် မတွေ့ရပါ။ ယခု ပေါလုဖော်ပြပေးသော အန္တရယ်ကိုဖိလိပ္ပိလူတို့မှ ကောင်းစွာ နားလည်ထားပေသည်။ ကွဲပြားသော ပြဿနာ သုံးခု ထက် သတိပေးစကားတို့သည် မှားယွင်းသောဆရာများတစ်ဖွဲ့အား သုံးမျိုးခွဲဖော်ပြထားသည်။

ကောက်ကျစ်စဉ်းလဲသောဘာသာတရားမဲ့သူများကို "ခွေး" ဖြင့် ရည်ညွှန်းကိုး ကားထားသည် (ဖိ ၃း၂။ ဆာ ၅၆း၁၀။ မ ၇း၆။ ၂ပေ ၂း၂၁၊ ၂၂)။ မမှန်သော ဆရာများ သည်လည်း မိမိတို့နှင့် လိုက်ဖက်စွာ မကောင်းသောအကျင့်ကို ကျင့်သူ (ဖိ ၃း၂) (သို့) "ကိုယ်အင်္ဂါဖျက်ဆီးသောသူ" စသဖြင့်ဆိုရာတွင်၊ ဂလာတိ နှင့် အနီးဝန်းကျင် လူတို့ သည် တမန်တော်ကောင်စီ၏ အုပ်ချုပ်ရေးနှင့်ဆန့်ကျင်၍ သာသာနာပမှ ယုံကြည်လာ သူတို့အား သားမြှတ်လှီးခြင်းကို အတင်းအကြပ်ပြုစေ၏ (တ ၁၅)။ ဝိညာဉ်ရေး စိန်ခေါ် မှု၊ မိစ္ဆာတရားတို့အား ဖြေရှင်းနိုင်မည့် ပဟေဠိအဖြေတစ်ခုသည် "ကိုယ်တော်၌ ဝမ်းမြောက်ခြင်း" ပင် ဖြစ်လေ၏ (ဖိ ၃း၁။ ၄း၄)။

အရာခပ်သိမ်း၌ ဝမ်းမြောက်ခြင်းသည် ပျော်ရွှင်ခြင်းဖြစ်စေနိုင်သည်။ ဝမ်းမြောက် ပျော်ရွှင်ရန် ဘုရားအလိုရှိတော်မူ၍၊ သူ၏နှုတ်ကပတ်တရားတော်သည်လည်း ထာဝ စဉ် ဝမ်းမြောက်ခြင်းအတိ ဖြစ်လေ သည်။ ဤသည်တို့တွင် ကရုဏာတော်ရရှိခြင်း (ဆာ ၃၁း၇)၊ သူ့ကိုသာကိုးစားခြင်း (ဆာ ၅း၁၁)၊ ကယ်တင် တော်မူခြင်းကျေးဇူးအား ရရှိခြင်း (ဆာ ၉း၁၄)၊ ထာဝရဘုရား၏ ပညတ်တရားတော်သည် မိမိအသက်တာ လမ်း စဉ်ဖြစ်စေခြင်း (ဆာ ၁၉း၁၄)၊ ဥပုသ်နေ့အပါအဝင် (ဟေရှာ ၅၈း၁၃၊ ၁၄)၊ နှုတ်ကပတ် တော်အား ယုံကြည်ခြင်း (ဆာ ၁၁၉း၁၆၂)၊ ဖြောင့်မတ်သော သားသမီးများ ပျိုးထောင် ခြင်း (သု ၂၃း၂၄၊ ၂၅)။

**အသက်တာတွင် ကောင်းသောအရာများရှိလျက်၊ ခက်ခဲသောအရာများလည်း ရှိလိမ့်မည်။ ကောင်းမလာနိုင်သည့်တိုင် သင်သည်မည်သည်ကြောင့် ဝမ်းမြောက်ရမည်နည်း။ မည်သည်သည် သင့်အားဟန့်တားနေသနည်း။**

## ပေါလု၏ "အတိတ်ဘဝ"

ဖိလိပ္ပိ ၃ တွင် ရှင်ပေါလုကဲ့သို့ပင် ခရစ်ယာန်တို့သည် မိမိတို့ ယေရှုအားလက်ခံပြောင်းလဲပြီးနှင့် မပြောင်းလဲမီ အတွေ့အကြုံတို့သည် အလားတူခြင်းရှိကြပါသည်။ သို့ပါလျက်၊ မှန်သည်များသည် မဆိုဘိနှင့်၊ ကျွန်ုပ်တို့သည် ခရစ်ယာန် မဟုတ်သောသူတို့ကိုပင် "လူကောင်း" ဟု ခေါ်ဆိုတတ်ရာ၊ လောကစံနှုန်းအနေနှင့်တော့ ဟုတ်မှန်ပါသည်။ သိသိသာသာကွဲပြားသည်မှာ ထာဝရဘုရား၏ စံနှုန်းအရ၊ ခရစ်ယာန်ဟုတ်၊ မဟုတ် လူကောင်းမရှိပါ။

**ဖိလိပ္ပိ ၃း၄ – ၆ တွင် ပေါလုသည် တစ်ချိန်တစ်ခါက သူကြွားဝါခဲ့ရသောအရာများစွာကိုဖော်ပြသည်။ မည်သည်တို့နည်း။ သင့်အတိတ်၊ ပစ္စုပ္ပန်ဘဝတွင် "ကောင်း" သောအရာများကိုမည်သို့ဖော်ပြမည်နည်း။**

ပေါလုသည် ယုံကြည်သူ ဂျူးလူတို့နှင့် မိစ္ဆာတရားအပါ အရေဖြားမလှီးဘဲ ယုံကြည်ကာ ယေရှုနှင့် သူ၏ကယ်တင်ခြင်းတရားကိုကိုးစား၍၊ အရေဖြားလှီးခြင်းတည်းဟူသော မိမိတို့၏လုပ်ဆောင်ခြင်း ကုသိုလ် တို့ကို အလျင်း မကိုးစားသူများအား နှိုင်းယှဉ်ပြထား၏ (ဟေဗြဲ ၆း၁။ ၉း၁၄။ ရောမ ၂း၂၅ – ၂၉)။ ရှင်ပေါလု၏ အတိတ်ဘဝနှင့် အထက်တန်းလွှာမှ ဆင်းသက်လာခြင်းနောက်ခံသမိုင်းသည် သူ့မိတ်ဆွေ ဂျူး တို့မှ အထင်ကြီးစေလောက်သော်လည်း၊ ၎င်းတို့သည် ကယ်တင်ခြင်းမမျှဝေနိုင်ပါ။ အမှန်မှာ၊ ၎င်းတို့ကပင် သူ့မျက်စိကန်း စေကာ ခရစ်တော်လိုအပ်သည်ကိုပင် မမြင်စေ ခဲ့ပါ။

ရှင်ပေါလုသည် အရေပြားလှီးသည်သာမက၊ "ရှစ်ရက်မြောက်သမား" ဖြစ်ရာ၊ အနက်ကား ဇာတိအားဖြင့် ဣသရေလလူသားဖြစ်၍ ပင်္ဂိုဇာဥ်လူသားအဖြစ် ရှစ်ရက်မြောက်နေ့တွင် အရေဖြားလှီးခြင်းမင်္ဂလာ ခံယူခဲ့သူဖြစ်၏။ သည်တင်မက၊ ဣသရေလတွင်အရေးအကြီးဆုံးမျိုးနွယ်စုအချို့ကိုပင် ပိုင်ဆိုင်သော ဗယ်မိန်နွယ်ဖွားပင်ဖြစ်သည်။ ပေါလုသည် ဟေဗြဲဘာသာတတ်မြောက်ရုံမက၊ ဆရာကြီးဂါမလေျလ၏တပည့် (တ ၂၂း၃။ ၂၆း၄၊၅) နှင့်၊ ဖာရိရှဲအဖွဲ့ဝင်ပင်ဖြစ်၍ ပညတ်တော်အားမိရိုးဖလာ အဖြစ် စေ့စေ့ငှငှ သိကျွမ်းသူ၊ အသုံးပြုသူဖြစ် သည်။

ရှင်ပေါလုသည် ပညတ်တော်၌ အလွန်စိတ်အားထက်သန်သဖြင့်၊ ပညတ်တရားမှ လမ်းညွှန်ထားသော ဂျူးလူနေမှုအစဉ်အလာအား ခြိမ်းခြောက်နေသော အသင်းတော်ကို စတင်ရန်ပြုနေတော့၏။ လူသားတို့အား အခြေပြုသော "ဖြောင့်မတ်ခြင်း" သည် သာမန် "အပြစ်ကင်းစင်" နေသော်လည်း၊ ပညတ်တော်သည် သာ၍ နက်နဲထွေပြားသော လူသားကြံဆမှုအလွန်တွင်၊ ခရစ်တော်သည် ပညတ်တော်၏ ပြစ်တင် ရှုံ့ချ နေခြင်း ၏အရှေ့တွင်ရပ်တည်ပေးသည်ကိုပေါလုမှ သိရှိလာသည်။

**ရောမ ၅း၅ – ၁၂နှင့် မ ၅း ၂၁၊ ၂၂၊ ၂၇၊ ၂၈ တို့ကို ယှဉ်ဖတ်ပါ။ ဖြောင့်မတ်ခြင်း၏တစ်ခုတည်းသော ဇစ်မြစ်ဖြစ်သည့် ပညတ်တော်အစား "ယေရှု၌ယုံကြည်ခြင်း" သည် မည်သို့ ဖြစ်သည်ကို ယေရှုကိုယ်တော်တိုင် နှင့် ရှင်ပေါလုသည် မည်သို့ ညွှန်ပြထားကြသနည်း (ဖိ ၃း၉)၊ ပညတ်တော်စောင့်ရှောက်ရာတွင် ယေရှု မှာကြားတော်မူသည်အတိုင်းစောင့်ရှောက်ပါရဲ့လား။**

## အရေးကြီးသောအရာများ

ယမန်နေ့၏ သင်ခန်းစာသည် ရှင်ပေါလုမှ အရေးပေးကြွေးဝါခဲ့ရသော အရာတို့သည် လက်တွေ့၌ ခရစ်တော်အား လိုအပ်နေခြင်းကို မျက်စိဖုံးပေးကာ ယုံကြည်နိုင်ခြင်းကို တားဆီးထားခြင်းသာဖြစ်သည်ကို ဖော်ပြသွားသည်။ ပေါလုသည် ကုန်သွယ်စကားအမြတ်နှင့်အရှုံးကိုပင်အသုံးပြု၍ သူ၏ယခင်ယုံကြည်ခြင်း ၌ဝိညာဉ်ရေး စာရင်းကို ဖော်ပြသွားသည်။ ကျွန်ုပ်တို့သည် ဤသည်တို့အား စိတ်ဝင်စားခြင်းမရှိသည်တိုင်၊ လူ တစ်ဦးစီသည် မိမိ၏ "ဝိညာဉ်ရေးစာရင်း" ရှိကြသည်။ ယခင်က ပေါလု၏ စာရင်းသည်ယေရှုမှသွန်သင်ထား သော ကျမ်းစာအားဖြင့် မဟုတ်ဘဲ၊ ထိုခေတ် ဂျူးတို့၏ တန်ဖိုးထားမှုအားဖြင့်သာ တိုင်းတာခဲ့လေသည်။

သူပြောင်းလဲပြီးနောက်တွင် သူ၏ "ဝိညာဉ်ရေးစာရင်း" တန်ဖိုးထားသော အရာသည် သိသိသာသာ ပြောင်းလဲသွား၍ "ဂျူးဘာသာငွေကြေး" မှသည် "ကောင်းကင်ငွေကြေး" သို့ပြောင်းလဲသွား၏။

"ကောင်းကင်မှ ဆင်းသက်လာသူသည်ကောင်းကင်ရေးရာပြောဆို၍၊ သူ၏ရုပ်ပုံကိုပင် ရိုက်နှိပ်ထားသော ကောင်းကင်၏ ငွေကြေးအကြောင်းအား ဟုတ်မှန်စွာပြောဆို၏။ အောက်တန်းကျဆင်းရဲနွမ်းပါးသော သူတို့အား ချီးမြှောက်ကာ မိမိ၏ ရာဇပလ္လင်အနားတွင်ပင် နေရာချပေးရမည့်အလုပ်သည် အန္တရယ်များသည်ကို သူသိ၏။ ထိုအန္တရယ်များသောအလဟဿလူတို့အား သူတို့အပေါ် အရေးတကြီးကျရောက်လာသော အန္တရယ်ကိုပင် သဒ္ဒါကြည်လင်စွာဖော်ပြပေး၏။ အနတ္တသက်သက်ဖြစ်သော အရာများအားဖြင့် မိမိတို့၏ အချိန်၊ စွမ်းရည်၊ အခွင့်လမ်းများအား မဖြုန်းတီးစေရန် သူတို့၏ စိတ်နလုံးကို လောကအရာများမှ ကောင်းကင်အရာများသို့ ပို့ဆောင်ပေးလို၏" —E. G. White, in *The Advent Review and Sabbath Herald*, July 1, 1890.

ပထမရာစုက ဂျူးဘာသာလောကတွင် ပေါလုသည် လျင်မြန်စွာ ကြယ်တစ်ပွင့်ပင်ဖြစ်လာရာ၊ ထိုမှ ဒမာသက်သို့ လမ်းခရီး၌ ယေရှု၏ဘုန်းထင်ရှားခြင်းဖြင့် မျက်ကန်းခြင်းသို့ပင် ရောက်ရှိသွားခဲ့၍ (တ ၉)၊ သူ၏ ဝိညာဉ်ရေးအမြင် ပွင့်လာကာ၊ ပွင့်လင်းစွာပင်မြင်ရတော့သည်။

**ယောဟန် ၉ သည်လည်း မျက်စိကန်းခဲ့၍ ယေရှုအားရှင်းလင်းစွာ မြင်ခဲ့ရသူတစ်ဦး ရှိခဲ့သည်။ ယေရှုသည် "မျက်စိမမြင်သောသူသည် မြင်စေခြင်းငှါ၎င်း၊ မြင်သောသူသည် မျက်စိကန်းခြင်းငှါ၎င်း"** (ယော ၉း၃၉) **ဤလောကသို့ငါလာသည်ဆို၏။ ဤဥပဒေသသည် သင့်ဘဝအပေါ်မည်သို့သက်ရောက်သနည်း။**

ကောင်းကင်နှင့် မြေကြီးသစ်တို့၏ ထာဝရအသက်ထက် သာ၍မြတ်သည့်အရာမည်သည်နည်း။ လောကမှ တန်ဖိုးထားသောအရာတို့သည် မျက်စိကိုပင် ကန်းစေ၏။ ဤလောက၏ တန်ဖိုးထားသော အရာ များ၏ ရှိရင်းစွဲပြိုင်ဘက်သည် (မ ၁၃း၂၂။ လု ၄း၅၊ ၆။ ၁ယော ၂း၁၆) ကောင်းကင်မှ တန်ဖိုးထားသော အရာများ၊ ခရစ်တော်တူခြင်းနှင့် ဝိညာဉ်များအား ကယ်တင်ခြင်းတို့ ဖြစ်သည်။

**ဝိညာဉ်ရေးသမ္မာတရားနှင့် အရေးကြီးသောအရာများကို မမြင်စေရန် လောကမှ မျက်စိကန်း စေတတ်၏။ အမှန်တကယ်အရေးပါသောအရာများသို့မိမိတို့၏မျက်စိမှဖဟိုပြုစေနိုင်သောသော့ချက်သည်မည်သည်နည်း။**

## ခရစ်တော်၏ယုံကြည်ခြင်း

ရှင်ပေါလု၏လိုရင်းကိုတော့ လွဲ၍မဖြစ်ပါ။ ဒမာသက်လမ်းခရီး၌ သူ၏ အံ့ဖွယ်လုံ လုပ်သော အတွေ့အကြုံသည်၊ ပညတ်တော်အခြေခံသော အသက်တာ၌ ခရစ်တော် ကိန်းစေတော်မူခြင်းဖြစ်၍ "ခရစ်တော်ကို အမြတ်ရပြီး ထိုသခင်၌ တည်ပါမည် အကြောင်း" (ဖိ ၃း၈၊ ၉) ဟု ဆို၏။

**ထိုသခင်၌ တည်ခြင်းသည် အရေးပါလှသည်။ ဧဖက် ၁း၄။ ၂ကော ၅း၂၁။ ဂလ ၂း၂၀ တို့ကို ဖတ်ပါ။ ကျမ်းချက်များအရပေါလုသည် မည်သည့်အတွေးအခေါ်ရှိသည်ဟု သင်ထင်သနည်း။။**

ပေါလု၏စကား "ခရစ်တော်၌ တည်ခြင်း" ကို ကျယ်ပြန့်စွာ ဆွေးနွေးကြပါသည်။ ထုချေလွှာသည်လည်း ပေါလုကပင် ပေးထားပြီးဖြစ်သည်။ "ထိုနက်နဲသော အရာဟူမူကား ကာလအချိန် စေ့စုံခြင်း၏ သာသနာတွင် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိရှိသမျှတို့ကိုပေါင်း၍ ခရစ်တော်၌ချုပ်ချာစေလိမ့်သတည်း" (ဧ ၁း၁၀)။ အစအဦးတည်းက ထာဝရဘုရားကြံရွယ်ခဲ့ပြီးဖြစ်သည်။ ၎င်းဖြစ်စဉ်ကိုပင် ပေါလုမှ ရှင်းပြထားပြန်၏။ "ဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌တည်နေကြ၏။ ထိုသခင်သည် ဘုရားသခင် စီရင်တော်မူသည့် အတိုင်း ငါတို့၌ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနုတ်ခြင်းဖြစ်တော်မူ၏" (၁ကော ၁း၃၀)။

"ခရစ်တော်၌တည်ခြင်း" ဖြင့် ကယ်တင်ခြင်း၏ ငုံမိခြုံမိသော အရာခပ်သိမ်းတို့ကို သိကျွမ်းရသည်။ ဝိညာဉ်ရေးအသိဉာဏ်အာရုံကျင်းခြင်း (ပညာ)၊ ယုံကြည်ခြင်းဖြင့် မျှတခြင်း၊ (ဖြောင့်မတ်ခြင်း) ကောင်းကင် အတွက်ပြင်ဆင်ခြင်း (သန့်ရှင်းခြင်း) နှင့် နောက်ဆုံးတွင် ဒုတိကြိမ်ကြွလာချိန်တွင် ဘုန်းတော်ဝင်စားခြင်း (ရွေးနုတ်ခြင်း) တို့ ဖြစ်၏။ ကယ်တင်ခြင်းဟူသည် ကျွန်ုပ်တို့အတွက် အစဦးမှ အဆုံးတိုင်ထိ ခရစ်တော်၏ လုပ်ငန်းစဉ်ဖြစ်သည်။ သို့ဖြစ်၍ "ခရစ်တော်၌တည်ခြင်း" ဖြင့် မိမိတို့ လိုအပ်သည် များကို ပိုင်ဆိုင်နိုင်၏။

**ဖတ်ပါ – ဖိလိပ္ပိ ၃း၉။ ပေါလုသည် မည်သည့်အရာနှစ်ခု ယှဉ်ပြသဖြင့်၊ အမြဲနှလုံးသွင်းရန် အဘယ်ကြောင့် အရေးကြီးသနည်း။။**

ရှင်ပေါလုသည် မိမိမူပိုင်ဖြောင့်မတ်ခြင်းသည် စစ်မှန်သောဖြောင့်မတ်ခြင်းမဟုတ်မှန်း၊ ပညတ်တရားသည် အသက်မပေးနိုင်မှန်း၊ ယုံကြည်ခြင်းဖြင့် ခရစ်တော် ကြောင့်သာဖြစ်ကြောင်းသတိပြုမိလာသည် (ဂလ ၃း၂၁၊ ၂၂)။ ယုံကြည်ခြင်း တစ်ခုခုသာ မဟုတ်ပါ။ နတ်ဆိုးတို့ပင်လျှင် ယုံကြည်၍ ကြောက်ရွံ့တုန်လှုပ်ကြ ၏ (ယာကု ၂း၁၉)။ ကယ်တင်သောယုံကြည်ခြင်းသည် "ခရစ်တော်၏ ယုံကြည်ခြင်း" (ဗျာ ၁၄း၁၂) ဖြစ်သည်။ သူ၏ယုံကြည်ခြင်းသည်သာ စုံလင်စွာနာခံနိုင်ခဲ့ပြီး၏။ (ဂရိဘာသာ၌ ယုံကြည်ခြင်းသည် pistis ဖြစ်၍ သစ္စာစောင့်သိခြင်းအနက်ရှိ၏)။ မိမိတို့သည် "ခရစ်တော်၌တည်" ပါက သူသည် မိမိတို့၌တည်၍ (ဂလ ၂း၂၀) သူ၏ယုံကြည်ခြင်း၌ တည်သော မိမိတို့၏ယုံကြည်ခြင်းဖြင့် အသက်ရှင်ရလိမ့်မည်။

## တစ်ခုတည်းသော – ယေရှုအားသိကျွမ်းခြင်း

**ဖတ်ပါ – ဖိလိပ္ပိ ၃း၁ဝ – ၁၆။ ဤကျမ်းချက်တွင် ပေါလုသည် မည်သည်တို့ကို အရေးထားသနည်း။**

ဧကန်မှာခရစ်တော်အားသိကျွမ်းခြင်းထက် အရေးပါသောအရာမရှိပါ။ ခရစ်တော်သည် ကျွန်ုပ်တို့ကို သိကျွမ်း၍ အဆုံးတွင် ခမည်းတော်ရှေ့မှောက်၌ ကျွန်ုပ်တို့အား အာမခံချက်ပေးသည် (မ ၇း၂၁ – ၂၃။ မ ၁ဝး၃၂ – ၃၃)။ သူ့အားမည်သို့ သိကျွမ်း သနည်း။ သူ၏နှုတ်ကပတ်တရားတော်များ ဖတ်ရှု၍ ထိုသို့ ရှင်သန်ခြင်းဖြစ်၏။ တပည့်တော်များနည်းတူ မျက်နှာခြင်းဆိုင်မဆုံတွေ့ရပါ။ ထိုသို့သိကျွမ်းနေသည် ပင်လျှင် ခရစ်တော်၏ နှုတ်ကပတ်တော်တို့ကို မအောက်မေ့ဘဲ၊ သန့်ရှင်းဝိညာဉ်၏ လမ်းပြခြင်းအား အရေးထားရန်ပင် မေ့လျော့နေကြသည် (ယော ၁၆း၁၃)။ "သူ၏ပြန်ရှင်ခြင်း တန်ခိုး" (ဖိ ၃း၁ဝ) ကိုကြုံတွေ့ရပြီးနောက် "အသစ်သောအသက်တာ၌" (ရောမ ၆း၄) ကျင်လည်စေသောအခါ၊ သူ့အားသိကျွမ်းလေလေ၊ သူ့အနားသို့ကပ်လေလေရပါမည်။

ယေရှုနှင့်သာ၍နီးစေနိုင်သော ဒုတိယနည်းလမ်းသည် "ကိုယ်တော်၏ ဒုက္ခ ဝေဒနာ ခံတော်မူခြင်း၌ ဆက်ဆံမျှဝေခံခြင်း" (ဖိ ၃း၁ဝ) ဖြစ်သည်။ ရင်ဆိုင်ရသမျှစုံစမ်းခြင်း၊ ကြုံတွေ့ရသောနာကြင်မှုတို့သည် မိမိတို့အတွက် ယေရှုသွားခဲ့သမျှကိုသိကျွမ်းခြင်း လက်ခံခြင်းပြုစေ၍ သူနှင့် သူ့အလိုတော်အား သိနားလည်စေပါသည်။

သာ၍နီးစေနိုင်သော တတိယနည်းလမ်းသည် "ပန်းတိုင်သို့" အားသွန်ခွန်စိုက် ပြေးခြင်း (ဖိ ၃း၁၄) ဖြစ်၏။ ထိုပန်းတိုင်သည် အဘယ်နည်း။ ဓမ္မသစ်ကျမ်းတွင် တစ်ကြိမ်သာပါလာသော (*skopos*) ဖြစ်သည်။ ၎င်းသည် အပြေးသမားများ၏ တာဆုံးမျဉ်းဖြစ်၍ အောင်နိုင်သူသည် ဆုလာဘ်ဆွတ်ခူးရသည်။ ရှင်ပေါလုသည် "အထက်မှ ဘုရားသခင်ခေါ်တော်မူခြင်းနှင့်ဆိုင်သောဆု" (ဖိ ၃း၁၄) ဟု သမုတ်ထားသည်။ ခရစ်တော်သည် သူ၏သေခြင်းနှင့် ပြန်ရှင်ခြင်းအားဖြင့် ကောင်းကင်သို့ တက်ကြွသွားသည်နည်းတူ၊ ဘုရားသခင်သည် အလားတူသော ကောင်းကင်ဆုလာဘ် – ထာဝရ အသက် အားဆွတ်ခူးရန် ခေါ်တော်မူ၏။

ထိုသို့ကျွန်ုပ်တို့မအောင်မြင်သေးပါ။ ကျွန်ုပ်၏ "ယုတ်ညံ့သော" ခန္ဓာကိုယ်သည် "ပုံသဏ္ဍာန်ပြောင်းလဲ၍" ဘုန်းအသရေနှင့် ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူ အသစ်ပြင်ဆင်တော်မူခြင်း" (ဖိ ၃း၂၁) မတိုင်မီ၊ မိမိတို့သည် အဆုံးစွန်ပြည့်စုံလင် မည်မဟုတ်။ သူ့အားသိရှိခြင်း၊ မိမိအသက်တာတွင် နေ့စဉ်သူ့ကိုခေါ် ဖိတ်ခြင်းတို့ဖြင့် ယေရှု၏ လမ်းစဉ်အတိုင်း ပန်းတိုင်သို့ ပြေးရပါမည်။ ဤသည်မှာ ပေါလုမှ ဗဟိုပြုသော အရာတစ်ခုပင် ဖြစ်သည်။ အပြေးပြိုင်ပွဲဝင်ပြေးရာတွင် (၁ကော ၉း၂၄ – ၂၇) မိမိဘယ်နေရာရောက်နေ၍ မည်သူ ကလိုက်လာသည်ကို ဂရုပြုမနေပါ။ မိမိ၏ တစ်ခုတည်းသော အာရုံသည် အရှေ့၌ စောင့်ဆိုင်းနေသော ကောင်း ကင်ဆုလာဘ်ဖြစ်သည်။ ပြင်းထန်သောသရုပ်ပြခြင်း၊ အပြေးသမားတစ်ဦး၏ ပန်းတိုင်သို့ အာရုံပြုခြင်းသည်၊ တာဆုံးမျဉ်းသို့ ရောက်နိုင်ရန် မိမိကြွက်သားများ အားစိုက်စေခြင်းသာဖြစ်သည်။

**သခင်နှင့်တွဲလျက်သွားရာတွင် အထူးသဖြင့် မိမိအပြစ်နှင့်အမှားများအား နောက်လှည့်မကြည့်ဘဲ၊ ခရစ်တော်၌ကတိပြုထားသော အရာများအားဖြင့် ရှေ့သို့ကြည့်နေခြင်းသည် အဘယ်ကြောင့် အရေးကြီး သနည်း။**

**ထပ်မံစဉ်းစားရန်။** "သန့်စွမ်း၍ ခရစ်ယာန်အသက်တာနှင့် အချိုးညီမျှသော စာရိတ္တသည် အကုန်စွန့်လွှတ်၍ ခရစ်တော်အတွက် အကုန်ပြုလုပ်လိမ့်မည်။ ရွေးနုတ်ရှင်သည် နှစ်ခွ ဝန်ဆောင်ခြင်းကို လက်ခံမည်မဟုတ်။ မိမိကိုယ်ကို လုံးဝဆက်ကပ်ခြင်းကို နေ့စဉ် သင်ယူရပါမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်အနက်ကိုလေ့လာ၍ ပညတ် ချက်တို့ကို နားထောင်ရပါမည်။ ခရစ်ယာန်တို့၏ အကောင်းဆုံးစံချိန်ကိုလည်း လက်လှမ်းမီရပါမည်။ ဘုရားသခင်သည် သူနှင့်လုပ်ဆောင်၍ နောက်ဆုံးစုံစမ်းခြင်းတွင် ရပ်တည်နိုင်ရန် စုံလင်စေတော်မူသည်။ ဧဝံဂေလိ တရားသည် ကျဆုံးသော လူသားတို့အတွက် ပြုလုပ်ပေးသော အရာများကို ယုံကြည်သူသည် လူတို့နှင့် ကောင်းကင် တမန်တို့ရှေ့တွင်နေ့စဉ် အံ့ဖွယ်ကောင်း လောက်အောင် လက်တွေ့ ပြုလုပ်နေကြသည်" (အီးဂျီဝိုက်။ တမန်တော်တို့၏လုပ်ဆောင်ချက်များ။ စာ၊ ၄၈၃)၊

"သတို့သားကြွလာခြင်းကို စောင့်နေသူတို့သည်လူတို့အား သခင်ဘုရားအား ကြည့်ရှုလော့ဟု ပြောပြရပါလိမ့်မည်။ နောက်ဆုံးဂရုဏာပြွမ်းသောအလင်း၊ နောက်ဆုံး ဂရုဏာသတင်းကို လောကသို့ ပေးပို့ရခြင်းသည် မေတ္တာတော်၏ ဝိသေသ လက္ခဏာကို ဖော်ပြခြင်းဖြစ်သည်။ ဘုရားသခင်၏အားသမီးတို့သည် သူတို့အတွက် ဘုရားသခင်သည် ဂရုဏာအားဖြင့် ပြုလုပ်ပေးသောအရာကို ဖော်ပြခြင်းဖြင့် ဘုန်းတော်ကို ထင်ရှားစေရပါမည်။ ဖြောင့်မတ်ခြင်း၏နေသည် ကောင်းသော စာရိတ္တ အပေါ်သို့ထွန်းလင်း၏။ (အီးဂျီဝိုက်။ ခရစ်တော်၏သရုပ်ပြသြဝါဒများ။ စာ၊ ၄၁၅၊ ၄၁၆)။

## ဆွေးနွေးရန်မေးခွန်းများ –

**၁** **သခင်ဘုရား၌ ဝမ်းမြောက်လော့ဟူသည်ကို စိတ်သို့မှီးထားပါ။ သင်၏ စုံစမ်းနှောက်ယှက်ခြင်းတွင် ဝမ်းမြောက်ရန် မဟုတ်ဘဲ သခင်ဘုရား၌သာဖြစ်သည်ကို သတိပြုပါ။ မိမိတို့အာရှေ့တွင် သခင်ဘုရား၊ သူ၏ ကောင်းမြတ်ခြင်း၊ တန်ခိုးတော်၊ မေတ္တာတော်နှင့်ကယ်တင်ခြင်းကို တည်စေရန် အဘယ်ကြောင့်အရေးကြီး သနည်း။ ဘဝတွင် မဖြစ်မနေကြုံရမည့်စုံစမ်းခြင်းအတောတွင် မိမိအတွက် အကျိုးရှိသောအရာကို မည်သို့ ပြုလုပ်သနည်း။**

**၂** **အထက်ကအဆိုပြုခြင်းသည် မိမိတို့ခရစ်ယာန်တို့သည် "ကောင်းမြတ်သောအလုပ်" ကို ပြုလုပ်စေခြင်းဖြစ်သည်ကို သတိပြုပါ။ မကြာမီ ကြွလာမည့်ခရစ်တော်အား ရှေ့ရှုရာတွင် ဤလုပ်ဆောင်ခြင်းသည် အဘယ်ကြောင့်အရေးကြီးသနည်း။ မိမိတို့၏ ကောင်းမှုကုသိုလ်အားဖြင့် ကယ်တင်ခြင်းသို့မရောက်နိုင် သည့်တိုင် ၄င်းတို့မရှိဘဲလျက် ကယ်တင်ခြင်းသို့ရောက်နိုင်မည်လော။**

**၃** **ဇာတိပကတိအပေါ် မရပ်တည်နိုင်သည့် ဤအတွေးအခေါ်ကို စိတ်သို့မှီးပါ။ မည်သည့်အနက်ရှိသနည်း။ မည်သည့်ကြောင့် ၄င်း၌ မရပ်တည်ရသနည်း။ မိမိတို့ ဇာတိပကတိသည် ထာဝရဘုရား၏ ဆုလာဘ် မဟုတ်ပေဘူးလား။**

# မမျှော်လင့်ထားသောဘုရားကျောင်းသို့သွားရောက်ခြင်း

Gilbert Fimaka သည် တနင်္ဂနွေနေ့ တစ်နေ့တွင် ဘုရားကျောင်း သွားလိုသော ဆန္ဒဖြင့် နိုးထလာသည်။ အသက် ၂၂ နှစ်အရွယ် ဆေးဘက်ဆိုင်ရာ သာသနာပြုတစ်ဦးဖြစ်သူ ဂျီလ်ဘတ် သည် သူ၏ဆန္ဒကို အခန်းဖော်တစ်ဦးထံတွင် မျှဝေခဲ့သည်။ ထိုလူငယ် နှစ်ဦးသည် ဇမ်ဘီယာနိုင်ငံအတွင်း သုံးပတ်ကြာ သာသနာပြုခရီးစဉ်တစ်ခုကို ပြီးဆုံး တော့မည်ဖြစ်သည်။

"ဒီနားက ဘုရားကျောင်းတစ်ခုကို သွားလည်ဖို့ စဉ်းစားနေတယ်" ဟု ဂျီလ်ဘတ် ပြော၏။ "ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မျှဝေပြီး သတ္တမနေ့ ဥပုသ်နေ့အကြောင်းပြောပြချင်တယ်။" ဂျီလ်ဘတ်၏နှလုံးသားထဲတွင် သွားလိုသော ဆန္ဒရှိနေ သောကြောင့် သူသွားခဲ့သည်။

အနီးဆုံး ဘုရားကျောင်းထဲသို့ ဝင်ရောက်လိုက်သည်။ အံ့သြစရာကောင်းသည်မှာ ဘုရားကျောင်းတက်သူများက သူ့ကို မိမိအိမ်ကဲ့သို့ ခံစားရစေခဲ့သည်။ သူ၏ ဆေးဘက်ဆိုင်ရာ လုပ်ငန်းမှ များစွာသော လူများက သူ့ကိုမှတ်မိပြီး နွေးထွေးစွာ ကြိုဆိုကြသည်။ သူတို့သည် သူ့ကို ခေါင်းဆောင်များနှင့်အတူ ဂုဏ်ပြုထိုင်ခုံ တွင်ပင် ထိုင်ခွင့်ပေး၏။ တရားဒေသနာ အချိန်ရောက်လာ၏။ ဂျီလ်ဘတ်အံ့သြစွာဖြင့် တရားဟောရန် ဖိတ်ကြားခံရသည်။ သူသည် တရားဟောရန် ပလ္လင်သို့ချဉ်းကပ်ရင်း ဥပုသ်နေ့အကြောင်း ပြောရမည်ကို ကြောက်ရွံ့နေ၏။ ထို့ကြောင့် သူသည် သမ္မာကျမ်းစာ၌ ယောဘဝတ္ထုကို ဖွင့်လိုက်သည်။

ဂျီလ်ဘတ် တရားဟောနေစဉ် "ဥပုသ်နေ့အကြောင်းပြောပါ" ဟူသော အသံကို တတိယ အကြိမ်ထိ ကြားရသောအခါ ဂျီလ်ဘတ်သည် ဝတ်ပြုရာကျမ်း ၂၃း၃ ကို ဖွင့်၍၊ "ခြောက်ရက်ပတ်လုံး အလုပ်လုပ်ရမည်။ သတ္တမနေ့ရက်သည် ငြိမ်ဝပ်စွာနေရသော ဥပုသ်နေ့၊ ဓမ္မစည်းဝေးခြင်းကို ပြုရသောနေ့ဖြစ်၏။ ထိုနေ့၌ သင်တို့သည် အလုပ်မလုပ်ရကြ။ သင်တို့နေရာအရပ် ရပ်၌ ထာဝရဘုရား၏ ဥပုသ်နေ့ ဖြစ်၏။" ထို့နောက် မဿဲ ၂၈း၁ နှင့် ကမ္ဘာဦး ၂း၁ – ၃ ကို ဖတ်၏။

"သတ္တမနေ့သည် တနင်္ဂနွေနေ့မဟုတ်ဘဲ စနေနေ့ဖြစ်သည်။ စစ်မှန်သော ဝတ်ပြုနေ့သည် တနင်္ဂနွေမဟုတ်ဘဲ စနေနေ့ ဖြစ်သည်" ဟုပြောချလိုက်သည်။ တရားဒေသနာ ပြီးဆုံးသော အခါ အသင်းတော် ခေါင်းဆောင် တစ်ဦးက ထရပ်လိုက်ပြီး "ငါတော့ တနင်္ဂနွေနေ့မှာ ဝတ်ပြုခြင်း ကို ရပ်ပြီး စနေနေ့ မှာပဲ ဝတ်ပြုပါ့မယ်" ဟု ကြွေကြော်၏။

လူများသည် ဘုရားကျောင်းမှထွက်ခွာသွားစဉ် အချို့သည် စကားပြောနေ၍၊ အချို့သည် ငိုကြွေးနေကြသည်။ "ကျွန်ုပ်တို့က မှားယွင်းတဲ့ နေ့မှာ ဝတ်ပြုနေကြတာကို မသိခဲ့ကြပါလား။ ယခုအချိန်ကစပြီး စနေနေ့မှာပဲ ဝတ်ပြုတော့မယ်" လို့ တစ်ဦးကပြော၏။ မကြာမီအချိန်မှာ အသင်းတော်ခေါင်းဆောင် က SDA တွင် ဗတ္တိဇံခံယူခဲ့ပြီး အခြားအသင်းသားများစွာသည် ဗတ္တိဇံ ခံယူရန် သမ္မာကျမ်းစာ ကိုစတင် လေ့လာကြသည်။

ဤသာသနာပြုဖြစ်ရပ်သည် *SDA* ၏ "ငါသွားမည်" မဟာဗျူဟာ အစီအစဉ်၏ "အားလုံးအတွက်သာသနာ" ရည်မှန်းချက်ကို သရုပ်ပြသည်။ ၎င်းတွင် ခရစ်တော်သည် လူများနှင့် ရောနှောဆက်ဆံပြီး၊ စာနာမှုပြသည်၊ လိုအပ်ချက်များ ကို ဖြည့်ဆည်းပေးသည်၊ ယုံကြည်မှုရရှိပြီး၊ လူများကို သူ့နောက် လိုက်ရန် ဖိတ်ခေါ်ခဲ့သည်။ ရည်မှန်းချက်မှာ လူများကို စစ်မှန်သောစိတ်ဝင်စားမှုဖြင့် ခရစ်တော် ထံသို့ ဦးဆောင်ပြီး ခရစ်တော်၏ တပည့်များအဖြစ် *SDA* နှင့် ပူးပေါင်းဖို့ ဖိတ်ခေါ် ရန်ဖြစ်သည်။



## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဖိလိပ္ပိ ၃း၁၀၊ ၁၁။

**လေ့လာမှုဦးတည်ချက်။** ဖိလိပ္ပိ ၃။

ယုံကြည်သူများသည် ခရစ်တော်ဗဟိုပြုသော ကောင်းမှုများကို လုပ်ဆောင်ခြင်းဖြင့် ဤလောက၌ ထွန်းလင်းတောက်ပကြောင်း အခိုင်အမာပြောပြပြီးနောက်၊ ပေါလုသည် ယခုအခါ ကယ်တင်ခြင်းအတွက် ခရစ်တော်၌သာ ယုံကြည်ရန် လိုအပ်ကြောင်း အာရုံပြုလာ၏။ တမန်တော်သည် လူ့အားအင်ကိုဗဟိုပြုသော ချဉ်းကပ်နည်းကို မြှင့်တင်နေသော မမှန်ကန်သော ဆရာများ၏ လွှမ်းမိုးမှုနှင့် ပတ်သက်၍ စိုးရိမ်မှုကို ဖော်ပြသည်။ ထို့ကြောင့် ဧဝံဂေလိသတင်းစကားကို ဖျက်ဆီးစေပြီး ဖိလိပ္ပိရှိ ခရစ်ယာန်အသိုင်းအဝိုင်းတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည်။ ဂလာတိတွင် ဖြစ်ပွားခဲ့သော မမှန်ကန်သော သွန်သင်မှုပုံစံတစ်မျိုးသည် တစ်ပါးအမျိုးသားခရစ်ယာန်များအနေဖြင့် ကယ်တင်ခြင်းရရှိရန် ဘာကိုယုံကြည်ရမည်၊ ဘာကိုလုပ်ဆောင်ရမည်နှင့် ပတ်သက်၍ ရှုပ်ထွေးမှုအချို့ကို ဖြစ်ပေါ်နေစေသည်။

ပေါလုသည် ဤကိစ္စကို အလွန်အလေးအနက်ထားသည်။ အကြောင်းမှာ ဧဝံဂေလိသတင်းစကားသည် အန္တရာယ်ရှိနေသောကြောင့်ဖြစ်သည်။ ပေါလုသည် မမှန်ကန်သော ဆရာများနှင့် ၎င်းတို့၏ သွန်သင်မှုများ ထိုးဖောက်ဝင်ရောက်လာမှုကို အလွန်စိုးရိမ် သဖြင့် ၎င်းတို့ကို ခွေးများနှင့် မကောင်းသောလုပ်သားများဟု ရည်ညွှန်းသည် (ဖိ ၃း၂)။ ၎င်းတို့သည် စက်ဆုပ်မှုနှင့် သဘောမတူမှုကို ဖော်ပြရန်အသုံးပြုသော ပြင်းထန်သော စကားလုံးများဖြစ်သည်။ ဖိလိပ္ပိရှိ ဤပြဿနာများကို ဖြေရှင်းခြင်းဖြင့် ပေါလုသည် မမှန်ကန်သော သွန်သင်မှုများကို မည်ကဲ့သို့ ကိုင်တွယ်ရမည်နှင့် ပတ်သက်သော အဖိုးတန် သင်ခန်းစာများကို ပေး၏။ ဤ သင်ခန်းစာများသည် ယနေ့ အသင်းတော်အတွက် အရေးကြီးသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ ဘုရားကျောင်းများအားလုံးသည် မမှန်ကန်သော ဆရာများ၏ တိုက်ခိုက်မှုကို အနည်းနှင့်အများ ခံစားရသည်။

ဤအပတ်တွင် အဓိကအကြောင်းအရာ ၃ ခုကို အလေးပေးသည် –

၁။ သခင်ဘုရား၌ ဝမ်းမြောက်ခြင်းသည် လူ့အားအင်ကို အားကိုးခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။

၂။ စစ်မှန်သော ပြောင်းလဲခြင်းသည် လူ့အားအင်၌ ယုံကြည်ခြင်းမှ ခရစ်တော်၌ ယုံကြည်ခြင်းသို့ စစ်မှန်သော ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်။

၃။ ခရစ်တော်ကို သိရှိခြင်းသည် တဖြည်းဖြည်းတိုးတက်သော အတွေ့အကြုံဖြစ်သည်။ ကျွန်ုပ်တို့ သူ့ထံသို့ ပိုမိုနီးကပ်လာသည်နှင့်အမျှ၊ သူနှင့် ကျွန်ုပ်တို့၏ ရင်းနှီးမှုသည် ပိုမိုနက်ရှိုင်းလာမည်ဖြစ်သည်။ ခရစ်တော်နှင့် တစ်ဦးချင်းရင်းနှီးမှုသည် သူ့ကို မျက်နှာချင်းဆိုင် တွေ့မြင်ရသည့်နေ့ထိ ဆက်လက်ကြီးထွားရမည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### သာဓက

"အီတလီနိုင်ငံ၏ဘုရင်နှင့် ဘိုဟီးမီးယားနိုင်ငံ၏ဘုရင်တို့သည် John Huss အား လုံခြုံစွာ ပို့ဆောင်ပေးမည်၊ လုံခြုံစွာထိန်းသိမ်းပေးမည်ဟု ကတိပြုခဲ့ကြသည်။ သို့သော် သူတို့သည် ၎င်းတို့၏ကတိများကို ဖျက်သိမ်းခဲ့ကြပြီး ဂျွန်ဟပ်စ်သည် အာဇာနည် အဖြစ် သေဆုံးခဲ့၏။ Thomas Wentworth သည် ဘုရင်ချားလ်စ် ၁ ၏ လက်မှတ်ပါရှိသော စာရွက်စာတမ်းတစ်ခုကို သယ်ဆောင်ခဲ့ပြီး ၎င်းတွင် "ဘုရင်တစ်ပါး၏ဂတိစကားဖြင့် သင်သည် အသက်၊ ဂုဏ်သိက္ခာ၊ သို့မဟုတ် ဥစ္စာပစ္စည်းများတွင် ဆုံးရှုံးမှုမရှိစေရ" ဟု ရေးသားထားသည်။ သို့သော် မကြာမီတွင် ၎င်း၏သေဒဏ်အမိန့်ကို ထိုဘုရင် ကိုယ်တိုင် လက်မှတ်ထိုးခဲ့သည်။ "မင်းသားများကို မယုံကြည်ပါနှင့်" ဟူသည်မှာ ၎င်း၏ နောက်ဆုံးစကားများဖြစ်သည်။ "သခင်ဘုရားကို ယုံကြည်ခြင်းသည် မည်သူမည်ဝါ သို့မဟုတ် မည်သည့်အရာထက်မဆို ပိုမိုကောင်းမွန်သည်" —Paul Lee Tan, *Encyclopedia of 7,700 Illustrations: Signs of the Times* (Garland, TX: Bible Communications, Inc., 1996), p. 1525.

## သခင်ဘုရား၌ဝမ်းမြောက်ခြင်းနှင့် လူ့ဇာတိကို ကိုးစားခြင်း

ဖိလိပ္ပိ ၃း၁ – ၃ တွင် ပေါလ်သည် လူသားအောင်မြင်မှုများအပေါ် မာန်ထောင်လွှားခြင်းကို သတိပေးထားသည်။ "သခင်ဘုရား၌ဝမ်းမြောက်ပါ" ဟူသော အဆိုသည် ဓမ္မဟောင်းကျမ်း၊ အထူးသဖြင့် ဆာလံကျမ်းတွင် မကြာခဏတွေ့ရသည့် အယူအဆတစ်ခုဖြစ်သည်။ ထူးခြားသော ဥပမာအချို့မှာ၊ "အိုထာဝရဘုရား၊ မင်းကြီးသည် ကိုယ်တော်၏ အစွမ်းသတ္တိကြောင့် ဝမ်းမြောက်၍၊ ကယ်တင်တော်မူခြင်းအားဖြင့် အလွန်ရွှင်လန်းပါ၏။" (ဆာ ၂၁း၁)၊ "ဖြောင့်မတ်သောသူတို့၊ ထာဝရဘုရား၌ ဝမ်းမြောက်ရွှင်လန်းကြလော့။ သဘောဖြောင့်သော သူတို့၊ ရွှင်လန်းစွာ သီချင်းဆိုကြလော့။" (ဆာ ၃၂း၁၁)၊ "ဖြောင့်မတ်သူသည် သခင်ဘုရား၌ဝမ်းမြောက်ပါစေ" (ဆာ ၆၄း၁၀။ ဆာ ၉၇း၁၂ နှင့်နှိုင်းယှဉ်ပါ)။ "သင်၏ ကျွန်၏ စိတ်ဝိညာဉ်ကို ဝမ်းမြောက်စေပါ" (ဆာ ၈၆း၄) "အိုထာဝရဘုရား၊ သင်သည် ကျွန်ုပ်ကို ဝမ်းမြောက်စေခဲ့သည်" (ဆာ ၉၂း၄)၊ "ကျွန်ုပ်၏တွေးတောဆင်ခြင်ခြင်းသည် သူ့အား နှစ်သက်စေပြီး၊ ကျွန်ုပ်သည် သခင်ဘုရား၌ဝမ်းမြောက်သည်" (ဆာ ၁၀၄း၃၄)၊ "ထာဝရဘုရားသည် ကျွန်ုပ်တို့အတွက် ကြီးမားသောအမှုများပြုခဲ့ပြီး၊ ကျွန်ုပ်တို့ဝမ်းမြောက်ခဲ့သည်" (ဆာ ၁၂၆း၃)။ တကယ်တော့၊ သခင်ဘုရား၌ဝမ်းမြောက်ခြင်းသည် တရားဟောရာကျမ်းတွင် ထပ်ခါတလဲလဲမီးမောင်းထိုးပြထားသော ပညတ်တစ်ခုဖြစ်သည် (တရား ၁၂း၇၊ ၁၂၊ ၁၈။ ၁၄း၂၆။ ၁၆း၁၁၊ ၁၅။ ၂၆း၁၁။ ၂၇း၇ ကိုကြည့်ပါ)။

ဖိလိပ္ပိ ၃း၁ – ၃ တွင် ဝမ်းမြောက်ခြင်းဆိုင်ရာ အယူအဆသည် အင်္ဂလိပ်ဘာသာပြန်အချို့တွင် နှစ်ကြိမ် ဖြစ်ပေါ်သည် — "သခင်ဘုရား၌ ဝမ်းမြောက်ပါ" (ဖိလိပ္ပိ ၃း၁) နှင့် "ယေရှု

ခရစ်၌ဝမ်းမြောက်ပါ" (ဖိလိပ္ပိ ၃း၃ စသည်)။ သို့သော် မူရင်းဂရိစာသားတွင် ကွဲပြားသော စကားလုံးနှစ်ခုကို အသုံးပြုထားသည်။ ဖိလိပ္ပိ ၃း၁ တွင် ပေါလုသည် ခရစ်ယာန်ကျမ်းသစ်တွင် ပျော်ရွှင်မှုနှင့် သာယာမှုကို မကြာခဏ ဖော်ပြလေ့ရှိသော ချိုင်ရို (*chairō*) ဟူသော စကားလုံးကို အသုံးပြုသည်။ အခြားတစ်ဖက်တွင်၊ ဖိလိပ္ပိ ၃း၃ တွင် ပေါလုသည် ကောက်ချိုးမိုင် (*kauchaomai*) ဟူသောစကားလုံးကို အသုံးပြုထားပြီး၊ ၎င်းကို KJVတွင် ရောမ (ရောမ ၂း၁၇၊ ၂၃ ကိုကြည့်ပါ) နှင့် အထူးသဖြင့် ၂ကောရိန်သု၌ "ဝါကြွားခြင်း" သို့မဟုတ် "ဂုဏ်ယူခြင်း" ဟုဘာသာပြန်သည် (၂ကော ၅း၁၂။ ၇း၁၄။ ၉း၂။ ၁၀း၈၊ ၁၃၊ ၁၅၊ ၁၆။ ၁၁း၁၂၊ ၁၆၊ ၁၈၊ ၃၀။ ၁၂း၁၊ ၅၊ ၆၊ ၉၊ ၁၁)။ ကောက်ချိုးမိုင် (*kauchaomai*) သည် ချိုင်ရို (*chairō*) ထက် ပိုမိုနက်ရှိုင်းသော ကြွယ်ဝမှုကို ဖော်ပြသည်။

ထို့ကြောင့် ဖိလိပ္ပိ ၃း၃ တွင် "ယေရှုခရစ်၌ဝမ်းမြောက်ပါ" ဟုဘာသာပြန်ထားသော မူရင်းစာသားကို "ယေရှုခရစ်၌ဝါကြွားပါ" သို့မဟုတ် "ယေရှုခရစ်၌ဂုဏ်ယူပါ" ဟုလည်း ဘာသာပြန်နိုင်သည်။ ပေါလုသည် ခရစ်တော်၌ယုံကြည်ခြင်းနှင့် လူသားကြိုးပမ်းမှုကို အားကိုးခြင်းတို့သည် အချင်းချင်းဆန့်ကျင်ဘက်ဖြစ်ကြောင်း ရှင်းလင်းစေရန် ပြင်းထန်သော စကားလုံးကို အသုံးပြုသည်။ တစ်ခုသည် အခြားတစ်ခုကို သဘာဝအလျောက် ဖယ်ရှားပစ်သည်။ ဤသဘောအရ၊ ပေါလု၏ဖော်ပြချက်သည် ဂလာတိ ၆း၁၃၊ ၁၄ တွင် ပြောထားသည်နှင့် အလွန်ဆင်တူ၏။ ပေါလုသည် လူသားစွမ်းအားတွင် ဝါကြွားသူများကို ဆုံးမပြီး (ဂလာ ၆း၁၃) ၎င်း၏ ဝါကြွားခြင်း၏ တစ်ခုတည်းသော အကြောင်းရင်းမှာ ခရစ်တော် ၏ လက်ဝါးကပ်တိုင်ဖြစ်ကြောင်း အတည်ပြုသည် (ဂလာ ၆း၁၄)။

ပေါလုသည် ဖိလိပ္ပိ ၃း၃ တွင် "လူသားစွမ်းအား" ဟူသောစကားလုံးကို ကယ်တင်ခြင်း ရရှိရန် ရည်ရွယ်ချက်ဖြင့်ပြုလုပ်သော လူသားကြိုးပမ်းမှုများကို ရည်ညွှန်းရန် အသုံးပြုသည်။ သို့သော် ခမ္မသစ်ကျမ်းအင်္ဂလိပ်ဘာသာပြန်တွင် ဖော်ပြထားသည့်အတိုင်း၊ ကယ်တင်ခြင်းနှင့် ပတ်သက်လာသောအခါ "ကျွန်ုပ်တို့သည် လူသားစွမ်းအားများကို အားမကိုးပါ" (ဖိ ၃း၃)။ တကယ်တော့၊ ကျွန်ုပ်တို့သည် ခရစ်တော်၏စွမ်းအားများကို လုံးဝအားကိုးသည်။ ဤအယူအဆသည် ပေါလုက "ခရစ်တော်၌ဝါ ကြွားသည်" ဟုပြောသောအခါ ဆိုလိုခြင်း ဖြစ်ပေလိမ့်မည်။ "သခင်ဘုရား၌ဝမ်းမြောက်ခြင်း" (ဖိ ၃း၁) နှင့် "ယေရှုခရစ် ၌ ဝါကြွားခြင်း" (ဖိ ၃း၃) သည် ဆာလံ ၃၄း၂ တွင် "ကျွန်ုပ်၏စိတ်ဝိညာဉ်သည် သခင်ဘုရား၌ဝါကြွားလိမ့်မည်။ နှိမ့်ချသူများသည် ၎င်းကိုကြားပြီး ဝမ်းမြောက်လိမ့်မည်" ကဲ့သို့အပြိုင်အယူအဆများ ဖြစ်၏။

## ဇာတိစွမ်းအားကိုယုံကြည်ခြင်းမှ ခရစ်တော်၌စိတ်ချယုံကြည်ခြင်းသို့

ဖိလိပ္ပိ ၃း၁ – ၃ တွင်မိတ်ဆက်ထားသော လူသားအောင်မြင်မှုများအပေါ် မာန်ထောင်လွှားခြင်းကို သတိပေးချက်သည် ဖိလိပ္ပိ ၃း၄ – ၆ တွင် ပိုမိုဖွံ့ဖြိုးထားသည်။ "လူသား စွမ်းအားကို ယုံကြည် ခြင်း" ဟူ သော စကားစု သည် ဖိလိပ္ပိ ၃း၁ – ၆ တွင် အဓိက စကားစု တစ်ခု ဖြစ်ကြောင်း သတိပြုသင့်သည်။ ၎င်းသည် အနည်းဆုံး သုံးကြိမ်ဖြစ်ပေါ်၏။ ယခင်ဖော်ပြ ခဲ့သည့်

အတိုင်း၊ ဖိလိပ္ပိ ၃း၃ တွင် ပေါလုသည် လူ့ဇာတိ၌ယုံကြည်ခြင်းကို ခရစ်တော်၌ ဝါကြွားခြင်း နှင့် နှိုင်းယှဉ်သည်။ ဖိလိပ္ပိ ၃၊၄ တွင် တမန်တော်သည် အခြားယုဒမည်သူမဆို သူ့ထက် လူ့ ဇာတိခွန်အားကို ပိုမိုယုံကြည်ခဲ့ခြင်း မရှိကြောင်း ဆိုထား၏။ ဖိလိပ္ပိ ၃း၅၊၆ တွင် ၎င်းသည် သူ့ ထက်မည်သူမဆို လူသားစွမ်းအားကို ယုံကြည်နိုင်သည့် အကြောင်းရင်းခုနစ်ခုကို တင်ပြ သည်။ (၁) "မွေးဖွားသည့်နေ့မှအရင် ၈ ရက်မြောက်နေ့တွင် အရေဖျားလှီးခြင်းခံရသူ၊" (၂) "ဣသရေလလူမျိုးမှဆင်းသက်လာသူ၊" (၃) "ဗယ်ာမိန်အနွယ်မှ၊" (၄) "ဟေဗြဲလူမျိုးထဲမှ ဟေဗြဲလူစစ်၊" (၅) ဖာရိရှဲတစ်ဦး၊ (၆) အသင်းတော်ကို ညှဉ်းပန်းနှိပ်စက်သူ၊ (၇) အပြစ် ကင်းသူ။ စိတ်ဝင်စားစရာမှာ၊ အရေဖျားလှီးခြင်းမှ စ၍စာရင်း စတင်ပြီး၊ အပြစ်ကင်းသူ ဖြစ် ခြင်းသည် စာရင်းကို နိဂုံးချုပ်သည်။ ပေါလုသည် ၎င်း၏ကြိုးပမ်းမှုဖြင့် ကယ်တင်ခြင်းကို ရရှိ စေလိမ့်မည်ဟု ယုံကြည်ခဲ့ပုံရ၏။ သို့သော် ခရစ်တော်နှင့်တွေ့ဆုံပြီးနောက်၊ ၎င်းသည် ကယ်တင်ခြင်း ရရှိရန် ၎င်း၏ အောင်မြင်မှုများသည် အလဟဿ ဖြစ်သည်ကို သဘော ပေါက်ခဲ့သည်။ ဖိလိပ္ပိ ၃း၇-၉ တွင် ပေါလုသည် ၎င်း၏ယခင်ဘဝအတွေ့အကြုံများနှင့် ခရစ်ယာန်ဘဝသို့ပြောင်းလဲပြီးနောက်ဘဝကို နှိုင်းယှဉ်သည်။ "အကျိုးအမြတ်" နှင့် "ဆုံးရှုံး မှု" ဟူသောစကားလုံးများသည် ဤတိုတောင်းသော အပိုဒ်တွင် ထင်ရှား၏။ အခန်းငယ် ၇ နှင့် ၈ သည် အောက်ပါအတိုင်း ဗဟိုပြုဖွဲ့စည်းထားသည်။

A. "ငါ၏ အကျိုးစီးပွားကို ပြုစုသော အရာရှိသမျှတို့ကို" (ဖိ ၃း၇)၊

B. "ရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့် ငါထင်မှတ်၏။" (ဖိ ၃း၇)။

B’ "ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏။" (ဖိ ၃း၁၀)၊

A’ "ငါ၏ သခင်ယေရှုခရစ်ကိုသိသော ပညာသည်" (ဖိလိပ္ပိ ၃း၈)။

ဤဗဟိုပြုဖွဲ့စည်းပုံ၊ ချိုင်ယက်စတစ်ဖွဲ့စည်းပုံ (၄) ဟုလည်းခေါ်သည်၊ ပေါလု၏ စိတ်ပိုင်း ဆိုင်ရာပြောင်းလဲမှုကို အလေးပေးဖော်ပြသည်။ "ဆုံးရှုံးမှု" (ဂရိ ဘာသာဖြင့် *zēmia*) ဟူ သော စကားလုံးအပြင်၊ ပေါလုသည် ဖိလိပ္ပိ ၃း၈ တွင် "ဆုံးရှုံးခံရခြင်း" (ဂရိဘာသာဖြင့် *zēmioō*) ဟူသော ကြိယာပုံစံ ကိုလည်း အသုံးပြုသည်။ ဤအလေးပေးမှုသည် ၎င်း၏ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုကို ပိုမိုထူးခြားစေသည်။ ကိုယ်ရေးကိုယ်တာ ဝါကြွားခြင်း စာရင်းရှိ ခုနစ်ခုသည် "ငါ၏ သခင်ယေရှုခရစ်ကိုသိသော ပညာ" (ဖိလိပ္ပိ ၃း၈) အလင်းတွင် ဆုံးရှုံးမှုအဖြစ် ယူဆသည်။ ခရစ်တော်နှင့်ပတ်သက်သောအသိပညာသည် ပေါလု၏ ဘဝ အစောပိုင်းရှိ အရာအားလုံးကို မဖြစ်မနေ ရှုထောင့်မှန်သို့ ယူဆောင်လာခဲ့သည်။ ပေါလု သည် လူ့ဇာတိကိုယုံကြည်ခြင်းမှ ခရစ်တော်၌ယုံကြည်ခြင်းသို့ ပြောင်းလဲခဲ့သည် (ဖိ ၃း၈)၊ ပညတ်ကိုဗဟိုပြုသော ဖြောင့်မတ်ခြင်းမှ ခရစ်တော်ကိုဗဟိုပြုသော ဖြောင့်မတ်ခြင်းသို့၊ ဘုရားသခင်၏ ကျေးဇူးတော်အပေါ် ယုံကြည်ခြင်းဖြင့် လုံးဝမှီခိုနေရသည် (ဖိ ၃း၉)။

## ခရစ်တော်ကိုသိကျွမ်းခြင်းသည် တဖြည်းဖြည်းတိုးတက်သောအတွေ့အကြုံဖြစ်သည်

ဖိလိပ္ပိ ၃း၁၀ တွင် ပေါလုသည် ၎င်း၏ဘဝ၏အဆုံးစွန်သောရည်ရွယ်ချက်မှာ ခရစ်တော်ကို

သိကျွမ်းရန်ဖြစ်သည်ဟု ဖော်ပြသည်။ ခရစ်တော်၏ဆင်းရဲဒုက္ခ၊ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ဖော်ပြခြင်းသည် ခရစ်တော်ကိုသိကျွမ်းခြင်း၌ သိမှုဆိုင်ရာသာမက၊ အထူးသဖြင့် ဆက်ဆံရေးဆိုင်ရာ အတွေ့အကြုံတစ်ခုဖြစ်ပြီး တဖြည်းဖြည်း တိုးတက်မှု လုပ်ငန်းစဉ်တွင် ပါဝင်သည်ဟု အကြံပြုသည် (၂ပေ ၃း၁၈ ကိုလည်းကြည့်ပါ)။ ဤ အယူအဆသည် ဖိလိပ္ပိ ၃၊၁၀ တွင် သွယ်ဝိုက်ဖော်ပြထားသော်လည်း၊ ပေါလုသည် ဖိလိပ္ပိ ၃း၁၂-၁၆ တွင် ဤအတွေးကို ပိုမိုဖွင့်ဟထားသည်။

ထို့ပြင်၊ ပေါလုသည် ခရစ်တော်နှင့်ပတ်သက်သော ပိုမိုပြည့်စုံသောအသိပညာသည် ရှင်ပြန်ထမြောက်ခြင်းတွင်သာ ရရှိနိုင်မည်ကို သဘောပေါက်၏ (ဖိ ၃း၁၀၊ ၁၁)။ ဤ အယူအဆသည် ဖိလိပ္ပိ ၃း၁၂ တွင် "ကျွန်ုပ်သည် ရရှိပြီးသူ သို့မဟုတ် ပြီးပြည့်စုံပြီးသူ မဟုတ်သေးပါ" ဟူသောထုတ်ပြန်ချက်၏ နောက်ခံဖြစ်ပုံရသည်။ ထို့နောက်၊ ပေါလုသည် ဖိလိပ္ပိ ၃း၁၀၊ ၁၁ တွင်ဖော်ပြထားသောပန်းတိုင်ကို မည်သို့လိုက်လံသည်ကို ရှင်းပြပြီး၊ လုပ် နှစ်ခု ရှိကြောင်း အကြံပြုသည်။ (၁) "နောက်ကျသော အရာတို့ကို မမှတ်ဘဲ"၊ (၂) "ရှေ့၌ ရှိသော အရာတို့ကို လှမ်းကမ်း၍" (ဖိ ၃း၁၃)။ သို့သော် တစ်ခုသည် အခြားတစ်ခုနှင့် မကွဲပြားပါ။ တကယ်တော့၊ ပေါလုသည် ဤအရာနှစ်ခုကို "ငါပြုသောအမှုတခုဟူမူကား" (ဖိ ၃း၁၃) ဟု ခေါ်ဆိုကာ တစ်ခုတည်းသောလုပ်ဆောင်မှုအဖြစ် ရည်ညွှန်းသည်။ ဤတစ်ခုတည်းသော အရာသည် ရှင်းလင်းသောရည်ရွယ်ချက်ဖြင့် မောင်းနှင်သည်။ "ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့် ဆိုင်သောဆုကို ရခြင်းငှါ၊ ပန်းတုံးတိုင်သို့ ငါလိုက်ပြေး၏" (ဖိလိပ္ပိ ၃း၁၄)။ ဆုလာဘ်နှင့် ခေါ်ဆိုမှုသည် တူညီသောအရာကို ရည်ညွှန်းပြီး "ဆုလာဘ်သည် ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ခေါ်ဆိုမှုဖြစ်သည်။" ၎င်းတို့သည် ရှင်ပြန်ထမြောက်ခြင်းအတွက် နှိုင်းယှဉ်ပုံများဖြစ်ပြီး၊ ထိုအချိန်တွင် ပေါလုသည် ခရစ်တော်ကို ပြည့်စုံစွာသိရှိမည်ဖြစ်သည်။ ထိုအချိန်အထိ၊ ယုံကြည်သူများသည် ဆုလာဘ်ကို လိုက်လံရင်း ခရစ်တော်နှင့်ပတ်သက်သော အသိပညာတွင် ဆက်လက်ကြီးထွားရန် ခေါ်ဆိုခံရသည် (ဖိ ၃း၁၅၊ ၁၆)။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

အောက်ပါအကြောင်းအရာများကို တွေးတောဆင်ခြင်ပါ။ ထို့နောက် အတန်းသားများအား ဤအပိုင်း၏အဆုံးတွင်ရှိသောမေးခွန်းများကို ဖြေဆိုရန် တောင်းဆိုပါ။

သမ္မာကျမ်းသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်ကြိုးပမ်းမှုများပေါ်တွင် မမှီခိုကြောင်း ရှင်းလင်းစွာသင်ကြားထား၏။ ဤသင်ကြားချက်သည် နေ့စဉ် သခင်ဘုရား၌ ဝမ်းမြောက်ရန် ဆွဲဆောင်မှုရှိသော အကြောင်းရင်း တစ်ခုဖြစ်သည်။ အကယ်၍ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏ အကျင့်ကောင်းများပေါ်တွင် မှီခို နေရပါက၊ ကျွန်ုပ်တို့ တွင် မျှော်လင့်ချက်မရှိတော့ပါ။ သမ္မာကျမ်းရှုထောင့်မှ၊ ဝမ်းမြောက်ခြင်းသည် ယေရှုခရစ်အားဖြင့် ဘုရားသခင်က ကျွန်ုပ်တို့ အတွက် ပြုလုပ်ပေးခဲ့သော အရာများ အပေါ် ကျွန်ုပ် တို့ ၏ တုံ့

ပြန်မှု ဖြစ်သည်။ အရာခပ်သိမ်းသည် ကျွန်ုပ်တို့ ဆန္ဒအတိုင်း သို့မဟုတ် မျှော်လင့်ထားသည့် အတိုင်းချည်း မဖြစ်ပေါ်နိုင်ပါ။ ဟာဗက္ကုတ်၏သီချင်းတွင် လှပစွာဖော်ပြထားသည့် အတိုင်း၊ ကျွန်ုပ်တို့တွင် ဝမ်းမြောက်ရန်အကြောင်းရင်းများရှိသည်။ "ထာဝရဘုရား၌ ငါဝမ်း မြောက်၍၊ ငါ့ကို ကယ်တင်တော်မူသော ဘုရားသခင်ကို အမှီပြုလျက် ရွှင်လန်းမည်" (ဟဗ ၃း၁၈)။

စစ်မှန်သောယုံကြည်သူ၏ဘဝတွင်၊ လူသားအောင်မြင်မှုများအပေါ် မာန်ထောင်လွှားခြင်းအတွက် နေရာမရှိပါ။ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့ ပြုလုပ်နိုင်သည့် အရာများ ပေါ်တွင် မမှီခိုဘဲ၊ ဘုရားသခင်က ခရစ်အတွင်း၌ ကျွန်ုပ်တို့အတွက်ပြုလုပ်ပေးခဲ့သည်နှင့် လုပ်ဆောင်နေသည်များပေါ်တွင် လုံးဝမှီခိုကြောင်း နားလည်သောအခါ၊ အကျိုးအမြတ်ဟု ယူဆခဲ့သောအရာများသည် "ခရစ်တော်၏အသိပညာ၏ထူးခြားမှု" (ဖိ ၃း၈) အတွက် ဆုံးရှုံးမှု အဖြစ် ယူဆသည်။ ခရစ်တော်နှင့် တူခြင်းသည် တစ်ဦး၏ လိုက်လံ ရှာဖွေမှု၏ ရည်မှန်းချက်ဖြစ်လာပြီး၊ အကျင့်ကောင်းများသည် သဘာဝအလျောက် ရလဒ်အဖြစ် ထွက်ပေါ်လာသည်။ ပေါလုက အခြားတစ်နေရာ၌ အတည်ပြု ထားသည့်အတိုင်း၊ "အဘယ်ကြောင့် နည်းဟူမူကား၊ ငါတို့သည် ကောင်းသောအကျင့်တို့ကို ကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသော အကျင့်တို့၌ ငါတို့သည် ကျင်လည်ရမည် အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို ပြင်ဆင်တော်မူနှင့်ပြီ။" (ဧဖက် ၂း၁၀)။

ခရစ်ယာန်များအနေဖြင့်၊ ကျွန်ုပ်တို့သည် ဆက်လက်တိုးပွါးနေသော လုပ်ငန်းစဉ်ဖြစ်၏။ ဤအယူအဆသည် ပေါလုက ဖိလိပ္ပိလူများထံသို့ရေးသော စာတွင်ကျေးဇူးတင်သည့် အပိုင်းတွင် "သင်တို့တွင် ကောင်းသောအမှုကို ပြုစပြုတော်မူသောသူသည်၊ ယေရှုခရစ်၏ နေ့ရက်တိုင်အောင်ပြီးစီး လျက်ပြုတော်မူမည်" (ဖိ ၁း၆) ဟုပြောသောအခါ ဆိုလိုသည် ဖြစ်သည်။ ထိုနေ့ရက်ရောက်လာသည်အထိ၊ ကျွန်ုပ်တို့သည် "နောက်ကျသော အရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ ရှိသောအရာတို့ကို လှမ်းကမ်းရမည်" (ဖိလိပ္ပိ ၃း၁၃)။

**မေးခွန်းများ –**

**၁။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏ကိုယ်ပိုင်အကျင့်ကောင်းများပေါ်တွင် မမှီခိုကြောင်း ဤ အယူအဆကို ပိုမိုတွေးတောပါ။ ဤသင်ကြားချက်သည် အဘယ်ကြောင့် ဤမျှကောင်းသော သတင်းဖြစ်သနည်း။ အဘယ်ကြောင့် ၎င်းသည် ကျွန်ုပ်တို့အား မျှော်လင့်ချက်ဖြင့် လှုံ့ဆော်ပေးသင့်သနည်း။**

**၂။ လူများစွာသည် ၎င်းတို့၏အတိတ်က အပြစ်များအတွက် ကိုယ့်ကိုယ်ကိုယ်မုန်းတီးခြင်း နှင့် အပြစ်ရှာခြင်း ၏ လှည့်ပတ်မှုတွင် ပိတ်မိနေကြသည်။ ၎င်းတို့သည် ခရစ်တော်၏ခွင့်လွှတ်ခြင်းကို ဉာဏ်ရည်အရ လက်ခံထားသော်လည်း၊ ၎င်းကို အတွင်းစိတ်မှ လက်ခံနိုင်ခြင်း မရှိသေးပါ။ ထို့ကြောင့် ၎င်းတို့သည် အတိတ်ကို လုံးဝလွှတ်မထား နိုင် ကြပါ။ "နောက် ကျသောအရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ ရှိသောအရာတို့ကို လှမ်းကမ်း" ရမည် (ဖိ ၃း၁၃) ဟူသော အယူအဆကို ပိုမိုတွေးတောပါ။ ဤပညတ်သည် ကျွန်ုပ်တို့အား မည်သည့် အံ့သြဖွယ် ခွင့်ပြုချက်ကို ပေးသနည်း။ ဤညွှန်ကြားချက်သည် လူ့စိတ်နှလုံးအတွက် အဘယ်ကြောင့် ဤမျှလွတ်မြောက်မှုနှင့် သက်သာရာရစေသနည်း။**

## သင်ခန်းစာ - ၇

*ဖေဖော်ဝါရီ ၇ - ၁၃

# ကောင်းကင် နိုင်ငံသား ဖြစ်ခြင်း



### ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ဖိ ၃း၁၇-၄း၂၃။ ၁ကော ၁၅း၄၂-၄၄။ ယောဟန် ၁၄း၂၇။ ဆာ ၁၁၉း၁၆၅။ ယောဘ ၁း၂၁။ ၁တိ ၆း၇။

**အလွတ်ကျမ်းချက်။** **"အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်း ပဌနာပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင်အားကြား လျှောက်ကြလော့။"** (ဖိလိပ္ပိ ၄း၆)

ယခုတစ်ပတ် သင်ခန်းစာသည် ဖိလိပ္ပိလူတို့အကြောင်းလေ့လာခြင်း၏ နိဂုံးဖြစ်သည်။ တန်ဖိုးရှိသော သင်ခန်းစာများ၊ နေ့စဉ်အသက်တာအတွက်ဆိုရိုးနီတိ မြောက်များစွာကို ထုပ်ပိုးထားပါသည်။ ဤဩဝါဒစာ၏ နောက်ဆုံးပိုင်းစာပိုဒ်များတွင် ပေါလု၏ အသက်တာကို ဦးဆောင်လမ်းပြနေသော မြင့်မားလှသော ကိုယ်ကျင့်တရား မြောက်များစွာပါရှိသည်ဟု ထင်ရသည်။ ယေရှု၏ သွန်သင်ချက်များနှင့် အလားတူသော လူ့ အတွင်းအား ဇဟိုပြုသည့်အရာများ၊ ပေါလုမှမျှဝေပေးလိုက်သော အရာတို့သည် ပျော်ရွှင် သောခရစ်ယာန် အသက်တာ၏ လျှို့ဝှက်ခြင်းဖြစ်သည်။

အရာရာတို့သည် မိမိတို့အလိုကျ မဖြစ်နိုင်သည့်တိုင်၊ များသောအားဖြင့် မိမိတို့ အကြိုက်ထက်သာ၍ ကောင်းလေ့ရှိတတ်သဖြင့် မိမိတို့သည် စိုးရိမ်ကြောင့်ကြ စိတ်ဓာတ်ကျခြင်း မပြုသင့်ပါ။ အသက်တာ၌ကြုံတွေ့ရတတ်သော စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် အတွင်းအားဖြစ်စေသော ဥပဒေသတို့ကြောင့်၊ ထာဝရဘုရားက သာပေးနိုင်စွမ်းသော တည်ငြိမ်ခြင်းနှင့် ငြိမ်သက်ခြင်းတို့ကို ကြုံတွေ့စေပါမည်။ ပစ္စုပ္ပန်နှင့် အနာဂတ် တို့သည် သူ့လက်တော်တွင် တည်နေသဖြင့် မိမိတို့ လိုအပ်သည်များအား သူစီစဉ် ပေးလိမ့်မည်။

အဓိကကျသည်မှာ မိမိတို့အား စိတ်ဝင်သာကျစေနိုင်သော လောက၏ အုပ်ချုပ်မှု စနစ်တွင် မျှော်လင့် ချက်မထားသင့်ပါ။ ခရစ်ယာန်တို့သည် ဘုရားသခင်၏ ကောင်းကင်နိုင်ငံတော်သားများ ဖြစ်ကြသည်။ ထိုနိုင်ငံ သားဖြစ်ခြင်းဖြင့် အံ့ဖွယ် အခွင့်အရေးများ နှင့် တာဝန်ဝတ္တရားများ ရောက်လာသည်။

* ဖေဖော်ဝါရီ ၁၄ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

## စံပြပုဂ္ဂိုလ်များ

လူတိုင်းတွင် တစ်ချိန်ချိန် မိမိအထင်ကြီး၍ အတုယူလိုသောသူ ရှိတတ်သည်။ ခလေးတွေအတွက် ကောင်းသောစံပြပုဂ္ဂိုလ်သည် အထူးအရေးကြီး၏။ အကောင်းဆုံးမှာ ၎င်းတို့၏ မိဘပင်ဖြစ်သင့်၏။ ၎င်းတို့ ကြီး ထွားလာရာတွင် အခြားသော စံပြပုဂ္ဂိုလ်များတွေ့ရှိတတ်သည်။ မိမိတို့၏ သက်မွေးလုပ်ငန်းရွေးချယ်ရာတွင် ၎င်း၊ အတွေ့ပွတ္တိအား ဖတ်မိရာမှ၎င်း ဖြစ်နိုင်ပါသည်။ ကျမ်းစာထဲမှ စိန်ခေါ်မှုများရင်ဆိုင်ရသော ဇာတ်ဆောင် တစ်ဦးဦးအကြောင်း သင်ယူရာမှမိမိတို့၏ဘဝအတွေ့အကြုံနှင့် ယှဉ်လိုက်ခြင်းဖြင့်လည်းဖြစ်နိုင်သည်။

ယနေ့မီဒီယာတွင် မကောင်းသော စံပြပုဂ္ဂိုလ်များသာအပြည့်ရှိသည်။ ကျွန်ုပ်တို့သည် နိုပ်မျှားစာများ စွာတို့ဖြင့် ပစ်ပေါက်ခံရသည်။ လိင်ကိစ္စကိုဖော်းပေးသော ပုံဝတ္ထုများတို့သည် ထင်ရှားကျော်ကြားသောလူ ပုဂ္ဂိုလ်များ၏ ဘဝကိုပင် ဖျက်ဆီး ပစ်လေသည်။ ဖိလိပ္ပိတွင်ပေါလု၏ စာဖတ်သူတို့သည် အင်တာနက်အားဖြင့် အလုပ်မလုပ်ကြသည်တိုင်၊ အလားတူသော စိန်ခေါ်မှုများကိုပင် ရင်ဆိုင်ရအုံးမည်ဖြစ်သည်။

အမှန်တရားမှာ အလွန် ဆိုးယုတ်၊ အကျင့်ပျက်၊ စိတ်ဓာတ်ယိုယွင်းဆိုးသွမ်းသော ယနေ့ကျွန်ုပ်တို့ ကမ္ဘာလောကကဲ့သို့ အချိန်တွင်ပင် အသက်ရှင်ခဲ့ရသည်။ အမြဲတန်းဖြစ်ခဲ့သည်နည်းတူ၊ အမြဲပင်ဖြစ်လာအုံး မည့် ဆိုးသွမ်းခြင်းသည် အဆုံးတိုင်ဖြစ်သည်။ မေးခွန်းမှာ၊ ကျွန်ုပ်တို့ မည်သို့ တုံ့ပြန်ရပါမည်နည်း။

**ဖတ်ပါ – ဖိလိပ္ပိ ၃း၁၇ – ၁၉။ ဤနေရာတွင် ကောင်းသောစံပြပုဂ္ဂိုလ်၊နှင့် ဆိုးသောစံပြ ပုဂ္ဂိုလ်များ အား မည်သို့ ဖော်ပြထားသနည်း။ ထိုနှစ်ခုတို့၏စပ်ကြားကို မည်သို့ခွဲခြားနိုင်မည်နည်း။**

ရှင်ပေါလုမှ သဘောမတူရသောသူ၊ ချစ်မြတ်နိုး၍မျက်ရည်ကျရသောသူတို့အား မမေ့ကောင်းပါ။ ထိုသူ တို့အား ငါ၏ရန်သူများဟုမဆိုဘဲ "ခရစ်တော်၏ လက်ဝါးကပ်တိုင်ကို ရန်ဘက်ပြုသူများ" (ဖိ ၃း၁၈) ဟုသာခေါ်ဆို၏။ ပေါလုသည် သာ၍ ကျယ်ပြန့်သောရင်ပြင်ကို ဖော်ပြလာရာ လက်ဝါးကပ်တိုင်သည် ပိုင်းခြားလျက်ရှိသော အုတ်တံတိုင်းနံရံအား ဖြိုဖျက်၍ တူညီသောသူများဖြစ်စေရာ အပြစ်သားတို့သည် ကယ်တင်ရှင်လိုအပ် နေကြောင်းဖော်ပြသွားသည် (ဧဖက် ၂း ၁၁ – ၁၄)။

ရှင်ပေါလုသည် ဖိလိပ္ပိလူတို့တွင် ဆိုးသောသူတို့မဟုတ်၊ ကောင်းသောသူတို့အား တိုက်တွန်းခြင်းကို ကျော်မသွားသင့်ပါ။ သူ့အသက်တာနှင့်အသွင်တူသူများတို့အား ကောင်းမွန်စွာ ဂရုပြုရမည်ဆိုသည်။ သူသည် ရောမလူတို့အားသတိပေးရာတွင် "သင်တို့ခံရပြီးသော ဆုံးမသြဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်သော သင်းခွဲခြင်း မှားယွင်းခြင်းအကြောင်းကို ပြုတတ်သော သူတို့ကို မှတ်၍ ရှောင်ကြလော့" (ရောမ ၁၆း၁၇) ဟုဆို၏။ ချော့မော့ တတ်သော ထိုရောမလူတို့ကို "ခရစ်တော်၏အမှုကိုမဆောင်ရွက်ဘဲ မိမိတို့ ဝမ်း၏အမှုကိုသာ ဆောင်ရွက်သည်" (ရောမ ၁၆း၁၈) ဟုဆိုသည်။

**ယေရှုသာလျှင် စုံလင်သောစံပြပုဂ္ဂိုလ်ဖြစ်သည် ဆိုသည့်တိုင်၊ တချို့နေရာများတွင် ကောင်းသော စံပြ ပုဂ္ဂိုလ်များ ရှိတတ်ပါသည်။ သင်သည်လည်း သူတစ်ပါးတို့အား သင်မည်သို့စံပြပုဂ္ဂိုလ် ဖြစ်သနည်း။**

# “သခင်ဘုရား၌တည်နေကြလော့”

**ပတ်ပါ – ဖိလိပ္ပိ ၃း၂၀၊ ၂၁။ ခရစ်ယာန်ကောင်းကင်နိုင်ငံသားများကို ရှင်ပေါလုသည် မည်သို့ရှင်းလင်းစွာ ဖော်ပြသနည်း။**

လက်ဝါးကပ်တိုင်အား ရန်ဘက်ပြုသူတို့သည် “လောကီအရာတို့ကိုသာ စိတ်စွဲလန်း” (ဖိ ၃း၁၉) ၍ မိမိတို့ဝမ်းထက်ကြီးသော ဘုရားမရှိကြဟုဆိုသည်။ ခရစ်ယာန်ကောင်းကင် နိုင်ငံသားတို့မူကား ယေရှု ခရစ်တော်ကိုယ်တော်တိုင် အုပ်ချုပ်စေသည်။ ထိုသို့ဖြစ်စေနိုင်သော အချက်သည် “ယုတ်ညံ့သော ငါတို့ကိုယ် ခန္ဓာ” (ဖိ ၃း၂၁) သည် အနာရောဂါ၊ ဆိုးရွားခြင်းတို့ဖြင့် သေမျိုးပင်ဖြစ်နေရာ၊ ပြန်ရှင်ထမြောက်သော ခရစ်တော်ကိုယ်ခန္ဓာတော်၏ နည်းတူဖြစ်စေခြင်းငှါ အသစ်ပြင်ဆင်ရန်လိုအပ်ပေ၏။

**အောက်ပါ ကျမ်းချက်တို့သည် ဘုန်းတော်ထင်ရှားခြင်းကို မည်သို့ဖော်ပြသနည်း။**

- ယောဘ ၁၉း၂၅ – ၂၇ ______________________
- လုကာ ၂၄း၃၉ ______________________
- ၁ကော ၁၅း၄၂ – ၄၄ ______________________
- ၁ကော ၁၅း၅၀ – ၅၄ ______________________
- ကော ၃း၄ ______________________

နောက်ဆုံးတွင် ယေရှု၏သေခြင်းသည် “နောက်ဆုံးရန်သူ” အားဖျက်ဆီးလိမ့်မည် (၁ ကော ၁၅း၂၆)။ ဤသည်မှာကျွန်ုပ်တို့၏အကြီးမားဆုံး မျော်လင့်ခြင်း၊ ယေရှု၌ပေးသနားထားသောအကြီးမားဆုံးကတိ ဖြစ်ရာ၊ သေခြင်း အဆုံးသတ်ကာ၊ ခန္ဓာကိုယ်အသစ်၊ “ဘုန်းအသရေနှင့် ပြည့်စုံသောခန္ဓာကိုယ်” (ဖိ ၃း၂၁) ကို ရရှိကြလိမ့် မည်။

စာအုပ်တစ်အုပ်သည် ဘုရားမပါသော “ကယ်တင်ခြင်း” ဟုဆိုကာ၊ “ကယ်တင်ခြင်း” ဟူသည် သေခြင်း၏ ရန်ကို အောင်နိုင်ခြင်းဖြစ်သည်ဆိုသည်အား ငြင်းပယ်လျက် ကလောင်ရှင်ကြီး *Luc Ferry* သည် ခရစ်ယာန်ဝါဒီသည် “လူသားတို့၏ကြောင်းကျိုးစဉ်းစားခြင်းသည် သေခြင်း၏ ရန်အား ကျော်လွှန်နိုင်သည် သာမက၊ သေခြင်းကိုပင် ရိုက်ထုဆုံးမနိုင်သည်။ ခန္ဓာဗေဒနှင့် စိတ်ကူးစိတ်သန်းတို့ဖြင့် မဟုတ်ဘဲ၊ လူတစ်ဦး တစ်သီးပုဂ္ဂလအမှတ်အသားအရဆိုရသော်၊ မိမိတို့၏ သေမျိုးဖြစ်ခြင်း အပေါ် နောက်ဆုံးအကြိမ် တစ်ကိုယ်ရေ အောင်မြင်ခြင်းဖြင့် ထာဝရရှင်သန်နိုင်ရန် တစ်ခုတည်းသောနည်းလမ်း ဖြစ်သည်” ဟု ဆိုသည်။ — Ferry, *A Brief History of Thought* (New York: HarperCollins, 2011, Kindle edition), p. 90. ဘုရားမဲ့ဝါဒီ တစ်ဦး၏ဝန်ခံခြင်းဖြစ်သည်။

ရှင်ပေါလုအတွက်၊ ကျွန်ုပ်တို့၏ကောင်းကင်နိုင်ငံသားဘဝတွင် ကတိတော်သည် ယခုမိမိတို့ စိတ်ကူးပင် မသန်းနိုင်သော အသစ်စက်စက်ဖြစ်တည်ခြင်း၌ ပြန်ရှင် ထမြောက် ခြင်းဖြင့် ထာဝရရှင်သန်ခြင်းဖြစ်သည်။

**ထာဝရအသက်ကတိတော်သည် အဘယ်ကြောင့်အရေးကြီးလှသနည်း။ ခရစ်တော်မှ ယခု ကမ်းလှမ်းနေသောအရာအား ငြင်းဆိုနိုင်လောက်သောအရာအားလောကမှကမ်းလှမ်းနိုင်မည်နည်း။**

# သခင်ဘုရား၌ အစဉ်ဝမ်းမြောက်လော့

**ဖတ်ပါ – ဖိလိပ္ပိ ၄း၄ – ၇။ "ဘုရားသခင်၏ငြိမ်သက်ခြင်း" ကိုမည်သို့ကြုံတွေ့ရမည်နည်း။**

နောက်တဖန် စည်းလုံးခြင်းလိုအပ်ကြောင်း (ဖိ ၄း၁ – ၃) တွင်၊ ပေါလုသည် အခြား ဥပဒေသတစ်ခု၊ သခင်ဘုရား၌ ဝမ်းမြောက်ခြင်းသို့ ရောက်သွား၏ (ဖိ ၄း၄ – ၇)၊ ဖြစ်ပေါ် လာသည်နှင့်ပင် စွေ့ခနဲအရည်ပျော် သွားတတ်သော အရာများအတွက် အကြိမ်မည်မျှ ပင် သင်ကြိုးပမ်းခဲ့ရသနည်း။ ယေရှုသည် အကြောင်းပြချက် ကောင်းစွာဖြင့် မည်သို့မျှ မစိုးရိမ်ရန် (မ ၆း၂၅ – ၃၄။ မ ၁၀း၉) နှင့် ပေတရုသည်လည်း စိုးရိမ်ခြင်းအမှုရှိ သမျှတို့ ကို "သတိနှင့်ကြည့်ရှုတော်မူသော" (၁ပေ ၅း၇) ကိုယ်တော်ထံ အပ်နှံရန် အသိပေး ထားသည်။ လောက တစ်ခွင်လုံး ဖြစ်ပျက်နေသော ရုန်းရင်းခတ်ခြင်းတို့သည် သခင် ဘုရားကြွလာခြင်း နီးကပ်လာကြောင်း စိတ် ထတက်သန်လာစေသည် (မ ၂၄း ၃၃။ လု ၂၁း၂၈။ ယာ ၅း၈)။

အရာခပ်သိမ်း၊ အခြေနေခပ်သိမ်း၌ စိုးရိမ်ပူပန်ခြင်း၏ ဖြေဆေးသည် ဆုတောင်း ခြင်းကို ပို့လွှတ်ခြင်း (ဖိ ၄း၆၊ ၇) ဖြစ်သည်။ ဆုတောင်းသောအခါ "ကျေးဇူးတော် ချီးမွမ်း ခြင်း" ဖြင့်တောင်း၍ မိမိတို့၏ ဆုတောင်း ခြင်းအဖြေအား လက်တွေ့မမြင်ရမီ ကတည်း ကပင် ထိုဆုတောင်းခြင်းအပေါ်တွင် ယုံကြည်လှုပ်ရှားရမည်။ ဖြည့်စွက်ထားသည့် စာ လုံး "အသနားခံလျှောက်ထားခြင်း" (*deesis*) သည် လွန်ကဲခြင်း၊ အရေးပေါ် ခြင်း (လု ၁း၁၃။ ဖိ ၁း၁၉။ ၁တိ ၅း၅။ ယာ ၅း၁၆) တို့ဖြစ်သည်။

ကျွန်ုပ်တို့၏ ဆုတောင်းခြင်းတို့သည် တောင်းခံခြင်းသာ ဖြစ်နေရာ၊ မိမိတို့၏ အသနားခံလွှာတို့သည် "အလိုတော်နှင့်အညီ" (၁ယော ၅း၁၄) တောင်းလျှောက် သမျှ ကာလ နားညောင်းတော်မူလိမ့်မည်။ သို့ပြုလျှင် အသနားခံလွှာအားလုံးသည် ထာဝရ ဘုရား ၏ လက်တော်တွင် ရှိသည်ကိုသိလျက် ငြိမ်သက်စွာ အနားယူရ ပါမည်။

**ထာဝရဘုရား၏ ငြိမ်သက်ခြင်းအား သိကျွမ်းခြင်းကို အောက်ပါကျမ်းချက်တို့မှ မည်သို့ချဲ့ထွင်ပေးသနည်း။** ဆာ ၂၉း ၁၁။ ဟေရှာ ၉း၆။ လု ၂း၂၄။ ယောဟန် ၁၄း၂၇။ ၁ကော ၁၄း ၃၃။

ထာဝရဘုရား၏ ငြိမ်သက်ခြင်းသည် လောကလူသားမှ မပေးစွမ်းနိုင်သောအရာ၊ ယေရှုခရစ်တော် အားဖြင့် ပေးတော်မူသော အသက်ထာဝရဆုလာဘ်အား အာမခံ ရရှိ သော ငြိမ်သက်ခြင်းဖြစ်သည် (ရောမ ၅း၁။ ၆း၂၃)။ ထိုငြိမ်သက်ခြင်းသည် အသက် တာ ထောင့်စုံအားခြုံငုံ၍ "အဘယ်သူမျှ ကြံ၍မမီနိုင်သော" (ဖိ ၄း၇) ငြိမ်သက်ခြင်း ဖြစ်သည် ဆို၏။ စိတ်နှလုံးအားဖြင့် ကြံဆမမီသော၊ ဂရိဘာသာ (*nous*) (စိတ်) ကို အသုံးပြုထားသည်။

**"ထာဝရဘုရား၏ငြိမ်သက်ခြင်း" ကို ကြုံတွေ့ရခြင်းကို သူတစ်ပါးအားမည်သို့ရှင်းပြနိုင်မည်နည်း။**

## ဤသည်တို့ကိုနှလုံးသွင်းကြလော့

အဘယ်သူမျှ ကြံ၍မမီနိုင်သော ငြိမ်သက်ခြင်းသည် "ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးကို စောင့်မလိမ့်မည်" (ဖိ ၄း၇)။ ကျွန်ုပ်၏အတွင်းဘဝသည် အကာအကွယ် လိုအပ်၏။ ဖိ ၄း၇ တွင် ဘုရားသခင်၏ ငြိမ်သက်ဖြင်းကို စစ်ရေး အလင်္ကာ ဖြင့် ဖော်ပြ၏။ ဂရိကြိယာ (*phroureo*) သည် မြို့တစ်မြို့အားကျူးကျော်လာ သူမှ ကာကွယ်သောမြို့စောင့်တပ်သားများဟု အနက်ရှိ စကားလုံးဖြစ်၏ (၂ကော ၁၁း၃၂။ တ ၉း၂၄)။

အလွန်အရေးပါသော အတွင်းငြိမ်သက်ခြင်းအသွင်အပြင်သည် ထာဝရဘုရား၏ အလိုတော်နှင့်အညီ နေထိုင်ခြင်း ဖြစ်သည်။ "တရားတော်ကို နှစ်သက်သောသူတို့၌ ကြီးစွာသော ငြိမ်သက်ခြင်းရှိ၏" (ဆာ ၁၁၉း၁၆၅)။

**ဖတ်ပါ – ဖိလိပ္ပိ ၄း၈၊ ၉။ မည်ကဲ့သို့တိကျသောဆောင်ရွက်မှုများပြုလုပ်ရန် တိုက်တွန်းထားသနည်း။**

ပေါလုသည် ဖိလိပ္ပိ ၄း၈၊ ၉ ကို "ကြွင်းသေးသောစကား" ဖြင့် အစပြု၍ သူတော်ကောင်း တရား ခြောက်ပါးတို့လိုက်လာရာ၊ ၎င်းတို့ကို အကျဉ်းချုပ်လျက် ပေါလု၏ စံနမူနာအားအတုယူနိုင်ရန် အားပေးတိုက်တွန်းထားသည်။ အဆုံးသတ်တွင် ယဉ်ကျေးမှုပေါင်းစုံဖြင့် အားပေးတိုက်တွန်းခြင်းသည် ဖိလိပ္ပိလူတို့၏ ဂရိ – ရောမလောက၏ သတ်မှတ်ခြင်းနှင့်ပင် အံဝင်ဂွင်ကျဖြစ်သည်။ ကျမ်းစာဆိုင်ရာ သူတော်ကောင်း တရားများ အားဇဟိုပြုထားသည်တိုင်၊ ပေါလုသည် ဂရိ – သူတော်ကောင်း တရားတွင် အခြေခံအကျဆုံးသော တရားလေးမျိုးတို့ကို ချန်လှပ်ထားသည်မှာ မှတ်သားဖွယ်ကောင်း၏ (ဆင်ခြင်ခြင်း၊ မျှတခြင်း၊ ချုပ်တည်းခြင်း နှင့် သတ္တိတို့ဖြစ်သည်)။

၁။ စစ်မှန်ခြင်း။ အမှတ်တမဲ့ဖြင့်မဟုတ်ပါ။ စာရင်းပြုစုရာတွင် သမ္မာတရား၏ ကျမ်းစာ အခြေခံတရားသည် ယေရှုဖြစ်သည်။ (ငါအမှန်ဆိုသည်ကား) ဓမ္မသစ်ကျမ်း လျှောက် သည် ကြိမ်ဖန်များစွာဖော်ပြ၏ (တ ၂၆း၂၅။ ရောမ ၁း၁၈။ ၁ကော ၁၃း၆။ ၂ ကော ၄း၂။ ဧ၊ ၄း၁၅။ ယာ ၁း၁၈။ ၁ပေ ၁း၂၂။ ၁ယော ၂း၂၁)။

၂။ မြင့်မြတ်ခြင်း။ ဂရိဘာသာတွင်မူ တစ်ကိုယ်ရေကောင်းမြတ်ခြင်းဖြစ်၍ (၁ တိ ၃း၈၊ ၁၁။ တိတု ၂း၂) ရှိသေလေးစားခြင်းဟု အနက်ပြန်ဆိုထားသည်။

၃။ မှန်ကန်ခြင်း။ ဤသူတော်ကောင်းတရားအား ထာဝရဘုရား၏ ဖြောင့်မတ်သော ဝိသေသလက္ခဏာ တော်ဖြင့် အနက်ဖွင့်ထားသည် (ဖိ ၁း၇)။

၄။ စင်ကြယ်ခြင်း။ အတွေးခေါ်နှင့် လုပ်ရပ်တို့သည်၊ ယုံကြည်ခြင်းဖြင့်ရရှိ ထားသော ဘုရားသခင်၏ဖြောင့်မတ်စေခြင်းကျေးဇူးတော်မှစီးဆင်းလာမည် (၁ယော ၃း၃)။

၅။ ချစ်စဖွယ်။ လှပခြင်းသည်ဘုရားသခင်၏ဖန်းဆင်းခြင်းတွင်ကျယ်ပြန့်စွာတွေ့ရ၏။

၆။ နှစ်လိုဖွယ်။ "ကြင်နာခြင်း၊ ထူးချွန်ခြင်း နှင့်ယဉ်ကျေးခြင်း။"

ပေါလုသည်အရည်အသွေးနှစ်ခုထပ်ပေးရာ၊ အထက်ပါ သူတော်ကောင်းတရားတို့တွင် နတ်စားဝါဒီ အနက်ပင် ယိုးစွပ်နိုင်ချေရှိ၍ "ချီးမွမ်းဖွယ်သော အကျင့်ရှိသမျှ တို့ကို" (ဖိ ၄း၈) ဤကောင်းကင်တရားတို့ကို နှလုံးသွင်းကြရပါမည်။ သံသယ အားလုံးနှင့် နားလည်မှုလွဲနိုင်ချေရှိသောအရာတို့ကို ဖယ်ရှားနိုင်ရန်၊ မိမိတို့ သင်ယူ ကြားသိမြင်ရသော ပေါလု၏ပုံသက်သေများအား လက်တွေ့ကျင့်သုံးရန် ခေါ်နေသည် (ဖိ ၄း၉)၊

## ကျေနပ်မှုအတွက်သော့ချက်များ

**ဖတ်ပါ – ဖိလိပ္ပိ ၄း၁၀ – ၁၃၊ ၁၉။ ရှင်ပေါလုသည် ကျေနပ်ရျပျော်ရွှင်သောအသက်တာ၏ မည်သည့် သော့ချက်များ ဖော်ပြသနည်း။**

လွန်ကဲသောအခြေအနေများ (အငတ်ဘေး၊ ဖျားနာခြင်း၊ ဒဏ်ရာရခြင်း၊ ဆုံးရှုံးခြင်း) ကျရောက်သော် လူသည်ခံစားခဲ့ရပြီးသော ကောင်းချီးမင်္ဂလာများအပေါ် တွေးတောဆင်ခြင်ကြ၏။ မိမိတို့သည် "နှိမ့်ချခံရခြင်း၊ လိုအပ်နေခြင်း၊ ဘာမှမရှိခြင်း" (ဖိ ၄း၁၂) ကြုံရခြင်းသည် ထိုအခါသမယသို့ မိမိယုံကြည်ခြင်းရောက်သော အချိန်ဖြစ်၏။

ဗိုလ်ာစွာဖြင့် "ကြွယ်ဝခြင်းကိုခံစားရသော်" ထိုအရာတို့သည် ပျောက်တတ်သော အရာကြောင်းမှတ်ထားသင့်၏ (သု ၂၃း၅)။ ယောဘရော ပေါလုကပါ သတိပေးသည်မှာ၊ မိမိမွေးဖွားလာရာတွင် မည်သည့်မျှ ယူဆောင်မလာကြောင်း နှင့် သင်ချိုင်း သို့လည်းမည်သည့်မျှ ယူမသွားနိုင်ကြောင်းသိရသည် (ယောဘ ၁း၂၁။ ၁တိ ၆း၇)။

အောက်ပါကျမ်းချက်တို့အားသတိပြုပါ။

- ဆာလံ ၂၃း၁— "ထာဝရဘုရားသည်ငါ၏သိုးထိန်းဖြစ်မူ၏။ ငါသည်ဆင်းရဲမခံရ။"
- မဿဲ ၆း၃၂ — "ထိုအရာများအား အသုံးလိုကြောင်း ကောင်းကင်ဘုံရှိ သင်တို့အဘ သိတော်မူ၏"
- ၁ပေ ၅း၇ — "သင်တို့၌စိုးရိမ်ခြင်းအမှုရှိသမျှတို့ကို ကိုယ်တော်၌အပ်နှံကြလော့"
- ဖိ ၄း၁၉— "ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသော စည်းစိမ်ရှိသည်အတိုင်း သင်တို့အလိုရှိသမျှတို့ကိုယေရှုခရစ်အားဖြင့် ပြည့်စုံစေ မည်။

အံ့ဘွယ်အကောင်းဆုံးသည် "ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသော အမှုတို့ကို ငါတတ်စွမ်းနိုင်၏" (ဖိ ၄း၁၃)၊ ခပ်သိမ်းသော အမှုအား စုံလင်စွာ မိမိတို့က ဖမ်းမဆုပ်နိုင်ပါ။ ဘုရားထံတော်မှ မစခြင်းနှင့် ကူညီခြင်း တောင်းဆိုရာတွင် သူ့အလိုတော်နှင့်ညီထွေစွာ တောင်းဆိုရပါမည်။ သူ့အလို တော်နှင့်ညီထွေသည်ကို သိလျက်နှင့် မတောင်းခဲ့သည်များလည်း ရှိ၏။ ယာကုပ် ၄း၂ တွင် "တပ်မက် ၍မရ၊ ဆုမတောင်းဘဲနေကြ၏" ဟုဆို၏။

အောက်ပါတို့သည် ဘုရားသခင်၏အလိုတော်နှင့်ညီထွေသောကြောင့် ယုံကြည်စိတ်ချစွာ တောင်းဆို နိုင်သည်။

- ချစ်ရသူနှင့် မိတ်ဆွေတစ်ဦး ကယ်တင်ခြင်းရရှိနိုင်ရန် (၁တိ၊ ၃၊ ၄)။
- မိမိ၏ယုံကြည်ခြင်းကိုဝေမျှရန် ရဲဝင့်ခြင်းသတ္တိ၊ (ဗျာ၊ ၂၂း ၁၇)
- အပြစ်ဝန်ချသောအခါလွတ်ငြိမ်းခြင်းနှင့်အမှားများကျော်လွှားနိုင်းခြင်း(၁ယော ၁း၉)
- ဘုရား၏ပညတ်တော်ကိုနာခံနိုင်သောခွန်အား (ဟေဗြဲ ၁၃း၂၀၊၂၁)
- မိမိတို့အား မထီလေးစားပြု မုန်းတီးသူတို့အား ချစ်နိုင်ခြင်း (မ ၅း၄၄)
- စိန်ခေါ်မှုအခြေအနေအတွက် ဉာဏ်ပညာ (ယာ ၁း၅)
- ဘုရားသခင့်နှုတ်ကပတ်တော်၏ သမ္မာတရားအား သိကျွမ်းရန် (ယော ၈း၂)

**သင်ဆုတောင်းလျှောက်ခဲ့သောအရာများ မရသေးသည်များ နှင့် ဘယ်တော့မှလည်း ရမည်မဟုတ် သည်များ အားမည်သို့ပြုသနည်း။**

**ထပ်မံစဉ်းစားရန်။** "ကရုဏာတော်၏ထောက်မခြင်းကို အစဉ်ရရှိသောသူတို့သာလျှင် မိမိတို့၏ နေ့စဉ်လိုအပ်သည်များနှင့် စားသောက်လောက်ခြင်းကို ထိုတန်ခိုးတော်အားဖြင့် ရရှိလိမ့်မည်။ သူတို့သည် ဘုရားသခင်၌သာ တည်မြဲနေပါက၊ နေ့စဉ်ဝိညာဉ်ရေး စွမ်းအား၏အထူးလက်ဆောင်ကိုရရန် အနာဂတ်ကို မျှော်တွေးနေသည်ထက် သူတို့ကိုယ်တိုင်သည် ဘုရား၏အသုံးတော်ခံအိုးခွက်များဖြစ်လာကြကာ၊ ဝိညာဉ်ရိတ်သိမ်းခြင်းအတွက် အံ့အားသင့်စွာ အံ့ဝင်ဂွင်ကျသွားလိမ့်မည်။ ၎င်းတို့လက်လှမ်းမီသလောက်အတွင်း အမှုဆောင်နိုင်ခြင်း အခွင့်အလမ်း ပိုမို ရရှိလိမ့်မည်။ ထိုသူတို့သည် သိမ်ငယ်စွာမိမိအိမ်၌ပင် လုပ်ဆောင်နေရသည်ဖြစ်စေ၊ ပြည်သူအများထဲ၌ပင် ဖြစ်စေ သခင် အတွက် နေ့စဉ် သက်သေခံနေကြပါသည်။

ခရစ်တော်သည်မိမိ၏ လောကသက်တော်စဉ်အတွင်း ခမည်းတော်၏ ကရုဏာကို ရှာဖွေသဖြင့် ဘုရားသခင်နှင့်ပေါင်းသင်းခြင်းဖြင့် သူတပါးတို့အားခွန်အားပေးကာ ကောင်းချီးပါပေးသည်နည်းတူ ဆက်ကပ် သောအမှုဆောင်တစ်ဦးသည်လည်း နှစ်သိမ့်ခြင်းမျှော်လင့်စရာရှိ၏။ ခရစ်တော်၏ သရုပ်ပြခြင်းတို့ ဘုရားသခင် မှ ကတိအား လိုက်လျှောသောသူတို့သည် လောက၏ရိတ်သိမ်းခြင်းအတွက် အသင်းတော်အားထားသော တန်ခိုးတော်ကိုရရှိလိမ့်မည်။" Ellen G. White, God's Amazing Grace, p. 117.

"ဘုရားသည် မိမိတို့လိုအပ်သည်ကိုသိ၍ ပြင်ဆင်ပေး၏။ ကိုယ်တော်သည် သူ့သားသမီးများအတွက် ရတနာသိုက်ရှိ၍ သူတို့လိုအပ်သည်များအား အချိန်မရွေး ပေးနိုင်၏။ သို့ဖြစ်၍ အဘယ်ကြောင့် မယုံနိုင်ကြ သနည်း။ တရားတော် အပေါ်သစ္စာစောင့်သိသူတို့အတွက် တန်ဖိုးရှိသော ကတိတော်များရှိ၏။ သူမဖယ်ရှားနိုင် သောဝန်ထုပ်မရှိ၊ သူမနှင်ချနိုင်သော မှောက်မိုက်မရှိ၊ သူ တန်ခိုးမဖြစ်စေနိုင်သော အားနည်းခြင်းမရှိ၊ သူမငြိမ်သက်စေနိုင်သောအန္တရာယ်မရှိ၊ သူဦးမစီးနိုင်သောလိုအင်ဆန္ဒမရှိပါ။"

"မိမိကိုယ်ကိုမကြည့်ရပါ။ မိမိမစုံလင်သည်ကို စိတ်သိုမှီးထားလေလေ၊ ၎င်းကို အနိုင်ယူနိုင်မည့်အား သည်လျော့နည်းလေလေပင်ဖြစ်၏။" - Ellen G. White, *That I May Know Him*, p. 224.

**ဆွေးနွေးရန်မေးခွန်းများ –**

**၁** **အတောက်ပဆုံးသော ပြည့်စုံခဲ့သည့် သင့်ဆုတောင်းချက်ကို စိတ်သိုမှီးပါ။ သင့်အသိဉာဏ်ထက် ကျော်လွန်သော ဘုရား၏ငြိမ်သက်ခြင်းကို မည်သို့ကြုံတွေ့စေသနည်း။ နားညောင်းမခံရသော သင့်ဆုတောင်း ချက်များအကြောင်းတွေးကြည့်ပါ။ ကတိတော်ငြိမ်သက်ခြင်းကိုသင် မည်သို့ခံစားနေရသနည်း။**

**၂** **ဖိလိပ္ပိ၊ ၄း၈နှင့်ပတ်သက်သည်များအတွက် မည်သို့ အချိန်ယူတွေးတောသနည်း။ ကိုယ်တော်နှင့်တွဲသွားလျက် သင့်ယုံကြည်ခြင်းအားဖြည့်ပေးသည်ကိုမည်သို့ထင်မြင်သနည်း။**

**၃** **အပေါ်ကနောက်ဆုံးစာကြောင်းကို ပြန်ဆွေးနွေးပါ။ "မိမိမစုံလင်သည်ကို စိတ်သိုမှီးထားလေလေ၊ ၎င်းကို အနိုင်ယူနိုင်မည့်အားသည် လျော့နည်းလေလေပင်ဖြစ်၏။" အောင်မြင်နိုင်သော သော့ချက်သည် မည်သည်နည်း။**

# ချမ်းသာသော မြော်လင့်ခြင်းအသင်းသားဖြစ်လာခြင်း

လူငယ်လေး ရေးနီ သည် SDA အကြောင်းအရာ အားလုံးကို နှစ်သက်သဘောကျသည်။ သူ၏ ဇာတိဖိလစ်ပိုင်ပြည်နယ်တွင် ချမ်းသာသူအားလုံးသည် SDA အသင်းသားများ ဖြစ်ပုံရသည်။ ၎င်းတို့တွင် ဆန်စပါးခင်းကြီးများရှိပြီး ကောင်းမွန်သောနေ့စဉ်ဘဝရှိကြသည်။ ရေးနီသည် ထိုကဲ့သို့သော ဘဝပုံစံကို လိုလားခဲ့သည်။

တစ်နေ့တွင် SDA အသင်းသားကလေးငယ်များက သူ့ကို သမ္မာကျမ်းစာဖတ်ရန် ဖိတ်ခေါ်ခဲ့သည်။ ထို့နောက် သူ့ဖခင်၏အလုပ်ရှင် SDA အသင်းသား လယ်သမား ၏ သားကသူ့ကို ဥပုသ်စာဖြေကျောင်းနှင့် ဘုရားကျောင်းသို့ ဖိတ်ခေါ်ခဲ့၏။

ပထမဆုံးအကြိမ်အဖြစ် ရေးနီသည် ဥပုသ်နေ့အကြောင်း ကြားသိခဲ့၏။ SDA အသင်းသား ကလေးများ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်ကိုလည်း သူသတိပြုမိ၏။ သူတို့သည် ကျိန်ဆဲခြင်းမပြုသည်ကို သူနှစ်သက်၏။ ထိုသို့ ဖြစ်လိုခဲ့သည်။ အသက် ၁၂ နှစ်တွင် သူသည် ဗတ္တိဇံခံယူပြီး SDA အသင်းတော်သို့ ဝင်ရောက်ခဲ့သည်။

သူသည် ချမ်းသာမလာခဲ့ပေ၊ သူ၏ဘဝသည် ပိုမိုဆိုးရွားလာ၏။ သူ၏ယုံကြည်ခြင်းကြောင့် သူ့မိသားစုက သူ့ကိုမထီမဲ့မြင်ပြုကာ သူ၏ပညာရေးကို ထောက်ပံ့ မပေးတော့ပေ။ အသက် ၁၆ နှစ်တွင် သူသည် အသင်းတော်ကို စွန့်လွှတ်ပြီး သူ၏ဖခင်နှင့်အတူ စပါးခင်းတွင် အလုပ် လုပ်ခဲ့သည်။ သူသည် လောင်းကစားခြင်း၊ အရက်၊ ဆေးလိပ် နှင့် မသန့်ရှင်းသော အစား အစာများကို စားသောက် ခဲ့သည်။

နှစ်နှစ်ကြာပြီး၊ အသက် ၁၇ နှစ်အရွယ် ရိုးဒယ် ဆိုသူတစ်ဦးက တံခါးလာ ခေါက်သည်။ "ကျွန်တော်က သာသနာပြုတစ်ဦးပါ" ဟု ရေးနီ၏မိခင်ကို ပြောသည်။ "ဝင်လာ လို့ ရမလား။"

"ဘယ်လိုသာသနာပြုလဲ။" သူမကမေးသည်။ "1000 Missionary Movement" ဟု သူက ပြော၏။ "အဲဒါက ဘာလဲ။" သူမ မေးလိုက်၏။ "ကျွန်တော်က SDA သာသနာပြုပါ။"

"အိုး၊ ကျွန်မသားက SDA အသင်းသားတစ်တစ်ဦးပါ၊ ဒါပေမယ့် သူက ယုံကြည်ခြင်းမှ နောက်ဆုတ်သွားပြီ။" ... "သူဘယ်မှာလဲ။" ... "သူအိပ်နေတယ်။"

မိခင်က ရိုးဒယ်ကို သူ့ထံသို့ ခေါ်သွားသည်။ "မိတ်ဆွေ၊ ဘာကြောင့် SDA အသင်းသား အဖြစ် ကနေ ရပ်လိုက်တာလဲ။" ရိုးဒယ်ကမေး၏။

"မင်းကို ဘုရားကျောင်းကို ဖိတ်ခေါ်လို့ရမလား။" "မဖြစ်နိုင်ဘူး။ ကျွန်တော် မသွားနိုင်ဘူး။" ရိုးဒယ် ထွက်သွားခဲ့သည်။ တစ်နှစ်ခွဲ အကြာ၊ ရေးနီအသက် ၂၀ တွင် သူ ပြန်လာခဲ့သည်။

ရိုးဒယ်သည် ရေးနီကို ဘုရားကျောင်းသို့လာရန် မဖျောင်းဖျ ခဲ့ပေ။ သူသည် ရိုးရှင်းစွာ သူနှင့်မိတ်ဆွေဖွဲ့ခဲ့သည်။ ၎င်းတို့သည် အတူတကွ ငါးဖမ်းထွက်ကြ၏။ ခဏကြာပြီးနောက်၊ ရေးနီ သည် ဥပုသ်နေ့များ တွင် ဘုရားကျောင်းသို့ ပြန်လည်ရောက်ရှိလာသည် ကိုတွေ့ရသည်။



ရေးနီတူကာလ်ဒိုသည် 1000 Missionary Movement ၏ ဘဏ္ဍာရေး အရာရှိချုပ်ဖြစ်၏၊ ၎င်း၏ ဌာနချုပ်သည် ဖိလစ်ပိုင်နိုင်ငံ၊ ဆီလန်တွင်ရှိပြီး ၁၉၉၆ ခုနှစ် ၁၁ ပတ်အလှူငွေဖြင့် တည်ဆောက် ခဲ့သည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ဖိလိပ္ပိ ၄း၆။

**လေ့လာမှုဦးတည်ချက်။** ဖိလိပ္ပိ ၃း၁၇–၄း၂၃။

ယေရှုနှင့် တမန်တော်များသည် ခရစ်ယာန်များကို မတူညီသော နယ်ပယ်နှစ်ခုတွင် တပြိုင်နက်နေထိုင်သူများအဖြစ် ဖော်ပြသည်။ ယေရှုက "ကဲသာဘုရင်၏ ဥစ္စာကို ကဲသာ ဘုရင်အား ဆက်ပေးကြလော့။ ဘုရားသခင်၏ ဥစ္စာကိုကား ဘုရားသခင်အား ဆက်ပေးကြလော့" ဟု မိန့်တော်မူခဲ့သည် (မ ၂၂း၂၁)။ လူသားများဖြစ်သော်လည်း၊ ယုံကြည်သူများသည် ၎င်းတို့၏ ကောင်းကင်နိုင်ငံသားဖြစ်မှု၏ အခွင့်အရေးအချို့ကို ယခုကတည်းက ခံစားနိုင်သည်ကို အမြဲသတိရရမည်။ ထို့ထက်ပို၍ ၎င်းတို့သည် ခရစ်တော်နှင့် ပေါင်းစည်းမှု၏ အမှတ်အသားအဖြစ် ဤအကျိုးကျေးဇူးများကို ရှာဖွေရန် သတိပေးခံရသည်။ "သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်၊ ဘုရားသခင်၏ လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာအရပ်၌ရှိသော အထက်အရာတို့ကို ရှာကြလော့။" (ကော ၃း၁)။

ကောင်းကင် ခနသဟာယ အဖွဲ့ဝင်များ အနေဖြင့်၊ ကျွန်ုပ်တို့သည် "ခေါ်တော်မူခြင်းကျေးဇူးတော်ကို သင်တို့သည် ခံရသည်နှင့် အထိုက်အလျောက် ကျင့်ဆောင်မည် အကြောင်း" (ဧ ၄း၁) တိုက်တွန်း၏။ ဤခေါ်သံတွင် ခရစ်တော်အတွက် ကျွန်ုပ်တို့၏ အလုပ်တွင် ရင်ဆိုင်ရသော အခက်အခဲများကို မဖြစ်စေဘဲ၊ ကောင်းကင်မြို့တော်သည် ကျွန်ုပ်တို့၏ သေချာသောအိမ်ဖြစ်သည်ကို သိရှိထားပြီး ဝမ်းမြောက်မှုနှင့် ငြိမ်သက်မှုဖြင့် နေထိုင်ခြင်း ပါဝင်သည် (ဟေဗြဲ ၁၃း၁၄)။ ယုံကြည်ခြင်းအားဖြင့် အာဗြဟံသည် "အကြောင်းမူကား၊ ဘုရားသခင် တည်ထောင်ပြုစုတော်မူသော၊ နိုင်ခံ့မြဲမြံသောမြို့ကိုမြော်လင့် သတည်း။" (ဟေဗြဲ ၁၁း၁၀)။ ကျွန်ုပ်တို့အတွက် "ထိုအမွေတော်သည်ကား၊ နောက်ဆုံးသောကာလ၌ ထင်ရှားစေခြင်းငှါ ပြင်ဆင်သော ကယ်တင်ခြင်းသို့ ရောက်စေမည်အကြောင်း" (၁ပေ ၁း၄)တည်း။

ဤအပတ်သင်ခန်းစာသည် အဓိကအကြောင်းအရာသုံးခုကို အလေးပေးဖော်ပြ၏။

၁။ ကောင်းကင် ခနသဟာယ အဖွဲ့ဝင်များသည် ရင့်ကျက်စွာနေထိုင်ပြီး၊ အတုယူထိုက်သော ပုံသက်သေများအဖြစ် ဆောင်ရွက်ကြသည်။

၂။ ခရစ်ယာန်ဝမ်းမြောက်မှုသည် ငြိမ်သက်မှုကဲ့သို့ပင်၊ ပြင်ပအခြေအနေများပေါ်တွင် မမှီခိုဘဲ၊ ခရစ်တော်အားဖြင့် ဘုရားသခင်နှင့် နီးကပ်သောဆက်ဆံရေးတွင် အမြစ်တွယ်နေသည်။

၃။ ဤမငြိမ်မသက်သောကမ္ဘာတွင်ပင် ဝမ်းမြောက်မှုနှင့် ရောင့်ရဲသောဘဝသည် ဖြစ်နိုင်သော်လည်း၊ ၎င်းသည် သမ္မာကျမ်းစာနိယာမများကို နာခံမှုကို တောင်းဆို၏။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### သာဓက

ဒေါက်တာသောမတ်လမ်ဘီ ဆိုသူအကြောင်း ဇာတ်လမ်းတစ်ပုဒ်ရှိသည်။ သူသည် "ဆေးဘက်ဆိုင်ရာ သာသနာပြုအဖြစ် အီသီယိုးပီးယားသို့ သွားခဲ့သည်။ အချိန်အတန်ကြာ ပြီးနောက်၊ သူသည် သာသနာပြုစခန်းတစ်ခုအတွက် မြေကွက်ဝယ်ယူလိုခဲ့သည်။ အီသီယိုးပီးယားဥပဒေတစ်ခုက နိုင်ငံခြားသားများအား မြေကွက်ရောင်းချခွင့်မပြုဟု ပြဋ္ဌာန်းထားသည်။ ဒေါက်တာလမ်ဘီသည် ခရစ်တော်နှင့် အီသီယိုးပီးယားလူများအပေါ် ကြီးမားသော ချစ်ခြင်းမေတ္တာရှိခဲ့သောကြောင့်၊ သူ၏အမေရိကန်နိုင်ငံသားဖြစ်မှုကို စွန့်လွှတ်ပြီး အီသီယိုးပီးယားနိုင်ငံသားဖြစ်လာခဲ့သည်။ ထို့နောက် သူ၏လုပ်ငန်းအတွက် လိုအပ်သော မြေကွက်များကို ဝယ်ယူခဲ့သည်။"—Paul Lee Tan, *Encyclopedia of 7,700 Illustrations: Signs of the Times* (Garland, TX: Bible Communications, Inc., 1996), p. 1176. ထိုနည်းတူ၊ ယုံကြည်သူများသည် ခရစ်တော်အပေါ် ၎င်းတို့၏ ချစ်ခြင်းမေတ္တာကြောင့်၊ ကောင်းကင်နိုင်ငံသားဖြစ်မှုအတွက် ၎င်းတို့၏ လောကီ နိုင်ငံသားဖြစ်မှုကို စွန့်လွှတ်ရန် ဆန္ဒရှိသူများဖြစ်သည်။ ၎င်းတို့သည် မိမိကိုယ်ကို "ဤလောက၌ ဧည့်သည်နှင့် ဘုရားဖူးများ" အဖြစ် မြင်ကြသည် (ဟေဗြဲ ၁၁း၁၃)။

### ကောင်းကင်ဝနိုင်ငံသားအဖွဲ့ဝင်များ

ရှင်ပေါလုက ခရစ်ယာန်ခေါင်းဆောင်များသည် အခြားသူများက အတုယူသင့်သော ပုံစံများ သို့မဟုတ် ဥပမာများဖြစ်သင့်သည်ဟု အကြံပြုသည် (ဖိ ၃း၁၇)။ ဤအယူအဆသည် "ခရစ်တော်၏လက်ဝါးကပ်တိုင်ကို ရန်သူများ" အဖြစ်ဖော်ပြထားသော မမှန်ကန်သော ဆရာများ၏ အပြုအမူနှင့် ဆန့်ကျင်ဘက်ဖြစ်သည် (ဖိ ၃း၁၈)။ ၎င်းတို့ကို ပျက်စီးခြင်းသို့ဦးတည်သူများ၊ ၎င်းတို့၏စိတ်ဆန္ဒများကို ကိုးကွယ်သူများ၊ "၎င်းတို့၏အရှက်တရားတွင် ဂုဏ်ယူပြီး၊ လောကီအရာများကို စိတ်ထားသူများ" အဖြစ် ထပ်မံဖော်ပြထားသည် (ဖိ ၃း၁၉)။ ဆန့်ကျင်ဘက်အားဖြင့်၊ ခရစ်ယာန်များသည် ၎င်းတို့၏ "နိုင်ငံသားဖြစ်မှုသည် ကောင်းကင်တွင်ရှိသည်" (ဖိ ၃း၂၀) ကို သတိပြုရမည်ဖြစ်ပြီး ထိုအတိုင်း အသက်ရှင်ရမည်။

ဖိလိပ္ပိ ၃း၁၇ တွင် "ပုံသက်သေ" ဟု ဘာသာပြန်သော ဂရိစကားလုံးမှာ *symmimētēs* ဖြစ်သည်။ ၎င်းသည် ဓမ္မသစ်ကျမ်းတွင် တစ်ကြိမ်သာ ဖော်ပြပြီး၊ ရှင်ပေါလုက အလွန်တိကျပြီး ထူးခြားသော သတင်းစကားကို ဖော်ပြရန် ဤစကားလုံးကို ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ခဲ့သည်ဟု ညွှန်ပြသည်။ စကားလုံးအရ ဘာသာပြန်လျှင် ၎င်းသည် "အတူတကွတုပသူ၊" တစ်စုံတစ်ဦးသည် "အခြားသူများနှင့်အတူ တုပသူအဖြစ် ပါဝင်သူ" ဟုအဓိပ္ပာယ်ရသည်။ — William F. Arndt, et al., *A Greek-English Lexicon of the New Testament and Other Early Christian Literature* (Chicago: University

of Chicago Press, 2000), p. 958. တကယ်တော့၊ ရှင်ပေါလုက ဤစကားလုံးကို ဖန်တီးခဲ့ပြီး "သူ၏ဥပမာကို လိုက်နာရာတွင် အုပ်စုလိုက်အားထုတ်မှုရှိရန် သူ၏ဆန္ဒကို အလေးပေးရန် – ငါ့ကို အားလုံးအတူတကွ တုပလော့" ဟု ဖော်ပြခဲ့သည်။ — Gerald F. Hawthorne, *Philippians*, Word Biblical Commentary, vol. 43 (Dallas: Word, Inc., 2004), p. 217. ဤအယူအဆသည် ၁ ကောရိန္သု ၁၁း၁ တွင် ရှင်ပေါလု ပြောသည့်အရာနှင့် ဆင်တူသည်၊ "ငါသည် ခရစ်တော်၏နည်းတူကျင့်သကဲ့သို့ သင်တို့လည်း ငါ့နည်းတူ ကျင့်ကြလော့"။ နောက်ဆုံးတွင်၊ ခရစ်တော်သည် ခရစ်ယာန်များအတွက် ပြီးပြည့်စုံသော စံပြဖြစ် သည်။ ခရစ်တော်ထဲတွင်၊ ယုံကြည်သူများသည် ၁ သက်သာလောနိတ် ၂း၁၄ တွင် ရှင်ပေါလု ဖော်ပြသည့်အတိုင်း အခြားသူများအတွက် စံပြကောင်းများ ဖြစ်လာနိုင်သည်၊ "သင်တို့သည် မိမိတို့ အမျိုးသားချင်းတို့ လက်မှ ထိုနည်းတူခံရသောအားဖြင့်၊ ယုဒပြည်၌ရှိသော တပည့်တော် ကဲ့သို့သောသူ ဖြစ်ကြ၏။"

ကောင်းကင်နိုင်ငံသားများအနေဖြင့်၊ ကျွန်ုပ်တို့သည် ရည်ရွယ်ချက်ဖြင့် အသက်ရှင်ရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏မသေနိုင်သောခန္ဓာကိုယ်များကို ဘုန်းတန်ခိုးရှိသော ခန္ဓာကိုယ်များ အဖြစ် ပြောင်းလဲရန် ကယ်တင်ရှင်သည် ကောင်းကင်မှ ကြွလာမည်ဟူသော မျှော်လင့်ချက်ကို ဆုပ်ကိုင်ထားရမည် (ဖိ ၃း၂၀၊ ၂၁)။ ထိုနေ့ရောက်လာသည်အထိ၊ ကျွန်ုပ်တို့သည် သူ့ကို စောင့်မျှော်ရမည် (ဖိ ၃း၂၀)၊ သူ၌ ခိုင်မြဲစွာ ရပ်တည်ရမည် (ဖိ ၄း၁)၊ ကျွန်ုပ်တို့၏ ကောင်းကင် နိုင်ငံသားဖြစ်ခြင်းသည် လောကီနိုင်ငံသား ဖြစ်ခြင်းထက်များစွာ သာလွန်ကြောင်း အာမခံထားသည်။

## ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်း

ရှင်ပေါလုက ခရစ်ယာန်ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းသည် ပြင်ပအခြေအနေများပေါ်တွင် မမူတည်ကြောင်း သွန်သင်သည်။ သူသည် "သခင်ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက်ခြင်း ရှိကြလော့။ တဖန် ငါဆိုသည်ကား ဝမ်းမြောက်ကြလော့။" (ဖိ ၄း၄) ဟု အတည်ပြုသောအခါ ဤအချက်ကို ရှင်းလင်းစွာ ဖော်ပြသည်။ ကျွန်ုပ်တို့၏အတွေ့အကြုံအရ သိရှိသည့်အတိုင်း၊ အပြစ်ပြည့်နက်နေသော ဤလောကတွင် အမြဲတစေ ပြီးပြည့်စုံသော အခြေအနေများ အောက်တွင် အသက်ရှင်ရန် မဖြစ်နိုင်ပါ။ ထို့ကြောင့်၊ ဝမ်းမြောက်ခြင်းသည် ပြင်ပအခြေအနေ များပေါ်တွင် မူတည်နေပါက၊ ကျွန်ုပ်တို့သည် မည်သို့ အမြဲဝမ်းမြောက်နိုင်မည်နည်း။ တကယ်တော့၊ အမြဲဝမ်းမြောက်ခြင်းသည် "သခင်ဘုရား၌" သာဖြစ်နိုင်သည်။ ဤနေရာတွင် "ခရစ်ယာန်ဝမ်းမြောက်ခြင်း၏ မှန်ကန်သောအခြေခံနှင့် ၎င်းတိုးတက်သော နယ်ပယ်" ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။— *Philippians*, Word Biblical Commentary, vol. 43, p. 173.

သခင်ဘုရား၌ ဝမ်းမြောက်ရန် ခေါ်ဆိုခြင်းသည် ကောင်းသောအကြံဉာဏ် တစ်ခုမျှသာ မဟုတ် — ၎င်းသည် အမိန့်တစ်ခုဖြစ်သည်။ ဝမ်းမြောက်ခြင်းနှင့်အသက်ရှင်ရန် ရှင်ပေါလု

အတွက် အလွန်အရေးကြီးသောကြောင့်၊ သူသည် စာထဲတွင် သုံးကြိမ်ဖော်ပြခဲ့သည် (ဖိ ၃း၁။ ဖိ ၄း၄၊ ၁၀)။ သူ၏စာဖတ်သူအတွက် ဥပမာတစ်ခုအနေဖြင့် (ဖိ ၃း၁၇)၊ သူသည် ၎င်းတို့အား သခင်ဘုရား၌ ဝမ်းမြောက်ရန် တိုက်တွန်းနိုင်ခဲ့သည် (ဖိ ၃း၁။ ဖိ ၄း၄)၊ အကြောင်းမှာ သူ ကိုယ် တိုင်လည်း ထိုနည်းတူပြုလုပ်ခဲ့သည် (ဖိ ၁း၁၈။ ဖိ ၂း၁၇၊ ၁၈။ ဖိ ၄း၄)။ ဝမ်းမြောက်ခြင်းသည် ရှင်ပေါလု၏ဖိလိပ္ပိလူများထံသို့ရေးသော စာတွင် အဓိကအကြောင်းအရာ တစ်ခုဖြစ်သည်။ ဂရိစကားလုံး *chairo* ("ဝမ်းမြောက်ရန်") သည် ရှစ်ကြိမ်ပါရှိသည် (ဖိ ၁း၁၈ "နှစ်ကြိမ်"။ ၂း၁၇၊ ၁၈၊ ၂၈။ ၃း၁။ ၄း၄၊ ၁၀)၊ စကားလုံး *synchairō* ("အတူတကွ ဝမ်းမြောက်ရန်") သည် နှစ်ကြိမ် ပေါ်ပေါက်၏ (ဖိ ၂း၁၇၊ ၁၈)၊ နှင့် စကားလုံး *chara* ("ဝမ်းမြောက်ခြင်း") သည် ငါးကြိမ် ပေါ်ပေါက်၏ (ဖိ ၁း၄၊ ၂၅။ ၂း၂၊ ၂၉။ ၄း၁)။ ဤဝမ်းမြောက်ခြင်းသို့ ခေါ်ဆိုမှုကို ပို၍ထူးခြားစေသည် မှာ ဤစာကို ရေးသားသူသည် ထောင်ကျနေသူ ဖြစ်လေတော့သတည်း။

ခရစ်ယာန်ငြိမ်သက်ခြင်းသည် ဝမ်းမြောက်ခြင်းနှင့်အတူ ပြင်ပအခြေအနေများပေါ်တွင် မ မူတည်ပါ။ ယေရှုက "ငြိမ်သက်ခြင်းကို သင်တို့၌ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။ လောကီသားတို့ ပေးသကဲ့သို့ ငါပေးသည်မဟုတ်။" (ယော ၁၄း၂၇) ဟု မိန့်တော်မူသည်။ ထပ်မံ၍၊ ဤသို့သော ငြိမ်သက်ခြင်းသည် သခင်ဘုရား၌သာ ဖြစ်နိုင်သည်။ ယေရှုက "သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှါ ဤစကားကိုငါဟောပြောပြီ။" (ယော ၁၆း၃၃) ဟု မိန့်တော်မူသည်။ ထိုနည်းတူ၊ "ဘုရားသခင်၏ငြိမ်သက်ခြင်း" ဟူသော စကားစုကို အသုံးပြုသောအခါ၊ ရှင်ပေါလုက ဘုရားသခင်သည် ငြိမ်သက်ခြင်း၏ အရင်းအမြစ်ဖြစ်ကြောင်း ညွှန်ပြသည်။ ဤစကားစုသည် "ဘုရားသခင်ဖန်တီးသော ငြိမ်သက်ခြင်း" သို့မဟုတ် "ဘုရားသခင်ပေးသော ငြိမ်သက်ခြင်း" ဟုလည်း အဓိပ္ပာယ်ရှိနိုင်သည်။ အတိအကျ အဓိပ္ပာယ်မည်သို့ပင်ဖြစ်စေ၊ ယုံကြည်သူများသည် "သိမှုအားလုံးကို ကျော်လွန်သော" ငြိမ် သက်ခြင်းကို (ဖိ ၄း၇) ဘုရားသခင်နှင့် ၎င်းတို့၏ဆက်ဆံရေးမှ တစ်ဆင့်သာ တွေ့ကြုံခံစားနိုင် သည်။ ရှင်ပေါလုက ဘုရားသခင်၏ငြိမ်သက်ခြင်း (ဖိ ၄း၇) သည် "ငြိမ်သက်ခြင်း၏ ဘုရားသခင် သည် သင်တို့နှင့်အတူ ရှိနေမည်" (ဖိ ၄း၉) ဖြစ်သောကြောင့်သာ ဖြစ်နိုင်သည်ဟု ပြောလိမ့် မည်။ အတိုချုံးအားဖြင့်၊ ကောင်းကင်နိုင်ငံသား ဖြစ်မှုကို သတိရှိသော ယုံကြည်သူများသည် မည်သို့အသက်ရှင်ကြသနည်း။ ၎င်းတို့သည် ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းဖြင့် အသက်ရှင် ကြ သည်။

## ပျော်ရွှင်သောဘဝအတွက် လမ်းညွှန်ချက်များ

ပျော်ရွှင်သောဘဝသည် အမှတ်မထင် ဖြစ်ပေါ်လာသည်မဟုတ်ပါ။ အချို့သော မှုများကို လိုက်နာရန် လိုအပ်သောကြောင့် ရှင်ပေါလုသည် ဖိလိပ္ပိ ၄ တွင် လမ်းညွှန်ချက်များစွာကို အမိန့်ပုံစံဖြင့် ပေးထားသည်။

"သခင်ဘုရား၌ အမြဲဝမ်းမြောက်ကြလော့" (ဖိ ၄း၄)။ "ထပ်မံ၍ ငါပြောသည်မှာ၊ ဝမ်းမြောက်ကြလော့" (ဖိ ၄း၄) ဟူသော ထပ်ခါတလဲလဲပြောဆိုမှုသည် ဤအမိန့်ကို အလွန် လေးနက်စွာ လက်ခံရမည်ဟု ညွှန်ပြသည်။

"သင်တို့၏နူးညံ့သောသဘောကို လူအားလုံးသို့ ထင်ရှားစေကြလော့" (ဖိ ၄း၅)။ "နူးညံ့ခြင်း" (*epieikēs*) ဟု ဘာသာပြန်ထားသော ဂရိစကားလုံးသည် စိတ်ဝင်စားဖွယ်နှင့် ဘက်ပေါင်းစုံရှိသော ဝေါဟာရတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားသူများကို ဆက်ဆံပုံတွင် ၎င်းသည် ကြင်နာနူးညံ့ခြင်းကို ဆိုလိုပြီး၊ ဆက်ဆံရေးတွင် ယဉ်ကျေးသိမ်မွေ့ခြင်းနှင့် သည်းခံခြင်းကိုဆိုလို၏၊ ဥပဒေရေးရာအခြေအနေများတွင် သက်ညှာခြင်းကို ဆိုလို သည်။" —Grant R. Osborne, *Philippians: Verse by Verse*, Osborne New Testament Commentaries (Bellingham, WA: Lexham Press, 2017), p.167.

"မည်သည့်အရာကိုမျှ စိတ်မပူပန်ကြနှင့်" (ဖိ ၄း၆)။ ဤအမိန့်သည် ယေရှု၏သွန်သင်ချက် ဖြစ်သည့် " "သင်တို့၏ဘဝအကြောင်း စိတ်မပူပန်ကြလင့်" (မ ၆း၂၅၊ မ ၆း၂၇၊ ၂၈၊ ၃၁၊ ၃၄) ပေါ် တွင် အခြေခံထားဖွယ်ရှိသည်။ ဤအခြေအနေကို ရရှိရန် လွယ်ကူပုံ ပေါ်သည် မဟုတ်လား။ ရှင်ပေါလုက ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ ဆုတောင်းချက်များ၊ တောင်းပန်ချက်များ၊ ကျေးဇူးတော်ချီးမွမ်းခြင်းများ၊ နှင့် တောင်းဆိုချက်များကို တင်ပြခြင်းဖြင့် စိုးရိမ်ပူပန်မှုကို ကျော်လွှားနိုင်သည်ဟု အရိပ်အမြွက်ပြသည်။

"ကောင်းသော သိတင်းတပါးပါးနှင့် ဆိုင်သောအကျင့်တို့ကိုင်း၊ နလုံးသွင်းကြလော့။" (ဖိ ၄း၈)။ ရှင်ပေါလုက ကျွန်ုပ်တို့တွေးတောရမည့် ကောင်းသောအရာများစာရင်းကို ဖော်ပြထားသည်။ မှန်ကန်သောအရာများ၊ မြင့်မြတ်သောအရာများ၊ တရားမျှတသောအရာများ၊ ဖြူစင်သောအရာများ၊ ချစ်ဖွယ်ကောင်းသောအရာများ၊ နှင့် ကောင်းသောသတင်းများ။ သူက ဤ အရာများသည် ဖြောင့်မတ်ပြီး ချီးမွမ်းထိုက်သည်ဟု ထပ်လောင်းပြောသည်။

"သင်တို့သည် ငါ့ထံတွင် သင်ယူခဲ့သောအရာများ၊ လက်ခံခဲ့သောအရာများ၊ ကြားခဲ့သော အရာများနှင့် မြင်ခဲ့သောအရာများကို ပြုလုပ်ကြလော့" (ဖိ ၄း၉)။ ဆိုလိုသည်မှာ၊ ကောင်းသော ပုံစံ များ ကို လိုက်နာပါ။

ထပ်မံ၍၊ ဤလမ်းညွှန်ချက်များကို လိုက်နာခြင်း၏ရလဒ်သည် "ဘုရားသခင်၏ ငြိမ်သက်ခြင်း သည် . . . သင်တို့၏စိတ်နှလုံးများကို စောင့်ရှောက်မည်" (ဖိ ၄း၇) ဟူသော ထူးခြားသော ထုတ်ဖော်ပြောဆိုချက် မှတစ်ဆင့် တင်ပြထားသည်။ နှစ်ပိုဒ်အပြီးတွင်၊ တူလုနီးပါးဖြစ်သော ထုတ်ဖော်ပြောဆိုချက်တွင်၊ ရှင်ပေါလုက ဘုရားသခင်၏ ငြိမ်သက်ခြင်း သည် "ငြိမ်သက်ခြင်း၏ ဘုရားသခင်သည် သင်တို့နှင့်အတူ ရှိနေမည်" (ဖိ ၄း၉) ဖြစ်သော ကြောင့် သာ ဖြစ်နိုင်သည်ဟု ခိုင်မာစွာ အကြံပြုသည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

အောက်ပါ အကြောင်းအရာ များကို တွေးတော ဆင် ခြင်ပါ။ ထို့နောက် သင်၏ အတန်းသား

များအား ဤအပိုင်း၏အဆုံးရှိ မေးခွန်းများကို ဖြေဆိုရန် တောင်းဆိုပါ။

J. I. Packer က မှန်ကန်စွာ ပြောခဲ့သည်၊ "ကောင်းသောပုံစံများ ကင်းမဲ့ခြင်းသည် အမြဲတစေ စံနှုန်းများကို လျော့ချလေ့ရှိပြီး၊ ကံမကောင်းစွာဖြင့် ဤရာစုနှစ်တစ်လျှောက် ကောင်းသောပုံစံများသည် ရှားပါးနေခဲ့သည်။"—Packer, "Some Perspectives on Preaching," in *Preaching the Living Word* (Geanies House, Scotland: Christian Focus, 1999), p. 31. ဘုရားသခင်သည် ခရစ်ယာန်များအားဖြင့် ဤကွာဟချက်ကို ဖြည့်ဆည်းရန် မျှော်လင့်ထား၏ (မ ၅း၁၃၊ ၁၄)။ ကောင်းကင် နေသဟာယ အဖွဲ့၏ နိုင်ငံသားများအနေဖြင့်၊ ကျွန်ုပ်တို့သည် "အမျိုးမျိုးသော ကောင်းသော အကျင့်များတွင် အကျိုးရှိပြီး ဘုရားသခင်ကို သိကျွမ်းမှု တိုးပွားလာစေရန် (ကော ၁း၁၀) သူတော်စင်များ၏ အမွေကို စံစားရမည့်နေ့ရောက်သည်အထိ (ကော ၁း၁၂) ဘုရားသခင်ကို နှစ်သက်စေရန် ခေါ်ဆိုခံရသည်။

ယခုအခါ၊ ပတ်ဝန်းကျင်ရှိ အဆိုးမြင်အခြေအနေများကြားတွင်ပင် ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကို စံစားနိုင်သည်။ ထိုသို့သော ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းသည် ဘုရားသခင်နှင့် နီးကပ်သောဆက်ဆံရေးမှတစ်ဆင့်သာ ဖြစ်နိုင်သည်။ ဤလောကတွင် ငြိမ်သက်ခြင်းမရှိခဲ့သော်လည်း၊ ကျွန်ုပ်တို့သည် ခရစ်တော်၌ ငြိမ်သက်ခြင်းကို ရှာဖွေနိုင်သည် (ယော ၁၄း၂၇)။ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းရှိသောဘဝသည် အမှတ်မထင်ဖြစ်ပေါ်လာသည့်ရလဒ်မဟုတ်ပါ။ သမ္မာကျမ်းသည် ဘုရားသခင်က ၎င်း၏ သားသမီးများအတွက် ရည်ရွယ်ထားသော ပြည့်စုံသောဘဝကို ရရှိရန် ကူညီပေးသည့် ညွှန်ကြားချက်များစွာကို ပေးထားသည်။ ယေဘုယျအားဖြင့်၊ ပညတ်တော် ၁၀ ပါးကို မည်သည့်ညွှန်ကြားချက်များမှ မကျော်လွန်နိုင်ပါ။ အဲလင်ဂျီဝိုက်က ၎င်းကို အလွန်ကျွမ်းကျင်စွာ ဖော်ပြထားသည်၊ "ကျွန်ုပ်တို့၏သာယာဝပြောမှုနှင့် ပျော်ရွှင်မှုသည် ဘုရားသခင်၏ ပညတ်တော်ကို မယိမ်းမယိုင် နာခံခြင်းပေါ်တွင် မူတည်သည်။ . . . ပညတ်တော် ၁၀ ပါး၏ တစ်ချက်တစ်လေကိုမျှ မချိုးဖောက်ဘဲ ကောင်းကင်ဘုရားသခင်အား သစ္စာဖောက်မှု မရှိဘဲ နေနိုင်သည်။ ဥပဒေ၏ အနည်းငယ်မျှသော အချက်တိုင်းကို ထိန်းသိမ်းရန်သည် ကျွန်ုပ်တို့၏ကိုယ်ပိုင်ပျော်ရွှင်မှုနှင့် ကျွန်ုပ်တို့နှင့်ဆက်စပ်နေသူအားလုံး၏ ပျော်ရွှင်မှုအတွက် မရှိမဖြစ်လို အပ်သည်။"—*The Signs of the Times*, March 3, 1881.

**မေးခွန်းများ–**

**၁။ ခရစ်ယာန်များအနေဖြင့်၊ ကျွန်ုပ်တို့၏အသင်းတော်များနှင့် အသိုင်းအဝိုင်းများတွင် ကောင်းသောပုံစံများ ဖြစ်နိုင်သည့် နည်းလမ်းအချို့ကား အဘယ်နည်း။**

**၂။ ဥပဒေကို နာခံခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းရှိသောဘဝအကြား ဆက်စပ်မှုကား အဘယ်နည်း။**

## သင်ခန်းစာ - ၈

*ဖေဖော်ဝါရီ ၁၄ - ၂၀

# ခရစ်တော် ၏ ထူးမြတ်မှု



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ကမ္ဘာ ၁း၂၆၊ ၂၇။ ကော၊၁း၁၅ - ၂၀။ ယောဟန် ၁း၁ - ၃။ ဖေက် ၁း၂၂။ ၁ကော ၁၂း၁၂ - ၂၇။ ၁ကော ၄း၉။ ရောမ ၆း၃၊ ၄။

**အလွတ်ကျမ်းချက်။** **"ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဌာန်တော်ဖြစ်၏။ ဝေနေယျ သတ္တဝါ အပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏။ အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်း သောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဘို့ အလို့ငှါ၎င်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ သားတော်သည်လည်း ခပ်သိမ်းသောအရာ မဖြစ်မှီ ဖြစ်တော်မူ၍ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာ တည်ကြ၏။"** (ကောလောသဲ ၁း၁၅ - ၁၇)

ဤရက်သတ္တပတ်သင်ခန်းစာတွင် ကောလောသဲကို အကျဉ်းပြန်ချုပ်ရပါမည် (သင် ၁ နှင့် ၂ ရှု)။ ကြာသပတေးနေ့ သင်ခန်းစာ ၂ကော ၁း၉ - ၁၂ တွင်၊ ပေါလုသည် ကောလောသဲယုံကြည်သူများသည် ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်ရန် တောင်းလျှောက်၏။ အခန်းငယ် ၁၂၊ ၁၃ တွင် နိုင်ငံတော် နယ်ပယ် နှစ်ခုကို နှိုင်းယှဉ်ရာ၊ အလင်းနှင့်အမှောင် ဖြစ်သည်။ "အလင်းနိုင်ငံ" (ကော ၁း၁၂) နှင့် "မှောင်မိုက်၏ တန်ခိုး" (ကော ၁း၁၃) တို့ဖြစ်သည်။ ကျွန်ုပ်တို့သည်အလင်းဘုံ၌ ထာဝရအမွေ ဆက်ခံခြင်းတွင် မျှဝေခံစားနိုင်ရန် ဘုရားသခင်သည် အရည်အချင်းပေးတော်မူလျက်၊ မှောင်မိုက်၏ တန်ခိုးမှ လွတ်မြောက်စေလျက် ချစ်တော်မူသော "သားတော်၏ နိုင်ငံတော်သို့ သွင်းကာ၊ မိမိတို့အပြစ်ကို လွှတ်တော်မူလျက် ရွေးနုတ်တော်မူ၏" (ကော ၁း၁၃၊ ၁၄)။

တစ်မျိုးအားဖြင့် ယေရှု၏ပုဂ္ဂိုလ်၊ ယေရှု၊ မိမိတို့၏ ဖန်ဆင်းရှင် ထာဝရဘုရား အားဖြင့် ရွေးနုတ်ခံရ၏။ သူသည် ကျွန်ုပ်တို့၏ ရွေးနုတ်ခြင်းကို ဆောင်ရွက်ပေး၍၊ သူ့အား ယုံကြည်ခြင်းဖြင့် အမှောင်၏တန်ခိုးမှ ချစ်သားတော်၏အလင်းနိုင်ငံတော်ထဲသို့ ရွှေ့ပြောင်း စေတော်မူ၏။

ဤရက်သတ္တပတ်အတွင်း ဓမ္မသစ်ကျမ်းစာ၌ ယေရှုအကြောင်းအပြည့်စုံဆုံးနှင့် အမွန်မြတ်ဆုံး ထုတ်ပြန်ချက်ကို လေ့လာကြရပါမည်။ ယေရှုသည် "မျက်မြင်မရသော ဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်လျက်၊ ဝေနေယျ သတ္တဝါအပေါင်းတို့တွင် သားဦး ဖြစ်တော်မူခြင်း" သည် မည်သည့်အနက်ရှိသနည်း (ကော ၁း၁၅)။

* ဖေဖော်ဝါရီ ၂၁ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

# မျက်မြင်မရသောဘုရားသခင်၏ပုံသဏ္ဍာန်တော်

ကြည့်မှန်ဖြစ်စေ၊ ဓာတ်ပုံဖြစ်စေ၊ ကြည့်သောအခါမိမိ၏ပုံကိုပင် မြင်နေရသည်တိုင်၊ ပြားချပ်၍အနား နှစ်ဘက်သာ ရှိသော သရုပ်ဖော်ခြင်းသာဖြစ်သည်။ အချို့သော ပန်းပု၊ ပန်းတော့၊ ပန်းတမော့တို့သည်သာ၍ ရှင်းလင်းသောပုံစံကို ထုလုပ်နိုင်သည့်တိုင်၊ သက်ရှိတို့၏ ဇီဝအသက်၊ လှုပ်ရှားခြင်းနှင့် ဖြစ်ခြင်းမှန်တို့နှင့် တုနှိုင်းမမီနိုင်ပါ။ ရုပ်တုနှင့်ဆိုင်၍ ကိုယ်စားပြုလောက်သာ ရည်ညွှန်းကိုးကားကြသော်လည်း၊ သမ္မာကျမ်းစာ ၏ အယူအဆသည် သာ၍ကျယ်ပြန့်စွာ တင်ပြထားလေသည်။

**ဖတ်ပါ – က ၁း ၂၆၊ ၂၇။ က ၅း ၃။ ၁ကော ၁၅း ၄၉။ ၂ကော၊ ၃း ၁၈ နှင့် ဟေဗြဲ ၁ဝး ၁။ ကျမ်းချက်တို့မှ 'ရုပ်တု' ၏ အနက်မျိုးစုံတို့အားအကျဉ်းချုပ်ပါ။ ယေရှုသည် ဘုရားသခင်၏ရုပ်ရှင်ဖြစ်ခြင်းနှင့် မည်သို့ခြားနားကြသနည်း။**

လူသားတို့သည် ရုပ်ရည်ရူပကာအရ၊ ဝိညာဉ်ရေးအရ၊ သွေးသားအရနှင့် တာဝန်ဝတ္တရားအရ ဘုရားသခင်နှင့် အနီးစပ်ဆုံးတူညီရန် ဖန်ဆင်းထားသည်။ သို့တိုင်အောင် အပြစ်မှ ဖျက်ဆီးပစ်လိုက်သဖြင့် ဘုရား သခင်၏ ရုပ်ရည်အား တစ်ပိုင်းတစ်စသာလျှင် ဖော်ပြသည့်နိုင်တော့သည်။ မျက်မြင်မရသော ဘုရားသခင်ကို ယေရှုသည် မျက်မြင်စေ၏။ “ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏” (ယော ၁၄း၉) ဟု ယေရှုဆို၏။ သူသည် ဘုရားသခင့်သဘာဝ၏ “ထပ်တူပုံသဏ္ဍာန်” (ဟေဗြဲ ၁း၃) ဟုဆို၏။ သူသည် ဘုရားသခင်၏ အကြံ တော်အားနားကြားနိုင်စေ၍၊ ဘုရားသခင်၏ ဝိသေသလက္ခဏာ တော်အား မျက်မြင်စေသည်။

**ဖတ်ပါ – မဿဲ ၁၁း ၂၇ နှင့် ယောဟန် ၁း၁၊ ၂၊ ၁၄၊ ၁၈။ အဘယ်ကြောင့် ယေရှုသည် ခမည်းတော်အား ထူးခြားစွာ ဖော်ပြနိုင်သနည်း။**

ယေရှုသည် ခမည်းတော်နှင့်တော်စပ်ပုံကိုအခြားဘယ်နည်းလမ်းတို့ဖြင့် ဖော်ပြသေး သနည်း။

- “ခမည်းတော်သည်ယခုတိုင် အလုပ်လုပ်တော်မူသည်ဖြစ်၍ ငါသည်လည်းလုပ်၏” (ယော ၅း၁၇)။
- “ငါနှင့် ခမည်းတော်သည် တစ်လုံးတစ်ဝတည်းဖြစ်၏” (ယော ၁ဝး၃ဝ)။
- “ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံမရောက်ရ” (ယော ၁၄း၆)။

ယေရှုသည် မိမိကိုယ်ကို ထာဝရဘုရား၏ နာမတော်နှင့် ပကတိသဘောဖြင့် ဖော်ပြနေသည် “ငါ” (ထွက် ၃း၁၄)။ “ငါသည် အသက်မုန့်ဖြစ်၏” (ယော ၆း၃၅)။ “ငါသည် လောက၏အလင်းဖြစ်၏” (ယော ၈း၁၂)။ “ငါသည် ကောင်းသော သိုးထိန်းဖြစ်၏” (ယော ၁ဝး၁၁၊ ၁၄)။ “ငါသည် ထမြောက်ခြင်းနှင့်အသက်ဖြစ်၏” (ယော ၁၁း၂၅)။ “ငါသည် ခမည်းတော်၌ရှိသည်နည်းတူ ခမည်းတော်သည်လည်း ငါ့၌ရှိ၏” (ယော ၁၄း၁၁)။ “အာဗြဟံမဖြစ်မီငါဖြစ်၏” (ယော ၈း၅၈)။

**ယေရှုကိုယ်တော်တိုင်သည် ထာဝရဘုရား မဟုတ်ခဲ့သော်၊ ကျွန်ုပ်တို့အတွက် အသေခံရန် မည်သူအား ခမည်းတော်မှ စေလွှတ်မည်နည်း။ ထာဝရဘုရားသည် ခရစ်တော်၏လူပုဂ္ဂိုလ်၌ ကျွန်ုပ်တို့အတွက် အသေခံခြင်းသည် အခြေခံအားဖြင့် နှင့် အရေးပါခြင်းသည်မည်သို့ခြားနားသနည်း။**

## ဝေနေယျသင္တာဝါအပေါင်းတို့တွင်သားဦး

ဓမ္မသစ်ကျမ်းတွင် "သားဦးနှင့်အဦးဘွားသော" ဟူသည့်စကားလုံးသည် ကောလောသဲတွင်ဖြစ် ပျက် သောအရာများအပါယေရှုကိုသာ ဆိုလိုသည် (လု ၂း၇။ ရောမ ၈း ၂၉။ ဟေဗြဲ ၁း၆။ ဗျာ ၁း၅)။ အခြားတပါးပါးအား ဆိုလိုခဲ့သည်ရှိသော်၊ နေ့စွဲအစီအစဉ်အလိုက် အဦးမွေးဖွားခဲ့သူအား မဆိုလိုနိုင်ပါ။ ကျမ်းစာအယူဝါဒတွင် "သားဦး" သည် မည်သည့်မွေးဖွားခြင်းအမိန့်မှာမဆို၊ ဖခင်နှင့်အထူးဆက်ဆံရသူဖြစ်သည်ကို ဆိုလို၏သည်။ အမည်နာမ ဖြင့်ခေါ်ရသော် ဣဇာက်၊ ယာကုပ်နှင့် ယောသပ်တို့ဖြစ်သည်။

ဒါဝိဒ်သည်အဌမသားဖြစ်သော်လည်း ဘုရင်အဖြစ် ဘိသိက်ခံရ၍ (၁ရာ ၁၆း၁၀–၁၃) ဆာလံဆရာအားဖြင့် ဘုရား၏ နှုတ်ကပတ်တော်တွင် "သူ့ကို သားဦးအရာ၌ ခန့်ထား၍ လောကီရှင်ဘုရင်တို့ အပေါ်ချီးမြှောက်မည်" (ဆာ ၈၉း၂၇)။ မောရှေထံသို့ပင် "ဣသရေလသည် ငါ၏သားဦးဖြစ်သည်" (ထွက် ၄း၂၂) ဟု မိန့်တော်မူ၏။ ဤ သဘောအရဝေါဟာရသည် ကြီးမြတ်ခြင်း၏အဓိပ္ပါယ်ကိုရှေးဦးစွာ ဆိုလိုသည်။

**ဖတ်ပါ – ကောလောသဲ ၁း၁၅ – ၁၇။ ယေရှုကို 'ဝေနေယျသတ္တဝါ အပေါင်းတို့တွင်သားဦး' ဟု ခေါ်ဆိုရခြင်း အကြောင်းအရာများကို ပေါလုမှမည်သို့ဆိုသနည်း။**

ယေရှုသည် အဦးဖန်ဆင်းခြင်းခံရသည်ဟု ပေါလုဆိုနေသည်မဟုတ်ပါ။ အမှန်မှာ သူ၏အမျိုးအစား သည် ၎င်းဖြစ်နိုင်ချေကို ဖယ်ထုတ်ပါသည်။ ယေရှုသည် အရာ ခပ်သိမ်းတို့ကို ဖန်ဆင်းသည်ဟု နစ်ကြိမ်တိုင် ပေါလုဆိုခဲ့သည်။ ၎င်းတို့ကို သူသည် သူ့အတွက် ဖန်ဆင်းသည်ဟုဆိုသည် (ကော ၁း၁၆)။ ထိုအမှုနစ်ခုလုံးတွင် ထာဝရဘုရားသည် ဖန်ဆင်းခြင်းလုပ်ငန်းတွင် ယေရှုအား ဖန်ဆင်းသူ ပုဂ္ဂိုလ်အဖြစ် ဖော်ပြ၏ (ဖဖက် ၃း၉။ ယောဟန် ၁း၁ – ၃။ ဗျာ ၄း၁၁)။

ပေါလု၏ပြောဆိုချက်သည် တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ပြောဆို၏။ အရာခပ်သိမ်းဟူသည် ကောင်းကင်နှင့်မြေကြီး အကွာအဝေး၊ ရှိမှုဗေဒတွင် (ရုပ်နှင့် အရုပ်)၊ လုပ်ငန်းစဉ်အရ (ရာဇပလ္လင်၊ အုပ်ချုပ်ခံနိုင်ငံ၊ တန်ခိုးအာဏာ) တို့ဖြစ်၏။ နောက်ဆုံးဝေါဟာရတို့သည် ကောင်းကင်တမန်တော်တို့အား ညွှန်းပြ၏ (ဧဖက် ၃း၁၀။ ၆း၁၂)။ ယေရှုအား နားလည်မှုလွဲမှားခြင်း မရှိနိုင်ရန် ပေါလုကယေရှုသည် "အရာခပ်သိမ်း မတိုင်မီ ဖြစ်၏" (ကော ၁း၁၇) ဟုဆိုသည်။ ဂရိဝေါဟာရ၏ ဖော်ပြချက်အရ ရာထူးအဆင့်နှင့် အချိန်အားဖြင့် ဦးစားပေး ခြင်းဖြစ်နိုင်ချေရှိသော်လည်း၊ ပေါလု၏ အခြားရေးသားချက်တို့တွင် အချိန်ကိုညွှန်းပြထားသည် (၁ကော ၁း၂၊ ၇။ ဂလ ၁း၁၇။ ဧ ၁း၄)၊

ယေရှု၏ထင်ပေါ်ကျော်ကြားခြင်းအကြောင်းရင်း နောက်တစ်ခုကို ပေါလုမှ ဖော်ပြရာ၊ "ခပ်သိမ်းသော အရာတို့သည် တန်ခိုးတော်အားဖြင့် တည်သည်" (၁ကော ၁း၁၇)၊ ဂရိဝေါဟာရ (*synistemi*) ၏ အနက်သည် "အတူယှဉ်ဆောင်လာခြင်း၊ ပေါင်းစည်းခြင်း" ဖြစ်သည်။ ယေရှုသည် စကြာဝဠာအား ဖန်ဆင်းခြင်းဖြင့်သာမက၊ ရွေးနုတ်ခြင်းဖြင့်ပင် ပေါင်းစည်းစေသောသူဖြစ်သည်။

**ဖန်ဆင်းရှင်ဘုရားသည် ကျွန်ုပ်တို့အတွက် အသေခံရသည်။ မိမိတို့လုပ်ဆောင်ချက်သည် မည်သည် တို့ကို ပြည့်စွက်နိုင်ပါ့မည်နည်း။ ခရစ်တော်မှမိမိတို့အတွက် ပြုပေးသောအရာတို့အား မိမိတို့အလုပ်ဖြင့် ပြည့်စွက်ခြင်းသည် အဘယ်ကြောင့် ရှုံချကဲ့ရဲ့ရာရောက်နိုင်မည်နည်း။**

# ခန္ဓာကိုယ်၏ဦးခေါင်း (အသင်းတော်)

**ဖတ်ပါ – ဧဖက် ၁း၂၂နှင့် ကော ၂း၁၀။ "ဦးခေါင်း" သည် မည်သည့်အဓိပ္ပါယ်သက်ရောက်သနည်း။ ပေါလုသည် ယေရှုအား "အသင်းတော်၏ဦးခေါင်း" (ဧဖက် ၅း၂၃) ဟုခေါ်ဆိုရာတွင် မည်သို့ဆိုလိုသနည်း။**

ခေါင်းဆောင်မှုရာထူးတစ်ခုခုကို ဘာသာစကားပေါင်းစုံတို့မှ "ဦးခေါင်း" ဟု ခေါ်ဆိုသည်မှာ တလောကလုံး၏ သဘာဝပင်ဖြစ်သည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ်တွင်ပင် အလားတူသုံးစွဲကြသည်ကို တွေ့ရသည်။ အောက်တွင် "ဦးခေါင်း" ကို အကြိမ်မည်မျှ အသုံးပြုသည်ကို သတိထားပါ။

၁။ ထွက် ၁၈း၂၅ — မောရှေသည် "တတ်စွမ်းနိုင်သူတို့ကို ဣသရေလအမျိုးထဲက ရွေးကောက်၍ တစ်ထောင်အုပ်၊ တစ်ရာအုပ်၊ငါးဆယ်အုပ်နှင့် တစ်ဆယ်အုပ် အသီးသီး ခေါင်းဆောင်အရာ၌ ခန့်ထား၏"

၂။ တော ၃၁း၂၆— "ပရိသတ်အဆွေအမျိုး သူကြီးများ"

၃။ တရား ၂၈း၁၃—ဣသရေလ လူတို့သည် ထာဝရဘုရားအားနာခံကြပါက "အမြီး မဟုတ် ဘဲဦးခေါင်း" ဖြစ်စေမည် ဆို၏။

၄။ ဟေရှာ ၇း၈— "ရှုရိ၏ခေါင်းကား ဒမသက်၊ ဒမသက်၏ ခေါင်းကား ရေဇိန်မင်း ဖြစ်၏။"

၅။ ဟောရှေ ၁း၁၁— "ယုဒအမျိုးတို့နှင့် ဣသရေလလူတို့သည်မင်းတစ်ဦးတည်းကို ချီးမြှောက်သည်"

၆။ မိက္ခာ ၃း၉ - ၁၀— "ယာကုပ်အမျိုးမင်းနှင့် ဣသရေလအမျိုး သူကြီးများ"

၇။ ၁ကော ၁၁း၃— "ယောကျ်ား၏ခေါင်းကား ခရစ်တော်ပေတည်း"

ဤသို့ဖြင့်ယေရှုသည် အသင်းတော်၏ဦးခေါင်းဖြစ်သဖြင့် ခေါင်းဆောင်ခြင်း၊ လမ်းပြခြင်း၊ ဦးဆောင် ခြင်းနှင့် အသင်းတော်၏ စည်းလုံးခြင်းနှင့် တိုးတက်ခြင်းတွင် အားဖြည့်ထုံးဖွဲ့ပေး၏ (ကော ၂း၁၉)။

**ဖတ်ပါ – ၁ကော ၁၂း၁၂ – ၂၇။ ဤနေရာတွင် ပေါလုသည် အသင်းတော်ကို "ခန္ဓာကိုယ်" ဟု ဆိုသည်။ ဤဥပစာအားဖြင့် အသင်းတော်၏ မည်သည့်ကဏ္ဍများကို ညွှန်းပြနေသေးသနည်း။**

ဦးခေါင်းမပါသောကိုယ် ခန္ဓာသည် ဆုံးရှုံးဒဏ်ရာရခြင်းဖြစ်ရာ အသက်ရှင်ရန် ခက်ခဲပေလိမ့်မည်။ အရာတစ်ခုခုအား မဆုံးရှုံးမချင်း မည်မျှ အရေး ကြီးသည်ကိုပင် မသိရပါ။

**ခြေလက်မျက်စိကိုပင် စွန့်လွှတ်မည်ဆိုပါက သင်မည်သည်ကို ရွေးမည်နည်း။ လူတစ်ဦးစီတို့သည် အသင်းတော်အတွက်မည်သို့အရေးကြီးသည်ကိုဤနေရာတွင် မည်သို့ဖော်ပြသနည်း။**

## မူလအရင်းအမြစ် (စတင်ဆောင်ရွက်သူ)

**ဖတ်ပါ – ကော ၁း၁၈။ ခရစ်တော်သည် ဦးခေါင်းနှင့် မူလအရင်း အမြစ်ဖြစ်ခြင်းတို့သည် မည်သို့ ဆက်နွယ်နိုင်မည်နည်း။**

ဟေဗြဲဝေါဟာရတွင် ဦးခေါင်းကို *(roʾš)* နှင့် အရင်းအမြစ်ကို *(rēʾšît)* ဟု ခေါ်သည်။ ကျမ်းစာတွင် အရင်ဦးဆုံး လက်တွေ့ပါဝင်လာသည်က၊ ကမ္ဘာ ၁း၁ "အစအဦး၌ *[rēʾšît]* ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။" ယေရှုသည် ဝင်စားခြင်းဖြင့်သာမက၊ ဖန်ဆင်းရှင်ဖြစ်သဖြင့် လူသားနှင့် အသင်းတော်၏ ဦးခေါင်းဖြစ်သည်။

ဂရိဝေါဟာရတွင် မူလအရင်းအမြစ်သည် *(archē)* ဖြစ်၍ အနက်သည် ကျယ်ပြန့်၏။ ဤနေရာတွင် "မူလအရင်းအမြစ်" ဟူသည်မှာ ယေရှုသည် အသင်းတော်၏ မူလအရင်းအမြစ် ဖြစ်၍ (ကော ၁း၁၈)၊ သူ၏ ဦးခေါင်းမူကား သူသည် "မူလအရင်း အမြစ်ဖြစ်သည်အလျောက် ဖန်ဆင်းရှင်မူလအရင်းအမြစ်" လည်းဖြစ်လေသည်။

ယေရှုသည် အသင်းတော်၏ မူလအရင်းအမြစ်၊ သေခြင်းမှပြန်ရှင်ထမြောက်ခြင်း (ရောမ ၆း၃၊ ၄) မ က၊ အသစ်ပြန်လည်ဖန်ဆင်းခြင်း၏ မူလအရင်းအမြစ်ဖြစ်သည်။ အပြစ်၏အခသည် သေခြင်းဖြစ်သည်နည်းတူ၊ သူသည် သေခြင်းအား အောင်နိုင်ခဲ့ သဖြင့်၊ အပြစ်အပေါ်တွင်အောင်နိုင်ခြင်းတန်ခိုးသည် သူ၏ရုပ်ပုံနှင့် အလားတူစေရန် အသစ်ဖန်ဆင်းနိုင်ကြောင်း ဖော်ပြသည်။ သူသည် သေလွန်သူသူတို့၏အဦးဖွားသောသား ဖြစ်သည်။ သူ၏ထမြောက်ခြင်းသည် ပထမဆုံးမဟုတ်သည်တိုင် ထင်ရှား၏ (မောရှေသည် အရင်ဦး ပြန်ရှင်ထမြောက်သည် [ယုဒ ၉])။ ခရစ်တော်၏ ပြန်ရှင်ထမြောက် ခြင်း မရှိပါကမည်သူမျှ သေခြင်းမှပြန်ရှင်ထမြောက်ရမည်မဟုတ်ပါ။

ပေါလုသည် ယေရှု၏ ထင်ရှားကျော်ကြားခြင်း အကြောင်းတွေကို အတိုချုပ် ပေး ထား သည်။

၁။ မျက်မြင်ရသော သရုပ်ပြထာဝရဘုရားဖြစ်သည်။

၂။ အရာခပ်သိမ်းတို့ကို ဖန်ဆင်းသောသူဖြစ်သည်။

၃။ အရာခပ်သိမ်းမဖြစ်မီသူဖြစ်၍၊ အရာခပ်သိမ်းတို့ကို သူ၌အတူယှဉ်ဆောင်လာ၏။

၄။ သူသည်အသင်းတော်၏ဦးခေါင်းဖြစ်၍အသင်းတော်သည်သူ၏ခန္ဓာကိုယ်ဖြစ်၏။

၅။ သူသည် ဖန်ဆင်းခြင်းတွင် စတင်ဆောင်ရွက်သူဖြစ်သည်။

၆။ သူသည် အပြစ်နှင့်သေခြင်းအား အောင်နိုင်၍ သူ့အား မိမိကိုယ်ပိုင် ကယ်တင်ရှင် အဖြစ် လက်ခံသူတို့ အားပြန်ရှင်ထမြောက်ရသော အခွင့်ကိုပေးလိမ့်မည်။

၇။ ယေရှုသည် ထာဝရတည်ရှိ၍ ဤအရာအလုံးစုံတို့ကြောင့် သူသည် ထင်ရှားသော လူ သားမျိုးနွယ်၏ ဦးခေါင်းနှင့် အသင်းတော်၏ဦးခေါင်းဖြစ်ရသည်။

**သင်၏ဘဝတွင် ခရစ်တော်၏ ထင်ပေါ်ကျော်ကြားမှုများကို သာ၍ ကြုံဆုံနိုင်ရန် မည်သည်တို့ကို ပြောင်း လဲရမည်နည်း။**

# အရာခပ်သိမ်းပြန်လည်သင့်မြတ်စေရန်

**ဖတ်ပါ – ကော ၁း၁၉၊ ၂၀။ ကပ်တိုင်မှလာသော ကြားဝင်စေ့စပ်ခြင်းသည် မည်မျှကျယ်ပြန့်သနည်း။**

ပေါလုသည် ဂရိဘာသာဖြင့် ယေရှုအား အမြင့်မားဆုံး ဖော်ပြထားခြင်းဖြစ်၍ နောက်ဘက်သို့ကိုပင် လှည့်၍ခမည်းတော်ဖြစ်ကြောင်း ကောလောသဲ ၁း၁၂ တွင် ညွှန်း ပြသည်။ ခမည်းတော်၏ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းသည် ယေရှု၌ထင်ရှား၍ ကိန်းဝပ်တော်မူ၏ (ကော ၂း၉)။ ဤပြည့်စုံခြင်းသည် အဘယ်နည်း။ ယောဟန် သည် ၎င်းကို ဘုရားသခင်၏ဘုန်းတော် "ကျေးဇူးတော်၊ သစ္စာတော်" ဖြစ်၏ (ယော ၁း၁၄)။

သို့တိုင်အောင် ၎င်း "ပြည့်စုံခြင်း" သည် မြောက်များစွာပင် ခြုံငုံနိုင်သည်။ ၎င်းသည် ဘုရားသခင်၏ ထာဝရတည်ရှိခြင်းနှင့် တန်ခိုးတော်၏ ပြန်လည်သစ်ဆန်း ဖန်ဆင်း စေရန် ပွေ့ဖက်လိုက်သည်။ အရေးပေးထား ဆုံးအရာသည် စိတ်ကူးဖြင့်ပင် မမှီနိုင်သော ကပ်တိုင်တော်၌ ခရစ်တော်သည် အပြစ်နှင့်သေခြင်းအား အောင် နိုင်ခဲ့ခြင်း ဖြစ်သည်။ ဤသို့ဖြင့် ခရစ်တော်သည် ထိုအမဲစက်ထင်ထားသော သူဖန်ဆင်းထားသော ဝေနေ ယျ သတ္တဝါအပေါင်းတို့ကို မိမိ၏အနန္တမေတ္တာ၏ သက်သေခံပစ္စည်း ဖြစ်စေသည်။ "ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်း သို့မ ရောက်၊ ထာဝရအသက်ကို ရရှိစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင် လောကီသားတို့ကို ချစ်တော်မူ၏ (ယော ၃း၁၆)။

အပြစ်ကို ထာဝရပပျောက်စေနိုင်ရန်နှင့် ကြားဝင်စေ့စပ်၍ ရသောသူတို့အား စေ့စပ်ပေးခြင်းသည် အထက်ပါအမှန်တရား၌ ခြုံငုံထားလျက်ရှိရာ၊ ဘုရားမှ ချစ်တော် မူသည် – စကြာဝဠာကိုချစ်တော်မူသည်၊ မိမိ၌ ရှိသမျှတို့အား စွန့်သည်တိုင် ကယ်တင် ရန် ခရစ်တော်ကိုပင် ကပ်တိုင်၌ အသေခံစေ၏။ ဂရိဝေါဟာရတွင် လောက *(kosmos)* သည် စကြာဝဠာတစ်ခွင်လုံးခြုံထား၏။ ဤသို့ ခရစ်တော်နှင့် ပတ်သက်၍ စကြာဝဠာသို့ သရုပ်ပြသွားခြင်းကို ပေါလုသည် "ငါတို့သည် လောကီသားများနှင့် ကောင်းကင်သား များ မျက်မှောက်၌ *(kosmos)* ပွဲဝင်သောသူဖြစ်ကြသည်" (၁ကော ၄း၉)။

"ခရစ်တော်အား ကပ်တိုင်၌ ဆွဲတင်ထားသည်ကို ကောင်းကင်သည် ပူဆွေးသော ကနင့် အံ့အားစွာ ရှုနေကြ၏။ စာတန်နှင့် အပေါင်းအပါအားလုံးတို့သည် ဘုရားသခင် နှင့် သဟဇာတမဖြစ်နိုင်ကြောင်း၊ သူ့ရှေ့၌ ခစားနေရခြင်းသည် လောက်မြိုက်သောမီး ဖြစ်ကြောင်း တော်လှန်လိုခြင်းဘဝဖြင့် စည်းလုံးစွာ နေကြ၏။ မဟာတိုက်ပွဲ အစ တည်းကပင် ကောင်း ကင်တမန်တော်တို့သည် ဤအချင်းအရာကို မသိကျွမ်းခဲ့ကြပါ။ ထိုမဟာတိုက်လှန်ပွဲ ကြီးပြီးဆုံးပါတော့မည်။ ကယ်တင်ခြင်း စီမံကိန်းသည်လည်း ပြီးပြည့်စုံလင်ခဲ့ပြီ။ ဖန်ဆင်းထားသော ဝေနေယျသတ္တဝါအပေါင်းတို့အား ထာဝရ ဘုရား၏ ဝိသေသလက္ခဏာ တော်ကိုလည်း ချပြသခဲ့ပြီး၏။

ထိုအချိန်တွင် ကောင်းကင်တမန်တို့သည် ပျော်ရွှင်ခြင်းဖြင့် ကယ်တင်ရှင်၏ ကပ် တိုင်တော်အား ရှုမျှော်ကြ၏။ ခရစ်တော်သည် ကရာနီတွင် ပေးဆပ်ခြင်း၏ အကျိုးရ လဒ်ကို စုံလင်နားလည်သိကျွမ်း လေသည်။ ကပ်တိုင်ပေါ်တွင် "အမှုပြီး၏" ဟုကြွေး ကြော်စဉ်တွင် ဤအချင်းအရာတို့အား မြော်တွေးခဲ့ပြီ —*The Desire of Ages*, pp. 760, 764.

**ထပ်မံစဉ်းစားရန်။** "သာမန်လူသားတစ်ဦးသည် ယေရှုမိန့်စကားမျိုးတို့ကို ပြောဆိုသော်လည်း ကြီးမြတ်သော ကိုယ်ကျင့် တရားဆရာကြီး မဖြစ်နိုင်ပါ။ အစွန်းရောက် အရူးပင်ဖြစ်နိုင်၍ သူပြောသောအရာနှင့် သူ့အဆင့်တန်းသည် ကြက်ဥပြုတ်နေသူ သို့မဟုတ် ငရဲမင်းကြီးပင်ဖြစ်လိမ့်မည်။ သင့်ရွေးချယ်မှုကို သင်ပြုရပါမည်။ ထိုလူသည် ဘုရားသားတော်လား၊ အရူးဘဲလားဟူသည် သင်ဆုံးဖြတ်ပါ။ ထိုအရူးအား သင်ချုပ်ထားခြင်း၊ တံတွေးထွေးခြင်းနှင့် သတ်ပစ်ခြင်းကို နတ်ဆိုးတို့ကဲ့သို့ သင်လုပ်နိုင်သည်။ သူ့ခြေဖဝါးတွင် ပျပ်ဝပ်လျက် သခင်ဘုရားဟုပင် ကိုးကွယ်နိုင်၏။ ထိုသူသည် ကြီးမြတ်သော ဆရာကြီးတစ်ပါးဖြစ်သည်ဆိုကာ မဟုတ်တမ်းတရားအားပေး စကားတို့ကို ကျွန်ုပ်တို့ မပြောသင့်ပါ။ ထိုအချင်းအရာကို ကျွန်ုပ်တို့အားလွတ်လပ်စွာ ပြုခွင့်မပေးပါ။ သူသည် ဤသို့ မရည်ရွယ်ပါ"—C. S. Lewis, *Mere Christianity* (New York, Collier Books, 1952), p. 41.

"ခမည်းတော်သည် သုံးပါးတစ်ဆူဘုရား၏ စုံလင်ခြင်း ဖြစ်၍ သေတတ်သူသည် မြင်မစွမ်းနိုင်ပါ။ သားတော်သည်လည်း သုံးပါးတစ်ဆူဘုရား၏ စုံလင်ခြင်းကို ပြသသည်။ နှုတ်ကပတ်တော်သည် ခမည်းတော်၏ လူရုပ်ပုံသဏ္ဍာန်ဟုဆိုသည်"—Ellen G. White, *Evangelism*, p. 614.

"ခရစ်တော်သည် ယခင်တည်ရှိခဲ့သော အလိုလိုတည်ရှိနေသောဘုရား၏ သားတော်ဖြစ်သည်။ ယခင် သူတည်ရှိနေခြင်းကို ပြောဆိုရာတွင်၊ ခရစ်တော်သည် နေ့စွဲမဖော်ပြထားသော ခေတ်များတစ်လျှောက် စိတ်ကို ပြန်လည်သယ်ဆောင်ပေးသည်။ ထာဝရဘုရားသည် သူနှင့်နီးကပ်စွာမတည်သောအချိန်ကာလမရှိခဲ့သည်ကို အတည်ပြုသည်။ သူသည် ဘုရားသခင်နှင့် ဘက်မျှသူ၊ အတိုင်းအဆမဲ့သူနှင့် အနန္တတန်ခိုးရှင်၊ မိမိအလိုအလျောက်ထာဝရတည်ရှိသောသားတော်ဖြစ်သည်"—*Evangelism*, p. 615.

**ဆွေးနွေးရန်မေးခွန်းများ –**

**၁** ယေရှု၏ဘုရားဇာတိကိုစိတ်သို့မှီးထားပါ။ ကယ်တင်ခြင်းစီမံကိန်း၏ဂယက်နှင့် ယေရှုသည်ဖန်ဆင်းခြင်းခံရသူမဟုတ်ဘဲ ထာဝရကာလမှတည်ရှိလာခဲ့သော ထာဝရဘုရားဖြစ်လျက်နှင့် ကပ်တိုင်၌ အသေခံပေးဆပ်ခြင်းကို တွေးကြည့်ပါ။ အဘယ်ကြောင့်အရေးပါသနည်း။ ယေရှုသည် ထာဝရနတည်ခဲ့ဘဲ ဖန်ဆင်း ခံရသူ သာဖြစ်ခဲ့လျှင် ဆိုသည်ကိုဆွေးနွေးပါ။ ထိုအတွေးအခေါ်တွင် မည်သည်များ ကွယ်ပျောက်နေသနည်း။

**၂** ယေရှု၊ ဧဝံဂေလိ နှင့် ကယ်တင်ခြင်းစီမံကိန်းအကြောင်း တွေးကြည့်လိုက်သာအခါ၊ ယေရှုပြုသမျှသော အရာတို့ကို စကြာဝဠာတခွင်လုံးကပင် ကျွန်ုပ်တို့ကဲ့သို့ စိတ်ဝင်တစား ရှိသည်ကို အဘယ်ကြောင့် လက်ခံစဉ်းစားရမည်နည်း။ ၎င်းတို့၏ ထာဝရဖန်ဆင်းရှင်ပင်လျှင် ကပ်တိုင်ပေါ်မှာ တွေ့ရသောအခါ ၎င်းတို့၏စိတ်တွင် မည်သို့ ခံစားရမည်နည်း။ ကျွန်ုပ်တို့မှ အံ့အားသင့်ရပါသော်လည်း၊ မကျဆုံးသော စကြာဝဠာ သားတို့သည် သူ၏ထာဝရဘုန်းတော်အား သိရှိပြီးဖြစ်သည်။ သူတို့သည် ကောင်းကင်တွင် ဝတ်ပြုရသော သူသည် ကပ်တိုင် ပေါ်တွင်အသေခံရသောကြောင့် သူတို့စိတ်တွင် မည်သို့ရှိမည်နည်း။

**၃** ခမည်းတော်သားတော်တို့သည် ထာဝရအတူနေထိုင်နေသည်ကို မယုံသောသူတို့အား သင်မည်သို့ ပြောပြရမည်နည်း။ ဤအချင်းအရာတို့သည် အဘယ်ကြောင့်အရေးပါသနည်း။ "သားတော်သည် ကပ်တိုင် ပေါ်တွင် မြင့်မြတ်သောတန်ခိုးတော်နှင့် သီးခြားဖြစ်ခြင်းဖြင့် ခမည်းတော်နှင့် ခဏတာကင်းကွာနေရခြင်းမှ အပ မည်သည့်အခါမျှမကင်းကွာခဲ့ဘူးပါ" The SDA Bible Commentary, vol. 7, p. 924

# မတော်တဆ သာသနာပြုသူ

Rodel သည် Rene ကို ငါးဖမ်းခေါ်သွားပြီး ခရစ်တော်ထံသို့ ပို့ဆောင်ခဲ့သည်။

အယ်လင်ဝိုက်က "ခရစ်တော်၏နည်းလမ်းသည်သာ လူများထံရောက်ရှိရာတွင် စစ်မှန်သော အောင်မြင်မှုကို ပေးလိမ့်မည်။ ကယ်တင်ရှင်သည် လူတို့၏အကျိုးကို လိုလားသူ တစ်ဦးကဲ့သို့ လူများနှင့် ရောနှောနေထိုင်ခဲ့သည်။ ၎င်းတို့အတွက် စာနာမှုပြခဲ့ပြီး ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ၎င်းတို့၏ယုံကြည်မှုကို ရရှိခဲ့သည်။ ထို့နောက် ၎င်းတို့အား "ငါ့ကိုလိုက်လာကြလော့" ဟု မိန့်တော်မူခဲ့သည် (The Ministry of Healing, p, 143)။ ရိုးဒဲလ်သည် ခရစ်တော်၏နည်းလမ်းကို ကျင့်သုံး၍ ၎င်း၏လိုအပ်ချက်များ ကို ဖြည့်ဆည်းပေးကာ ၎င်း၏ယုံကြည်မှုကို ရရှိခဲ့သည်။

ရေနီသည် ခရစ်တော်ထံသို့ ပြန်လည်ရောက်ရှိပြီးနောက်၊ ရိုးဒဲလ်က ရေနီ၏အိမ်တွင် နေထိုင်ခွင့်တောင်းခဲ့သည်။ ရိုးဒဲလ်သည် ရေနီကို ကျောင်းသို့ပြန်လည်တက်ရောက်ရန် အားပေးခဲ့ပြီးရေနီ ကျောင်း ပြန်တက်ချေပြီ။ "မင်းဘွဲ့ရတဲ့အထိ ငါစောင့်နေမယ်၊ ပြီးရင်မင်းကို မနီလာကို ခေါ်သွားပြီး 1000 Missionary ဖြစ်အောင် လုပ်မယ်" ဟု ရိုးဒဲလ်ကပြောလိုက်လေ၏။

ရိုးဒဲလ်သည် ရေနီနှင့် ပထမဆုံးတွေ့ဆုံခဲ့စဉ် တစ်နှစ်ခွဲခန့်က SDA အသင်းတော်၏ တောင်အာရှ-ပစိဖိတ်ဌာနခွဲတွင်ပါဝင်သော 1000 Missionary Movement တွင် သာသနာ ပြုအဖြစ် ဆောင်ရွက်ခဲ့သည်။

ရေနီသင်ယူနေစဉ်၊ ရိုးဒဲလ်သည် ၎င်းနှင့်အတူနေထိုင်ပြီး စပါးခင်းများတွင် အတူလုပ်ကိုင်ကာ ရေနီ၏ပညာရေးအတွက် ကူညီပေးခဲ့သည်။ ရေနီသည် အသက် ၂၃ နှစ်တွင် ဘွဲ့ရခဲ့သည်။

ရိုးဒဲလ်သည် ၎င်း၏ကတိကို ဖြည့်ဆည်းပြီး ရေနီကို ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာအနီးရှိ ဆီလန်တွင်ရှိသော 1000 Missionary Movement ဌာနချုပ်သို့ ခေါ်ဆောင်ခဲ့သည်။

ရေနီသည် သာသနာပြု မဖြစ်မီ ၎င်း၏ပညာရေးကို ဆက်လက်တိုးတက်သင့်သည်ဟု ၎င်းကပြောခဲ့သည်။ ရေနီသည် စာရင်းကိုင်ဘာသာရပ်ကို အဓိကယူခဲ့ပြီး ရိုးဒဲလ်သည် ဓမ္မပညာကို အဓိကယူခဲ့သည်။ ရေနီသည် ဘွဲ့ရရန် ၆ နှစ်ကြာခဲ့သည်။ ၎င်းသည် အိမ်မှမည်သည့် ထောက်ပံ့မှုမျှ မရရှိခဲ့ပေ။ ထိုကာလအတွင်း ၎င်းသည် Love Jhoie နှင့် လက်ထပ်ခဲ့သည်။

ဘွဲ့ရပြီးနောက်၊ ကုမ္ပဏီတစ်ခု၏စာရင်းကိုင်အဖြစ် ၃ လ လုပ်ကိုင်ခဲ့သည်။ သောကြာနေ့ညတွင် အလုပ်မလုပ်နိုင်ခြင်းကြောင့် အလုပ်ထုတ်ခံရသည်။ ယေရမိ ၂၉း၁၁ ၏ ကတိကို တောင်းဆိုခဲ့သည်။ "သင်တို့အဘို့ ကြံစည်သော အကြံတို့ကို ငါသိ၏" ဟု ထာဝရဘုရား မိန့်တော်မူသည်။ "သင်တို့ကို သာယာဝပြော စေရန်နှင့်ဘေးဥပဒ်မပေးရန်၊ သင်တို့အား မျှော်လင့်ချက်နှင့် အနာဂတ်ပေးရန် အကြံအစည်များဖြစ်၏။" "ဘုရားသခင်သည် ကျွန်ုပ်အတွက် အကြံအစည် တစ်ခုရှိသည်ကို ကျွန်ုပ်သိပါသည်" ဟု ဆိုသည်။ လပေါင်းများစွာကြာပြီးနောက်၊



ဆေးရုံတစ်ခုက စာရင်းကိုင် အဖြစ် ငှားရမ်းခဲ့သည်။ သို့သော် ၎င်းသည် ဆေးရုံပိုင် အသင်းတော်တွင် နှစ်ခြင်းမခံမချင်း အမြဲဝန်ထမ်းဖြစ်လာ နိုင်မည် မဟုတ်ကြောင်းသိရှိ၍၊ နုတ်ထွက်ခဲ့သည်။

ရေနီတူးကယ်လ်ဒိုသည် ဖိလစ်ပိုင်နိုင်ငံ ဆီလန်ရှိ ၁၉၉၆ ဆယ်သုံးပတ် အလှူငွေဖြင့် တည်ဆောက်ခဲ့သော 1000 Missionary Movement ဌာနချုပ်တွင် ဘဏ္ဍာရေး အရာရှိချုပ်အဖြစ် ဆောင်ရွက်နေသည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ကောလောသဲ ၁း၁၅-၁၇

**လေ့လာမှုဦးတည်ချက်။** ကောလောသဲ ၁း၁၅-၂၀

ကျမ်းစာက ယေရှုသည် အရာအားလုံးတွင် ထူးမြတ်သည်ဟု ဆိုသည် (ကော ၁း၁၈)။ သို့သော် ထိုအယူအဆသည် ဘာကိုဆိုလိုသနည်း။ အင်္ဂလိပ်ဘာသာပြန်များစွာသည် ဂရိစကားလုံး *prōteuō* ကို "ထူးမြတ်မှု" ထက် "ပထမနေရာ" ဟု ဘာသာပြန်ဆိုကြသည် (ဥပမာ၊ *NRSV, NASB, CSB, CEB* စသည်)။ *prōteuō* ဟူသော ကြိယာသည် ဓမ္မသစ်ကျမ်းတွင် ဤကျမ်းပိုဒ်တွင် တစ်ကြိမ်သာပါရှိပြီး ၎င်းကို အကြောင်းတစ်ခုကြောင့် ဂရုတစိုက်ရွေးချယ်ထားကြောင်း ဖော်ပြသည်။ ၎င်းသည် ယေရှု၏ထူးခြားပြီး မမှီမကပ်နိုင်သောအနေအထားကို အလေးပေးသည်။ မူရင်းစာသားက ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းသည် ၎င်းအား အရာအားလုံး၏အရှင်ဖြစ်လာရန် အာဏာပေးသည်ဟု ဖော်ပြသည်။ "အရာရာ၌ ထူးမြတ်ခြင်းငှါ မူလအရင်းဖြစ်၍၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူ၏။" (ကော ၁း၁၈)။ တစ်နည်းအားဖြင့်၊ ယေရှုသည် အခွင့်အာဏာဖြင့် အရှင်ဖြစ်ခဲ့ပြီး၊ ယခုမူ တကယ့်အမှန်တရားအားဖြင့် အရှင်ဖြစ်လာသည်။ သေခြင်းအပေါ် ၎င်း၏အောင်ပွဲသည် တစ်ကမ္ဘာလုံးဆိုင်ရာ အချုပ်အခြာအာဏာနှင့် စိုးမိုးမှုကို ရလဒ်အဖြစ် ဖြစ်ပေါ်စေသည်။ ဗျာဒိတ်ကျမ်းမှ ယောဟန်သည်လည်း ယေရှုသည် "သေသောသူတို့တွင်သားဦး ဖြစ်တော်မူထသော၊ လောကီဘုရင်တို့၏ အထွဋ်ဖြစ်တော်မူသော" (ဗျာ ၁း၅) ဟု အတည်ပြုရင်း ဤအယူအဆကို မီးမောင်းထိုးပြသည်။ ယေရှု၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် ၎င်းအား အရာအားလုံးအပေါ် အုပ်စိုးမှုသို့ မလွှဲမရှောင်ပို့ဆောင်သည်။

ဤအပတ်၏သင်ခန်းစာသည် အဓိကအကြောင်းအရာ နှစ်ခုကို အလေးပေးသည်။

၁။ ကောလောသဲ ၁း၁၅-၂၀ တွင်ဖော်ပြထားသော ယေရှု၏ဘွဲ့အမည်များသည် လူသားမျိုးနွယ်အတွက် ၎င်း၏ကယ်တင်ခြင်းအမှုကို အလေးပေး၏။ သူသည် မမြင်နိုင်သော ဘုရားသခင်၏ ပုံသဏ္ဍာန်၊ ဖန်ဆင်းခြင်း အားလုံး၌သားဦး၊ ကိုယ်ခန္ဓာ၏ ဦးခေါင်းနှင့် အစဖြစ်သည်။

၂။ ယေရှုသည် ဘုရားသခင်နှင့် လူသားများအကြား ပြန်လည်သင့်မြတ်ရန် ဤ ကမ္ဘာသို့ ကြွလာခဲ့သည်။ ထို့အပြင်၊ ပိုမိုကျယ်ပြန့်သောအဓိပ္ပာယ်ဖြင့် ဘုရားသခင်နှင့် ဖန်ဆင်းခြင်းတစ်ခုလုံးအကြား ပြန်လည်သင့်မြတ်ရန်လည်း ကြွလာခဲ့သည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**သာဓက**

"ဘော့စတွန်ရှိ အသင်းတော် တစ်ခု၏ သင်းအုပ်ဆရာ တစ်ဦးသည် ဘုရားကျောင်း ရှေ့တွင်

ကလေးတစ်ဦးနှင့်တွေ့ဆုံခဲ့ပြီး၊ ထိုကလေးသည် သံချေးတက်နေသော လှောင်အိမ်တစ်ခု ကိုကိုင်ဆောင်ထားကာ၊ ၎င်းထဲတွင်ငှက်များစွာသည်ထိတ်လန့်စွာ တောင်ပံရိုက်နေကြ၏။

သင်းအုပ်ဆရာက မေးသည်၊ "သား၊ ဒီငှက်တွေကို ဘယ်ကရတာလဲ"

"လယ်ကွင်းထဲမှာ ထောင်ဖမ်းခဲ့တာပါဗျ" ဟု ကလေးက ပြန်ဖြေ၏။ "ဘာလုပ်မလို့လဲ" "သူတို့နဲ့ ကစားမယ်၊ ပြီးရင် အိမ်မှာရှိတဲ့ ကြောင်ကြီးတစ်ကောင်ကို အစာအဖြစ် ကျွေးမယ် ထင်တယ်။"

သင်းအုပ်ဆရာက ၎င်းတို့ကို ဝယ်ယူရန်ကမ်းလှမ်းသောအခါ ကလေးက အော်ပြော၏၊ "ဆရာ၊ ဒါတွေကို ဆရာ မလိုချင်ပါဘူးဗျာ၊ ဒါတွေက သာမန်ငှက်ရိုင်းလေးတွေပဲ၊ ပြီးတော့ သီချင်းလည်း သိပ်မဆိုတတ်ကြဘူး"

သင်းအုပ်ဆရာက ပြန်ဖြေသည်၊ "မင်းကို လှောင်အိမ်နဲ့ ငှက်တွေအတွက် ၂ ဒေါ်လာ ပေးမယ်၊ ဘယ်နယ့်လဲ။"

"အိုကေ၊ သဘောတူပါတယ်၊ ဒါပေမယ့် ဆရာက ဈေးဝယ်တာသိပ်ညံ့တာပဲ"

လဲလှယ်မှုပြီးမြောက်ခဲ့ပြီး၊ ကလေးသည် တောက်ပနေသော ဒင်္ဂါးများကို ကျေနပ်စွာ ယူဆောင်ပြီးလျှင် သီချင်းညည်းရင်း ထွက်သွား၏။ သင်းအုပ်ဆရာသည် ဘုရားကျောင်း အနောက်ဖက်သို့ လျှောက်သွားပြီး၊ သံထည့်လှောင်အိမ်ငယ်၏ တံခါးကို ဖွင့်ကာ၊ ရုန်းကန် နေသော သတ္တဝါများကို ကောင်းကင်ပြာထဲသို့ ပြန်လွှတ်ပေးလိုက်လေ၏။

လာမည့်တနင်္ဂနွေနေ့တွင် သူသည် ဗလာဖြစ်နေသော လှောင်အိမ်ကို တရားဒေသနာ ပလ္လင်သို့ ယူဆောင်သွားပြီး၊ ခရစ်တော်သည် ဤငှက်များကဲ့သို့ ဖျက်ဆီးခံရရန် ရည်မှန်း ထားသူများကို ရှာဖွေကယ်တင်ရန် လာရောက်ခဲ့ပုံကို သာဓကပေး အသုံးပြုခဲ့သည်။ ကွာခြားချက်မှာ ခရစ်တော်သည် ကျွန်ုပ်တို့၏ လွတ်မြောက်မှုကို သူ၏ဘဝဖြင့် ဝယ်ယူရ မည်ဖြစ်သည်။"—Michael P. Green, *1500 Illustrations for Biblical Preaching* (Grand Rapids, MI: Baker Books, 2000), pp. 297, 298.

အောက်တွင်ဆက်လက်ဖော်ပြမည်အတိုင်း၊ ကောလောသဲ ၁း၁၅-၂၀ တွင် ရှင်ပေါလု က ခရစ်တော်ကို ဖော်ပြချက်သည် ၎င်း၏ ဖန်ဆင်းရှင် (ကော ၁း၁၅-၁၇) နှင့် ကယ်တင်ရှင် (ကော ၁း၁၈-၂၀) ဖြစ်သော အခန်းကဏ္ဍကို ချီးမွမ်းသည့် ကဗျာတစ်ပုဒ်ဖြစ်သည်။ ဤ ကျမ်းပိုဒ်အနည်းငယ်တွင်၊ ကယ်တင်ခြင်း၏ဇာတ်လမ်းကို စကားလုံးအနည်းငယ်ဖြင့် ဖော်ပြထားသည်။

## ယေရှု၏ ဘွဲ့အမည်များနှင့် ၎င်း၏ ဓမ္မပညာ ရှုထောင့်များ

ကောလောသဲ ၁း၁၅-၂၀ သည် ခရစ်တော်၏ ကယ်တင်ခြင်းအမှုအတွက် ချီးမွမ်း သီချင်းတစ်ပုဒ်ဖြစ်သည်။ ယေရှုအား ဘွဲ့အမည်များစွာ အသုံးပြုရာတွင် ရှင်ပေါလုသည် ဓမ္မဟောင်းသို့ပြန်လည်ကိုးကားပြီး၊ ယေရှုသည် ဓမ္မဟောင်းကတိတော်များ၏ပြည့်စုံမှုဖြစ် ကြောင်းပြသသည်။

**မျက်မြင်မရသောဘုရားသခင်၏ ပုံသဏ္ဍာန်** (ကော ၁း၁၅)။ "မျက်မြင်မရသောဘုရားသခင်၏ ပုံသဏ္ဍာန်" ဟူသော စကားစုသည် ယေရှု၏ စစ်မှန်သောလူသားဖြစ်မှုကို ညွှန်ပြပြီး၊ ၎င်း၏ လူသားဖြစ်လာခြင်းကို ရည်ညွှန်းသည်။ "ပုံသဏ္ဍာန်" ဟု ဘာသာပြန်ထားသော ဂရိစကား လုံးမှာ "အဲကိုန်" ဖြစ်ပြီး၊ ၎င်းသည် သမ္မာကျမ်းမှတ်တမ်းတွင် တစ်စုံတစ်ခုသည် အခြားတစ်ခု၏ ကိုယ်စားပြုမှုဖြစ်ကြောင်း ညွှန်ပြရန် မကြာခဏ အသုံးပြုသည်။ ဥပမာအားဖြင့်၊ ဒံယေလ ၂း၃၁ - ၃း၁၈ ရှိ နေဗုခဒ်နေဇာ၏ ရုပ်တုကို ဓမ္မဟောင်း၏ ဂရိဘာသာပြန်တွင် "အဲကိုန်" ဟု အကြိမ်များစွာ ခေါ်ဆိုသည်။ ထင်ထင်ရှားရှားဖြင့်၊ ကိုယ်စားပြုမှုဆိုင်ရာ အယူအဆကို ကမ္ဘာဦး ၁း၂၆၊ ၂၇ သို့ ပြန်လည်ခြေရာခံနိုင်ပြီး၊ ထိုနေရာတွင် အာဒံကို ဘုရားသခင်၏ ပုံသဏ္ဍာန်အတိုင်း ဖန်ဆင်းခံရသူဟု ရည်ညွှန်းသည်။ ယေရှုသည် ဘုရားသခင်ကို ကိုယ်စားပြုပြီး ဖွင့်ပြရန် ဒုတိယအာဒံအဖြစ် ဤလောကသို့ ရောက်ရှိလာခဲ့သည်။ ဤ အယူအဆသည် အကယ်၍ ယေရှုအစား ခမည်းတော်ဘုရားသခင်သည် ဤလောကသို့ ရောက်ရှိ လာခဲ့လျှင်၊ သူသည် ယေရှုကဲ့သို့ ဖြစ်လိမ့်မည်ဟု ဆိုလိုသည်။

**ဝေနေယျသတ္တဝါ အပေါင်းတို့တွင်လည်း သားဦးဖြစ်သူ** (ကော ၁း၁၅)။ ကောလောသဲ ၁း၁၅ - ၁၈ တွင် ယေရှုအား သတ်မှတ်ထားသော ဘွဲ့အမည်အားလုံးသည် ၎င်း၏ ထူးမြတ်မှုကို မီး မောင်းထိုးပြရန် ရည်ရွယ်ပြီး၊ တစ်ခုစီသည် ၎င်း၏ ကယ်တင်ခြင်းအမှု၏ မတူညီသော ရှုထောင့်များကို အာရုံစိုက်စေသည်။ ကောလောသဲ ၁း၁၅ ရှိ "ဝေနေယျသတ္တဝါ အပေါင်းတို့ တွင်လည်း သားဦးဖြစ်သူ" ဟူသော ဘွဲ့အမည်သည် ကောလောသဲ ၁း၁၈ ရှိ "သေသောသူ တို့တွင် သားဦး" ဟူသော ဘွဲ့အမည်နှင့် ဆက်စပ်နေပြီး၊ ၎င်းနှင့် ဆက်နွယ်သည်။ ရှင်ပေါလု ၏ "သားဦးဖြစ်သူ" ဟူသော ဝေါဟာရအသုံးပြုမှုသည် ဓမ္မဟောင်းကျမ်းတွင် အမြစ်တွယ် နေသည်။ များသောအားဖြင့် "ဝေနေယျသတ္တဝါ အပေါင်းတို့တွင်လည်း သားဦးဖြစ်သူ" ဟူ သော ဘွဲ့အမည်ကို နည်းလမ်းနှစ်မျိုးဖြင့် အဓိပ္ပာယ်ဖွင့်ဆိုသည်။ (၁) ၎င်းသည် ယေရှုအား ဖန်ဆင်းမှုအားလုံးအပေါ် အုပ်စိုးသူအဖြစ် ဖော်ပြပြီး၊ ၎င်း၏ ထူးခြားမှုနှင့် သာလွန်မှုကို ပြသ သည်။ (၂) ၎င်းသည် ယေရှုအား ထာဝရရှိပြီး ဖန်ဆင်းမှုအားလုံး၏ ဖန်ဆင်းရှင်အဖြစ် ဖော်ပြသည်။ အကြောင်းမှာ "ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဘို့ အလိုငှါ၎င်း၊ ခပ်သိမ်း သော အရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။" (ကော ၁း၁၆)၊ နှင့် "ခပ်သိမ်းသောအရာ မဖြစ်မှီ ဖြစ်" (ကော ၁း၁၇) သည်။ ဤအမြင်နှစ်ခုကို တစ်ခုကို အခြားတစ်ခုအတွက် စွန့် လွှတ်ရန် မလိုအပ်ပါ၊ အကြောင်းမှာ ၎င်းတို့သည် တစ်ခုနှင့်တစ်ခု ဖြည့်စွမ်းပေးသည်။

**ကိုယ်၏ ဦးခေါင်း** (ကော ၁း၁၈)။ သမ္မာကျမ်းစာတွင် ယေရှုအား အသုံးပြုထားသော အခြား နိုင်းယှဉ်ချက်များကဲ့သို့၊ "ကိုယ်၏ ဦးခေါင်း" ဟူသော စကားစုသည် ယေရှု၏ အသင်းတော် အပေါ် အာဏာပိုင်မှုကို ညွှန်ပြသော်လည်း၊ ၎င်းအတွက် နူးညံ့သိမ်မွေ့သော ဂရုစိုက်မှုကို လည်း ဖော်ပြသည်။ ထို့ကြောင့် အသင်းတော်၏ ဦးခေါင်းအဖြစ်၊ ယေရှုသည် ၎င်း၏ ကြီး

ထွားမှုကို ပံ့ပိုးပေးသည် (ဗ ၄း၁၅)၊ ၎င်းကို ပြုစုပျိုးထောင်ပေးသည် (ကော ၂း၁၉။ ဗ ၅း၂၉၊ ၃၀)။ အရေးအကြီးဆုံးမှာ၊ သူသည် အသင်းတော်ကို ကယ်တင်သည် (ဗ ၅း၂၃)၊ အကြောင်းမှာ သူသည် အသင်းတော်ကို ချစ်သည် (ဗ ၅း၂၊ ၂၅)။ တစ်နည်းအားဖြင့်၊ ဦးခေါင်းဟူသော နိုင်းယှဉ်ချက်သည် သိုးထိန်းပုံသဏ္ဍာန်နှင့် အလွန်ဆင်တူသည်။ ထို့ကြောင့် ယေရှုသည် အသင်းတော်ကို "အသက်စမ်းရေတွင်းသို့ လမ်းပြလိမ့်မည်" (ဗျာ ၇း၁၇)၊ အသင်းတော်ကို သိပြီး အသင်းတော်လည်းသူ့ကိုသိ၏ (ယော ၁၀း၁၄)၊ အသင်းတော်အတွက် သူ၏အသက်ကို စွန့်လွှတ်သည်အထိ အသင်းတော်ကို ချစ်၏ (ယော ၁၀း၁၁၊ ၁၅)၊ ၎င်းအား ထာဝရအသက်ပေးရန် ရည်ရွယ်ချက်ဖြင့်ဖြစ်သည် (ယော ၁၀း၂၈)။

**မူလအရင်း** (ကော ၁း၁၈)။ ယေရှုအား အရာအားလုံး၏ မူလအရင်းအဖြစ်ဖော်ပြသော ပုံသဏ္ဍာန်သည် သမ္မာကျမ်းစာတွင် ထူးခြားမှုမရှိပါ။ ဤပုံသဏ္ဍာန်၏ ဖြစ်ပေါ်မှုအားလုံးသည် ကမ္ဘာဦး ၁း၁ ကို အခြေခံထားသည်။ ထို့ကြောင့် မဿဲ ၁း၁ ရှိ အစပိုင်းထုတ်ပြန် ချက်တွင် "မူလအရင်း" ဟူသော ဝေါဟာရကို အသုံးမပြုသော်လည်း၊ "ယေရှုခရစ်၏ မျိုးရိုး စဉ်ဆက်စာအုပ်" ဟူသော စကားစုသည် ကမ္ဘာဦးစာအုပ်ကို ရည်ညွှန်းသည် (က ၅း၁။ ၂း၄ ကို ကြည့်ပါ)။ မာကုဧဝံဂေလိသည် "ယေရှုခရစ်၏ ဧဝံဂေလိတရား၏ အစပိုင်း" (မာ ၁း၁) ဟူသော ထုတ်ပြန်ချက်ဖြင့် စတင်ပြီး၊ ပညာရှင်များစွာအတွက် ၎င်းသည် ကမ္ဘာဦး ၁း၁ ကို သတိရစေသည်။ ယောဟန်ဧဝံဂေလိသည် "အစအဦး၌ နှုတ်ကပတ် တော်ရှိ၏" (ယော ၁း၁) ဟူသော ထုတ်ပြန်ချက်ဖြင့် စတင်ပြီး၊ "ထိုနှုတ်ကပတ်တော်သည် အစဦး၌ ဘုရားသခင်နှင့်အတူရှိ၏။" (ယော ၁း၂) ဟု ဆက်လက်ဖော်ပြသည်။ ထို့အတူ ယောဟန်သည် ၎င်း၏ပထမစာတွင် ၎င်း၏ဧဝံဂေလိနှင့် ကမ္ဘာဦးစာအုပ်ကို ရည်ညွှန်းပြီး စတင်သည် (၁ယော ၁း၁)။ ထို့ပြင် သူသည် "သင်တို့သည် အစပိုင်းမှရှိသောသူကို သိခဲ့ကြသည်" (၁ယော ၂း၁၃၊ ၁၄) ဟု ဖော်ပြသည်။ နောက်ဆုံးတွင်၊ ဗျာဒိတ်ကျမ်းတွင် ယောဟန်သည် ယေရှုအား "ဘုရားသခင်၏ ဖန်ဆင်းမှု၏ အစပိုင်း" (ဗျာ ၃း၁၄) ဟူသော ဘွဲ့အမည်ကို သတ်မှတ်သည်။ ထို့ကြောင့် "မူလအရင်း" (ကော ၁း၁၈) ဟူသော ဘွဲ့အမည်သည် ယေရှု၏ ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်အဖြစ်သော အခန်းကဏ္ဍကို ညွှန်ပြသည်။

**သေသောသူတို့တွင် သားဦးဖြစ်သူ** (ကော ၁း၁၈)။ ရှင်ပေါလု၏ "သေသောသူတို့တွင် သားဦး" (ကော ၁း၁၈) ဟူသော ဘွဲ့အမည်အသုံးပြုမှုသည် ဗျာဒိတ် ၁း၅ တွင် ယောဟန်၏ တူညီသော ဘွဲ့ အမည်အသုံးပြုမှုနှင့် အလွန်ဆင်တူသည်။ စာရေးသူနှစ်ဦးစလုံးသည် ဆာလံ ၈၉း၂၇ ကို စိတ်ထဲထားပုံရသည်။ "ငါသည် သူ့ကို ငါ၏သားဦးဖြစ်စေမည်၊ မြေကြီးပေါ်ရှိ ဘုရင်များထဲတွင် အမြင့်ဆုံးဖြစ်စေမည်။" တစ်နည်းအားဖြင့်၊ ဆာလံ ၈၉ သည် ဒါဝိဒ်နှင့် ဘုရားသခင်၏ ပဋိညာဉ် ကို အသေးစိပ်ဖော်ပြထားသော ဓမ္မရာဇဝင်ဒုတိယစောင် ၇း၈-၁၆ ၏ မှတ်ချက် တစ်ခုဖြစ်သည်။ သို့သော် ဆာလံ ၈၉ ကို အနီးကပ်ဖတ်ရှုခြင်းဖြင့် နောက်ဆုံးတွင် ဤကျမ်းပိုဒ်သည် လူသား ပုဂ္ဂိုလ် တစ်ဦး ထက် ပိုမိုကြီး မြတ်သူ တစ်ဦး အကြောင်း

ပြောဆိုနေကြောင်း ပြသည် (ဥပမာ၊ ဆာလံ ၈၉း၂၇၊ ၃၆ ကိုကြည့်ပါ)။ သမ္မာကျမ်းစာတွင် ယေရှုသည် ဒါဝိဒ်၏ နောက်ဆုံး သားတော် ဖြစ်ကြောင်း ညွှန်ပြသည် (ဥပမာ၊ မ ၁း၁ ကိုကြည့်ပါ)။ ယေရှုအား "သားဦးဖြစ်သူ" (ကော ၁း၁၈) ဟူသော ဘွဲ့အမည်ကို အသုံးပြုသောအခါ၊ ရှင်ပေါလုသည် ၎င်းကို ဒါဝိဒ်နှင့် ဘုရားသခင်၏ ပဋိညာဉ်ကတိတော်၏ ပြည့်စုံသူအဖြစ် ရည်ညွှန်းသည်။

**ယေရှု၏ ပြန်လည်သင့်မြတ်ရေးအမှု။** ယေရှုလုပ်ဆောင်ခဲ့သမျှ (ကော ၁း၁၅-၁၈) သည် ၎င်းအား အရာအားလုံးတွင် ပထမဦးဆုံးနေရာရရှိစေသည် (ကော ၁း၁၈)။ ရှင်ပေါလု အဆိုအရ၊ ခရစ်တော်သည် ထိုအရာအားလုံးဖြစ်သည်၊ အကြောင်းမှာ "သူ့အတွင်း၌ ဘုရားသခင်၏ပြည့်စုံမှုအားလုံးသည် နေထိုင်ရန် ကျေနပ်ခဲ့သည်" (ကော ၁း၁၉)။ ဆိုလိုသည်မှာ ယေရှုသည် လူသားအပြည့်အဝဖြစ်နေချိန်တွင် ဘုရားသခင်အပြည့်အဝဖြစ်သည်။ ထို့ကြောင့် ၎င်းသည် လူသားကို ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ရန် လိုအပ်သော မရှိမဖြစ် လိုအပ်ချက်များကို ပြည့်စုံစေသည် (ကော ၁း၂၀-၂၂)။ ဧ ၂း၁၄-၁၇ တွင် ရှင်ပေါလုသည် ယေရှုသည် ကျွန်ုပ်တို့၏ ငြိမ်သက်ခြင်းဖြစ်ရန် ဤလောကသို့ ရောက်ရှိလာခဲ့သည်ဟူသော အယူအဆနှင့် ဆက်စပ်ပြီး ပြန်လည်သင့်မြတ်ရေးဘာသာစကားကို အသုံးပြုသည် (ဧ ၂း၁၄)၊ ထို့ကြောင့် ငြိမ်သက်ခြင်းကို ဖန်တီးပေးသည် (ဧ ၂း၁၅) နှင့် ငြိမ်သက်ခြင်းကို ဟောပြောသည် (ဧ ၂း၁၇)။ လူသားသာမက "ဘုရားသခင်၏ ဖန်ဆင်းမှုအားလုံးသည် ငြိမ်သက်ပြီး ပြန်လည်သင့်မြတ်မည်ဖြစ်ပြီး၊ ပြည့်စုံသော သဟဇာတဖြစ်မှုကို ပြန်လည် ထူထောင်မည်ဖြစ်သည်။"—Grant R. Osborne, *Colossians & Philemon: Verse by Verse*, Osborne New Testament Commentaries (Bellingham, WA: Lexham Press, 2016), p. 46.

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

အောက်ပါအကြောင်းအရာများကို ဆင်ခြင်သုံးသပ်ပါ။ ထို့နောက် ဥပုသ်စာဖြေ အတန်းသားများအား ဤအပိုင်း၏အဆုံးတွင် မေးခွန်းများကို ဖြေဆိုရန် တောင်းဆိုပါ။

ကောလောသဲ ၁း၁၅-၂၀ တွင် ယေရှုကို ဖန်ဆင်းမှုအားလုံး၏ ချီးမြှောက်ခံရသော သခင်အဖြစ် ဖော်ပြထားသည်။ သူသည် ကျွန်ုပ်တို့၏ သခင်ဖြစ်သည်။ ယေရှု၏ သခင်ဖြစ်မှုသည် သူသည် သေခြင်းမှ အောင်မြင်စွာ ရှင်ပြန်ထမြောက်ပြီး ကျွန်ုပ်တို့၏ ဘုရင်နှင့် ကောင်းကင်သန့်ရှင်းရာဌာနတွင် ကြားဝင်ဆောင်ရွက်ပေးသူအဖြစ် အခြေခံထားသည်။ ကျွန်ုပ်တို့သည် သူ့ကို ယုံကြည်ပြီး သူ၏ပုံသဏ္ဌာန်သို့ ကျွန်ုပ်တို့ကို ပြန်လည် ထူထောင်ပေးမည်ဟု ယုံကြည်စွာ သူ့ထံသို့ အပြည့်အဝ အပ်နှံနိုင်သည်။ ရှင်ပေါလုကဆိုသည်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို "သူ၏ သားတော်၏ ပုံသဏ္ဌာန်နှင့် တူညီစေရန်" "ကြို တင် သတ်

မှတ် ထားခဲ့သည်၊" "သူသည် ညီအစ်ကိုများစွာထဲတွင် သားဦးဖြစ်မည်" (ရောမ ၈း၂၉)။

ခရစ်တော်တွင်၊ ကျွန်ုပ်တို့သည် အားလုံးပါဝင်သော ပြန်လည်ထူထောင်ခြင်း၏ ကတိတော်ကို ရရှိသည်။ "သူ၏ ကားတိုင်၏အသွေးအားဖြင့်" ကျွန်ုပ်တို့သည် ယခုဘုရားသခင်နှင့် ငြိမ်သက်ခြင်းရရှိသည် (ကော ၁း၂၀)။ ဟေရှာယသည် ရာစုနှစ်များစွာကတည်းက ပရောဖက်ပြုခဲ့သည်အတိုင်း၊ ယေရှုသည် ငြိမ်သက်ခြင်းအရှင် ဖြစ်ရန် ရောက်ရှိလာခဲ့သည် (ဟေရှာ ၉း၆။ ဧ ၂း၁၄ နှင့်နှိုင်းယှဉ်ပါ)။ ထို့ပြင် ဟေရှာယကဆိုသည်၊ "ကျွန်ုပ်တို့၏ငြိမ်သက်ခြင်းအတွက် ဆုံးမခြင်းသည် သူ့အပေါ်တွင် ရှိခဲ့သည်" (ဟေရှာ ၅၃း၅)။ ရောမ ၅း၁၀ တွင် ရှင်ပေါလုက အတည်ပြုသည်၊ "ကျွန်ုပ်တို့သည် ရန်သူများဖြစ်နေစဉ် သူ့သားတော်၏ သေခြင်းအားဖြင့် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခဲ့ကြသည်။"

သမ္မာကျမ်းစာတွင် ယေရှုသည် ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်ဖြစ်ကြောင်း သင်ကြားပေး၏။ သူသည် ဤလောကသို့ ရောက်ရှိလာပြီး ကျွန်ုပ်တို့ကို သူ့ထံသို့ ပြန်လည်ဝယ်ယူရန် ကားတိုင်ပေါ်တွင် သေဆုံးခဲ့သည်။ ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့သူ (ယော ၁း၁ – ၃) သည် လူ့ဇာတိဖြင့် ရောက်ရှိလာကာ (ယော ၁း၁၄) "လူများစွာအတွက် ရွေးယူရာ အသက်ကို ပေးရန်" (မ ၂၀း၂၈) ဖြစ်သည်။ ၎င်း၏ သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့်၊ သူသည် အပြစ်နှင့် သေခြင်းကို အောင်မြင်ခဲ့ပြီး ကောင်းကင်နှင့်မြေကြီးပေါ်ရှိ အရာအားလုံးအပေါ် ထူးမြတ်မှုကို ရရှိခဲ့သည်။ ထို့ကြောင့် "သူမှတစ်ဆင့်၊ သူအားဖြင့်၊ သူ့အတွက် အရာအားလုံးရှိသည်၊ သူ့အား ထာဝရဘုန်းတန်ခိုးရှိစေသတည်း။ အာမင်" (ရော ၁၁း၃၆)။

**မေးခွန်းများ –**

**၁။ ယေရှု၏ ပုံသဏ္ဌာန်နှင့် တူညီခြင်းဆိုသည်မှာ ဘာကိုဆိုလိုသနည်း။ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် သင့်ဘဝတွင် ဤပြောင်းလဲခြင်းအမှုကို မည်သို့လက်တွေ့ကျသော နည်းလမ်းများဖြင့် သင်မြင်တွေ့နေသနည်း။**

____________________________________________

____________________________________________

**၂။ ယေရှုသည် သင့်ဘဝ၏ သခင်ဖြစ်ပုံကို မည်သို့နည်း။ အရာအားလုံးအပေါ် ၎င်း၏ ထူးမြတ်မှုသည် သင့်အတွက် ဘာကိုဆိုလိုသနည်း။ ၎င်း၏ ထူးမြတ်မှုသည် သင့်အား မည်သို့ မျှော်လင့်ချက်ပေးသနည်း။**

____________________________________________

____________________________________________

**သင်ခန်းစာ - ၉** *ဖေဖဝါရီ ၂၁ - ၂၇

# ပြန်လည်သင့်မြတ်ခြင်း နှင့် ဖျော်လင့်ခြင်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ကော ၁း၂၁ - ၂၉။ ဖေက် ၅း၂၇။ ၃း၁၇။ ရောမ ၈း၁၈။ ။ ဖေက် ၁း၇ - ၁၀။ ဖေက် ၃း၃ - ၆။ သု ၁၄း၁၂။

**အလွတ်ကျမ်းချက်။** **"အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည်အပြစ်နှင့် ကင်းစင်သောသူကို ငါတို့ အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည်ထိုသူအားဖြင့် ဘုရား သခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း။"** (၂ ကောရိန်သု ၅း၂၁)

ပေါလုသည် ကောလောသဲ ၁း၂၀ တွင် အရေးတကြီး မီးမောင်းထိုထားသော ကြားဝင်ဖြန်ဖြေခြင်း ဥပဒေသကိုဆက်လက်ဖော်ပြ၏ (သင် - ၈။ကြာသပတေး)။ ထိုတွင် ပေါလုသည် စကြာဝဠာကိုရှုံ၍ ထိုမှ တဆင့် ကိုယ်စီကိုယ်ငှတို့ လိုက်လာစေသည်။ ကပ်တိုင်ပေါ်တွင် သူ၏သေခြင်းဖြင့် ၄င်းတို့၏ အပြစ်ကြောင့် ထာဝရဘုရား၏ သက်တော်စဉ်မှ တိမ်းစောင်းသွားသောလူသားတို့အား သူတို့၏ယုံကြည်ခြင်းအားဖြင့် ကြားဝင် သင့်မြတ်စေခြင်းလုပ်ငန်းကြီး ပြီးဆုံးသွားပြီးဖြစ်သည်။

ကိုယ်စီကိုယ်ငှ သင့်မြတ်စေခြင်း လုပ်ငန်းစဉ်ကို ယခုတပတ်အတွင်း ဖြေချကြရပါလိမ့်မည်။ စကြာဝဠာတခွင်လုံးအတွက်ယေရှု၏သေခြင်းအားဖြင့် ဖြစ်လာသည်။ ကိုယ်စီကိုယ်ငှအဆင့်တွင်မူ ကပ်တိုင်တော်သည် အတိတ်ကို မဆောင်ဘဲ၊ ပစ္စုပ္ပန်တွင် လက်တွေ့ဖြစ်ပျက်နေခြင်းကဲ့သို့ ၊ ခရစ်တော်၏ ဧဝံဂေလိတရား တော်အား ကြားရ၍ ဘုန်းကြီးသော မြော်လင့်ခြင်းကို လက်ခံသောလူတို့အား ထာဝရဘုရား၏ မေတ္တာတော်သည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်လိမ့်မည်။

ပေါလုသည် "ရှေးခေတ်ကာလပတ်လုံးဝှက်ထားသော" (ကော ၁း၂၆) အရာဟု ဆို၏။ ဤဝှက်ထား သောအရာသည် အဘယ်နည်း။ ကိုယ်စီကိုယ်ငှနှင့် စကြာဝဠာ အတွက် မည်သည်အား မှန်းဆတမ်းရမ်းစေသနည်း။ ဤဝှက်ထားသောအရာသည် ပေါလုမှ သဲကြီးမဲကြီး ကြွေးကြော်ရသော ဧဝံဂေလိတရားနှင့် မည်သို့ ဆက်စပ်နေသနည်း။

* ဖေဖဝါရီ ၂၈ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကို လေ့လာပါ။

**တနင်္ဂနွေနေ့** ဖေဖဝါရီ ၂၂

## ဆိုးညစ်ခြင်းမှပြန်လည်သင့်မြတ်စေခြင်း

**ဖတ်ပါ – ကောလောသဲ ၁း၂၁၊ ၂၂။ ပေါလုသည် ရန်သူအဖြစ်သို့ပင် တိမ်းစောင်းသွားသည်ဟု သွယ်ဝိုက်၍ ပြောနေသည်မှာ အဘယ်နည်း။ ခရစ်တော် သေခြင်း၏ ရလဒ်သည် မည်သို့အသုံးသတ်ဖြစ်မည်ဟု ပြောလင့်သနည်း**(ဧဖက် ၅း၂၇)**။**

ပေါလုသည် လူသားတို့၏ ဘဝကို အမှောင်ရုပ်နှင့်ပင် ပုံဖော်ထားပေးရာ ၊ လူသည် အနည်းဆုံး ခရစ်တော်၏ဖြောင့်မတ်ခြင်းနှင့် ဝေးကွာနေရ၏။ နှစ်ထောင်ချီကုန်လွန်ပြီး ယခုမှုထိုစိတ်ခံစားမှုအား မည်သူငြင်းနိုင်မည်နည်း။ တစ်စုံတစ်ဦးသည် ခရစ်ယာန်တို့၏ သြဝါဒတရားတွင် ယုံကြည်ခြင်းဖြင့် လက်ခံရန်ပင် မလိုအပ်သော အရာသည် လူသား သည် အပြစ်သားဖြစ်ခြင်းဖြစ်သည် ဟု ဆိုခဲ့သည်။

အပြစ်ဝင်လာသည်နှင့်အမျှ ကျွန်ုပ်တို့သည် မည်မျှပင်ဆိုး သည်ဖြစ်စေ၊ ပြန်လည်သင့်မြတ်စေရန် ဘုရားသခင်သည်အရင်ဦး ခြေလှမ်း လှမ်းလာ ခဲ့သည်။ ဆိုလိုရင်းမှာ အစအဦးတည်းက ဘုရားသခင်သည် အပြစ်၏ပြဿနာကို ဖြေရှင်းရန် လုပ်ဆောင်ခဲ့ပြီး ဖြစ်ရာ၊ ထိုအဖြေသည်လည်း ကပ်တိုင်ပေါ်တွင် သူ၏သေခြင်း၌ သာတွေ့ရှိရပါသည်။

ဧဒင်တွင် ဘုရားသခင်သည် အာဒံအားခေါ်ရာတွင် သူ့ဖန်ဆင်းခြင်း၏ အဓိက အစိတ်အပိုင်းဖြစ်သော သင်ဘယ်မှာရှိသနည်းဟူ၏ (က ၃း၉)။ ယနေ့တိုင် သူကိုယ်တိုင်သည် ပျောက်ဆုံးနေသော သူ့သိုးငယ်များအား တစ်ကောင်နောက်တစ်ကောင် ရှာဖွေနေ၏။ ကမ္ဘာ ၃း၁၅ ရှိ သန္ဓေတည်ခါစဧဝံဂေလိတရား၌ ကျွန်ုပ်တို့နှင့် စာတန် စပ်ကြားတွင် ရန်ငြိုးဖွဲ့စေခြင်းဖြင့် စီမံကိန်းထားပေးလေသည်။ နှစ်ဆယ့် တစ်ရာစု လူသားတို့သည် ဧဝံဂေလိတရားအား သီအိုရီပိုင်းဆိုင်ရာတွင် ရှုပ်ထွေးစေကာ၊ လက်တွေ့နည်းပါးစေ၏။ အမှန်မှာ ၎င်းသည် ရိုးစင်းလွယ်ကူသော အရာ ပင် ဖြစ်လေသည်။

ဧဝံဂေလိတရားသည် အပိုင်းသုံးပိုင်း ပါဝင်သည် –

၁။ ကျွန်ုပ်တို့သည် မိမိတို့ဖာသာ မတတ်နိုင်သဖြင့်၊ ယေရှုကြွဆင်းလာ၍ အသေခံပေး၏။ (ရော ၅း၆ – ၈)

၂။ ယုံကြည်ခြင်း၊ နောင်တနှင့်ရေနှစ်ခြင်းဖြင့် သူ၏အသေခံခြင်းကိုလက်ခံပါက၊ မိမိတို့အားအပြစ်လွှတ်ကာတရားစီရင်ခြင်းမှ တရားသေလွှတ်ပေး၏ (ရောမ ၅း၉ – ၁၁။ ၆း၆၊ ၇)။

၃။ ယခုကျွန်ုပ်တို့ရှင်ရသောအသက်တာသည် ခရစ်တော်နှင့် ပေါင်းစည်း၍ ရရှိသော အသက်၊ အသစ်ဖန်ဆင်းသောတန်ခိုးတော်အား ကြုံတွေ့ခြင်း၊ မိမိတို့၌ သူ့အသက် ရှင်ခြင်း (၂ကော ၅း ၁၇ – ၂၁။ ဂလာ ၂း၂၀)။

ဤအဆင့်နှင့် အဖြစ်ပျက်တို့အား ခွဲခြားခြင်းမပြုရပါ။ မိမိတို့အသက်တာ၌ ယေရှုကိုလက်ခံသည်နှင့် တစ်ချိန်တည်းတွင်ပင် ဖြစ်ပျက်နိုင်သည်။ နံနက်တိုင်း သူ့ထံပါ ဆက်ကပ်ခြင်းဖြင့်လည်း သစ်ဆန်းစေနိုင်ပါသည်။ မိမိအသက်တာတွင် ခရစ်တော်၏ ကယ်တင်ခြင်းကို ကြုံတွေ့ရခြင်းသည် ယေရှု၏သေခြင်းအပေါ်တွင် နားနေရခြင်း၏ အခြေခံ အုတ်မြစ်ဖြစ်သည်။ ထိုနေရာသို့ အမြဲပြန်သွားကြစို့။

**မိမိကိုယ်ကို၊ မိမိစာရိတ္တနှင့်မိမိအတွင်းကျကျပြန်ကြည့်သောအခါ သင်မြင်ရသောအရာသည် ကပ်တိုင်တော်လိုအပ်သည်ကိုမည်သို့ဖော်ပြသနည်း။**

# ယုံကြည်ခြင်းဖြင့်တည်ကြည်ခြင်း

**ဖတ်ပါ – ကောလောသဲ ၁း ၂၃။ "ခိုင်ခန့်စွာယုံကြည်ခြင်း" ဟုပေါလု ပြောဆိုရာတွင် မည်သည့်အနက် ရှိမည်ဟု သင်ယူဆသနည်း**(ကော၊ ၂း ၅။ ဖေက်၊ ၃း ၁၇)။

ဂရိဝေါဟာရတွင် "ခဲ့သော်" ဟူသည်ကို ကွဲပြားသော အနက်လေးမျိုးဖြင့် ဖော်ပြထားသည်။ ကောလောသဲ ၁း၂၃ ၏အစတွင် ပါရှိသည်။ ကောလောသဲလူတို့သည် ထိုအရာကို စိတ်သိမ့်းလျက်ယုံကြည်ခြင်း၌ တည်ကြည်ရန် ပေါလုမှတိုက်တွန်း ထားသည်။ ပေါလုသည် သူပြသထားခဲ့သည်အတိုင်း သူတို့၏ ယုံကြည်ခြင်းတွင် တည်ကြည်ခြင်းကိုတွေ့ခဲ့ရသည် (ကော ၂း၅)။ သို့ပါလျက် သူတို့၏ ကယ်တင်ခြင်းသည် သူတို့လိုက်ရှောက်ခဲ့သောယုံကြည်ခြင်းလမ်းစဉ်အပေါ် ဆက်လက်တည် ရှိခြင်းအပေါ်တွင် မူတည်သည်။

ဆက်လက်တည်ရှိခြင်းသည် ဂရိဝေါဟာရတွင် "တည်ကြည်ခြင်း" (ကော ၁း၂၃) ဟုဆိုသည်။ ၎င်းကို မှားယွင်းခြင်းအမှုတွင် ကျမ်းပြုဆရာတို့နှင့်ဖာရိရှဲတို့က ဖမ်းဆီးမိသောမိန်းမတယောက်အား မည်သို့ပြုရမည်ကို ယေရှုအား အထပ်ထပ်မေး လျှောက်ခြင်းကို ဖော်ပြရာတွင်လည်း အသုံးပြုထားသည် (ယော ၈း၇)။ ပေတရုသည် တံခါးကို ခေါက်၍နေသော်၊ ရောဒေအမည်ရှိသောမိန်းမပျိုသည် ပေတရု၏စကားသံကို သိ၍၊ တံခါးကို မဖွင့်ဘဲအထဲသို့ပြေးဝင်၍အခြားသူတို့အားပြောစဉ်တွင်လည်းအသုံးပြုသည် (တ ၁၂း၁၆)။ ပေါလုသည် တိမောသေအား ဆုံးမဩဝါဒကိုသတိပြု၍ အမြဲတည်နေလော့ဟု အားပေးတိုက်တွန်းရာတွင်လည်း အသုံးပြုသည် (၁တိ ၄း၁၆)။ ဤနေရာတွင် သူ၏ဆိုလိုရင်းအနက်သည် အလားတူကြသည်ဖြစ်ရာ၊ ယုံကြည်သူများအပေါ် အသုံးပြုခြင်း၌မူတည်ပါသည်။

နောက်သင်ခန်းစာတစ်ခုတွင် ကောလောသဲလူတို့သည် ခရစ်တော်၏ တရားကို မလိုက်၊ ဧဝံဂေလိတရားတော်၏ ကြော်လင့်ခြင်းကို မစွဲကိုင်ဘဲ၊ လူအဆက်ဆက်ခံသော နည်းဥပဒေသဖြင့်ကယ်တင်ခြင်းကိုလိုက်ကြသည် (ကော ၂း၈၊ ၂၀ – ၂၂)၊ တိုက်မြစ်ကျတည်ခြင်း" ဟူသောဝေါဟာရသည် နှုတ်ကပတ်တော်တွင် ယုံကြည်ခြင်းနှင့် မေတ္တာ ကိုအခြေခံထားသည့် ခိုင်မာသောအုတ်မြစ်ကို ဆိုလိုသည် (မ ၇း၂၅။ ဧ ၂း၂၀။ ဧ ၃း၁၇)။

ဤဂရိဝေါဟာရ "တိုက်မြစ်ကျတည်ခြင်း" သည် မရွေ့မပြောင်းနိုင်သော အဆောက်အဦး၊ ခရစ်ယာန် များအနေဖြင့် "ဧဝံဂေလိတရား၏ မြော်လင့်ခြင်းမှ မရွေ့လျော့သူ" (ကော ၁း၂၃) ဆိုလိုသည်။ အလားတူညီသော ဝေါဟာရတစ်ခု ၁ ကော ၁၅း၅၈ တွင် "တည်ကြည်သောစိတ်နှင့်ပြည့်စုံ၍ မရွေ့လျော့ မတိမ်းယိမ်းဘဲ လျက် သခင်ဘုရား၏ အမှုတော်ကိုကြိုးစားကြလော့" ဟူ၏။

ဆန့်ကျင်ဘက်အနေဖြင့် "တစ်ကြိမ်ကယ်တင်ခြင်း ခံစားရသူသည် ထာဝရခံစားရသည်" ဟူသောအယူအဆရှိသော်လည်းပေါလုဆိုလိုသည်မှာ၎င်းနှင့်လုံးဝခြားနား၏။

**ယုံကြည်ခြင်း၌ တည်ကြည်ခြင်းသည် မည်သို့အရေးပါသည်ကို သင်ကြုံတွေ့ခဲ့ဘူးသနည်း။ ၎င်းသို့ပြုနိုင်ရန် သတိရှိသောရွေးချယ်မှုကို မည်သို့ပြုရမည်နည်း။ ထိုသို့မဟုတ်ခဲ့သော် သင်မည်သို့ဖြစ်နိုင်မည်နည်း။**

# ဘုရား၏ထာဝရအစီအစဉ်

**ဖတ်ပါ – ကောလောသဲ ၁း ၂၄၊ ၂၅။ ခရစ်တော်အတွက် ဒုက္ခဆင်းရဲခံရခြင်းကို ပေါလုမှ မည်သို့ဆိုသနည်း။**

ပေါလုသည် ကောလောသဲဩဝါဒစာကို ရောမမြို့တွင် အိမ်အကျယ်ချုပ် နေရသည့်ကာလတွင် ရေးသားပေးပို့ထားရာ၊ အရင်ဦးက ပြုခဲ့သည်တိုင်း တနေရာမှ တနေရာ၊ တအိမ်တက်တအိမ်ဆင်းခြင်း မပြုရခြင်း သည် သူ့အတွက် အလွန်ဒုက္ခဆင်းရဲ ခံရခြင်းမဟုတ်ပါ (တ ၂၀း၂၀)။ ဤဒုက္ခဆင်းရဲခြင်းတို့ကို ခရစ်တော်က ကြိုတင်သတိပေးထားခဲ့ပြီးဖြစ်ရာ (မ ၂၄း၉။ ယော ၁၆း၃၃) ၎င်းတို့သည် "ငါတို့အား ပေါ်ထွန်းလတ့ံသော ဘုန်းကိုထောက်သော်၊ ယခုမျက်မှောက်ကာလ၌ ခံရသောဒုက္ခဆင်းရဲတို့ကို ပမာမပြုထိုက်" (ရော ၈း၁၈) ဟု ဆို၏။ ဤသည်မှာ သာ၍ကြီးသော ပုံရိပ်ပင်ဖြစ်သည်။ ပေါလုသည် ဖိလိပ္ပိရှိ ခရစ်ယာန်တို့သို့ ပေးပို့သည် နည်းတူ၊ သူခံရသော ဤဒုက္ခဆင်းရဲခြင်းများသည် ကောလောသဲလူတို့၏ ကောင်းကျိုးအတွက်လည်းဖြစ်သဖြင့် သူ ဝမ်းမြောက် ကြောင်းရေးသားပေပို့သည် (ကော ၁း၂၄)။

ပေါလုသည် ချည်နှောင်ခြင်းခံရသည်တိုင် "ဘုရား၏နှုတ်ကပတ်တော်သည် ချည်နှောင်ခြင်းနှင့် ကင်းလွတ်၏" (၂တိ ၂း၉)၊ ပေါလုသည် ချုပ်နှောင်ခြင်းခံရကာလတွင် ဖိလိပ္ပိ၊ ဧဖက်နှင့် ဖိလေမုန်၊ ဤဩဝါဒစာ သုံးစောင်တို့ကို ရေးသားပေးပို့ခဲ့သည်။ လွတ်မြောက်လာသောအခါ၊ ဘုရားသခင်ထံမှ ဉာဏ်ကွန့်မြူးခြင်းဖြင့် အကြံပြုဩဝါဒစာ နှစ်စောင် ၁ တိမောသေ နှင့် တိတုတို့ကိုလည်းရေးသားပေပို့သည်။ ရောမတွင် နောက်ဆုံး အကျဉ်းကျကာလ၌ ၂ တိမောသေ ကိုရေးသားပေးပို့သည်။ ပေါလုသည် သူ၏ နောက်ဆုံးနေ့ရက်များကာလတွင် ဟေဗြဲဩဝါဒစာအပါ ဓမ္မသစ်ကျမ်းတွင် အစိတ် အပိုင်းဝင်သော ကျမ်းများအား ရေးသားပေးပို့ခွင့် ရရှိခဲ့ သည်။

ဘုရား၏ ထာဝရအစီအစဉ်သည် ဤသည်တို့တင်မက မျှော်မှန်းထားသည်။ ကောလောသဲ ၁း၂၅ တွင် "ဘဏ္ဍာစိုး" အနက်ရှိသော ဂရိဝေါဟာရ (*oikonomia*) ကို ပေါလု အသုံးပြုထားသည်။ ၎င်းဝေါဟာရအား ကန့်သတ်ချက်တို့ဖြင့်သာ အသုံးပြုရာ (၁တိ ၁း၄ ရှု)၊ "ဘုရားသခင်၏အုပ်ချုပ်မှု" ဖြစ်သည် —Luke Timothy Johnson, *The First and Second Letters to Timothy* (New York: Doubleday, 2001), p. 164.

၎င်းတွင် ပေါလု၏တမန်တော်အရာလည်း ပါဝင်လိမ့်မည်။ သည်ထက်မက ကယ်တင်ခြင်းစီမံကိန်းတွင် ထာဝရဘုရား၏ စီမံကိန်းအားလုံးပါဝင်သည်။ ပေါလုနှင့် အခြားတမန်တော်တို့၏ သာသနာလုပ်ငန်းနှင့် မောရှေအပါဝင် ဓမ္မဟောင်း၏ ပုရောဖက်များ (ဧ ၂း၂၀။ ၃း၅) တို့သည် "ထာဝရဘုရား၏ နှုတ်ကပတ် တော်အကုန် အစင်ဟောပြောရန်" (ကော ၁း၂၅) ဖြစ်၍ကောင်းကင်၏စီမံကိန်းနှင့် ဆက်စပ်နေ၏။

ဤခေါင်းစဉ်အား နောက်နေ့တွင် အနီးကပ်လေ့လာရပါမည်။ ဤအချက်တို့မှ ပေါလု သတိပြုမိသော အချက်တို့သည် သူ၏ သာသနာ့ခရီးစဉ်တို့သည်၊ "ကမ္ဘာမတည်မရှိမီ ကတည်းက အကောင်အထည်ဖော်ခဲ့ သော" (မ ၁၃း၃၅။ ဧ ၁း၄) ကောင်းကင်၏ ရေရှည်စီမံကိန်းဖြစ်သည်။

**သင့်အသက်တာကို တွေးကြည့်ပါ။ သင်ဆုံးဖြတ်ခြက်ချခဲ့သည်များ (ကြီး၊ ငယ်) တို့သည် ဘုရား၏ ကျယ်ပြန့်သော စီမံကိန်းနှင့် လျော်ညီသလော။ ဆုံးဖြတ်ချက်တစ်ခုကို "သေးငယ်သည" ဟု သိရှိနိုင်မည်နည်း။ နောက်ပိုင်းမှ ထင်ရှားလာမည့် ပိုမိုကြီးမားသော အကျိုးသက်ရောက်မှုများ မည်သို့ရှိနိုင်မည်နည်း။**

# ဘုရား၏နက်နဲသောအရာကိုဖော်ထုတ်သည်

**ဖတ်ပါ – ကောလောသဲ ၁း ၂၆၊ ၂၇။ ပေါလုကနှစ်ကြိမ်ဖော်ပြသော နက်နဲသောအရာသည် အဘယ်နည်း။**

အခြားနေရာတစ်ခုတွင် ပေါလုသည် "ကမ္ဘာမတည်မရှိမီ ငါတို့၏ ဘုန်းအသရေ ဖြစ်စေခြင်းငှါ နက်နဲ သောအရာ၌ ဝှက်ထားသောဘုရား၏ပညာ" (၁ကော ၂း၇) ကို ဘုရားသခင်၏ ထာဝရစီမံကိန်း၌ ဖော်ပြထားသည်။ ပေတရုသည်လည်း ဤအမှန်တရားအား ပရောဖက်တို့မှ စေ့စေ့စစ်ကြောမေးမြန်းရှာဖွေခဲ့၍ "ကောင်းကင် တမန်တော်တို့ပင် စေ့စေ့ကြည့်ရှုချင်သောစိတ် ရှိကြသည်" (၁ပေ ၁း၁၀ – ၁၂) ဆို၏။ ၎င်းကို "ကမ္ဘာမတည်မရှိမီပင် ခန့်ထား" (၁ပေ ၁း၂၀) ၍ "ရှေးကပ်ကာလ ပတ်လုံးဝှက်ထား" (ရောမ ၁၆း၂၅) သည်ဆို၏။ သို့တိုင်အောင် ခရစ်တော်၏အသက်တာ၊ သေခြင်း၊ ပန်ရှင် ထမြောက်ခြင်းအားဖြင့် ထိုဖုံးအုပ်ခြင်းအကြောင်းကို ပယ်ရှင်း၏ (၂ကော ၃း၁၄)။

**အောက်ပါ ကိုးကားချက်တို့သည် ဝှက်ထားသောဘုရား၏ ပညာကို မည်သည့် ရှုထောင့်အမျိုးမျိုးဖြင့် အလင်းပေး ထားသနည်း။**

၁။ ဧဖက် ၁း၇ – ၁၀ ____________________

၂။ ဧဖက် ၃း၃ – ၆ ____________________

ကောင်းကင်အောက်မြေကြီးတွင် ရှိသမျှအရာတို့သည် ခရစ်တော်၌ တလုံးတဝ တည်း စုစည်းရလိမ့် မည်။ ယောဟန် ၁၇ တွင် ခရစ်တော်၏အဓိကဆုတောင်းချက်ပင် ဖြစ်ခဲ့သည်။ မည်သို့ ဖြစ်လာမည်မှာ နက်နဲ သောအရာ ဖြစ်၍ ဧဝံဂေလိတရားမှ ယခု ဖော်ပြပေးလေသည်။ ကောင်းကင်၏အဖိုးမဖြတ်နိုင်သောရတနာနှင့် မိမိတို့သည် ထာဝရကာလတွင် သင်ယူကြရမည့် ယေရှုအား၊ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် ဘုရား သခင်မှ ပေးတော်မူသည်တိုင် အဘယ်ကြောင့် ချစ်တော်မူသနည်း။

ကျွန်ုပ်တို့သိရသည်မှာ ခရစ်တော်သည် "သူတို့အတွက် အသေခံ၍ပြန်ရှင်တော်မူ သောသူ၏ အလိုသို့လိုက်၍ ရှင်စေမည်အကြောင်း" (၂ကော ၅း၁၅) ဖြစ်၏။ ရလဒ်မှာ ဂျူးလူ သာသနာပလူတို့မှ ခရစ်တော်အား ယုံကြည်သူတို့သည် ဧဝံဂေလိ တရားတော် အားဖြင့် အသင်းတော်၌ တလုံးတဝဖြစ်သဖြင့် ထာဝရဘုရား၏ ကတိတော်များကို မျှတစွာပင် ခံစားကြရပါမည်။

"သင်တို့အထဲ၌တည်သောခရစ်တော်" (ကော ၁း၂၇) ဟူသည်မှာ "ယုံကြည် သော အားဖြင့် နလုံးသားထဲ၌တည်တော်မူသောခရစ်တော်" (ဧ ၃း၁၇။ ဂလ ၂း၂၀) ကို ဆို၏။ ခရစ်တော်နှင့်ဝိညာဉ်ရေး စည်းလုံးခြင်းသည် ယုံကြည်သူတို့အား "ကောင်းကင် အရပ်၌ နေရာပေးတော်မူ" (ဧ ၂း၆) ၍ "နောင်ကပ်ကာလ၏ တန်ခိုးများကို မြည်းစမ်း ခြင်း" (ဟေဗြဲ ၆း၅) ရှိမည်ဆိုသည်။ မိမိတို့အသက်တာ၌ ကိန်းတော်မူခြင်းဖြင့် သူသည် ကျွန်ုပ်တို့အား ကောင်းကင်နှင့် ရင်းကြားစေ့ရန်စတင်လုပ်ဆောင်နေတော့၏။

"အလင်း၌နေသော သန့်ရှင်းသူတို့၏ အမွေကို ငါတို့သည်ဆက်ဆံ ဝင်စားထိုက် မည်အကြောင်း" ဧဝံဂေလိတရားတော်သည် ယုံကြည်သူတို့၏ နလုံးထဲတွင် လှုပ်ရှား တော်မူ၏ (ကော၊ ၁း၁၂)။

## ဖဝံဂေလိတရားအ၏တာနန်ခိုးတော်

**ဖတ်ပါ – ကောလောသဲ ၁း ၂၈၊ ၂၉။ ပေါလု၏ ဆုံချက်သည်အဘယ်နည်း။ "လူတိုင်း" ကို သုံးကြိမ်တိုင် အောင် အဘယ်ကြောင့် ရွတ်ဆိုရသည်ဟု သင်ယူဆသနည်း။**

ပေါလု၏ ဟောပြောခြင်းဆုံချက်သည် ခရစ်တော်နှင့်ကပ်တိုင်တင်ခြင်းဖြစ်သည် (၁ကော ၁း၂၃)။ ဧဖက် ၅း၂၇ တွင် ခရစ်တော်၏အသေခံခြင်း၏ ရည်ရွယ်ချက်သည် "အသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိ၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းတို့နှင့် လွတ်ကင်းသဖြင့် အသရေရှိသော အသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သရန်" ဖြစ်သည်။ သို့ဖြစ်၍ ပေါလုသည် ဖဝံဂေလိတရားဟောပြောရာတွင် "ခရစ်တော်၌ လူတိုင်းစုံလင်ခြင်းသို့ရောက်ရန်" (ကော ၁း၂၈) ဖြစ်သည်။ သူသည် ဟောပြောရင်း သတိပေးကာ၊ ခရစ်ယာန် အယူဝါဒနှင့် ကျင့်စဉ်တို့ကို ထောင့်စုံမှ ဟောပြောလေသည် (၂သက် ၂း၁၅။ ၁တိ ၄း၁၁။ ၅း၇။ တိတု ၁း၉)၊ ဖဝံဂေလိတရားအားငြင်းပယ်ခြင်းနှင့် မိစ္ဆာတရားတို့၏ အန္တရာယ်နှင့်အကျိုးဆက်တို့ကိုပါ သတိပေး သွားသည် (တ ၂၀း၂၉ – ၃၁။ ရောမ ၁၆း၁၇)။

ဤနည်းလမ်းသည် သမ္မာကျမ်းစာ၏ သွန်သင်ခြင်းကိုနာခံ၍ သတိပေးခြင်းကို ဂရုပြုခြင်းဖြင့် စုံလင်သော ခရစ်ယာန်များဖြစ်လာရပါသည်။ စုံလင်ခြင်းဟူသည် အရေးကြီးသော သဘောထားဖြစ်သည်။ မွေးကင်းစခလေးငယ်၏မိဘတို့သည် မှတ်တိုင်တိုင်းကို ဆင်နွှဲကြပါသည်။ အရင်ဦးဆုံးပြောသောစကား၊ လမ်းရောက်ခြင်းနှင့် စာဖတ်ခြင်းတို့ဖြစ်သည်။ ခလေးလေးသည် နှစ်အတော်အတန်တိုင် စကားမပြော၊ လမ်း မရောက်ပါက မစိုးရိမ်သော မိဘရှိမည်လော။ ကြီးပွါးတိုးတက်ခြင်းကို သာမန်မျှော်လင့်နေကြသည် နည်းတူ ခရစ်ယာန် အသက်တာတွင်လည်း မျှော်လင့်ရပါသည်။

စုံလင် ခြင်းအနက်ရှိသော ဂရိဝေါဟာရသည် (*teleios*) ဖြစ်၍ ယုတ်လျော့ခြင်း မရှိသော စုံလင်ခြင်းဖြစ်သည်။ ခပ်သိမ်းသောစုံလင်ခြင်း၏ အဆုံးကို မြင်၍ ပညတ်တရားတော်ကား "အလွန်ကျယ်ဝန်းပါ၏" (ဆာ ၁၁၉း၉၆)။ ၎င်း၏ ကျယ်ပြန့်ခြင်းသည် "အသက်နှင့်စိတ်ဝိညာဉ်" (ဟေဗြဲ ၄း၁၂) တိုင်အောင်ဖြစ်သည်။

ပေါလုသည် "သတိပေး၍" (ကော ၁း၂၈) ဟုဆိုသောကြောင့် သတိရှိရပေမည်။ လူထင်သည်အတိုင်း "မှန်သောလက္ခဏာရှိသော်လည်း ...သေခြင်းလမ်းဖြစ်သည်" (သု ၁၄း၁၂)။ ဝိညာဉ်ရေးပိုင်းခြား သိမြင်ခြင်းသည် ဝိညာဉ်တော်လမ်းပြခြင်းဖြင့် ဘုရား၏ နှုတ်ကပတ်တော်အား သိကျွမ်းနားလည်ခြင်းဖြစ်သည်။ မှားယွင်းသော သွန်သင်ခြင်းသည် သမ္မာကျမ်းစာ၏ သွန်သင်ခြင်းကို ဖြည့်စွက်ခြင်း ဖယ်ရှားခြင်းတို့မှ ဖြစ်လာလေ့ရှိသည် (ဟေရှာ ၈း၂၀)။ ထာဝရဘုရား၏ သွန်သင်ခြင်းအား တိုက်ရိုက်သံသယ ဖြစ်ခြင်းမဟုတ်ဘဲ၊ ယနေ့မိမိတို့ ခေတ်တွင် ဖြစ်နိုင်ခြင်း မဖြစ်နိုင်ခြင်းကို မေးခွန်းထုတ်ခြင်းသာဖြစ်ပါက ဒုတိယမြောက်တစ်ခုသည် သာ၍ အောင်မြင်လေ့ရှိသည်။ မှန်ကန်သော ယုံကြည်ချက်တို့အား အမှားအမှန် ခွဲခြားပိုင်းဖြတ်ရမည့် အချိန်တွင်၊ ကျွန်ုပ်တို့သည် မြွေကဲ့သို့ လိမ္မာ၍ချိုးငှက်ကဲ့သို့ အဆိပ်ကင်းစင်ရမည်။

**"ခရစ်တော်၌စုံလင်ခြင်း" ကို သင်မည်သို့နားလည်သနည်း (ကော ၁း၂၈)။ ကပ်တိုင်၌ ခရစ်တော်ပြုပေးခဲ့သောအရာတို့အား သိကျွမ်းခြင်းသည် "ခရစ်တော်၌စုံလင်ခြင်း" ရှိရန် မည်သို့ထောက်မ သနည်း။**

**ထပ်မံစဉ်းစားရန်။** "ပညတ်တော်၏တောင်းဆိုမှုများကိုဖြည့်ဆည်းပေးနိုင်ရန် မိမိတို့သည် ကိုယ်ပိုင် ဖြောင့်မတ်ခြင်းမရှိပါ။ ခရစ်တော်သည် ကျွန်ုပ်တို့၏ လွတ်လမ်းကြောင်း ပြုလုပ်ပေး၏။ မိမိကိုယ်ကို သူ့ထံ ဆက်ကပ်၍ မိမိ၏ ကယ်တင်ရှင်အဖြစ် လက်ခံပါက သင်မည်မျှပင် အပြစ်များသော်လည်း သူ့ကြောင့် သင်သည်ဖြောင့်မတ်ရာသို့ ရောက်သွားသည်။ ခရစ်တော်၏ ဝိသေသလက္ခဏာတော်သည် သင့် ဝိသေသလက္ခဏာ ဖြစ်လာ၍၊ သင်သည် အပြစ်မပြုခဲ့ဘူးသကဲ့သို့ ထာဝရဘုရားက လက်ခံလိမ့်မည်။

ဤထက်မက ခရစ်တော်သည် နှလုံးသားကို ပြောင်းလဲပေး၏။ ယုံကြည်ခြင်း အားဖြင့် သင့်စိတ်ထဲတွင် ကိန်းတော်မူ၏။ ခရစ်တော်နှင့်ဆက်သွယ်ခြင်းကို သူ့ထံတွင် ယုံကြည် ဆက်ကပ်ခြင်းဖြင့် တည်တံ့စေရပါမည်။ ထိုသို့ပြုနေစဉ်တွင် သူသည် ဝမ်းမြောက် ဝမ်းသာစွာ သင့်အထဲ၌ အလုပ်လုပ်ဆောင်သွားပါမည်။

သို့ဖြစ်၍ ကြွားဝါစရာ မိမိတို့ကိုယ်ပိုင် ဘာမျှမရှိပါ။ မိမိကိုယ်ကိုချီးမြောက်ရန် မည်သည့်အဖြေအမြစ် မျှမရှိပါ။ မိမိတို့၏မြော်လင့်ခြင်းအမြစ်သည် ခရစ်တော်မှမိမိတို့အား ပေးတော်မူသော ဖြောင့်မတ်ခြင်းဖြစ်၏။ ၎င်းကို ကျွန်ုပ်တို့အထဲ၌ ဝိညာဉ်တော် လုပ်ရှားခြင်းဖြင့် ဖြစ်သည်" —Ellen G. White, *Steps to Christ*, pp. 62, 63.

"ငါ့အားတင်းကြပ်စွာပေးသောအလင်းသည် နတ်ဆိုးအယူဝါဒများ၏ ဖျားယောင်းသွေးဆောင်မှုများကြောင့် မြောက်များစွာတို့သည် ကျွန်ုပ်တို့အတွင်းမှ ထွက်သွားကြလိမ့်မည်။ အမှန်တရားကို ယုံကြည်သက်ဝင် နေသူအပေါင်းတို့သည် မည်သည် က အမှန်တရားဖြစ်သည်ကို လိမ်မာပါးနပ်စွာ သိကျွမ်းရပါမည်။ —Ellen G. White, *Evangelism*, p. 363.

## ဆွေးနွေးရန်မေးခွန်းများ –

**၁** **အလွတ်ကျမ်းချက်ကိုပြန်ဖတ်ပါ။ "အဘယ့်ကြောင့်နည်းဟူမူကား ဘုရားသခင်သည် အပြစ်နှင့်ကင်းစင် သောသူကိုငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏"** (၂ကော ၅း၂၁)**။ မည်သည့်အနက်ရှိသနည်း။ ငါတို့အတွက် ခရစ်တော်အပြစ်ရှိခြင်းသည် မည်သို့နည်း။ ကပ်တိုင်၏ အစားထိုး သဘောသဘာဝကို နားလည်နိုင်ရန် မည်သို့ထောက်မသနည်း။ ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်စေသည်" ဆိုသည်မှာမည်သည့်အနက်ရှိသနည်း။**

**၂** **ခရစ်ယာန်များစွာလက်ခံထားသော "တစ်ခါကယ်တင်ခြင်းရခြင်းသည် ထာဝရကယ်တင်သည်" ဆိုသည်ကို စိတ်သို့မိုးထားပါ။ အဘယ်ကြောင့် မှားယွင်းသော ဝါဒဟုဆိုရသနည်း။ ထိုသို့ သက်ဝင်နေသူသည် မည်သည့်ထင်ရှားသောအန္တရာယ် ရင်ဆိုင်ရမည်နည်း။ ထိုဝါဒအား ငြင်းဆိုနေသည့်တိုင် ကယ်တင်ခြင်း စိတ်ချမှုမည်သို့ရှိနေအုံးမည်နည်း။**

**၃** **သင်၏ယုံကြည်ခြင်းသည် မည်မျှ "တိုက်မြစ်ကျတည်ကြည်"** (ကော ၁း၂၃) **သနည်း။ သင်သက်ဝင် သောအရာအား မည်မျှနှင့် အဘယ်ကြောင့် ယုံကြည်ရသနည်း။ သင်ယုံကြည်သောအရာအား မည်သို့ သာ၍ သိကျွမ်းနိုင်မည်နည်း။ သင်သည် ယုံကြည်ခြင်းတွင် "တိုက်မြစ်ကျတည်ကြည်" ရန် အဘယ်ကြောင့် အရေးကြီးသနည်း။**

# ရက်သတ္တပတ်အဆုံးနှစ်ရက်ကိုရွှေ့ပြောင်းခြင်း

SDA ယုံကြည်မှုကြောင့် အလုပ်နှစ်ခုဆုံးရှုံးခဲ့ရပြီးနောက်၊ Rene သည် ထပ်မံဆုတောင်းခဲ့သည်။ "သခင်၊ Adventist ဖြစ်ရခြင်းသည် ချမ်းသာ သူများအတွက်သာ ဖြစ်ပုံရသည်။ စနေနေ့တွင် နားရပ် ရမည့် အလုပ်ကို ကျွန်ုပ်ရှာ မတွေ့ပါ။ ကျွန်ုပ်တို့ဘယ်လို ရှင်သန်နိုင် မည် နည်း။"

Rene သည် တက္ကသိုလ်ဘွဲ့ရှိသော်လည်း၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် အလုပ်ကြမ်းအလုပ်များကို လုပ်ကိုင်ခဲ့သည်။ လစာသည် သူ၏ မိသားစုကို ကျွေးမွေးရန် မလုံလောက်ပေ။ ယခုအခါ ကလေးငယ်နှစ်ဦး၏ ဖခင်ဖြစ်နေပြီ။ သူသည် ထပ်မံ ဆုတောင်းခဲ့သည်၊ "ဘုရားသခင်၊ ကျွန်ုပ်မိသားစုကို ထောက်ပံ့ ပေးနိုင်မည့် အလုပ်တစ်ခုကို ရှာပေးနိုင်မည်လား။"

ထို့နောက် သူသည် အရှေ့အလယ်ပိုင်းတွင် စာရင်းကိုင်အလုပ်တစ်ခုအတွက် ကြော်ငြာတစ်ခုကို တွေ့ခဲ့သည်။ ဖိလစ်ပိုင်တွင် သူ၏မိသားစုကို ထား၍၊ ထိုရာထူးအတွက် လျှောက်ထားခဲ့ပြီး၊ အင်တာဗျူးပြီးနောက် အလုပ်ခန့်အပ် ခံခဲ့ရသည်။ Rene ရောက်ရှိသောအခါ၊ နိုင်ငံ၏ ပိတ်ရက်သည် ကြာသပတေးနှင့် သောကြာနေ့များ ဖြစ်ကြောင်းသိရှိခဲ့၏။

Rene သည် စနေနေ့များတွင် ရုံးသို့သွားရသော်လည်း၊ အမှန်တကယ် အလုပ် မလုပ်ရပေ။ သူသည် သမ္မာကျမ်းစာနှင့် အယ်လန်ဝိုက်၏ ရေးသားချက်များကို ဖတ်ရှုခဲ့သည်။ သူ၏ သူဌေးသည် စနေနေ့ညများတွင်သာ ရုံးသို့လာလေ့ရှိသဖြင့်၊ Rene သည် နေ့အချိန်တွင် အလုပ်ရုံးတွင် ရှိနေရသည်။ သူ၏ယုံကြည်ခြင်းကို အလျှော့ပေးနေသလို ခံစားရပြီး၊ ဥပုသ်နေ့တွင် ဘုရားကျောင်းသို့ သွားလိုသည့် ဆန္ဒပြင်းပြခဲ့သည်။ "ဘုရားသခင်၊ အကယ်၍ ကျွန်ုပ်အား စနေနေ့တွင် ဘုရားကျောင်းသို့ သွားခွင့်ပေးမည်ဆိုပါက၊ ကျွန်ုပ်သည် သေဆုံးသည်အထိ ဥပုသ်နေ့ကို သန့်ရှင်းစွာစောင့်ထိန်းပါမည်" ဟု ဆုတောင်း၏။

နှစ်နှစ်ကြာ သူသည် ဤသို့ ဆုတောင်းခဲ့သည်။ ထို့နောက် သူ၏သူဌေးနှင့် စကားပြောခဲ့သည်။ "ကျွန်ုပ်၏ ဥပုသ်နေ့အနားယူရန်အတွက် စနေနေ့ကို ပေးပါ" ဟု သူကပြောသည်။

သူဌေးက ခွင့်မပြုပေ။ သို့သော် ခြွင်းချက်တစ်ခု ပြုခဲ့ပြီး "ငါ့ဘုရင်က သောကြာနှင့် စနေနေ့ကို ပိတ်ရက်အဖြစ် ကြေညာရင်၊ မင်း အနားယူ လို့ရတယ်။" Rene သည် ဆုတောင်းခဲ့သည်၊ "ကျွန်ုပ်သူဌေးပြောသည်ကို ကိုယ်တော်ကြား တော်မူပြီ။ ကျေးဇူးပြု၍ ကူညီပေးနိုင်မည်လား။"

သုံးလအကြာတွင်၊ Rene ၏သူဌေးသည် ဥရောပတွင်ရှိနေစဉ်၊ ဘုရင်က နိုင်ငံ၏ ပိတ်ရက်ကို သောကြာနှင့် စနေနေ့သို့ ပြောင်းရွှေ့မည်ဟု အမိန့်ထုတ်ပြန်ခဲ့သည်။ တစ်ချိန်လုံး ဆုတောင်းနေသော Rene သည် ထိုသတင်းကို မကြားရသေးဘဲ၊ စနေနံနက် ၉ နာရီတွင် ပုံမှန်အတိုင်း ရုံးသို့သွားခဲ့သည်။ ထိုင်ပြီးနောက်၊ သူသည် အရေးကြီးစာ များ ရောက်လာသလားဟု အီးမေးလ်ကို စစ်ဆေးခဲ့ရာ သူဌေးထံမှ စာကို တွေ့ရှိခဲ့၏။ စာတွင် "Rene ငါ့ဘုရင်ထံမှ သတင်းကြားတယ်။ သောကြာ နှင့် စနေနေ့ကို ပိတ်ရက် အဖြစ် ကြေညာရင် မင်းအနားယူလို့ရတယ်လို့ ငါပြောခဲ့တဲ့ ကတိကို ငါမှတ်မိတယ်။" Rene သည် ရုံး ကိုပိတ်ပြီး ဘုရား ကျောင်းသို့သွား၏။ သူသည် အလွန် ပျော်ရွှင်လွန်းသဖြင့် ငိုခဲ့သည်။



*Rene Tucaldo* သည် ၁၉၉၆ ခုနှစ် ဆယ်သုံးပတ် အလှူငွေဖြင့် တည်ဆောက်ခဲ့သော ဖိလစ်ပိုင်နိုင်ငံ၊ ဆီလန်ရှိ *1000 Missionary Movement*၏ ဌာနချုပ်တွင် ဘဏ္ဍာရေး အရာရှိချုပ် ဖြစ်သည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ၂ ကော ၅း၂၁။

**လေ့လာမှုဦးတည်ချက်။** ကောလောသဲ ၁း၂၀–၂၉။ ရောမ ၅။ ၂ ကော ၅း၁၈–၂၁။

ကောလောသဲဩဝါဒစာတွင်၊ ရှင်ပေါလုက ကျွန်ုပ်တို့သည် ခရစ်တော်၌ အရာခပ်သိမ်းရှိသည်ကို သွန်သင်သည်။ ယေရှုသည် ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင် ဖြစ်သည်။ တမန်တော်သည် ယေရှုအား ကျွန်ုပ်တို့အတွက် ပြုလုပ်ခဲ့သောအရာများကို ထင်ဟပ်စေသည့် ဘွဲ့အမည်များဖြင့် ဤအယူအဆကို အသေးစိတ်ဖော်ပြသည်။ ယေရှုသည် အသင်းတော်၏ဦးခေါင်း၊ အစပြုသူနှင့် သေခြင်းမှ ပထမဆုံးမွေးဖွားသူ ဖြစ်ပြီး၊ အရာအားလုံးတွင် သူ၏ထူးခြားမှုကို ဖြစ်ပေါ်စေသည် (ကော ၁း၁၈)။ ပေါလုက "အကြောင်းမူကား၊ ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ ကိန်းဝပ်စေခြင်း ငှါ၎င်း" (ကော ၁း၁၉) ဟု ဆိုသည်။ ဆိုလိုသည်မှာ၊ ပေါလုက ယေရှုသည် ဘုရားသခင်ဖြစ်သည်ဟု အခိုင်အမာဆိုသည်။ ရိုးရှင်းစွာပြောရလျှင်၊ ပေါလုက ယေရှုသည် သူဖြစ်သည့်အတိုင်း ပြုလုပ်သည်ဟု ကျွန်ုပ်တို့အား ပြောနေသည်။ ဘုရားသခင်အပြည့်အဝဖြစ်ပြီး သူသည် ဖန်ဆင်းနိုင်သကဲ့သို့ ရွေးနုတ်နိုင်သည်။ ကောလောသဲ ၁း၁၉၊ ၂၀ တွင် ပေါလုက ဘုရားသခင်သည် အရာနှစ်ခု နှစ်သက်ကြောင်း ညွှန်ပြသည်။ (၁) သခင်ယေရှု၌အလုံးစုံသောပြည့်စုံခြင်းရှိခြင်း နှင့် (၂) သခင်ယေရှု အား ဖြင့်အရာခပ်သိမ်းကို ကိုယ်တော်နှင့်ပြန်လည်သင့်မြတ်စေခြင်းတို့ဖြစ်သည်။ ဤအယူအဆနှစ်ခုသည် ယေရှု၏ ဘုရားအဆင့်အတန်းနှင့် သူ၏ ပြန်လည်သင့်မြတ်ရေးလုပ်ငန်းကို ခွဲ၍မရနိုင်ကြောင်း ဖော်ပြသည်။

ဤအပတ်၏ သင်ခန်းစာသည် အဓိကအကြောင်းအရာ သုံးခုကို အလေးပေးထား၏။

၁။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူနှင့် ပြန်လည်သင့်မြတ်ရန် ပထမဆုံးခြေလှမ်းကို လှမ်းသည်။ ထိုရည်ရွယ်ချက်အတွက်၊ သူသည် လူသားများကို သူ့ထံသို့ ပြန်လည်ယူဆောင်ရန် ယေရှုကို ကမ္ဘာသို့ စေလွှတ်ခဲ့သည်။ သို့သော်၊ တုံ့ပြန်မှုအနေဖြင့်၊ ကျွန်ုပ်တို့သည် "တည်ကြည်ခြင်းနှင့်တကွ မြဲမြံစွာယုံကြည်ကြပြီး" "ဧဝံဂေလိတရား၏ မြော်လင့်ခြင်းမှ မရွေကလျော့ဘဲ" (ကော ၁း၂၂၊ ၂၃) နေရမည်။

၂။ ခရစ်တော်အတွက် ကျွန်ုပ်တို့၏လုပ်ငန်းတွင်၊ ကျွန်ုပ်တို့သည် ပိုမိုကြီးမားသော ဘုရားသခင်၏ အစီအစဉ်တွင် သူ၏ ကိုယ်စားလှယ် မျှသာ ဖြစ်ကြောင်း မှတ်မိရမည်။

၃။ ဧဝံဂေလိတရား၏ စွမ်းအားသည် ခရစ်တော်၌ ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့ကို ရင့်ကျက်စေသည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### ပုံဥပမာ

"အဲလိဇဘက်ဘဲရက်ဘရောင်းနင်း၏ မိဘများသည် သူမနှင့် ရောဘတ် ဟာဘရောင်းနင်း" တို့၏ အိမ်ထောင်ရေးကို အလွန်အမင်း သဘောမတူခဲ့သဖြင့် သူမကို ဖယ်ထုတ် ခဲ့ကြသည်။ အဲလိဇဘက်သည် အပတ်စဉ်နီးပါး သူမ၏မိဘများထံ ပြန်လည်သင့်မြတ်ရန် တောင်းဆိုသော ချစ်ခြင်းမေတ္တာစာများ ရေးသားပေးပို့ခဲ့သည်။ သူတို့က တစ်ကြိမ်မျှ အကြောင်းမပြန်ခဲ့ပါ။ ဆယ်နှစ်ကြာ စာရေးသားပြီးနောက်၊ အဲလိဇဘက်သည် စာတိုက်ပုံးမှ ပုံးအကြီးကြီးတစ်လုံးကို လက်ခံရရှိခဲ့သည်။ သူမက ၎င်းကိုဖွင့်ကြည့်ခဲ့သည်။ သူမ၏ စိတ်ပျက်မှုနှင့် နှလုံးကွဲကြေမှုအဖြစ်၊ ထိုသေတ္တာထဲတွင် သူမ၏ မိဘများထံပေးပို့ခဲ့သော စာအားလုံးပါဝင်နေသည်။ တစ်စောင်မျှ ဖွင့်ဖတ်ထားခြင်းမရှိပါ။

"ယနေ့ထိုချစ်ခြင်းမေတ္တာစာများသည် ဂန္တဝင်အင်္ဂလိပ်စာပေများထဲတွင် အလှပဆုံးများထဲမှ ဖြစ်သည်။ သူမ၏ မိဘများက ထိုစာများထဲမှ အနည်းငယ်ကိုသာ ဖွင့်ဖတ်ခဲ့လျှင် ပြန်လည်သင့်မြတ်မှု ဖြစ်ပေါ်ခဲ့နိုင်သည်။ သမ္မာကျမ်းသည် ကျွန်ုပ်တို့ထံသို့ ဘုရားသခင်၏ ပြန်လည်သင့်မြတ်ရေးစာဖြစ်သည်။ ကျွန်ုပ်တို့သည် ၎င်းကို စေ့စေ့စပ်စပ်ဖတ်ရှုပြီး မကြာခဏ ဖတ်ရှုသင့်သည်။" —Michael P. Green, *1500 Illustrations for Biblical Preaching* (Grand Rapids, MI: Baker Books, 2000), p. 297.

### ပြန်လည်သင့်မြတ်ရေး၊ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်း

သမ္မာကျမ်းက ဘုရားသခင်သည် လူသားများနှင့်ပြန်လည် သင့်မြတ်ရေး လုပ်ငန်းစဉ်ကို စတင်ခဲ့သည်ဟု ရှင်းလင်းစွာ ဖော်ပြထားသည်။ ကျွန်ုပ်တို့၏ ပထမ မိဘများ အပြစ်သို့ ကျရောက်ခဲ့သောအခါ၊ ဘုရားသခင်သည် ၎င်းတို့ကို ရှာဖွေရန် ဧဒင်ဥယျာဉ်သို့ ကြွရောက်ခဲ့သည် (ကမ္ဘာဦး ၃း၉)။ ပေါလုက "ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏ သားတော် အသေခံတော်မူခြင်းအားဖြင့်၊ ငါတို့သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း ကျေးဇူးတော်ကို ခံရသည်မှန်လျှင်၊ မိဿဟာယဖွဲ့ပြီးမှ၊ အသက်တော် အားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်မည်ဟုသာ၍ မြော်လင့်စရာရှိ၏" ဟု ဆိုသည် (ရောမ ၅း၁၀)။ ဤသွန်သင်ချက်သည် ကောလောသဲ ၁း၂၁၊ ၂၂ တွင် ပေါလု၏ ခံစားချက်ကို ထပ်မံထင်ဟပ်သည်။ အထူးသဖြင့်၊ ဘုရားသခင်၏ ပြန်လည်သင့်မြတ်ရေးကို ဦးဆောင်လုပ်ဆောင်မှုသည် ရောမ ၅း၅–၁၁ တွင် ထင်ရှားသော အကြောင်းအရာဖြစ်၏၊ အောက်ပါဇယားတွင် မြင်တွေ့နိုင်၏။

| | | |
|---|---|---|
| ရောမ ၅း၆ | ငါတို့သည် **အကျိုးနည်း ရှိစဉ် တွင်** | အချိန်တန်မှ ခရစ်တော်သည် မတရားသော သူတို့အတွက အသေခံ တော်မူ၏။ |
| ရောမ ၅း၈ | ငါတို့သည် **အပြစ်ရှိစဉ်ပင်** | ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံ တော်မူသည်။ |
| ရောမ ၅း၁၀ | ငါတို့သည် **ရန်သူဖြစ်လျက်ပင်** | ဘုရားသခင်၏ သားတော် အသေခံတော်မူခြင်းအားဖြင့်၊ ငါတို့သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း ကျေးဇူးကိုခံရ၏ |

အဆိုပါ ကျမ်းပိုဒ် ၆၊ ၈ နှင့် ၁၀ တို့တွင် နီးစပ်သော တူညီမှုရှိသည် (ဖေက် ၂း၄၊ ၅ ကိုလည်း ကြည့်ပါ)။ ကျွန်ုပ်တို့သည် အကျိုးနည်းရှိနေစဉ်၊ အပြစ်သားများနှင့် ရန်သူများဖြစ်နေစဉ်၊ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသေခံခဲ့ပြီး၊ ထို့အားဖြင့် ကျွန်ုပ်တို့ကို ဘုရားသခင်ထံ ပြန်လည်သင့်မြတ်စေခဲ့သည်။ ပေါလုသည် ဤအကြောင်းအရာကို အနည်းငယ်သော ပြင်ဆင်မှုများဖြင့် အခြားနေရာများတွင်လည်း ထည့်သွင်းထားသည်၊ အောက်ပါဇယားတွင် ဖော်ပြထားသည်။

| ကျမ်းပိုဒ် | ကြီးမြတ်ဆုံး အေးဂျင့် | လုပ်ဆောင် ချက် | လက်ခံသူ | အကျိုးခံစားသူ | ကြားခံကိုယ်စားလှယ် |
|---|---|---|---|---|---|
| ၂ ကော ၅း၁၈ | ဘုရားသခင် | ပြန်လည် သင့်မြတ်စေ၏ | ကျွန်ုပ်တို့ | ကိုယ်တော်ထံ | ခရစ်တော်အားဖြင့် |
| ၂ ကော ၅း၁၉ | ဘုရားသခင် | ပြန်လည် သင့်မြတ် စေခဲ့၏ | လောကီ လူသားများ | ကိုယ်တော်ထံ | ခရစ်တော်၌ |
| ကော ၁း၂၀ | ဘုရားသခင် | ပြန်လည် သင့်မြတ် စေခဲ့၏ | ခပ်သိမ်းသော အရာများ | ကိုယ်တော်ထံ | သူ အားဖြင့် (ခရစ်တော်) |
| ဧ ၂း၄၊၅ | ဘုရားသခင် | ချစ်ပြီး၊ အသက်ရှင်စေခဲ့သည် | ကျွန်ုပ်တို့ | | ခရစ်တော် နှင့် အတူ |

ဘုရားသခင်သည် ပြန်လည်သင့်မြတ်ရေးလုပ်ငန်း၏ အဆုံးစွန်သောကိုယ်စားလှယ် အဖြစ် စတင်သူဖြစ်သည်။ ဂလာတိ ၄း၄၊ ၅ တွင် ပေါလုသည် ကျွန်ုပ်တို့နှင့် ကိုယ်တော်နှင့် ပြန်လည် သင့်မြတ်ရန်အတွက် ဘုရားသခင်၏ အစပြုမှုကို ရည်ညွှန်းရန် မွေးစားခြင်း ဘာသာ စကားကို အသုံးပြုသည်။ ယောဟန်က ဖော်ပြသည့်အတိုင်း၊ "ဘုရားသခင်သည် ငါတို့ကိုရှေဦးစွာ

ချစ်တော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်ကိုချစ်ကြ၏" (၁ယော ၄း၁၉)။ ပြန်လည်သင့်မြတ်ရေးသည် ခရစ်တော်၏ သေခြင်းမှတဆင့် ဖြစ်ပေါ်နိုင်ခဲ့ပြီး (ရောမ ၅း၆။ ၂ကော ၅း၂၁။ ကော ၁း၂၀။ ဧ ၂း၁၃၊ ၁၆ စသည်ဖြင့်)၊ ၎င်းသည် ဘုရားသခင်နှင့် ငြိမ်သက်ခြင်းကို ဖြစ်ပေါ်စေသည် (ဧ ၂း၁၄ – ၁၉)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများအဖြစ် မွေးစားခံရသည့်အတွက် (ရောမ ၈း၁၅။ ဂလာ ၃း၂၆။ ဂလာ ၄း၄ – ၆။ ၁ယော ၃း၁၊ ၂)၊ ခရစ်တော်ကို ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့၏ မြင့်မားသော အဆင့်အတန်းသည် သူ့ထံသို့ ဝင်ရောက်ခွင့်ကိုဖြစ်ပေါ်စေသည် (ရောမ ၅း၂။ ဧ ၂း၁၈။ ဧ ၃း၁၂။ ဟေဗြဲ ၁၀း၁၉ – ၂၂)။

ဘုရားသခင်၏ ဦးဆောင်မှုကို တုံ့ပြန်ရန်၊ ကျွန်ုပ်တို့သည် "တည်ကြည်ခြင်းနှင့်တကွ မြဲမြံစွာယုံကြည်" ပြီး "ဧဝံဂေလိတရား၏ မျှော်လင့်ခြင်းမှ မရွေ့ကလျော့ဘဲ" လိုအပ်သည် (ကော ၁း၂၃)။ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းသည် ခရစ်ယာန်သီလများဖြစ်ပြီး လက်တွဲလျှောက်လှမ်းကြသည် (၁ကော ၁၃း၁၃။ ဂလာ ၅း၅။ ၁သက် ၁း၃။ ၁သက် ၅း၈။ ၁ပေ ၁း၂၁)။ ကျွန်ုပ်တို့သည် လူသားအောင်မြင်မှုများအပေါ်မဟုတ်ဘဲ၊ ကယ်တင်ခြင်းအတွက် ဘုရားသခင်ကိုယုံကြည်ပြီး မျှော်လင့်ကြသည် (၁ပေ ၁း၂၁)။

## ပိုမိုကြီးမားသော အစီအစဉ်တွင် ပါဝင်သူများ

ကောလောသဲ ၁း၂၆ တွင် ပေါလုက "ငါအား အပ်ပေးတော်မူသော ဘုရားသခင်၏ သာသနာတော်နှင့်အညီ၊ ငါသည် အသင်းတော်၌ ဓမ္မဆရာ၏ အဖြစ်သို့ရောက်ရပြီ" ဟု ဖော်ပြသည်။ ပေါလုက သူ၏ ဓမ္မဆရာအမှုသည် မိမိအတွက်သာ ရည်မှန်းထားခြင်း မဟုတ်ကြောင်း သိရှိခဲ့သည်။ သူသည် ပိုမိုကြီးမားသော အစီအစဉ်တွင် ပါဝင်သူ တစ်ဦးသာဖြစ်သည်။ သို့မဟုတ်ပါက၊ သူ၏ ဆင်းရဲဒုက္ခများတွင် မည်သို့ ဝမ်းမြောက်နိုင်မည်နည်း (ကော ၁း၂၄)။ ဤလောက၏ ဆင်းရဲဒုက္ခများသည် ဘုရားသခင်က ကျွန်ုပ်တို့အတွက် ပြင်ဆင်ထားသော "အလွန်ကြီးမြတ် လေးလံသော နိစ္စထာဝရဘုန်းအသရေ" နှင့် နှိုင်းယှဉ်လျှင် ခဏသာဖြစ်သည်ကို သိရှိသူတစ်ဦးသာ ၎င်းတို့တွင် ဝမ်းမြောက်နိုင်သည် (၂ကော ၄း၁၇)။ ပေါလုက ဘုရားသခင့် နှုတ်ကပတ်တော်၏ ဖြည့်ဆည်းမှုသည် "ရှေးကပ် ကာလပတ်လုံး ဝှက်ထားလျက် ရှိသော်လည်း၊ ယခုတွင် သန့်ရှင်းသူတို့အား ဘော်ပြသော နက်နဲရာတည်းဟူသော ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို အကုန်အစင် ဟောပြောစေခြင်းငှါ" နှင့် သက်ဆိုင်သည်ဟု အတည်ပြုသည် (ကော ၁း၂၅)။ အမှန်စင်စစ်၊ ပေါလုက သူသည် မိမိကိုယ်တိုင်ထက် များစွာကြီးမားသော ဇာတ်လမ်းတစ်ခုအတွင်း၌ ပါဝင် သရုပ်ဆောင် တစ်ဦးဖြစ်ကြောင်းကို သူနားလည်ထားသည်မှာ အမှန်ပင်ဖြစ်သည်။

သူ၏ ထာဝရရည်မှန်းချက်ကို ဖြည့်ဆည်းရန်၊ ဘုရားသခင်သည် ရာစုနှစ်များ တစ်လျှောက် ကယ်တင်ခြင်းဇာတ်လမ်းတွင် ၎င်းတို့၏ အခန်းကဏ္ဍကို သရုပ်ဆောင်ရန် ဇာတ်ကောင် များစွာကို ခေါ်ဝေါ်ခဲ့သည်။ ဥပမာအားဖြင့်၊ ကတိတော်ရှိ မေရှိယဆင်းသက်လာမည့် လူမျိုးကို ထိန်း သိမ်း စောင့်ရှောက်ရန် ဘုရားသခင် က ဖြစ်ရပ် များကို ဦး ဆောင်လမ်းပြ နေ

သည်ကို ယောသပ်သည် အစတွင် မသိရှိခဲ့ပေ။ သို့သော်၊ ဤဖြစ်ရပ်များ၏ ညှိနှိုင်းမှုသည် ဘုရားသခင်ပြုလုပ်နေသည့်အရာဖြစ်သည်။ အဲဂုတ္တုပြည်သို့သွားရာလမ်းတွင်၊ "အတန်ကြာ ကာလပတ်လုံး ယောသပ်သည် ထိန်းချုပ်မရသော စိတ်မချမ်းသာခြင်းနှင့် ကြောက်ရွံ့ထိတ်လန့်ခြင်းတို့ကို ခံစားနေခဲ့ရသည်။ သို့သော်၊ ဘုရားသခင်၏ ကြီးမြတ်သော အစီ အမံတွင်၊ ဤအတွေ့အကြုံသည်ပင် သူ့အတွက် ကောင်းကြီးတစ်ပါး ဖြစ်လာမည်။ သူသည် နှစ်ပေါင်းများစွာ မသင်ပေးနိုင်သည့်အရာကို နာရီအနည်းငယ် အတွင်း သင်ယူခဲ့သည်။"— Ellen G. White, *Patriarchs and Prophets*, p. 213, အလေးအနက် ထပ် ဖြည့်စွက်ခဲ့သည်။ နောက်ဆုံးတွင် ဘုရားသခင်သည် "လူများစွာကို အသက်ရှင်စေခြင်းငှာ" ဖြစ်ရပ်အားလုံးကို ဦးဆောင်နေကြောင်း ယောသပ် သိရှိလာသည် (က ၅၀း၂၀)။

အခြား ကျမ်းစာဇာတ်ကောင်များကော ဘယ်လိုလဲ။ ထိုသူများအကြောင်းအားလုံးကို ပြောဖို့မဖြစ်နိုင်လောက်အောင် များစွာရှိပါသည် (ဟေဗြဲ ၁၁ ကိုကြည့်ပါ)။ ဥပမာ အားဖြင့် ရုသကျမ်း အကြောင်းကောရော။ ပိုမိုကျယ်ပြန့်သော သမ္မာကျမ်းစာ ဇာတ်ကြောင်းကို ထောက်၍ကြည့်မည်ဆိုလျှင်၊ ဘုရားသခင်သည် အလုပ်မလုပ်ဟန် ပေါ်နေသည့် အချိန် မျိုးတွင်ပင် ကိုယ်တော်သည် အမှန်တကယ် အလုပ်လုပ်နေတတ်ကြောင်း ရုသ၏ ဇာတ်လမ်းက ပြသနေပါသည်။ ရုသသည် ဣသရေလနိုင်ငံ၏ ကြီးမြတ်သောဘုရင် ဒါဝိဒ်၏ အဘွားဖြစ်လာခြင်းဖြင့် အရေးပါသောဇာတ်ကောင် အဖြစ်ပါဝင်ခဲ့သည် (ရုသ ၄း၁၃၊ ၂၁၊ ၂၂)။ သူမသည် ပိုမိုကြီးမားသောဇာတ်လမ်းတွင် ဇာတ်ကောင်တစ်ဦးဖြစ်လာခဲ့သည်။ ဘုရားသခင်သည် ဒါဝိဒ်၏အမျိုးအနွယ်ကို တည်ထောင်ကာ "သူထိုင်သော ရာဇပလ္လင်ကို အစဉ်အမြဲငါတည်စေမည်" ဟု ကတိပြုပြီး ဒါဝိဒ်နှင့် ပဋိညာဉ်ဖွဲ့ခဲ့သည် (၂ရာ ၇း၁၂၊ ၁၃)။

## ခရစ်တော်၌ ရင့်ကျက်မှု

ခရစ်ယာန်များ အနေဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်ပြီး လက်တွေ့ကျင့်သုံးခြင်းဖြင့် ရင့်ကျက်မှုတွင် ကြီးထွားရန် ခေါ်ဝေါ် ခြင်း ခံရသည်။ ပေါလုက ဧဝံဂေလိ၏ ရည်မှန်းချက်သည် "ခရစ်တော်အားဖြင့် လူတိုင်း စုံလင်ခြင်းသို့ ရောက်" စေရန်ဖြစ်သည်ဟု ဖော်ပြသည် (ကော ၁း၂၈)။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဒုတိယအကြိမ်ကြွရောက်လာမှုအတွက် ပြင်ဆင်နေစဉ် ကြီးထွားရန် လိုလားသည်၊ "သင်တို့တွင် ကောင်းသောအမှုကို ပြုစပြုတော်မူသော သူသည်၊ ယေရှုခရစ်၏ နေ့ရက် တိုင်အောင် ပြီးစီး လျက်ပြုတော်မူမည်ဟု" ဟူသော အသိဖြင့်ဖြစ်သည် (ဖိ ၁း၆)။

ဝိညာဉ်ရေးကြီးထွားမှုတွင် အနည်းဆုံး အရာသုံးခုပါဝင်သည်။ ပထမဦးစွာ၊ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌ ကြီးထွားရမည်။ ကောရိန္သုလူများထံ စာရေးသောအခါ၊ ပေါလုသည် ၎င်းတို့၏ ယုံကြည်ခြင်းတိုးတက်လာရန် မျှော်လင့်ကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့သည် (၂ကော ၁၀း၁၅)။ ထိုနည်းတူ၊ ၂သက်သာလောနိတ် ၁း၃ တွင်၊ ပေါလုသည် သက်

သာလောနိတ်လူများ၏ "ယုံကြည်ခြင်းသည် အလွန်တိုးပွား၍နေသည်" ဟူ၍ ဘုရားသခင်ကို ကျေးဇူးတင်သည်။ ဒုတိယအနေဖြင့်၊ ကျွန်ုပ်တို့သည် အသိပညာတွင် ကြီးထွားရမည်။ ပေတရုက "ငါတို့ကို ကယ်တင်တော်မူ သော အရှင် သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌၎င်း ကြီးပွားကြလော့" ဟု သတိပေးသည် (၂ပေ ၃း၁၈။ ၂ပေ ၁း၃ ကိုလည်းကြည့်ပါ)။ ထိုနည်းတူ၊ ပေါလုသည် ကောလောသဲလူများအား "သခင်ဘုရားနှင့် ထိုက်လျောက်စွာကျင့်၍" "ဘုရားသခင်ကိုသိသော ဉာဏ်တိုးပွါးရန်" တိုက်တွန်းသည် (ကော ၁း၁၀၊၁၁)။ တတိယအနေဖြင့် ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာ၌ ကြီးထွားရမည်။ ထို့ကြောင့် ပေါလုက ၁သက် ၃း၁၂ တွင် "သခင်ဘုရားသည် သင်တို့ကို အချင်းချင်းနှင့် လူအားလုံးအပေါ် ချစ်ခြင်း မေတ္တာတွင် တိုးပွားပြီး ပြည့်လျှံစေရန်" ဟု ဆိုသည် (ဖိ ၁း၉ ကိုလည်းကြည့်ပါ)။ ထင်ရှားသည်မှာ၊ ဝိညာဉ်ရေးကြီးထွားမှုသည် ဘုရားသခင်ထံမှလာသည်။ ယုံကြည်သူများသည် "ငါတို့သည် သင်တို့ကို ချစ်သကဲ့သို့ သင်တို့သည် အချင်းချင်းကို၎င်း ၊ သူတပါးအပေါင်းတို့ကို၎င်း ချစ်၍၊ ချစ်ခြင်းမေတ္တာနှင့် အထူးသဖြင့် ကြွယ်ဝပြည့်စုံမည်အကြောင်း" ကြီးထွားရန် ခေါ်ဝေါ် ခြင်းခံရသည် (ကော ၂း၁၉။ ဖိ ၁း၆။ ၁ကော ၃း၆၊ ၇။ ၂ကော ၉း၁၀ ကိုလည်းကြည့်ပါ)။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

အောက်ပါအကြောင်းအရာများကို ဆင်ခြင်ပါ။ ထို့နောက် သင်၏အတန်းသားများအား ဤအပိုင်း၏အဆုံးရှိ မေးခွန်းများကို ဖြေဆိုရန် တောင်းဆိုပါ။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းတွင် ဦးဆောင်လုပ်ဆောင်သည်ကို သိရှိခြင်းသည် အုံ့သြဖွယ်အားပေးမှုဖြစ်သည် မဟုတ်လား။ သူ၏ ဦးစွာလက်ကမ်းမှု မရှိလျှင်၊ ကျွန်ုပ်တို့သည် မိမိဘာသာသူ့ထံ ချဉ်းကပ်နိုင်မည်လား။ သေချာပေါက် မဖြစ်နိုင်ပါ။ Wilson Tozer က ဆွဲဆောင်မှုရှိစွာ ပြောခဲ့သည့်အတိုင်း၊ "လူတစ်ဦးသည် ဘုရားသခင်ကို ရှာဖွေမှုမစတင်မီ၊ ဘုရားသခင်သည် ဦးစွာ ထိုလူကို ရှာဖွေခဲ့ရမည်။"—Tozer and W. L. Seaver, *Prayer: Communing With God in Everything—Collected Insights From A. W. Tozer* (Chicago: Moody Publishers, 2016), p. 238.

သမ္မာကျမ်းစာက ဘုရားသခင်သည် စကြဝဠာ အဆင့်တွင်လည်း ဦးဆောင်လုပ်ဆောင်ခဲ့ကြောင်းပြသသည်၊ ၎င်းသည် လမ်းလွဲသွားသော တစ်ဦးတည်းသော သိုးဖြစ်သည့် (ကျွန်ုပ်တို့၏ ကမ္ဘာဂြိုဟ်) ထံသို့ လက်လှမ်းမှီခဲ့သကဲ့သို့ လူသား တစ်ဦးချင်း အဆင့်တွင် လည်း လက်လှမ်းမီခဲ့သည်။ ယေရှုသည် ရှမရိမိန်းမနှင့် ရေတွင်းနားတွင် (ယောဟန် ၄း၁-၄၂)၊ နာသနေလ (ယောဟန် ၁း၄၈) နှင့် အခြားသူများစွာအား ဤအရာကို ပြုလုပ်ခဲ့သည် မဟုတ်လား။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကယ်တင်ရန် ဦးဆောင်လုပ်ဆောင်သော်လည်း၊ သူသည် ကျွန်ုပ်တို့အား သူ၏ ချစ်ခြင်းမေတ္တာကို ပြန်လည်ချစ်တုံ့ပြန်ပြီး သူ၏ စကြဝဠာ ကယ်တင်ခြင်းအစီအစဉ်တွင် ကျွန်ုပ်တို့၏ အခန်းကဏ္ဍကို ထမ်းဆောင်ရန် မျှော်လင့်ကြောင်း မမေ့လျော့ရပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အားနည်းချက်များနှင့် ကန့်သတ်ချက်များရှိသော်လည်း ကျွန်ုပ်တို့ကို အသုံးပြုနိုင်သည်။ သူ၏ တန်ခိုးနှင့် ခွန်အားဖြင့်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထင်ထားသည်ထက် ပိုမိုလုပ်ဆောင်နိုင်သည်။ သို့သော်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဇာတ်လမ်းချည်မျှည်များထက် ပိုမိုကြီးမားသော ဘုရားသခင်၏ ဇာတ်လမ်းတွင် သရုပ်ဆောင်များသာဖြစ်ကြောင်း သတိရရမည်။ တစ်နေ့တွင်၊ ကျွန်ုပ်တို့၏ တစ်ဦးချင်းဇာတ်လမ်းများသည် ကယ်တင်ခြင်း၏ ကြီးမြတ်သော ဇာတ်လမ်းတွင် မည်သည့်အခန်းကဏ္ဍကို ထမ်းဆောင်ခဲ့သည်ကို ပိုမိုအပြည့်အဝ နားလည်နိုင်မည်ဖြစ်သည်။ ထိုနေ့ရောက်လာ သည်အထိ၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ယုံကြည်ခြင်း၊ အသိပညာနှင့် ချစ်ခြင်းမေတ္တာတွင် ကြီးပွားရန်၊ ပြန်လည်သင့်မြတ်ရေးနှင့် မျှော်လင့်ခြင်း၏ ကိရိယာများအဖြစ် လိုလားသည်။

**မေးခွန်းများ –**

**၁။ ဘုရားသခင်သည် အတိတ်ကာလတွင် သင့်ကို မည်သို့ရှာဖွေခဲ့သနည်း။ သင်၏အတွေ့အကြုံကို အတန်းသားနှင့် မျှဝေပါ။**

______________________________________________

______________________________________________

______________________________________________

______________________________________________

**၂။ ကယ်တင်ခြင်း၏ ကြီးမားသော အစီအစဉ်၌ သင့်တွင် မည်သည့်အခန်းကဏ္ဍ ရှိသနည်း။ ဘုရားသခင်၏ ကယ်တင်ခြင်းချစ်ခြင်းမေတ္တာအကြောင်းကို မည်သူနှင့်မျှဝေခဲ့သနည်း။ သင်၏ဘဝဇာတ်ကြောင်းက အခြားသူများ၏ဘဝများကိုမည်သို့အဓိပ္ပာယ်ရှိစွာ သက်ရောက်ခဲ့ပြီးသနည်း။**

______________________________________________

______________________________________________

______________________________________________

______________________________________________

သင်ခန်းစာ - ၁၀ *ဖေဖဝါရီ ၂၈ — မတ် ၆

# ခရစ်တော် ၌ ပြည့်စုံခြင်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ကော ၂။ ဟေဗြဲ ၇း၁၁။ ဟေရှာ ၆၁း၃။ ၁ကော ၃း၆။ တရား ၃၁း၂၄–၂၆။ ရောမ ၂း၂၈၊ ၂၉။ ရောမ ၇း၇။

**အလွတ်ကျမ်းချက်။** **"ထိုကြောင့် စားသောက်ခြင်းအမှု၊ ပွဲနေ့၊ လဆန်းနေ့၊ ဥပုသ်နေ့တို့ကို စောင့်ခြင်းအမှုတွင် သင်တို့ကို အဘယ်သူမျှ မစစ်ကြောမစီရင်စေနှင့်။ ထိုအရာတို့သည် နောက်ဖြစ်လတံ့သော အရာတို့၏ အရိပ်ဖြစ်ကြ၏။ ကိုယ်မူကား ခရစ်တော်၏ကိုယ်ဖြစ်၏။"** (ကောလောသဲ ၂း၁၆၊ ၁၇)

သင်ဥပုသ်စောင့်ရခြင်း အကြောင်းရင်းအား မေးခံရဘူးပါသလား။ ယခုအပတ် အလွတ်ကျမ်းချက်သည် ၄င်းအား ဆန့်ကျင်ခြင်းသာကဖြစ်လေသည်။ သို့သော်လည်း ၄င်းကျမ်းချက်ကို စတုတ္ထပညတ်တော်နှင့် ဆက်စပ်၍ရေးသားခြင်းမဟုတ်ဘဲ၊ အသင်းတော်ထဲတွင် မိစ္ဆာတရားကို ဟောပြောနေသောသူတို့အား တုံ့ပြန်ခြင်းသာ ဖြစ်သည်။ အဘယ်မိစ္ဆာတရားတွေဖြစ်မည်နည်း။

ပထမ။ ထို မိစ္ဆာတရားသည် "ဒဿနိကဗေဒ၊ လူအဆက် ဆက်ခံသော နည်းဥပဒေသ၊ လောကီတရား နှင့်လောကီပညာ" ဖြစ်၍ "ခရစ်တော်၏တရားကို မလိုက်ပါ" (ကော ၂း ၈)။ အရေပြားလှီးခြင်းနှင့် ဂျူးပွဲတော် များပါဝင်သည် (ကော ၂း၁၁၊ ၁၆)။

ဒုတိယ။ အစားအသောက်နှင့် ပတ်သက်သော ဝိနည်းအထုံးအဖွဲ့နှင့်ဆိုင်သော ဂျူးတို့၏ စင်ကြယ်စေခြင်း ဓလေ့များ (ကော ၂း၁၆၊ ၂၁)။ ၄င်းတွင် ကောင်းကင်တမန်များအား ဝတ်ပြုခြင်းကို ပြန့်ပွားစေခြင်း (ကော ၂း၁၈) တို့ပါဝင်သည်။

တတိယ။ နောက်ဆုံးတွင် "လူတို့၏ပညတ်ဩဝါဒ" နှင့် ခြိုးခြံခြင်းအကျင့်ကျင့်ခြင်းတို့ ပါဝင်သည် (ကော ၂း၂၂၊ ၂၃)။ ဤမိစ္ဆာဆရာတို့သည် ရိုးသားဖြူစင်သော ဘာသာဝင်များ ဖြစ်သော်လည်း ဧဝံဂေလိတရား တော်ကို အယူလွဲမှားကြသည်။

ယခုတစ်ပတ်တွင် မည်သို့ဖြစ်ပျက်သည်ကို တွေ့ရလိမ့်မည်။ အထက်က အလွတ်ကျမ်းချက်သည် သတ္တမနေ့ဥပုသ်စောင့်ရှောက်ခြင်းနှင့် မသက်ဆိုင်ကြောင်းမြင်တွေ့ရလိမ့်မည်။

*မတ် ၇ ရက်၊ ဥပုသ်နေ့အတွက် ပြင်ဆင်ဖို့ရန် ယခုအပတ် သင်ခန်းစာကိုလေ့လာပါ။

## ဘုရား၏မြော်မြင်ခြင်းနှင့်အသိပညာ

ယောဘသည် "ပညာကို အဘယ်မှာ တွေ့ရလိမ့်မည်နည်း။ ဉာဏ်သည်လည်း အဘယ်မှာနေသနည်း" (ယောဘ ၂၈း၁၂)။ ပေါလုမှ ဖြေဆိုသည်မှာ "နက်နဲသော အရာ၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိ၏" (ကော ၂း၃။ ၁ကော ၁း၃၀)။ မိမိတို့သည် ခရစ်တော်ကို ပိုင်ဆိုင်ပါက အရာခပ်သိမ်းကို ပိုင်ဆိုင်နေပြီးဖြစ်၍ "ဝိစိကိစ္ဆာနှင့်ကင်းသော ဉာဏ်၏စည်းစိမ်နှင့်ပြည့်စုံခြင်း" ကိုပင် ပိုင်ဆိုင်နိုင်ပြီဖြစ်သည် (ကော ၂း၂)။ ကယ်တင်ခြင်းစီမံကိန်းတစ်ခုလုံးကို ထွေးပွေ့ဖက်ထားသော ဘုရားသခင်၏ နက်နဲသောအရာကို သူ့အားဖြင့် ဖော်ပြခဲ့ပြီးဖြစ်သည်။

**ဖတ်ပါ – ကောလောသဲ ၂း၁ – ၇။ ဤဩဝါဒစာကို ရေးသားရာတွင် ပေါလုသည် မည်သည့် ရည်ရွယ်ချက် ရှိသနည်း။**

ဂရိဝေါဟာရတွင် (*paraklētliōsin*) သည် "ခွန်အားပေးသည်၊ အားဖြည့်သည်" (ကော ၂း၂)ဟု အနက်ရှိသည်။ ပေါလုသည် ကောလောသဲလူ ယုံကြည်သူတို့အား ထိုမိစ္ဆာတရားကို သတိထားမိရန်မကဘဲ၊ ခရစ်ယာန် မေတ္တာတွင် စည်းလုံးစေလိုသည်။ ပေါလုအသုံးပြုသော ကြိယာသည် ထိုဩဝါဒစာသည် မိမိ၏ ရည်ရွယ်ချက်သို့ ရောက်မည်ဟု သူယုံကြည်ကြောင်းပြသ၏။ မှန်ကန်သည်သာမက "သင်တို့သည် လျောက်ပတ်စွာ စီရင်၍ ခရစ်တော်၌ ခိုင်ခံ့စွာယုံကြည်သည်" (ကော ၂း၅) ဟု ချီးမွမ်းခဲ့ သည်။

ဂရိဝေါဟာရ (*taxis*) အနက် "ဆင်းသက်သော" သည် ဓမ္မသစ်ကျမ်းသည် အာရုန် အကြောင်း ကိုးကားရာတွင် "မှဆင်းသက်သော" (လု ၁း၈။ ဟေဗြဲ ၇း၁၁) နှင့် မေလခိဇေဒက်နည်းတူ (ဟေဗြဲ ၅း၆၊ ၁၀။ ၆း၂၀။ ၇း၁၁၊ ၁၇) ဆိုသော်လည်း၊ ဗပါလုသည် အသင်းတော်အတွင်း အစဉ်အတိုင်း (၁ကော ၁၄း၄၀) ဆိုပြန်၏။ အသင်းတော်၏လုပ်ရိုးအစဉ်အတိုင်းနှင့် ဖွဲ့စည်းပုံတို့ကို ဘာသာရေးဆိုင်ရာ အရေးပါမှုအား ဘေးဖယ်ထားကာ၊ သာသနာပြုအဖွဲ့အစည်းဘက်သို့ သဘောယိမ်းယိုင်ခြင်းရှိတတ် ၏။

သို့သော် ဝတ်ပြုရေးတွင် ယဉ်ကျေးသိမ်မွေ့ခြင်းကို ညွှန်းရာတွင် (၁ ကော ၁၁) နှင့် အသင်းလူကြီးနှင့် အသင်းထောက်များကိုရွေးချယ်ရာတွင် (၁တိ ၃။ တိတု ၁)၊ ဗပါလုသည်အသင်းတော်၏ အစဉ်အလာကို အလွန် ဂရုပြုပေးသည်။ ဤအတိုင်းအတာများဖြင့် ဘုရားသခင်၏ ဉာဏ်တော်နှင့် သမ္မာကျမ်းစာ၏ သွန်သင်ခြင်း တို့ကိုပြဌာန်းလျက်ရှိသည်။

ကောလောသဲလူတို့သည် ရှင်ပေါလုနှင့် အပေါင်းအပါတို့ထံမှ သမ္မာတရားဟောပြောခြင်းရလဒ်အဖြစ် ယုံကြည်ခြင်း၌ "တည်ကြည်ခြင်း" ရှိ၏။ ၎င်းသည် ခိုင်မာသော ကျမ်းစာအခြေခံအုတ်မြစ်ရှိသောကြောင့် တုန်လှုပ်ခြင်း မရှိနိုင်ရုံမက၊ လိုက်နာ ကျင့်သုံးခြင်းဖြင့် မိစ္ဆာဆရာများ၏ တရားများမှလည်း ကွယ်ကာရာ ဖြစ်လိမ့်မည်။

**သင့်တကိုယ်ရေဝိညာဉ်ရေးအသက်တာတွင် "အစဉ်အတိုင်း" ကို မည်ကဲ့သို့ကြုံတွေ့ခဲ့ဘူးသနည်း။**

## ခရစ်တော်၌စိုက်ပျိုး၍တိုးပွါးခြင်း

ကောလောသဲ၏ အဓိကဆိုလိုရင်းသည် ခရစ်ယာန်အသက်တာအတွက် အရှင်းဆုံးနှင့် အမြင့်ဆုံးဖြစ်ရာ၊ "သင်တို့သည် သခင်ယေရှုခရစ်ကို ခံယူပြီးသည်ဖြစ်၍ ထိုသခင်၌ကျင်လည်ကြ" (ကော ၂း၆) ရမည်။ မိမိတို့သည် ကယ်တင်ခြင်းရယူရာတွင် သွန်သင်ချက်တစ်ခုကို လက်ခံရုံလေး မဟုတ်ဘဲ ပုဂ္ဂိုလ်တစ်ဦးကိုပင် လက်ခံရရှိထား၏။ ယေရှုကို ရယူလက်ခံရာတွင် သူ၏သွန်သင်ချက်တို့ကိုပါ တမန်တော်များနှင့် ပရောဖက်တို့မှပေးပို့သည်အတိုင်း လက်ခံကျင့်သုံးခြင်းဖြစ်သည် (ဧဖက် ၂း၂၀)။

အခြားအရာတို့ထက်၊ ခရစ်တော်အား လက်ခံခြင်းသည် အတ္တ၏ သေခြင်း၊ အသက်ရှင်တော်မူသော ခရစ်တော်ထံတွင် လုံးလုံးလျားလျားအပ်နှံခြင်းဖြစ်သည်။

အသက်ရှင်သောနှုတ်ကပတ်တော်သည် ရေးသားထားသော နှုတ်ကပတ်တော်နှင့် ခွဲခြမ်းမရနိုင်ပါ။ ငွေဒင်္ဂါးပြား၏ မျက်နှာနှစ်ဖက်နှင့်အလားတူ၏။ အမှန်ကား သမ္မာကျမ်းစာအားဖြင့်သာ ယေရှုကို သိရှိနိုင်၏။ သူ့၌ ကျွန်ုပ်တို့ကျင်လည်၍ အသက်ရှင်၏။ မိမိတို့၏ ကျင့်ကြံရာနှင့် ဆုံးဖြတ်ချက်ချရာတွင် နှုတ်ကပတ်တော်နှင့် သန့်ရှင်း ဝိညာဉ်ဖြင့် သူ့၌အသက်ရှင်ကာ၊ မိမိတို့ ဆုံးဖြတ်ချက်နှင့် ကျင့်စဉ်များတွင် လမ်းပြစေပါ။

ကောလောသဲ ၂း၇ တွင် ပေါ်လုသည် ကျမ်းစာဆိုင်ရာဥပစာဖြင့် ခရစ်ယာန်တို့ကို စိုက်ပျိုး၏။ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်လက်ခံ၍ မိမိတို့အသက်ကို နှုတ်ကပတ်တော်အရ အစဉ်အတိုင်းဖြစ်စေခြင်းဖြင့် ခရစ်တော်၌ စိုက်ပျိုးရပါသည်။ ထိုသို့ဖြင့် "ယုံကြည်ခြင်း၌ တည်ကြည်" ၏။

**အောက်ပါ ကျမ်းချက်တို့သည် အပင်စိုက်ပျိုးခြင်းဥပစာဖြင့် ယုံကြည်သူတို့အား မီးမောင်းထိုးပေးကာ သရုပ်ပြပေး သနည်း**(ဟေရှာ ၆၁း၃။ မ ၃း၁၀။ လု ၈း၁၁–၁၅။ ၁ကော ၃း၆)။

ဤရွေးချယ်စရာ နှစ်ခုလုံးကို ပေါလုသည် ပွင့်လင်းစွာ အသေးစိတ် ချပြသည်။ တစ်ခု သည် ခရစ်တော်နှင့် သူ၏သွန်သင်ချက်တို့အား စွဲကိုင်ခြင်းဖြင့် "ထာဝရဘုရား စိုက်ပျိုးတော်မူသောအပင်" အဖြစ် တည်ရှိနေလိမ့်မည်။ နောက်တစ်ခုသည် အပင်အတုနှင့် တူသောကြောင့် အပင်ကဲ့သို့ ဖြစ်သည်တိုင် အသက်မဲ့၏။ လူအဆက် ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားတို့ဖြင့် ရပ်တည်ခြင်းသည် "လုယက်ဖျက်ဆီး" ခံရခြင်းဖြစ်သည် (ကော ၂း၈)၊ ခရစ်တော်သည် မိမိတို့အား လွတ်မြောက်စေသည့်တိုင်၊ ထမ်းပိုးထမ်း၍ ချည်နှောင်ခြင်းကိုပင် ခံရနိုင်သေး၏ (ဂလ ၅း၁။ တ ၁၅း၁၀)။

လိုရင်းပြောရပါက သမ္မာကျမ်းစာနှင့် မပတ်သက်သော သွန်သင်ချက်များကို လက်ခံကာ၊ ခရစ်တော် အားငြင်းဆိုလျက် မိစ္ဆာတရားကို ခံယူသူတို့သည် အခြားသော ဧဝံဂေလိနှင့် သမ္မာကျမ်းစာကို ကျော်လွန်သော လူ၏ဉာဏအာဏာသာဖြစ်သည် (ဂလ ၁း၆–၉)၊ ရှေးဦးခရစ်ယာန်အသင်းတော်မှအစ ယနေ့ထိပင် အန္တရာယ်ပေးနေသော အရာ ဖြစ်သည်။

**ခရစ်တော်အားလက်ခံနိုင်ရန် အတ္တအားသေစေခြင်းကို သင်မည်သို့ကြုံတွေ့ခဲ့ဘူးသနည်း။ ထိုအစဉ် အလာသည် အဘယ်ကြောင့် ဆက်လက်တည်ရှိသင့်သနည်း။**

## လက်ဝါးကပ်တိုင်တွင်ရိုက်ထား၏

**ဖတ်ပါ – ကောလောသဲ ၂း၁၁ – ၁၅။ ဤနေရာတွင် ပေါလုသည် မည်သည့်ပြဿနာကို နှိမ်နင်းနေပုံပေါ်သနည်း။**

ကောလောသဲ ၂း၁၄ ကို သတ္တမနေ့ ဥပုသ်အား တိုက်ခိုက်ရန် လွဲမှားစွာမည်မျှ လောက်အသုံးပြုကြသနည်း။

ဤကျမ်းချက်တို့ကို နားလည်နိုင်ရန် မြော်လင့်ခြင်းအသင်းတော်သည် အနက်ပြန်ခြင်း အဓိကအနက် ပြန်ခြင်း နှစ်မျိုးရှိသည်။ ပထမ။ ငါတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံးအဖွဲ့နှင့်ဆိုင်သော လက်မှတ်ကို ချေ၍ လက်ဝါးကပ်တိုင်မှာ ရိုက်ထားသော အရာသည် ပိလတ်မင်းကြီးမှ ရေးသား၍ကပ်တိုင်ပေါ်တင်ထားသော စာနှင့် အလားတူပင် ဖြစ်သည် (မ ၂၇း၃၇။ ယော ၁၉း၁၉၊ ၂၀)။ ဒုတိယ၊ မောရှေရေးသား ပြုစုသော ပညတ်တရားစကားတော် (တရား ၃၁း၂၄ – ၂၆) တို့သည် ကပ်တိုင်တွင် တင်ခဲ့ပြီးဖြစ်သည်။

ဤကျမ်းချက်တို့အား ကြည့်ခြင်းဖြင့် ဝိနည်းအထုံးအဖွဲ့တို့သာ ဖြစ်သည်ကို တွေ့ရပါသည်။

ပေါလုသည် "လက်ဖြင့်မလုပ်သော အရေဖြားလှီးခြင်း" (ကော ၂း၁၁) ဟူသည် "အတွင်းအားဖြင့်" (ရောမ ၂း၂၈၊ ၂၉။ တရား ၃၀း၁၆) ဟုဆိုသည်။ ရှေးအခါက တောင်းဆိုထားသော အရေးကြီးဆုံး အချက်ဖြစ်သောဝိနည်းပွဲနှင့် ဆိုင်သောတရားများကို ဆိုလိုသည် (ဝတ် ၁၂း၃။ ထွက် ၁၂း၄၈)။

ထိုသို့ ပေါလုသည် အတွင်းအားဖြင့်ပြောင်းလဲခြင်းကို "ဇာတိပကတိ၏ ကိုယ်ကို ပယ်ရှင်း၍" ရေထဲ၌ နှစ်ခြင်းခံယူသည်ဟု ဆိုသည်။ ထိုရေနှစ်ခြင်းဖြင့်၊ ခရစ်တော်၏ သေခြင်းနှင့် ပြန်ရှင်ခြင်းကို မိမိကိုယ်၌ ဖော်ထုတ်၏ (ကော ၂း၁၁၊ ၁၂)။

ဤပြောင်းလဲခြင်းသည် "ဒုစရိုက်အပြစ်၌သေခြင်း" နှင့် ခရစ်တော်နှင့်အတူ "ရှင်၍ အပြစ်ရှိသမျှကို လွှတ်တော်မူ၏" (ကော ၂း၁၃)။

"ဝိနည်းအထုံးအဖွဲ့" (ကော ၂း၁၄) တို့သည်လောကရေးရာ (လု ၂း၁) နှင့် သာသနာပြုခြင်း (တ ၁၆း၄) ဥပဒေအမိန့်များ ဖြစ်ကြသည်။ ပေါလုရေးအသုံးပြုသော ဂရိဝေါဟာရသည် ဝိနည်းပညတ်ဖြစ်သောဂျူးလူနှင့် သာသနာပလူတို့အား ပိုင်းခြားခြင်းဖြစ်သည် (ဧဖက် ၁၄း၁၅)။

ပေါလုသည် အပြစ်လွှတ်ခြင်းနှင့် အတွင်းအားဖြင့် ပြောင်းလဲခြင်းတို့ကို ရေထဲ၌ နှစ်ခြင်းခံခြင်းဖြင့် သင်္ကေတဆောင်စေရာ၊ ကျမ်းစာ၏ အခြားနေရာများတွင်လုံးဝ အသုံးမပြုသော ထိုဥပစာအပြင်အခြားသောခေါင်းစဉ်တပ်လိမ့်မည်မဟုတ်ပါ။ အလားတူသောအချက်တစ်ခု ဧဖက်စာအုပ်တွင်ယုံကြည်လာသော ကောလောသဲမှ သာသနာပလူတို့သည် အရေဖြားလှီးဖြတ်ခြင်းအပါအဝင် ၎င်းတို့မှကတိကဝတ်ပြုထားသော သန့်ရှင်းခြင်းဝိနည်းအပေါင်းကို ပေါလုကအထူးပြုရှင်းပြထားသည် (တ ၁၁း၂၈၊ ၃၄၊ ၃၅)၊

ပေါလုသည် ပညတ်တော်ဆယ်ပါးတို့အား ကပ်တိုင်တွင် တင်ရိုက်ခြင်းမပြုသည်မှာ ရှင်းရှင်းလေးပါ။ ပညတ်တရားအားဖြင့်သာ အပြစ်သဘောကို သိရသည်ဟု ဆိုသည် (ရောမ ၇း၇)။

## အရိပ်လောကိုယ်လော

**ဖတ်ပါ – ကော ၂း၁၆။ မည်သည့်ဂျူး – ခရစ်ယာန်တို့၏ကျင့်စဉ်ကို ပေါလုက မီးမောင်းထိုးပေးနေသနည်း။**

ဤနေရာ၌ ပေါလုတင်ပြသော ပြဿနာများကို ပညာရှင်တို့သည် ယနေ့တိုင် သဘောမတူငြင်းဆိုနေကြသည်။ ပေါလု၏ ထိုဩဝါဒစာသည် ဂျူး – ခရစ်ယာန်တို့၏ သဘောထားကွဲလွဲခြင်းသည် အများအားဖြင့် သာသနာပလူအသင်းတော်တို့၏ဩဇာကြောင့်ဖြစ်သည်ကို သိရှိနိုင်သည် (ကော ၂း၁၃)။ ဖြစ်ပျက်ပုံသည် ဂျူး လူယုံကြည်သူတို့သည် အသင်းဝင်များအား မလိုအပ်သောအရာများကို အတင်းလိုက်နာစေသောကြောင့် ဖြစ်သည်။

ကောလောသဲ ၂း၁၆ တွင် ဂျူးဘာသာမှ ခရစ်ယာန်ဘာသာသို့ ပြောင်းလဲလာ သူတို့မှ ကျင့်သုံးနေသော ဂျူးဘာသာကျင့်စဉ်များကို စီရီထားပါသည်။ သို့သော် ကောလောသဲ ၂း၁၈ တွင် ပါဝင်သောအချက်တို့သည် လည်း အလားတူဖြစ်ကြ၏။ ယေရှုသည် ဘာသာရေးခေါင်းဆောင်တို့၏ ယောင်ဆောင်နိမ့်ချခြင်းကို ပြစ်တင် ဆုံးမထားသည် (မ ၆း၁၊ ၇၊ ၁၆)၊ ကွမ်ရန် (*Quran*) စာလိပ်မှ ဂျူးတို့သည် ကောင်းကင်တမန်များကိုပင် ဝတ်ပြုသော အယူအဆရှိသည်ဟု သိရသည်။ သို့ဖြစ်၍ ကောလောသဲမြို့တွင် ပေါလုက ရင်ဆိုင်ရသောအရာများသည် နေရာတကာတွင် သူရင်ဆိုင်ရသော အရာတို့နှင့် များစွာတူညီကြသည်။

ကောလောသဲ ၂း၁၆ အားနားလည်လွဲမှားခြင်းများစွာရှိသည်ဖြစ်၍ သာ၍အသေးစိတ်ပြုစုရန် လိုအပ်သည်။ ပေါလုသည် "ထိုကြောင့်" ဟုဆိုရာတွင် သူပြောဆိုခဲ့ပြီးသောအရာများကို နိဂုံးချုပ်လိုက်ခြင်း ဖြစ်ပုံပေါ်ပါသည်။ ရှေးဦးစွာ၊ အတွင်းပိုင်း စိတ်နှလုံးပြောင်းလဲခြင်းသည်သာ အရေးပါသည်ဖြစ်၍၊ လက်တွေ့တွင် အရေဖြားလှီးခြင်းကို ပယ်ဖျက်လိုက်သည် (ကော ၂း၁၁ – ၁၅)။ "စားသောက်ခြင်းအမှု" ဟူသည် ဣသရေလတို့ သည် ဗိမာန်တော်သို့ ယူဆောင်လာသောယဇ်ပူဇော်ရာ အစားနှင့် အသောက်တို့ကို ဆိုလိုသည်။

"ပွဲနေ့၊ လဆန်းနေ့ နှင့် ဥပုသ်နေ့တို့" (ကော ၂း၁၆) အား ဖော်ပြရာတွင်၊ ဥပုသ် ပွဲနေ့များပါဝင်သော ဝိနည်းအထုံးအဖွဲ့တို့နှင့်ဆိုင်သောဥပုသ်နေ့များ (ဟောရှေ ၂း၁၁) ကို ပင် ရိုးတိုးရိပ်တိတ်ရည်ညွှန်းထားသည် (ဝတ် ၂၃း၁၁၊ ၂၄၊ ၃၂)။ ဤကျမ်းချက်ကို ရေလည်စွာ သိကျွမ်းစေသည်မှာ ပေါလု၏ အနက်ပြန်ခြင်းပင် ဖြစ်သည်။ ထိုအရာတို့သည် နောက်ဖြစ်လတ္တံ့သောအရာတို့၏ အရိပ်ဖြစ်ကြသည် (ကော၊ ၂း၁၇) ဆို၏။ ဤပွဲနေ့များ ယဇ်ပူဇော်ခြင်းတို့သည် ခရစ်တော်ပြုသောအမှုများကို ရည်ညွှန်းထားသည် (၁ကော ၅း၇။ ၁ကော ၁၅း၂၃)။ သတ္တမနေ့ဥပုသ်သည် အပြစ်မဝင်ရောက်မီ၊ ဗိမာန်တော်နှင့် ယဇ်ပူဇော်ခြင်းများမပေါ်ပေါက်မီကတည်းက ဖန်ဆင်းမှာတည်ထောင်ခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍ ထိုသတ္တမနေ့ဥပုသ်သည် ကပ်တိုင်ပြီးနောက်တွင် ပယ်ရှားရမည့် အရိပ်ပြအရာမဟုတ်ပါ။

**ဤနေရာတွင် သတ္တမနေ့ဥပုသ်သည်ပြဿနာမဖြစ်သည်တိုင်၊ သူတစ်ပါးတို့အား တရားစီရင်ခြင်း မပြုရန် ပေါလုသည် မည်သို့အကြံပြုထားသနည်း။**

## လူတို့၏ပညတ်ဩဝါဒ

**ဖတ်ပါ – ကောလောသဲ ၂း၂၀ – ၂၃။ ဤနေရာတွင်ဆွေးနွေးထားသော အခြားအရာများအား ပေါလု၏ သတိပေးခြင်း၏အလင်းပြခြင်းဖြင့် သင်မည်သို့နားလည်သနည်း။**

ဂလာတိဩဝါဒစာတွင် ပါသည့်အတိုင်း၊ ဂျူးပွဲတော်များကို ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ အလေးထားဖော်ပြရာတွင် "လူ့အဆက်ဆက်ခံသော နည်းဥပဒေနှင့် လောကီတရားန" (ကော ၂း၈၊ ၂၀။ ဂလ ၄း၃၊ ၉) ဟုဆိုသည်။ တစ်မျိုးအားဖြင့် လောကဗိမာန်တော်ကဲ့သို့ ဤအရာတို့သည် လောကနှင့် စပ်ဆိုင်၍၊ ကျွန်ုပ်တို့သည် ကောင်းကင်နှင့် စပ်ဆိုင်ကြ၏။ ထို့ကြောင့် ယခုကျွန်ုပ်တို့စံစားပျော်ရွှင်ရသော ခန္ဓာကိုယ် ခရစ်တော် အား ကိုတင်အရိပ်ပြရုံလောက်သာ ဖြစ်သည့် ထိုဝိနည်းဥပဒေသများအားဖြင့် မိမိကိုယ်ကို စိတ်ရှုပ်ထွေးမခံ သင့်ပါ။ ဘုရားသခင်မှ ပေးထားတော်မူသော အမိန့်ပြန်တမ်းများ ဖြစ်သည့်တိုင် မိမိတို့၏ တာဝန်များကို ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ဆက်လက်လိုအပ်ခြင်းမရှိတော့ပါ။

ဗိမာန်တော်၏ ကန့်လန့်ကာသည် ကောင်းကင်၏ လက်ဖြင့် ဆုတ်ဖြဲ ခဲ့ပြီးသည်နောက်တွင် ဤစည်းမျဉ်း စည်းကမ်းတို့သည် ကပ်တိုင်၌တင်ရိုက်ထား ခဲ့ပြီးဖြစ်၍ (မ ၂၇း၅၁။ ဒံ ၉း၂၇)၊ ခရစ်ယာန်ဘာသာဝင်နှင့် ဂျူးခရစ် ယာန်များအပါအဝင်၊ မိမိတို့သည် ဤစည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာခြင်းပြုရန် မလိုအပ်တော့ပါ။ ဤ စည်းမျဉ်းစည်းကမ်းတို့အားတင်ပြနေသ၍ မိမိတို့သည် လောကသားများဟု ကြွေးကြော်နေခြင်း၊ ခရစ်တော်မှ ဂတိပြုထားသော ကမ္ဘာသစ်နှင့်မစပ်ဆိုင်ကြောင်း ပြသခြင်းဖြစ်သည်။ နောက်ဆုံးမှာတော့ ကျွန်ုပ်တို့သည် "ဖြောင့်မတ်သောတရားတည်နေသော မိုးကောင်းကင်သစ်နှင့်မြေကြီးသစ်" (၂ပေ ၃း၁၃) အပေါင်းအားပြန်လည် မွမ်းမန် ရုံသာ မဟုတ်သောကမ္ဘာသစ်ကိုမြော်လင့်နေ၏။

မောရှေပြုစုထားသော စည်းမျဉ်းများအပြင် ဖာရိရှဲနှင့်ကျမ်းတတ်တို့သည် မိမိတို့အလိုရှိသောအရာများ၊ ခရစ်တော်၌ပြီးပြည့်စုံခဲ့ပြီးသော ဓမ္မဟောင်းကျမ်း၏ပွဲများ၊ ကောင်းကင်မှ အလိုမရှိတော့သော လူသား တို့၏ တာဝန်သာဖြစ်သည့် စည်းမျဉ်းများကို ဖြည့်စွက်ထားကြသည် (မာ ၇း၁ – ၁၃)။ ၎င်းတို့သည် ယုံကြည်ခြင်းအတွက် ဝန်ထုပ်ဝန်ပိုးကြီးတွေဖြစ်လာကာ၊ ရှေ့သို့ရှီတက်ခြင်းကိုပင် ဟန့်တားနိုင်သည်။ ဤအရာများအား ပြုလုပ်သောသူသည် မပြုလုပ်သောသူတို့ထက် မိမိကိုယ်ကို သာလွန်သည်ဟု ယူဆမိတတ်ကြ၍ အလွန်ဆိုးယွားသည်။ ထို့ပြင် မိမိတို့မှလုံးဝ ခြေမလှမ်း ချင်သော မိမိ၏ကုသိုလ်ဖြင့် ကယ်တင်ခြင်းရသည်လိုလိုပင် ထင်မိစေတတ်သည်။

ခရစ်ယာန်ရာဇဝင်တွင်၊ ကျမ်းစာကျွမ်းကျင်သူတို့သည် ဘာသာရေးမှ တရားဝင်ထုတ်ပြန်ချက်တို့ကို အသားပေးကာ၊ ကျမ်းချက်တို့၏ အနက်မှန်သို့ သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြပို့ဆောင်ခြင်းကို လုယူထားကြသည်။ ရှင်ပေါလုမှအစ အခြားသော ကလောင်ရှင်တို့ သွန်သင်ထားသော သမ္မာတရားအားလုံးတို့၏ ရေအရင်းမြစ်သည် ခရစ်တော်ကိုယ်တော်တိုင် ဖြစ်သည်။

**ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ယေရှုက မိမိတို့အတွက်၊ မိမိတို့မပါ၊ မိမိတို့၏နေရာတွင် ပြုသင့်ပြုထိုက်သည် အားလုံးကို သူပြုခြင်းသည် မိမိတို့ကယ်တင်ခြင်းခြင်း၏ အခြေခံအုတ်မြစ်ဖြစ်သည်ကို မည်ကဲ့သို့ ယုံကြည်စိတ်ချနိုင်မည်နည်း။**

**ထပ်မံစဉ်းစားရန်။** "တမန်တော်တို့၏လက်ထက်ကကဲ့သို့ လူသားတို့သည် ရိုးရာနှင့် ဒဿန အမြင်တို့ဖြင့်ကျမ်းစာ၌ ယုံကြည်ခြင်းကို ဖျက်ဆီးကြသည်။ ယနေ့တွင်ပင် မိမိတို့၏ ထင်မြင်ချက်တွေဖြင့်သာ၍ မြင့်မားသောပြစ်တင်ခြင်း ဆင့်ကဲဖြစ်ပေါ် ခြင်း၊ တစ္ဆေ ဆည်းကပ်ခြင်း၊ ကမ္ဘဌာန်းထိုင်ခြင်း၊ ဘုရားများစွာကိုးကွယ်ခြင်းဖြင့် ဖြောင့်မတ်ခြင်း၏ ရန်သူသည် တားမြစ်ထားသော နေရာများသို့ပင် ဝိညာဉ်များကို ဖြားယောင်းနေသည်။ သမ္မာကျမ်းစာသည် မြောက်များစွာတို့အတွက် ဆီမပါသော ဆီမီးကဲ့သို့ဖြစ်သည်။ ကျမ်းစာအား နားလည်မှုလွဲမှားစွာဖြင့် စိတ်ရှုပ်ထွေးစေကြကာမှန်ဆယုံကြည်ခြင်းသို့ ရောက်ကြ၏။ သာ၍မြင့်မားသောပြစ်တင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ထင်ကြေးပေးခြင်း၊ ပြန်လည်တည်ဆောက်ခြင်းတို့ဖြင့် ကျမ်းစာသည် ကောင်းကင်မှဖော်ပြခြင်းဟု မယုံ တော့ဘဲ ယုံကြည်ခြင်းပျက်ပြားကြသည်။ လူ့အသက်တာအား နှုတ်ကပတ်တော်၏ ထိမ်းချုပ်ခြင်း၊ မြင့်တင်ခြင်းကိုလုယူထားဖြင်းဖြစ်သည်။ တစ္ဆေဆည်းကပ်သော သူတို့ သည် လူ့ဆန္ဒသည်အကြီးဆုံးဥပဒေဖြစ်၍ လူသည်မိမိဖာသာရပ်တည်နိုင်သည် ဆို၏။

ခရစ်တော်၏ နောက်လိုက်တို့သည် ပေါလုကပင် ကောလောသဲ ယုံကြည်သူများ အား သတိပေးထား သောစွဲမက်စရာများ ရင်ဆိုင်ရပါမည်။ ကျမ်းစာအား တစ္ဆေဝိညာဉ် ရေးရာအနက်ဖွင့်ဆိုချက်များကို ရင်ဆိုင်ရ သော်လည်း သူသည် လက်ခံမည် မဟုတ် ပါ။ သူ၏အသံသည် ထာဝရအမှန်တရားများအား ရှင်းလင်းစွာဖော် ပြသည်ကို ကြားရ လိမ့်မည်။ ခရစ်တော်အားရှေ့ရှုလျက် သူ၏သွန်သင်ချက်တို့နှင့် လမ်းကြောင်းလွဲနေ သော အတွေးများကိုဖယ်ရှားကာရှေ့သို့မှန်ကန်စွာ ချီတက်ကြလိမ့်မည်။ သူသည် ထာဝရဘုရား၏သမ္မာတရားအား လေးလေးနက်နက်ဆင်ခြင်၍ ကမ္ဘဌာန်း အားထုတ် နေလိမ့်မည်။ သမ္မာကျမ်းစာသည် သူ့အားဘုရားသခင် မှ တိုက်ရိုက်စကားပြောဆို နေ သကဲ့သို့ဖြစ်လိမ့်မည်။—Ellen G. White, *The Acts of the Apostles*, pp. 474, 475.

## ဆွေးနွေးရန်မေးခွန်းများ –

**၁** **"ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှားသည်" နှင့် "အထွဋ်အမြတ်အာဏာစက်ရှိသမျှတို့ကိုအုပ်စိုးတော်မူသော" သည် မည်သည့်အနက်ရှိသနည်း** (ကော ၂း၉၊ ၁၀)။ **(ယောဟန် ၁း၁။ ဟေဗြဲ ၁း၃ နှင့် ၁ပေ ၃း၂၂)။**

**၂** **ကော ၂း၁၄ – ၁၆ ကို သတ္တမနေ့ဥပုသ်အား ငြင်းပယ်ရန်အသုံးပြုကြသည်ကို ကြားဘူးကြပါလိမ့်မည်။ ယခုတစ်ပတ်သင်ခန်းစာမှ မဟုတ်ဘဲ၊ အခြားမည်သည့်ပြဿနာများသည် စတုတ္ထပညတ်တော်အား စောင့်ထိန်းရန်မလိုတော့ကြောင်း ဤကျမ်းချက်အားဖြင့် ဖော်ပြခြင်းမည်သည်များ ရှိသနည်း။**

**၃** **ဝိနည်းပွဲတော်ဥပဒေသများကို ကျင့်သုံးရန် အတင်းအကြပ်ပြုသောသူတို့ကို သင်မည်သို့ပြုသနည်း။ ဝိညာဉ်ရေးနှင့် ဘာသာရေးတွင် ကောင်းကြီးမင်္ဂလာများ ရှိနိုင်သည်တိုင် ၎င်းတို့ကို အတင်းအကြပ်ပြုခြင်းဖြင့် မည်သည့်ပြဿနာဖြစ်လာနိုင်မည်နည်း။**

## ထောင်ကျခြင်းသို့မဟုတ်သေဆုံးခြင်းအန္တရာယ်ကိုရင်ဆိုင်ရခြင်း

ခြောက်လကြာ ဥပုသ်နေ့များတွင် ဘုရားကျောင်းသို့ သွားရောက်ပြီးနောက်၊ Rene ကို သူ၏သူဌေးက ခေါ်ယူခဲ့သည်။ "အခြားစာရင်းကိုင်သည် မင်းလောက် အလုပ်မကောင်းဘူး" ဟု သူကပြောသည်။ "ကျေးဇူးပြုပြီး တစ်ခုတောင်းဆိုလို့ရမလား။ စနေနေ့မှာ အနည်းဆုံး တစ်နာရီလောက် အလုပ်လုပ်ပေးနိုင်မလား။"

Rene သည် နှစ်နှစ်ကြာ ဆုတောင်းခဲ့ဖူးသည်ကို သတိရသည်။ "ဘုရားသခင်၊ စနေနေ့တွင် ဘုရားကျောင်းသို့ သွားရောက်ခွင့်ပေးမည်ဆိုပါက၊ ကျွန်ုပ်သေသည်အထိ ဥပုသ်နေ့ကို သန့်ရှင်းစွာ ထိန်းသိမ်းပါမည်။" သူသည် ခေါင်းခါပြီး၊ "ကျွန်ုပ်မလုပ်နိုင်ပါ" ဟု ပြောသည်။

"မင်းလုပ်ရမယ်" ဟု သူဌေးက ပြောသည်။ "တစ်နာရီသာလိုတယ်။ မင်းရဲ့ဘုရားကျောင်းက ဘယ်အချိန်လဲ။" ..."မနက် ရှစ်နာရီမှ ဆယ့်နှစ်နာရီထိပါ။"... "ဒါဆို နေ့လယ်မှာ။ တစ်နာရီမှာ လာလုပ်လို့ရတယ်။"... "ဒါပေမယ့် ဒါက စနေနေ့ပဲ။"... "ဘာမှမဖြစ်ဘူး။"... "ကျွန်ုပ်အတွက်တော့ ဘာမှမဖြစ်ဘူးဆိုတာ မဟုတ်ပါ။" Rene ၏သူဌေးသည် သူ့ကို အကြာကြီး စိုက်ကြည့်ပြီး "မင်းသဘောပဲ" ဟု ပြောပြီး ထွက်သွားသည်။

ခြောက်ပတ်အကြာတွင် သူဌေးသည် ဖုံးကွယ်ထားသော ခြိမ်းခြောက်မှုနှင့်အတူ နောက်ဆုံးသတိပေးချက်တစ်ခုပေးခဲ့သည်။ "မင်းရဲ့နောက်ဆုံးဆုံးဖြတ်ချက်ကဘာလဲ" ဟုမေးသည်။ "ဒီလာမယ့်စနေနေ့မှာ မင်းအလုပ်လုပ်ရမယ်။ မလုပ်ရင် ငါဘာလုပ်ရမယ်ဆိုတာ မသိဘူး။"

Rene သည် ခရစ်ယာန်ဘာသာကို ဆန့်ကျင်သည့်နိုင်ငံတစ်ခုတွင် အလုပ်လုပ်နေရသည်ကို သိသည်။ လူများသည် ၎င်းတို့၏ဘာသာကို ကျင့်သုံးပိုင်ခွင့်မရှိခဲ့ပါ။ သူသည် ယုံကြည်ခြင်းကြောင့် ထောင်ကျခြင်းနှင့် သေဒဏ်ရင်ဆိုင်ရသူများအကြောင်း ကြားဖူးသည်။

အိမ်သို့ပြန်ရောက်သောအခါ သူသည် အော်ဟစ်ငိုကြွေးသည်။ "သခင်ဘုရား၊ ကျွန်ုပ်မှာ ပြဿနာတွေအများကြီးရှိပုံပါပဲ။ ဒီမှာ ကျွန်ုပ်သေစေချင်တာလား။"

သုံးရက်အကြာတွင် Rene သည် ဥပုသ်နေ့တွင် ဘုရားကျောင်းသို့ သွားခဲ့သည်။ သူသည် သူ၏ရုံးခန်းရှိအဆောက်အအုံတွင်ပင် တည်ရှိသော တိုက်ခန်းတစ်ခုတွင် နေထိုင်သည်။

သူအဆောက်အအုံမှ ထွက်ခွာသွားစဉ် အလုပ်ဖော်တစ်ဦးက "ဒီနေ့ မလာဘူးလား" ဟု မေးသည်။ "ကျွန်ုပ် မလာပါ" ဟု Rene က ဖြေသည်။ Rene သည် ကုမ္ပဏီဖုန်းတစ်လုံးကို ကိုင်ဆောင်ထားပြီး ၎င်းကို ပိတ်ထားလိုက်သည်။ သူသည် ဘုရားကျောင်းသို့သွားရင်း ခြေရာခံရ မည်ကို မလိုလားခဲ့ပါ။ ထိုနေ့မွန်းလွဲပိုင်းတွင် သူ၏သူဌေးသည် ရုံးသို့ မမျှော်လင့်ဘဲ ရောက်ခဲ့သည်။ သူသည် Rene ကို ထပ်ကာထပ်ကာ ဖုန်းခေါ်သော်လည်း ဆက်သွယ်မရခဲ့ပါ။



နောက်ပိုင်းတွင် အလုပ်ဖော်က Rene ကို ပြောသည်။ "သူဌေးက နတ်ဆိုးလို ဖြစ်နေတယ်။ သူက မင်းကို ထောင်ထဲပို့ချင်နေတာ ဖြစ်နိုင်တယ်။ ကျေးဇူးပြုပြီး ငါတို့ကိုပါ ဒုက္ခမရောက် အောင်လုပ်ပါ။"

*Rene Tucaldo* သည် ၁၉၉၆ ခုနှစ် ဆယ်သုံးပတ်အလှူငွေဖြင့် တည်ဆောက်ခဲ့သော ဖိလစ်ပိုင်နိုင်ငံ၊ ဆီလန်ရှိ *1000 Missionary Movement* ၏ ဌာနချုပ်တွင် ဘဏ္ဍာရေး အရာရှိ ချုပ်ဖြစ်သည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ကောလောသဲ ၂း၁၆၊ ၁၇

**လေ့လာမှုဦးတည်ချက်။** ကောလောသဲ ၂

ကောလောသဲ ၁ ၏ နိဂုံးတွင် ပေါလုသည် သူ၏ပရိသတ်အား ခရစ်တော်၌ ရင့်ကျက်မှု ကြီးပွားရန် ဆန္ဒရှိကြောင်း ဖော်ပြသည် (ကောလောသဲ ၁း၂၈)။ ကောလောသဲ ၂ တွင် သူသည် ဤအတွေးကို ပိုမိုတိုးချဲ့ဖော်ပြသည်။ ကောလောသဲ ၂း၁-၅ သည် နောက်ဆက်တွဲအတွက် အုတ်မြစ်ဖြစ်သည်။ ပေါလုသည် သူ၏စာဖတ်သူများအား "မေတ္တာ ချင်းထုံးဖွဲ့ရန်" (ကောလောသဲ ၂း၂)၊ "နက်နဲသောအရာကို နားလည်နိုင်သော ဝိစိကိစ္ဆာနှင့် ကင်းစင်သော ဉာဏ်၏စည်းစိမ်အပေါင်းနှင့် ပြည့်စုံရန်" (ကောလောသဲ ၂း၂)၊ နှင့် ခရစ်တော်၌ ၎င်းတို့၏ ယုံကြည်ခြင်းကို ခိုင်ခံ့စေရန် (ကောလောသဲ ၂း၅) လိုလားသည်။ အနစ်သာရအားဖြင့် ပေါလုသည် သူ၏ပရိသတ်အား ၎င်းတို့၏ ယုံကြည်ခြင်း၊ ဘုရားသခင်၏ နက်နဲသော အရာကို သိရှိမှုနှင့် ခရစ်တော်နှင့် အချင်းချင်း အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာတို့တွင် ကြီးပွားရန် တိုက်တွန်းသည်။ အနစ်သာရ အားဖြင့် ပေါလုသည် သူ၏ပရိသတ်အား ခရစ်တော်၌ "ပြည့်စုံ" ရန် သို့မဟုတ် အခြားစကားလုံးဖြင့် ပြောရလျှင် ၎င်းတို့၏ယုံကြည်ခြင်း၏ လက်တွေ့အကျင့်တွင် "ရင့်ကျက်မှု" ပြသရန် တိုက်တွန်းသည်။ ကောလောသဲ ၂း၆-၂၃ တွင် ပေါလုသည် ဤရည်မှန်းချက်ကို မည်ကဲ့သို့ အောင်မြင်နိုင်သည်ဆိုသော အသေးစိတ် အချက်များကို ပေးသည်။

ဤအပတ်သင်ခန်းစာသည် အဓိကအကြောင်းအရာ ၂ ခုကို အလေးပေးသည် -

၁။ ခရစ်တော်၌ပြည့်စုံခြင်းသည် သူ့ကိုသိရှိခြင်းနှင့် သူ၌ ကြီးထွားခြင်းတို့ ပါဝင်သည်။ ၎င်းသည် မှားယွင်းသော ဆရာများအားဖြင့် လမ်းမှားသော ဦးဆောင်မှုမှ ကာကွယ်ပေး သည်။

၂။ ခရစ်တော်၌ ပြည့်စုံခြင်းသည် ကယ်တင်ခြင်းအတွက် သူ့ကိုသာ ယုံကြည်ရန်နှင့် စည်းမျဉ်းများကို အားမကိုးရန်လည်း ပါဝင်သည်။ သို့သော် သိသာထင်ရှား သည်မှာ ကားတိုင်သည် ထုံးတမ်းစဉ်လာဥပဒေကို မလိုအပ်စေသော်လည်း ကိုယ်ကျင့်တရား ဥပဒေကို မလိုအပ်တော့စေခြင်းမရှိပါ။ မွေပဟောင်းကျမ်းရှိ ထုံးတမ်းစဉ်လာ ဖြစ်ရပ်များသည် ခရစ်တော်၏ အနာဂတ်လုပ်ဆောင်မှုနှင့် ယဇ်ပူဇော်ခြင်း၏ အရိပ်များသာဖြစ်သည်။ ဤပုံစံများသည် သူ၏သေဆုံးခြင်းနှင့်အတူ ပြီးဆုံးသွားခဲ့ သည်။ သို့သော် ပညတ်တော်ဆယ်ပါး၊ သတ္တမနေ့ဥပုသ်နေ့အပါအဝင် တို့သည် ခရစ်ယာန်များ အတွက် ယနေ့တိုင် တရားဝင်ဖြစ်နေဆဲဖြစ်သည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

**သာဓက**

"James Garfield သည် နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု၏ သမ္မတ ဖြစ်လာခဲ့သူဖြစ်ပြီး၊ အိုဟိုင်ယိုပြည်နယ်ရှိ Hiram ကောလိပ်၏ကျောင်းအုပ်ဖြစ်စဉ်က ဖခင်တစ်ဦးက ၎င်း၏သားသည် သင်ယူမှုကို ပိုမိုတိုတောင်းသောအချိန်အတွင်း ပြီးမြောက် နိုင်ရန် သင်ကြားရေး သင်ရိုးညွှန်းတမ်းကို တိုစေနိုင်မလားဟု မေးမြန်းခဲ့သည်။ "သေချာပါ သည်" ဟု ဂါဖီးလ်က ဖြေကြားခဲ့သည်။ "သို့သော် ၎င်းသည် သင့်သားကို မည်သို့ ဖြစ်စေလို သည့် အပေါ်တွင် မူတည် သည်။ ဘုရားသခင်သည် ဝက်သစ်ချပင် တစ်ပင်ကို ဖန်ဆင်းရန် နှစ် ၁၀၀ လိုအပ်သည်။ ဖရုံသီး တစ်လုံးကို ပြုလုပ်ရန် နှစ်လသာ လိုအပ်သည်" —Michael P. Green, *1500 Illustrations for Biblical Preaching* (Grand Rapids, MI: Baker Books, 2000), p. 356.

ပေါလုကပြောသည်မှာ "သင်တို့တွင် ကောင်းသောအမှုကို ပြုစပြုတော်မူသော သူသည်၊ ယေရှုခရစ်၏နေ့ရက်တိုင်အောင် ပြီးစီး လျက်ပြုတော်မူမည်ဟု ငါသဘောကျ၏" (ဖိ ၁း၆)။ ဒါဝိတ်၏ဝိညာဉ်ရေးခရီးကို မှတ်ချက်ပြုရင်း၊ Alan Redpath သည် တူညီသော အယူအဆကို ဖော်ပြသည်၊ "ဝိညာဉ်တစ်ခု၏ပြောင်းလဲခြင်းသည် ခဏအတွင်း ဖြစ်ပေါ်သော အံ့ဖွယ်အမှုဖြစ်ပြီး၊ သူတော်စင်တစ်ဦးကို ဖန်တီးခြင်းသည် တစ်သက်တာလုံး၏ အလုပ်ဖြစ်သည်" —Redpath, *The Making of a Man of God: Lessons From the Life of David* (Grand Rapids, MI: Fleming H. Revell, 2013), from the Foreword.

### ခရစ်ကိုသိကျွမ်းခြင်းနှင့် သျှဉ်တိုးတက်ကြီးပြင်းခြင်း

ကောလောသဲကျမ်းကိုဖတ်ရှုခြင်းမှ၊ ပေါလုသည် အသင်းတော်ထဲသို့ မမှန်ကန်သော ဆရာများ ထိုးဖောက်ဝင်ရောက်လာမှုအပေါ် အလွန်စိုးရိမ်ခဲ့ကြောင်း ကောက်ချက်ချနိုင် သည်။ ဤစိုးရိမ်မှုသည် "အဘယ်မျှလောက်ကြီးသော တိုက်လှန်ခြင်းကို ငါခံရသည်ဟု သင်တို့သိစေခြင်းငှါ ငါအလိုရှိ၏" (ကော ၂း၂) ဟူသောဝါကျဖြင့် ဖော်ပြထားဖွယ်ရှိသည်။ ဤဆက်စပ်မှုတွင်၊ "တိုက်လှန်ခြင်း" ဟူသောစကားလုံးသည် "စိုးရိမ်မှု" သို့မဟုတ် "စိတ်ပူပန်မှု" ဟု အဓိပ္ပာယ်ရှိပေမည် — William Arndt et al., *A Greek-English Lexicon of the New Testament and Other Early Christian Literature* (Chicago: University of Chicago Press, 2000), p. 17. ဂရိဘာသာဖြင့် "တိုက်လှန်ခြင်း" ဟုဘာသာပြန်ထားသောစကားလုံးကို လူသား သို့မဟုတ် ဝိညာဉ်ရေး ဆိုင်ရာ ဆန့်ကျင်မှုကို ရင်ဆိုင်ရသည့်အခါ အခြားနေရာများတွင် အသုံးပြုသည် (ဥပမာ၊ ၁ သက် ၂း၂)။ ဤဆက်စပ်မှုတွင်၊ ၎င်းသည် တမန်တော်၏ "မမောမပန်းသောအလုပ် —

သူ၏သာသနာပန်းတိုင်ကဲ့သို့သော ယုံကြည်ခြင်းတရားကို ဖြန့်ဝေမှု၊ တိုးတက်မှုနှင့် ခိုင်ခံ့မှုအတွက် ပြင်းထန်သောရုန်းကန်မှုနှင့်တိုက်လှန်ပွဲ" ကို ဖော်ပြရန် အသုံးပြုသည် —David J. Williams, *Paul's Metaphors: Their Context and Character* (Grand Rapids, MI: Baker Academic, 1999), p. 290.

"တိုက်လှန်ပွဲ" ဟူသော စကားလုံးသည် အားကစား နယ်ပယ်၊ ပိုမိုတိကျစွာဆိုသော် အားကစားပြိုင်ပွဲများမှ ဆင်းသက်လာသည်။ ထို့ကြောင့် ၎င်းသည် ပြင်းထန်သော ကြိုးစားမှုကို အကြံပြုသည်။ ဤအချက်အလက်များသည် ပေါလုသည် မမှန်ကန်သော သင်ကြားမှုများကို ကိုင်တွယ်ခြင်းကို သေးငယ်သောကိစ္စအဖြစ် မမှတ်ယူကြောင်း ညွှန်ပြသည်။ ကျွန်ုပ်တို့လည်း ထိုသို့မမှတ်ယူသင့်ပါသလား။ ဖြစ်နိုင်သည်မှာ၊ ကောလောသဲလူများအတွက် ပေါလု၏တိုက်လှန်ပွဲ သို့မဟုတ် ရုန်းကန်မှုသည် ၎င်းတို့အတွက် ဆုတောင်းပေးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ပေါလုသည် ၎င်းတို့၏ စိတ်နှလုံးများ ခိုင်ခံ့လာစေရန် ဆုတောင်းပေးခဲ့သည်၊ သို့မှသာ မမှန်ကန်သော သင်ကြားမှုများဖြင့် လမ်းလွဲမသွားရန်ဖြစ်သည်။ ပေါလုသည် ၎င်းတို့အား "မေတ္တာချင်းထုံးဖွဲ့၍၊ ခမည်းတော်ဘုရားနှင့် ခရစ်တော်၏ နက်နဲသောအရာကို နားလည်နိုင်သော ဝိစိကိစ္ဆာနှင့် ကင်းစင်သော ဉာဏ်၏စည်းစိမ်အပေါင်းနှင့် ပြည့်စုံ" (ကောလောသဲ ၂း၂) ရန် လိုလားခဲ့သည်။

အသိပညာဆိုင်ရာ အယူအဆသည် ကောလောသဲကျမ်းတွင် အလွန်အရေးကြီး၏။ စာတစ်စောင်လုံးတွင်၊ ပေါလုသည် ၎င်း၏ပရိသတ်အား "သခင်ယေရှုခရစ်၏ ခမည်းတော်တည်းဟူသော ဘုရားသခင်၏ ကျေးဇူးတော်" (ကော ၁း၆)၊ "ဘုရားသခင်ကို သိသောဉာဏ်တိုးပွားခြင်း" (ကော ၁၉)၊ "တပါးအမျိုးသား တို့တွင် ဤနက်နဲသော အရာနှင့်ဆိုင်သော မဟာစည်းစိမ်ကား၊ အဘယ်မျှလောက် ကြီးသည်ကို သန့်ရှင်းသူတို့သည် သိစေခြင်းငှါ၊ ဘုရားသခင် အလိုရှိတော်မူ၏" (ကော ၁း၂၇)၊ "ခမည်းတော်ဘုရားနှင့် ခရစ်တော်၏ နက်နဲသောအရာကို နားလည်နိုင်သော ဝိစိကိစ္ဆာနှင့်ကင်းစင်သော ဉာဏ်၏ စည်းစိမ်အပေါင်းနှင့် ပြည့်စုံ" (ကော ၂း၂) မည်ကို သိရှိစေလိုသည်။ ထို့ကြောင့် အနှစ်ချုပ် အားဖြင့်၊ ပေါလုသည် မမှန်ကန်သောသွန်သင်မှုများကို တန်ပြန်ရန် အကာအကွယ်သည် ဘုရားသခင်နှင့် ခရစ်တော်ကိုသိကျွမ်းခြင်းဖြစ်ကြောင်း ပြသသည် (ကော ၂း၁ – ၄၊ ၈)။ ဤ အသိပညာသည် ကောလောသဲ ၃း၁၆ တွင် ပေါလုက အကြံပြုထားသည့် အတိုင်း ဘုရားသခင် ၏ စကားတော်မှလာသည်၊ "ခရစ်တော်၏ နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာ တည်နေ၍ သင်တို့သည် ဆာလံသီချင်း မှစသော ဓမ္မသီချင်း အမျိုးမျိုးအားဖြင့်၊ အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍၊ နူးညွတ် သောစိတ်နှလုံးနှင့် ဘုရားသခင်ရှေ့တော်၌ တင့်တယ်လျောက်ပတ်စွာ သီချင်းဆိုကြလော့။"

**ခရစ်တော်၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်း၏တစ်ခုတည်းသောမျှော်လင့်ချက်**

ကောလောသဲ ၂း၁၁ – ၁၅ တွင် ပေါလုသည် ကျွန်ုပ်တို့ အတွက် ခရစ်တော် ၏ ကယ်တင်ခြင်းအမှုကို ချီးမွမ်း သည်။ ခရစ်တော် အတွင်း ၌၊ ကျွန်ုပ် တို့သည် "လက်ဖြင့် မလုပ်သော အရေ

ဖျားလှီးခြင်း" (ကော ၂း၁၁) ဖြင့် အရေဖျား လှီးခြင်းခံရသည်၊ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင် ခရစ်တော်၏အမှု ဖြစ်၏။ ကျွန်ုပ်တို့သည် "ဗတ္တိဇံအားဖြင့် ထိုသခင်နှင့် အတူ သင်္ဂြိုဟ်ခြင်းကို ခံကြ၏" "ထိုသခင်နှင့်အတူထမြောက်ခြင်းသို့ရောက်ကြ၏" (ကော ၂း၁၂)။ ဆိုလိုသည်မှာ၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခရစ်နှင့်အတူ အသက်ရှင်စေခဲ့ပြီး "သင်တို့အပြစ်ရှိသမျှ ကိုလွှတ်တော်မူ၏" (ကော ၂း၁၃)။ အနှစ်ချုပ်အားဖြင့်၊ ပေါလုက ခရစ်တော်သည် ကျွန်ုပ်တို့ကယ်တင်ခြင်း၏ တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည်ဟု ဆိုသည်။

သို့သော်၊ ကောလောသဲ ၂ ရှိ ပေါလု၏ထုတ်ပြန်ချက်အချို့မှာ အထူးသဖြင့် ကောလော ၂း၁၁ – ၂၃ မှ၊ ယနေ့လူများစွာက တမန်တော်သည် ပညတ်တော်ဆယ်ပါးကို ဖျက်သိမ်းခြင်း အကြောင်း ပြောနေသည်ဟု အကြံပြုရန် အသုံးပြုကြသည်။ ပိုမိုတိကျစွာ ဆိုရသော်၊ သတ္တမနေ့ ဥပုသ်သည် ခရစ်ယာန်များအတွက် အကျုံးမဝင်တော့ သလို ချုပ်နှောင်မှုလည်း မရှိတော့ဟု ငြင်းဆိုကြသည်။ ဤအဆိုပြုချက်နှင့် ဆန့်ကျင်ဘက်အနေဖြင့်၊ ကောလောသဲ ၂ သည် ပညတ်တော်ဆယ်ပါးကို ဖျက်သိမ်းခြင်းအကြောင်း မဟုတ်ပါ။ ပေါလုသည် ၎င်း၏ စာများတစ်လျှောက်၊ ကောလောသဲနှင့် အခြားနေရာများတွင် အကြိမ်များစွာ ပညတ်တော် ဆယ်ပါးသည် ခရစ်ယာန်များအတွက် အကျုံးဝင်ကြောင်း ညွှန်ပြထားသည်ကို အောက်ပါ အခန်းငယ်များတွင် တွေ့ရသည်။

ပေါလုသည် ဧဖက် ၆း၂၊ ၃ တွင် ပဥ္စမပညတ်ကို၊ ရောမ ၁၃း၉ တွင် ဆဋ္ဌမ၊ သတ္တမ၊ နှင့် အဋ္ဌမပညတ်များကို၊ ရောမ ၇း၇ (ရောမ ၁၃း၉ တွင်လည်း) ဒသမပညတ်ကို ကိုးကားသည်။ ကောလောသဲ ၃း၂၀ တွင်၊ ဧဖက် ၆း၁ တွင်တွေ့ရသော "သားသမီးတို့၊ မိဘစကားကို နားထောင်ကြလော့" တွင် ထပ်လောင်းတိုက်တွန်းထားသည်။ ဧဖက် ၆း၁ – ၃ ကိုအခြေခံ၍ "သားသမီးတို့၊ မိဘစကားကို နားထောင်ကြလော့" (ဧဖက် ၆း၁ နှင့် ကော ၃း၂၀) သည် ပဥ္စမပညတ်တော်၏တရားဝင်မှုအပေါ်အခြေခံသည် (ဧဖက် ၆း၂၊ ၃။ ထွက် ၂၀း၁၂) နှင့် နှိုင်း ယှဉ်ကြည့်နိုင်သည်။ ဤအခန်းငယ်များအားလုံးတွင်၊ ပညတ်တော်ဆယ်ပါးသည် သစ္စာရှိ သူများအတွက် ခရစ်ယာန်ပဋိညာဉ်သစ်အောက်တွင် မဖြစ်မနေလိုက်နာရမည်ဟု ဖော်ပြ ထားသည်။ ရှင်ပေါလု၏ ဩဝါဒစာစောင်များတွင် ပါသော ဒုစရိုက်နှင့် ကောင်းမှုစာရင်းများ ကို ပညတ်တော်ဆယ်ပါးနှင့် နှိုင်းယှဉ်၍ ရှုမြင်နိုင်ပါသည်။ အထူးသဖြင့် ကောလောသဲ ၃း၅ – ၉ တွင်ဖော်ပြထားသော ဒုစရိုက်မှုစာရင်းမှာ ပညတ်တော်ဆယ်ပါးကို နောက်ခံထား၍ ရေးသားထားခြင်း ဖြစ်သည်။ (David W. Pao, *Colossians & Philemon*, Zondervan Exegetical Commentary on the New Testament [Grand Rapids, MI: Zondervan, 2012], p. 220 ကိုကြည့်ပါ)။

Adventist မဟုတ်သော ပညာရှင် တစ်ဦးက အသိအမှတ် ပြုသည်မှာ "ပညတ်တော် ဆယ်ပါးသည်... ကျွန်ုပ်တို့အပေါ်တွင် အကျုံးဝင်နေဆဲဖြစ်ကြောင်း ယုံကြည်ရန် အကြောင်း ကောင်းများ ရှိသည်။ ဥပမာ အားဖြင့်၊ ယေရှုက "ပညတ်များ" အကြောင်း ပြော သောအခါ၊

၎င်းသည် ပညတ်တော်ဆယ်ပါးကို ရည်ညွှန်းကြောင်း ထင်ရှားသည် (လုကာ ၁၈း၂၀)။ အလားတူပင်၊ ပေါလုက ရောမ ၇း၇ တွင် ပညတ်အကြောင်း ပြောသောအခါ၊ ၎င်းသည် ပညတ်တော်ဆယ်ပါးကို ရည်ညွှန်းသည်။"— Iain D. Campbell, *Opening Up Exodus, Opening Up Commentary* (Leominster, UK: Day One Publications, 2006), p. 83.

သတ္တမနေ့ ဥပုသ်နေ့နှင့်ပတ်သက်၍ ဓမ္မသစ်ကျမ်းမှ အထောက်အထားများက ပဋိညာဉ်သစ်အရ ယုံကြည်သူများအတွက် ချည်နှောင်ထားကြောင်း ဖော်ပြသည်။ ယေရှုကဲ့သို့ပင်၊ ပေါလုသည် ဥပုသ်နေ့ကိုလိုက်နာသူဖြစ်သည် (လုကာ ၄း၁၆။ တမန်တော် ၁၇း၂ ကိုကြည့်ပါ)။ ဟေဗြဲ ၁၄း၆၊ ၇ တွင် စတုတ္ထပညတ်ကို ရည်ညွှန်းခြင်းသည် ခရစ်ယာန်များအတွက် သတ္တမနေ့ဥပုသ်၏တရားဝင်မှုကို အလေးပေးဖော်ပြသည်။ အလားတူပင်၊ ဗပါလုနှင့် ဗာနဗသည် ရုပ်တုကိုးကွယ်သူများ၏ ကိုးကွယ်ခြင်းကို ခံရသောအခါ "ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာမှစ၍၊ အရာခပ်သိမ်း ကိုဖန်ဆင်းတော်မူသော ဘုရားသခင်ကို ကိုးကွယ်ရန်" အာရုံစိုက်စေခဲ့သည် (တမန်တော် ၁၄း၁၅။ ထွက် ၂၀း၁၁ ကိုကြည့်ပါ)။ ကောလောသဲ ၁း၁၅–၂၀ တွင် ခရစ်တော်၏ထူးခြားမှုကို ပုံဖော်ရာတွင်၊ ပေါလုသည် ကမ္ဘာဦးကျမ်း ၁ နှင့် ၂ နှင့် ထွက်မြောက်ရာ ၂၀း၈–၁၁ ကို စိတ်ထဲထားဖွယ်ရှိသည်။ ဤအခန်းငယ်နှစ်ခုသည် ဥပုသ်ဆိုင်ရာ အကြောင်းအရာကို ဘုံထားရှိသည် (John K. McVay, "Colossians," in Ángel Manuel Rodríguez, ed., *Andrews Bible Commentary: New Testament* [Berrien Springs, MI: Andrews University Press, 2022], pp. 1745, 1751–1753 ကိုကြည့်ပါ)။

ပေါလုသည် ဥပုသ်စောင့် တစ်ဦး ဖြစ်သောကြောင့် ကောလောသဲ ၂း၁၁–၂၃ ပါ ပညတ်တော်ဆယ်ပါးကို ပယ်ဖျက်ခြင်းအတွက် ငြင်းခုံခြင်း မပြုနိုင်ပေ။ ထို့ကြောင့် လက်ဝါးကပ်တိုင်တွင် ရိုက်ထားသော "လက်မှတ်ကိုချေ၍" (ကော ၂း၁၄) သည် ကိုယ်ကျင့်တရား ဥပဒေသကို ရည်ညွှန်းခြင်းမဟုတ်ပါ။ ထိုအစား၊ ၎င်းသည် ထုံးတမ်းစဉ်လာဥပဒေ သို့မဟုတ် အကြွေးလက်မှတ်တစ်မျိုးကို ရည်ညွှန်းခြင်း ဖြစ်နိုင်သည်။ အလားတူပင်၊ ကောလောသဲ ၂း၁၆ သည် အပတ်စဉ်သတ္တမနေ့ဥပုသ်ကို ဆွေးနွေးခြင်းမဟုတ်ပါ။ ထိုအစား၊ ဤစာသားသည် (၁) ထုံးတမ်းစဉ်လာဥပုသ်များ၊ (၂) ဂျူးပွဲတော်များအတွင်း ပူဇော်သောယဇ်များ၊ သို့မဟုတ် (၃) မမှန်ကန်သောအကြောင်း ပြချက်များဖြင့် သတ္တမနေ့ ဥပုသ်ကို လိုက်နာခြင်းကို ရည်ညွှန်းနိုင်သည်။ အသေးစိတ်အတွက် John K. McVay, "Colossians," in Ángel Manuel Rodríguez, ed., *Andrews Bible Commentary: New Testament* (Berrien Springs, MI: Andrews University Press, 2022), pp. 1752, 1753 ကိုကြည့်ပါ။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

အောက်ပါ အကြောင်း အရာ များ ကို တွေးတော ဆင် ခြင်ပါ။ ထို့နောက် သင်၏ အတန်းသား

များ အား ဤအပိုင်း၏အဆုံးတွင်ရှိသောမေးခွန်းများကို ဖြေဆိုရန် တောင်းဆိုပါ။

ဖိလိပ္ပိ ၁း၆ သည် သမ္မာကျမ်းစာတွင် လူသိအများဆုံးအခန်းငယ်များထဲမှ တစ်ခုဖြစ်သည်။ ဤကတိစကားကို ကျွန်ုပ်တို့ချစ်ကြသည်၊ "သင်တို့တွင် ကောင်းသောအမှုကို ပြုစပြုတော်မူသောသူသည်၊ ယေရှုခရစ်၏နေ့ရက်တိုင်အောင် ပြီးစီးလျက်ပြုတော် မူမည်ဟု ငါ သဘောကျ၏။" ခရစ်တော်၌ ပြီးမြောက်ခြင်းသည် သူ၏စကားတော် အားဖြင့် သူ့ကိုသိကျွမ်းခြင်း၏ လုပ်ငန်းစဉ်ပါဝင်ကြောင်း သတိရရန် မရှိမဖြစ်လိုအပ်သည်။ တကယ်တော့၊ သူ၏စကားများသည် ကျွန်ုပ်တို့အတွင်း၌ မတည်ရှိပါက၊ သူ၌ဆက်လက်တည်ရှိရန် နည်းလမ်းမရှိပါ (ယောဟန် ၁၅း၇)။ ဘုရားသခင်၏ စကားတော်မှ ကျွန်ုပ်တို့သည် ဝိညာဉ်ရေး တိုးတက်မှုအတွက် အာဟာရဓာတ်ကို ရရှိသည် (၁ ပေ ၂း၂)၊ ၎င်းတွင် ယုံကြည်ခြင်း၌ တိုးပွားမှုပါဝင်သည် (ရောမ ၁၀း၁၇)။ ဆာလံဆရာကပြောသည့်အတိုင်း၊ "နာမတော်ကို သိသောသူတို့သည် ကိုယ်တော်ကို ယုံကြည်ကြပါလိမ့်မည်" (ဆာလံ ၉း၁၀)။ ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်တို့ကို သိကျွမ်းခြင်းသည် ကျွန်ုပ်တို့အား မှားယွင်းသောသွန်သင်ချက်များဖြင့် လမ်းလွဲခြင်းမှ တားဆီးပေးသည်။

ဘုရားသခင်ကိုသိကျွမ်းခြင်းသည် သူ့အပေါ် နာခံမှုနှင့် သစ္စာရှိမှုသို့ သဘာဝ အလျောက် ဦးတည်သည်။ ဤသဘောအရ၊ ကိုယ်ကျင့်တရားဥပဒေသည် ဘုရားသခင်၏စရိုက်အကြောင်းကို သင်ကြားပေးပြီး သူ၏အလိုတော်ကို ကျွန်ုပ်တို့အား ဖွင့်ပြသည် ဖြစ်ရာ၊ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ သို့သော်၊ အချို့လူများက ပညတ်တရားသည် ဧဝံဂေလိတရားအတွက် အတားအဆီးဖြစ်သည်ဟု ဆိုကြသည်၊ သို့သော် မည်သည့် အရာကမှ အမှန်တရားနှင့် မကွာနိုင်ပေ။ အမှန်တရားသည် လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။ Adventist မဟုတ်သော ပညာရှင် Joe M. Sprinkle ၏ စကားဖြင့်ဆိုရသော်၊ ကိုယ်ကျင့်တရားဥပဒေသည် "ဧဝံဂေလိအတွက် နိဒါန်းတစ်ခု" ဖြစ်ပြီး၊ ၎င်းသည် "ဥပဒေ၏ ပြည့်စုံမှုဖြစ်သော ခရစ်တော်ကို ညွှန်ပြသည်။"—Sprinkle, *Biblical Law and Its Relevance: A Christian Understanding and Ethical Application for Today of the Mosaic Regulations, quoted in Roy E. Gane, Old Testament Law for Christians: Original Context and Enduring Application* (Grand Rapids, MI: Baker Academic, 2017), p. 4, footnote 2.

**မေးခွန်းများ –**

**၁။ သင်အနှစ်သက်ဆုံး ကျမ်းပိုဒ်တစ်ခုကို အခန်းတွင် မျှဝေပါ။ ဤကျမ်းပိုဒ်သည် သင့်ကို မည်သို့ အာဟာရ ဖြည့်ပေးခဲ့သနည်း၊ ဘုရားသခင်နှင့် သင်၏ဆက်ဆံရေးကို မည်သို့ခိုင်ခံ့စေခဲ့သနည်း၊ သို့မဟုတ် မမှန်ကန် သောသင်ကြားမှုများမှ သင့်ကို မည်သို့ကာကွယ်ပေးခဲ့သနည်း။**

**၂။ ကိုယ်ကျင့်တရားပညတ်သည် ယေရှုကို မည်သို့ညွှန်ပြသနည်း။ ယေရှုသည် ပညတ်၏ပြည့်စုံမှုဖြစ်ပုံက မည်သို့နည်း။ ကိုယ်ကျင့်တရားပညတ်သည် ဧဝံဂေလိအတွက် အတားအဆီးဖြစ်သည်ဟု ဆိုခြင်းသည် အဘယ်ကြောင့် မမှန်ကန်သနည်း။**

# ခရစ်တော် နှင့်အတူ နေထိုင်ခြင်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ကော ၃း၁ - ၁၇။ ရောမ ၁း၁၈၊ ၆း၁ - ၇။ ဖေက် ၄း၂၂ - ၂၄။ တရား ၇း၆ - ၈။ ၁ ရာ ၁၆း၂၃။

**အလွတ်ကျမ်းချက်။** **"စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာကို ထပ်၍ ယူတင် ဝတ်ဆောင်ကြလော့။"** (ကောလောသဲ ၃း၁၄)

ကောင်းကင့်စိတ် သဘောထားလွန်းခြင်းမပြုရန် တိုက်တွန်းလေ့ရှိသော်လည်း လောကဆန်ခြင်းကို လည်းမပြုရပါ။ တစ်နည်းအားဖြင့် မှန်ကန်သော်လည်း ကောလောသဲ ၃ တွင် ပေါလုက မီးမောင်းထိုးထားသော အလားတူသော အရေးကြီး အယူအဆမှာ - မိမိတို့သည် လောကဆန်လွန်းသောအခါ ကောင်းကင်၏ သခင်ဘုရားအတွက် အသုံးဝင်ခြင်းမရှိနိုင်ပါ။ ပေါလုသည် ကောင်းကင်အားဖြင့်မွေးဖွား၍ "ခရစ်တော်နှင့်အတူပြန်ရှင် သူတို့" မှသာ သိကျွမ်းနိုင်သည့် လက်တွေ့ကျသော ဘဝ၏ နိယာမ (ကော ၃း ၁) ဖြင့် ကျွန်ုပ်တို့အား ဆွဲဆောင် ၏။

ပေါလု၏အကြံပြုချက်တို့သည် အသင်းတော်အတွင်းသာမက မိဿဟာယကိုပင် တိုးတက်စေနိုင်သော လက်တွေ့ကျသောအကြံများဖြစ်သည်။ ယေရှုသည် "ရန်သူများကို ချစ်လော့၊ ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကိုမုန်းသော သူတို့အား ကျေးဇူးပြုကြလော့။ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ကောင်းသောသူ မကောင်းသောသူအပေါ် ကိုယ်တော်၏နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ မဖြောင့်မတ်သောသူအပေါ်၌ မိုယ်းကိုရွာစေတော်မူ၏" (မ ၅း၄၄၊ ၄၅)။

လူသားဆန်ဆန်ပြောရပါက မဖြစ်နိုင်သလောက်ပါ။ ထာဝရဘုရားအတွက် အသက်ရှင်နိုင်ရန် အရင်ဦး သေရန် လိုအပ်သည်။ ကောင်းကင်ခမည်းတော်အတွက် အသုံးဝင်သူ ဖြစ်လိုပါက မိမိတို့သည် ကောင်းကင် စိတ်သဘောပင် ထားရှိရပါမည်။

ယခုတစ်ပတ်တွင် ခရစ်တော်နှင့်အတူနေထိုင်ပါက ပစ္စုပ္ပန်၊ အနာဂတ်တွင် ထူးခြားမှုများဖြစ်လာနိုင်သည်။

*မတ် ၁၄ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ဖို့ရန်ယခုအပတ်သင်ခန်းစာကိုလေ့လာပါ။

# အထက်အရာများကိုစွဲလမ်းခြင်း

**ဖတ်ပါ – ကောလောသဲ ၃း၁ – ၄။ ပေါလုမှတိုက်တွန်းနေသော အထက်အရာများကို စွဲလမ်းခြင်းသည် မည်သည့် အခြေအနေကို ဆိုလိုသနည်း။**

တောင်ထိပ်ဖြားတစ်ခုမှ သင့်ပတ်ဝန်းကျင် ကျယ်ပြန့်သောလွင်ပြင်ကို ခြုံငုံ ကြည့်ရှုနိုင်ပါသည်။ မမှတ်မိနိုင်သော အချိန်ကတည်းက ထာဝရဘုရားကို နီးကပ်စွာ ရှာဖွေသောလိုသူတို့ အတွက်တောင်ကိုအသုံးပြုလေ့ရှိပါသည် (ဆာ ၁၂၁း၁၊ ၂)။ ရှေး မက်ဆိုပိုတေးမီးယားနတ်စားတို့မှ တည်ဆောက်သော လေးထောင့်ပုထိုး ဇီဂူရတ်စ် (*ziggurats*) တို့မှာ ဘုရားများနှင့် ဆုံတွေ့ရန် တည်တောက်ထားခြင်းဖြစ်သည်။ စိတ် လှုပ်ရှားဘွယ်တစ်ခုသည် အာဗြဟံ ခေါ်ထုတ်ခဲ့သောဥရမြို့ (*Ur*) တွင်၊ ဝေးရပ်ကပင် မြင်တွေ့နိုင်သည့် အလွန်ကြီးမားသောဇီဂူရတ်စ်ပုထိုးတစ်ခု တည်ရှိသည်။ သို့သော် ပြားလည်းရပ်တည်ခြင်း နေရာကို မိမိတို့ဖာသာ လူသား၏ကြိုးစားခြင်းဖြင့် မြှင့်တင် ခြင်းသည် ဝိညာဉ်ရေးတွင် ကောင်းကင်နှင့် မနီးစေနိုင်ပါ။

အံ့ဘွယ်ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့ သည် ခရစ်တော်နှင့်အတူသေ၍၊ သူနှင့် အတူပင် ထမြောက်ခြင်းဖြင့် (ရေနှစ်ခြင်းဖြင့် ပုံဖော်ထားသည် ကော ၂း၁၂၊ ၁၃) ကောင်းကင်နှင့် နီးကပ်နိုင်ပါသည်။

ကောလောသဲ ၃ အစတည်းကပင် အထက်ဆိုခဲ့ပြီးသည်အတိုင်း ကောင်းကင်ရှိ ကြောင်း ထပ်ထပ်ခါခါ ဆိုထားရာ "ခရစ်တော်ထိုင်နေတော်မူသော အထက်အရပ်၊ အထက်အရာများ၊ ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားသောအရာ၊ ထိုသခင် နှင့် အတူဘုန်းကြီးခြင်း" (ကော ၃း၁ – ၄) တို့ကိုရှာကြလော့။

မငြင်းသာသောအရာမှာ၊ ခရစ်ယာန်အသက်တာတွင် ရှင်းပြခြင်းကို ဆန့်ကျင်ခြင်း များစွာ ရှိသည်။ လူသည် ကျား/မ အသွင်အပြင်တူသည်ဖြစ်၍၊ ရှင်ခြင်းသေခြင်း ဆိုင် ရာ အတွေ့အကြုံမရှိဘဲလျက်၊ အမှန်တကယ် "သေပြီး၊ ပြန်ရှင်" လာနိုင်မည်နည်း။ သန့်ရှင်းဝိညာဉ်၏လွှမ်းမိုးမှုမရှိဘဲဇာတိစိတ်သည် အဓိပ္ပါယ်မရှိနိုင်ပါ။ ဝိညာဉ်လွှမ်း သော စိတ်သည် ဘုရားသခင်မှကတိထားသော နလုံးအသစ်ရရှိပြီးဖြစ်သဖြင့်၊ အပြစ်၌ သေခြင်းနှင့် ခရစ်တော်အားဖြင့် ပြန်ရှင်ခြင်း တို့သည် စစ်မှန်သော ဖြစ်ရပ်မှန်များ ဖြစ် သည်။ ရှီးမွမ်းသီချင်းကပင် အတည်ပြုထားရာ "သက်ရှင်ကြောင်း ဘယ်သို့သိသနည်း။ ကိန်းဝပ်မှုခြင်းဖြင့်သိ" ဟုဆို၏။

သို့တိုင်အောင် ပေါလုသည် အတွင်းပိုင်းဝိညာဉ်လူကို အမြဲပြုပြင်ရန် အမိန့်ပေး ထားသည် (၂ကော ၄း၁၆)။ မိမိတို့သည် ထိမိသဖြင့်လဲပြိုကာပျောက်ဆုံးနိုင်၏။ ဤ ဘဝ၌သွေးဆောင်ခြင်းနှင့် မကင်းလွတ်နိုင်သေး ပါ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် နေစဉ် "အထက်အရာများကိုရှာကြရပါမည်" (ကော ၃း၁)။ ကျွန်ုပ်တို့၏ ထာဝရအသက်သည် "ခရစ်တော်အားဖြင့် ဘုရားသခင်၌ဝှက်ထားလျက်ရှိ၏" (ကော ၃း၃)။ ထိုအသက်တာ ၏ အပြင်ပိုင်း အသွင်အပြင်သည် ဝှက်ထားသောအရာဖြစ်သည်။

**သင်၏အတွေးအခေါ်သည် အထက်မှာလော၊ အောက်မှာလော။ အောက်မှာရှိနေပါက သင်မည်သို့ ဘက် ပြောင်းရမည်နည်း။**

## လောကဆန်ခြင်းအဆုံးသတ်

နိုင်ငံရေးကြွေးကြော်ခြင်းကို ကျွန်ုပ်တို့ကြားနေရသည်မှာ၊ “စစ်ပွဲအဆုံးသတ်၊ သစ်တောပြုန်းတီးခြင်း အဆုံးသတ်၊ နျူကလီးယားလက်နက် အဆုံးသတ်” စသည်ဖြင့်ပေ့ါ။ “လောကဆန်ခြင်းအဆုံးသတ်” ကိုမူ ကြားဘူးကြမည်မဟုတ်ပါ။ ၎င်းသည် ဤ လောကဏ်၏ အာရုံလာခြင်းနှင့် မကိုက်ညီပါ။ အခြားသောကြွေးကြော်ခြင်းတွေနှင့် အားပေးကူညီ သူတွေ မှားယွင်းသည် မဟုတ်ပါ။ ထာဝရကာလရောက်လုသည်ကို ဆင်ခြင်ပါက သူတို့သည် အဝေးမှုန်နေသူတို့သာဖြစ်သည်။ ကျွန်ုပ်တို့၏ ဆုံချက်သည် မြင့်သော အရပ်၊ ထာဝရမြင့်သောအရပ် ဖြစ်ရပါမည်။

**ဖတ်ပါ – ကောလောသဲ ၃း၅၊ ၆** (ရော ၆း၁–၇)။ **အတ္တနှင့် လောကဆန်ခြင်း၌ သေ၍ ‘အထက်အရာ များ၌’ မည်သို့ရှင်သန်ကြသနည်း** (ကော ၃း၁)။

ကျွန်ုပ်တို့သည် ခရစ်တော်၌သေခဲ့ပြီးဖြစ်သည့်တိုင် မိမိတို့၏ အဖွဲ့ဝင်များဖြစ်သော မိမိတို့ ကိုယ်နှင့်စိတ်တို့တွင် ရှိအောင်းနေသော စုံစမ်းခြင်းကိုပင် “သေစေ” ရပါမည်။

သို့တိုင်အောင်ဤအမိန့်နှင့်ဆက်စပ်နေသောအရာနှစ်ခုကိုတော့သတိပြုရမည်။

ပထမ၊ ကောလောသဲ ၃း၁ တွင် ပေါလုအသုံးပြုခဲ့သည့် ဂရိပုံစံဟုယူဆရသော ခရစ်တော်အားဖြင့် ထမြောက်ခြင်းကိုဖော်ပြခြင်း။ ဒုတိယ၊ ကောလောသဲ ၃း၅ ၏ အမိန့်တော်သည် ထိုအချက်၏ နောက်ဆက်တွဲ (ထိုကြောင့်) ဖြစ်၏။ မိမိတို့သည် လောကအရာများဖြစ်သော ကာမေသုမိစ္ဆာမှု၊ မစင်ကြယ်ခြင်း၊ ချစ်ဖောဟုန်ကြီးခြင်း၊ ဒုစရိုက်ဆန္ဒ နှင့် ပြင်းပြသောတပ်မက်ခြင်းတို့ကို သေစေရမည်။ မိမိတို့သည် ခရစ်တော် အားဖြင့် ထမြောက်ခဲ့ပြီးဖြစ်၍ ဝိညာဉ်အသက်နှင့် တန်ခိုးတော်သည် ထိုအရာအားလုံး တို့ကို မိမိတို့၏စိတ်နှင့် အသက်တာထဲမှ ဖယ်ရှားပေးသော ကြောင့် ဖြစ်သည်။

ဂရိဝေါဟာရဖြင့် အတိအကျ တူညီစွာပါလာသော အခြားတစ်ခုသည် “ဘုရားသခင်၏ အမျက်တော်” (ကော ၃း၆) သည် ရောမ ၁း၁၈ တွင်လည်းရှိ၏။ ဘုရားသခင်သည် လူသားတို့ကို မိမိတို့၏ ဆိုးညစ်သော လမ်းစဉ်ကို ခွင့်ပြုလိုက်ရောက် စေသည့်တိုင် (ဗျာ ၆း၁၆၊ ၁၇)၊ ငြင်းဆန်သောသူတို့အပေါ်၌ သူ၏ အမျက်တော်သည် လိုက်ပါလာသည် (ကော ၃း၆)။ ရောမ ၁း၁၈ တွင် ပေါလုသည် “အဓမ္မဖြင့် တားဆီးနိုပ်စက်သော သူတို့” (ကော ၃း၅ ၏ ဂရိဝေါဟာရနှင့်လုံးဝတူညီ) ဟူသည်မှာ “မိမိတို့ကိုယ်ကာယ၏ အသရေကို အချင်းချင်း ရှုပ်ချမည်အကြောင်း” (ရောမ ၁း၂၄) ဟုဆိုသည်။

မိမိတို့၏ ကိုယ်ကာယကို မည်သို့ ရှုပ်ချသနည်း။ ပထမ၊ ယုတ်မာသော ကိလေသာဖြင့် ဖန်ဆင်းရှင်ကို ငြင်းပယ်ခြင်းဖြင့် ရှုပ်ချသည်။ “မိန်းမသည် ပကတိထုံးစံကိုစွန့်၍ ပကတိနှင့် ဆန့်ကျင်သောထုံးစံကို လိုက်၏။ ထို့အတူ ယောကျ်ားတို့သည်လည်း မိန်းမနှင့် ဆက်ဆံခြင်း ပကတိထုံးစံကို စွန့်၍ အချင်းချင်း ကိလေသာစိတ် ပူလောင်သဖြင့် ရှက်ကြောက်ဖွယ်အမှုကို ယောကျ်ားချင်းပြု၏” (ရောမ ၁း၂၆၊၂၇)။

**“မြေကြီးပေါ်မှာရှိသောသင်တို့၏ ကိုယ်အင်္ဂါတို့ကို သေစေလော့” ဟူသည်ကို မိမိ တို့ မည်ကဲ့သို့လိုက်လျောက်ကြသနည်း**(ကော ၃း၅)။

## ပညာအားဖြင့်အသစ်ပြုပြင်ခြင်း

**ဖတ်ပါ – ကောလောသဲ ၃း၆ – ၁၁။ ပေါလုသည် ဤအတွေးအခေါ်လေ့ကျင့်ပေးခြင်းကိုမည်သို့ ဆက်လုပ်သနည်း။**

ကောလောသဲ ၃း၈ ၏ အစအကွရာသည် သေခြင်းမှရှင်ခြင်းသို့ ပြဇာတ် ဆန်ဆန် ပြောင်းလဲခြင်း ဖြစ်သည်။ "ယခုမူကား" ဂရိဝေါဟာရ "ယခု" ကို အလေးအနက်ထားသည်။ ယခု၊ သင်သည် ခရစ်တော်အားဖြင့် ထမြောက်ပြီးဖြစ်သဖြင့် အထက်အရာများကိုသာရှာ၍ ပစ္စုပ္ပန်အသက်တာသည် အတိတ်ကအသက်တာနှင့် ကွာခြားနေပေလိမ့်မည်။ သင့်အထဲတွင် "မြေကြီးပေါ်မှာရှိသောသင်၏ကိုယ်ကို" သေစေကာ (ကော ၃း၅) ထိုအမှုအရာလုံးစုံ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊ သူ့အသရေပျက်အောင်ပြောခြင်း၊ ညစ်ညူး သောစကားကိုသုံးခြင်းတို့ကို သင်တို့၏နှုတ်မှ ပယ်ရှင်းလော့" (ကော ၃း၈)။

အမျက်ထွက်ခြင်းနှင့် စိတ်ဆိုးခြင်းတို့သည် ဘုရာသခင်သည်အပြစ်အား ဖြောင့်မတ်သော တုန့်ပြန်ခြင်း (ယမန်နေ့သင်ပြီး) ယေရှုကဲ့သို့ (မာ ၃း၅။ ဗျာ ၆း၁၆) ဖြစ်နိုင်သည်။ တမျိုးအားဖြင့် "စကားပြောခြင်းငါ့ငှင်း၊ အမျက်ထွက်ခြင်းငါ့ငှင်း နေးကြစေ။ လူ၏ ဒေါသအမျက်သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို မပြုတတ်" (ယာ ၁း၁၉၊ ၂၀)၊ ပြစ်မှုခြင်းသည် သူတပါးကို ကံဆိုးစေသည်။ ဆဲဆိုခြင်းသည် အသရေဖျက်ရန် ထင်ရှား၏။ ပေါလုသည်လည်း ရင့်သီး၍ ညစ်ညမ်းသောစကားများကိုရှုံ့ချ၏။ နောက်ဆုံးတွင် အချင်းချင်းလှည့်ဖြားခြင်းကို တားမြစ်ထားသည် (ဝတ် ၁၉း၁၁၊ ၁၈)၊ "သင်တို့ သည် လူဟောင်း၏အကျင့်တို့နှင့် လူဟောင်း၏ ကိုယ်ကို ချွတ်ပယ်၍" (ကော ၃း၉) ဟုဆို၏။

**ပေါလု၏ "လူဟောင်း" သည် "လူသစ်" နှင့် နှိုင်းယှဉ်ရာတွင် မည်သည့်အနက်ရှိသနည်း။ (ရောမ ၆း၆။ ဧဖက် ၄း၂၂ – ၂၄)။**

ရှင်ပေါလုသည်၊ တစ်စုံတစ်ယောက်သည် အဟောင်းမှအသစ်သို့ ပုံသဏ္ဍာန် ပြောင်းလဲခြင်းကို အဝတ်ဟောင်းအစုတ်ကိုချွတ်ပယ်ကာ၊ အဝတ်သစ် ဝတ်ဆင်ခြင်းဖြင့် ရိုးတိုးရိပ်တိတ်ညွှန်းဆိုထားသည် (ဇာခရိ ၃း၄)။ အလားတူသော အဟောင်း၊ အသစ် ခွဲခြားခြင်းနှင့်ပတ်သက်၍၊ အပြင်ပန်းတွင် စာလုံးဖြင့် ခြစ်ရေးသားထားသော ပညတ်တရားစကားများနှင့် ဝိညာဉ်တော်အားဖြင့် နှလုံးသားတွင် ရေးသားထားသော ပညတ်တရား အဟောင်း၊ အသစ်တို့လည်း ရှိကြ၏ (၂ကော ၃း၄ – ၁၈)။

ဤဥပစာတို့သည် သဏ္ဍာန်ပြောင်းလဲခြင်းနှင့် ၎င်း၏ရလဒ်များကို "အသစ်သော သတ္တဝါ" (၂ကော ၅း၁၇) ဟုခေါ်ဆို၏။ "ဖန်ဆင်းတော်မူသော (ခရစ်တော်) သူ၏ ပုံသဏ္ဍာန်နှင့်အညီ မှန်သောပညာအားဖြင့် အသစ်ပြုပြင်သောလူသစ်ကို ယူတင် ဝတ်ဆင်သောသူ" (ကော ၃း၁၀)၊ မျက်မြင်မရသော ထာဝရဘုရား၏ ရုပ် သဏ္ဍာန်ဖြစ်သည် (ကော ၁း၁၅) ဆို၏။နှုတ်ပကတ်တော်အားဖြင့် ခရစ်တော်အား သိရှိခြင်းသည် မိမိတို့အား "ငါတို့သည် ဘုန်းအသရေတိုးပွါး၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိကြ၏ (၂ကော ၃း၁၈)၊ ဤပြောင်းလဲခြင်းသည် မိမိတို့အား ဇာတိပကတိ၊ ပထဝီမြေအနေအထားနှင့် လူ့အလွှာများကို ကျော်လွှားစေ ၍အထက်နိုင်ငံတော်သားများ ဖြစ်စေသည်။

## အသက်တာအသစ်၏ဝိသေသလက္ခဏာ

မိမိတို့သည် ခရစ်တော်ထံသို့ လာသောအခါ မကောင်းသောအကျင့်များနှင့် အပျက်ဆောင်သော အဆင့်အတန်းများကို ပယ်ရှားသည့်အခါ အမှောင်မှအလင်းသို့ ပြောင်းလဲလာသည်စသဖြင့် ပေါလုသည် အပြုဆောင်ခြင်းသို့ အကျိုးအမြတ်ရသည်။

**ဖတ်ပါ – ကော ၃း၁၂ – ၁၄။ ယုံကြည်သူများကို မည်သို့ဖော်ပြထား၍ မည်သို့သော အရည်အချင်းများကို ယူတင် ဝတ်ဆင်ရမည်ဆိုသနည်း။**

ကောလောသဲတို့အားဘုရားက မိမိ၏ရွေးချယ်သူများဖြစ်ရန် ခေါ်ထုတ်ဆောင်ခဲ့၍ မိမိ၏ ဝိသေသကို ဖော်ပြစေလိုသည်နည်းတူ၊ ယုံကြည်သူများတို့သည်လည်း "ဘုရား၏ ရွေးချယ်သူများ" *(ကော ၃း၁၂)* ဖြစ်စေ၏။ ဤခေါ်ဆိုမှုအတိုင်း လူအားလုံး အသက်ရှင်နေမည်မဟုတ်ပါ။ ယေရှုက "ခေါ်တော်မူသောသူ အများရှိသော်လည်းရွေးကောက်တော်မူသောသူနည်း၏" (မ ၂၂း၁၄။ ၂၄း၂၂၊ ၂၄၊ ၃၁)။ ပေါလုက ရွေးကောက်တော်မူသောသူသည်လည်း အလားတူသော အနက်ရှိ၏ (ရော ၈း၃၃။ ၂တိ ၂း ၀)။ ကောလောသဲ တို့ကဲ့သို့ပင် ယုံကြည်သူတို့အား ဘုရားမှ "ချစ်" ၍ "သန့်ရှင်း" ကြ၏ *(တရား ၇း၆ – ၈)*။ "မှောင်မိုက်ထဲမှအံ့ဖွယ်သောအလင်းသို့ ခေါ်သွင်းတော်မူသော သူ၏ ဂုဏ်ကျေးဇူးများကိုဖော်ပြရန်" *(၁ပေ ၂း၉)* ဖြစ်၏။ မိမိတို့၏ အသက်တာဖြင့် ဖော်ပြကြ၏။

ထိုအရည်အသွေးများကို ပေါလုသည် ရှစ်မျိုး စီရီထားသည်။ "သန့်ရှင်းသောသူ၊ ချစ်အပ်သောသူ၊ သနားစုံမက်တတ်သူ၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း၊ အချင်းချင်းသည်းခံ ခွင့်လွှတ်ခြင်းရှိလျက် စုံလင်ခြင်း အဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာရှိကြလော့" *(ကော ၃း၁၂ – ၁၄)*။ ဤအချင်းအရာတို့သည် ခရစ်တော်မှ မိမိတို့အားပြုသောအရာများနှင့် သူ၏ ဝိသေသလက္ခဏာတော် တို့ကို ဖော်ပြနေသည်ဖြစ်၍ ခရစ်တော်နှင့် ပေါင်းစည်းသောနှလုံးသားမှသာ စီးဆင်းလာနိုင်ပါသည်။ "ခရစ်တော်သည် မိမိတို့အား အပြစ်လွှတ်သည်နည်းတူ မိမိတို့သည်လည်း သူတစ်ပါးအား အပြစ် လွှတ်ရပေမည်" *(ကော ၃း၁၄)*။ ချစ်ခြင်းမေတ္တာသည် "စုံလင်ခြင်းအဖွဲ့အစည်းဖြစ်၏" *(ကော ၃း၁၄)*။ မိမိတို့အား ခရစ်တော်၏ မေတ္တာသည် သူ့အားတွယ်ကပ်စေ၍ သူတပါးတို့အားအမှန်အကန် ကြင်နာစေ၏ (၁ယော ၄း၁၁၊ ၁၂)။

ဤအရည်အသွေးတို့သည် မိမိတို့၏ လူမှုရေးကို နစ်မျိုးနစ်ဖုံလွှမ်းမိုးနိုင်သည်။ ပထမ၊ မေတ္တာပြုခြင်း၊ ဂရုဏာတရား၊ ကောင်းမြတ်ခြင်းနှင့် သူတစ်ပါးတို့အား အပြစ်လွှတ်ခြင်းသည် မိမိရောသူတပါးပါ ကောင်းချီး ဖြစ်စေသည်။ မေတ္တာစုံလင်စေခြင်းနှင့် သူတပါးကို ကောင်းချီးပေးခြင်းဖြစ်သည်။ လူတို့သည် မိမိတို့အား သာမန်ပင် တုံ့ပြန် ကြသည့်တိုင် မိမိတို့သည် ဘုရားသခင်၏ဂရုဏာတရားနှင့် အပြစ်လွှတ်ခြင်းကို ဆက်တိုက် ခံစားရပါမည် *(မ ၅း၇။ မ ၆း၁၄)*။ ဒုတိယနှင့် သာ၍အရေးကြီးသည်မှာ၊ ဘုရား၏ ဂုဏ်တော်ချီးမွမ်းလျက်၊ ကျေးဇူး ဂရုဏာတရား၏တန်ခိုးတော်ဖော်ပြသဖြင့် သူတပါးတို့သည် ယေရှုအားယုံကြည်လိုက်ရောက်စေသည်။ "အတ္တကင်းသော အသက်တာ၏ လွှမ်းမိုးမှုထက် လူသား၏ဝိညာဉ်ကို လွှမ်းမိုးနိုင်စွမ်းရှိသော မည်သည့်တန်ခိုးမျှမရှိပါ။ ချစ်တတ်၍ ချစ်စရာကောင်းသောခရစ်ယာန်သည် တန်ခိုးကြီးဆုံးသော ငြင်းချက်ဖြစ်သည်" —Ellen G. White, *The Ministry of Healing*, p. 470.

**သင့်အပေါ်မကြင်နာသောသူများအားဆက်ဆံပုံမှာ ယေရှုကိုကိုယ်စားပြုခြင်းမှာမည်မျှ ကောင်းသနည်း။**

# အသက်တာအသစ်ရှင်သန်ခြင်း

ကောလောသဲ ၃ ၏ အဆုံးပိုင်းစာကြောင်းတို့တွင် အသင်းတော်အတွင် ငြိမ်သက်ခြင်းနှင့် စည်းလုံးခြင်း လို အပ်ကြောင်းပေါလုဆိုသည်။ သင်ခန်းစာ ၇ တွင် ဘုရားသခင်၏ ငြိမ်သက်ခြင်းကို မိမိတို့ ကြည့်ရှုခဲ့ပြီးဖြစ်၏။ ရောမ၏ငြိမ်သက်ခြင်း (*pax Romana*) ကဲ့သို့မဟုတ်ဘဲ၊ ခရစ်တော်၏ငြိမ်သက်ခြင်း (*pax Christi*) သည် အပြင်ဘက်မှဝင်လာသောငြိမ်သက်ခြင်းမဟုတ်ဘဲ ၊ အတွင်းမှ မိမိတို့အား "ချုပ်ကိုင်" သောအရာဖြစ်သည်။ ခရစ်တော်သည်သာ ချုပ်ကိုင်ခါမှ ရရှိနိုင်သည်။

**ဖတ်ပါ – ကော ၃း၁၆၊ ၁၇။ မည်သည်သည် ခရစ်တော်မှ ချုပ်ကိုင်စေနိုင်၍ တေးဂီတသည် မည်သည့် ဂဏ္ဍမှ ပါဝင်လာသနည်း။**

ဘာသာစကားသည် အလွန်သရုပ်ဖော်နိုင်၏။ ခရစ်တော်၏ နှုတ်ကပတ်တော်အား ပုံဖော်ကာ မိမိတို့ အထဲ၌ တည်နေတတ်၏။ ဘုရားသခင်ထံတော်မှ ပညာသင် ယူရန် နားထောင်ခြင်းနှင့် ကျမ်းစာဖတ်ရှုခြင်းဖြင့် ဖြစ်ပေါ်လာသည်။ ဂရိဝေါဟာရတွင် ရေရေရာရာမပါရှိသော်လည်း တေးဂီတသည် "အချင်းချင်းသွန်သင်ရာနှင့် အားပေး အားယူရာတွင်" *(ကော ၃း၁၆)* အရေးပါလှသည်။ သို့တိုင်အောင် တေးဂီတတစ်ခုခုပင် မဟုတ်ကြောင်းပါ။ ပေါလုသည် ဤနေရာနှင့် ဧဖက် ၅း၁၉ တွင် "ဆာလံသီချင်း၊ ဓမ္မသီချင်း အမျိုးမျိုး" ဟု တိကျသော ဝေါဟာရကို အသုံးပြုထားသည်။

သေချာတပ်အပ်တော့မဟုတ်သည်တိုင် ဓမ္မဟောင်းဆာလံသီချင်းနှင့် ဓမ္မသစ် ထောမနာသီချင်း ဟူ၍ ကွာခြားမှုရှိဟန်တူသည်။ "ဝိညာဉ်ရေးသီချင်း" တို့သည် လူနှင့် အသင်းတော်၏ ဝိညာဉ်အသက်တာတွင် ရှိုး မွမ်းသီချင်းများဖြစ်ကြသည်။ သီချင်းတို့၏ စာသားတို့သည် အသစ်သောခရစ်ယာန်အသက်တာ ရှင်သန်နိုင်ရန် သမ္မာတရားကို သွန်သင်ပေးသောစာသားများဖြစ်သည်။

လွန်ခဲ့သော ရာစုနှစ်များစွာက ထောမနာသီချင်းတို့သည် လောကတွင် မိမိတို့ အလွန်ကျဆုံးလွယ်သောအချိန်၌ စိတ်ဓာတ်မြှင့်တင်ပေးသော မြော်လင့်ခြင်း သတင်းစကားများဖြစ်သည်။ တေးဂီတသည် လွှမ်းမိုးရာတွင် တန်ခိုးကြီး၏။ ဒါဝိဒ်သည် စောင်း တီးခတ်သဖြင့် ရှင်ဘုရင်ရှောလုအပေါ် ရန်ငြိမ်းအေးခြင်း အကျိုးသက်ရောက်မှုဖြစ်စေ၏ *(၁ရာ ၁၆း ၂၃)*။ သို့တိုင်အောင် ဒါဝိဒ်သည်သူ၏ပြိုင်ဘက် ဖြစ်လာသောအခါ မကျေနပ်မှုဖြင့် အမျက်ထွက်လာသည် *(၁ရာ ၁၈း၁၀၊ ၁၁)*။ အေးဆေးသော ဂန္တဝင်တေးသီချင်းတို့သည် လက်တွေ့ဆေးဝါးကုသမှုတွင် စိုးရိမ်ပူပန်မှုကို လျှော့ချနိုင်သည်၊ ဦးနှောက်၏လုပ်ဆောင်ချက်ကို အကောင်းဆုံးဖြစ်စေသည်၊ စိတ်အပန်းဖြေမှု တိုးပွား စေ၏။ နာကြင်မှုကိုထောက်မကာ လူမှုဆက်ဆံရေးကို ပါ မြှင့်တင် ပေး၏။

ကျွန်ုပ်တို့အထဲတွင် တေးဂီတသည် မိမိတို့၏ခံစားခြင်းနှင့် စိတ်သဘောထား အပေါ်တွင် အကောင်းနှင့်အဆိုး လွှမ်းမိုးခြင်းတန်ခိုးရှိခြင်းကို မသိသောသူရှိပါမည် နည်း။ မှန်ကန်သော တေးဂီတသည် ဝိညာဉ်ရေး ကိုပင် မြှင့်တင်ပေးနိုင်သည်။

**ပြုလေရာရာ၌ "သခင်ယေရှု၏ နာမတော်ကိုထောက်၍ ပြုရမည်" ဟုမှာထားခဲ့၏ (ကော ၃း၁၇)။ သင် ကောန်အမှန်ပြုနိုင်မည်လော။ မပြုနိုင်သည်ရှိသော် သင်မည်သို့ပြောင်းလဲရမည်နည်း။ သခင့်နာမတော်၌ မပြုနိုင်သည်ရှိသော် သင် မည်သည်ကို ရပ်တန့်သင့်သနည်း။**

**ထပ်မံစဉ်းစားရန်။** "ထာဝရဘုရား၏ဝိညာဉ်တော်သည် စိတ်နှလုံးအားလွှမ်းမိုးသောအခါ၊ သူ့၌ ဘုရားသခင်း၏ ကတိတော် ပြည့်စုံလင်ခြင်း၊ မိမိ၏ကျူးလွန်ခြင်းများကို လွတ်ငြိမ်းချမ်းသာစေလျက် အပြစ်ကို ဖုံးလွှမ်းပေးကြောင်း ခံစားကြုံတွေ့ရ၍ ပြောင်းလဲသွားသောဝိညာဉ်သည် သီချင်းအသစ်တစ်ပုဒ်ကို ထုတ်ပြ၏။ ထာဝရဘုရား၏ ပညတ်တော်၊ မိမိတို့ဖြောင့်မတ်ရန်အသေခံတော်မူသော ခရစ်တော်၌ ယုံကြည်ခြင်းကို ချိုးဖောက်ခြင်းတို့မှ နောင်တရခြင်းကိုပြုနိုင်ခဲ့သည်။ "ငါတို့သည် ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင် ယေရှုခရစ်တော်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏" *(ရောမ ၅း၁)*။

ဤအတွေ့အကြုံရှိသောခရစ်ယာန်တဦးသည် သူ့အတွက် ပြည့်စုံလင်စွာ ပြုပေးသမျှတို့အား ပီတိဖြာကာ လက်ပိုက်ကြည့်နေရန် မဟုတ်ပါ။ ဝိညာဉ်နိုင်ငံတော်သို့ ဝင်စားရန် ဆုံးဖြတ်ထားသူသည် မှောင်မိုက် လောက၏တန်ခိုးအာဏာတို့သည် မိမိ၏စိတ်အားထက်သန်မှုနှင့် မပြုပြင်ထားသော သဘာဝတရားတို့ကို တိုက်ခိုက်ရန် စစ်ခင်းကျင်းနေသည်ကို တွေ့ရလိမ့်မည်။ မိမိ၏ဆက်ကပ်ခြင်းကို နေ့စဉ် ဆန်းသစ်စေ၍ ဆိုးညစ်ခြင်းကို နေ့စဉ် တိုက်ခိုက်ရပါမည်။ အကျင့်ဟောင်းများ၊ ပြစ်မှားလိုသောမျိုးရိုးတို့သည် အနိုင်ယူရန် ရန်တွေ့ပါလိမ့်မည်။ ခရစ်တော်၏အောင်နိုင်ခြင်းဖြင့် ၎င်းတို့ကို အမြဲစောင့်ကြပ်ရင်ဆိုင်ရပါမည်။

မိမိတို့သည်သန့်ရှင်းမြင့်မြတ်သောအသက်တာကိုလိုအပ်၏။ မိမိတို့သည် လောကကိုအလွန်ဦးစားပေး၍ကောင်းကင်နိုင်ငံတော်ကိုမူ အနည်းငယ်သာစိတ်ကူးကြ၏။

ခရစ်ယာန်တို့သည် သူတို့အတွက် ထာဝရဘုရားထားပေးသော စံနမူနာကို မီနိုင်ရန် စိတ်အားငယ်စ ရာမလိုပါ။ ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ရေးသည် ခရစ်တော်၏ကျေးဇူးတော်တန်ခိုးအားဖြင့် စုံလင်မည်ဟူ သောကတိတော် ရှိ၏။ ယေရှုသည် တန်ခိုးအာဏာနှင့် အသက်၏ဇစ်မြစ်ဖြစ်သည်။ ကျွန်ုပ်တို့အတွက် ကောင်းကင်ဘုံ၏ တန်ခိုးအာနုဘော်အလုံးစုံကို သူအသက်သွင်းလျက်လုပ်ဆောင်စေတော်မူ၏။ မိမိတို့၏ ခြေလှမ်းတိုင်းတွင် သူ၏အသက်ရှင်တော်မူသော တန်ခိုးတော်ကို ထိတွေ့ရသည်။ *(အီးဂျီဝိုက်။ တမန်တော် တို့၏ လုပ်ဆောင်ခြင်းများ။ စာ၊ ၄၇၆ – ၄၇၈)*။

## ဆွေးနွေးရန်မေးခွန်းများ –

**၁** ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းဟူသောကတိတော်နှင့်ပတ်သက်၍ သင်ကိုယ်တိုင်မည်သို့ ကြုံတွေ့ရသနည်း။ ဤအံ့ဘွယ်ကတိတော်သည် သင့်ဘဝကို မည်သို့ ပြောင်းလဲစေသနည်း။ ထိုကတိတော်သည် ခရစ်တော်နှင့် ခရစ်တော်နှင့်အတူ ထမြောက်ခြင်းသို့ ရောက်ခြင်းဟူသော အယူအဆနှင့်မည်သို့ဆက်စပ်နေသနည်း။

**၂** ကောင်းကင်စိတ်ထားဟူသည် သင့်အတွက် မည်သည်ကို ဆိုလိုသနည်း။ ထိုအရာသည် လောကီ ကောင်းမှုများပြုခြင်းထက် ပို၍အရေးကြီးသလော။ ဤအရာနှစ်ခုကြားမည်သည့်ချိန်ညှိသင့်သနည်း။

**၃** သင့်ဘဝသည် အခြားသူများအပေါ် မည်သို့လွှမ်းမိုးရှိသည်ကို စဉ်းစားကြည့်ပါ။ ပုဂ္ဂလိက သက်ရောက်မှုအနေဖြင့် စဉ်းစားလေ့ရှိသော်လည်း၊ အသင်းတော်အနေဖြင့် မည်သို့လွှမ်းမိုးမှုရှိသည်ကို စဉ်းစားဘူးပါသလား။ သင့်ဒေသအတွင်းရှိ အသင်းတော်သည် သင့်ရပ်ရွာလူထုအပေါ် မည်သို့လွှမ်းမိုးမှုရှိသနည်း။

# အဆုံးအဖြတ်နှင့်ရင်ဆိုင်ရခြင်း

Rene သည် ရုံးသို့သွားမည့်အစား ဘုရားကျောင်းသို့သွားရန် ရွေးချယ်ခဲ့သော ဥပုသ်နေ့တွင်၊ သူနေထိုင်ပြီး အလုပ်လုပ်သည့် အဆောက်အအုံသို့ နေဝင်ပြီးနောက် ပြန်လာခဲ့သည်။ လုပ်ဖော်ကိုင်ဖက်တစ်ယောက်က သူဌေးထံမှ အလုပ်ထုတ်စာ တစ်စောင် ပေးလိုက်သည်။

ဘာတွေဖြစ်လာမည်ကို မသိခဲ့ပေ။ ခရစ်ယာန်ဘာသာ ဆန့်ကျင်သော နိုင်ငံတွင် နိုင်ငံခြားသား အလုပ်လုပ်ကိုင် နေရသူဖြစ်သောကြောင့်၊ အကယ်၍ ထောင်ကျခံရမည်ဖြစ်စေ၊ သေဒဏ်ရင်ဆိုင်ရမည်ဖြစ်စေ၊ ဘုရားသခင်အတွက် ခိုင်မြဲစွာရပ်တည်နိုင်မည်လားဟု တွေးမိ၏။

သူဆုတောင်းသည်၊ "သခင်၊ ယခုအခါ ဖိလစ်ပိုင်သို့ အိမ်ပြန်ရမည့်အချိန်လား။ ဤနေရာတွင် ကျွန်ုပ်၏ ယုံကြည်ခြင်း အတွက် တိုက်ပွဲဝင်နေသည်ကို လူများစွာသိကြသည်။"

နောက်တစ်နေ့မနက်တွင်၊ ရုံးသို့သွားပြီး သူဌေးထံသို့ အီးမေးလ်ပို့ခဲ့သည်။ "ကျွန်ုပ်သည် သင့်ကို လေးစားပါသည်... ဖြစ်ပေါ်ခဲ့သော ပြဿနာများကို ဆွေးနွေးရန် လိုအပ်သည်ကို ကျွန်ုပ်သိပါသည်။" ထိုညတွင်၊ သူဌေး သည် အလုပ်သို့ ရောက်လာပြီး၊ စိတ်ဆိုးနေပုံရသည်။ Rene ဆုတောင်းသည်၊ "ကျေးဇူးပြု၍ ကူညီတော်မူပါ။ ကျွန်ုပ်၏သူဌေးအား စိတ်အေးလက်အေး ဖြစ်စေပါ။ ဖြစ်သမျှ အရာ သခင်၏ အလို တော်ဖြစ်ပါက၊ ကျွန်ုပ်လက်ခံပါသည်။"

သူဌေးက Rene ကို ခေါ်သည်။ Rene သည် သူဌေး၏ရုံးခန်း တံခါးခေါက်ရန် လက်မြှောက်လိုက်စဉ်၊ "မကြောက်ပါနှင့်။ ငါသည် စစ်မှန်သောဘုရား ဖြစ်၏။ ငါ၏ကတိတော်များကို ငါသည်သစ္စာရှိသည်" ဟူသော အသံကြား လိုက်၏။ သူသည် တံခါးဖွင့်လိုက်ပြီး သူဌေး၏ တင်းမာသောမျက်နှာကို မြင်လိုက်ရသည်။ အထဲသို့ဝင်လာစဉ်၊ ထိုအသံသည် နှစ်ကြိမ် ထပ်လောင်းတိုင်း အသံသည် ပိုမို ကျယ်လောင်စွာကြားရသည်။

သူဌေးက စာရွက်နှစ်ရွက်ကို Rene ထံသို့ ပေးကာ "တစ်ခုကိုရွေးပါ" ဟု ပြောသည်။ ရေးနီသည် အုံ့သြမှုကို ဖော်ပြလိုက်သောအခါ၊ သူဌေးက "တစ်ခုက အလုပ်စာချုပ်ဖြစ်သည်။ နောက်တစ်ခုက လေယာဉ်လက်မှတ်ဖြစ်သည်" ဟု ပြော၏။ ရေးနီသည် အတွင်းစိတ်ဖြင့် ဆုတောင်းသည်၊ "သခင်၊ ထောင်ကျခြင်းမဟုတ်သည့်အတွက် ကျေးဇူးတင်ပါ၏။" သူသည် လေယာဉ်လက်မှတ်ကို ရွေးချယ်ခဲ့သည်။ သူဌေးက "စာချုပ်ကို အရင်ဖတ် ပါ" ဟု ပြောသည်။

ရေးနီသည် စနေနေ့များတွင် တစ်နာရီအလုပ်လုပ်ပါက သူ၏ လစာကို နှစ်ဆပေးမည်ဖြစ်ကြောင်း တွေ့ရသည်။ သူသည် လေယာဉ် လက်မှတ်ကို ထပ်မံရွေးချယ်ခဲ့သည်။ လက်မှတ်အတွက် မည်သို့ ငွေပေးရမည်ကို တွေးနေစဉ်၊ "ငါသည် စစ်မှန်သော ဘုရားဖြစ်သည်။ ငါ၏ကတိတော်များအပေါ် ငါသည် သစ္စာရှိသည်" ဟု အသံကို ထပ်မံကြားရ၏။ Rene သည် ဖိလစ်ပိုင်သို့ ပြန်ခဲ့သည်။ လေယာဉ်ပေါ်တွင်၊ ဆုတောင်း၏၊ "ငါသည်စစ်မှန်သောဘုရားဖြစ်၏။ ငါ၏ကတိတော်များ အပေါ် ငါသည် သစ္စာရှိသည်" ဟူသော အသံကြား ၏။ ကျွန်ုပ်အတွက် သခင်၏ ကတိတော် ကား အဘယ်နည်း။ ထိုအချိန် တွင် "သင်သည် အလုပ်သစ် မရှာမီသင်၏ ငွေ သုံးကုန်မည် မဟုတ်" ဟု တိုးတိုးပြော သံ ကြားရ ၏။



*Rene Tucaldo* သည် ၁၉၉၆ ခုနှစ် ဆယ်သုံးပတ်အလှူငွေဖြင့် တည်ဆောက်ခဲ့သော ဖိလစ်ပိုင်နိုင်ငံ၊ ဆီလန်ရှိ *1000 Missionary Movement* ဌာနချုပ်တွင် ဘဏ္ဍာရေး အရာရှိ ချုပ်ဖြစ်သည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ကောလောသဲ ၃း၁၄

**လေ့လာမှုဦးတည်ချက်။** ကောလောသဲ ၃း၁-၁၇

ကောလောသဲ ၃း၁-၁၇ တွင်၊ ပေါလုသည် စစ်မှန်သော ခရစ်ယာန်ဘဝ၏ ဝိသေသလက္ခဏာများကို ဆွေးနွေးသည်။ သူသည် ယုံကြည်သူများ၏ ခရစ်တော်နှင့် ပေါင်းစည်းမှုကို အလေးပေးဖော်ပြသည်။ ထိုသို့သော ပေါင်းစည်းမှုက ယုံကြည်သူသည် ယေရှု၏ဘဝ၊ သေခြင်း၊ ထမြောက်ခြင်းနှင့် ဘုန်းတန်ခိုးတို့တွင် ပါဝင်မျှဝေသည်ဟု ဆိုလိုသည်။ ပေါလုသည် ဤအယူအဆကို ခရစ်တော်သည် ကျွန်ုပ်တို့၏ဘဝဖြစ်သည် (ကော ၃း၄) ဟု ပြောကာ ပိုမိုရှင်းပြသည်။ ကျွန်ုပ်တို့သည် သူနှင့်အတူ သေခဲ့သည်။ ကျွန်ုပ်တို့၏ဘဝသည် ဘုရားသခင်ထဲတွင် သူနှင့်အတူ ဖုံးကွယ်ထားသည် (ကော ၃း၃)။ ကျွန်ုပ်တို့သည် သူနှင့်အတူ ထမြောက်ခဲ့သည် (ကော ၃း၁)။ ထို့ကြောင့် ကျွန်ုပ်တို့သည် "ဘုရားသခင်၏ လက်ျာတော်ဘက်မှာ ခရစ်တော် သည် ထိုင်နေတော်မူရာအရပ်၌ရှိသော အထက်အရာတို့ကို ရှာကြလော့" (ကော ၃း၁)၊ ကျွန်ုပ်တို့သည် သူနှင့်အတူ အုပ်စိုးသည်ဟု ဆိုလိုသည် (ရောမ ၅း၁၇ ကိုကြည့်ပါ)။

"ခရစ်တော်နှင့်ပေါင်းစည်းမှု" ဆိုသည့်အပိုင်းသည် ဓမ္မသစ်ကျမ်းတွင် အခြားနေရာများတွင်လည်း ဖော်ပြထားသည်။ တကယ်တော့၊ ဤသွန်သင်ချက်သည် ယေရှုထံမှ လာသည် (ယော ၁၅း၅)။ ပေါလုသည် ယုံကြည်သူ၏ ခရစ်တော်နှင့် နက်ရှိုင်းသော ဆက်နွယ်မှုကို ရည်ညွှန်းရာတွင် "ခရစ်တော်၌" ဟူသော စကားစုကို အသုံးပြုသည် (ဥပမာ၊ ရောမ ၆း၁၁။ ၂ကော ၅း၁၇ အပါအဝင် အခြားကျမ်းပိုဒ်များစွာကို ကြည့်ပါ)။ ပေါလုသည် စစ်မှန်သောယုံကြည်သူ၏ဘဝသည် တစ်နည်းအားဖြင့် ယေရှု၏သာသနာပြုလုပ်ငန်းကို "ပြန်လည်လုပ်ဆောင်ခြင်း" ဖြစ်သည်ဟုလည်း အကြံပြုသည်။ ထို့ကြောင့် ယေရှု၏ နောက်လိုက်များအနေဖြင့် ကျွန်ုပ်တို့သည် ယေရှုလျှောက်လှမ်းခဲ့သည့်အတိုင်း လျှောက်လှမ်း ရမည် (၁ယော ၂း၆)။ ကျွန်ုပ်တို့၏ဟောင်းနွမ်းသောကိုယ်ဟောင်းသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင် တွင် ရိုက်သတ်စံခဲ့ရသည် (ရောမ ၆း၆။ ဂလာ ၂း၂၀)။ ကျွန်ုပ်တို့သည် သူနှင့်အတူ သေခဲ့သည် (ရောမ ၆း၅)၊ သူနှင့်အတူ သင်္ဂြိုဟ်စံခဲ့ရသည် (ရောမ ၆း၄။ ကော ၂း၁၂)။ ကျွန်ုပ်တို့သည် သူနှင့်အတူ ထမြောက်ခဲ့သည် (၂ကော ၄း၁၄။ ကော ၃း၁)၊ နှင့် မိုးကောင်းကင်တွင် သူနှင့်အတူ ထိုင်နေသည် (ဧဖက် ၂း၆)။

ဤအပတ်သင်ခန်းစာသည် အဓိကအကြောင်းအရာနှစ်ခုကို အလေးပေးဖော်ပြသည်။

၁။ စစ်မှန်သော ယုံကြည်သူသည် လောကီ စိတ်သဘောကို ကောင်းကင် စိတ်သဘော ဖြင့် အစားထိုးသူဖြစ်သည်။

၂။ စစ်မှန်သောယုံကြည်သူသည် ခရစ်တော်၌ဘဝသစ်၏ ဝိသေသလက္ခဏာများကို ပြသသည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### သာဓက

"ရှေးရောမမြို့ရိုးများတွင် အင်္ဂတေသည် ကျောက်တုံးများကဲ့သို့ မာကျောပုံရပြီး၊ တစ်ခုလုံးသည် တစ်ပိုင်းတစ်စဖြစ်နေသည်။ ၎င်းကို အမှုန့်ကဲ့သို့ ဖျက်ဆီးမှသာ မြို့ရိုးကို ဖယ်ရှားနိုင်သည်။ ထိုနည်းတူ ယုံကြည်သူမှန်သည် သူ၏သခင်ဘုရားပေါ်တွင် အားကိုးပြီး၊ သူနှင့်အတူ အသက်ရှင်သော ဆက်သွယ်မှုဖြင့် ယေရှုနှင့်တစ်သားတည်း ဖြစ်လာသည်အထိ ကြီးထွားလာသည်။ ထို့ကြောင့် အခြေခံအုတ်မြစ်ဘယ်နေရာတွင် အဆုံးသတ်ပြီး၊ တည်ဆောက်မှု ဘယ်နေရာမှ စတင်သည်ကို ခွဲခြားရန်ခက်ခဲသည်။ အကြောင်းမှာ ယုံကြည်သူသည် ခရစ်တော်၌ အလုံးစုံဖြစ်လာပြီး၊ ခရစ်တော်သည် သူ့အတွက် အလုံးစုံဖြစ်သည်။"— Charles H. Spurgeon, "Faith's Sure Foundation," in *The Metropolitan Tabernacle Pulpit Sermons*, vol. 24 (London: Passmore & Alabaster, 1878), p. 463.

### လောကီစိတ်သဘောနှင့် ကောင်းကင်စိတ်သဘော

ကောလောသဲ ၃း၁–၁၁ တွင်၊ ရှင်ပေါလုသည် ခရစ်တော်၌ ဘဝသစ်နှင့် ဇာတိပကတိ ဆန္ဒများပါသော ဘဝဟောင်းအကြား ခြားနားမှုကို ဆွေးနွေးသည်။ ရှင်ပေါလုသည် ဤအပိုင်းကို "ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်" (ကောလောသဲ ၃း၁) ဟူသော စကားစုဖြင့် စတင်သည်။ သို့သော်၊ ယုံကြည်သူသည် ခရစ်တော်၏ ထမြောက်ခြင်းတွင် ပါဝင်ကြောင်း သံသယမရှိပါ။ တကယ်တော့၊ ဤစကားစုကို "သို့ဖြစ်လျှင် သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ခဲ့ကြပြီး၊ သင်တို့သည် ထမြောက်ခဲ့ကြသည်" ဟု ဘာသာပြန်နိုင်သည်။ ဤဝါကျသည် ကောလောသဲ ၂း၂၀ တွင် မိတ်ဆက်ထားသော "သင်တို့သည် ခရစ်တော်နှင့်အတူသေလျှင်" အတွေးကို ပြီးမြောက်စေသည်။ ရှင်ပေါလုက ကောလောသဲလူများသည် ခရစ်တော်နှင့်အတူ သေခဲ့ပြီး (ကော ၂း၂၀) သူနှင့်အတူ ထမြောက်ခဲ့ သောကြောင့် (ကော ၃း၁)၊ ၎င်းအတိုင်း အသက်ရှင်ရမည်ဟု ငြင်းခုံသည်။ "ထမြောက်ခဲ့" ဟူသော အသုံးအနှုန်းသည် အင်္ဂလိပ်နှင့် ဂရိဘာသာနှစ်မျိုးလုံးတွင် ပကတိအသံဖြစ်သည်ကို သတိပြုရန် အရေးကြီးသည်။ ပကတိအသံ၏အသုံးပြုမှုသည် ခရစ်တော်၌ဘဝသစ်သည် လူသားတို့၏အောင်မြင်မှုများ၏ရလဒ်မဟုတ်ဘဲ၊ စိတ်နှလုံးထဲတွင် ဘုရားသခင်၏ အမှုဖြစ်ကြောင်း ညွှန်ပြသည်။ ဤမှုသည် လူသားများသည် ၎င်းတို့၏ကိုယ်ပိုင်အားထုတ်မှုဖြင့် ကယ်တင်ခြင်းသို့ ရောက်ရှိနိုင် သည်ဟူသော သွန်သင်ချက်အတွက် မှန်ကန်အောင် ပြင်ဆင်ပေးသည်။

ကောလောသဲ ၃ ၏အစောပိုင်းကျမ်းပိုဒ်များတွင်၊ ရှင်ပေါလုက ခရစ်တော်၌ ဘဝသစ်သည် "အထက်အရာများ" (ကော ၃း၁၊ ၂။ ဂရိဘာသာတွင် *ta anō*) ဟူသော စကားစု မှ

တဆင့် အကျဉ်းချုံးဖော်ပြသည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ဘဝဟောင်းကို "မြေကြီးပေါ်ရှိ အရာများ" ဟူသောအလားတူစကားစုဖြင့် ပုံဖော်ထားသည် (ကော ၃း၂၊ ၅၊ ဂရိဘာသာ၊ *ta epi tēs gēs* ကိုကြည့်ပါ)။ ရှင်ပေါလုသည် သူ၏ပရိသတ်အား အထက်အရာများနှင့် ပတ်သက်၍ အရာနှစ်ခုကို ပြုလုပ်ရန် ပြင်းထန်စွာ တိုက်တွန်းသည်။ ၎င်းတို့ကို ရှာဖွေရမည် (ကော ၃း၁) နှင့် ၎င်းတို့ကို စိတ်စွဲလမ်းရမည် (ကော ၃း၂)။ "စိတ်စွဲလမ်းရန်" ဟု ဘာသာပြန်ထားသော ဂရိစကားလုံးမှာ *phroneō* ဖြစ်သည်။ ဤဝေါဟာရသည် တွေးခေါ်ခြင်းကို ထင်ဟပ်စေသည် (ရောမ ၁၂း၃။ ၁ကော ၄း၆။ ဖိ ၁း၇။ ဖိ ၃း၁၅ ကိုကြည့်ပါ)။ ဆိုလိုသည်မှာ၊ ရှင်ပေါလုက ကောင်းကင်အရာများသည် ကျွန်ုပ်တို့၏အတွေးများကို သိမ်းပိုက်ထား သင့်သည်ဟု ပြောနေသည်။ ကောလောသဲ ၃း၁-၄၊ အပိုင်းသစ်ကို မိတ်ဆက်ပေးသည့် ခရစ်တော်နှင့်ဆက်စပ်မှုများဖြင့် ပြည့်နှက်နေသည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည် (ကော ၃း၁)၊ ခရစ်တော်သည် ဘုရားသခင်၏လက်ျာဘက်တွင် ရှိတော်မူသည် (ကော ၃း၁)၊ ကျွန်ုပ်တို့၏ ဘဝသည် ခရစ်တော်နှင့်အတူ ဝှက်ထားသည် (ကော ၃း၃)၊ နှင့် ခရစ်တော်သည် ကျွန်ုပ်တို့၏ဘဝဖြစ်သည် (ကော ၃း၄)။ ပေါလုအတွက်၊ အထက်အရာများကို ရှာဖွေခြင်းနှင့် တွေးတောခြင်းသည် ခရစ်တော်၏ဘုန်းအသရေ၌ ကျွန်ုပ်တို့ပါဝင်သည့် နေ့တိုင်အောင် အသက်ရှင်ခြင်းနှင့် အတူတူပင်ဖြစ်၏ (ကော ၃း၄)။

ခရစ်တော်အတွက် အသက်ရှင်ခြင်းဆိုသည်မှာ မြေကြီးဆိုင်ရာအရာများအတွက် အသေခံခြင်းဖြစ်သည် (ကော ၃း၂၊ ၃)။ ဤအချက်ကို အလွန်ရှင်းလင်းစေရန်၊ ရှင်ပေါလုက ယုံကြည်သူများအနေဖြင့် မည်သည့်နည်းဖြင့်မဆို ရှောင်ရှားရမည့် မကောင်းမှုများ စာရင်းကို ပေးထားသည် (ကော ၃း၅)။ ထပ်မံဖော်ပြသည်မှာ "ထိုအမှုများကြောင့် ဘုရားသခင်၏ အမျက်တော်သည် ငြင်းဆန်သောသူတို့အပေါ်၌ သင့်ရောက် ပေ၏" (ကော ၃း၆)။ ဤအခန်းငယ်နှစ်ခုတွင်၊ ပေါလုသည် ပြောင်းလဲခြင်းမပြုမီ အသက်တာဟောင်းကို ပုံဖော်ထားသည်။ မနာခံခြင်း၏သား တို့သည် မြေကြီးနှင့်ဆိုင်သော အရာတို့ကို ရှာဖွေ၍ စိတ်စွဲလမ်းကြသူများဖြစ်သည်။ ဤသည်မှာ မိမိကိုယ်ကို အသေခံပြီး ခရစ်တော်နှင့်အတူ ကြီးပြင်းလာသူများ၏ သဘောထားနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

လူဟောင်းအကျင့်ကို ထပ်မံဖော်ပြရန်၊ ရှင်ပေါလုသည် မကောင်းမှုများကို တင်ပြသည်၊ "အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်း၊ ညစ်ညူးသောစကားနှင့် မုသာစကား" (ကော ၃း၈၊ ၉) တို့ဖြစ်သည်။ ရှင်ပေါလုသည် "မြေကြီးပေါ်ရှိအရာများ" (ကော ၃း၂) အတိုင်း အသက်ရှင်သူကို "လူဟောင်း" (ကော ၃း၉) ဟုခေါ်ဆိုပြီး၊ အထက်အရာများ (ကော ၃း၁) အတိုင်း အသက်ရှင်သူကို "လူသစ်" (ကော ၃း၁၀) ဟုခေါ်ဆိုသည်။ ဤနှစ်ခုအကြား ခြားနားမှုကို "ချွတ်ပစ်ရန်" (ဂရိဘာသာမှ *apekdyomai*) နှင့် "ဝတ်ဆင်ရန်" (ဂရိဘာသာမှ *endyō*) ဟူသော ကြိယာများမှတဆင့် ထပ်မံ မီးမောင်းထိုးပြသည်။ ရှင်ပေါလုသည် အရေးကြီးသော သမ္မာကျမ်းအမှန်တရားကို အလေးပေးရန် စကားလုံး ကစားနည်းကို အသုံးပြုနေသည်။ လူဟောင်းသည် ၎င်း၏ အ

ကျင့်များတွင် နစ်မွန်းနေပြီး (ကော ၃း၉)၊ လူသစ်သည် "ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဍာန်နှင့်အညီ၊ မှန်သောပညာအားဖြင့် အသစ်ပြုပြင်သော လူသစ်ကို ယူတင် ဝတ် ဆောင်သောသူ ဖြစ်ကြ၏" (ကော ၃း၁၀)။ ထို့နောက်၊ တမန်တော်က ခရစ်တော်၌ ဘဝ သစ် သည် မည်သို့သောပုံစံဖြစ်သည် ကို ပိုမိုထိုးထွင်းသိမြင်မှုပေးသည်။

## ခရစ်တော်၌ဘဝသစ်၏လက္ခဏာများ

ရှင်ပေါလုသည် ကောလောသဲ ၃း၁၂-၁၇ တွင် အပိုင်းသစ်ကို "ထို့ကြောင့်" ဟူသော စကားလုံးဖြင့် စတင်သည်။ ဤစကားလုံးကို အပိုင်းသစ်၏အစတွင် အသုံးပြုခြင်းဖြင့်၊ ရှင်ပေါလုသည် ကောလောသဲ ၃း၁၂-၁၇ ရှိ တိုက်တွန်းချက်များသည် ကောလောသဲ ၃း၁-၁၁ တွင် ဆွေးနွေးထားသောအရာ၏ အကျိုးဆက် သို့မဟုတ် ရလဒ်အဖြစ် ရှုမြင်ရ မည်ဟု ညွှန်ပြသည်။ အထက်အရာများကို ရှာဖွေပြီး ၎င်းတို့ကို တွေးတောသူများ၊ ကောလောသဲ ၃း၁၊ ၂ (နှင့် ကောလောသဲ ၃း၁၀ ရှိ လူသစ်ဖြင့် ပုံဆောင်ထားသကဲ့သို့ ဝိညာဉ်ရေးအရ ပြန်လည်မွေးဖွားသူများ) ကို ယခု "ဘုရားသခင် ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့" ဖော်ပြထားသည် (ကော ၃း၁၂)။

ရှင်ပေါလုအရ၊ ယုံကြည်သူမှန်သည် အရိုးအရာများကို ချွတ်ပစ်သူ (ကော ၃း၈) ဖြစ်ပြီး၊ "သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း" (ကော ၃း၁၂) ကဲ့သို့သော အခြားအရာများကို ဝတ်ဆင်သူ ဖြစ်သည်။ လူဟောင်း၏ဘဝသည် "တစ်ဦးနှင့်တစ်ဦး လိမ်ညာခြင်း" (ကော ၃း၉၊ ဂရိဘာသာမှ *allelōn*) ဖြင့် ထူးခြားသော် လည်း၊ လူသစ်၏ဘဝသည် "တစ်ဦးနှင့်တစ်ဦး သည်းခံခြင်း" (ကော ၃း၁၃၊ ဂရိဘာသာမှ *allelōn*) နှင့် "တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်ခြင်း" (ကော ၃း၁၃) ဖြင့် ထူးခြားသည်။ သို့သော်၊ ရှင်ပေါလုက "ဤအရာများအားလုံးထက် ဟုဆိုလိုသည်မှာ ကောလောသဲ ၃း၁၂၊ ၁၃ ရှိ သီလစာရင်း၊ "ချစ်ခြင်းမေတ္တာကို ဝတ်ဆင်ကြလော့၊ ၎င်းသည် ပြီးပြည့်စုံခြင်း၏ ဆက်နွယ် မှုဖြစ်သည်" (ကော ၃း၁၄) ဟု ပြောသည်။ ချစ်ခြင်းမေတ္တာသည် အသင်းတော်အတွင်း ဆက်ဆံရေးကို အမှတ်အသားပြုမှသာ အခြားသော သီလများအားလုံးကို လက်တွေ့ကျင့် သုံးနိုင်သည်ဟု ပေါလုက ရည်ညွှန်းထားသည်။ ဆိုလိုသည်မှာ၊ ရှင်ပေါလုက ကျွန်ုပ်တို့ ချစ်ကြသောအခါ၊ "သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း" (ကော ၃း၁၂) ကို ပြသသည်ဟု ပြောနေသည်။ ကျွန်ုပ်တို့သည် တစ်ဦးနှင့် တစ်ဦး သည်းခံပြီး ခွင့်လွှတ်ကြသည် (ကော ၃း၁၃)။ ဤသည်မှာ အားကြီးသော ထုတ်ဖော် ပြောဆိုချက်ပင်ဖြစ်၏။

ခရစ်တော်၌ဘဝသစ်သည် ဘုရားသခင်၏ငြိမ်သက်ခြင်းရှိမှုဖြင့်လည်း ထူးခြားသည် (ကော ၃း၁၅)။ အသင်းတော်အသိုင်းအဝိုင်းအတွင်း ဤငြိမ်သက်ခြင်းသည် ခရစ်တော် သည် "လက်ဝါးကပ်တိုင်မှာ သွန်းသောအသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေ၍" (ကော ၁း၂၀) ဘုရားသခင် သည် အရာ အားလုံးကို မိမိ နှင့် ပြန်လည် သင့် မြတ် စေခဲ့ သောကြောင့်

သာ ဖြစ်နိုင် သည်။ တစ်နည်းဆိုရသော် လူ့ဆက်ဆံရေးတွင် ငြိမ်းချမ်းရေးသည် ဘုရားသခင်နှင့် ငြိမ်သက်ခြင်း၏ ရလဒ်ဖြစ်သည်။

နောက်ဆုံးတွင်၊ ခရစ်တော်၌လူသစ်သည် ခရစ်တော်၏နှုတ်ကပတ်တော်ကို မယိမ်းမယိုင် လိုက်နာခြင်းကို ထည့်သွင်းပါသည် (ကော ၃း၁၆)။ ခရစ်တော်၏ နှုတ်ကပတ်တော်သည် "ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာ တည်နေ၍ ... အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍" (ကော ၃း၁၆)၊ ဟုပြောခြင်းဖြင့် ပေါလုက ယေရှု၏ သွန်သင်ချက်သည် ကျွန်ုပ်တို့၏ဘဝတစ်ခုလုံးကို သိမ်းပိုက်သင့်သည်ဟု ဆိုလိုသည်။ ဤထုတ်ဖော်ပြောဆိုချက်သည် ကောလောသဲ ၁း၂၈ တွင်တွေ့ရှိရသည့် ထုတ်ဖော်ပြောဆိုချက်နှင့် အလွန်ဆင်တူသည်၊ "ခရစ်တော်အားဖြင့် လူတိုင်းစုံလင်ခြင်းသို့ ရောက်၍ လူ ခပ်သိမ်းတို့ကို ဆက်သအံ့သောငှါ၊ ငါတို့သည် လူခပ်သိမ်းတို့ကို သတိပေး၍ ပညာအမျိုးမျိုးနှင့် ဆုံးမသွန်သင်လျက် ခရစ်တော်၏တရားကို ဟောပြောကြ၏။" ဤကျမ်းပိုဒ်နှစ်ခုအကြား တူညီမှုများပေါ်တွင် အခြေခံ၍ အရေးကြီးသောအချက်သုံးခုကို သတိပြုနိုင်သည်။ ပထမအချက်မှာ၊ ခရစ်တော်နှင့် သူ၏သွန်သင်ချက်များသည် ခွဲခြားမရအောင် ဆက်စပ်နေပြီး၊ ခရစ်တော်ကို လက်ခံခြင်းသည် သူ၏သွန်သင်ချက်များကို လက်ခံခြင်းမရှိဘဲ မဖြစ်နိုင်ပါ။ ဒုတိယအချက်မှာ၊ ကြွေးကြော်ခြင်း၏ရည်ရွယ်ချက်မှာ "ခရစ်တော်အားဖြင့် လူတိုင်းစုံလင်ခြင်းသို့ ရောက်ရန်" ဖြစ်သည် (ကော ၁း၂၈)။ တတိယအချက်မှာ၊ စစ်မှန်သော ယုံကြည်ခြင်းကို တွေ့ကြုံခံစားခဲ့သူများသည် သာသနာပြုလုပ်ငန်းတွင် ပါဝင်ကြသည်။ ရှင်ပေါလုသည် ကောလောသဲ ၃း၁ – ၁၇ တွင် သူ၏သွန်သင်ချက်များကို အကျဉ်းချုပ်အားဖြင့် တွေးတော ထားသည် – သူသည် အသက်တာသစ်တွင်အသက်ရှင် သူများသည် "သခင်ယေရှု၏ နာမတော်ကို ထောက်၍ ခပ်သိမ်းသောအမှုတို့ကို ပြုမူလျက်၊ ကျေးဇူးတော် ကြီးလှပါ၏ဟု ထိုသခင်ကို အမှီပြု၍ ခမည်းတော် ဘုရားသခင် ရှေ့၌ ဝန်ခံကြလော့" (ကော ၃း၁၇) ဟုဆိုသည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

အောက်ပါအကြောင်းအရာများကို တွေးတောဆင်ခြင်ပါ။ ထို့နောက် သင်၏အတန်းသားများအား ဤအပိုင်း၏အဆုံးရှိ မေးခွန်းများကို ဖြေဆိုစေပါ။

ခရစ်တော်သည် ကျွန်ုပ်တို့၏ဘဝဖြစ်သည် (ကော ၃း၄) ဟူသော အတည်ပြုချက်သည် သမ္မာကျမ်းစာတွင် အထူးခြားဆုံး ထုတ်ဖော်ပြောဆိုချက်များထဲမှ တစ်ခုဖြစ် သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ဘဝဖြစ်လျှင်၊ သူမရှိလျှင် ကျွန်ုပ်တို့သည် "အဘယ် အမှုကိုမျှ မတတ်နိုင်ကြ" (ယော ၁၅း၅) သူမှတဆင့် ကျွန်ုပ်တို့သည် "အရာခပ်သိမ်း တို့ကို ငါတတ်စွမ်းနိုင်၏" (ဖိလိပ္ပိ ၄း၁၃)။ ခရစ်တော်သည် ကျွန်ုပ်တို့၏ဘဝဖြစ်လျှင်၊ သူ၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့အတွက် လုံလောက်သည် (၂ကော ၁၂း၉)။ ခရစ်တော်သည်

ကျွန်ုပ်တို့၏ဘဝဖြစ်လျှင်၊ ကျွန်ုပ်တို့သည် သူနှင့်အတူ "လက်ဝါးကပ်တိုင်မှာ အသေခံပြီး၊" ကျွန်ုပ်တို့ကိုယ်တိုင်မရှင်တော့ဘဲ၊ သူသည်ကျွန်ုပ်တို့အတွင်း၌ရှင်တော်မူ၏ (ဂလာ ၂း၂၀)။

ရှင်ပေါလုသည် ခရစ်တော်နှင့် ဤမျှလောက်နက်ရှိုင်းသော ဆက်ဆံရေးအကြောင်း ပြောနေပြီး၊ ကျွန်ုပ်တို့သည် သူ၏ဘဝ၊ သေဆုံးခြင်း၊ ထမြောက်ခြင်း၊ နှင့် ဘုန်းတန်ခိုး ရှိခြင်းတွင် ပါဝင်ကြသည်။ ဤအမှန်တရားကို အလေးပေးရန်၊ တမန်တော်သည် "ခရစ်တော်နှင့်အတူ" ဟူသော စကားစုကို ကောလောသဲလူများထံသို့ရေးသော စာတစ်စောင်လုံးတွင် ခုနစ်ကြိမ်အသုံးပြုသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ သေခဲ့ကြသည် (ကော ၂း၂၀)၊ သင်္ဂြိုဟ်ခံခဲ့ရသည် (ကော ၂း၁၂)၊ ထမြောက်ခဲ့ကြသည် (ကော ၂း၁၂။ ကော ၃း၁)၊ အသက်ရှင်ခဲ့ရသည် (ကော ၂း၁၃)၊ နှင့် ဝှက်ထားသည် (ကော ၃း၃)၊ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည် "ငါတို့သည်လည်း ထိုသခင်နှင့်အတူ ဘုန်းကြီး၍ ထင်ရှားကြလတံ့" (ကော ၃း၄)။

"လျှို့ဝှက်ဆန်းကြယ်သောပုံစံဖြင့်၊ ခရစ်တော်ကိုယုံကြည်သူတိုင်းသည် ခရစ်တော်နှင့်အတူ စည်းလုံးညီညွတ်ကြသည်၊ ထို့ကြောင့် သူ၏အသေခံခြင်းသည် ကျွန်ုပ်တို့အတွက်၊ သူ၏သင်္ဂြိုလ်ခြင်းသည် ကျွန်ုပ်တို့အတွက်၊ သူ၏အသက်တာ အသစ်သည် ကျွန်ုပ်တို့၏ ဥစ္စာဖြစ်သည်၊ ကောင်းကင်ဘုံ၌သူ၏ရာထူး၊ ဘုန်းကြီးသော ပြန်လာခြင်းသည် ကျွန်ုပ်တို့၏ ဥစ္စာဖြစ်သည်။ ...ကျွန်ုပ်တို့သည် ခရစ်တော်နှင့် "တစ်ဝိညာဉ်တည်း" ဖြစ်လာသောအခါ၊ ကျွန်ုပ်တို့၏အကြွေးများသည် သူ့ထံသို့ လွှဲပြောင်းပြီး၊ သူ၏ပိုင်ဆိုင်မှုများသည် ကျွန်ုပ်တို့ထံသို့ လွှဲပြောင်းသည်။—"Christ, Your Life: Colossians 3:4," in *Devotions on the Greek New Testament: 52 Reflections to Inspire & Instruct*, ed. J. Scott Duvall and Verlyn D. Verbrugge (Grand Rapids, MI: Zondervan, 2012), pp. 102, 103.. ခရစ်တော်နှင့် ကျွန်ုပ်တို့၏ ပေါင်းစည်းခြင်းထက် ပိုမိုလေးနက်သော ခံစားချက်ကို ကျွန်ုပ်တို့အား မည်သည့် အရာကမှ မပေးနိုင်ပါ။

**မေးခွန်းများ –**

**၁။ ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်သည်။ ခရစ်တော်နှင့် အမှန်တကယ်ရှိသင့်သော ဆက်ဆံရေးမျိုးနှင့်ပတ်သက်၍ ဤမှတ်သားဖွယ်စကားက ကျွန်ုပ်တို့အား အဘယ်အရာအကြံပြုသနည်း။**

---

**၂။ ခရစ်တော်၏အသက်၊ သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ဘုန်းထင်ရှားခြင်း၌ ပါဝင်ခြင်းဟူသည် အဘယ်အရာကိုဆိုလိုသနည်း။ ယနေ့သင့်ဘဝတွင် ဤအရာများတွင် သင်မည်ကဲ့သို့ပါဝင်သနည်း။**

---

## သင်ခန်းစာ - ၁၂ * မတ် ၁၄ — ၂၀

# အချင်းချင်း အတူ နေထိုင်ခြင်း



## ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ကော၊ ၃း ၁၈ – ၄း ၆။ ဖေက်။ ၅း ၂၂ – ၂၅၊ ၃၃။ သု၊ ၂၂း ၆၊ ၁၅။ ၁ ပေ၊ ၂း ၁၆။ ၁ သက်၊ ၅း ၁၇။

**အလွတ်ကျမ်းချက်။** **"လူအသီးအသီးတို့အား အဘယ်သို့ ပြန်ပြောရမည်ကို သိနိုင်မည်အကြောင်း၊ သင်တို့စကားသည် ဆားအားဖြင့်ငန်သော အရသာနှင့်ပြည့်စုံလျက်၊ အစဉ်မပြတ်တင့်တယ် လျောက်ပတ်ပါစေ။"** (ကောလောသဲ ၄း၆)

လူတို့သည် နီးကပ်စွာ အတူနေထိုင်ပြီး အလုပ်လုပ်ကြသောအခါ၊ သူတို့သည် စိန်ခေါ်မှုမျိုးစုံကို ကြုံတွေ့ရ၏။ အမြင်ကွဲလွဲမှုများကြောင့် တင်းမာမှုများဖြစ်ပေါ်လာနိုင်ပြီး အငြင်းပွားမှုများဆက်တိုက် ဖြစ်ပေါ် နိုင်သည်။ ဆက်ဆံရေးတွင် ရင်းနီးလေလေ ထိုဆက်ဆံရေးတွင် ပါဝင်သူအားလုံးတို့အတွက် သဟဇာတဖြစ် စွာနေထိုင်ရန် ပို၍ အရေးကြီးလာသည်။

အရင်းနီးဆုံးသော ဆက်ဆံရေးသည် မိသားစုအတွင်းမှ ဖြစ်ပေါ်လေ့ရှိသည်။ အိမ်ကိုတခါတရံတွင် မိသားစုလုပ်ငန်းဟုပင် တင်စားခေါ်ဆိုကြသည်။ လုပ်ငန်းတခု စီမံခန့်ခွဲခြင်းနှင့် အိမ်ထောင်တခု၏ စီမံခန့်ခွဲခြင်းသည် တိကျသောဆင်တူမှုများရှိ၏။ တန်ဖိုးများ၊ ရည်မှန်းချက်များနှင့် ပန်းတိုင်များအပေါ် ယေဘုယျသ ဘောတူညီမှု ရှိသင့်သည်။ အရာရာချောမွေ့စွာ လည်ပတ်နိုင်ရန် လူတိုင်းသည် တစ်ဦးနှင့် တစ်ဦးသဟဇာတဖြစ်ပြီး မိမိတာဝန်ကိုယ်စီကောင်းစွာထမ်းဆောင်သင့်သည်။ ထိုနည်းတူ နည်းဥပဒေသ တို့သည် အသင်းတော်နှင့်လည်းသက်ဆိုင်၍ အသင်းတော်သည်လည်း အနစ်သာရ အားဖြင့် မိသားစုကြီးတစ်ခုပင် ဖြစ်၏။

ယခုအပတ် ကျမ်းပိုဒ်တွင် ခရစ်ယာန်မိသားစုတစ်စုမှ အကောင်းဆုံးလုပ်ဆောင်နိုင်ပုံ၏ အခြေခံတရားအချို့ကို ပေါလုမှ ချပြထား၏။ ခရစ်ယာန်မိသားစုသည် သမ္မာကျမ်းစာညွှန်ပြချက်များကို အခြေခံသင့် သောကြောင့် ရောမမိသားစုများတွင် အနည်းငယ်ကွဲပြားစွာ လုပ်ဆောင်ရပေသည်။ ပေါလုသည် အိမ်တွင်း နှင့်အိမ်ပြင်ရှိ လူမှု ဆက်ဆံရေးများအတွက် ထောက်အကူဖြစ်စေမည့် အခြားတန်ဖိုးရှိသော အခြေခံများကို လည်းပေးထားသည်။

* မတ် ၂၁ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ဖို့ရန်ယခုအပတ်သင်ခန်းစာကိုလေ့လာပါ။

## အကြောင်လင်မယားများ

ခရစ်ယာန်အိမ်ထောင်အတွက် ညွှန်ကြားချက်များစွာကိုလည်း ဓမ္မသစ်တွင် စီရီလျက်ရှိ၏ *(ဧ ၅း ၂၁ – ၆း ၉။ ကော ၃း ၁၈ – ၄း ၁။ တိ ၂း ၁ – ၁၀။ ၁ပေ ၂း ၁၈ – ၃း ၇)*။ မိသားစုဆိုင်ရာစည်းမျဉ်း စည်းကမ်း ဟုခေါ်ဆိုသောအရာသည် လူနေမှုအဆင့် အတန်းလိုက်မဟုတ်ဘဲ၊ ဆက်ဆံရေးကို တန်ပြန်လွှမ်းမိုးလျက် အပြန်အလှန် ထောက်မနိုင်သောအစိတ် အပိုင်းများပင် ပါဝင်သည်။

**ဖတ်ပါ – ကောလောသဲ ၃း ၁၈၊ ၁၉။ မည်သည့်ချိန်ခွင်လျှာ ညီခြင်းတွေ့မိသနည်း။ ဧဖက် ၅း ၂၂ – ၂၅၊ ၃၃ တို့တွင် ပေါလုမှမည်သို့ထပ်မံအကြံပေးခြင်းပြုသနည်း။**

တစ်ချို့တို့သည် "အချင်းမိန်းမတို့၊ သခင်ဘုရား၌ လျောက်ပတ်သည်အတိုင်း ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံကြလော့" *(ကော ၃း ၁၈)* ဟူသည်ကို ကောက်နုတ်၍ ရပ်နားလိုက်ကြသော်လည်း၊ ပေါလုသည် "သခင်ဘုရား၌လျောက်ပတ်သည်အတိုင်း" ဟုသာဆို ၏။ ဓမ္မသစ်ကျမ်း မည်သည့် နေရာတွင်မျှ မိန်းမအားလုံးသည် ယောကျ်ား အားလုံး၌ဝန်ခံရမည်ဟု မပါရှိပါ။ ဇနီး သည် အရှင့်အမိန့်ကို နာခံရမည် ဟု ဆိုလိုခြင်း မဟုတ်သည်နည်းတူ၊ ခင်ပွန်းသည်၏အလိုဆန္ဒတိုင်းကို မျက်စိစုံမှိတ် နာခံရမည်လည်း မဆိုလိုပါ။ ပေါလု၏ရည်ရွယ်ချက်မှာ တစ်ဦး၏ သစ္စာရှိမှုသည် ပထမဦးစွာ ထာဝရဘုရားထံတော်သို့ ဖြစ်ပြီး၊ ဒုတိယတွင် ဇနီးသည်ထံသို့ဖြစ်၏။ ဇနီးသည်၏ ကိုယ်ပိုင်လက္ခဏာသည် ခင်ပွန်း၏ လွှမ်းမိုးမှုအောက်တွင် ကွယ်ပျောက်ရမည် မဟုတ် သည်နည်းတူ ခင်ပွန်းသည် ဇနီး၏ စိတ်မှတ်တမ်း အဖြစ်လုပ်ပိုင် ခွင့်မရှိပါ။

ခရစ်တော်သည် အသင်းတော်အားချစ်၍ မိမိကိုယ်ကို ပေးဆပ်ခြင်းသည်၊ ခင်ပွန်းသည်လည်း မိမိတို့ ဇနီးသည်အား ချစ်ရမည့် ပုံစံသရုပ်ပြဖြစ်သည်ဆို၏ *(ဧဖက် ၅း ၂၅)*။ အဖိုးအခမည်မျှပင် ထိုက်ပါစေ သစ္စာရှိရပါမည်။ သူတို့သည် ဇနီးသည်၏ အကျိုးစီးပွားအတွက်အကောင်းဆုံး ဆုံးဖြတ်ချက်များကို ချမှတ်ကြမည်ဖြစ်ပြီး၊ ပုံမှန်အားဖြင့် ဤအကျိုးစီးပွားတို့သည် တစ်သားတည်းဖြစ်သင့်သည်။ ဤကဲ့သို့သော မေတ္တာသည် ဘုရားသခင်၏အမိန့်တော်ဖြစ်သော ဇနီးသည်မှ ခင်ပွန်းအား ရိုသေလေး စားရန် သာ၍ လွယ်ကူစေသည် *(ဧ ၅း ၃၃)*။ ကျန်းမာသော ခရစ်ယာန် အိမ်ထောင်ရေးသည် အပြန် အလှန်သဘောတရားကို အခြေခံသော တစ်ဦးနှင့်တစ်ဦး တိုင်ပင်ဆွေးနွေးခြင်း၊ စဉ်းစား တွေးတော ခြင်း နှင့် ဆုံးဖြတ်ချက်ချခြင်း တို့ဖြစ်သည်။

မိသားစုတစ်ခုလုံးအပေါ် ကြီးမားသောအကျိုးဆက်များရှိသည့် ဆုံးဖြတ်ချက်များချရာ တွင်၊ ထိုဆွေးနွေးမှုတွင် ခလေးများကိုပါဝင်စေခြင်းသည် သင့်တော် နိုင်သော်လည်း၊ မိဘတို့သည် ကလေးရှေ့တွင် ငြင်းခုံခြင်းမပြုသင့်ပေ။ လုပ်ငန်းစဉ် ပြီးနောက် လင်နှင့်မယားသည် သဘောတူညီမှုရရန် မစွမ်းဆောင်နိုင်ပါက၊ ဘုရားသခင်၏ နှုတ်ကပတ်တော် မချိုးဖောက်သရွေ့ မယားသည်လင်၏ ဆုံးဖြတ်ချက်ကို လိုက်နာခြင်းသည် သမ္မာကျမ်းစာ၏ ငြိမ်းချမ်းရေးလမ်းကြောင်းဖြစ်၏။ အလားတူပင် လင်အများစုသည် ၎င်းတို့ဇနီးများ၏စကားကို နားထောင်ပြီး၊ ၎င်းတို့၏ အကြံဉာဏ်ကို လိုက်နာခဲ့ သည့်အချိန်များကို ပျော်ရွှင်စွာသတိရနိုင်ကြ၏။ လင်နှင့်မယားသည် အတူတကွ စုဖွဲ့လုပ်ဆောင်လေလေ အိမ်ထောင်ရေးသည် ပိုမို ပျော်ရွှင် လေလေ ဖြစ်သည်။

**သမိုင်းတစ်လျှောက်လုံးဖြစ်ပျက်ခဲ့သည့်အရာကိုကျွန်ုပ်တို့မည်သို့ရှောင်ရှားနိုင်မည်နည်း။ ဤဖော်ပြထားသောအခြေခံသဘောတရားကိုယူပြီးမကောင်းသောအရာများအဖြစ်ပြောင်းလဲခြင်းကိုမည်သို့ရှောင်ရှားမည်နည်း။**

## မိဘများနှင့်သားသမီးများ

ကလေးများသည် မိသားစု၏ လုပ်ငန်းတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်ကြသည်။ သူတို့သည် မိသားစုအဖွဲ့ဝင်များ၊ ကောင်းကင်နိုင်ငံ၏နိုင်ငံသားများအဖြစ် ချစ်မြတ်နိုးခြင်းနှင့် တန်ဖိုးထားခံရကြောင်း သိရပါမည်။ မိသားစုဝတ်ပြုခြင်းသည် အရေးကြီး၊ ရိုးရှင်းစွာနှင့် နံနက်ပိုင်း၊ ညည့်ပိုင်းမှန်မှန်ပြုလုပ်ရပါမည်။ ကလေးများ ငယ်ရွယ်စဉ်ကပင် သန့်ရှင်းရေးလုပ်ခြင်းနှင့် အခြားတာဝန်များကို ကူညီလုပ်ဆောင်တတ်ရပါမည်။ အရေး အကြီးဆုံးအရာကို ပေါလုသည် "သားသမီးတို့ အရာရာ၌ မိဘစကားကို နားထောင်ကြလော့၊ မိဘစကားကို နားထောင်သောအမှုသည် ဘုရားသခင်နှစ်သက်တော်မူသောအမှုဖြစ်၏" *(ကော၊ ၃း ၂၀)* ဟုဆို၏။

**အောက်ပါ ကျမ်းချက်တို့ကို ဖတ်ပါ။ သားသမီးများကို ပျိုးထောင်ရန် မည်သည့်ဥပဒေသတွေ ပေးထားသနည်း။**

၁။ သုတ္တံ ၂၂း၆၊ ၁၅။ ____________________

၂။ မဿဲ ၁၉း၁၄။ ____________________

၃။ တရားဟော ၆း၆၊ ၇။ ____________________

၄။ သုတ္တံ ၁း၈၊ ၉။ ____________________

သခင်ဘုရားအတွက် မှန်ကန်စွာလေ့ကျင့်ပေးခြင်း၊ နည်းလမ်းပြခြင်းနှင့် စံနမူနာပြဖြင့် ကလေးတို့သည် မိသားစု၊ အသင်းတော်နှင့် ထိုထက်မက ကောင်းချီးဖြစ် လိမ့်မည်။ မိဘများအတွက် ပေါလု၏ ညွှန်ကြားချက်သည် ခင်ပွန်းနှင့်ဇနီးတို့အတွက် ညွှန်ကြားချက်ကဲ့သို့ပင် မျှတပြီးအပြန်အလှန်သက်ရောက်မှုရှိသည်။ *အဘတို့ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါမပြုကြနှင့် (ကော ၃း ၂၁)*။ မိဘများ၊ အထူးသဖြင့် ဖခင်တဦးသည် ကလေးများနှင့် ဆက်ဆံပုံ၊ စည်းကမ်းထိန်းသိမ်းပုံသည် ကလေးများ၏ ဝိညာဉ်ရေးရာပျိုးထောင်မှုကို နက်ရှိုင်းစွာ သက်ရောက်မှုရှိသည်။

လေ့လာမှုများအရ မိဘနှစ်ပါးလုံးဝတ်ပြုကျောင်းတက်ခြင်းသည် တစ်ဦးတည်းတက်ခြင်းထက် သားသမီးများမှ တက်ရောက်ရန် ရွေးချယ်စေမှုတွင် ပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်။ သာ၍ အံ့အားသင့်ရသည် မှာ ဖခင်တစ်ဦးသည် မိခင်ထက် ဝတ်ပြုကျောင်း မှန်မှန်တက်သောအခါ သားသမီးတို့သည် သက်ကြီးအရွယ် တွင် ဝတ်ပြုကျောင်းတက်ရန် ပိုမိုရွေးချယ်ကြသည်။ ဖခင်တစ်ဦး၏ သားသမီးတို့ကို ဝိညာဉ်ရေးရာ ပျိုးထောင်ခြင်းကဏ္ဍ၏အရေးပါခြင်းကို မှန်းဆ၍ပင်မရနိုင်ပါ။ ဖခင်များသည် မိမိတို့၏တာဝန်ကို လေးနက်စွာထမ်းရွက် ခြင်းသည် အလွန်အရေးကြီးလှပါတကား။

**သို့တိုင်အောင် (သာသာနာနာပြေရလျှင်) မိမိတို့၏ သားသမီးများ အပေါ် စံနမူနာထားရန် ပုံစံကောင်း မဖြစ်ခဲ့ကြပါ။ လောကဖခင်များသည် ကြီးမားသော ပျက်စီးမှုများပြုလုပ်နေပါသော်၊ ထာဝရဘုရားသည် မိမိ တို့ ခမည်းတော်အဖြစ်သိကျွမ်းရန် လိုအပ်သောနေရာတွင် မည်သို့ထောက်မနိုင်ပါ့မည်နည်း။**

## လုပ်ငန်းဆက်ဆံရေးများ

**ဖတ်ပါ – ကောလောသဲ ၃း၂၂ – ၂၅ နှင့် ကောလောသဲ ၄း၁။ ကျွန်ဝ်သပေါက်များအတွက် မည်သို့ညွှန်ကြားထားသနည်း။ လုပ်ငန်းဆက်ဆံရေးအတွက် မည်သည့်ဥပဒေသများ အများအားဖြင့် ပါရှိသနည်း။**

ယနေ့ခေတ်လူ အချို့တို့သည် သမ္မာကျမ်းစာပါအကြံဉာဏ်များကို ရှေးအတိတ်ကာလ၏ ရာဇဝင်အဖြစ်၄င်း၊ သမ္မာကျမ်းစာကို လုံးဝ မယုံကြည်စေရန်၄င်း ကျေးကျွန်စနစ်ကို ထုတ်ပြောလေ့ရှိကြသည်။ သို့သော် ထိုသို့ပြောဆိုခြင်းသည် ဓမ္မဟောင်း၏ ကာ့သရေလနှင့် ဓမ္မသစ်အသင်းတော်၏ နောက်ခံအခြေအနေများကို လုံးဝထည့်သွင်းမစဉ်းစားဘဲ ပြောဆိုခြင်းသာ ဖြစ်သည်။ လူသားများကို ထာဝရဘုရား၏ ပုံသဏ္ဍာန်တော်နှင့် အညီဖန်ဆင်းထားရာ၊ ဘုရားရှင်၏ဉာဏ်ကိုပင် ပိုင်ဆိုင်ထားသော ဖန်ဆင်းခံ အားလုံးတို့ကဲ့သို့ပင် လွတ်လပ် ခွင့် အတွက် ဒီဇိုင်းထုတ်ထားပါသည်။

မောရှေ၏ပညတ်တရားတွင် ရာသက်ပန်ကျွန်ဖြစ်ခြင်းအား တားမြစ်ထားသည် *(တရား ၁၅း၁၂)*။ ငွေကြေးအကြွေးပေးဆပ်ရန် အကြာရှည်ဆုံး ခြောက်နှစ်ထားရမည် *(ထွက် ၂၁း၂–၆။ ဝတ် ၂၅း၃၉–၄၃)*။ သမ္မာကျမ်းစာတွင် ဖော်ပြထားသော ကျေးကျွန်စနစ်သည် မိမိတို့ခေတ်သစ်အမြင်တွင် မနှစ်မြို့ဘွယ်ဖြစ်နေ စေကာမူ၊ အနောက်တိုင်းလောကတွင်မြင်တွေ့ရသော ကျေးကျွန်စနစ်၏ ရွံမုန်းစရာအလေ့အထများနှင့် လုံးဝမတူပါ။ အနောက်တိုင်းကျေးကျွန်စနစ်သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ညှင်းပန်းနှိပ်စက်မှုတစ်ရပ် သာ ဖြစ်သည်။

ဓမ္မသစ်အသင်းတော်တို့သည် ရောမအခြေခံဥပဒေဘောင် အတွင်း၌သာ လုပ်ဆောင်ခြင်းဖြင့် ကျွန်မွေးမြူရသည်။ "ခေတ်သစ်ကျေးကျွန်စနစ်နှင့် မတူဘဲ၊ ရောမဥပဒေသည် ကျေးကျွန်များအား သိသာထင်ရှားသော အခွင့်အရေးနှင့် အခွင့် လမ်းများကိုပေးအပ်ထားရာထိုစနစ်ကိုဖယ်ရှားရန် ကြိုးပမ်းခြင်းသည်ဖဝ်ဂေလိ တရား၏ တိုးတက်မှုကို အန္တရာယ်ဖြစ်စေနိုင်ခဲ့သည်" —Clinton Wahlen, Biblical Research Institute/Review and Herald Academic, 2020), p. 166.

ရောမဧကရာဇ်နိုင်ငံနှင့် မတူဘဲ အသင်းတော်တွင်မူ ကျွန်၏အရင်ဦး သိနားလည် ရမည့် ရှေးဦး တာဝန်သည် သခင်ဘုရား၌ ဖြစ်သည်။ သခင်တို့သည်လည်း "သင်တို့၏သခင်သည် ကောင်းကင်ဘုံ၌ ရှိတော်မူသည် "ကိုသိရှိလျက်သူတို့အား မျှတစွာ ဆက်ဆံရပါမည် *(ကော ၄း၁)*။ ထပ်မံ၍ ဖိလေမုန်မှ သြနေသိမ်အား ကျွန်သပေါက်အနေ ဖြင့်မဟုတ်တော့ဘဲ ညီအစ်ကိုကဲ့သို့ ဆက်ဆံရန် ပေါလုက တိုက်တွန်းထားသည် *(ဖိ ၁၆)*။ လက်တွေ့တွင်ပင် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်း၏ယုံကြည်သူများကို ထာဝရဘုရား၏ ကျွန်များ ဟုပင် သမုတ်ထားကြပါသည် *(ဆာ၊ ၃၄း၂၂။ လု၊ ၁၇း၁၀။ ၁ပေ၊ ၂း၁၆)*။

အချို့ကျမ်းချက်တို့အား ရေးသားနေသည့် ရိုးရာဓလေ့တို့ကို မိမိတို့ လက်မခံနိုင်သည့်တိုင်၊ သူတို့ရေးသားသော ကျမ်းချက်တို့ကို လက်ခံနေဆဲပါ။ သို့တိုင်အောင် နှုတ်ကပတ်တော်တို့၏ အထက်တွင် မိမိတို့ကိုယ်နှင့် ရိုးရာဓလေ့တို့ကို အထွဋ်တင်ထားနေကြဆဲပါ။ သမ္မာကျမ်းစာမှအဆိုပြုထားသော ခေါင်းစဉ် တစ်ခုခု၏ နိဂုံးချုပ် မရောက်မီ ထိုခေါင်းစဉ်သည်မည်သို့ဆိုလိုသည်ကိုအရင်ဦးကြည့်ရှုရန် သင့်တော်လှ၏။

**ဤအချက်သည် သင့်အသက်တာအား မည်သို့လုပ်ဆောင်စေနိုင်မည်နည်း။ လုပ်ငန်းရှင်ဘောစိ တစ်ဦးသို့မဟုတ် အလုပ်သမားဆစ်ဦးအနေဖြင့် ဤဥပဒေသသည် မည်သို့ထောက်မနိုင်မည်နည်း။**

## အချင်းချင်းဆုတောင်းပေးခြင်း

**ဖတ်ပါ – ကောလောသဲ ၄း၂–၄။ ဤကျမ်းချက်တွင် ဆုတောင်းခြင်းအတွက် မည်သည့်ဥပဒေသတွေ့ရသနည်း။ မည်သည့်ဆုတောင်းခြင်းကို ပေါလုတောင်းဆိုထားသနည်း။**

ပြဿနာအမျိုးမျိုး မိသားစုအရေး၊ ကျန်းမာရေး၊ ငွေကြေးနှင့် အခြားတို့ဖြင့် ရုန်းကန်နေရသောသူ တစ်ဦးအား "ဆုတောင်းပေးတယ်နော်" ဟု သာမန်ပြောဆို ပေးနိုင် ခြင်းသည် အရေးကြီးသောအားပေး စကားများပင် ဖြစ်သည်။ ဤသည်မှာ ကောင်းကင်၏ ရွေးချယ်ထားသော ဆက်သွယ်ခြင်းနှင့် အပြန်အလှန်အကျိုး သက်ရောက်ခြင်း တို့ဖြစ်သည်။ "၎င်းသည် မိမိတို့ဘက်မှ မတောင်းဆိုရသေးသော အရာများကို မိမိတို့၏ ယုံကြည်ခြင်းအားဖြင့် ပေးတော်မူနိုင်ရန် ထာဝရဘုရား၏ ရည်ရွယ်၏ အစီတ်အပိုင်းတစ်ခုဖြစ်သည်" *(အီးဂျီဝိုက်၊ မျက်မှောက်ကာလမှထာဝရကာလသို့။ စာ၊ ၅၂၅)*။

ဆုတောင်းခြင်းကို ဖော်ဆောင်ရာတွင် အကျိုးသက်ရောက်မှုများသော ပေါလု၏ စကား "အမြဲပြု၍၊ လေးနက်စွာ၊ ကျေးဇူးတော်ချီးမွမ်းလျက်၊ စောင့်ရှောက်လျက်" ဆုတောင်းခြင်းသည် ယုံကြည်ခြင်း၏ ဆုတောင်းခြင်းဖြစ်သည် *(ကော ၄း၂)*။ ပေါလုသည် "ကာလအစဉ် ဆုတောင်းလော့" *(ဖေက် ၆း၁၈)*၊ "မခြားမလပ်ဆုတောင်းလော့" ၁ သက် ၅း၁၇) ဟုဆိုသည်။ "ငါတို့သည် ဆုတောင်းသင့်သည်အတိုင်း မည်သို့တောင်းရမည်ကို မသိကြ။ ငါတို့တောင်းသောအမှုကို နှုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည် စောင့်မ၏" *(ရောမ ၈း၂၆)*။

**ဖတ်ပါ – ကောလောသဲ ၄း၃၊ ၄။ သင့်ယုံကြည်ခြင်းကို မျှဝေနိုင်စေရန် မည်သည့် "တရားဟောသော တံခါးကို" ဘုရားသခင် ဖွင့်ပေးသနည်း။**

ပေါလုသည် မှန်ကန်သောစကားလုံးများကိုလည်း တောင်းလျှောက်သေး၏။ ပေါလု ပေးပို့သောစာများနှင့် တမန်တော်ကိုဖတ်ရှုခြင်းဖြင့် ပေါလုသည် အပြောကောင်းသူ၊ ပြောဆိုရမည့် စကားလုံးများအပေါ် သံသယလုံးဝမရှိသူဟု သိရှိရသည်။ သို့တိုင်အောင် သူသည် "ရှင်းလင်းစွာ" *(ကော ၄း၄)* ဟောရမည် အကြောင်း ဆုတောင်းသေး၏။ အလွန်အရေးပါသော ဂရိဝေါဟာရ (*dei*) ကို အဆုံးပိုင်း၌ အသုံးပြုရာ၊ အနက်ဖွင့်ရာတွင် ဧဝံဂေလိတရားတော်ကို ဟောပြောထားသည်နှင့်အညီ "ငါဖော်ပြမည်အကြောင်း" ဟုဆို၏။ ထိုသတင်းစကားကို အမြင့်ဆုံးသော ရောမအစိုးရ ကဲသာ၏မိသားစုအတွင်းထိတိုင် ထိုးဖောက်ပေးပို့ရမည်ကို သူသိနားလည် ထား၏။

"ဆုတောင်းရာတွင် ကာလအစဉ် ဒူးထောက်ရမည်ဟုမဆိုပါ။ သင်အထီးတည်းဖြစ်နေစဉ်၊ သင် လမ်းလျှောက်နေစဉ်၊ နေ့စဉ်လုပ်လုပ်ငန်းဆောင်ရွက်နေစဉ်တွင် မိမိ၏ ကယ်တင်ရှင်နှင့်ဆက်သွယ်ပြောဆိုခြင်း ကို လေ့ကျင့်ထားပါ။ သင်၏ စိတ်နှလုံးကို အလင်း၊ ခွန်အားနှင့် ပညာတို့အတွက် တိတ်ဆိတ်စွာ အကူအညီ တောင်းခံခြင်းဖြင့် မြှင့်တင်ပေးပါ။ အသက်ရှူခြင်းတိုင်းသည် ဆုတောင်းခြင်းဖြစ်စေပါ "အီးဂျီဝိုက်။ *The Ministry of Healing*, pp. 510, 511.

## ပညာနှင့် ကျင့်ဆောင်ခြင်း

ခရစ်ယာန်တို့ သိရှိနိုင်သော အရေးအကြီးဆုံးသမ္မာတရားသည် အဘယ်နည်း။ ၎င်းသည် ယေရှုခရစ် တော်သည် မိမိတို့အပြစ်အတွက် အသေခံခြင်းကို မိမိတို့မှလည်း ယုံကြည်ခြင်းဖြင့် လက်ခံရာမှာ ကယ်တင်ခြင်းပင်ဖြစ်သည်။ ၎င်းသည်လည်း မိမိတို့ ဖာသာမဆောင်ရွက်နိုင်သော သမ္မာတရားလည်းဖြစ်သည်။ သို့တိုင်အောင် မိမိတို့အား ပြောရမည့် ဖော်ပြရမည့် သမ္မာတရားလည်းဖြစ်သည်။ ၎င်းကိုလည်း ထာဝရဘုရား၏ နှုတ် ကပတ်တော်၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

ထာဝရဘုရားကမှ သူ၏နှုတ်ကပတ်တော်၌ ဖော်ပြမပေးခဲ့သော် ကျွန်ုပ်တို့မှ မကြားဘူးရ မသိဘူးရမည့် သမ္မာတရား၊ ဉာဏ်ပညာမြောက်များစွာပင်ရှိ၏။ ထိုဉာဏ်ပညာတို့ကို မိမိတို့အား သိသင့်သိထိုက်သော ဉာဏ်ပညာအဖြစ် ပေးလိုက်သည် မဟုတ်ပါ။ ဤသမ္မာတရား၊ ပညာတို့ကို မိမိတို့အသက်တာ၌ ရှင်သန်ရပါမည်။

**ဖတ်ပါ – ကောလောသဲ ၄း၅၊ ၆။ မည်သည့်အချိန် ဒါမျိုးတွင် "ပညာနှင့်ကျင့်ဆောင်" ရမည်ဟု ပေါလုသည့်ကြား သနည်း။ အဘယ်ကြောင့်ဖြစ်ရမည်နည်း။**

ခရစ်ယာန်များတို့သည် ခရစ်သာဖြစ်ကြသော်လည်း ခရစ်ယာန်မဆန်နိုင်သည်မှာ ဝမ်းနည်းစရာပင် ဖြစ်၏။ ပေါလုသည် ဟောရာ ၅၂း၅ မှ ကောက်နုတ်ကာ၊ ဣသရေလတို့သည် မယုံကြည်သောသူတို့အား ထိမိလဲစရာဖြစ်သည်ဟုဆို၏။ "တပါးအမျိုးသားတို့သည် သင်တို့အကျင့်ကိုထောက်၍ ဘုရားသခင်၏ နာမတော်ကို ကဲ့ရဲ့တတ်ကြ၏" *(ရောမ ၂း၂၄)*။ မိမိတို့နှင့် ယုံကြည်ခြင်းမတူသူတို့အား ပြုမူခြင်းသည် အလွန် အရေးပါ၏ *(တိတု ၂း၅။ ၂ပေ ၂း၂)*။

ခရစ်ယာန်အိမ်ထောင်သည်၊ မကောင်းမှုပြုရန်ထက် ဆုတောင်းရန် လူငယ်များစုဝေးခြင်း၊ ရိုးရှင်းသောကြင်နာမှုများနှင့် အေးချမ်း၍ သည်းခံသောစိတ်ဓာတ်တို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် စစ်မှန်သည် မမှန်သည်ကို စေ့စေ့ကြည့်ရှုနေသူတွေ အတွက် မြောက်များစွာဖော်ပြနေသည်။ ကောလောသဲ ၄း၆ တွင် ပေါလုသည် မိမိတို့ ပြောသောစကားများကို အထူးအာရုံစိုက်ပေးသည်။ "အမြဲတင့်တယ်လျောက်ပတ်ပါစေ" ဟုဆို၏။ သာမန်ကြင်နာ ယဉ်ကျေးခြင်းထက် ပိုသော မိမိတို့၏ ပြောဆိုသော စကားတို့သည် သန့်ရှင်းဝိညာဉ်၏ လွှမ်းမိုးခြင်းဖြင့် ဘုရား၏ကျေးဇူးတော်ကြောင့် လှုံ့ဆော်ခြင်းနှင့် ပြည့်ဝနေရပါမည်။ "ဆားအားဖြင့် ငံ သောအရသာရှိရမည်။"

လောကအမြင်ဖြင့် "ငန်သော" စကားနှင့်ဆန့်ကျင်၍ ကျွန်ုပ်တို့၏ စကားလုံးများသည် သင့်တော်ပြီး နားထောင်သူတို့အား ဆွဲဆောင်မှုရှိရမည်။ "လူအသီးအသီးတို့အား အဘယ်သို့ပြန်ဖြေရမည်ကို သိနိုင်မည်အကြောင်း" ဟူ၏။ မိမိတို့မှ သတင်းပေးပို့ရသည့်သူတို့၏ စိတ်နလုံးအတွက် မှန်သောစကား၊ မှန်သောအချိန်၊ မှန်သော ရည်ရွယ်ချက် အတွက် စကားအသုံးနှုန်းကို ဝိညာဉ်တော်ကသာ ပေးနိုင်စွမ်းသည်။

**သင်၏ပြောစကား၊ သင့်အမူအရာနှင့် လူဝှေ့သူဝှေ့သင်လစ်းလျှောက်ပုံတို့ကို တွေးတောကြည့်ပါ။ သင့် ယုံကြည်ခြင်းနှင့်ပတ်သက်သော မည်သည့်သတင်းကို သင်ပေးပို့၍ ခရစ်ယာန်ဖြစ်ရခြင်းသည် မည်သည့် အနှစ်သာရရှိသနည်း။**

**ထပ်မံစဉ်းစားရန်။** "မိသားစုတစ်စု၏ ကိုယ်စိတ်ချမ်းသာခြင်း၊ အစီစဉ်တကျနေထိုင်ခြင်းနှင့် ပုံမှန်ဖြစ်ခြင်းတို့သည် မိသားစုဝင်တိုင်းတို့၏ ပုံမှန်ထားရှိရမည့် တာဝန် ဝတ္တရားဖြစ်ကြောင်း သိရှိရပါမည်။ အချင်းချင်းမဆန့်ကျင်ရပါ။ အချင်းချင်း အားပေးတိုက်တွန်းခြင်းဖြင့် စည်းလုံးညီညွတ်ကာ ကြင်နာနူးညံ့ခြင်း၊ သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ အေးဆေး တည်ငြိမ်သောအသံဖြင့် ပြောဆိုကာရှုပ်ထွေးခြင်းကို ရှောင်ရှားသင့်သည်။ ထို့အပြင်မိခင်အတွက် ဝန်ထုပ်ဝန်ပိုးများကိုလျှော့ချရန် လူတိုင်းမှတတ်စွမ်းသမျှ အားထုတ်သင့်သနည်း။

မိသားစုဝင်တစ်ဦးချင်းသည် သူတပါးနှင့် ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ထားသော သူ၏တာဝန်ကို နားလည်သင့်သည်။ ခြောက်နှစ်အရွယ်မှစ အထက်လူကြီးအားလုံးတို့သည် ဘဝ၏ဝန်ထုပ်ဝန်ပိုးများကို တာဝန်ယူကာ ထမ်းဆောင်ရန် လိုအပ်ကြောင်း နားလည်သင့်သည်" *(အီးဂျီဝိုက်။ မျှော်လင့်ခြင်းမိသားစု။ စာ၊ ၁၇၉၊ ၁၈၀)*။"

အလင်း၌ရောက်လိုပါက မိမိတို့အိမ်ထောင်၌ ခရစ်တော်ဝင်စေပါ။ အိမ်ထောင်သည်စောင်းပါးရိပ် ခြည်ပြောသည့်အတိုင်း ဖြစ်သင့်သည်။ အိမ်ထောင်သည် လောက၏ ကောင်းကင်ဘုံလေးတစ်ခု ဖြစ်သင့်၏။ ချစ်ခြင်းမေတ္တာရရန် တမင်တကာ ဖိနှိပ်ခြင်းဖြင့်မဟုတ်ဘဲ ပြုစုပျိုးထောင်သောနေရာဖြစ်သင့်သည်။ မိမိတို့၏ ပျော်ရွှင်မှုသည် ဤကဲ့သို့သောမေတ္တာ၊ စာနာမှုနှင့် ယဉ်ကျေးစွာဆက်ဆံခြင်းတို့ကို ပျိုးထောင်ခြင်း အပေါ်မူတည် ၏။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမေ့ထားသင့်ပြီး၊ သူတပါးတို့ထံမှရရှိခဲ့သော ကျေးဇူးများအတွက် ကျေးဇူးတင်ကြောင်းပြသရန် အခွင့်လမ်းများကိုရှာဖွေသင့်သည်။ ထို့အပြင်နူးညံ့သိမ်မွေ့သော ကရုဏာနှင့် မေတ္တာ၏လုပ်ရပ်ငယ်များဖြင့် သူတပါး၏အားပေးခြင်း၊ ဝန်ထုပ်ဝန်ပိုးများလျှော့ချပေးခြင်းနှင့် ဝမ်းနည်းပူဆွေးခြင်းကို သက်သာစေရန် အခွင့်အလမ်းများကို စောင့်ကြည့်သင့်သည်။ ဤစဉ်းစားတွေးခေါ်မှုများသည် မိသားစုမှစတင်သည်ဖြစ်၍ မိသားစုဝိုင်းအပြင်သို့ ပျံ့နှံ့သွားကာ ဘဝ၏ပျော်ရွှင်မှုများကိုဖြည့်ဆည်းပေးသည်။ ဤသေးငယ်သောအရာများကို လှစ်လျူရှုခြင်းသည် ဘဝ၏ ခါးသက်မှုနှင့် ဝမ်းနည်းမှုများဖြစ်ပေါ်စေသည်" *(အီးဂျီဝိုက်။ အသင်းတော်သွဝ်ါဒစာ။ စာ၊ ၅၃၉၊ ၅၄၀)*။

## ဆွေးနွေးရန်မေးခွန်းများ –

**၁** **ဇနီးမောင်နှံများ၏ဆက်ဆံရေးတွင် မည်သည့်ဥပဒေသသည် ထောက်မပေးနိုင်သနည်း။ အပျိုလူပျိုတို့အတွက်ရော မည်သို့အကြံပြု၍ အိမ်ထောင်ရှင်တို့အမြဲရင်ဆိုင်ရသောစိန်ခေါ်မှုများအတွက် မည်သို့အကြံပေးနိုင်မည်နည်း။**

**၂** **မိဘများစွာသည် သူတို့၏သားသမီးများကို ကောင်းသောခရစ်ယာန်အိမ်ထောင်များတွင် ပြုစုပျိုးထောင်ခဲ့ကြသော်လည်း အရွယ်ရောက်လာသောအခါ ၎င်းတို့၏ ယုံကြည်ခြင်းကို ငြင်းပယ်သည်ကို ကြုံတွေ့ရလေ့ရှိသည်။ မည်သည့်အကြံပြုခြင်းနှင့် နှစ်သိမ့်ခြင်းကိုပေးနိုင်မည်နည်း။ မည်သည်တို့ကို ပြောခြင်းသည် သာ၍ကောင်းသနည်း။**

**၃** **"ပညာနှင့်ကျင့်ဆောင်" ခြင်းကိုဆွေးနွေးပါ။ ပညာအားဆန့်ကျင်သော "မိုက်မဲစွာကျင့်ဆောင်ခြင်း" နှင့် နှိုင်းယှဉ်ပါ။ တစ်ခု၌ သင်ကျင့်ဆောင်နေခြင်းနှင့် အခြားတစ်ခု၌ သင်ကျင့်ဆောင်နေခြင်းမှ ခြားနားခြင်းကိုမည်သို့သင်ယူရသနည်း။**

## "ဘာမှမတိုက်ဆိုင်ပါ"

Rene သည် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိပြီးမကြာမီ၊ ADRA တွင် စာရင်းကိုင် အလုပ်လုပ်ရန် ကမ်းလှမ်းမှု ရရှိခဲ့သည်။ ADRA တွင် ၁ နှစ်ခွဲလုပ်ကိုင်ပြီးနောက်၊ သူ သည် SDA အသင်းတော်၏ Cavite Mission တွင် စာရင်းကိုင်အဖြစ် ၈ နှစ် လုပ်ကိုင်ခဲ့သည်။ ဘဝသည် ရိုးရှင်းပြီး သက်တောင့်သက်သာရှိခဲ့သည်။ ငယ်စဉ်က သူသည် Adventist ဖြစ်လာခြင်းသည် ချမ်းသာရန်လမ်းဖြစ်သည်ဟု ထင်ခဲ့ဖူးသည်။ ယခုအခါ သူသည် ချမ်းသာလို စိတ်မရှိတော့ပေ။ ယေရှုဒုတိယအကြိမ်ကြွလာချိန်အထိ အခြားသူများကို အမှုဆောင်လိုရုံ သာဖြစ်၏။

တစ်နေ့တွင်၊ Rene သည် မမျှော်လင့်ဘဲ Adventist အသင်းတော်၏ တောင်အာရှ-ပစိဖိတ်ဌာနခွဲတွင်ပါဝင်ပြီး Cavite Mission ရှိ ဆီလန်မြို့တွင် နှစ်စဉ်သာသနာပြု ရာပေါင်းများစွာကို လေ့ကျင့်ပေးသော 1000 Missionary Movement ၏ အငြိမ်းစား ဘဏ္ဍာရေးမှူး နေရာကို အစားထိုးရန် ဖိတ်ကြားခံရသည်။

Rene သည် သူအိပ်မက်မက်နေသလားဟု တွေးခဲ့သည်။ ခရစ်ယာန်သာသနာပြုများအနက်မှ တစ်ဦးနှင့် ခင်မင်ရင်းနှီးမှုမှတဆင့် ခရစ်တော်အား သူ၏နှလုံးသားကို ပေးဆောင်ခဲ့သော 1000 Missionary Movement ၏ တစ်စိတ်တစ်ပိုင်းဖြစ်လိုခဲ့သည်။

Rodel သည် ယခုအခါ ဖိလစ်ပိုင်နိုင်ငံတွင် သိက္ခာတော်ရ ပုဂ္ဂိုလ်အဖြစ် လုပ်ကိုင်နေပြီး၊ Rene သည် ဘဏ္ဍာရေးမှူးဖြစ်လာသည်။ သို့သော် Rene သည် "ငါဟာ ဘဏ္ဍာရေးမှူး အလုပ်ကို ထမ်းဆောင်နိုင်ပါ့မလား။ ငါက ရိုးရိုးစာရင်းကိုင်တစ်ယောက်ပဲ" ဟု တွေးခဲ့သည်။

Rene သည် နောက်ပြန်မကြည့်တော့ပေ။ သူသည် ဘုရားသခင်အပေါ် သစ္စာရှိခဲ့ရာ၊ ယခင်က ၎င်း၏ယုံကြည်ခြင်းကို မထီမဲ့မြင်ပြုခဲ့သော ဆွေမျိုးများသည် Adventist အသင်းတော်သို့ ဝင်ရောက်လာသည်ကို တွေ့ခဲ့ရသည်။ ဖိလစ်ပိုင်နိုင်ငံသို့ပြန်လာပြီး ၂ လ အကြာ တွင် ၎င်း၏မိဘများသည် နှစ်ခြင်းခံယူခဲ့သည်။ "ဒါက ဘုရားသခင်ရဲ့လက်ဆောင်ပဲ" ဟု သူကပြောသည်။ ၎င်း၏ညီမနှစ်ဦးလည်း နှစ်ခြင်းခံယူခဲ့သည်။

တစ်ဖက်တွင်၊ ပြည်ပ၌လုပ်ကိုင်ခဲ့သော ကုမ္ပဏီသည် ကိုဗစ် - ၁၉ ကပ်ရောဂါ အတွင်း ပြိုလဲခဲ့သည်။ အကယ်၍ သူသည် လစာတိုးမြှင့်မှုကို လက်ခံခဲ့လျှင်၊ အရာအားလုံးကို ဆုံးရှုံးခဲ့ရလိမ့်မည်။ ယနေ့ သူသည် "ငါသည် သင်တို့ကို အကျိုးနည်းစေခြင်းငှာ ကြံစည်သော အကြံမဟုတ်ဘဲ၊ သင်တို့သည် မြော်လင့်သော အကျိုးကိုရမည်အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှာသာ၊ သင်တို့အဘို့ ကြံစည်သော အကြံတို့ကို ငါသိ၏" (ယေရမိ ၂၉း၁၁)။ "ဘာမှမတိုက်ဆိုင်ပါ။ ဘုရားသခင်က ကျွန်ုပ်အတွက် အကြံအစည်တစ်ခုရှိခဲ့သည်" ဟု Rene က ပြောသည်။

---

ဖိလစ်ပိုင်နိုင်ငံ ဆီလန်ရှိ 1000 Missionary Movement ၏ ဌာနချုပ်သည် ၁၉၉၆ တွင် ဆယ့်သုံးပတ်အလှူငွေဖြင့် တည်ဆောက်ခဲ့သည်။ ထိုအလှူငွေကို 1000 Missionary Movement ၏ လုပ်ဆောင်မှု များမှတဆင့် တောင်အာရှ -ပစိဖိတ်ဌာနခွဲနှင့် အခြားနေရာများတွင် ယနေ့ထိ အကျိုးသက်ရောက်နေသည်။ ဤသုံးလပတ်၏ အလှူငွေသည်လည်း ရေရှည်အကျိုးသက် ရောက်မှုရှိနိုင်သည်။ သင်၏ရက်ရောသော အလှူငွေ အတွက် ကျေးဇူးတင်ပါသည်။ ရေနီနှင့် ပတ်သက်သော ဗီဒီယို ကို *bit.ly/Rene-1000MM* တွင် ကြည့်ရှုပါ။



## အပိုင်း ၁၈။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ကောလောသဲ ၄း၆

**လေ့လာမှုဦးတည်ချက်။** ကောလောသဲ ၃း၁၈–၄း၆

ကောလောသဲ ၃း၁၈ – ၄း၁ တွင် အိမ်ထောင်စုဆိုင်ရာ စည်းမျဉ်းများ၏စီးရီးတစ်ခုပါရှိသည်။ ရှင်ပေါလုသည် ခရစ်ယာန်ဇ၀ံဂေလိသတင်းစကားအလင်းတွင် ဇနီးမယားများ၊ ခင်ပွန်းများ၊ သားသမီးများ၊ မိဘများ၊ ကျွန်များနှင့် သခင်များသည် မည်သို့ပြုမူရမည်ကို အကျဉ်းချုံးဖော်ပြသည်။ ကျွန်ုပ်တို့တွေ့ရမည့်အတိုင်း၊ ရှင်ပေါလုသည် ၎င်း၏ဆွေးနွေးမှုတွင် တစ်ဖက်သတ်မဟုတ်ပေ။ သူသည် ဤအုပ်စုအားလုံးအတွက် သတ်မှတ်ထားသော ညွှန်ကြားချက်များရှိပြီး ၎င်းတို့သည် ဘုရားသခင်အပေါ် ၎င်းတို့၏သစ္စာရှိမှုကို သရုပ်ပြရန် ၎င်းတို့၏တာဝန်များကို ဖြည့်ဆည်းရန် မျှော်လင့်သည်။ ထို့ကြောင့်၊ ဇနီးမယားများသည် "သခင်ဘုရား၌ လျောက်ပတ်သည့်အတိုင်း" (ကော ၃း၁၈) ၎င်းတို့၏ ခင်ပွန်းများကို နားထောင်ရမည်။ သားသမီးတို့သည် မိဘ၏စကားကို နားထောင်ရမည်၊ အဘယ်ကြောင့်ဆိုသော် "သခင်ဘုရားနှစ်သက်တော်မူသော အမှုဖြစ်၏" (ကော ၃း၂၀)။ ကျွန်များသည် "သခင်ဘုရားကို ကြောက်ရွံ့လျက်" ၎င်းတို့၏ "လောကီသခင်၏ စကားများကို" နာထောင်ရမည် (ကော ၃း၂၂)။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ၊ "အုပ်စုတစ်ခုစီတွင်၊ ပုံမှန်အားဖြင့် အားနည်းသူဟုယူဆခံရသော ပါတီအား ဦးစွာဖော်ပြထားသည်။ အားနည်းသူအတွက် ညွှန်ကြားချက်များကို အာဏာပိုရှိသူအတွက် သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့် တွဲဖက် ပေးထားသည်။ ရှင်ပေါလုသည် အာဏာရှိသူများအား ၎င်းတို့၏အာဏာကို အလွဲသုံးစား မပြုရန်၊ ယင်းကို ပညာရှိစွာ အသုံးပြုရန် တောင်းဆိုသည်။ ဤအရာသည် အားနည်းသူများအား အာဏာရှိသူများထံ ပိုမိုစိတ်ဆန္ဒရှိစွာ နားထောင်စေလိုသည်။" —Douglas Mangum, ed., "The Christian Home ([Col.] 3:18– 4:1)," *Lexham Context Commentary: New Testament* (Bellingham, WA: Lexham Press, 2020). ဤပြဿနာများကို ကိုင်တွယ်ဖြေရှင်းပြီးနောက် ပေါလုသည် ပြင်ပလူတို့အား ၎င်းတို့၏ယုံကြည်ခြင်းကို တင်ပြခြင်းဖြင့် ခရစ်ယာန်အသင်းဝင်များ ဆုတောင်းခြင်း၊ ဉာဏ်ပညာနှင့် ကျွမ်းကျင်သောအပြောအဆိုများမှတဆင့် ပြင်ပသြဇာလွှမ်းမိုးမှုနှင့် စပ်လျဉ်းသည့် သီးခြားတိုက်တွန်းချက်ဆီသို့ လှည့်သွားခဲ့သည်။

ဤအပတ်၏သင်ခန်းစာသည် အဓိကအကြောင်းအရာ နှစ်ခုကို အလေးပေးသည်။

၁။ မိသားစုနှင့် အလုပ်ဆက်ဆံရေးနှင့်ပတ်သက်သော သမ္မာကျမ်းစာဆိုင်ရာ အခြေခံ မူများ။

၂။ နိုးကြားသော ဆုတောင်းခြင်း၊ ပညာရှိစွာ လှုပ်ရှားခြင်း၊ သိမ်မွေ့သော စကား ပြောဆိုမှုနှင့်ပတ်သက်သော ညွှန်ကြားချက်များ။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

### သမ္မာကျမ်းအခြေခံသော မိသားစုနှင့် အလုပ်ဆက်ဆံရေး

ကောလောသဲ ၃း၁၈–၄း၁ တွင် ပေါလုသည် လူတစ်ဦးစီအတွက် သီးခြားတိုက်တွန်း ချက်များဖြင့် လူ့ဆက်ဆံရေးသုံးတွဲကို မိန့်ခွန်းပြောကြားခဲ့သည်။ မှတ်သားဖွယ် အချက်မှာ ဖော်ပြခဲ့သော ပထမအုပ်စုသည် ဇနီးမောင်နှံများနှင့် သက်ဆိုင်သည်။ အိမ်ထောင်ရေးသည် အခြားလူ့ဆက်ဆံရေးအားလုံး၏ အခြေခံဖြစ်ကြောင်း ပေါလုအလေးပေး ဖော်ပြလိုသောကြောင့် ဤအစီအစဉ်သည် မတော်တဆမဟုတ်ပေ။ အိမ်ထောင်ရေးတွင် အမျိုးသားနှင့် အမျိုးသမီးအကြား ဆက်ဆံရေးသည် အလွန်အရေးကြီးသော အကြောင်းအရာဖြစ်ပြီး၊ ရှင်ပေါလု၏ စာများတစ်လျှောက် အကြိမ်များစွာ ရည်ညွှန်းထားသည် (၁ ကော ၇း၁–၇၊ ၂၇–၃၁။ ၁ ကော ၁၁း၃။ ဖေက် ၅း၂၁–၃၃)။

### ဇနီးများနှင့်ခင်ပွန်းများအကြား ဆက်ဆံရေး

ရှင်ပေါလုက ဇနီးများအား ၎င်းတို့၏ ခင်ပွန်းများကိုနာခံရန် မိန့်မှာချက် (ကော ၃း၁၈) သည် အငြင်းပွားမှုများစွာဖြစ်ပေါ်စေခဲ့သည်။ ဖေက် ၅း၂၂ ရှိ အပြိုင်ကျမ်းပိုဒ်သည် အနီးစပ်ဆုံး တူညီသည်၊ "အချင်းမိန်းမတို့၊ သခင်ဘုရား၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့၊ ကိုယ့်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့။" သို့သော် ဤထုတ်ပြန် ချက်မပြုလုပ်မီ၊ ရှင်ပေါလုသည် ဦးစွာ "ခရစ်တော်ကို ခန့်ညားသောအားဖြင့်၊ အချင်းချင်း တယောက်အောက် တယောက်ကိုယ်ကို နှိမ့်ချလျက် နေကြလော့" (ဖေက် ၅း၂၁) ဟု ဆိုသည်။ ဖေက် ၅း၂၂ ရှိ "ဝန်ခံ" ဟူသော ကြိယာသည် မူရင်းဂရိစာသားတွင် မပါဝင်သော်လည်း၊ ဖေက် ၅း၂၁ တွင် ၎င်း၏ဖြစ်ပေါ်မှုကို အခြေခံ၍ မှန်ကန်စွာ ဖြည့်စွမ်းထားသည်။ ဤပြဋ္ဌာန်းချက်က ဖေက် ၅း၂၂ သည် ဖေက် ၅း၂၁ နှင့် ဆက်စပ်နေပြီး၊ ထိုအကြောင်းအရာအတွင်း အဓိပ္ပာယ် ဖွင့်ဆိုသင့်ကြောင်း ညွှန်ပြသည်။ ထို့ကြောင့် တနည်းအားဖြင့်၊ ဇနီးများသည် ၎င်းတို့၏ ခင်ပွန်းများထံ ဝန်ခံရန် ခေါ်ဝေါ်ခြင်းခံရသလို၊ ခင်ပွန်းများသည်လည်း "ခရစ်တော်ကို ခန့်ညားသောအားဖြင့်" ၎င်းတို့၏ ဇနီးများထံ ဝန်ခံရန် ခေါ်ဝေါ်ခြင်းခံရသည် (ဖေက် ၅း၂၁)။

ဇနီးများအား ၎င်းတို့၏ ခင်ပွန်းများထံ ဝန်ခံရန် ရှင်ပေါလု၏ မိန့်မှာချက်ကို အမျိုးသမီးများ၏ နှိမ့်ကျမှုဟု အဓိပ္ပာယ် မဖွင့်ဆိုသင့်ပါ။ ထိုအစား၊ "ဤတွင် ပါဝင်သည်မှာ ဇနီးသည် သူ၏ခင်ပွန်းထံ ဆန္ဒအလျောက် နာခံရာတွင်၊ ၎င်းကို သခင်ဘုရားထံ နာခံမှုအဖြစ် မြင်ရမည်ဖြစ်သည်၊ အကြောင်းမှာ အိမ်ထောင်ရေး ဆက်ဆံရေးတွင် ခင်ပွန်းသည် သခင်ဘုရားကို ထင်ဟပ်ပြပြီး၊ သူမသည် အသင်းတော်ကို ထင်ဟပ်ပြသည်။" —Andrew T. Lincoln, *Ephesians*, Word Biblical Commentary, vol. 42 (Dallas, TX: Word, Incorporated, 1990), p. 368.

ထူးခြားသည်မှာ၊ ဧဖက်နှင့် ကောလောသဲ နှစ်ကျမ်းစလုံးတွင်၊ ခင်ပွန်းများအား ၎င်းတို့၏ ဇနီးများအပေါ် မျှော်လင့်ထားသော စိတ်ထားသည် တူညီသည်။ "မချင်းယောကျာ်းတို့၊ ကိုယ်ခင်ပွန်းကို ချစ်ကြလော့" (ဧဖက် ၅း၂၅။ ကော ၃း၁၉)။ ဇနီးများအတွက် အမိန့်သည် ပြိုင်တူကျမ်းပိုဒ်များတွင် အနီးစပ်ဆုံး တူညီသည်— "ဇနီးများ၊ သခင်ဘုရားထံသို့ နာခံသကဲ့သို့ သင်တို့၏ ခင်ပွန်းများထံ နာခံကြပါ" (ဧဖက် ၅း၂၂) နှင့် "အချင်းမိန်းမတို့၊ သခင်ဘုရား၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့၊ ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြ လော့ (ကော ၃း၁၈)—သို့သော် ခင်ပွန်းများအတွက် အမိန့်သည် ထူးခြားသော ကွဲပြားမှုကို ပြသသည်။ "အချင်းယောကျာ်းတို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့၊ သင်တို့လည်းကိုယ်ခင်ပွန်းကိုချစ်ကြလော့" (ဧဖက် ၅း၂၅။ ဧဖက် ၅း၂၈ ကိုလည်းကြည့်ပါ)၊ နှင့် "အချင်းယောကျာ်းတို့၊ ကိုယ်ခင်ပွန်းကို ချစ်ကြလော့။ ကြမ်းတမ်းစွာမပြုကြနှင့်" (ကော ၃း၁၉)။ ဧဖက်တွင်၊ ယေရှုသည် အသင်းတော်အတွက် ပြုခဲ့သည့်အတိုင်း စွန့်လွှတ်သော ချစ်ခြင်းမေတ္တာကို ပြသကဲ့သို့ ယောကျာ်းများလည်း ကိုယ်ခင်ပွန်းကိုပြသရန် မျှော်လင့်ထားသည်။

ကောလောသဲတွင်၊ ခင်ပွန်းများအား ၎င်းတို့၏ ဇနီးများကို ချစ်ရန် အမိန့်သည် "ကြမ်းတမ်းစွာမပြုကြနှင့်" ဟူသော ထပ်လောင်းညွှန်ကြားချက်နှင့် တွဲဖက်ထားသည်။ ဂရိစကားလုံး "*pikrainō*" သည် "*pikros*" ဟူသော စကားလုံးနှင့် ဆက်စပ်နေပြီး၊ ၎င်းသည် "အာဃာရှင်ဆန်သော အုပ်ချုပ်မှုကို ပုံမှန်သတ်မှတ်ပေးသော ဝိသေသတစ်ခု" ကို ဖော်ပြရန် အသုံးပြုသည်။—James D. G. Dunn, *The Epistles to the Colossians and to Philemon: A Commentary on the Greek Text*, New International Greek Testament Commentary (Grand Rapids, MI: Carlisle: William B. Eerdmans Publishing; Paternoster Press, 1996), p. 249. ဇနီးများသည် ၎င်းတို့၏ ခင်ပွန်းများထံ ဆန္ဒအလျောက် နာခံရန် မျှော်လင့်ထားပြီး၊ ၎င်းတို့သည် သခင်ဘုရားထံ နာခံသည့်အတိုင်း နာခံရမည်ဖြစ်သည်။

## ကလေးများနှင့် မိဘများအကြား ဆက်ဆံရေး

ရှင်ပေါလု၏ ကလေးများနှင့် မိဘများအတွက် ညွှန်ကြားချက်များသည် ဇနီးမောင်နှံများအတွက် ၎င်း၏ချဉ်းကပ်မှုနှင့်ဆင်တူသော အပြန်အလှန်တာဝန်များကို အခြေခံထားသည်။ ကလေးများအား ၎င်းတို့၏ မိဘများကို နာခံရန် အမိန့်ပေးချက် (ကော ၃း၂၀) သည် ပဉ္စမပညတ်တရားတွင် အမြစ်တွယ်နေသည်။ ဤအခြေခံကို ဧဖက်တွင် ထင်ရှားစွာ တွေ့ရပြီး၊ အနီးစပ်ဆုံး တူညီသော အမိန့်တစ်ခုပေးပြီးနောက် (ဧဖက် ၆း၁)၊ ရှင်ပေါလုသည် ထွက်မြောက်ရာ ၂၀း၁၂ ကို ကိုးကားသည် (ဧဖက် ၆း၂၊ ၃ ကိုကြည့်ပါ)။ ကလေးများသည် ၎င်းတို့၏ မိဘများကို နာခံရုံသာမက ၎င်းတို့အတွက် ဝမ်းမြောက်ခြင်း၏ အရင်းအမြစ် ဖြစ်ရန်လည်း မျှော်လင့်ထားသည် (သုတ္တံ ၁၅:၂၀၊ သုတ္တံ ၂၃:၂၄ စသည်တို့ကို ကြည့်ပါ)။

အပြန်အလှန်အားဖြင့်၊ မိဘများသည် ၎င်းတို့၏ ကလေးများကို စိတ်ဆိုးစေမည့် အရာများ မပြုလုပ်ရပါ။ ရှင်ပေါလုသည် "စိတ်ဆိုးစေခြင်းငှါ" (ကော ၃း၂၁) ဟူသော ဝေါဟာရကို အသုံးပြုခြင်းဖြင့် ဘာကိုဆိုလိုသည်ကို အငြင်းပွားမှုရှိသည်။ သို့သော် အဲလင်ဂျီ ဝှိုက်သည် ကောလောသဲ ၃း၂၁ ၏ စကားလုံးများကို မှတ်ချက်ပြုရာတွင် ၎င်း၏အဓိပ္ပာယ်ကို ထိုးထွင်းသိမြင်မှုပေးသည်။ "မိဘများသည် ကြမ်းတမ်းသော၊ ဒေါသဖြစ်စေသော စကားလုံးများဖြင့် ၎င်းတို့၏ ကလေးများကို စိတ်ဆိုးစေသောအခါ စာတန်သည် အလွန်ကျေနပ်သည်။ ရှင်ပေါလုသည် ဤအချက်နှင့် ပတ်သက်၍ သတိပေးချက်တစ်ခု ပေးထားသည်၊ "အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ ထိုသို့ပြုလျှင်၊ သူတို့သည် အားလျော့စိတ်ပျက်ခြင်းသို့ ရောက်ကြလိမ့်မည်။" သားသမီးတို့သည် အလွန်မှားနိုင်သော်လည်း၊ ၎င်းတို့အပေါ် စိတ်ရှည်သည်းခံမှုကို ဆုံးရှုံးခြင်းဖြင့် သူတို့အား မှန်ကန်သောလမ်းသို့ ဦးဆောင်ပေးနိုင် မည် မဟုတ်ပါ။"— *Advent Review and Sabbath Herald*, January 24, 1907.

## ကျွန်များနှင့် သခင်များအကြား ဆက်ဆံရေး

နောက်ဆုံးတွင်၊ ရှင်ပေါလုသည် ကျွန်များနှင့် သခင်များအကြား ဆက်ဆံရေးကို ဖော်ပြသည်။ ကျွန်များနှင့် သခင်များနှစ်ဦးစလုံးသည် ဘုရားသခင်ရှေ့တွင် ၎င်းတို့၏ တာဝန်များအလိုက် ၎င်းတို့၏ တာဝန်များကို ဖြည့်ဆည်းရန် မျှော်လင့်ထားသည်။ ကျွန်များအား အမိန့်နှစ်ခု ပေးထားသည်။ ပထမဦးစွာ၊ ၎င်းတို့သည် "သခင်ဘုရားကို ကြောက်ရွံ့လျက် လောကီသခင်၏ စကားကို အရာရာ၌ နားထောင်ရမည်" (ကော ၃း၂၂)။ "သခင်ဘုရားကို ကြောက်ရွံ့လျက်" ဟူသော စကားစုသည် ဒုတိယအမိန့်၏အခြေခံအဖြစ် နားလည်ထားပြီး၊ "ဘုရားသခင်ကို ကြောက်ရွံ့သော ကြောင့်" ဖြစ်သည်။ ကျွန်များ သို့မဟုတ် ကျွန်ခံများသည် ၎င်းတို့၏ လောကီသခင်ထံသို့ ဝန်ဆောင်မှုသည် သခင်ယေရှုထံသို့ ဝန်ဆောင်မှုကို ကိုယ်စားပြုကြောင်း သတိထားရမည် (ကော ၃း၂၃၊ ၂၄)။

လူများစွာ ထင်မြင်ပုံနှင့် ဆန့်ကျင်ဘက်အားဖြင့်၊ ပထမရာစုနှစ်ရှိ ကျွန်ပိုင်စနစ်သည် မကြာသေးမီက အနောက်ကမ္ဘာတွင် ကျင့်သုံးခဲ့သော ပုံစံနှင့်များစွာ ကွဲပြားသည်။ ကွဲပြားမှုများတွင် အောက်ပါတို့ ပါဝင်သည်။ ဓမ္မသစ်ကျမ်းခေတ်တွင်၊ "လူမျိုးရေးဆိုင်ရာ အခန်းကဏ္ဍ မပါဝင်ခဲ့ပါ။ ပညာရေးကိုများစွာ အားပေးခဲ့ပြီး (အချို့ကျွန်များသည် ၎င်းတို့၏ ပိုင်ရှင်များထက် ပညာသင်ကောင်းသူများဖြစ်သည်) ၎င်းသည် ကျွန်၏တန်ဖိုးကို မြှင့်တင်ပေးသည်။ ကျွန်များစွာသည် ထိလွယ်ရှလွယ်နှင့် တာဝန်ကြီးမားသော လူမှုဆက်ဆံရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ ကျွန်များသည် ပစ္စည်းဥစ္စာပိုင်ဆိုင်နိုင်သည် (အခြားကျွန်များအပါအဝင်)။ ၎င်းတို့၏ ဘာသာရေးနှင့် ယဉ်ကျေးမှုဓလေ့များသည် လွတ်လပ်စွာ မွေးဖွားသူများနှင့် တူညီသည်။ ကျွန်များ၏ လူထုစုဝေးမှုကို တားမြစ်သည့် ဥပဒေများ မရှိခဲ့ပါ။ နှင့် (အထူးသဖြင့်) မြို့ပြမိသားစုကျွန်များအများစုသည် အသက် ၃၀ တွင် လွတ်မြောက်

ရန် တရားဝင်မျှော်လင့်နိုင်သည်။"— S. Scott Bartchy, "Slavery: New Testament," *The Anchor Yale Bible Dictionary*, ed. David Noel Freedman et al., vol. 6 (New York: Doubleday, 1992), p. 66.

ရှင်ပေါလုသည် မည်သည့်အကြောင်းအရာတွင်မဆို ရွံရှာဖွယ်ကောင်းသော ကျွန်ပိုင်စနစ်ကို တရားဝင်ခွင့်မပြုကြောင်း သတိပြုရန် အရေးကြီးသည်။ သူသည် ပထမရာစုနစ်ယဉ်ကျေးမှု၏ အင်္ဂါရပ်တစ်ခုကို ရိုးရှင်းစွာ အသိအမှတ်ပြုရုံသာဖြစ်သည်။ ပထမရာစုနစ်ရှိ ကျွန်ပိုင်စနစ်ကို ဖျက်သိမ်းခြင်းသည် ကျွန်များကိုယ်တိုင်အတွက်ပင် စီးပွားရေးဆိုင်ရာ ပြင်းထန်သော သက်ရောက်မှုများကို ဖြစ်ပေါ်စေလိမ့်မည်။ ဤအကြောင်းအရာတွင် ရှင်ပေါလုသည် ကျွန်ပိုင်ရှင်များအား ၎င်းတို့အတွက် အလုပ်လုပ်သူများကို တရားမျှတစွာနှင့် မျှတစွာ ဆက်ဆံရန် ပြင်းထန်သော တိုက်တွန်းချက်ကို ပေးထားသည် (ကော ၄း၁)၊ ယနေ့ကျွန်ုပ်တို့အတွက် ၎င်းကို နားလည်ရန် ခက်ခဲသည်။

## သတိထားဆုတောင်းခြင်း၊ ပညာရှိသော လမ်းပြခြင်းနှင့် ကျေးဇူးပြုသော စကားပြောခြင်း

ကောလောသဲ ၄း၂-၆ ရှိ တိုက်တွန်းချက်များသည် မိသားစုနှင့် အလုပ်ဆက်ဆံရေးများအကြောင်း ရှင်ပေါလု၏ ဆွေးနွေးမှုကို ဆက်လက်လိုက်နာထားသည်ကို သတိပြုရမည်ဖြစ်သည်။ ဤအပိုင်းအသစ်တွင်၊ ရှင်ပေါလုက အသင်းတော် အသိုင်းအဝိုင်းသည် ပြင်ပလူထုအတွက် ကောင်းသော သက်သေခံချက်ကို ဆောင်ထားသင့်သည်ဟု စိုးရိမ်ကြောင်းဖွင့်ပြသည်။ ဤအကြောင်းအရာများ၏ အစီအစဉ်က ဧဝံဂေလိတရားသည် ပြင်ပလူများကို လွှမ်းမိုးရန်အတွက်၊ ဦးစွာအသင်းတော် အတွင်းလူများ၊ အထူးသဖြင့် အိမ်ထောင်စုများအတွင်း အပြုအမူကို ပုံဖော်ရမည်ဖြစ်ကြောင်း ညွှန်ပြသည်။ ဤကျမ်းပိုဒ်တွင် ရှင်ပေါလု၏ ညွှန်ကြားချက်များ လအရ၊ ဧဝံဂေလိတရားသည် ပြင်ပလူများထံအား ကောင်းစွာ ရောက်ရှိရန် အဆင့်သုံးဆင့်ကို လိုက်နာရမည်။

**ပထမဦးစွာ၊ သတိထားဆုတောင်းခြင်း** (ကော ၄း၂-၄)။ ကျွန်ုပ်တို့သည် ခရစ်တော်ထံသို့ လူများကို ရောက်ရှိစေလိုပါက၊ ဆုတောင်းခြင်းသည် အကောင်းဆုံး အစပိုင်းဖြစ်သည်။ ပို၍ပင် ဆုတောင်းခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ရှင်ပေါလုသည် အသင်းတော်အား ၎င်းတို့ကိုယ်တိုင်အတွက်သာမက၊ သူနှင့် တိမောသေ အတွက်လည်း ဆုတောင်းပေးရန် တောင်းဆိုခဲ့ပြီး၊ ၎င်းတို့သည် တရားဟောရန် အခွင့်အလမ်းဖွင့်ပေးမည်ဖြစ်သည်။

**ဒုတိယအနေဖြင့်၊ ပညာရှိသောလမ်းပြခြင်း** (ကော ၄း၅)။ New International Version တွင် ဖော်ပြထားသည့်အတိုင်း၊ "ပြင်ပသူများအပေါ် သင်တို့၏ အပြုအမူတွင် ပညာရှိစွာ ပြုမူကြပါ၊ အခွင့်အရေးတိုင်းကို အသုံးချကြပါ။" NKJV တွင် "လမ်းပြခြင်း" ဟု ဘာသာပြန်ထားသော ကြိယာသည် ဓမ္မသစ်ကျမ်းတွင် အပြုအမူကို ညွှန်ပြရန် ပုံမှန်အသုံးပြုသည်။ ၎င်းကို မကြာခဏ "အသက်ရှင်ရန်" သို့မဟုတ် "ပြုမူရန်" ဟု ဘာသာပြန်သည် (ဥပမာ၊ မာကု ၇း၅။

ရောမ ၁၃း၁၃။ ကော ၂း၆ *NIV* ကို ကြည့်ပါ)။

**တတိယအနေဖြင့်၊ ကျေးဇူးပြုသော စကားပြောခြင်း** (ကော ၄း၆)။ ကျေးဇူးပြုသော စကားပြော ခြင်း ဖြင့်၊ ရှင်ပေါလုသည် ယဉ်ကျေးမှု၊ ရိုးဖြူမှုနှင့် ကြင်နာမှုကဲ့သို့သော အရည်အသွေးများကို ဆို လိုပုံရသည်၊ ထို့ကြောင့် ပြင်ပလူများအပေါ် ကောင်းသောအထင်အမြင်ဖြစ်ပေါ်စေပြီး ၎င်း တို့ကို ယေရှု၏ ဧဝံဂေလိတရားဆီသို့ ဆွဲဆောင်နိုင်သည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

အောက်ပါအကြောင်းအရာများကို ဆင်ခြင်သုံးသပ်ပါ။ ထို့နောက် သင့်အတန်းသားများ အား ဤအပိုင်း၏အဆုံးတွင် မေးခွန်းများကို ဖြေဆိုရန် တောင်းဆိုပါ။

"မိသားစုဆိုသည်မှာ အိမ်တစ်မိုးအောက်တွင် နေထိုင်သည့် လူအုပ်စုတစ်စုမျှသာ မဟုတ် ပါ။ ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့်ဆိုလျှင် ဟိုတယ်တစ်ခုခု သို့မဟုတ် အကျဉ်းထောင်ပင် အရည်အချင်းပြည့်မီမည်ဖြစ်သည်။ မိသားစုဆိုသည်မှာ တူညီသော မျိုးရိုးအမည်ကို ဆောင်ထားသည့် လူအုပ်စုမဟုတ်ပါ။ တူညီသော မျိုးရိုးအမည်ရှိ သူများသည် နိုင်ငံတစ် ဝှမ်းတွင် နေထိုင်ပြီး လုံးဝသူစိမ်းများဖြစ်နိုင်သည်။ ... မိသားစုဆိုသည်မှာ လူများသာ မဟုတ်ဘဲ တစ်ညီတစ်ညွတ်ဖြစ်မှု၏ စိတ်ဓာတ်ဖြစ်သည်။ ၎င်းသည် ချစ်ခြင်းမေတ္တာနှင့် တောင့်တမှု၊ ရယ်မောခြင်းနှင့် မျက်ရည်များ၊ ဝမ်းမြောက်ခြင်းနှင့် ဝမ်းနည်းခြင်းကို မျှဝေခြင်း၊ အပြန်အလှန် ရှန်းကန်မှုနှင့် လေးစားမှု၊ ယုံကြည်ခြင်းနှင့် ဝမ်းမြောက်ခြင်းနှင့် ဝမ်းနည်းခြင်း၊ ... ယုံကြည်ခြင်းနှင့် သစ္စာရှိမှု၊ နှင့် တန်ဖိုးရှိသော ရည်မှန်းချက်များကို အတူ တကွ လိုက်စားခြင်းမှ ဖြစ်ပေါ်လာသော စိတ်ဓာတ်ဖြစ်သည်။" — Herschel H. Hobbs, *My Favorite Illustrations* (Nashville, TN: Broadman Press, 1990), p. 98. ကျွန်ုပ်တို့၏ အသင်းတော်များသည် ကျွန်ုပ်တို့၏ အိမ်များ၏ တိုးချဲ့မှုအဖြစ်၊ ချစ်ခြင်းမေတ္တာ၊ နှစ်သိမ့်မှု၊ လေးစားမှုနှင့် နက်ရှိုင်းသော ပိုင်ဆိုင်မှုခံစားချက်ကို ရှာဖွေနိုင် သည့် နေရာများ ဖြစ်သင့်သည်။

ယေရှုဆိုသည်မှာ၊ "သင်တို့သည် အချင်းချင်းတယောက်ကိုတယောက် ချစ်ကြလော့။ ငါသည်သင်တို့ကို ချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့ဟု ပညတ်သစ်ကို ငါပေး၏။ သင်တို့သည် အချင်းချင်းချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကို ထောက်၍ သင်တို့ သည် ငါ၏ တပည့်ဖြစ်သည်ကို သိကြလိမ့်မည်ဟု မိန့်တော်မူ၏" (ယော ၁၃း၃၄၊ ၃၅)။ ဓမ္မသစ်ကျမ်းရေးသူများသည် ၎င်းကို အလွန်အလေးအနက် ထားသည် (ရောမ ၁၃း၈။ ဂလာ ၅း၁၄။ ၁ သက် ၄း၉။ ဟေဗြဲ ၁၃း၁။ ယာကုပ် ၂း၈။ ၁ ပေ ၁း၂၂။ ၁ ပေ ၄း၈။ ၁ ယော ၃း၂၃။ ၂ ယော ၅ ကိုကြည့်ပါ)။ ယေရှုပြုခဲ့သည့်အတိုင်း၊ ရှင်ပေါလုနှင့် ယာကုပ်သည်လည်း

ချစ်ခြင်းမေတ္တာ၏ ကျင့်သုံးမှုကို ပညတ်တရားကို ဖြည့်ဆည်းခြင်းနှင့် ဆက်စပ်ပြသည် (ရောမ ၁၃:၈၊ ၁၀း ဂလာတိ ၅:၁၄း ယာကုပ် ၂:၈ ကိုကြည့်ပါ)။ ကျွန်ုပ်တို့၏ အိမ်ထောင်သည် လူတိုင်း ဆုတောင်းခြင်း၊ သခင်ဘုရားနှင့် ပညာရှိစွာလျှောက်လှမ်းခြင်းနှင့်၊ ကျေးဇူးပြုသော စကားပြောခြင်းမှတဆင့် ဤချစ်ခြင်းမေတ္တာကို ဖွင့်ပြသော နေရာများဖြစ်သင့်သည်။

**မေးခွန်းများ –**

**၁။ သင့်အသင်းတော်သည် သင့်နေအိမ်ကို မည်သို့သောနည်းလမ်းများဖြင့် တိုးချဲ့သနည်း။ သင့်အသင်းတော်သည် ၎င်း၏အဖွဲ့ဝင်များကြားတွင် မိသားစုစိတ်ဓာတ် ပိုမိုမွေးမြူရန် အဘယ်အရာလုပ်ဆောင်နိုင်သနည်း။**

**၂။ တစ်ဦးနှင့်တစ်ဦး ချစ်ခြင်းသည် ကျွန်ုပ်တို့သည် ခရစ်တော်၏ တပည့်များ ဖြစ်ကြောင်း ပြသသည်။ ကျွန်ုပ်တို့၏ အသင်းတော်များနှင့် အိမ်ထောင်စုများသည် ဤချစ်ခြင်းမေတ္တာကို မည်သို့ပို၍ ပြည့်စုံစွာ ဖွင့်ပြနိုင်သနည်း။**

## သင်ခန်းစာ – ၁၃

* မတ် ၂၁ – ၂၇

# ဘုရားသခင် ၏ အလိုတော်တိုင်း၌ရပ်တည်ခြင်း



### ဥပုသ်နေ့မွန်းလွဲပိုင်း

**ဖတ်ရန်ကျမ်းချက်များ။** ကော ၄း၇ – ၁၈။ ဖေက် ၆း ၂၁။ တ ၁၅း၃၆ – ၄၀။ ၂တိ ၄း၁၀၊ ၁၁။ ၂ပေ ၃း၁၀ – ၁၄။ ဟေရှာ ၆၀း၁ – ၃။

**အလွတ်ကျမ်းချက်။** **"အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ အကြောင်းမူကား၊ သင်တို့သည် ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏။"** (၁ သက်သာလောနိတ် ၅း၁၈)

ကောလောသဲ၏နောက်ဆုံးပိုင်းတွင် ပေါလု၏ လုပ်ဖော်ဆောင်ဖက်များ ပါဝင်သော ကွန်ရက်ကိုဖော်ပြထားပါသည်။ တမန်တော်ဝတ္တုတွင် သူသည် ဘာနဘာစ်နှင့် အရင်လက်တွဲခဲ့ပြီး၊ နောက်ပိုင်းတွင် သီလနှင့် ပူးပေါင်းသော သာသနာပြု ခရီးစဉ် သုံးကြိမ် တို့၏ အကျဉ်းချုပ်ကို ဖော်ပြထားသည်။

ဤတစ်ပတ်တွင် ကျွန်ုပ်တို့သည် ပေါလု၏သာသနာပြုခြင်း ဗျူဟာကို လေ့လာကြပါမည်။ ရောမနိုင်ငံ၏အထင်ကရမြို့ကြီးများသို့ ရောက်ရှိနိုင်ရန် အချိန်နှင့်အရင်းအမြစ်များကို ထိရောက်စွာအသုံးပြုခဲ့သည်နည်းတူ၊ ကောလောသဲ၊ လောဒိကိနှင့်ဟိရာပိုလိစသည့်မြို့များသို့ သွားရောက်ရန် အခွင့်မသာခဲ့သောကြောင့်၊ သူ လေ့ကျင့်ထား ပေးခဲ့သော သာမန်အသင်းသားများကိုပျိုးထောင်ပေးခဲ့သည်။

ပေါလုသည် မိမိခရီးစဉ်တွင်း ကိုယ်တိုင်သွားရောက်တွေ့ဆုံခြင်းနှင့် အထူးသဖြင့် အကျဉ်းသားဘဝတွင် မိမိသြဝါဒများမှတစ်ဆင့် လူတွေနှင့် အသင်းတော်များကို စဉ်ဆက်မပြတ် ဆက်သွယ်ပေးနေပါသည်။ ဧဝံဂေလိ၏လုပ်ငန်းသည် ဂျူးလူ၊ သာသနာပခရစ်ယာန်လူ၊ ယောကျ်ားမိန်းမ၊ တုခိတ်၊ အာရိတ္တာခု၊ ယုတ္တု၊ လုကာ နှင့် နိမ်ဖာ အစရှိသော သူတို့ကြောင့် အောင်မြင်သည်ဟုဆိုသည်။ စိတ်ဝင်စားစရာမှာ လောဒိကိသို့ သူရေးသားပေးပို့သော စာတစ်စောင်ရှိခဲ့သည်ကို ကြားရ၏။ ကျွန်ုပ်တို့ထံ ထိုစာမရောက်လာပါ။ ဤနောက်ဆုံးကျမ်းပိုဒ်များတွင် ပေါလုသည် အကြောင်းအရာများစွာကို ထည့်သွင်းရေးသားထားခဲ့သည်။ ၄င်းစာတွင် အာခိပ္ပုအမည်ရှိသူတစ်ဦးအား ပုဂ္ဂိုလ်ရေးအရ တိုက်တွန်း နှိုးဆော်ခြင်းလည်း ပါဝင်သည်။ ပေါလုသည် သူတတ်နိုင် သမျှကာလပတ်လုံး အသင်းတော်များကို ခိုင်မာစေ ရန် တတ်စွမ်းသမျှ ကြိုးစားအား ထုတ် ခဲ့သည်။

* မတ်လ ၂၈ ရက်၊ ဥပုသ်နေ့အတွက်ပြင်ဆင်ဖို့ရန်ယခုအပတ်သင်ခန်းစာကိုလေ့လာပါ။

## ကမ်းလင့်ထောက်ကူခြင်းမှ သင်ခန်းစာများ

ပေါလုထံမှ ဇဝ်ဂေလိတရားဖြန့်ဝေခြင်းအကြောင်းမြောက်များစွာ ကြားရသည်။ သူ၏ခရီးစဉ်သည် မိုင်ပေါင်း ၁၃ ၄၀၀ လောက်ပင်ရှိ၏။ ခြေလျင်ရှောက်ခြင်းနှင့် အကျဉ်းကျခြင်းတို့ဖြင့်ဖြစ်သဖြင့် လွန်စွာအံ့အားသင်ရပေ၏။

ပေါလုသည် စီးပွားရေးအချက်အချာကျသောနေရာ ကောရိန်သု နှင့် ဇေဖက်ဆာစ်မြို့တို့တွင် အတန်ကြာပင် နေခဲ့ရရာ၊ ၄င်းမြို့များမှ ကုန်းတွင်းမြို့များသို့ သတင်းစကားပြန့်သွားရလေ၏။ သူပျိုးထောင်ထားခဲ့သော အသင်းတော်များသို့လည်း ပြန်ရောက်လာကာ ယုံကြည်သူအသစ်များကို ခွန်အားပေးလေ့ရှိ၏။ လူ ကိုယ်တိုင်မသွား ရောက်နိုင်သော်နေရာများသို့ ဩဝါဒစာပေးပို့၏။ ဤနည်းအားဖြင့် သူသည်သတိရ၍ ဂရုစိုက်ကြောင်း ယုံကြည်သူတို့က သိရှိရ၏။

**ဖတ်ပါ – ကောလောသဲ ၄း၇ –၉ နှင့် ဇေဖက် ၆း၂၁။ တုခိတ်အားမည်သို့ဖော်ပြ၍၊ သူရှိနေရာ ကောလောသဲသို့ ဩနေသိမ်ကိုပို့ဆောင်ရခြင်းအကြောင်းတို့သည် အဘယ်တို့နည်း။**

အချို့ကိစ္စတွင် စာဖြင့်ရေးသား သည်ထက် နှုတ်ဖြင့်ပြောဆိုခြင်းသည် ပိုမိုထိရောက်တတ်၏။ ထိုလူနစ်ယောက်တို့သည် ကောလောသဲသို့ မည်သည့် သတင်းများအား သယ်ဆောင်လာသည်မှာ စိတ်ဝင်စားစရာပင်ဖြစ်သည်။ ပေါလု၏ရည်ရွယ်ချက်အရ ထိုအရာတို့သည် နှစ်သိမ့်ခွန်အားပေးနိုင်မည်ဟု ဆိုသည် *(ကော ၄း၇ –၉)*။ ပေါလု၏ အကျဉ်းကျကာလ ၏အခြေအနေတွေလည်းစုံလင်စွာ ပါရှိနိုင်ပါသည်။ ထိုသို့သော ဆက်သွယ်မှုသည် ယုံကြည်သူများအား ချည်နှောင်ထားသော ကိုယ်ရေးကိုယ်တာ ဆက်ဆံရေး ထိန်းသိမ်းရန်လည်း အရေးပါသော နည်းလမ်းတစ်ခုပင် ဖြစ်သည်။

တုခိတ်၏အမည်နာမသည် "မောင်ကံကောင်း" အနက်ရှိ၍ လျှို့ဝှက်အထောက်တော်တစ်ဦးဖြစ်၏။ သူသည် "သစ္စာရှိသောအစေခံ၊ ကျွန်ချင်း" ဖြစ်၍ ပေါလု ရွေးကောက်ထားသော အာရှပြည်သားနှစ်ဦး၊ *(တမန် ၂၀း၄)*။ ယေရုရှလင်မြို့မှ ချို့တဲ့သူတို့ အတွက် အလှူကောက်ရန် ခေါ်ဆောင်လာသူတို့ဖြစ်ကြသည်။ ရောမမြို့တွင် ပေါလု ဒုတိယအကြိမ်အချုပ်ကျချိန်တွင် သူနှင့်ပါလာသူဖြစ်၍ လုပ်ငန်းရှင်သန်စေရန် ဇေဖက်ဆာစ်သို့ ပြန် ပို့ဆောင်ခဲ့ရသူဖြစ်သည် *(၂တိ ၄း၁၂)*။ ကရေတေ၌ တိတုရှိရာသို့ ပို့ဆောင်ခဲ့ရသည်ကိုလည်း ပေါလုမှတွေးတောနေမိသည် *(တိတု ၃း၁၂)*။ သူနှင့်အတူ ပါလာသည်မှာ ရောမတွင်ပေါလုပြောင်းလဲစေသော "သစ္စာရှိသူ" ဩနေသိမ်ဖြစ်၏။

ကောလောသဲရှိ ယုံကြည်သူတို့၏ အခြေအနေကို ပေါလုသိချင်သည်ပုံပေါ်သည်။ တုခိတ်ကိုယ်တိုင် မဟုတ်သည့်တိုင် တစ်ဦးဦးကို စေလွှတ်၍ သတင်းပို့ခြင်းသည် ခဲယဉ်းလှသည် မဟုတ်ပါ။ ဤသည်လည်း ထိုအသင်းတော်ကို ကိုယ်တိုင်မရောက်ခဲ့ဖူးသော်လည်း ထိုယုံကြည်သူတို့အား မေတ္တာနှင့်စိုးရိမ်ကြောင်းဖော်ပြ ခြင်းနည်းလမ်း တစ်ခုဖြစ်သည်။ သူတို့ကိုလည်း ယုံကြည်ခြင်းတွင် ခိုင်မာစေကာ သူတပါးကိုပါ လက်လှမ်းမီ နိုင်ရန် ခွန်အားပေးခြင်းလည်း ဖြစ်သည်။

**ပေါလု၏ရေးပေးစာတို့တွင် လူသား၏တကိုယ်ရေကိစ္စတွေသာမက၊ အနည်းဆုံး သူ၏သာသနာ့ခရီးစဉ်ကို ခိုင်မာစေခြင်းဟု မည်သို့ဆိုနိုင်မည်နည်း။**

## အသင်းတော်ချိတ်ဆက်ခြင်း

အင်တာနက်နှင့် လူမှုကွန်ရက်မှအစ မြောက်များစွာသော အထောက်အကူပစ္စည်းများခြင့် ပြည့်ဝနေသော ဤခေတ်ခါ ကြီးတွင်၊ ပေါလုရင်ဆိုင်ခဲ့ရသော စိန်ခေါ်မှုတို့ကို မြင်ယောင်ကြည့်ရန် ခက်ခဲပါသည်။ ထိုစိန် ခေါ်မှုမှာ၊ အသင်းတော်တို့သည် မိမိတို့၏ ဒေသန္တရအဖွဲ့အစည်းများလောက်ထက် ကြီးမားသော အဖွဲ့အစည်း ဖြစ်သည် ဟု ခံစားရစေရန် ကူညီပေးခြင်းဖြစ်သည်။

**ဖတ်ပါ – ကောလောသဲ ၄း၁၀၊ ၁၁။ လျှို့ဝှက်အထောက်တော်အပြင် အခြားနည်းဖြင့်သတင်းပို့ခြင်း *(ကော ၄း၇ – ၉)* ဖြင့် ပေါလုသည် ချိတ်ဆက်ခွန်အားပေးနေသနည်း။ ဤသြဝါဒစာတွင် ပေါလုဖော်ပြထားသော ပြဿနာတို့အား ကြည့်ရှုခြင်းဖြင့် ထိုနှုတ်ခွန်းဆက်စကားတို့မှ မည်သည့် သတင်းစကားရရှိနိုင်မည်နည်း။**

ထိုနှုတ်ခွန်းဆက်စကားတို့ဖြင့် ပေါလုသည် ယုံကြည်သူအချင်းချင်းတို့အထဲ၌ ချိတ်ဆက်ခြင်းကို ဖန်တီးမွေးမြူပေးသည်။ ဤနေရာတွင် မာကုသည် ဗာနဗ၏ တူဖြစ်သည်ဟု သိရသည်။ ထိုကြောင့်ပေါလုသည် ကောလောသဲသို့ မာကုသွားရမည့် ခရီးစဉ်စီစဉ်ပေးတော့သည်။ အာရိတ္တခုသည် ပေါလုနှင့်အတူ အကျဉ်းကျ သဖြင့် "အကျဉ်းခံရသောမိတ်ဆွေစစ်သည်" ဟုဆိုထားပါသည်။ သူတို့သည် "ဘုရားသခင်၏ စစ်လက်နက်" *(ဧဖက် ၆း၁၁၊ ၁၂)* တို့အားကိုင်ဆောင်သော စစ်သူရဲများဖြစ်၍ စာတန်၏ စစ်သုံ့ပန်းတို့ကို ဘုရားသခင်၏နိုင် ငံတော်အတွက် လွတ်မြောက်စေရန် ဖြစ်သည် *(၂တိ ၂း၁ – ၄)*။ ယေရှုယုတ္တု *(ရှောလု၊ပေါလုတို့ကဲ့သို့ကာရံညီလှသော ဂရိနာမများ)* တို့သည် ဧဝံဂေလိလုပ်ငန်းတွင် ယုံကြည်အားထားရသော လုပ်ဖော်ဆောင်ဖက်အဖြစ် ချီးမွမ်းခံရသူတို့ဖြစ်သည်။

အာရိတ္တခု၊ မာကု နှင့် ယုတ္တုတို့သည် အရေဖြားလှီးသောဂျူးယုံကြည်သူများ ဖြစ်ကြောင်း ပေါလုမှတ် ချက်ချထားသည်။ ဆက်လက်၍ သာသနာပလူ သုံးဦး ဧပဖြ၊ လုကာနှင့် ဒီမာစ် *(ကော ၄း၁၂ – ၁၄)* တို့ကို ဖော်ပြသွားသည်။ အသင်းတော်အတွင်း ဂျူးလူနှင့်သာသနာပလူတို့အကြား တင်းမာမှုအချို့ရှိသည်တိုင်၊ ထိုလုပ် ဖော်ဆောင်ဖက်တို့သည် စည်းလုံးညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့သည်မှ မှတ်သားလောက်၏။ ပေါလုသည် "သာလျှင်" ဟုဆိုခြင်းဖြင့် သူ၏ ဆင်းရဲဒုက္ခတွင် ဂျူးခရစ်ယာန်များ ပိုမိုပါဝင်ရပ်တည်မှုမရှိခြင်းအတွက် စိတ်မကောင်းဖြစ်နေသည်ကို ညွှန်းဆိုနေပုံရသည်။

လွန်ခဲ့သောနှစ်အနည်းငယ်က ပေါလုနှင့်ဗာနာဗတို့၏ ပထမဆုံး သာသနာခရီးစဉ်ကတည်းက သူတို့ ကိုစွန့်ခွာခဲ့သော ဂျွန်မာကု *(တ ၁၃း၁၃)* သည် ယခုအချိန်ခါတွင် သစ္စာရှိရုံသာမက ပေါလုအတွက် "နှစ်သိမ့်မှု" တစ်ခုဖြစ်ကြောင်း သက်သေပြနေသည် *(တ ၁၅း၃၆ – ၄၀)*။ ညီညွတ်မှုကိုခြိမ်းခြောက်နေသောအရာများသည် အသစ်အဆန်းတွေမဟုတ်ပါ။ မကြာမီနှစ်များတွင် မြော်လင့်ခြင်းအသင်းတော်သည် ကမ္ဘာတဝှမ်းသို့ ပျံ့နှံ့လာသည်နှင့်အမျှကြီးမားသောပြောင်းလဲမှုများကို ကြုံတွေ့ခဲ့ရပြီး၊ ညီညွတ်မှုများကို ထိပါးနေသော အင်အားများလည်း ရှိခဲ့သည်။ ထိုညီညွတ်မှုအပေါ် ဖိစီးမှုကို အသင်းတော်၏ အဆင့်တိုင်းတွင် ခံစားရနိုင်ပါသည်။

**အသင်းတော်ထဲတွင် ညီညွတ်မှုအား ထိပါးနေသောအရာများကို မည်ကဲ့သို့လျှော့ချနိုင်မည်နည်း။ နယ်ဒေသအဆင့်တွင် တင်းမာမှုများကို မည်သို့ပြုပြင်ရမည်နည်း။**

# ပြည့်စုံ၍စုံလင်စွာရပ်တည်ခြင်း

ရည်ရွယ်ချက်ဦးတည်သောဘဝနှင့် ရည်ရွယ်ချက်ဦးတည်သော အသင်းတော် အကြောင်း စာအုပ်များရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ ရည်ရွယ်ချက်ဦးတည်ခြင်းသည် လုံးဝမှန်ကန်ခြင်းမရှိသည်တိုင် အရေးပါသော လုပ်ငန်းတာဝန်တစ်စုံကို ပြီးမြောက်ရန် ရှင်းလင်းသောရည်ရွယ်ချက်ကို အာရုံစိုက်ရပါမည်။ ပေါလု နှင့် သူ၏ လုပ်ဖော်ဆောင်ဖက်တို့၏အသက်တာနှင့် သာသနာ့လုပ်ငန်းတို့သည် ဤအာရုံကို နမူနာ ယူသည် *(ဖိ ၃း၁၃၊ ၁၄)*။ ရလဒ်တို့သည် မိမိကိုယ်ကိုဖော်ပြနေသည်။ ရောမနိုင်ငံအနှံ့မက၊ ထိုထက်ကျော်လွန်၍ ဧဝံ ဂေလိတရားသည် လျင်မြန်စွာ ပျံ့နှံ့ခဲ့သည် *(ကော ၁း၂၃)*။ ယနေ့တွင်လည်း ထိုအာရုံစိုက်မှုမျိုးလိုအပ်နေ သည်။

**ဖတ်ပါ – ကောလောသဲ ၄း၁၂၊ ၁၃။ မည်သည့်ရည်ရွယ်ချက်ဖော်ပြထား၍ မည်သို့ပြည့်စုံစေရမည်နည်း။**

ပြီးခဲ့သောသင်ခန်းစာတစ်ခုတွင် ဧပေဖြသည် ကောလောသဲမြို့ လောဒီကိမြို့နှင့် ဟေရပေါလိမြို့တို့၌ ဧဝံဂေလိတရားပျံ့နှံ့ခြင်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ဖွယ်ရှိ၏ *(သင် – ၁)*။ သူ၏နှုတ်ခွန်းဆက်စကားနှင့် ဆုတောင်းခြင်းတို့သည် အသင်းတော် နှင့် ယုံကြည်သူများတို့အား ကြီးစွာသောခွန်အားပေးလေသည်။ ဧပေဖြ၏ ဆုတောင်းခြင်းသည် ကောလောသဲလူတို့သည် "စုံလင်လျက် ဘုရားသခင်၏အလိုတော်ကို လေ့ကျက်လျက် တည်ကြည်မည်အကြောင်း" *(ကော ၄း၁၂)* ဟူသော ရှင်းလင်းသော အာရုံရှိသည်။ သူ၏ကြွယ်ဝသော ဆုတောင်းခြင်း အစိတ်အပိုင်းများကို တွေးတော ကြည့်ကြစို့။

ရပ်တည်။ ဝေါဟာရအရ မြဲမြံစွာ မရွေ့မလျော့ရပ်တည်ခြင်း၊ ယုံကြည်ခြင်းနှင့် ဧဝံဂေလိသမ္မာတရား၌ "တိုက်မြစ်ကျ၍တည်ကြည်ခြင်း" *(ကော ၁း၂၃)*။ ထိုဝေါဟာရနှင့် အလားတူစွာ ပေါလုသည် မကြာခဏအ သုံးပြုရာ "မာရ်နတ်၏ပရိယာယ်" *(ဧဖက် ၆း၁၁)* တို့ကို တားဆီးနိုင်မည့်အကြောင်း "သခင်ဘုရား၏ လက်နက်စုံ" ဖြင့် မှောက်မိုက်ကိုအစိုးရသောမင်းတို့ကို တိုက်ခိုက်နေကြရပါသည် *(ဧ ၆း၁၀ – ၁၈။ ၂တိ ၂း၁၉)*။

စုံလင်။ စုံလင်ခြင်းသို့ "*ရောက်*" *(ဖိ ၃း၁၂ – ၁၅)* ရသည်ဟု မဆိုလိုသူတို့အား ဤဝေါဟာရသည် ဝိသေသစုံလင်ခြင်းကို အမြင့်ဆုံးသောဆက်ကပ်ခြင်းမေတ္တာဖြင့် ဖော်ပြသွားသည် *(မ ၅း၄၄၊ ၄၈)*။

ပြည့်စုံ။ ဤဝေါဟာရသည်အရာတစ်ခုကို လက်စသတ်ပြီးဆုံးစေခြင်းဖြစ် သည်။ အာဗြဟံအား ဘုရားသခင်မှ ကတိထားမော်မူသည်အတိုင်း "စွဲလန်းစေသည်" *(ရောမ ၄း၂၁)* ဟုလည်း အသုံးပြုသည်။ ပေါလုသည် "ဒေသနာတော်ကို အကုန်အစင်ဟောပြော" *(၂တိ ၄း၁၇)* ရမည်အကြောင်း သခင်ဘုရားသည် ခွန်အားပေးတော်မူ၏။

ဘုရား၏အလိုတော်အကုန်အစင်။ "အကုန်အစင်" ဟူသည်မှာ ခြုံငုံခြင်းဖြစ်သည်။ ကောလောသဲ လူတို့သည် ထာဝရဘုရားကို သိကျွမ်းခြင်းဖြင့် "သခင်ဘုရားနှင့် ထိုက်လျောက်စွာကျင့်၍ အရာရာ၌ နှစ်သက် တော်မူစေခြင်းငှါ" *(ကော ၁း၉၊ ၁၀)* သခင်၏ "ဘုန်းကြီးသောတန်ခိုးတော်" *(ကော၊ ၁း ၁၁)* နှင့် ပြည်စုံရန် ပေါလု ဆုတောင်း၏။

## လောကဘ၌နေထိုင်၍ဥင်းနှင့်မဆိုင်

**ဖတ်ပါ – ကောင့၁၄၊ ၁၅နှင့် ၂တိ၄း၁၀၊ ၁၁။ လုကာနှင့်ဒီမာစ်တို့သည်မည်သို့ကွာဟသနည်း။**

တမန်တော် ယောဟန်သည် "လောကကိုင်း လောက၌ ရှိသောအရာကိုင်း မချစ်ကြနှင့်။ လောကကို ချစ်သောသူမည်သည်ကား ခမည်းတော်ကို ချစ်ခြင်း မေတ္တာမရှိ" *(၁ယော ၂း၁၅)*။ ယေရှုနှင့် သူ၏နိုင်ငံ တော်အား လုကာ၏ ချစ်ခြင်းမေတ္တာသည်၊ ဒီမာစ်ကလည်း ဤကမ္ဘာထက် လာမည့်ကမ္ဘာကိုချစ်မြတ်နိုးသည် အတိုင်းဖြစ်၍ ပေါလုနှင့် အတူ အဆုံးတိုင်တည်ကြည်စေသည်။

**အောက်ပါ ကျမ်းချက်တို့ကိုဖတ်ပါ။ ဒုတိယအကြိမ်ကြွလာခြင်းကို စောင့်မျှော်နေသူတို့အား မည်သို့ အကြံပြုထားသနည်း။**

၁။ မာကု ၁၃း၃၂-၃၇ ____________________________

________________________________________

၂။ တိတု ၂း၁၁-၁၄ ____________________________

________________________________________

၃။ ၂ပေ ၃း၁၀-၁၄ ____________________________

________________________________________

၄။ ဗျာ ၃း၁၇-၂၁ ____________________________

________________________________________

သခင်ဘုရားကြွလာသောအခါ ကျွန်ုပ်တို့သည် အံ့အားသင့်ခြင်းမရှိစေရန် သတိဝီရိယနှင့် "စောင့်" နေရန် ယေရှုမှာကြားထားသည်။ ယေရှုမှာကြားထားသည်အတိုင်း "ဆုတောင်းစောင့်နေခြင်း" (မာကု ၁၄း၃၈) မပြုနိုင်သူတို့သည် လိုအပ်သည်များကို ပြင်ဆင်နိုင်ခြင်းမရှိပါ။ မိမိတို့သည် သခင်နှစ်ဦးအစေကို မခံနိုင် သဖြင့် မိမိတို့၏ စိတ်ထဲရှိသည့်အတိုင်း ဖြစ်လာရတော့မည်ဖြစ်သည်။

လောဒိကိလူတို့ထံသို့ပေးသော သတင်းစကားတွင် ယေရှုသည် ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ရှေးဦးစွာ မိမိတို့အပြစ်ကို နောင်တရကြရပါမည်။ ဒုတိယ၊ မိမိတို့ စိတ်နလုံးတံခါးကို ဖွင့်ကာ ယေရှုကိုဝင်စေ၍ အုပ်စိုးစေရမည်။ တတိယ၊ စုံစမ်းနှောက်ယှက်ခြင်းများတို့ကို အောင်မြင်သဖြင့် မီးဖြင့်စစ်ဆေးထားသော ရွှေစင်ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာကို ရရှိစေလိမ့် မည်။

**မည်သည့်တိကျသောအရာကို သင့်အသက်တာ၌ ယေရှုသည် နောင်တရစေလိုသနည်း။ သူ၏ မည်သည့် ပြဌာန်းညွှန်ကြားချက်သည် သင့်အတွက် အရေးအပါဆုံးဖြစ်မည်နည်း။**

## လောဒိကီအတွက်သတင်းတစ်ခု

**ဖတ်ပါ – ကော ၄း၁၆ – ၁၈ နှင့် ကော ၂း၁ – ၃။ လောဒိကီအတွက်သတင်းစကားကို တွေးကြည့်ပါ။ ပေါလု ခေတ်၏လောဒိကီအသင်းတော်သည် ကောလောသဲအသင်းတော်နှင့် မည်သို့ဆက်နွှယ်နေခြင်းများရှိ သနည်း။**

ခေတ်အဆက်ဆက် ထာဝရဘုရားလူတို့၏ခေတ်ကာလတွင် ထိုပြဿနာသည် ဆက်ခါဆက်ခါ ဖြစ်ပျက်ခဲ့၏။ ဣသရေလတို့သည် လောကလူတို့ကဲ့သို့ ဝတ်ပြုကိုးကွယ်လိုကြသည်ဆိုကာ ပုရောဖက်တို့မှလည်း နောက်မကြမီ နောင်တရရန် ဆုံးမထားသည်။ ဟောရှာယသည်လွှမ်းဆွတ်ပူဆွေးရာတွင် "သစ္စာရှိသောမြို့သည် အဘယ်သို့မျောက်မထားပြန်သနည်း" *(ဟော ၁း၂၁)* ဟုဆိုကာ ဘုရားသခင်၏အပြစ်လွှတ်ခြင်းနှင့် သန့်စင်ခြင်းအတွက် ပြန်လှည့်လာရန် တိုက်တွန်းသည် *(ဟော ၁း၁၆–၂၀)*။ နှစ်ခြင်းဆရာယောဟန် (မ ၃း၂၊ ၈–၁၀) နှင့် ယေရှု (မ ၄း၁၇။ မ ၁၂း၃၃–၃၇) တို့သည် နောင်တရ အသီးသီး၍ နောက်ဆုံးသောနေ့ရက်၏ တရားစီရင်ရာတွင် မြဲမြံရမည် အကြောင်း ဣသရေလအား တိုက်တွန်း ထားပါသည်။ တမန်တော်ကြီး ပေါလုသည်လည်း ထိုသတင်းရှိ၏ (တ ၂း၃၈။ တ ၃း ၁၉။ တ ၁၇း၃၀။ ၂ကော ၇း၉၊ ၁၀)။

**အောက်ပါ ကျမ်းချက်တို့ကို နှိုင်းယှဉ်ကြည့်ပါ။** *(ဟော ၆၀း၁–၃ နှင့် ဗျာ ၁၈း၁–၄။ ဟော ၆၂း၁–၅ နှင့် ဗျာ ၁၉း၇၊ ၈)*။ **ထိုစာအုပ်နှစ်အုပ်တို့သည် မည်သည့်အလားတူသော သတင်းစကား ရှိသနည်း။**

ထာဝရဘုရားသည် ကောင်းကင်နှင့် မြေကြီးကို ပေါင်းစပ်ပေးလိမ့်မည်။ သို့သော် စကြာဝဠာ၏ကြီး စွာသောမဟာတိုက်ပွဲကြီးကြောင့် အဆင့်ဆင့်သာဖြစ်ရပါမည်။

၁။ ကရာနီ၌ စာတန်သည် ကောင်းကင်သားတို့၏ ချစ်ခင်တွယ်တာမှုကို ဆုံးရှုံးခဲ့ပြီ *(ယော ၁၂း၃၁)*။

၂။ ကောင်းကင်ဗိမာန်တော်တွင် ခရစ်တော်၏ တရားစီရင်ခြင်းဖြင့် ဘုရာ၏ လူတို့သည် "မိမိနှစ်သက်တော်မူသောအမှုအရာကို ယေရှုခရစ်တော်အားဖြင့် သင်တို့၌ ပြုတော်မူ၍" *(ဟေ ၁၃း၂၁)* ကောင်းကင်နှင့် ထိုက်တန်စေတော်မူသည်။

၃။ နှစ်တစ်ထောင်တရားစီရင်ရာ နှင့် နှစ်တစ်ထောင်ပြီး နောက်ဆုံးတရား စီရင်ခြင်းတွင် မေးခွန်းအားလုံး ရှင်းလင်းသွားခဲ့ပြီဖြစ်၍ နောင်တမရသော အပြစ်သားတို့သည် ထာဝရမီးအိုင်တွင် ဖျက်ဆီးခြင်းခံကြရရာ ထိုမီး သည် ကမ္ဘာကြီးကိုပါ ဆေးကြော သန့်စင်သည် *(ဗျာ ၂၀း၈)*။

၄။ အပြစ်၏ အဆုံးသတ်ခြင်း ရှိမှသာလျှင် ကောင်းကင်နှင့်မြေကြီး ပေါင်းစပ်ရပြီလေ *(ဗျာ ၂၁း၃)*။

**သူတစ်ပါးအားမကြည့်ဘဲလျက် မိမိကိုယ်တိုင်သည် ဘုရားပေးထားသော သမ္မာတရား၌ တည်မြဲရန် မည်သည်တို့ကို ပြုနိုင်မည်နည်း။ သင်၏စိတ်နှလုံးကို အမှန်တကယ်ပိုင်ဆိုင်သောသူမှ ဖော်ပြသောအရာများ တွင် မည်သည့်ရွေးချယ်မှုကို သင်ပြုသနည်း။**

**ထပ်မံစဉ်းစားရန်။** "ခရစ်တော်ထံ စိတ်နှလုံးအပ်နှံသောဝိညာဉ်သည် သူ၏ ကိုယ်ပိုင် ခံတပ်ဖြစ်လာ၍၊ ဤလောက၏ ထိုခံတပ်အားပုန်ကန်မှုကြောင့် ခရစ်တော်သည် ထိုခံတပ်တွင် တပ်စွဲကာ၊ သူ၏အချုပ်အခြာအာဏာမှတပါး အခြား မည်သည့်အာဏာမျှ မရှိ စေရန် ရည်ရွယ်ထားသည်။ ကောင်းကင်တမန်များ၏ ထိန်းသိမ်းခြင်းခံရသော ဝိညာဉ်တို့သည် စာတန်၏တိုက်ခိုက်ခြင်းဖြင့် မည်သို့မျှ မထိခိုက်နိုင်ပါ။ သို့တိုင်အောင် ခရစ်တော်၏ ထိန်းချုပ်မှုကို မခံယူပါက၊ ဆိုးညစ်သောသူ၏ဩဇာလွှမ်းမိုးခြင်းကိုပင် ခံရမည်ဖြစ်သည်။ လောက၏အထွတ်အထိပ် သို့ရောက်ရန် ယှဉ်ပြိုင်နေသော အာဏာကြီး နှစ်ရပ်အနက် တစ်ခုခု၏ ထိန်းချုပ်မှုကို မိမိတို့သည် မလွဲမသွေ ခံယူရပါမည်။ အမှောင်ထုနိုင်ငံ၏ ဩဇာလွှမ်းမိုးခြင်းအောက်သို့ရောက်ရန် သူ၏အမှုအားတမင်တကာ ရွေးချယ်ရန်ပင် မလိုအပ်ပါ။ အလင်းနိုင်ငံတော်နှင့် ပေါင်းဖက်ခြင်းကို မေ့လျော့ခြင်းသည်ပင် လုံလောက်သည်။ ကောင်းကင်သားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါက၊ မိမိတို့၏ စိတ်နှလုံးကိုစာတန်သည် သိမ်းပိုက်ပြီး သူ၏နေရပ်အဖြစ်ပြုလုပ်လိမ့်မည်။ မကောင်းမှုကို ခုခံကာကွယ်ရန် စေခုတည်းသောနည်းလမ်းသည် ခရစ် တော်၏ ဖြောင့်မတ်ခြင်းကို ယုံကြည်ခြင်းဖြင့် မိမိစိတ်နှလုံးထဲတွင် ကိန်းနေစေခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မြဲမြံသောဆက်သွယ်မှုမရှိပါက၊ ကိုယ်ကျိုးငဲ့ခြင်း၊ ကိုယ်အလိုသို့လိုက်၍အပြစ်၏ ဖြားယောင်းသွေးဆောင်ခြင်းတို့၏ ဆိုးကျိုးတို့ကို ကြံ့ကြံ့ခံနိုင်မည်မဟုတ်ပါ။ စာတန်နှင့် လမ်းခွဲနိုင်ရန် အကျင့်ဆိုးများစွာတို့ကို စွန့်လွှတ်ရပါမည်။ ဘုရားသခင်နှင့် မြဲမြံစွာဆက်သွယ်ခြင်းမပြုဘဲ ၊ တဒင်္ဂ တိုင်း ဘုရားထံဆက်ကပ်ခြင်းမရှိပါက မိမိတို့သည် ရှုံးနိမ့်ရပါမည်။ ခရစ်တော်အားဖြင့် တကိုယ်ရေမသိကျွမ်းခြင်း၊ ပုံမှန် ဆက်သွယ်ခြင်းမရှိပါက၊ မိမိတို့သည် ရန်သူ၏ ကျေးကျွန်တရားအောက်၌ တည်၍ နောက်ဆုံးတွင် သူ၏အလိုကိုသာလိုက်လျှောက်ရပါလိမ့်မည်" *(အိုးဂျီဂိုက်။ ထာဝရလိုအင် သက်တော်စဉ်။ စာ၊ ၃၂၄)*။

## ဆွေးနွေးရန်မေးခွန်းများ –

**၁** **အီးဂျိဂိုက်၏စာများကိုကြည့်ပါ။ မဟာတိုက်ပွဲတွင် နှစ်ဦးနှစ်ဘက်ရှိ၍ မိမိတို့အသိစိတ်ဖြင့် ခရစ်တော်ကိုမရွေးချယ်ထားပါက စာတန်ဘက်၌ ပါသွားလိမ့်မည် (လု၊ ၁၁း ၂၃)။ ထိုအယူအဆသည် မိမိတို့၏ခံစားချက်ကို မည်မျှပင်ကသိကအောက်ဖြစ်စေကာမူ ၊ သမ္မာတရားသည်မိမိတို့၏ ခံစားချက်ကို ကသိကအောက်မဖြစ်စေခြင်းဂရုစိုက်ရန် တာဝန်ရှိသည်မဟုတ်ပါ။ သင့်လိုအင်ဆန္ဒကို ခရစ်တော်အား အပ်နှံရန် အရေးကြီးကြောင်း ဤအမှန်တရားသည်မည်သို့ဖော်ပြပေးနေသနည်း။**

**၂** **ဗျာ၊ ၁၄း ၁၄ – ၁၆ ဖတ်ပါ။ ဧဝံဂေလိ၏မျိုးစေ့ကို ပင်တေကုတ္တေတွင် အရင်မိုးသည် အညှောက်ထွက်လာစေကာ ကြီးထွားစေ၍ ၊ နောက်မိုးသည်လည်း လောကကြီးကို နောက်ဆုံးရိတ်သိမ်းနိုင်ရန် ပြင်ဆင်ပေးသည်။ ဗျာ၊ ၁၄း ၁၂ သည် ဤမျှော်မှန်းခြင်းနှင့် မည်သို့ဆက်စပ်သနည်း။**

**၃** **ယုံကြည်သူ အသင်းတော်အလိုက်ဖြစ်စေ လူတစ်ကိုယ်ရေဖြစ်စေ မိမိတို့၏ပတ်ဝန်းကျင်လောက၏ ရိုးရာတို့၏ဩဇာလွှမ်းမိုးမှု မည်သို့ရှိသနည်း။ ဘုရားသခင်၏လူတို့အား အစဉ်မပြတ် ဒုက္ခပေးနေသော ဤလောက၏ဆိုးသွမ်းသော ဩဇာအရှိန်အဝါမှ မိမိကိုယ်ကို မည်သို့ကာကွယ်နိုင်မည်နည်း။**

# ခိုးယူခံရသော သမ္မာကျမ်းစာသည် ဘုရားကျောင်းတစ်ဆောင်ကို တည်ထောင်ပေးသည်

၂၀၂၁ ခုနှစ်တွင် Papua New Guinea ရှိ ကျေးရွာငါးရွာကြားတွင် လူမျိုးစုစစ်ပွဲများဖြစ်ပွားခဲ့သည်။ Kemefa ဟု ခေါ်သော ရွာတစ်ရွာတွင် အိမ်များစွာ မီးလောင်ခံရပြီး ပစ္စည်းများလုယက်ခံခဲ့ရသည်။ အနည်းဆုံး လူ ၁၆ ဦး သေဆုံးခဲ့သည်။

ပဋိပက္ခများကြားတွင်၊ စစ်သည် Abuni Ane သည် Kemefa SDA ဘုရားကျောင်းသို့ ဝင်ရောက်ပြီး သမ္မာကျမ်းစာတစ်အုပ်ကို ခိုးယူပြီး ၎င်း၏ရွာ Orege သို့ ယူဆောင်ခဲ့သည်။

ပဋိပက္ခများ ပြီးဆုံးပြီးနောက်၊ အဘူနီသည် ခိုးယူခဲ့သော သမ္မာကျမ်းစာကို ဖတ်ရှုရင်း စိတ်နှလုံး ထိမိခဲ့သည်။ လအနည်းငယ်ကြာပြီးနောက်၊ SDA သင်းအုပ်ဆရာတစ်ဦး အဘူနီ ၏ ရွာသို့ လည်ပတ်လာခဲ့သည်။ အဘူနီသည် ခိုးယူခဲ့သော သမ္မာကျမ်းစာကို ထုတ်ပြ ပြီး သင်းအုပ်ဆရာ Dicks Neheza ထံသို့ ဖြစ်ပျက်ခဲ့သည်များကို ရှင်းပြခဲ့သည်။

သင်းအုပ်ဆရာနှင့် အဘူနီသည် အိုရာဂီတွင် အိမ်တွင်းဘုရားကျောင်းတစ်ခု ထူထောင်ခဲ့ပြီး၊ မကြာမီတွင် အဘူနီသည် ဗတ္တိဇံခံယူရန် ဆုံးဖြတ်ခဲ့သည်။ သူ၏ဗတ္တိဇံအခမ်းအနားတွင်၊ အဘူနီသည် သူသမ္မာကျမ်းစာခိုးယူခဲ့သော ကီမီဖာ ဘုရား ကျောင်းမှ တက်ရောက်လာသော သင်းသားများထံ သူ၏ဇာတ်လမ်းကို မျှဝေခဲ့သည်။ သူသည် ၎င်းတို့ထံမှ ခွင့်လွှတ်မှု တောင်းခံခဲ့ပြီး၊ သမ္မာကျမ်းစာကို ဘုရားကျောင်း၏ အကြီးအကဲထံ ပြန်လည် ပေးအပ်ခဲ့သည်။

ဘုရားကျောင်း၏ အကြီးအကဲသည် အဘူနီကို ခွင့်လွှတ်ကြောင်း၊ သမ္မာကျမ်းစာကို ဆက်လက်ထိန်းသိမ်းထားရန်နှင့်၊ ဓမ္မသီချင်းစာအုပ်တစ်အုပ်ကို လက်ဆောင်အဖြစ် ပေးခဲ့သည်။ သမ္မာကျမ်းစာကို ဆက်လက်ဖတ်ရှုရန်၊ ဘုရားသခင်ကို ချီးမွမ်း သီချင်းဆိုရန်နှင့် အိုရာဂီတွင် ဘုရားကျောင်း တစ်ဆောင်ကို တည်ဆောက်ရန် အားပေး ခဲ့သည်။

အဘူနီသည် ချက်ချင်း လုပ်ဆောင်ခဲ့သည်။ နောက်နေ့တွင်၊ သူနှင့်သူငယ်ချင်း နှစ်ဦးသည်ဘုရားကျောင်းအဆောက်အအုံအတွက် သစ်သားများ စုဆောင်းရန် တောထဲသို့ သွားခဲ့သည်။ သင်းအုပ်ဆရာ နီဟီဇာသည် လက်သမား ကိရိယာများ ယူဆောင်လာခဲ့သည်။ ထိုနေ့တွင် အိုရာဂီတွင် တည်ထောင်သူအဖွဲ့ဝင် ၃ ဦးဖြင့် ဘုရား ကျောင်းကို ဖွင့်လှစ်ခဲ့သည်။ ထိုအချိန်မှစ၍ ဘုရားကျောင်းသည် အဖွဲ့ဝင် ၁၈ ဦးအထိ တိုးပွား လာခဲ့ပြီး၊ ၂၀၂၄ ခုနှစ်တွင် "*PNG for Christ*" ဧဝံဂေလိတရားဟောပြပွဲများအတွင်း ဗတ္တိဇံ ခံယူသူ ၈ ဦး ပါဝင်သည်။

သင်းအုပ်ဆရာ နီဟီဇာသည် လူမျိုးစုစစ်ပွဲနှင့် ခိုးယူခံရသော သမ္မာကျမ်းစာကြောင့် ဘုရားကျောင်းတစ်ခု ဖြစ်ပေါ်လာသည်ကို အံ့သြခဲ့သည်။ ပထမဆောက်လုပ်ထားသော အဆောက်အအုံသည် ယခုအခါ သေးငယ် လွန်းပြီး၊ ပိုမိုကြီးမားသော အဆောက်အအုံ တစ်ခု တည်ဆောက်ရန် အစီအစဉ်များ ရှိနေသည်ဟု ပြောကြားခဲ့သည်။



သင်တို့၏ အပတ်စဉ် သာသနာ့အလှူငွေများသည် ပါပူဝါနယူးဂီနီနှင့် ကမ္ဘာ တစ်ဝှမ်းရှိ ဘုရားကျောင်းစိုက်ပျိုးမှုကို ထောက်ပံ့ပေးသည်။ ဤသုံးလပတ် အလှူငွေသည် ပါပူဝါနယူးဂီနီ အပါအဝင် တောင်ပစိဖိတ်ဒေသသို့ သွားမည် ဖြစ်သည်။ ဤဥပုသ်နေ့တွင် သင်တို့၏ ရက်ရောသော လှူဒါန်းမှု အတွက် ကျေးဇူးတင်ပါ သည်။

## အပိုင်း ၁။ ခြုံငုံသုံးသပ်ချက်

**အဓိကကျမ်းချက်။** ၁ သက်သာလောနိတ် ၅း၁၈

**လေ့လာမှုဦးတည်ချက်။** ကောလောသဲ ၄း၇–၁၈

ကောလောသဲအသင်းတော်ရှိ အသင်းသားများနှင့်ပတ်သက်၍ ပေါလု၏ဆန္ဒသည် ၎င်းတို့အား "စုံလင်၍ပြည့်စုံ" ရန်ဖြစ်သည် (ကော ၄း၁၂)။ တုခိတ်နှင့် သြနေသိမ် တို့သည် ချစ်လှစွာသော ညီအစ်ကိုများဖြစ်သည် (ကော ၄း၇၊ ၉)။ လုကာသည် ချစ်လှစွာသော ဆရာဝန်ဖြစ်သည် (ကော ၄း၁၄)။ ပေါလု၏ နှလုံးသည် ချစ်ခြင်းမေတ္တာဖြင့် လျှံထွက်နေသည်။ သူ၏ လုပ်ဖော်ကိုင်ဖက်များအတွက် သူ၏ချစ်ခြင်းမေတ္တာသည် ဘုရားကျောင်းအတွက် သူ၏ ချစ်ခြင်းမေတ္တာကို ကိုယ်စားပြုသည်။ သူ၏ပရိသတ်အတွက် သူ၏ချစ်ခြင်းမေတ္တာနှင့် စိုးရိမ်မှုသည် ၎င်းတို့၏အခြေအနေများကို သိရှိလိုပြီး ၎င်းတို့ကို နှစ်သိမ့်ပေးလိုသည့် သူ၏ဆန္ဒကို ဖော်ပြသည် (ကော ၄း၈)။

ပေါလု၏ ကောလောသဲရှိ အသင်းသားများ အတွက်ဆန္ဒမှာ ၎င်းတို့သည် "စုံလင်လျက်" ရန်ဖြစ်သည် (ကော ၄း၁၂)။ ထို့အတွက်ကြောင့် သူနှင့်တွဲလုပ်ရန် "အိပ်မက်အဖွဲ့" ကို စုဆောင်းခဲ့သည်။ အမှန်မှာ၊ ကောလောသဲ ၄း၇ – ၁၄ သည် တိုက်ပွဲအားလုံးတွင် အရေးအကြီးဆုံး၊ ဝိညာဉ်ရေးစစ်ပွဲတွင် ပါဝင်နေသည့် ရဲရင့်သောစရစ်ယာန်စစ်သည်များ၏ ချီတက်နေသောယူနစ်တစ်ခုပါဝင်သည့် ချီတက်ပွဲတစ်ခုဖြစ်သည်။ ပေါလုက သာသနာ့လုပ်ငန်းသည် အဖွဲ့လိုက်လုပ်ဆောင်မှုဖြစ်သည်ဟု သွန်သင်သည်။ ကောလောသဲမြို့ရှိ အသင်းတော်အတွက် ၎င်းတို့၏ လုပ်ဆောင်မှုတွင် တုခိတ်နှင့် သြနေသိမ်တို့သည် ပေးကမ်းရန်၊ သတင်းအချက်အလက်ရယူရန် ပေါလုစေလွှတ်သော ရှေ့ဆုံးတွင် ပေါ်လာသည် (ကော ၄း၇ – ၉)။ သို့ရာတွင်၊ ပေါလု၏အခြားလုပ်ဖော် ကိုင်ဖက်များသည်လည်း ကောလောသဲရှိအသင်းဝင်များထံ လေးနက်စွာ ကတိသစ္စာပြုကြ၏ (ကော ၄း၁၀ – ၁၄)။

ဤအပတ် သင်ခန်းစာသည် အဓိက အကြောင်းအရာ သုံးခုကို အလေးပေးထားသည်။

၁။ သာသနာ့လုပ်ငန်းသည် လူများစွာ၏ အနီးကပ်ဆက်နွယ်မှုဖြင့် အတူတကွ လုပ်ဆောင်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။

၂။ သာသနာ့လုပ်ငန်းသည် ပူးပေါင်း အားထုတ်မှု တစ်ခုဖြစ်သောကြောင့် အသင်းတော် ခေါင်းဆောင်များနှင့် သာသနာပြုများသည် "စုံလင်၍ပြည့်စုံ" (ကော ၄း၁၂) ရန် ဤရည်ရွယ်ချက်ကို ရှင်းလင်းစွာ စိတ်ထဲထားပြီး လုပ်ဆောင်ရမည်ဖြစ်သည်။

၃။ ယေရှုအတွက် နက်ရှိုင်းသော ချစ်ခြင်းမေတ္တာသည် ဤလောက၏စံနှုန်းများနှင့် ၎င်းကိုဖော်ပြသော ရုပ်ဝါဒဖြင့် အပေးအယူလုပ်ရန် ဖြစ်နိုင်ခြေအားလုံးကို ဖယ်ရှားပေးသည်။

## အပိုင်း ၂။ အနက်ဖွင့်ကျမ်း

# သာသနာပြုမှုတွင် အဖွဲ့လိုက်လုပ်ဆောင်မှု ပါဝင်သည်

အဖွဲ့လိုက်လုပ်ဆောင်ခြင်း၏ အရေးကြီးပုံကို ယေရှု မီးမောင်းထိုးပြခဲ့သည်။ ဥပမာအားဖြင့်၊ ရှင်လုကာ ၅ တွင်၊ သူသည် "အိုင်နားမှာ လှေနှစ်စင်းမြင်သော်လည်း တံငါသည်တို့သည် ထွက်သွား၍ ပိုက်ကွန်ဆေးနေကြ" သော ဂနေသရက်အိုင်တွင် ယေရှု၏ပုံပြင်ကို ကျွန်ုပ်တို့ တွေ့မြင်ရသည် (လု ၅း၁၊ ၂)။ ဤလူများသည် ငါးမဖမ်းနိုင်ခဲ့သဖြင့် ငါးဖမ်းခြင်းကို စွန့်လွှတ်ခဲ့ကြသည်။ ယေရှုက ၎င်းတို့အား ပိုက်ကွန်များကို ထပ်မံချရန် "ငါးဖမ်းရန်" ဟု မိန့်တော်မူခဲ့သည် (လု ၅း၄)။ ရုတ်တရက်၊ "အလွန်များစွာသော ငါးတို့ကို အုပ်မိသဖြင့် ပိုက်ကွန်သည် စုတ်ပျတ်စရှိ၏" (လု ၅း၆)။ ထို့ကြောင့်၊ လှေတစ်စင်းပေါ်ရှိသူများသည် "အခြားသော လှေတစင်း၌ ရှိသော အပေါင်းအဘော်တို့သည်လာ၍ကူညီစေခြင်းငှါ သူတို့ကို အမှတ်ပေးသဖြင့်၊" (လု ၅း၇)။ ဤသည်မှာ ၎င်းတို့အတွက်ရော ကျွန်ုပ်တို့အတွက်ပါ အားကောင်းသော သင်ခန်းစာဖြစ်သည်။ ယခုယေရှုသည် သင်သည်ယခုမှစ၍ လူတို့ကိုဘမ်းမိသောသူ ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏" (လု ၅း၁၀)။

ကောလောသဲ ၄း၇-၁၄ သည် ပေါလု၏ အဖွဲ့လိုက်လုပ်ဆောင်မှုအပေါ် သန္နိဋ္ဌာန်ကို ဖော်ပြသည် (၁ကော ၃း၅-၉ ကိုလည်းကြည့်ပါ)။ သူသည် သူ၏သာသနာပြုလုပ်ငန်းများတွင် တစ်ဦးတည်းမဟုတ်ခဲ့ပါ။ ကောလောသဲ၏ ဤကျမ်းပိုဒ်တွင်၊ တမန်တော်သည် လူ ပုဂ္ဂိုလ်ကိုးဦးပါဝင်သော သာသနာပြုအဖွဲ့တစ်ဖွဲ့ကို ဖော်ပြသည်။ ၎င်းတို့၏ ဧဝံဂေလိ သာသနာပြုမှုတွင် ပါဝင်မှုကို သူမည်သို့ဖော်ပြသည်မှ တန်ဖိုးရှိသော ထိုးထွင်းသိမြင်မှုများကို ရရှိနိုင်သည်။

| | | |
|---|---|---|
| တုခိတ် | ၁။ ချစ်မြတ်နိုးသော ညီးအစ်ကို<br>၂။ သစ္စာရှိသော ဓမ္မဆရာ<br>၃။ သခင်ဘုရား၌အတူအမှုထမ်းဖော် | ကော လောသဲ ၄း၇ |
| သြနေသိမ် | ၁။ သစ္စာရှိသော (ညီအစ်ကို)<br>၂။ ချစ်မြတ်နိုးသော ညီအစ်ကို<br>၃။ သင်တို့ထဲမှ တစ်ဦး | ကောလောသဲ ၄း၉ |
| အာရိတ္တာခု | ၁။ ပေါလု၏ အတူအကျဉ်းခံဖော် | ကောလောသဲ ၄း၁၀ |
| မာကု | ၁။ ဗာနဗပ်၏ ဝမ်းကွဲညီအစ်ကို | ကောလောသဲ ၄း၁၀ |

| | | |
|---|---|---|
| ဗာနဗပ် | ဖော်ပြချက်မရှိ – လူသိများသောပုဂ္ဂိုလ် | ကောလောသဲ ၄း၁၀ |
| ယေရှု | ၁။ ယုတ္တုပဟုခေါ်သည် | ကောလောသဲ ၄း၁၁ |
| ဧပဖြ | ၁။ သင်တို့ထဲမှ တစ်ဦး<br>၂။ ခရစ်တော်၏ ကျွန်ခံ<br>၃။ သင်တို့အတွက်ဆုတောင်းရာတွင် အမြဲတစိုက်ကြိုးစားလုပ်ဆောင်သည်။<br>၄။ သူသည် သင်တို့အတွက် စိတ်အား ထက်သန်မှု ကြီးမားစွာရှိသည်။ | ကောလောသဲ ၄း၁၂၊ ၁၃ |
| လုကာ | ၁။ ချစ်မြတ်နိုးသော ဆရာဝန် | ကောလောသဲ ၄း၁၄ |
| ဒေမ | ဗဖော်ပြချက်မရှိ | ကောလောသဲ ၄း၁၄ |

ဤဇယားသည် ပေါလုတွင် "အိပ်မက်အဖွဲ့" တစ်ဖွဲ့ရှိခဲ့ကြောင်း ဖော်ပြသည်။ သာသနာပြု လုပ်ငန်းသည် တစ်ဦးတည်းလုပ်ဆောင်မှု မဟုတ်ပါ။ သာသနာပြုလုပ်ငန်းတွင် ပါဝင်သူ ပိုမိုများပြားလေ၊ ရလဒ်များ ပိုမိုကောင်းမွန်လေဖြစ်သည်။ သို့သော်၊ "ယုတ္တုပဟုခေါ်သော ယေရှု" (ကော ၄း၁၁) ကဲ့သို့ အမည်မသိ သာသနာပြု အတွက်လည်း နေရာရှိသည်။ ဤကျမ်းပိုဒ်သည် ဓမ္မသစ်ကျမ်းတစ်ခုလုံးတွင် သူဖော်ပြခံရသည့် တစ်ခုတည်းသော နေရာဖြစ်သည်။ စိတ်ဝင်စားစရာမှာ၊ ပေါလုသည် ဒေမအကြောင်းဘာမှမပြောခဲ့ပါ (ကော ၄း၁၄)။ ဒေမသည် ယုံကြည်ခြင်းမှ တဖြည်းဖြည်း လွှဲပြောင်းသွားနေပြီဖြစ်နိုင်သည်ဟု ပေါလုက ၂တိမောသေ ၄း၁၀ တွင် ဖော်ပြထားသည့်အတိုင်း၊ ပေါလု၏ တိတ်ဆိတ်နေမှုသည် ဖော်ပြစရာအပြုသဘော မရှိခြင်းကြောင့် ဖြစ်နိုင်သည်။ ပေါလု၏ သာသနာပြုအဖွဲ့တွင် ဂျူးနှင့် တစ်ပါးအမျိုးသား နောက်ခံမှ လူများပါဝင်သည်ကို သတိပြုစရာဖြစ်သည်။ ယုံကြည်ခြင်း၏ စည်းလုံး ညီညွတ်မှုတွင် ကွဲပြားမှုများ ပျော်ဝင်သွားသည်။

**ထပ်မံမှတ်ချက်အချို့ကို ပြုလုပ်နိုင်သည် –**

ပထမဦးစွာ၊ တုခိတ်နှင့်သြနေသိမ်တို့သည် ချစ်လှစွာသောနှင့် သစ္စာရှိသူများအဖြစ် ဖော်ပြခံရသည်။

ဒုတိယအနေဖြင့်၊ သြနေသိမ်နှင့်ဧပဖြတို့သည် "သင်တို့ထဲမှ တစ်ဦး" ဖြစ်သည်၊ ဆိုလိုသည်မှာ ၎င်းတို့သည် ကောလောသဲအသင်းတော်၏ အဖွဲ့ဝင်များဖြစ်သည်။

တတိယအနေဖြင့်၊ ဧပေဖြသည် "ခရစ်တော်၏ ကျွန်"၊ ဆုတောင်းသူနှင့် အသင်းတော်အတွက် စိတ်အားထက်သန်မှုကြီးမားသူအဖြစ် ထပ်မံဖော်ပြခံရသည်။ ကောလောသဲမှ မရှိသော်လည်း၊ ဧပေဖြ သည် ၎င်းတို့အတွက် "အမြဲတစေ အားထုတ်လုပ်ဆောင်နေသည်" (ကော ၄း၁၂)။ ဤသဘောထားမှ တန်ဖိုးရှိသော သင်ခန်းစာတစ်ခုကို သင်ယူနိုင်သည်။ လူတစ်ဦးသည် ကိုယ်တိုင်ကိုယ်ကျ မကူညီနိုင်သောအခါ၊ ဆုတောင်းနိုင်သည်။

စတုတ္ထအနေဖြင့်၊ ဤလူအချို့သည် တမန်တော်ကျမ်းတွင် ပေါလု၏ခရီးဖော်များအဖြစ် ပေါ်ထွက်လာသည် *(Aristarchus [e.g., Acts 19:29; Acts 20:4, 5; Acts 27:2]; Tychicus [e.g., Acts 20:4]; Barnabas [e.g., Acts 12:25, Acts 13:1–15, Acts 14:19–28])*.

ပဉ္စမအနေဖြင့်၊ ဩနေသိမ်သည် အသစ်သက်ဝင်ယုံကြည်သူ (ဖိလမုန် ၁၀) ကို ထည့်သွင်းခြင်းသည် ပေါလုသည် ဓမ္မအမှုဆောင်မှုအတွက် လူများကို လေ့ကျင့်ပေးရန် စိတ်ဝင်စားပြီး ၎င်းတို့သည် သူ၏ အတူလုပ်ဆောင်သူများဖြစ်လာစေရန် ရည်ရွယ်ကြောင်း ဖော်ပြသည် (ကော ၄း၁၁)။

ဆဋ္ဌမအနေဖြင့်၊ ပေါလုသည် အစပိုင်းတွင် သာသနာပြုမှုတွင် တုံ့ဆိုင်းနေသော မာကုအား ဒုတိယအခွင့်အရေးပေးရန် မလိုလားခဲ့သော်လည်း (တမန် ၁၅း၃၈)၊ နောက်ပိုင်းတွင် ပြန်လည်စဉ်းစားခဲ့ပြီး (ကော ၄း၁၀။ ၂တိ ၄း၁၁)၊ အချိန်ကြာလာသည်နှင့်အမျှ ၎င်းကို သူ၏ အတူလုပ်ဆောင်သူအဖြစ် ခေါ်ဆိုခဲ့သည် (ဖိလမုန် ၂၄)။

သတ္တမအနေဖြင့်၊ ပေါလု၏ ချစ်ခြင်းမေတ္တာဖော်ပြမှုများနှင့် သူ၏အတူလုပ်ဆောင်သူများထံမှ အသင်းတော်သို့ ပေးပို့သော နှုတ်ဆက်စကားများသည် အသင်းတော် ခေါင်းဆောင်များနှင့် အသင်းသားများအကြား မိတ်ဆွေဖြစ်မှုကို ပြုစုပျိုးထောင် ပေးခဲ့သည်။

## စုံလင်မှုနှင့် ပြီးမြောက်မှု

၎င်းတို့၏အလုပ်တွင်၊ ခရစ်ယာန်ခေါင်းဆောင်များသည် အသင်းသားများအား ယုံကြည်ခြင်းတွင် ကြီးထွားရန်နှင့် ဘုရားသခင်၏ အလိုတော်နှင့် အပြည့်အဝ လိုက်လျောညီထွေဖြစ်စေရန် ရည်မှန်းချက်တစ်ခုကို အာရုံစိုက်ရမည်။ ၎င်းတို့အတွက် "စုံလင်လျက်" လုပ်ဆောင်ပြီး ဆုတောင်းရမည် (ကော ၄း၁၂)။ ပထမ အကြည့်တွင်၊ ဤဝေါဟာရများသည် ပေါလုသည် အပြစ်ကင်းစင်မှု သို့မဟုတ် ပြည့်စုံသော စုံလင်မှုကို ထောက်ခံသည်ဟူသော မမှန်ကန်သော အထင်အမြင်ကို ဖြစ်ပေါ်စေနိုင်သော်လည်း၊ ထိုသို့မဟုတ်ပါ။ "စုံလင်" ဟု ဘာသာပြန်ဆိုထားသော ဂရိစကားလုံး *teleios* သည် "ရင့်ကျက်သည်" ဟူသော အဓိပ္ပာယ်သက်ရောက်နိုင်သည် (၁ကော ၂း၆။ ၁ကော ၁၄း၂၀။ ဖိလိပ္ပိ ၃း၁၅)။ ထို့အပြင်၊ "ပြီးမြောက်" ဟု ဘာသာပြန်ဆိုထားသော ဂရိစကားလုံး *plēroō* သည်၊ လူများအပေါ် အသုံးပြုသောအခါ၊ ဘုရားသခင်က တစ်ဦးတစ်ယောက်ကို ဝိညာဉ်ရေး ကောင်းကြီးများဖြင့် ဖြည့်ဆည်း ပေးခြင်းကို ရည်ညွှန်းသည် (တမန် ၂း၂၈။ ရောမ ၁၅း၁၃ ကိုကြည့်ပါ)။ ဧဖက် ၄း၁၃ တွင်၊ ပေါလုသည် "ယုံကြည်ခြင်း၏ စည်းလုံးမှု နှင့် ဘုရားသခင် ၏ သားတော်

ကို သိရှိခြင်း" သည် "စုံလင်၊ ရင့်ကျက် (*teleios*)" သော လူ" ကို ဖြစ်ပေါ်စေသည်ဟု ဖော်ပြသည်။

ပေါလုသည် ကောလောသဲအသင်းသားများအား ခရစ်တော်နှင့်တူသော စရိုက်ကို ဖွံ့ဖြိုးစေလိုသည်။ သူ၏စာတွင် အစောပိုင်းတွင်၊ ဤအကြောင်းနှင့်ပတ်သက်၍ သူ၏စိုးရိမ်မှုကို ထုတ်ဖော်ခဲ့သည် (ကော ၂း၆၊ ၇)။ ခရစ်တော်နှင့်တူသော နေထိုင်မှုပုံစံတွင် "ဘုရားသခင်ကို သိသော ဉာဏ်တိုးပွါးခြင်း ရှိသဖြင့်၎င်း၊" ပါဝင်သည် (ကော ၁း၁၀)။ ၎င်းတွင် "သခင်ဘုရားနှင့်ထိုက်တန်စွာ လျှောက်လှမ်းခြင်း၊" သူ့ကို နှစ်သက်စေခြင်း၊ "အကျင့်ကောင်းတိုင်းတွင် အောင်မြင်ခြင်း" နှင့် "ဘုရားသခင် ကိုသိသော ဉာဏ်တိုးပွါးခြင်း ရှိသဖြင့်၎င်း" တို့ပါဝင်သည် (ကော ၁း၁၀)။ ဝိညာဉ်ရေးရင့်ကျက်မှု၏ ထပ်ဆောင်းလက္ခဏာများကို ကောလောသဲ ၂း၂ တွင် အလေးပေးထားပြီး၊ ပေါလုသည် "ချစ်ခြင်းမေတ္တာဖြင့် ပေါင်းစည်းခြင်း" နှင့် "နားလည်မှု၏ ပြည့်စုံသော စည်းစိမ်အားလုံးကို ရရှိရန်" အကြောင်း ပြောဆိုသည်။ အနှစ်ချုပ်အားဖြင့်၊ ပေါလုက ဟောပြောခြင်း၏ ရည်မှန်းချက်သည် "လူတိုင်းကို ခရစ်တော်တွင် စုံလင်စေရန်" ဖြစ်သည်ဟု ဆိုသည် (ကော ၁း၂၈။ ကော ၁း၂၉ ကိုလည်း ကြည့်ပါ)။

## ပစ္စည်းဥစ္စာဝါဒဆန့်ကျင်သည့် သတိပေးချက်

ခရစ်ယာန်များသည် လောကီတန်ဖိုးများ သို့မဟုတ် ၎င်းကိုသတ်မှတ်ထားသော ရုပ်ဝါဒနှင့် မလိုက်လျောသင့်ကြောင်း သမ္မာကျမ်းစာက သွန်သင်သည် (ရောမ ၁၂း၂)။ သို့သော်၊ ဒေမသည် ဤလောကကို ချစ်မြတ်နိုးခြင်း၏ ထောင်ချောက်ထဲသို့ ကျရောက်ခဲ့သည် (၂တိ ၄း၁၀)။ ရောမ ၁၂း၂ နှင့် ၂တိ ၄း၁၀ တွင် "လောက" ဟု ဘာသာပြန်ဆိုထားသော ဂရိစကားလုံး *aiōn* သည် "လောကီလူ့အဖွဲ့အစည်းနှင့် ဆက်နွယ်သော အလေ့အကျင့်များနှင့် စံနှုန်းများ၏ စနစ်" ကို ရည်ညွှန်းသည်။—Johannes P. Louw and Eugene Albert Nida, *Greek-English Lexicon of the New Testament: Based on Semantic Domains*, vol. 1 (New York: United Bible Societies, 1996), p. 507.

*aiōn* အပြင်၊ ဤလောက၏ မကောင်းသော တန်ဖိုးများနှင့် စနစ်များကို ရည်ညွှန်းရန် *kosmos* ဟူသော ဝေါဟာရကို မကြာခဏအသုံးပြုသည်။ ဥပမာ၊ ၁ ယော ၂း၁၆ တွင်၊ တမန်တော်ယောဟန်သည် ဤလောကစနစ်၏လည်ပတ်ပုံအား အကျဉ်းချုပ်ဖော်ပြရန် စကားစု သုံးခုကို အသုံးပြုသည်- "ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီ စည်းစိမ်၌ဝါကြွားခြင်း။" ပညာရှင်များသည် ဤလောကီတပ်မက်မှုနှင့် မာနထောင်လွှားမှု၏ သုံးမျိုးပေါင်းစပ်မှုသည် ပစ္စည်းဥစ္စာဝါဒဆန့်ကျင်သည့် ပြင်းထန်သော သတိပေးချက်ဖြစ်သည်ဟု သဘောတူကြသည်။ ပေါလုသည် "ယခုခေတ် [*aiōn*]" နှင့် ပတ်သက်၍ ဤသို့သော အဆိုးမြင်အမြင်ကို ကိုင်စွဲထားသည်မှာ အံ့ဩစရာမဟုတ်ပါ၊ ယေရှုသည် "ဆိုးညစ်သော ဤပစ္စုပ္ပန် ဘဝမှ ငါတို့ကို ကယ်နုတ်ခြင်းငှာ၊ ငါတို့အပြစ်ကြောင့်

ကိုယ်ကို ကိုယ်အပ်ပေးတော်မူ၏" ဟု အလေးပေးထားသည် (ဂလာ ၁း၄)။ ၁ တိ ၆း၁၇ တွင်၊ ပေါလုသည် "ဤဘဝ၌ ငွေရတတ်သောသူတို့သည် မာန်မာန စိတ်နှင့် ကင်းလွတ်၍၊ မမြဲသော စည်းစိမ်ကို မကိုးစားဘဲ၊ ငါတို့ခံစားဘို့ရာ အလုံးစုံတို့ကိုကြွယ်ဝစွာ ပေးသနားတော် မူသော၊ အသက်ရှင်တော်မူသော ဘုရားသခင်ကို ကိုးစာရမည်အကြောင်းနှင့်" ဟူသော ရှင်းလင်းသော အမိန့်ကို ပေးသည်။

တိတု ၂း၁၂ တွင်၊ တမန်တော်က ခရစ်ယာန်များသည် "ဘုရားမဲ့ တရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းများကို" ငြင်းပယ်ပြီး "ယခုခေတ်တွင်" သတိရှိစွာ၊ ဖြောင့်မတ်စွာ နှင့် ဘုရားသခင့်အလိုတော်နှင့်အညီ နေထိုင်ရမည်ဟု မှတ်ချက်ပြုသည်။ စိတ်ဝင်စားစရာမှာ၊ ဒေမသည် ယခုခေတ်ကို ချစ်မြတ်နိုးသည်ဆိုသော အချက် အလက်သည် "ဒေမသည် ငါ့ကို စွန့်ပစ်သွားသည်" (၂တိ ၄း၉) ဟူသော ထုတ်ဖော် ပြောဆိုမှုကို တနည်းနည်းဖြင့် ရှင်းပြပေးသည်၊ ၎င်းသည် သူ၏ သာသနာပြု တာဝန်များကို စွန့်လွှတ်ခြင်းကို ဖော်ပြသည်။ လူတစ်ဦးသည် ယခုဘဝကို ချစ်မြတ် နိုးသည်ဟူသော ထင်ရှားသော လက္ခဏာမှာ ၎င်းတို့၏ နှလုံးသားတွင် သာသနာပြုမှု အတွက် လောင်ကျွမ်းနေသော ချစ်ခြင်းမေတ္တာ အားနည်းလာခြင်း ဖြစ်သည်။ လာမည့်ဘဝကို နက်ရှိုင်းစွာ တောင့်တသူများသည် "ယခု ဘဝ၌ ဣန္ဒြေစောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတို့ကို ပြုနေရမည်အကြောင်း၊" ဖြစ်ကြသည် (တိတု ၂း၁၂)။ ဤတောင့်တမှုတွင် သာသနာပြုမှုတွင် တက်ကြွစွာ ပါဝင်ခြင်းလည်း ပါဝင်သည်။

## အပိုင်း ၃။ လက်တွေ့ အသုံးချခြင်း

အောက်ပါအကြောင်းအရာများကို တွေးတောဆင်ခြင်ပါ။ ထို့နောက် သင်၏အတန်းသားများအား ဤအပိုင်း၏အဆုံးရှိ မေးခွန်းများကို ဖြေဆိုရန် တောင်းဆိုပါ။

"ပေါလု၏စာများသည် အသိုင်းအဝိုင်းအတွက် သူ၏ကြီးမားသောဆန္ဒကို ရောင်ပြန်ဟပ်ကာ၊ သူ၏ဘာသာပြောင်းသူများနှင့် တစ်သားတည်းဖြစ်ရန်၊ သူတို့နှင့် ကောင်းမွန်သော မိတ်သဟာယရှိခြင်းတို့ကြောင့်ဖြစ်သည်။ ပေါလုသည် တစ်ဦးတည်းသမားမဟုတ်။ သူသည် ဝေးကွာနေသော သားသမီးများကို လွမ်းဆွတ်သော မိဘတစ်ဦးနှင့် ပိုမိုတူသည်။ … သူ၏စာများတွင် သူသည် စုပေါင်းသဘောထားကို အကြိမ်ကြိမ်ထင်ဟပ်ပြသည်။ သူ၏ လူမှုကွန်ရက်များသည် သူ့အတွက် ပုဂ္ဂိုလ်ရေးအရ အရေးကြီးရုံသာမက ဧဝံဂေလိ သတင်းကောင်းကို ဖြန့်ဝေရန် ပူးပေါင်းလုပ်ဆောင်မှုတွင်လည်း အရေးကြီးသည်။" — Ben Witherington III, *The Paul Quest: The Renewed Search for the Jew of Tarsus* (Downers Grove, IL: InterVarsity Press, 1998), p. 114.

ဤထုတ်ဖော်ပြောဆိုချက်သည် ပေါလု၏ ဧဝံဂေလိဟောပြောခြင်းအတွက် အပြည့်အဝ သန္နိဋ္ဌာန်ချမှုကို ပြသသည်။ ဤလောကသမိုင်း၏ နောက်ဆုံးနေ့ရက်များတွင် နေထိုင်

နေသော ကျွန်ုပ်တို့သည်၊ ပထမရာစုနှစ်တွင် ပေါလုနှင့် သူ၏သာသနာပြု အဖွဲ့ထက် ဇဝ်ဂေလီ ဖြန့်ဝေရန် ပိုမိုနည်းပါးစွာ ပါဝင်သင့်ပါသလား။ ၎င်းတို့သည် ဘုရားသခင်၏ နိုင်ငံတော်တိုးတက်မှုအတွက် အကောင်းဆုံးကို လုပ်ဆောင်ရန်နှင့် အတူလက်တွဲ လုပ်ဆောင်ရန် ဆန္ဒရှိခဲ့ကြသည်။ ထိုနည်းတူ၊ ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်စွာ လုပ်ဆောင်ရန် ခေါ်ဝေါ်ခြင်းခံရသည်။ လူတိုင်းသည် ဘုရားသခင်၏ စကြဝဠာကယ်တင်ခြင်း အစီအစဉ်တွင် အခန်းကဏ္ဍတစ်ခုရှိသည်။ ကျွန်ုပ်တို့သည် လာမည့်ဘဝအတွက် ပြင်ဆင်ရန် အခြားသူများကို ဝိညာဉ်ရေးရင့်ကျက်မှုတွင် ကြီးထွားစေရန် ခေါ်ဝေါ်ခြင်းခံရသည်။ တကယ်တော့၊ လာမည့်ဘဝကို ပိုမိုတောင့်တလေလေ၊ ယခုဘဝတွင် ခရစ်တော်အတွက် ပိုမိုလုပ်ဆောင်လေလေ ဖြစ်သည်။ သို့တိုင်၊ ကျွန်ုပ်တို့သည် ဤလောက၌ရှိသော်ငြားလည်း ကျွန်ုပ်တို့သည် ဤလောက၏ တန်ဖိုးများနှင့် အပေးအယူ လုပ်ရမည့် အန္တရာယ်မှ ကျွန်ုပ်တို့ကို ကယ်တင်နိုင်လိမ့်မည် (ယောဟန် ၁၅း၁၉)။

**မေးခွန်းများ –**

**၁။ ကျွန်ုပ်တို့၏ လူမှုကွန်ရက်များသည် သာသနာအတွက် အဘယ်ကြောင့် အရေးကြီးသနည်း။ သင်၏ လူမှုကွန်ရက်များတွင် မည်သူများရှိသနည်း။ ၎င်းတို့သည် သင်၏ သာသနာပြုလုပ်ငန်းနှင့် ဘုရားသခင်အတွက် သက်သေခံမှုကြိုးပမ်းမှုများကို မည်သို့ကူညီခဲ့သနည်း။**

________________________________________

________________________________________

**၂။ ဘုရားသခင်သည် သင့်အား အခြားသူများကို ဝိညာဉ်ရေးရာ ရင့်ကျက်မှုတွင် ကြီးထွား စေရန်နှင့် ကောင်းကင်ဘုံအတွက် ပြင်ဆင်ရန် မည်သို့ခေါ်ခဲ့သနည်း။**

________________________________________

________________________________________

**၃။ ယေရှုအပေါ် သင်၏ ချစ်ခြင်းမေတ္တာသည် ဤလောက၏ တန်ဖိုးများနှင့် အလျှော့ပေးခြင်းမှ သင့်ကို မည်သို့ လုံခြုံစေသနည်း။ ဤလောကတွင်ရှိသော်လည်း ၎င်းနှင့်မသက်ဆိုင်ခြင်းသည် ဘာကိုဆိုလိုသနည်း။**

________________________________________

________________________________________

# နံနက်ယံဝတ်

| | ဇန်နဝါရီ | | | | ဖေဖဝါရီ | | | | မတ် | |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | တေး | ဗျာဒိတ် ၁း၁ | | ၁ | နွေ | ဗျာဒိတ် ၂း၁၂ | | ၁ | နွေ | ဗျာဒိတ် ၃း၁၇ |
| ၂ | ကြာ | ဗျာဒိတ် ၁း၁ | | ၂ | လာ | ဗျာဒိတ် ၂း၁၃ | | ၂ | လာ | ဗျာဒိတ် ၃း၁၈ |
| **၃** | **နေ** | **ဗျာဒိတ် ၁း၁** | | ၃ | ဂါ | ဗျာဒိတ် ၂း၁၄ | | ၃ | ဂါ | ဗျာဒိတ် ၃း၁၈ |
| ၄ | နွေ | ဗျာဒိတ် ၁း၁၊၂ | | ၄ | ဟူး | ဗျာဒိတ် ၂း၁၅၊၁၆ | | ၄ | ဟူး | ဗျာဒိတ် ၃း၁၉ |
| ၅ | လာ | ဗျာဒိတ် ၁း၃ | | ၅ | တေး | ဗျာဒိတ် ၂း၁၇ | | ၅ | တေး | ဗျာဒိတ် ၃း၂၀ |
| ၆ | ဂါ | ဗျာဒိတ် ၁း၄၊၅ | | ၆ | ကြား | ဗျာဒိတ် ၂း၁၈၊၁၉ | | ၆ | ကြာ | ဗျာဒိတ် ၃း၂၁၊၂၂ |
| ၇ | ဟူး | ဗျာဒိတ် ၁း၅၊၆ | | **၇** | **နေ** | **ဗျာဒိတ် ၂း၂၀** | | **၇** | **နေ** | **ဗျာဒိတ် ၄း၁** |
| ၈ | တေး | ဗျာဒိတ် ၁း၇ | | ၈ | နွေ | ဗျာဒိတ် ၂း၂၁ | | ၈ | နွေ | ဗျာဒိတ် ၄း၂၊၃ |
| ၉ | ကြာ | ဗျာဒိတ် ၁း၈ | | ၉ | လာ | ဗျာဒိတ် ၂း၂၂ | | ၉ | လာ | ဗျာဒိတ် ၄း၄ |
| **၁၀** | **နေ** | **ဗျာဒိတ် ၁း၉** | | ၁၀ | ဂါ | ဗျာဒိတ် ၂း၂၂၊၂၃ | | ၁၀ | ဂါ | ဗျာဒိတ် ၄း၅ |
| ၁၁ | နွေ | ဗျာဒိတ် ၁း၁၀ | | ၁၁ | ဟူး | ဗျာဒိတ် ၂း၂၄ | | ၁၁ | ဟူး | ဗျာဒိတ် ၄း၆ |
| ၁၂ | လာ | ဗျာဒိတ် ၁း၁၁ | | ၁၂ | တေး | ဗျာဒိတ် ၂း၂၅ | | ၁၂ | တေး | ဗျာဒိတ် ၄း၇ |
| ၁၃ | ဂါ | ဗျာဒိတ် ၁း၁၂ | | ၁၃ | ကြာ | ဗျာဒိတ် ၂း၂၆ | | ၁၃ | ကြာ | ဗျာဒိတ် ၄း၈ |
| ၁၄ | ဟူး | ဗျာဒိတ် ၁း၁၃ | | **၁၄** | **နေ** | **ဗျာဒိတ် ၂း၂၆၊၂၇** | | **၁၄** | **နေ** | **ဗျာဒိတ် ၄း၉၊၁၀** |
| ၁၅ | တေး | ဗျာဒိတ် ၁း၁၄ | | ၁၅ | နွေ | ဗျာဒိတ် ၂း၂၈၊၂၉ | | ၁၅ | နွေ | ဗျာဒိတ် ၄း၁၁ |
| ၁၆ | ကြာ | ဗျာဒိတ် ၁း၁၅ | | ၁၆ | လာ | ဗျာဒိတ် ၃း၁ | | ၁၆ | လာ | ဗျာဒိတ် ၅း၁ |
| **၁၇** | **နေ** | **ဗျာဒိတ် ၁း၁၆** | | ၁၇ | ဂါ | ဗျာဒိတ် ၃း၂၊၃ | | ၁၇ | ဂါ | ဗျာဒိတ် ၅း၂၊၃ |
| ၁၈ | နွေ | ဗျာဒိတ် ၁း၁၇ | | ၁၈ | ဟူး | ဗျာဒိတ် ၃း၄ | | ၁၈ | ဟူး | ဗျာဒိတ် ၅း၄၊၅ |
| ၁၉ | လာ | ဗျာဒိတ် ၁း၁၈ | | ၁၉ | တေး | ဗျာဒိတ် ၃း၅၊၆ | | ၁၉ | တေး | ဗျာဒိတ် ၅း၆ |
| ၂၀ | ဂါ | ဗျာဒိတ် ၁း၁၉ | | ၂၀ | ကြာ | ဗျာဒိတ် ၃း၇ | | ၂၀ | ကြာ | ဗျာဒိတ် ၅း၇၊၈ |
| ၂၁ | ဟူး | ဗျာဒိတ် ၁း၂၀ | | **၂၁** | **နေ** | **ဗျာဒိတ် ၃း၈** | | **၂၁** | **နေ** | **ဗျာဒိတ် ၅း၉၊၁၀** |
| ၂၂ | တေး | ဗျာဒိတ် ၂း၁၊၂ | | ၂၂ | နွေ | ဗျာဒိတ် ၃း၉ | | ၂၂ | နွေ | ဗျာဒိတ် ၅း၁၁ |
| ၂၃ | ကြာ | ဗျာဒိတ် ၂း၃ | | ၂၃ | လာ | ဗျာဒိတ် ၃း၁၀ | | ၂၃ | လာ | ဗျာဒိတ် ၅း၁၂ |
| **၂၄** | **နေ** | **ဗျာဒိတ် ၂း၄** | | ၂၄ | ဂါ | ဗျာဒိတ် ၃း၁၁ | | ၂၄ | ဂါ | ဗျာဒိတ် ၅း၁၃၊၁၄ |
| ၂၅ | နွေ | ဗျာဒိတ် ၂း၅ | | ၂၅ | ဟူး | ဗျာဒိတ် ၃း၁၂၊၁၃ | | ၂၅ | ဟူး | ဗျာဒိတ် ၆း၁ |
| ၂၆ | လာ | ဗျာဒိတ် ၂း၆ | | ၂၆ | တေး | ဗျာဒိတ် ၃း၁၄ | | ၂၆ | တေး | ဗျာဒိတ် ၆း၂ |
| ၂၇ | ဂါ | ဗျာဒိတ် ၂း၇ | | ၂၇ | ကြာ | ဗျာဒိတ် ၃း၁၅ | | ၂၇ | ကြာ | ဗျာဒိတ် ၆း၃၊၄ |
| ၂၈ | ဟူး | ဗျာဒိတ် ၂း၈ | | **၂၈** | **နေ** | **ဗျာဒိတ် ၃း၁၆** | | **၂၈** | **နေ** | **ဗျာဒိတ် ၆း၅၊၆** |
| ၂၉ | တေး | ဗျာဒိတ် ၂း၉ | | | | | | ၂၉ | နွေ | ဗျာဒိတ် ၆း၇၊၈ |
| ၃၀ | ကြာ | ဗျာဒိတ် ၂း၁၀ | | | | | | ၃၀ | လာ | ဗျာဒိတ် ၆း၉ |
| **၃၁** | **နေ** | **ဗျာဒိတ် ၂း၁၁** | | | | | | ၃၁ | ဂါ | ဗျာဒိတ် ၆း၁၀ |